# သစ္စာအနက်
# တဆဲ့ခြောက်ချက်

အမှတ်စဉ် (၂)

၁၁၂၆

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

**အဂ္ဂမဟာပဏ္ဍိတ**

**မိုးကုတ်ဆရာတော်ဘုရားကြီး**

ဟောကြားတော်မူသော

# သစ္စာအနက်

# တဆဲ့ခြောက်ချက်

## ခန္ဓာဥာဏ်ရောက်

## ဟောစဉ်ကျင့်စဉ် တရားတော်

## အမှတ်စဉ် (၂)


ပဥ္စမ အကြိမ် နှိပ်ခြင်း
အုပ်ရေ(၃၀၀၀)
၁၉၇၀-ခု။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၃၇၉၉)အရ
၂၉၄-၃၆၄
ဝမသ စာ-၄
၇၇၂၃ ကန်-၂၇

ထုတ်ဝေသူ — ကိုပြေကျော်(မြဲ-၀၄၈၆)
သက်ပန်စာပေတိုက်
ပိုက်ကျုံး-သာယာကုန်းရပ်
မန္တလေးမြို့။

ပုံနှိပ်သူ — ဦးမောင်ကြီး (မြဲ-၀၁၀၃၁)
ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်
၈၄-လမ်း၊ ရပိုင်းဈေး
မန္တလေးမြို့။

အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း ပိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ မူပိုင်ဖြစ်ပါသည်။
အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ
ကူးယူ ထုတ်ဝေ ဖြန့်ချိခြင်းမပြုရန် လေးနက်စွာ
သတိပေးအပ်ပါသည်။




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဓာတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ပမာ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျှော်။ ဗြဟ္မာ-သိကြား၊၊ စသည်များက၊ ထင်ရှား၊ ပြုပြင်၊ ဖန်ဆင်းရင်ဘ ဆင်း၊၊ အကြောင်းရင်းကြောင့်၊ လူ့နတ်များငှာ၊ သတ္တဝါတို့၊ ဖြစ်လာရသူ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုမြင်ပြော်။
(သင်္ချာဆောင်ပုဒ်) မူလနှစ်ပြာ၊ သင်္ခါနှင့် ၄၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရစ်မှုက ငါးသုံးဝနှင့်၊ ကာလသုံးပြီး ခြင်းကုနစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအစ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## နိရောဓသစ္စာအနက်လေးချက်။


| | | |
|---|---|---|
| ၁။ | နိဿရဏဋ္ဌော တရားတော် | ၁၈ |
| ၂။ | ဝိဝေကဋ္ဌော တရားတော် | ၆၇ |
| ၃။ | အသင်္ခတဋ္ဌော တရားတော် | ၁၁၇ |
| ၄။ | အမတဋ္ဌော တရားတော် | ၁၆၉ |


## မဂ္ဂသစ္စာအနက်လေးချက်။


| | | |
|---|---|---|
| ၅။ | နိယျာနဋ္ဌော တရားတော် | ၂၂၁ |
| ၆။ | ဟေတွဋ္ဌော တရားတော် | ၂၆၇ |
| ၇။ | ဒဿနဋ္ဌော တရားတော် | ၃၂၁ |
| ၈။ | အဓိပတေယျဋ္ဌော တရားတော် | ၃၈၅ |

# နိဒါန်း၊

## သဒ္ဓမ္မံ မမာယန္တု သပ္ပုရိသာ။

လောကကြောင်း, ဓမ္မကြောင်း, ရာဇကြောင်း စသော အကြောင်းခြင်းရာတို့ကို ရေးသားစီစဉ်ကြသော ကျမ်းအစောင်စောင်တို့၏ နိဒါန်းကို တင်ပြကြရာဝယ်၊ ကျမ်း၏ရည်မှန်း ရာထားချက်နှင့် ကျမ်းဖြစ်မြောက်ရေး ကြိုးစားချိန်ကာလ, လမ်းခုလပ်တွင် ပြဿနာများကို ရင်ဆိုင်ရ၍ ခက်ခဲစွာဖြင့် ကျော်လွှားခါ ကျမ်းပြီးမြောက် အောင်မြင်လာခြင်းကို အာဏာရတို့အား တင်ပြရိုးပုံကြသည့်အတိုင်း ပုံ၍၊ ယခု-နိဒါန်းနှင့်တကွ သစ္စာအနက် တရားတော်များကို ဖတ်ရှုလျက်နေသော ဓမ္မမိတ်ဆွေတို့၏ သံသရာတရိုးက ရင်ဆိုင်ခဲ့ရပြီး ယခု-ရင်ဆိုင်ရဆဲဖြစ်သော (ခန္ဓာဝန်သံသရာ) ပြဿနာများကိုဖြေရှင်းလိုသော သဒ္ဓါဆန္ဒ ဖြစ်ရေးနှင့် (ခန္ဓာဝန်သံသရာ) ပြဿနာများကို ဖြေရှင်းနိုင်သည့်တိုင်အောင်၊ သဒ္ဓါဆန္ဒ ရင့်ကျက်ရေးတို့ကို စာဖတ်သူ ပိုင်ပိုင်မိမိ ရရှိစေခြင်းကိုသာ အလေးပေး၍ တင်ပြလိုက်ပါသည်။ ထိုသဒ္ဓါဆန္ဒတို့ကို ပိုင်ပိုင်မိမိ ရရှိလည်းရရှိပါကုန်လတ္တံ့။

ပြေပြေလည်လည်၊ စိစိငင၊ သေသေချာချာ တခါမှ နှစ်ခါ စဉ်းစားခါ ဖတ်ရှု၍ကြည့်စမ်းပါ ဓမ္မမိတ်ဆွေတို့....။

# နိဒါန်း

ခပ်သိမ်းသော ဘုရားတို့၏ သာသနာတော်မြတ်၌ ကြုံကြိုက်ကြကုန်သော သတ္တဝါအပေါင်းတို့သည်—

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး၊
၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး၊
၃။ နေယျပုဂ္ဂိုလ်မျိုး၊
၄။ ပဒပရမပုဂ္ဂိုလ်မျိုး၊ ဟူ၍

ပုဂ္ဂိုလ်လေးမျိုးရှိကြောင်းကို ပုဂ္ဂလပညတ်ပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ဟောတော်မူပါသည်၊ ထိုလေးမျိုးတို့တွင်—

ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး ဆိုသည်မှာ—သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရ၍ တခုသောတရားဓမ္မကို ဟောတော်မူရာ၊ အကျဉ်း သင်္ခေပဥဒ္ဒေသစကား၏ အဆုံး၌ မဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်မျိုးသည် (ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး)မည်ပါသည်။

ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး ဆိုသည်မှာ—အကျဉ်း သင်္ခေပဥဒ္ဒေသမျှနှင့် မဂ်ဖိုလ်ကိုမရနိုင်သေး။ ထို အကျဉ်း သင်္ခေပဥဒ္ဒေသကို အကျယ်အားဖြင့် ဖွင့်ပြဝေဘန်၍ ဟောတော်မူမှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် (ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး) မည်ပါသည်။

နေယျပုဂ္ဂိုလ်မျိုး ဆိုသည်မှာ—ဥဒ္ဒေသ နိဒ္ဒေသ အကျဉ်း အကျယ်အားဖြင့် ဟောတော်မူပါသော်လည်း ဒေသနာအဆုံး၌ မဂ်ဖိုလ်ကို မရနိုင်မူ၍၊ ထိုဒေသနာကို ကြားနာဆောင်ရွက်

လေ့ကျက်မှတ်သား၍ ထားပြီးလျှင် အလိုရှိတိုင်းသော တရားကို များစွာသော နေ့, ရက်, လ, နှစ် တို့ဖြင့် ကျင့်ကြံပွားများအားထုတ်မှသာ မဂ်ကိုရနိုင်သောပုဂ္ဂိုလ်မျိုးသည်(နေယျပုဂ္ဂိုလ်မျိုး)မည်ပါသည်။

ဤ နေယျပုဂ္ဂိုလ်မျိုး သည်လည်း မိမိသန္တာန်၌ ပါရှိသော ပါရမီ အနု-အရင့် အဆင့်ဆင့်သို့လိုက်၍၎င်း၊ ကိလေသာအထက် အနှံ့အဆင့်ဆင့်သို့လိုက်၍၎င်း ကျင့်ကြံအားထုတ်ရသောကာလ အတိုင်းအရှည်အားဖြင့် ခုနစ်ရက် ကျင့်ရသောပုဂ္ဂိုလ်မျိုးမှ စ၍ အနှစ်သုံးဆယ်ကျင့်ရသောပုဂ္ဂိုလ်မျိုး, အနှစ်ခြောက်ဆယ် ကျင့်ရသော ပုဂ္ဂိုလ်မျိုး စသောအားဖြင့်များကုန်၏။

ထိုတွင်(၇)ရက်ကျင့်မှရမည့်ပုဂ္ဂိုလ်သည်၊ ထို (၇) ရက်ကို (၁) ပဌမအရွယ်, ဒုတိယအရွယ်တို့၌ ကျင့်သည်ဖြစ်အံ့၊ ရဟန္တာတိုင်အောင် ဖြစ်နိုင်၏။ (၂) ထို-တတိယအရွယ်မှာ ကျင့်ခဲ့လျှင် အောက်မဂ် အောက်ဖိုလ်မျှကိုသာ ရောက်နိုင်၏။ (ခုနစ်ရက် ကျင့်မှုဆိုသည်မှာ အင်အားရှိသလောက် အစွမ်းကုန်ကျင့်မှုကို ဆိုခြင်း) (၃) ဝီရိယ ယုတ်လျော့၍ နေပြန်လျှင် ယုတ်လျော့မှု အားလျော်စွာ၊ ခုနစ်လ, ခုနစ်နှစ် စသည်ရှည်လျားသွားပြန်၏။ (၄) ယခုဘဝ၌ မဂ်ဖိုလ်ကိုရလောက်အောင် ဝီရိယ ထုတ်မှုမရှိပြန်လျှင် ဝီရိယ လိုသည့်အတွက်၊ ဤ-သာသနာမှာ မကျွတ်ရပြီ။ နောက်, ဘုရားသာသနာမှာလည်း သာသနာနှင့် တွေ့ကြုံမှ ကျွတ်နိုင်သည်၊မတွေ့ကြုံလျှင်မကျွတ်နိုင်။

နိယတဗျာဒိတ်ရရှိသော ပုဂ္ဂိုလ်မျိုးမှသာလျှင် ပါရမီရင့်ရာဘဝတွင် ဗျာဒိတ်တော်အတိုင်း သာသနာနှင့်တွေ့ကြုံမှု ကျွတ်

လွတ်မှုမလဲ့နိုင်။ (မကျွတ်လို၍ မနေရပြီ) နိယတဗျာဒိတ် ရရှိသော ပုဂ္ဂိုလ်မျိုးမဟုတ်ခဲ့လျှင်ပါရမီရှိသော်လည်း ဘုရားသာသနာနှင့်တွေ့ကြုံမှုလည်းစိတ်မချရ၊ကျွတ်လွတ်မှုလည်းစိတ်မချရ။

ပဒပရမပုဂ္ဂိုလ်မျိုးဆိုသည်မှာ-ဘုရားသာသနာနှင့်တွေ့ကြုံ၍ ပရိယတ်, ပဋိပတ်တရားကို ဘယ်လိုပင် အားထုတ်သော်လည်း ယခုဘဝ မဂ်ဖိုလ်မရထိုက်မူ၍၊ ဝါသနာဘာဂီ ပါရမီမျှကိုသာ ရထိုက်သောပုဂ္ဂိုလ်သည်(ပဒပရမပုဂ္ဂိုလ်)မည်၏။

ထိုပုဂ္ဂိုလ်သည် ယခုဘဝ၌မူကား မကျွတ်လွတ်နိုင်၊ သမထအလုပ်, ဝိပဿနာအလုပ် လက်ရှိနှင့် သေလွန်၍ လူ့ဘဝ, နတ်ဘဝ၌ ဖြစ်သည်ရှိသော် နောက်ဘဝ၌ ဤဘုရားသာသနာမှာပင် ကျွတ်လွတ်ခွင့် ရရှိနိုင်၏။

(ဤသို့-ပုဂ္ဂိုလ်လေးမျိုးရှိကြောင်းကိုဟောတော်မူသည်)

ဆက်၍ ရှင်းပြလိုပါသေးသည်၊ ရှေးရှေး ဘုရားတို့အထံက နိယတဗျာဒိတ်ရရှိပြီးဖြစ်၍ ယခုဘဝတွင် ကေန်ကျွတ်ရလတ္တံ့၊ မကျွတ်မရှိရ၊ အနှေးနှင့် အမြန်, အနုနှင့် အရင့်, ဤမျှသာ ကွာခြား၍ ကျွတ်တန်း ဝင်ရောက်ကြသော လက်ဝဲတော်ရံ လက်ျာတော်ရံ အသီတိရှစ်ကျိပ် စသော ပုဂ္ဂိုလ်တို့ကဲ့သို့ ပုဂ္ဂိုလ်မျိုးတို့သည်၊ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ ပုဂ္ဂိုလ် နှစ်မျိုးတွင် အထက်ကပြဆိုပြီးအတိုင်း မိမိဉာဏ်ဖြင့်သွင်းယူမှတ်သားအပ်၏၊ ဤပုဂ္ဂိုလ်နှစ်မျိုး ယခုအချိန်တွင် မရှိတော့ပါ၊ သို့ပါ၍ အလေးပေး၍ စဉ်းစားစရာအခွင့်အခါမဟုတ်တော့ချေ။

အထူးဆင်ခြင်၍အလေးအနက်ဖြင့် ရှင်းပြလိုသည်မှာ၊နေယျ ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ နေယျပုဂ္ဂိုလ်သည် ယခုဘဝ၌ ကျွတ်လွတ်ခွင့်, မကျွတ်လွတ်ခွင့် နှစ်မျိုးနှင့်ဆက်ဆံသည်။

မိမိအရွယ်ဝုစ္စိကိုသိ၍ စွန့်ပယ်သင့်သောအရာကို စွန့်ပယ်၍ ကလျာဏမိတ္တဆရာ ဥပနိဿယကောင်းကို ရှာကြံတွယ်တာ ဆည်းကပ်၍၊ နေစာကျအဋ္ဌသယ လျော်သော ခန္ဓာဉာဏ်ရောက် တရားကိုယူလျက်၊ သတိ, ဝိရိယ, ပညာ, လုံလောက်စွာဖြင့် အားထုတ်ကြပါမူ၊ ယခုဘဝတွင် ကျွတ်လွတ်ခွင့်ကို မုချဆပ်ဆပ် ရနိုင်ကြပါသည်။

အလွန်မှောက်မှားသောတရားကိုလိုက်စားကျွံလွန်ပြီးဖြစ်၍ နေသော်ငင်း၊

ကာမဂုဏ်တရားကိုမစွန့်လွှတ်နိုင်ဘဲရှိသော်ငင်း၊ စွန့်လွှတ်နိုင်ပါသော်လည်း ကလျာဏမိတ္တဆရာ ဥပနိဿယကောင်းကို အမှီမရဘဲ ရှိသော်ငင်း။

ကလျာဏမိတ္တဆရာ ဥပနိဿယကောင်းကို တွေ့ကြုံရရှိပါသော်လည်း၊ ဝိရိယလုံလောက်စွာ အားထုတ်မှုမရှိခဲ့သော်ငင်း။

အားထုတ်ပါသော်လည်း အရွယ်ကြီးရင့်၍ စိတ်ရှိတိုင်း အားမထုတ်နိုင်ဘဲ ရှိသော်ငင်း။

ပျိုရွယ်သူဖြစ်ပါသော်လည်း ကျန်းမာရေးအပြည့် မရရှိသူဖြစ်၍နေခဲ့ပါသော်ငင်း ယခုဘဝ၌ ကျွတ်လွတ်ခွင့်မရနိုင်ပြီ။

(ဥပမာ) ရဟန်းရှင်သူဒိန်, အဇာတသတ်မင်း, မဟာဇနသူဌေးသား စသော ပုဂ္ဂိုလ်တို့သည် ယခုဘဝ၌ကျွတ်ထိုက်သော

သူတို့ပင်ဖြစ်ကြပါသည်။ အဇာတသတ်မင်းသည် အဘကို သတ်မိ၍ ယခုဘဝ၌ မကျွတ်လွတ်နိုင်၊ နောင်သံသရာ၌ ကမ္ဘာ နှစ်သင်္ချေတိုင်အောင် မျော၍ ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့။

မဟာဇန သူဌေးသားသည် အရွယ်ရှိစဉ်အခါ၌ ကာမဂုဏ်အမိုက် အလိုက်အစားကြူး၍နေ၏၊ အရွယ်ကြီးရင့်သောအခါ၌ စိတ်ကြည်ခွင့်မရဘဲရှိနေသဖြင့် ကျွတ်လွတ်မှု ဝေးစွ၊ ရတနာသုံးပါးနှင့် ဆက်ဆံခွင့်ကိုပင် မရတော့လေပြီ။ ထိုအခါ မြတ်စွာဘုရား မြင်တော်မူ၍ ဤသို့ မိန့်တော်မူ၏။

အာနန္ဒာ၊ ဤသူဌေးသားသည် ပဌမအရွယ် ငယ်စဉ်အခါ၌ ငါဘုရားသာသနာမှာ ရဟန်းပြုလျှင် ရဟန္တာဖြစ်၍ ယခုဘဝပင် ပရိနိဗ္ဗာန်စံရလတ္တံ့၊ ထိုသို့မဟုတ်, ဒုတိယအရွယ်၌ ငါဘုရားသာသနာမှာ ရဟန်းပြုလျှင် အနာဂါမ်ဖြစ်၍ သေလွန်လျှင် သုဒ္ဓါဝါသပြဟ္မာ့ဘုံမှာ ပရိနိဗ္ဗာန်စံရလတ္တံ့။

သို့မဟုတ်၊ တတိယအရွယ်ရောက်စဉ် ငါ ဘုရားသာသနာမှာ ရဟန်းပြုလျှင် သောတာပန်, သကဒါဂါမ်အဖြစ်သို့ ရောက်၍ အပါယ်သံသရာ အစဉ်ထာဝရ လွတ်ငြိမ်းလေအံ့ဟု အာနန္ဒာကို မိန့်တော်မူ၏။

ဤသို့ ရင့်ပြီးသော ပါရမီရှိသော ပစ္ဆိမဘဝိကသားပင် ဖြစ်ငြားသော်လည်း ကျွတ်လွတ်ခွင့်ခံယူခြင်းကို မရမရှိစေရဟူသော နိယတမိစ္ဆာဒိဋ္ဌိရရှိပြီးသူ မဟုတ်ချေက ဘုရားသာသနာနှင့် တွေ့လျက်ပင် ကိုယ်တွင်းကိလေသာ သောင်းကျန်းမှု ကျွံလွန်သည့်အတွက် ယခုဘဝ ကျွတ်လွတ်ခွင့် မရလေ။ ယခုဘဝ ပြုသော မကောင်းမှုကံစုအတွက် အပါယ်၌ ဘဝရှည်လျား၍နေပြန်လျှင်

အရှင်မေတ္တေယျဘုရားသာသနာ၌လည်း ပေါ်လာဦးမည်မဟုတ် နောင်၌လည်း သုညကမ္ဘာတွေသာ များစွာရှိတော့သည်၊ အနီးပါး၌ ဘုရားပွင့်သောကမ္ဘာ မရှိပြီ။

ရင့်ပြီးသော ပါရမီရှိသော ကျွတ်ထိုက်သူ၊ ပစ္ဆိမဘဝိကသားဖြစ်သော ထိုသူတွေးသားသည် ကျွတ်ခွင့်ကျွတ်လမ်း ကွာလှမ်းလျက် ရှိချေပြီ။

ယခုကာလ၌ အများတို့မှတ်ထင်၍ နေကြသည်မှာ ပါရမီပြည့်လျှင် ဘုရားသာသနာနှင့် မတွေ့ချင်သော်လည်း မနေရ၊ တွေ့ရမည်မုချ၊ ကျွတ်လွတ်ခွင့်မယူချင်သော်လည်းမနေရ၊ ကျွတ်လွတ်ခွင့် ရရှိမည်မုချဟုထင်မှတ်၍နေကြကုန်၏။ မြဲသောဗျာဒိတ်ရှိသော နိယတနေယျပုဂ္ဂိုလ်၊ မမြဲသောဗျာဒိတ်ရှိသော အနိယတနေယျပုဂ္ဂိုလ်ဟု နှစ်မျိုးရှိသည်ကို သတိမမူဘဲနေမိတတ်ကြကုန်သည်။

ဤသို့ပြဆိုခဲ့ပြီးသော ပါဠိတော် နှစ်ရပ်ကိုရင်း၊ မဟာဇနသူဌေးသားဝတ္ထုများကိုရင်း ထောက်မြှော်၍ ကျွတ်ထိုက်သော ပါရမီရှိကုန်သော်လည်း အနိယတနေယျပုဂ္ဂိုလ်မျိုးတို့မှာ ကျွတ်ခွင့်ရလောက်အောင် ကျင့်ကြံကုန်မှသာ ဤ-ဘုရားသာသနာ၌ မဂ်ဖိုလ်ကိုရနိုင်ကြကုန်မည်။

ကျွတ်လွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း ကျင့်မှုလုံ့လ ဝိရိယ ယုတ်လျော့၍ နေခဲ့လျှင် ဤ-ဘုရားသာသနာ၌ မဂ်ဖိုလ်ကိုမရကြကုန် ဟူသော သဘောကို ယုံကြည်စွာ သိအပ်မှတ်အပ်၏။

အာဠာရ ရသေ့၊ ဥဒကရသေ့တို့ကဲ့သို့ ကျွတ်ထိုက်သော ပုဂ္ဂိုလ်ရှိကြပါလျက် လောက၌ ဘုရားပွင့်သဲအခါ တွင် မိမိတို့က (ရုပ်ပြစ်ရှစ်ပါးသို့)ရောက်၍ နေခိုက်ကြုံသည်နှင့် ဘုရားပေါင်း အရာ့အထောင်မက ပွင့်သော်လည်း ကျွတ်လွတ်ခွင့်မရရှိကြကုန်သော သတ္တဝါ အနန္တတို့လည်း ရှိကြကုန်ပေသေး၏။

သာသနာငါးထောင်သည်အရိယာခေတ်ချည်းတည်း၊ ပိဋက သုံးပုံရှိနေသမျှသည် အရိယာခေတ်ရှိသည်မှတ်။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် အနှစ်တထောင်မှ နောက်ကာလ၌။ ဤသာသနာတော်သည် နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ်, နှစ်မျိုးတို့၏ ခေတ်သမယသာဖြစ်၏။ ယခုအခါ၌ သာသနာတွင်းမှာ ထိုပုဂ္ဂိုလ်နှစ်မျိုးသာရှိကြတော့သည်။

ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် နေယျပုဂ္ဂိုလ်သည် သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရားတို့ကို ကောင်းစွာကျင့်နိုင်ပါလျှင် ယခုဘဝ၌ သောတာပန်အနည်းဆုံးအနေနှင့်ဖြစ်နိုင်သည်။ အကျင့်ပေါ့လျှင် နောက်ဘဝ၌ နတ်ပြည်သို့ရောက်မှ သောတာပန်ဖြစ်နိုင်သည်။

သတိပဋ္ဌာန် စသည်နှင့်ကင်း၍ သေလွန်ခဲ့လျှင် ဤ သာသနာတော်မှာ မထင်ရှားရတော့ပြီ၊ နောက်ဘုရားသာသနာနှင့် တွေ့ကြုံခဲ့ပါလျှင် ထိုသာသနာ၌ ကျွတ်နိုင်ရာ၏။ နောက် ဘုရားသာသနာနှင့် တွေ့ကြုံနိုင်ရေးကလည်း မလွယ်ကူလှသော အရေးပင် ဖြစ်၏။

ပဒပရမပုဂ္ဂိုလ်သည် ထိုတရားတို့ကို ကောင်းစွာကျင့်နိုင်ပါလျှင်၊ ဤသာသနာ၌ပင်လျှင် နောက်ဘဝ နတ်ပြည်မှာ ကျွတ်နိုင်၏။ မကျင့်နိုင်ပါလျှင် နေယျပုဂ္ဂိုလ်နည်းလမ်းအတိုင်း သွားပေလတ္တံ့။ ထို့ကြောင့် ပဒပရမ ပုဂ္ဂိုလ်မျိုးတို့သည် ယခုဘဝ ဘုရားသာသနာတွင် ကြုံကြိုက်ဆဲအခါမှာ—

၁။ လူတို့၌ ငါးပါးသီလ၊ အာဇီဝဋ္ဌမက ရှစ်ပါးသီလ၊ အဋ္ဌင်္ဂုပေါသထသီလ၊ ဒသင်္ဂသီလ ဟူဆိုအပ်သော သီလမျိုးကိုလည်း ဆည်းပူးကုန်ရာ၏။ ရဟန်းတို့၌ ရဟန်းတို့၏ သီလတို့ပေတည်း။

၂။ ကသိုဏ်းဆယ်ပါး စသော ကမ္မဋ္ဌာန်း (၄၀)တို့တွင် တခုခုသော ကမ္မဋ္ဌာန်း၌ အောက်ထစ်ဆုံး အားဖြင့် ပရိကမ္မသမာဓိကို ဖြစ်ပွားသည်တိုင်အောင် အားထုတ်မှုဟူဆိုအပ်သော သမာဓိမျိုးကိုလည်း ဆည်းပူးကုန်ရာ၏။

၃။ ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့၌ ဝေဘန်ခွဲခြမ်း တတ်စွမ်းလိမ္မာစေမှုနှင့် အနိစ္စ,ဒုက္ခ,အနတ္တ, ဖြစ်ပျက်ရှုမှုဆိုအပ်သော ပညာမျိုးကိုလည်းဆည်းပူးကုန်ရာ၏။

ထိုသို့ အထက်၌ ဆိုအပ်ခဲ့ပြီးသော သီလမျိုး, သမာဓိမျိုး, ပညာမျိုး,ဝါသနာဘာဂီ ပါရမီသမ္ဘာရမျိုးတို့ကို အစွမ်းရှိသမျှ အရအမိ ဆည်းပူးလိုက်ကြပါမူ နောက်ဘဝ နတ်ပြည်မှာ မုချ ဆတ်ဆတ် တတ်အပ်သေချာ ကျွတ်လွတ်ခွင့်ကို ရနိုင်ကြပါသည်။

ဆိုလိုရင်းမှာ—ဒါန, သီလ, သမထ ဟူသော စရဏမျိုး၊ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့၌ ဝေဘန် ခွဲခြမ်း တတ်စွမ်းလိမ္မာ၏။ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပျက်ရှုမှု, ဝိဇ္ဇာမျိုး၊ ဤ (၂)ပါးနှင့်ပြည့်စုံသူ ပဒပရမ ပုဂ္ဂိုလ်သည်သာ နောက်ဘဝ၌ တတ်အပ်သေချာ ကျွတ်လွတ်ရာသည်။

ဝိဇ္ဇာမျိုးသာ ပါရှိ၍ ဒါန, သီလ, သမထ ဟူသော စရဏမျိုး နည်းခဲ့ပြန်ပါလျှင် နောက်ဘုရား သာသနာနှင့်ပင် တွေ့ကြုံခွင့် မရှိ၊ စရဏမျိုးသာပါရှိ၍, ဝိဇ္ဇာမျိုးမရှိပြန်ခဲ့လျှင် နောက်ဘုရား သာသနာနှင့် တွေ့ကြုံသော်လည်း ကျွတ်လွတ်ခွင့်ကိုမရ။

ထို့ကြောင့်-ယခုအခါ နောက်ဘုရားသာသနာကို မြော် လင့်ကြကုန်သော ပဒပရမပုဂ္ဂိုလ်တို့သည် နောက်ဘုရားနှင့် တွေ့ ကြုံ၍ ကျွတ်လွတ်ခွင့်ကို မုချတပ်အပ် ရကြလေအောင် ပြည့်စုံ ကုန်သော စရဏမျိုး, ဝိဇ္ဇာမျိုးတို့ကို ယောကျ်ား, မိန်းမ မဆို ကြိုးစားအားထုတ်ရာသည်။

စရဏတရားမျိုးသည် သာသနာမရှိသော သုညကမ္ဘာမျိုး တို့၌လည်း အစဉ်ထာဝရ ကမ္ဘာ့တန်းဆာကဲ့သို့ဖြစ်၍ အမြဲရှိနေ ကြကုန်၏။ ဘယ်အခါမဆို ယူလိုလျှင် ရနိုင်ကုန်၏။ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်လျှင်အရင်းရှိသော ဝိဇ္ဇာမျိုးသည်မူကား ဘုရားပွင့်ရာ သာသနာနှင့်တွေ့ကြုံဆဲအခါ ၌သာ ရနိုင်၏။

သာသနာပ၌မူကား....သုညကမ္ဘာတွေ အာသင်္ချေပင် ကြာ သော်လည်း ထို-ဝိဇ္ဇာမျိုးစကားကို အိပ်မက်၌ပင်ကြားရုံမျှလျှင် ခွင့်မရနိုင်ပြီ။

အကယ်၍ ဤ-ဘုရားသာသနာ၀ယ် ယခုရှိနေကြကုန်သော ပဒပရမပုဂ္ဂိုလ်အပေါင်းတို့သည် စရဏတရားသာ ပြည့်စုံ အားကောင်းကြကုန်၏၊ ဝိဇ္ဇာမျိုးကား မရှိကြကုန်။ ထိုသူတို့သည် စရဏတရားအားကောင်းလှသည့်အတွက် နောက်သာသနာ၀ယ် ဘုရားရှင်နှင့်တွေ့ကြုံကြကုန်လျက် သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၏တရားတော်ကို အကြိမ်ကြိမ်အခါခါ ကြားနာကြရကုန်ရာ၏။ ကျွတ်လွတ်ခွင့်သစ္စာဉာဏ်ကို အလင်းမပေါက်နိုင်ဘဲ ရှိကြကုန်လတ္တံ့။ အကြောင်းကိုဆိုသော်—စရဏမျိုး ပါရမီသာ ပါခဲ့လျက် ဝိဇ္ဇာမျိုးပါရမီ မပါခဲ့သောကြောင့်တည်း။

(ဥပမာ) ယခု ဘုရားရှင်ဂေါတမမြတ်စွာ၏ သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်နှင့်အစဉ်ပေါင်းလျက် တရားတော်ကို အခါခါ ကြားနာကြကုန်သော်လည်း ' ကျွဲပါးစောင်းတီး ' နှင့်သာ ပြီးရှာကြကုန်၍ ဝိဇ္ဇာမျိုး သစ္စာဉာဏ်အလင်းမပေါက်နိုင်ကြသော 'ကာဠုဒါယီမထေရ်, ဥပနန္ဒမထေရ်, ဆဗ္ဗဂ္ဂီရဟန်း, ကောသလမင်းကြီး'စသည်တို့ကဲ့သို့ မှတ်ကုန်ရာ၏။

အကြင်သူတို့သည် ရုပ်,နာမ်,ခန္ဓာတို့၌ဉာဏ်၏ကျက်စားခြင်း အခြေမျှဖြစ်သော ဝိဇ္ဇာမျိုးလောက်နှင့်သာပြည့်စုံကြကုန်လျက် စရဏတရားနည်းပါးကြကုန်အံ့၊ ထိုသူတို့သည် ဝိဇ္ဇာမျိုးလောက်နှင့်သာ ပြည့်စုံကြကုန်လျက် စရဏတရား နည်းပါးကြကုန်အံ့။ ထိုသူတို့သည် ဝိဇ္ဇာမျိုးအခြေခံ ပါကြကုန်သည့်အတွက် နောက်ဘုရားတရားကိုကြားနာခွင့်ရကုန်မူကား ဝိဇ္ဇာမျိုးသစ္စာဉာဏ်ကို ပေါက်ရောက်ရရှိကုန်လတ္တံ့။ စရဏတရား နည်းပါးကြကုန်သည့်အတွက်နောက်ဘုရားနှင့်တွေ့ကြုံကြနိုင်ရန်အခွင့်ကိုမူကားအလွန်

ခဲယဉ်းလှကုန်၏။ အကြောင်းကိုဆိုသော် ယခု-ဘုရားသာသနာ နှင့် နောက်-ဘုရားသာသနာသည် အန္တရာယ်ကပ်ကြီး တကပ် ကွာခြားလျက်ရှိ၏။

ယခုဘဝမှစ၍ နောက်ဘုရားလက်ထက်တိုင်အောင် အန္တရ ကပ်ကြီး တကပ်ပတ်လုံး အကုဋ္ဌေမကသော ဘဝတို့၌ လူ့ရပ် နတ်ရွာ့သုဂတိဘုံမှာချည်း ဆက်လက် ကျင်လည်၍ သွားနိုင်မှ နောက်ဘုရားကို တွေ့နိုင်မည်။

စပ်ကြား၌ အပါယ်သို့ တချက်စောင်း၍ သွားခဲ့ပါလျှင် နောက်ဘုရားကို တွေ့နိုင်တော့မည်မဟုတ်။ အပါယ် မည်သည် တကြိမ်ကျခဲ့လျှင် ဘဝအသင်္ချေ သွားတတ်ကြောင်း၊ တကြိမ် ကျခဲ့လျှင် လက်လှမ်းမရှိကြောင်းကို (ကာဏကစ္ဆပေါပမသုတ်, နခသိခ သုတ်တို့ဖြင့်)ထင်ရှားလှခြင်းတို့ကြောင့်။

ယခုဘုရားနှင့် နောက်ဘုရား စပ်ကြား အန္တရကပ်ကြီးတခု အတွင်း၌ ကျင်လည်ကြရာဝယ်၊ ဒါနမှုနည်းပါး ကာယကံ,ဝစီကံ မှောက်မှား၊ မနောကံ ညစ်နွမ်းမှုဖြင့် စရဏတရား ခေါင်းပါး ကြဦးမည်မှာ သေချာလှခြင်းကြောင့် စုတိ၏အခြားမဲ့၌ အပါယ် ကျဘို့အလားအလာသည် အလေးများ၍နေသည်မှာ ထင်ရှား လှပါတော့သည်။

အခန့်သင့် အကြောင်းတော်လှ၍ သုဂတိဘဝသို့ရောက်ကြ ကုန်လျက် မြတ်စွာဘုရားသာသနာနှင့် ကြုံကြခါ သစ္စာတရား ကို ထောင်နိုင်သော ပညာနားနှင့်လည်း ပြည့်စုံ၊ နှလုံးသွင်း မှန် ကိုလည်း ထားနိုင်ကြကုန်သော ရဟန်း ရှင် လူ သူတော်စင်

အပေါင်းတို့သည် ယခုလက်ရှိ အမိသာသနာကို ကျော်လွန်၍ နောက်သာသနာ ဒွေးတော်ကို မလွမ်းသင့်အပ်လှကြောင်းကို အထက်ကတင်ပြခဲ့သော ဒေသနာသွားအချင်းအရာစကားများ တို့ဖြင့် တပ်အပ်သေချာ ကောင်းစွာ သတိပြုနိုင်ကုန်ရာသည်။

သို့ပါ၍၊ဓမ္မမိတ်ဆွေ၊ ဓမ္မမိတ်ဆွေသည် ယခု-နိဒါန်းနှင့်တကွ ကျွန်ုပ်တို့ ပုံနှိပ်တင်ဆက်လိုက်သော **"သစ္စာအနက် (၁၆)ချက် ခန္ဓာဉာဏ်ရောက်တရားတော်"**များကို ဘတ်ရှုရင်း အကြိမ်ကြိမ် ဘတ်ရှုလိုသော စေတနာ သဒ္ဓါဆန္ဒတွေ အဖန်ဖန် အထပ်ထပ် ဖြစ်ပေါ်၍များနေပါသလား-?၊ ဘတ်ရှုရင်း အကြိမ်ကြိမ်ဘတ် ရှုလိုလှသော စေတနာသဒ္ဓါဆန္ဒများ၏ အဖန်ဖန် အထပ်ထပ် နှိုးဆော်မှုတို့ကြောင့် ဘတ်ရှုဆဲ ဘတ်ရှုပြီးသားများဖြစ်၍နေပါ သလား-?။

အထက်ဖော်ပြပါ ပုစ္ဆာ(၂)ချက်တို့တွင်တချက်ချက်ကိုရင်း (၂)ချက်လုံးကိုရင်း, ပြီးမြောက်ပြီးသား ဓမ္မမိတ်ဆွေဖြစ်၍များ နေခဲ့ပါမူ၊ စာရေးသူက ဓမ္မမိတ်ဆွေကို ချီးမြှောက်သည်ဟုလဲ မဆိုရာ၊ နှိမ့်ချသည်ဟုလဲ မဆိုကောင်း၊ ရိုးသားစွာ အကြောင်း မှန်ကိုမှန်းဆ၍တင်ပြရသော်၊ ယခုသာသနာ၀ယ် ကျွတ်လွတ်ခွင့် ရှိသူ, ကျွတ်လွတ်ခွင့်မရှိသူ နှစ်မျိုးနှင့် ဆက်ဆံသော အနိယတ နေယျပုဂ္ဂိုလ် အဆင့်ကိုတော့ အောက်ဆုံးအနေနှင့် တွက်ဆစေ ကာမူ ကောင်းကောင်းကြီးရှိပါသည်။

အကြောင်းကို ဆိုသော် — ဓမ္မမိတ်ဆွေ ဖြစ်ပေါ်နေသော သဒ္ဓါဆန္ဒ များသည် ၀ိဝေကနိဿိတ, သခ်ါရုပလိဗောဓ

ကင်းငြိမ်းရာ ရှိသော အခြေခံ သဒ္ဓါဆန္ဒများ ဖြစ်ပေသည် ဟုဂုဏ်း။

ဝိရာဂနိဿိတ-ရာဂကင်းငြိမ်းရာကို မှီသော အခြေခံ သဒ္ဓါဆန္ဒများဖြစ်ပေသည်ဟုဂုဏ်း၊ နိရောဓနိဿိတ-ဝဋ္ဋဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှီသော အခြေခံသဒ္ဓါဆန္ဒများ ဖြစ်ပေသည်ဟုဂုဏ်း၊ ဝေါဿဂ္ဂပရိနာမိ-ဥပဓိလေးပါးကို စွန့်ငြိမ်းရာခိုမှီသော အခြေခံ သဒ္ဓါဆန္ဒများဖြစ်ပေသည်ဟုဂုဏ်း၊ ဤသို့အားဖြင့် ဝိဝဋ္ဋနိဿိတ သက်သက်ကိုသာ ညွတ်သော သဒ္ဓါဆန္ဒများ စင်စစ် ဖြစ်ပေသည်ဟု ယူဆသောကြောင့်ပေတည်း။

သို့ဖြစ်အင်ကြောင့် မွေမိတ်ဆွေသည် မိမိရရှိထားသော အခွင့်ကောင်း အခါမြတ်ကြီး ဖြစ်သော ဤ သာသနာ၌ပင် အပြီးသို့ရောက်အောင် ကလျာဏမိတ္တဆရာကောင်း ဥပနိဿယကို ရှာကြံဆည်းကပ်တွယ်တာကာ ဒါန, သီလ စသော စရဏတရားကို အခြေပြုလျက် ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့တွင် တခုခုကို အနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်ပျက်ရှုခြင်းဟူသော ဝိဇ္ဇာမျိုး သစ္စာဉာဏ် အလင်း ပေါ်လာသည်တိုင်အောင် ကြိုးစားအားထုတ်လိုက်ကြပါကုန်လော့။

နောက်အချိန်နောက်သာသနာကိုစောင့်ဆိုင်းကာမြှော်မှန်းတောင့်တ၍နေကြခြင်းသည် ရုပ်နာမ်ခန္ဓာအစဉ်ကို သတိပညာတို့ဖြင့် ဆင်ချင်နိုင်ကြသော သူတော်စင်တို့၏ အစဉ်အလာဝါသနာဘာဂီ မနသိစရဏ မဟုတ်ပါချေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပြဿနာအလုံးစုံ သံသယဝိစိကိစ္ဆာအဖုံဖုံကို အကြိမ်ကြိမ်အတန်တန်, ကြံကြံစည်စည်, လည်လည်

ပတ်ပတ်, ဘတ်ရှူ၍, နာယူ၍, ဝေဘန်ဆုံးဖြတ် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြစေခြင်းငှါ၊ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီးသည် သစ္စာအနက် တဆဲ့ခြောက်ချက် ဝိပဿနာ တရားတော်များကို ဟောကြားတော်မူခဲ့ပါသည်။

ထိုတရားတော်များကို(တိတ်ရီကော်တာ)မှ ကူး၍ အကြိမ်ကြိမ် အဖန်ဖန်ကြားနာစစ်ဆေးလျက် ဓမ္မလက်ဆောင်အနေဖြင့် ကျွန်ုပ်တို့ အဖွဲ့ကြီးက ပုံနှိပ်ဖြန့်ချိလိုက်ပါသည်။

ဆရာတော်အရှင်သည် ခန္ဓာဝန်ကိုစွန့်ကာ ကွယ်လွန်ကြွသွားတော်မူငြားလည်း ဟောထားတော်မူခဲ့သော "**သစ္စာအနက် တဆဲ့ခြောက်ချက်**" တရားတော်များသည် ဆရာတော်အရှင် မြတ်၏ကိုယ်စား၊ ဘုရားသခင်၏သစ္စာတော်ကိုခံယူကာ၊ သာသနာ အမွေတော်ကို ထမ်းလျက် ကိုယ်တွင်းသန္တာန် ရုပ်နာမ်ခန္ဓာ အမြဲမပြတ် နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်တတ်ကုန်သော တထောင့်ငါးရာ ကိလေသာရန်သူတို့ကို ဘာဝနာစက် ဝိပဿနာလက်နက်ဖြင့် ချိုးဖျက်သုတ်သင်ဆဲ သုတ်သင်လတ္တံ့ ဖြစ်ကုန်သော သာဝက ဖြစ်သူ ရဟန်းရှင်လူအပေါင်းတို့အား ကိလေသာကင်းရှင်း နိဗ္ဗာန်တိုင်သော အောင်ခြင်းမင်္ဂလာသို့ရောက်အောင် ပို့ဆောင်နိုင်သော ဓမ္မလက်ဆောင်ဖြစ်စေသတည်း။

ဦးဇောတိက

မင်္ဂလာရိပ်သာကျောင်း

အမရပူရမြို့။

# နိဒါန်း

## ( တိုက်တွန်းလွှာ )

စာရှုသူ ယောဂီတိုင်း နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရလို ရောက်လိုပါ၏ဟု အလ-လ, အနှစ်-နှစ်, ဘ၀တိုင်းက ပါးစပ် ကလေးနှင့် ခဏခဏ တဖွဖွတောင်းခဲ့ကြပါတယ်၊ ဒါကို မြင်လို့ ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက—

" ဒကာ-ဒကာမတို့၊ တောင်းလို့ရတာက လူချမ်းသာ နတ်ချမ်းသာတဲ့၊ နိဗ္ဗာန်ချမ်းသာကတော့ တောင်းလို့ ရတဲ့အလုပ် မဟုတ်ဘူး၊ ကျင့်ကြံပွားများ အားထုတ်မှ ရတဲ့အလုပ်လို့ ခဏခဏ သတိပေး ဟောကြားခဲ့ပါ တယ်...."

စာရှုသူ ယောဂီတို့၊ ဤ-နိဒါန်း (တိုက်တွန်းလွှာ)ကို ဆုံး အောင် သေသေချာချာ ဘတ်ရှုပြီး စဉ်းစားကြည့်ကြစမ်းပါ။

ဗျာဒိတ်ရပြီးတဲ့နောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း, တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်းတိုင်အောင် ပါရမီဖြည့်ကျင့်တော်မူကြသည့် ပညာဓိက, သဒ္ဓါဓိက, ဝီရိယဓိက ဆိုတဲ့ သဗ္ဗညု ဘုရားရှင်တော်တွေလည်း ဂဂ်ါ၀ါလု သဲစုမက ပွင့်တော်မူကြလေပြီ။

ထိုသို့ ပွင့်တော်မူရာ ဘုရားတဆူတဆူမှာလည်း ဗျာဒိတ်ရ ပြီးသည့်နောက် တသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီ ဖြည့်ကျင့်ရတဲ့ လကျ်ာရံ,လက်ဝဲရံဆိုတဲ့အဂ္ဂသာဝက,က နှစ်ပါး၊ ဗျာဒိတ်ရပြီးသည့်နောက် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ရသည့်

မဟာသာဝက,က ရှစ်ဆယ်၊ ဗျာဒိတ်ရရ, မရရ ကာလ အပိုင်း အခြားမရှိ၊ ကျွတ်တန်းဝင်ကြသည့် ပကတိသာဝကတွေကတော့ နှစ်ဆဲ့လေးသင်္ချေနှင့် ကုဋေခြောက်ဆယ်, ဗိုလ်ခြေတသိန်း ဆို တော့ ကျွတ်တန်းဝင်ကုန်ကြသော ဘုရားရှင်တွေ အဂ္ဂသာဝက တွေ, မဟာသာဝကတွေ,ပကတိသာဝကတွေ မနည်းပါဘူး။

ထို့အပြင် ထိုထို ဘုရားရှင်တို့ ပွင့်တော်မမူသောကာလ သာသနာပမှာလည်း ဗျာဒိတ် ရပြီးသည့်နောက်, နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ရသဖြင့် မိမိတို့ ကိုယ် တော်တိုင် အသီးအခြား ဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော် မူနိုင်ကြသော ပစ္စေကဗုဒ္ဓါတွေကလည်း ယခင်-သဗ္ဗညု ဘုရားရှင် တွေ့ထက် အဆပေါင်းများစွာ ပွင့်တော်မူကြလေကုန်ပြီ။

ဒီတော့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်သို့ ကျွတ်တန်းဝင်ကုန်ကြသော အရှင်မြတ်တွေ နည်းသေးသလား၊ သို့သော်လည်း စာရေးသူ အပါအဝင် စာရှုသူယောဂီအပေါင်း တို့ဟာဘာဖြစ်လို့ ယနေ့တိုင်ကျွတ်တန်းမဝင်နိုင်ကြသေးသလဲဆို လျှင် ဆုတောင်းနှင့်သာ ဘဝတွေအချိန်ကုန်ခဲ့ပြီး ဤကြုံတောင့် ကြုံခဲလှသော မြတ်စွာဘုရား၏သာသနာတော်ဝယ် သစ္စာတရား လေးပါးသည် အရေးအကြီးဆုံးသော တရားတော်ပါလားလို့ လည်း မသိ၊ သိပြန်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သစ္စာဆိုက်တဲ့ ဝိပဿနာတရားကိုနာကြားဘို့ကခဲယဉ်း၊ထိုတရား များကို နာကြားရပြန်သော်လည်း သဘောပေါက် မှတ်မိဘို့က ခဲယဉ်း၊ သဘောပေါက် မှတ်မိပြန်တော့လည်း ကျင့်ကြံပွားများ အားထုတ်မှုက ပိုမိုလို့ခဲယဉ်းတယ်ဆိုလျှင်လဲ လွဲပါ့မလား။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက—

"သိက္ခေ နိဗ္ဗာနမတ္တနော"

" နိဗ္ဗာနံ-ခန္ဓာ နာမ်ရုပ် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်ဆိုတဲ့တရားသည်၊ အတ္တနော-မိမိ၏၊ သိက္ခေ-အကျင့်၏၊ တိဋ္ဌတိ-တည်၏ "လို့ ဟောတော်မူခဲ့ပါတယ်၊

အဲဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီးကရော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကပါ နိဗ္ဗာန်မဂ်ဖိုလ်ရဘို့အရေးဟာ ဆုတောင်းနေရုံနဲ့ဖြင့် မရနိုင်ဘူး၊ ကျင့်ကြံ ပွားများမှသာ အနေးနှင့်အမြန် ရနိုင်တယ်လို့ အခိုင်အမာထောက်ခံထားသည် မှာ ထင်ရှားပါတယ်။

ယင်းသို့ထင်ရှားသော်လည်း ကျေးဇူးရှင်မိုးကုတ်ဆရာတော် ဘုရားကြီးမှာ ယခုအခါ ခန္ဓာဝန်ချပြီးဖြစ်၍ ဒို့များဖြင့် သစ္စာ ဆိုက်မည့် ဝိပဿနာတရားကို မနာရတော့ပါဘူး၊ကိုယ်ကျိုးဖြင့် နည်းပေါ့လို့ ပူဆွေးသောကမဖြစ်လိုက်ကြပါနဲ့။ဘာဖြစ်လို့လဲ ဆိုလျှင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ကိုယ်တိုင် သက်တော်ထင်ရှားရှိစဉ်က ဥပမာ, ဥပမေယျ, ဝတ္ထုသာကေ တို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တန်းဆာဆင်၍ လူတိုင်းပင် နား လည်လွယ်သော ခေတ်သုံးစကားဖြစ်စဉ်ကိုက်တို့ဖြင့် ဟောကြား ထားသော ဒုက္ခသစ္စာအနက်လေးချက်၊ သမုဒယသစ္စာအနက် လေးချက်၊ နိရောဓသစ္စာအနက် လေးချက်၊ မဂ္ဂသစ္စာအနက် လေးချက်၊ ပေါင်း-သစ္စာအနက် တဆဲ့ခြောက်ချက်ကို အမှတ် စဉ်(၁)၊ အမှတ်စဉ်(၂)ဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ မန္တလေးမြို့ က အစအဆုံး ပုံနှိပ်ထုတ်ဝေထားပြီးဖြစ်ပါသည်။

# (န)　　　　နိဒါန်း(တိုက်တွန်းလွှာ)

သို့ပါ၍ ရက်တိုတို့လ-တိုတို့ဘဝတိုတိုနှင့် နိဗ္ဗာန်မဂ်ဖိုလ်ရလိုရောက်လိုကြသော စာရှုသူယောဂီအပေါင်းတို့သည် ဆုတောင်းကိုသာ အားကိုးမမူ၍ မိုးကုတ်ဝိပဿနာအဖွဲ့-မန္တလေးမြို့က အသံဖမ်းကြိုးခွေမှ ကူးယူပုံနှိပ်ထားပြီးဖြစ်သော ဤ "သစ္စာအနက် တဆဲ့ခြောက်ချက်၊ ခန္ဓာဥာဏ်ရောက်ဟောစဉ်ကျင့်စဉ်" အမှတ်စဉ်(၁)နှင့် အမှတ်စဉ်(၂)တို့ကို ကိုယ်ပိုင်ထားရှိလျက်ကြည့်ရှုလေ့လာမှတ်သား ကျင့်ကြံပွားများအားထုတ်လိုက်ကြပါကုန်သောဟူ၍ စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ရပါသတည်း။

(ဦးထွန်းအောင်)
မိုးကုတ်ဝိပဿနာအဖွဲ့
မန္တလေးမြို့။

သာသနာတော်နှစ်—၂၅၁၃။
မြန်မာနှစ် ၁၃၃၁-ခု၊ ဝါခေါင်လပြည့်။

# သစ္စာအနက် တဆဲ့ခြောက်ချက်မှာ

၁။ ဒုက္ခသစ္စာအနက် (၄) ချက်
၂။ သမုဒယသစ္စာအနက် (၄) ချက် } အမှတ်စဉ် (၁)

၃။ နိရောဓသစ္စာအနက် (၄) ချက်
၄။ မဂ္ဂသစ္စာအနက် (၄) ချက် } အမှတ်စဉ် (၂)

၁။ ပီဠနဋ္ဌော
၂။ သင်္ခတဋ္ဌော } ၁
၃။ သန္တာပဋ္ဌော
၄။ ဝိပရိနာမဋ္ဌော

၁။ အာယူဟနဋ္ဌော
၂။ နိဒါနဋ္ဌော } ၂
၃။ သံယောဂဋ္ဌော
၄။ ပလိဗောဓဋ္ဌော

၁။ နိဿရဏဋ္ဌော
၂။ ဝိဝေကဋ္ဌော } ၃
၃။ အသင်္ခတဋ္ဌော
၄။ အမတဋ္ဌော

၁။ နိယျာနဋ္ဌော
၂။ ဟေတွဋ္ဌော } ၄
၃။ ဒဿနဋ္ဌော
၄။ အဓိပတေယျဋ္ဌော

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်

ခန္ဓာဉာဏ်ရောက်တရားတော်၊

---

## ပဏာမ

×××××

**သစ္စာသည်သာ ပဓာနအလုပ်။**

ဒကာ-ဒကာမတွေမှတ်စရာက တခြားတရားတွေ ဘယ်လိုဘဲ သိ-သိနေငြားသော်လည်း သစ္စာမသိသေးလို့ရှိလျှင် ကိစ္စမပြီး သေးဘူးလို့ မှတ်ရမယ်၊ (မှန်လှပါဘုရား) သစ္စာမသိသေးလျှင် ကိစ္စမပြီးသေးဘူးလို့ မှတ်ထားကြပါ။

အနိစ္စ,ဒုက္ခ,အနတ္တတွေ ဘယ်လိုပင် စင်စင်ကြယ်ကြယ်သိပြီး သကာလ နေငြားသော်လည်း သစ္စာလေးချက်ကို တပြိုင်နက် အားဖြင့် မထင်မြင်လာသေးလို့ရှိလျှင် ဒါ-ကိစ္စမပြီးသေးတဲ့ အလုပ်ဘဲ။ အပါယ်လေးပါး တံခါးမပိတ်သေးတဲ့အလုပ်ဘဲလို့ သေသေချာချာ မှတ်ကြပါ။

ဒါဖြင့် အရေးအကြီးဆုံး မှန်းဝင်ဆိုသလို သစ္စာသိမှ ကိစ္စ ပြီးမယ်လို့ ဦးဝ တို့ မှတ်ရလိမ့်မယ်။ (မှန်ပါဘုရား) ဘာသိမှ ကိစ္စပြီးမလဲ ? (သစ္စာသိမှပါဘုရား) သစ္စာသိမှကိစ္စပြီးမယ်လို့ ဆိုတာ မှတ်ထားကြပါ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတပါး ခေါ်ပြီး သကာလ တောင်ထိပ်ပေါ်သို့ တက်သွားတယ်။ တောင်ထိပ်သို့ တက်သွားတဲ့အခါကျတော့ တောင်ထိပ်ပေါ် ရောက်တဲ့အခါ အောက်လှမ်းပြီး ရဟန်းကို ကြည့်ခိုင်းတယ်။ ရဟန်း အကြည့် ခိုင်းတဲ့အခါ ကျတော့ ရဟန်းက အောက် လှမ်းပြီးသကာလ ကြည့်လိုက်တယ်။ ဟာ—ဒီအပေါ်ကမျှား ကျလို့ရှိလျှင် အရိုး တခြား, အသား တခြားနဲ့ ဝိညာဏ်ချုပ်မှာဘဲ အင်မတန် ကြောက်စရာကောင်းတယ် ဘုရား၊ အင်မတန် ကြောက်စရာ ကောင်းတယ်ဘုရားလို့ ဆိုတော့၊ ရဟန်း-ဒါကို ကြောက်စရာ မဟုတ်ပါဘူးကွာ တခါကျ တခါသေပါ။ ဒီဥစ္စာ ဘာမှ ဒါလောက်ကြောက်စရာမရှိပါဘူး၊ ကြောက်စရာရှိတာ ငါပြော ပြပါမယ် ဆိုတော့၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တပြိုင်နက်သိတာမျိုး။

အဲဒီတပြိုင်နက်သိတာမျိုးကို မင်းသည် ဤကား-ဒုက္ခသစ္စာ, ဤကား-သမုဒယသစ္စာ, ဤကား-နိရောဓသစ္စာ, ဤကား-မဂ္ဂ

သစ္စာလို့ မင်းစိတ်ထဲက ပရိညေယျနှင့် ပိုင်းခြားပြီးသကာလ မသိသေး၊ သစ္စာအနက် ဆယ့်ခြောက်ချက်မှ မသိသေးတာက အဖန်ဖန်သေ့ အဖန်ဖန်အို့ အဖန်ဖန်ဒီခြောက်မျိုးကိုကျစရာတွေ အများကြီးရှိသေးတယ်။ ဒီခြောက်က ဒါလောက်ကြောက်စရာ မရှိဘူးလို့ ပြောလိုက်တယ်။

ဒကာ-ဒကာမတို့ ဘာ-ကြောက်စရာအကောင်းဆုံးတုံး ? (သစ္စာ မသိတာ) သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး ခြောက်ဆိုတာမျိုး တခါကျပြီး နောက်ထပ်သေစရာမရှိပါဘူး၊ သစ္စာမသိတာကတော့ ဒီ-ခြောက်ထက်ကြီးကျယ်တဲ့ ပဋိသန္ဓေ ခြောက်၊ အိုခြောက်၊ နာခြောက်၊ သေခြောက်၊ သူတပါးစားဖတ် ဝါးဖတ် ဖြစ်တဲ့ ခြောက်တွေ ကျစရာက သစ္စာမသိသေးသမျှ ကာလပတ်လုံး အမြဲတမ်း ရှိသေးတယ်လို့ မဆိုနိုင်ဘူးလား ? (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘာကြောက်စရာအကောင်းဆုံးတုံး (သစ္စာမသိတာ ကြောက်စရာကောင်းတယ်)ဒါ-ဘုရားသခင်ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတော်မူတဲ့အတွက် ဒီဘက်က ဒကာမတွေ ဘာ-ကြောက်စရာအကောင်းဆုံးတုံး (သစ္စာမသိတာ ကြောက်စရာအကောင်းဆုံးပါဘုရား)။

သစ္စာမသိသေးတာ ကြောက်စရာအကောင်းဆုံးဘဲဆိုသဖြင့် ခင်ဗျားတို့ သစ္စာကိုဖြင့် သိအောင်လုပ်ပါ လို့၊ ကိုထွန်းဦး တိုက်တွန်းရတယ် (မှန်လှပါဘုရား)၊ ဦးဘကြည် တိုက်တွန်း ရတယ်နော်။ သစ္စာကို ခင်ဗျားတို့မသိတာ ဘုန်းကြီး နဲနဲရှင်းပြ မယ်နော်။

သစ္စာကို ဒကာ-ဒကာမတွေ မသိလို့ ထမင်းစားရမှာကို နေ့တိုင်းချက်, နေ့တိုင်းစား, နေ့တိုင်း ကျင်ကြီး-ကျင်ငယ်စွန့် နက်ဖြန်ကျ ပြန်စားပြန်တာဘဲ။ စားပြန်ပြီးသကာလ စားဘို့ရာ လုပ်ရတဲ့အလုပ်၊စားဘို့ရာချက်ပြုတ်ရတဲ့အလုပ်၊စားပြီးကျင်ကြီး ကျင်ငယ်စွန့်ရတဲ့အလုပ်၊ ဒါတွေဟာ ဒုက္ခတွေဆိုကြမလား ? သုခတွေဆိုကြမလား? (ဒုက္ခတွေပါဘုရား)။

ဒါတွေ ဒုက္ခမထင်သေးလို့ရှိလျှင်လဲ သစ္စာမသိသေးဘူး၊ ဒါတွေဒုက္ခမထင်သေးလျှင် ဘာပါလိမ့် (သစ္စာမသိသေးလို့ပါ ဘုရား)၊ဘယ့်နှယ် ဦးဘရှင်၊ အဖန်ဖန်ပြုပြင်ရတဲ့အလုပ် မဟုတ် ဘူးလား-ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)၊ အဖန်ဖန်ပြုပြင် ရတဲ့အလုပ် ဘာသစ္စာဆိုကြမလဲ ? (ဒုက္ခသစ္စာပါဘုရား)။

အဖန်ဖန် ပြုပြင်ရဘဲ့အလုပ် ဒုက္ခသစ္စာဆိုလျှင် ဒီ-ဒုက္ခမျိုး ခင်ဗျားတို့က အပင်ပန်းခံချာဖွေပြီးသကာလ ကျွေးမဲ့သူနဲ့ စားမဲ့ သူနဲ့ အဆင်သင့်များရှိနေမယ်ဆို ကံကောင်းလို့လို့ ခင်ဗျားတို့ အောက်မေ့တယ်၊ ကိုထွန်းဦးတို့က အောက်မေ့တယ် (မှန်လှပါ ဘုရား)။ စင်စစ်တော့ ကံကောင်းတာလား၊ ဒုက္ခရောက်နေတာ လား၊ (ဒုက္ခရောက်နေတာပါဘုရား)။

သင်္ခါရဒုက္ခပေါ့(မှန်လှပါဘုရား)၊ အဲဒီတော့ ဒါ-ကံကောင်း လို့လား ? ဒုက္ခရောက်တာလားလို့ မေးကြည့်လို့ရှိလျှင်ဖြင့် ဘယ်နှယ်ဖြေကြမလဲ(ဒုက္ခရောက်နေတာပါ)၊ဒုက္ခရောက်နေတာ ဒုက္ခမရောက်လို့ရှိလျှင် ဒကာ-ဒကာမတို့စဉ်းစားပါ၊ အမြဲပြုပြင် ပြီးသကာလ နေ့မခြား ညမခြား ပြုပြင်နေရတဲ့အလုပ်ကြီးဟာ အားတဲ့အချိန်တယ်လို့ရှိကြရဲ့လား(မရှိပါဘူးဘုရား)။

အဲဒီလို မအားတဲ့အလုပ် လုပ်နေရတာသည် ဘယ့်နှယ် ကြောင့် လုပ်ရပါလိမ့်မလဲလို့ မေးလို့ရှိလျှင်ဖြင့် မနေသာလို့ လုပ်ရတဲ့အလုပ်ကြီးဘဲလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ)။ မနေသာ တာတွေ ဘာပြုလို့ မနေသာသတုံးလို့ မေးလို့ရှိလျှင် ဒုက္ခ ရောက်လို့ပြုပြင်နေရတယ်၊ (မှန်လှပါဘုရား)။ သဘောပါကြ ပလား? (မှန်ပါဘုရား)။

တော်တော်ကြာ ခင်ဗျားတို့က အဝတ်တွေခြုံရ, ရုံကြ, တော်တော်ကြာခွါရ, ချွတ်ရ၊ ဦးဘကြည်တို့ မလုပ်ရဘူးလား?၊ (လုပ်ရပါတယ်ဘုရား)၊ အားလုံးသုပ်ကြရတယ်။

ဒကာ-ဒကာမတို့ မလုပ်ပါနဲ့ဆိုလို့ ရရဲ့လား? ဒါတွေဟာ ဘာပြုလို့လုပ်နေရဒါတုံးဆိုလို့ရှိလျှင် အအေးဒုက္ခတော့ ခြုံရ၊ အပူဒုက္ခရောက်တော့ ခွါရ၊ဒါ-ခင်ဗျားတို့ ဒီဉစ္စာကို ကိုယ်ရှိလို့ ကိုယ်ခြုံ ကိုယ်ရှိလို့ကိုယ်ရုံဆိုပြီး ခင်ဗျားတို့ကဘဝင်များမြင့်နေ လိုက်သေး၊ ဘဝင်တောင် မြင့်နေ နေသေးတယ်၊ဒုက္ခမှန်းမသိတဲ့ အပြင်မှာ အင်း....ဒီ အကျိုးပေးမျိုးဟာ တော်သေးတယ်။ သူများမှာတော့ ဒါဝတ် ဒါချွတ်ဖြစ်နေတယ်လို့ ဦးတင်မောင် တို့က ဘဝင်များမြင့်လိုက်သေးတယ်၊ (မှန်လှပါဘုရား)၊ဘဝင် များ မြင့်လိုက်သေးတယ်။

ဒကာ-ဒကာမတွေ ရှိတဲ့ပုဂ္ဂိုလ်တွေက ဘဝင်မမြင့်ကြပေ ဘူးလား? (မြင့်ပါတယ်)၊ အင်း—ဘဝင်မြင့်တာ ဒုက္ခမသိလို့ ဒါ-အရတော်တယ်လို့အောက်မေ့၊ (တင်ပါ) ကိုထွန်းဦး ၀ိုပ်မိ ပလား? (တင်ပါ)။ သူတို့ဘဝင်မြင့်နေတာဖြင့်ဒုက္ခသိလို့လား မသိလို့မြင့်နေတာလား (မသိလို့မြင့်နေတာပါဘုရား)။

ဩော်....ဒုက္ခ သိစရာလဲ မလွယ်ပါလား (မှန်ပါဘုရား) မလွယ်ဘူး၊ တနေ့သော်လည်း ရှာစား ဝတ်ခြုံ ရုံ၊ နောက်တခါ ကြလို့ ရှိလျှင်လဲ ရှာပြန်ပြီ၊ စားပြန်ပြီ၊ ဝတ်ပြန်ပြီ၊ ခြုံပြန်ပြီ၊ ဒါဘဲ လှည့်နေတယ် ဆိုတာကို ဦးဝ ဒီတိုင်း မနေဘူးလား (နေပါတယ်ဘုရား)။

နို့- ဒုက္ခရောက်လို့ ဖါထေး စာရင်းမှတ်နေရတဲ့အလုပ်မှ တပါး ဦးခင်မောင် ဘာရှိလဲ? (ဘာမှမရှိပါဘူးဘုရား)၊ အဲဒီ ဒုက္ခတွေကျတော့ ခင်ဗျားတို့က မမြင်တော့ ဩော်-သစ္စာသိ ဘို့ရာ အတော်ခဲယဉ်းပါလားဆိုတာ ဦးဘကြည်တို့ ပေါ်လာ ပါတယ်။ ဒုက္ခရှိလျက်နဲ့ ဒုက္ခရှိမှန်းမသိဘူးဗျ (မှန်လှပါ)၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ ဒုက္ခရှိလျက်နဲ့ ဒုက္ခမှန်းမသိတာ သည် ဘာမသိတာတုံးမေးလျှင် ဘယ်နှယ်ဖြေကြမတုံး (သစ္စာ မသိတာ)။

ဒါဖြင့် သစ္စာမသိတော့ ဒီ-အလုပ်တွေဟာ ခင်ဗျားတို့ လောဘနဲ့လုပ်, ဒေါသနဲ့လုပ်, မောဟနဲ့လုပ်ဆိုပြီး မလုပ်ကြ ပေဘူးလား၊(လုပ်ကြပါတယ်ဘုရား)၊လုပ်ကြတော့ ဒီ-လောဘ ဒေါသ,မောဟကအကျိုးပေးအုံးမှာပေါ့ဗျာ(ပေးမှာပါဘုရား) ပေးလို့ရှိလျှင်လဲ အပါယ်လေးပါး ဒုက္ခတွေ ကြုံရ ဆုံရမယ် ဆိုတာ ဒကာ-ဒကာမတွေ ကေန်ဘဲမဟုတ်လား(မှန်ပါဘုရား)။

ဒါ-ဒီသစ္စာသိတဲ့ပုဂ္ဂိုလ်ဖြင့် ဒီအလုပ်ကျွတ်အောင် လုပ်ရဘဲ လို့ မလာပေဘူးလား (လာပါ တယ်ဘုရား)၊အခုတော့ခင်ဗျား တို့က ထမင်းစားတယ်၊ စားတဲ့ကိစ္စ ငြိမ်းအောင်လုပ်မယ်ကွ၊

နောက်-အဝတ်ခြုံရပြန်ပြီ၊ ခြုံတဲ့ကိစ္စ ငြိမ်းအောင်လုပ်မယ်ဟေ့၊ အဝတ် ခွါရပြန်ပြီ၊ ခွါတဲ့ကိစ္စ ငြိမ်းအောင် လုပ်မဟေ့ လို့ ခင်ဗျားတို့ အဲဒီအချိန်လာရဲ့လား (မလာပါဘုရား)။

ဟင်—ဘာပြုလို့မလာပါလိမ့်(သစ္စာမသိလို့)၊ ဒါဖြင့် သစ္စာမသိတာက နဲနဲလား များများလားလို့ဆိုတာ ဒကာ-ဒကာမတွေ တွေးကြစမ်းပါအုံး(များများပါဘုရား) ဒါဖြင့်ဦးထွန်းဦးတို့ ဦးဘကြည်တို့က စဉ်းစားစမ်း၊ ဩော်....အတော်အသိခက်ပါလား?။

ဘုရားတပည့်တော်တို့ အတော်တွေဝေ မိန်းမော နေတဲ့ပုဂ္ဂိုလ်တွေ တဦးတယောက်မို့ ခြုံလိုက် ရုံလိုက် ခွါလိုက် ရေချိုးလိုက် မိုးချိုးလိုက်, သုတ်သင်လိုက်, ကျင်ကြီး-ကျင်ငယ်စွန့်လိုက် ပြီးနိုင်တဲ့အလုပ်လား၊ မပြီးနိုင်တဲ့ အလုပ်လား မေးအုံး (မပြီးနိုင်တဲ့အလုပ်ပါဘုရား)၊ မပြီးနိုင်တဲ့အလုပ်။

ဒါ-ဒုက္ခရောက်နေတဲ့အလုပ်ဘဲ၊ ဒါတွေ ဇာတ်သိမ်းမှ တော်မယ်ဆိုတာများ ခင်ဗျားတို့ ငြိးဘူးရဲ့လား (မငြိးဘူးပါဘုရား)၊ အဲဒါ သစ္စာမသိလို့ မငြိးတာ၊ ဦးဘရီ ဘာမသိလို့ (သစ္စာမသိလို့ပါဘုရား)၊ ဒီ-သစ္စာ ခဲယဉ်းတယ်ဆိုတာ ပေါ်ပလား? (ပေါ်ပါပြီဘုရား)၊ ရောင်းလို့ဝယ်လို့ အမြတ်အစွန်းတွေ ထွက်လို့ များများစားစားသုံးရ, များများစားစားခြုံရ ရုံရလို့ရှိလျှင်ဘဲ ခင်ဗျားတို့က ကံကောင်း အကြောင်းသင့်လို့ တော်-တော်သေးရဲ့ဆိုတော့ သစ္စာကိုပျောက်နေတယ် ဒုက္ခရောက်တာကို ဘယ်နှယ်နေလဲ (ကြိုက်နေပါတယ် ဘုရား)၊ ခက်လိုက်တာဗျာ။

ဒုက္ခကိုပရိညေယျ ပိုင်းခြားပြီးတော့ ဦးခင်မောင်ရဲ့ နှင်နေရစ်တော့လို့ လုပ်ရမှာဗျ၊ (မှန်ပါဘုရား) ခင်ဗျားတို့ အဲဒီ ဒုက္ခသစ္စာ ဘာဖြစ်နေတုံး (ကြိုက်နေတယ်) ဖြစ်မှဖြစ်ရလေ ဒကာ-ဒကာမတို့၊ ဒုက္ခသစ္စာဆိုတာ ကြိုက်ဘို့လား၊ နှင်နေရစ်တော့လို့ ထားခဲ့ရမှာလား (ထားခဲ့ရမှာပါဘုရား)၊ ဦးထွန်းဦး ဒုက္ခသစ္စာပရိဝေဒညာဏ်နဲ့ သိဘို့ခဲယဉ်းတယ်ဆိုတာ ခု-သေသေချာချာ ဖေါ်ပြောတော့ ဘယ်နှယ်နေကြတုံး။

ဒကာ-ဒကာမတို့(ခဲယဉ်းတယ်)အတော်ခဲယဉ်းမနေဘူးလား (ခဲယဉ်းပါတယ် ဘုရား)။ ဒုက္ခရောက်နေလျက်နဲ့ ဒုက္ခမှန်းသိရဲ့လား (မသိပါဘူးဘုရား) ပြေဘ်-ခက်သေးတယ်။

ဒါဖြင့် ခုနင်က ချောက်ကြီးဟာ ကြောက်စရာမဟုတ်ဘူးတဲ့ ဦးဘကြည်ရ (မှန်ပါဘုရား)။ ဒီ-သစ္စာမသိတော့ ခင်ဗျားတို့ ဒီအလုပ်ကို လောဘ, ဒေါသ, မောဟ,ဋ္ဌဿ, မစ္ဆရိယ, မာနတွေနဲ့ ရောင်းကြဝယ်ကြ၊ လုပ်ကြ ကိုင်ကြ၊ ပြောကြဆိုကြ အလုပ်တွေမလုပ်ကြပေဘူးလား (လုပ်ပါတယ်ဘုရား)။

လုပ်တော့ အဖန်ဖန် ဟိုချောက်မျိုးလို တခါကျ တခါသေလား။ ခင်ဗျားတို့က ကြိမ်ဖန်များစွာမလွတ်တမ်းသေရမှာလား မလွတ်တမ်းသေရမှာပါဘုရား)၊ ဘာမသိလို့ (သစ္စာမသိလို့ပါဘုရား)။

ကောင်းပြီ ခင်ဗျားတို့ သစ္စာရှိလျက်နဲ့ သစ္စာမသိတဲ့ဟာအင်း—ဦးခင်မောင်ရေ အတော်ခဲယဉ်းနေတာ ဒုက္ခသစ္စာ အစစ်တွေကို ဖေါ်ပြီးပြနေငြားသော်လဲ ဒီ-ဒုက္ခမျိုးကို ခင်ဗျားတို့က ကြိုက်နေကြတဲ့ဖြစ်ခြင်းကတော့ မပြောပါနဲ့တော့။

ကောင်းကောင်းမွန်မွန် စားရလို့၊ ကောင်းကောင်းမွန်မွန် အိပ်ရလို့၊ ကောင်းကောင်းမွန်မွန်ဝတ်ရလို့၊ ကောင်းကောင်း မွန်မွန် ခေတ်ပေါ်ကား ဝယ်စီးနိုင်လို့၊ နေပူ လေပူ အစရှိသည် တို့မှလွတ်ပြီးသကာလ ခေတ္တလေး လေညှင်းလေးခံပြီးသကာလ စီးနေလိုက်ရတယ်ဆိုလျှင်ဘဲ ခင်ဗျားတို့က ဩော်—တော်သေး တယ်၊တော်သေးတယ်၊ကံကောင်းအကြောင်းသင့်လို့ သူများလို နေပူမရှောင် မိုးဃံးရွာမရှောင် ပြေးရ လွှားရ၊ ဒါနဲ့စာရင် ဒို-တော်သေးတယ်။

ဒါကို ကိုယ့်ကိုယ်လဲ လေညှင်းခံနေရတယ် (ခံရပါတယ် ဘုရား)။ ဒါလဲ ပူပြင်ရတဲ့ဒုက္ခ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ပူပြင်ရတဲ့ဒုက္ခရှိတော့ လေမလာရင် ယပ်ခပ်ပေးနေရတဲ့ ဒုက္ခ ကော (ရှိပါတယ်ဘုရား)။

ရော—ဒါဖြင့် ဘာသစ္စာတွေတုံး (ဒုက္ခသစ္စာတွေပါဘုရား) သင်္ခါရဒုက္ခတွေပေါ့ဗျာ (မှန်လှပါဘုရား)။ အဲဒီ သင်္ခါရ ဒုက္ခ တွေကို ခင်ဗျားတို့က ဒီလိုနေရ တော်ပါသေးရဲ့ လို့များ ဘဝင်မြင့်လိုက်သေးတယ် (တင်ပါဘုရား)၊

ဖြစ်မှဖြစ်ရလေ ဒကာ-ဒကာမတို့ ဘယ်နှယ်ဖြစ်နေတာတုံး၊ (ဘဝင်မြင့်နေပါတယ်ဘုရား)။ဘဝင်မြင့်တာ ဘာမသိလို့တုံး၊ (ဒုက္ခသစ္စာမသိလို့ပါဘုရား) လုပ်နေတာဘာတုံး(ဒုက္ခသစ္စာ) မီးခဲကိုင်နေရတာကိုပင်ခင်ဗျားတို့က ရေခဲကိုင်တဲ့သဘောမျိုးနဲ့ ကိုင်ရလျှင် ကျေနပ်တဲ့ဟာမျိုး၊ ဦးဘအုန်းတို့ ဖြစ်နေလိုက်တဲ့ အဖြစ်မျိုးပေါ့ဗျာ၊ မဆိုးဝါးဘူးလား ဒကာ-ဒကာမတို့(ဆိုးဝါး ပါတယ်ဘုရား) ဆိုးပါတယ်။

ဩော်....ဒါ ခဏခဏပြုပြင်နေရတဲ့ ဒုက္ခပါလားလို့ အခုမှ ရေးရေးပေါ်လာတာ....(မှန်ပါဘုရား)ရေးရေးပေါ်လာတယ်၊ ကိုယ်လုပ်နေဒါ ကို မသိဘူး ထမင်းစား ကောင်းလိုက်တာ၊ ထမင်းမိန်မိန်စားရတယ်ဆိုတာ ဦးဘကြည် ဒုက္ခဘဲ၊ ဒါ-ဒုက္ခကို ပြုပြင်ရတဲ့ဒုက္ခပါလားလို့ ငြိးမိရဲ့လား....(မငြိးမိပါဘုရား)။

ဒီဟင်းထပ်ချက်ပါအုံးကွာ အာသာမပြေသေးဘူးလို့ သူတို့ ပြောနေကြဒါကသင်္ခါရဒုက္ခသိသေးရဲ့လား (မသိပါဘူးဘုရား) မသိတော့ ခင်ဗျားတို့ သစ္စာမသိဘူး၊ ဒီလို ခြောက်ကြီးမျိုးဟာ ကြောက်စရာမရှိပါဘူး (မှန်ပါတုရား)။

သစ္စာမသိတော့ဒါမျိုးထပ်စားခြင်တယ်၊ဒါမျိုးနဲ့နေရလျှင် ကျေနပ်တယ်။ ကျေနပ်တယ်ဆိုတဲ့ဟာက လောဘဗျာ၊ ထပ်ပြီး တောင်းတ,တာက ဥပါဒါန်တဲ့ဗျာ၊ ဥပါဒါန်တွေက မလာဘူး လား၊ လာသလား....(လာပါ တယ်ဘုရား)။

လာတော့ ဘ၀ဇာတိ, ဇရာဗျာဒိ, မရဏတွေကကော (လာ ပါတယ်ဘုရား)။ အဲဒီတော့ ခင်ဗျားတို့ တက်လမ်း ကျွတ်လမ်း လွတ်လမ်းဆိုတာ ရှာတွေ့သေးရဲ့လား....(မတွေ့ပါဘူးဘုရား)။ ဘာမသိလို့တုံး....(သစ္စာမသိလို့ပါဘုရား)။ ဩော်—မသိတာ လွန်နေပြီဗျာ။

ဒကာ-ဒကာမတို့ လွန်နေပြီလား....(လွန်နေပါပြီ)လွန်နေပြီ အ၀တ်တွေ ဖွတ်နေကြတာ အင်း—ခန္ဓာကိုယ်ကြီးအတွက် ဒုက္ခ ရောက်နေတာ ဒီလို မဖွတ်ရအောင် ဇာတ်သိမ်းပါတော့မယ် လို့များလာကြရဲ့လား....(မလာပါဘူးဘုရား)၊ဖွတ်လို့တောင် ကောင်းနေသေး....(တင်ပါ)၊ ကိုထွန်းဦး မသိလို့ဖေါ်ပြောနေ တာနော်....(မှန်လှပါဘုရား)။

**ကောင်းပြီ** - ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခုနင်က ဟောခဲ့တယ်။ အင်မတန် အသူတရာလောက် နက်တဲ့ ချောက်ကြီးဟာ၊ ဟော့-ရဟန်း ကြောက်စရာမရှိပါဘူးကွ၊ တခါ ကျ တခါသေ့ နောက်-သေစရာမရှိပါဘူး၊ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

သစ္စာမသိတဲ့ လူက တဏှာနဲ့ တောင့်တ့လို့ ဥပါဒါန်နဲ့ စွဲလမ်းလိုက်ရင် ဦးဘကြည် ဘယ်လောက် သူ-ဒီချောက်တဲ့ ဆိုးတဲ့ချောက်ပေါင်း ဘယ်လောက် ကျ-မလဲလို့မေးခွန်းထုတ် ကြည့်စမ်း မရေတွက်နိုင်အောင်ကျမယ်၊ ရေတွက်နိုင်မလား.... (မရေတွက်နိုင်ပါဘူးဘုရား)။

ဒါဖြင့် ဘာမသိတာ အဆိုးဆုံးပါလိမ့်....(ဒုက္ခသစ္စာ မသိ တာပါဘုရား)၊ ဒုက္ခသစ္စာမှမသိတော့ သမုဒယသစ္စာ ပယ်မှာဘဲ လို့ဆိုတဲ့ဥစ္စာ ဘယ်ကလာမှာတုံးဗျ....(မလာပါဘူးဘုရား)။

**အေး**....ဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဖေါ် ထုတ်ပြောနေတာဟာ ခင်ဗျားတို့ မသိလို့ ဖေါ်ထုတ်ပြောနေ တာ။ တနေ့သော်လဲ ဈေးသယ်လုပ်တဲ့ ဒကာမတွေက ဈေး သွားလိုက် စားစရာ သောက်စရာလေးဝယ်ခဲ့ ပြန်-ချက်စားလိုက် နေ၁်၊ နက်ဖန် ဘာလုပ်မှာတုံးမေးလျှင် ဒီအတိုင်းသွားအုံး မှာဘဲ....(မှန်ပါဘုရား)။

ဒီဟာတွေဘဲ ပြန်ထွက်လာအုံးမှာဘဲ....(မှန်ပါ)၊ သဘက်ခါ ဘာလုပ်မှာတုံး မေးပြန်တော့....(ဒါလုပ်မှာပါဘုရား)၊ ဒါ- လုပ်တော့ ဒီ-ဥစ္စာဟာ ပြီးတဲ့အလုပ်လား-မပြီးတဲ့အလုပ်လား...., (မပြီးတဲ့အလုပ်ပါဘုရား)။

ဒါဘယ်သူ့အတွက်ပြုပြင်နေတာတုံး(ခန္ဓာအတွက်ပါဘုရား) ကောင်းလို့ပြုပြင်ရတာလား၊ဆိုးလို့ပြုပြင်ရတာလား (ဆိုးလို့ ပြုပြင်နေရတာပါ ဘုရား)၊ ဒီလို ပြုပြင်နေရတာတွေ ကျုပ်တို့ မရှိ မရှားမို့တော်သေးရဲ့လို့ ဖြစ်နေလိုက်တာ ဦးဘကြည်ရ.... (မှန်ပါ)၊ ဘဝင်မမြင့်သင့်တာ မြင့်နေတယ်၊ ဘာကြောင့်တုံး (သစ္စာမသိလို့ပါဘုရား)သစ္စာမသိလို့။

ဒကာမတွေဘက်က ရိပ်မိရဲ့လား....(မှန်ပါဘုရား)၊ခင်ဗျား တို့ အရုပ်ဆိုးပုံ အကြည်းတန်ပုံတွေ ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။နေ့တိုင်းဘယ်သွာ ကြတာတုံးဆိုရင်ဆိုင်သွားကြတယ်၊ ဆိုင်ကပြန်တော့ကော ချက်ဘို့ပြုတ်ဘို့ရှာပြီးသကာလ ယူခဲ့ကြ တယ်။သေတ္တာလေးဘာလေးဆွဲပြီးပြန်ကြတယ်။နက်ဖန်ဘာလုပ် မှာတုံး မေးပြန်တယ်၊ ဒါဘဲသွားလုပ်မှာဘဲ။

ဒီလိုဘဲ ပြန်အုံးမှာဘဲ(တင်ပါ)။ သဘက်ခါဘာလုပ်မှာတုံး မေးပြန်တော့ကော ဒါဘဲလုပ်မယ်။ ဒါ ဘယ်သူ့အတွက်တုံး မေးပြန်တော့ ခန္ဓာအတွက်၊ ခန္ဓာက ဒီလောက်ထိ အရုပ်ဆိုး လို့ ပြုပြင်ရသလားမေးတော့ ဟုတ်ပါတယ်လို့ဆိုရုံဘဲ။ နေ့တိုင်း မကျွေးလျှင် မရဘဲကိုး....(မှန်ပါဘုရား)၊ နေ့တိုင်း ကျင်ကြီး ကျင်ငယ် မစွန့်လျှင် မရဘူး၊ နေ့တိုင်း ရေချိုးမပေးလျှင် မရဘူး။

အဲ ဒီလောက်တောင် လူမသာကြီး ပြုပြင်နေရတဲ့ဒုက္ခနဲ့ တောင်မှ သူ့ - ဒီလိုဘဲပြုပါရ စုပါရစေ ပြုနိုင် စုနိုင်ပါရစေလို့ များ ခင်ဗျားတို့ကဆုများတောင် တောင်းလိုက်သေး(တင်ပါ) ဒုက္ခ မမြင်တဲ့အပြင် ဒီလို ကျွေးရ မွေးရလို့ ချောင်ချောင်

လယ်လယ်နဲ့ဆိုရင်ဖြင့် ပြုနိုင်စုနိုင်တဲ့ ဘဝမျိုး ကြုံရပါလို၏ (မှန်လှပါဘုရား)။

အမယ်—ဒုက္ခသစ္စာ ဆုတောင်းတယ်....(မှန်ပါ)၊သိတာလား မသိတာလား(မသိတာပါဘုရား)။ ဒုက္ခက ဆင်းရဲတာ၊သစ္စာက အမှန် ဦးခင်မောင်ရ (တင်ပါ)။

ဒါကိုပင်လျှင်ဆုတောင်းယူပါသေးတယ်ဆိုတော့ လွဲလိုက်တဲ့ အလွဲမှ ဒကာ-ဒကာမတွေ ဘယ်နှယ်နေကြတုံး ပါစင်အောင် လွဲနေပါတယ်။ ဒါဖြင့် ခုနက ချောက်ကြီးဟာ ဦးဘကြည် ကြောက်စရာမရှိဘူး၊ (မှန်ပါ)။ ဒါ-မသိဘာ ဘယ်နှယ်ဆိုမတုံး ( ပို ကြောက်စရာ ကောင်းပါတယ် ဘုရား )၊ ကြောက်စရာ ကောင်းတယ်၊

ဒါ - မသိလို့ တဏှာ, ဥပါဒါန် တွေနဲ့ ဣဿာ မစ္ဆရိယ မာနတွေနဲ့ ဦးချစ်ခ-မလုပ်ပေဘူးလား, လုပ်မလား.... (လုပ်ပါတယ်ဘုရား)။ လုပ်တော့ ခုနက အသူတရာနက်တဲ့ ချောက်ကြီးကို ကျသွားရင် ဘယ်နှယ်နေမလဲ....(အရိုးတခြား အသားတခြားပါဘုရား)အင်မတန်ကြောက်စရာကောင်းတယ်။ ဒီထက် ကြောက်စရာကောင်းတာများ ရှိသေးသလား ? လို့ မေးတော့၊ ဟဲ့—ဒါ ဘာဖြစ်လောက်သတုံးလို့ ဘုရားက ဖြေ လိုက်တယ်....(မှန်ပါဘုရား)။ ဒုက္ခသစ္စာ မသိတာက ကြောက် စရာ ကောင်းတာပေါ့။

အဖန်ဖန်သေရမှာဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)၊ အဖန်ဖန်အို့,အဖန်ဖန်သေ....အဖန်ဖန်သူများ စားဖတ် ဝါးဖတ် တွေကော မဖြစ်ပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ထမင်းစားရင်းလဲ ဩော်....စားရတာ ဒုက္ခဘဲ၊ ဘာကြောင့် ဒုက္ခမပြုပြင်ရင် ဗိုင်းကနဲ လဲတော့မယ်။ ခန္ဓာကိုယ်ကြီးက မူးမိုက်ပြီးတော့....(တင်ပါ ဘုရား)။

အဲဒီတော့ မပြုပြင်ရင် ဗိုင်းကနဲလဲမယ်မဟုတ်လား....(မှန်ပါ ဘုရား)။ အဲဒီတော့ သူပြုပြင်ရတာလဲ တနေ့အမှုလားလို့ မေးပြန်တော့ (နေ့တိုင်းဒုက္ခပါဘုရား)။ ဟင်—နေ့တိုင်းအမှု ဆိုတော့ ဒုက္ခရောက်လို့ နေ့တိုင်း ဖေး့မ့နေရဘာပေါ့(မှန်ပါ)။

ကောင်းပြီ၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဖေးနိုင် မ-နိုင် ပွေ့နိုင်မှ သင့်ရုံလေးဆိုတော့ သင့်ရုံလေးနဲ့ သူ့သဘောသူ မစွန့်ပါ ဘူး၊ (မှန်ပါ)။

"ဇရာဓမ္မောမှိ ဇရံ အနတီတော" (မှန်ပါ)။ ဇရာသဘော မလွန်ခင် ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတော-ဘုရားက လွန်တယ်လို့ ဟောရဲ့လား....(မဟောပါ ဘူး)။ ဗျာဓိဟာ ဗျာဓိဘဲကွ သူ့မလွန်နိုင်ဘူး။မရဏဓမ္မောမှိ မရဏံ အနတီတောဟုတ်လား။ သေခြင်းတရားဟာ သေမှာဘဲကွ မလွန်နိုင်ဘူး၊ (မှန်လှပါ )။ ဒါ-ပြုပြင်လျက်နဲ့ ဘာဖြစ်လာတာတုံး ပြုပြင်လျက်သားနဲ့ ရတဲ့ဒုက္ခပေါ့ဗျာ (မှန်ပါ )။

ဒါ ဖြင့် ပြုပြင်တဲ့ဒုက္ခလဲ ဇာတ်မသိမ်း၊ ဖေါက်ပြန်ပျက်စီးတဲ့ ဒုက္ခကကော ဇာတ်မသိမ်း။ အဲဒီတော့ ဇာတ်မသိမ်းတဲ့အလုပ် ကြီးကို ခင်ဗျားတို့ နေ့တိုင်းခင်းနေရတာ ဩော်....ဒါ သခ်ါ ရ ဒုက္ခပါလားလို့ ဒုက္ခမှအမှန်ပါလား၊ ရှောင်လွှဲလို့ ကိုမရတဲ့ဒုက္ခ မကျေးချင်မရဘဲ့ဒုက္ခပါလား၊မဆင်မပြင်ရင် မရတဲ့ဒုက္ခပါလား၊ မခြုံမရုံရင် မရတဲ့ဒုက္ခပါလား?(မှန်လှပါ ဘုရား)။

ဒီဇာတ်တော့ သိမ်းမှဘဲကွာ၊ ဒီလိုမျှား ခင်ဗျားတို့လာရဲ့လား....(မလာပါဘူးဘုရား)၊ ခက်လိုက်တာ၊ ကိုချစ်ခ သိပ်ခက်နေပြီ (မှန်ပါ)။ မလာတဲ့ပြင် ခုနင်က ဆုတောင်း ပြင်းပြလာသေးတယ်—တဲ့၊ ဦးဘဒင်ရဲ။

ဒီလိုကျွေးလို့ ဒီလိုမွေးလို့ ဒီလိုခြုံရ ဒီလို ရုံရလို့ရှိရင် ကံကောင်း အကြောင်းသင့်လို့ တော်-တော်သေးရဲ့၊ မလာဘူးလား....(လာပါတယ်ဘုရား)။ဒါဖြင့်-ဒုက္ခ ဘာလုပ် ယူတာတုံး ဦးဘဒင် (တောင်းယူတာပါ ဘုရား)၊ ဒုက္ခသိလို့လား ဒုက္ခဆုတောင်းဒါ ၊ မသိတော့ဘာဖြစ်တုံး(ကြိုက်နေတယ်ဘုရား)။ ကြိုက်နေတယ်၊ ကြိုက်တော့ကို ဒီ-ဒုက္ခမျိုးကို နောက်-ရမယ်ဆိုရင်လဲဆုတောင်းမယူဘူးလား-ယူမလား(ယူမှာပါဘုရား)။

အဲဒီတော့-ဒုက္ခသစ္စာသိဘို့ ပိုင်းခြားပြီး နင်-နေရစ်တော့လို့ လုပ်ဘို့ရာ ဒကာ-ဒကာမတွေ ဘယ်နှယ်ကြောင့် ဆုတောင်း ယူပါလိမ့်မလဲဆိုတော့၊ ဩော်....ဒုက္ခအစစ် မသိလို့ဘဲဘုရား၊ ဆိုထိုက်ပြီလား....(ဆိုထိုက်ပါတယ်ဘုရား)၊ ဦးဘအုန်း ဆိုထိုက်ပြီလား....(ဆိုထိုက်ပါတယ်ဘုရား)။ ဦးမောင်လေးတို့(ဆိုထိုက်ပါတယ်ဘုရား)၊ ဆိုထိုက်ပြီနော်။

ဒီနေ့-မနေနိုင်လို့ လုပ်ရတဲ့ အလုပ်ချည်းဘဲ၊ မကောင်းလို့ ပြင်ရတဲ့အလုပ်က တနေ့ခန္ဓာကိုယ်ကို ဘယ်နှစ်ခါတုံး (မရေတွက်နိုင်ပါဘုရား)၊ မရေမတွက်နိုင်ဘူး၊ မကောင်းလို့ အစားထိုးရတာတွေကော(မရေတွက်နိုင်ပါဘုရား) မကောင်းလို့ခြုံရ ရုံရတာတွေကော (မရေတွက်နိုင်ပါ ဘုရား)။ မကောင်းလို့ အညောင်းအညာဖြေရတာတွေကော (မရေတွက်နိုင်ပါဘုရား)၊

မကောင်းလို့ သူက ညောင်းလွန်းလို့ တခါပြန်ပြီး ထိုင်ရ ကွေးရ ဆန့်ရတာတွေကော(မရေတွက်နိုင်ပါဘုရား)။မကောင်း တာ ဟူသမျှ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ-ဒုက္ခသစ္စာ တွေကို မကောင်းတိုင်း မကောင်းတိုင်း တော်ပြီကွ ဇာတ်သိမ်းမယ်၊ တော်ပြီကွ ဇာတ်သိမ်းမယ်၊ မင်း– ဒုက္ခသစ္စာမှန်း သိပြီဆိုပြီးသကာလ သူ့အပေါ်မှာ ကြိမ်းဝါးတဲ့ နေ့မျှား ပါကြရဲ့လား မေးလိုက်တယ်....(မပါ ပါဘူးဘုရား)၊ ကြိမ်းဝါးတဲ့နေ့ မပါဒါဘာဖြစ်လို့(ဒုက္ခမှန်းမသိလို့ပါဘုရား) အင်း—မသိတာက လွန်ကုန်ပြီ။

ခုနင်က ချောက်ထက် ခင်ဗျားတို့ မသိတာက ဘဝအဆုံး မရှိဘဲနဲ့ သေကြရမယ်....(မှန်လှပါ)၊ တခါကျ သေကြရမဲ့ ချောက်ကိုမကြောက်ကြပါနဲ့ တခါဘဲသေကြရမယ်မဟုတ်လား (မှန်လှပါဘုရား)။သစ္စာမသိရင် ဒီချောက်မျိုးကို ဘယ်လောက် တွေ့ကြရမလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါကြောင့် သစ္စာကို သိအောင်လုပ်ကြပါ၊ သဘောပေါက် ကဲ့လား....(သဘောပေါက်ပါတယ်ဘုရား)။ အေး....သဘော မပေါက်-ပေါက်အောင် နားမလယ်ရင် နားလယ်အောင် ဆရာ ဘုန်းကြီးက အဲဒါတွေ ဒုက္ခသစ္စာတွေပါလို့ ဒီနေ့ ဖေါ်ဟော နေရတာ၊ မဟောရပေဘူးလား....(ဟောရမှာပါဘုရား)။

ဒီတော့-ဒို့ဒကာ-ဒကာမတွေကလဲ သဘောမပေါက် ပေါက် အောင် နာယူကြပါလို့ တိုက်တွန်းရတယ်....(မှန်လှပါဘုရား)။ အခု-ဒါက တရားချီးနေတာ၊ သစ္စာမသိလို့ ခင်ဗျားတို့ နောက်

ဒုက္ခအရှိန်မသေကြသေး, အရှိန်မသေကြသေးသမျှ ဒီ-ခန္ဓာကိုယ် ရထားတွဲကြီး ခေါင်း ပြောင်းပြီး မောင်းရလိမ့်အုံးမယ်လို့ ဟောလိုက်ပါတယ်။ မဟောထိုက်ဘူးလား၊ (ဟောထိုက်ပါတယ် ဘုရား)။

ကိုင်း—ဒါဖြင့် ဒီနေ့ နိရောဓသစ္စာကို မသိ-သိအောင်လို့ သစ္စာအနက် တဆဲ့ခြောက်ချက် ထဲမှ နိဿရဏဋ္ဌော ကို စ ဟောမယ် (မှန်လှပါဘုရား)၊ ဒကာ-ဒကာမတို့ကလဲ ဂရုစိုက် နာယူကြပါ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူသော

# နိရောဓသစ္စာအနက် လေးချက်မှ

ပဌမမြောက်

**နိဿရဏဋ္ဌော တရားတော်**

ယနေ့ဟောမဲ့တရားကတော့ နိရောဓသစ္စာအနက် ၄-ချက်မှ ပဌမအချက်ဖြစ်တဲ့ နိဿရဏရဋ္ဌောကို ဟောမယ်။

ဒကာ-ဒကာမတို့ နိဿရဏဋ္ဌောဆိုတာ တခြားမဟုတ်ပါဘူး ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋတို့မှ ထွက်မြောက်အောင် လုပ်မဲ့သဘောသည်နိဿရဏဋ္ဌော၊ဒုက္ခဝဋ္ဋမှကျွတ်လွတ်ကြောင်း ဖြစ်သော အနက်သဘောဟာ နိဿရဏဋ္ဌောပါဘဲ။

နိဿရဏဋ္ဌောဆိုတော့ ပါဠိလိုဖြစ်နေတယ်၊ မြန်မာလိုတော့ ဝဋ္ဋ ၃-ပါးမှ ကျွတ်လွတ်တဲ့ အနက်သဘော၊ ဩော်—ဒါဖြင့် ဝဋ္ဋကျွတ်ရပါလို၏၊ဒုက္ခဝဋ္ဋမှကျွတ်ရပါလို၏ဆိုတဲ့ ဒကာဒကာမ တွေသည် ဒီ-ဝဋ္ဋသုံးပါးမှကျွတ်လို့ရှိရင် မရပါဘူး၊ ကိလေသ

ဝဋ်ကကျွတ်မှဘဲရမယ်။ ကမ္မဝဋ်ကကော....(ကျွတ်မှဘဲ ရမှာပါဘုရား)။ ဝိပါကဝဋ်ကကော(ကျွတ်မှရမှာပါဘုရား)။ ကျွတ်မှရမယ်ဆိုတော့၊ ဩဝါဒ—၁ဋ်သုံးပါးမှ ကျွတ်လွတ်ရာ ဌာနကို နိဗ္ဗာန်သစ္စာလို့ခေါ်တယ်။

ဒကာ-ဒကာမတို့ မှတ်ထားကြပါ။ အဲဒီတော့ ဘယ်လိုရှင်းရမလဲလို့ မေးခွန်းထုတ်တဲ့အခါကြတော့ ဝဋ်လည်နေတာ သိမှ ဝဋ်ကျွတ်ခြင်မှာဘဲ၊ ဒါကြောင့် ရှေးဦးစွာ ဝဋ်လည်နေတာကို ဒကာ-ဒကာမတွေကို ပြရမယ်။

ဒီက အဝိဇ္ဇာနဲ့ တဏှာ, ဒါကို ကိလေသဝဋ်လို့ခေါ်တယ်လို့ မှတ်ထားပါ။ အဝိဇ္ဇာနဲ့ တဏှာကို ဘာခေါ်သလဲ....(ကိလေသဝဋ်ပါဘုရား)။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံဟာ ကမ္မဝဋ်လို့ မှတ်ပါ....(မှန်ပါဘုရား)။ ယခု လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ရောက်စေတတ်တဲ့ ကုသိုလ်ကံ အပါယ်လေးပါး ရောက်စေတတ်တဲ့ အကုသိုလ်ကံ၊ ဒါကိုတော့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရလို့ ခေါ်တယ်။

ဒါတွေကို ဘာဝဋ်လို့ခေါ်သလဲ....(ကမ္မဝဋ်လို့ခေါ်ပါတယ်ဘုရား)၊ ဝိပါကဝဋ်ဆိုတာကတော့ ရုပ်နာမ် ခန္ဓာလို့မှတ်ထားပေါ့၊ (မှန်လှပါဘုရား)။ ရုပ် နာမ် ခန္ဓာကို ဘာခေါ်ကြမယ်၊ (ဝိပါကဝဋ်ပါဘုရား)။

ကောင်းပြီ၊ ဒကာ-ဒကာမတွေ ဒီအတိုင်း မှတ်ထားပေါ့၊ (မှန်လှပါဘုရား)။ အဲဒီတော့ အကြောင်း အကျိုး ပြမယ်။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ အဲဒီတော့ အကြောင်း အကျိုးဖြစ်တဲ့ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တယ်။

ရှင်းကြပြီလား....(ရှင်းပါပြီ ဘုရား)၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တယ်ဆိုတော့ ဪ–ဝဋ်ဆိုတာ ဒီလိုလည်တာကိုဆိုတာဘဲ၊ ခင်ဗျားတို့ နား လည်ထားတဲ့ ခြေမပါ လက်မပါတာကို ဆိုတာ မဟုတ်ပါဘူး။ ခြေမပါ လက်မပါ မျက်လုံးမပါသူကိုတော့ ဝဋ်ကောင်လို့ ဦးချစ်ခတို့က ဆိုချင်ဆိုလိမ့်မယ် မဟုတ်ပါဘူး။

ဝဋ္ဋ-ဆိုတာက ဝဋ္ဋသဒ္ဒါအရ-လုံးခြင်း ဝိုင်းခြင်း လည်ခြင်းကို ဆိုတယ်၊ လုံးနေတာ လည်နေတာ ဝိုင်းနေတာကို ဝဋ်လို့ခေါ် ပါတယ်။ ဒီလိုဆိုတော့ အခု တစ်-က နှစ်-သွားတယ်၊ နှစ်-က သုံး-သွားတယ်၊ သုံး-ကနေပြီး တခါ ဘယ်သွားမတုံးလို့ ဆိုလို့ ရှိရင် တစ်-ပြန်သွားအုံးမယ်၊ မပြန်ပေဘူးလား....(ပြန်မှာပါ ဘုရား)၊ ပြန်မယ်....တဲ့။

ဒကာဒကာမတွေ ဝဋ်သုံးပါးကိုသုံးပွင့်ဆိုင်ထားပြီးသကာလ ပြတုန်းဘဲရှိသေးတယ်လို့ မှတ်ရမယ်။ ဒီဘက်က ဘာဝဋ်ပါလိမ့်၊ (ကိလေသဝဋ်ပါဘုရား)၊ ဒီဘက်ကကော(ကာမဝဋ်ပါဘုရား) ဒီ-ရုပ်နာမ်ကကော (ဝိပါကဝဋ်ပါဘုရား)။ ဪ–အခု ဒကာ ဒကာမတို့ ဘယ်ဝဋ်ထဲရောက်နေပါလိမ့်မလဲ မေးတော့ ခင်ဗျား တို့က ရုပ်နာမ်တွေကိုယ်ပိုင်ရှိတော့ ဝိပါကဝဋ်ထဲရောက်နေတယ် (မှန်ပါဘုရား)။

ဒကာ-ဒကာမတွေ ဘယ်ဝဋ်ထဲ ရောက်နေကြပါသလဲ.... (ဝိပါကဝဋ်ထဲရောက်နေပါတယ်ဘုရား)။ အင်း–ဝိပါကဝဋ်ထဲ ရောက်နေတော့ ခင်ဗျားတို့သည် ဘာတွေတုံးလို့ မေးလို့ရှိရင် ဝဋ်ကောင်တွေလို့ ပြောရမယ်....(မှန်လှပါဘုရား)။ ဦးလှတို့ ဦးဝတို့ ဘယ်လိုဖြေမတုံး (ဝဋ်ကောင်တွေပါဘုရား)။

ဝဋ်ကောင်တွေဘဲလို့ဆိုတော့ ခင်ဗျားတို့ ဝဋ်မကျွတ်သေးဘူး၊ဘာဝဋ်မကျွတ်သေးတုံးလို့ ဆိုရင်ကိလေသာ၏အရှိန်အစော် အာနုဘော်တွေရှိတုံးဘဲ၊ ကံ၏အရှိန်အစော် အာနုဘော်တွေ ရှိတုံးဘဲ....(မှန်ပါဘုရား)။ ရှိနေတော့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။

ကမ္မဝဋ်တန်ခိုးသတ္တိလဲ မကင်းသေးတော့ ဦးဘာအုန်း ဒီအထဲမှာလဲ ခင်ဗျားတို့ ကျုပ်တို့ရုပ်နာမ်ဘဲ။ တရားနာနေတဲ့ ဒကာ ဒကာမတွေရဲ့ ရုပ်နာမ်တရားဟောနေတဲ့ဆရာဘုန်းကြီးရုပ်နာမ်၊ ဒီ-ရုပ်နာမ်ကို ဘာဝဋ်လို့ခေါ်ကြမလဲ(ဝိပါကဝဋ်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကျုပ်တို့သည် ကံကောင်း အကြောင်းသင့်လို့ လူဖြစ်နေတာလား၊ ဝဋ်သင့်နေတာသား မေးပါ.... (ဝဋ်သင့်နေတာပါဘုရား)။ ဝဋ်သင့်နေတာမသိကြဘူး။

ဒကာ-ဒကာမတွေက ကံကောင်း အကြောင်းသင့်ပြီးတော့ လူဖြစ်လာရတယ်ဆိုတာ လူဟာ ဝဋ်ကောင်ဆိုတာ မရိပ်မိသေးလို့ပေါ့....(မှန်လှပါဘုရား)။ ဩော်—ဒါဖြင့် ကျုပ်တို့ ဝဋ်ကျွတ်ပြီလား မကျွတ်သေးဘူးလား(မကျွတ်သေးပါဘူးဘုရား) ဝဋ်မကျွတ်သေးဘူး။

ဒီ-ရုပ်နာမ်နဲ့ အတူတူနေရတာကိုး၊ ရုပ်နာမ်ဆိုတာ သစ္စာဖွဲ့ရမယ်....(ဒုက္ခသစ္စာပါ ဘုရား)။ ဒါဖြင့် ဒုက္ခဝဋ်မကျွတ်သေးတာပေါ့....(မှန်လှပါဘုရား)။

ဒုက္ခဝဋ် ဘယ်နှယ်ကြောင့် မကျွတ်သေးသတုံး ဆိုတော့ ကိလေသာအရှိန်အစော် အာနုဘော် အငွေ့သင့်နေလို့ဘဲ....

(မှန်လှပါဘုရား)။ မသင့်ဘူးလား....(သင့်ပါတယ် ဘုရား)။ ကံ-တည်းဟူသော ဝဋ်ကကော မသင့်ဘူးလား....(သင့်ပါတယ် ဘုရား)။

ဒါဖြင့်-ဒကာ-ဒကာမတို့ တစ်-နှစ်-သုံး ဘယ်အထဲ ရောက်သတုံး....(သုံးထဲ ရောက်နေပါတယ်ဘုရား)၊ သုံးထဲရောက်နေတော့ ဘယ်ဝဋ် သင့်နေသလဲ....(ဝိပါကဝဋ်ပါ ဘုရား)၊ သြော်—ဝဋ်သင့်နေကြတယ်၊ ဝဋ်မကျွတ်ကြသေးဘူး၊ ခင်ဗျားတို့ ဝဋ်မကျွတ်သေးတဲ့အကြောင်းကို ရှင်းလင်းပြီး သေသေချာချာ ပြပါဆိုလို့ရှိရင်ဖြင့် ကိလေသာတို့၏ ပြုပြင်ထားတဲ့ ရုပ်နာမ် ခန္ဓာကြီးအထဲမှာ အို-နာ-သေ မပါဘူးလား....(ပါပါတယ် ဘုရား)။ အဲဒါကြီးထမ်းပြီးတော့ နေကြရတာဘဲ။

အခု-ဘာထမ်းပြီး နေရတုံး....(အို-နာ-သေပါ ဘုရား)၊ အို-နာ-သေ ရုပ်နာမ်ကြီးထမ်းပြီးသကာလနေရတော့ ဘယ်မှ ထားပစ်ခဲ့လို့လဲ မရ၊ ဘုရားရှိခိုးသွားပြန်တော့လဲ ပါ တာဘဲ တရားအားထုတ်နေတော့ကော....!(ပါပါတယ်ဘုရား)၊ ပါနေတော့၊ သြော်—ဝဋ်ကြီးလိုက်တာ ရုပ် နာမ် အသုဘကြီးကို ထမ်းထားတယ်၊ ရုပ်နာမ် အသုဘကြီးထမ်းပြီးသကာလ ထား ကြရတော့ကို ရုပ်နာမ်က အသုဘလဲဟုတ်တာဘဲ၊ ဒုက္ခသစ္စာလဲ ဟုတ်တာဘဲ။ အဲဒါကြီးကို ခင်ဗျားတို့ အခု တရားနာလာလဲ ထမ်းလာခဲ့ကြရတယ်၊တရားနာပြီး ပြန်တော့လဲ ထမ်းပြန်ရတယ်၊ မပြန်ရဘူးလား....(ပြန်ရမှာပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ဟာ ဝန်ထမ်းသမား သက်သက်ဘဲ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။ ဝန်ထမ်းသမား

သက်သက်ဘဲဆိုတော့ အခု-ဝန်ချကြွေမလားလို့ မေးတဲ့အခါ ကြတော့ တပည့်တော်တို့ အခုအခြေအနေဆိုရင် အားခွန်ဗလ ရှိသေးလို့ ထမ်းလို့ကောင်းတုံးဘဲ။ နောက်လဲ တောင်ဝှေး ထောက်ပြီး ထမ်းရလိမ့်အုံးမယ်ဆိုရင် လွဲပါမလား....(မလွဲပါ ဘုရား)၊ လေးဘက်ထောက်သွားပြီးတော့ကော....(ထမ်းရမှာပါ ဘုရား)။

ထမ်းရလိမ့်အုံးမယ်ဆိုတော့ ဝဋ်ကျွတ်ပြီလား¸(မကျွတ်သေး ပါဘူးဘုရား)၊ ဩော်–ဦးဘအုန်းကြီး ဘယ်အထဲ ရောက်နေ သလဲ....(ဝိပါကဝဋ်ထဲရောက်နေပါတယ်ဘုရား)၊ ဝိပါကဝဋ်ထဲ ရောက်နေတယ်ဆိုတော့ ကိုးဆယ့်ခြောက်ပါး ဝေဒနာတွေ လာပြန်လို့ရှိရင်လဲ ဒီခန္ဓာကြီးက အကုန်လက်ခံရတယ်။ ငြင်း ပယ်တာမျှား ရှိသေးသလား....(မရှိပါ ဘုရား)။

အဲဒါ ဝန်ထမ်းနေရတာဘဲ....(မှန်လှပါဘုရား)၊ ရောဂါ ဥပါဒ်အန္တရာယ်တွေလဲထမ်း၊ ရောဂါတွေထမ်းဆိုတာ တခြား မဟုတ်ပါဘူး၊ ဒီ-ခန္ဓာကြီးထဲမှာ ဘယ်အခါကာလမှ အနာ မကင်းဘူးဆိုတာ သိတော့ ဒီအနာတွေနဲ့ ထမ်းပြီးသကာလ ခင်ဗျားတို့ မြို့ထဲ ရွာထဲ လည်နေတာဘဲဆိုရင်လဲ အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)။

ဝိပါကဝဋ်ကောင်ကြီးကို ခင်ဗျားတို့ ဝိပါကဝဋ်ကောင်ကြီး အတွက် ဘယ်လောက်ထိအောင် ဝဋ်သင့်နေသတုံး ဆိုရင်ဖြင့် ဟိုအိမ်မှာ ရစရာရှိရင် သွားတောင်းပြီး သူ့ကျွေးရ၊ ဒီအိမ်မှာ ရစရာရှိရင်လဲ သွားတောင်းပြီး သူ့ကျွေးရဆိုတော့ ဩော်- တောင်းခံပြီး ကျွေးနေရတယ်....(မှန်ပါဘုရား)။ ခင်ဗျားတို့က တော့ ကိုယ့်လုပ်စာနဲ့ ကိုယ်ရှာရတယ်လို့ ထင်ရတယ်။

မဟုတ်ပါဘူး၊ တောင်းစားနေရတယ်....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)၊ တောင်းစားပြီးသကာလ ဝဋ်ကောင်ကြီးကို ကြီးပွားအောင် လုပ်မနေရဘူးလား....(လုပ်ရပါတယ်ဘုရား)။

ကဲ....ဒကာ-ဒကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ရ-ထားတာက တောင်းစားတဲ့ဘဝမျိုးလဲ ကြုံပြန်၊ အနာတွေ အပြည့်အစုံနဲ့ ခန္ဓာကြီး ရ-ထားတာကစုံပြန်၊ ထမ်းပိုးပြီးသကာလ လည်ရတာလဲ လူပုံအလယ်မှာ၊ မလည်ရဘူးလား.... ( လည်ရပါတယ်ဘုရား)။

လည်ရတော့ ကံကောင်း အကြောင်းသင့်လို့ တောင်းစားနေရတာလား....အနာတွေ ဖက်နေရတာလားလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့က ခွေးနာ လယ်ပတ်ကြီးမြင်မှ ဝဋ်ခွေးကြီးလို့ထင်တယ်....(မှန်ပါဘုရား)၊ မဟုတ်ပါဘူး၊ ကိုယ်လဲ ဒီလိုလည်နေတယ်....မှတ်ပါ)၊ ရိပ်မိကြပလား....(တင်ပါ)။

ကောင်းပြီ—ဒါဖြင့် ဒကာ-ဒကာမတို့သည် ယခုအနေ ဝဋ်ကျွတ်ပလားလို့ မေးတယ်... (မကျွတ်သေးပါဘုရား)၊ မကျွတ်သေးဘူး၊ ဝိပါကဝဋ်၏ အရှိန်အစော် အာနုဘော်ကော ကျွတ်ပလား....(မကျွတ်သေးပါဘုရား)။ ဝိပါကအကျိုးပေးထားတဲ့ ဝဋ်ကော....(မကျွတ်သေးပါဘူးဘုရား)။

ဘယ်တော့ကျွတ်မှာတုံးလို့ မေးတဲ့အခါကြတော့ ဝဋ်ကို ဖြတ်နိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသရွေ့ ကာလပတ်လုံး ဘယ်တော့မှမကျွတ်ဘူး(မှန်ပါ)၊ သဘောကျပလား (မှန်ပါ)။

ဝဋ်ကို ကျွတ်ချင်တဲ့ပုဂ္ဂိုလ်သည် ဝဋ်ကိုကျွတ်စေတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသရွေ့ ကာလပတ်လုံး ဘယ်အခါကာလမှ ဦးချစ်ခ ကျွတ်လိမ့်မယ်လို့ မအောက်မေ့ပါနဲ့....( မှန်ပါ )။

ဒါဖြင့် အခု ကိုယ့်ဝဋ်ကိုယ် သိပြီလား....(သိပါပြီဘုရား)။ ကိုယ်ဝဋ်ကိုယ် သိပြီနော်။ ကံ-က စီမံသလို ခံရတော့ ရောဂါ အမျိုးစုံပေါက်လာပြီးကံနာ၊ ဝဋ်နာ၊ ကံနာသင့်လိုက်တယ်၊မသင့် ပေဘူးလား....(သင့်ပါတယ်ဘုရား)၊ အဲဒီတော့ ကံ-စီမံသလို ခံမနေရဘူးလား....( ခံနေရပါတယ်ဘုရား )၊ ကိလေသာ စီမံ သလိုကော....(ခံနေရပါတယ်ဘုရား)။

အင်း—ကိလေသာက အဝိဇ္ဇာမို့တဏှာကခိုင်းလိုက်၊စီမံလိုက် ပြုလိုက်ပြန်လို့ရှိရင်လဲ ဒီ-ရုပ်နာမ်ခန္ဓာကြီးဟာ ပထမ၊မကြွဘဲနဲ့ နေ့လို့မဖြစ်ဘူး၊ မသွားမလာဘဲနေလို့မဖြစ်ဘူး၊ ကိလေသာက စီမံလဲ ကိလေသာတန်ခိုးအရှိန်အစော် အာနုဘော်ကို တော်လှန် ပြီးသကာလ သူက မသွားနိုင်ဘူး....(မှန်ပါဘုရား)၊ ကိလေသာ ခိုင်းစေရာကော....(လုပ်ရပါမယ်ဘုရား)။

လုပ်ရတော့ ဩော်....သူသည်ကား ကျွန်ဝဋ်ကောင်(မှန်ပါ ဘုရား)။ အဲဒီ-သုံးပါးက တပါးပါးက စီမံလိုက်ပြန်ကော ခံရ ဒါဘဲ။

ဒါဖြင့်-ကျွန်ဝဋ်ကောင်ပေါ့၊ သူက တော်လှန်ပြီး ကျုပ် မလုပ်ခြင်ဘူးလို့ ကျုပ်-ဒီအဖြစ်မျိုး မကြိုက်ချင်ဘူး၊ သူက ငြင်း ဆန်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါသလား.... ( မရှိပါဘုရား )။

မရှိတော့ ခင်ဗျားတို့ဘာတွေတုံးလို့မေးလို့ရှိရင်ဖြင့် ဝဋ်မကျွတ်သေးတဲ့ပုဂ္ဂိုလ်တွေ ရှင်းပြီလား....(ရှင်းပါတယ်ဘုရား)၊ဩော်— ဒါဖြင့် ဝဋ်မကျွတ်သေးတော့ ကိုယ့်ဝဋ်ကျွတ်ကြောင်း တရားရပါပြီလားလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဝဋ်ကျွတ်ကြောင်းတရားက မရသေးလို့။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတွေ ကိုယ့်အဖြစ်ကိုသိပြီလား (သိပါပြီဘုရား)၊ အခု ဘယ်အထဲရောက်နေ....(ဝိပါကဝဋ်ထဲပါဘုရား)၊ ဝိပါကဝဋ်ထဲရောက်နေတယ်။ အဲဒီတော့ ခင်ဗျားတို့သူများကို ကဲ့ရဲ့သဂြိုဟ် စကားတင်း မဆိုလိုက်ပါနဲ့။ ကိုယ်မှဝဋ်မကျွတ်သေးဘဲမဟုတ်လား....(မှန်ပါဘုရား) မျက်စိတဘက်မပါဘဲ့လူ၊ လက်တဘက် မပါတဲ့လူကျတော့ကို သနားစရာကောင်းလိုက်တာ ဝဋ်ကောင်လေးဆိုရင် မင်းကိုမေးရင် ဘယ့်နှယ် ဖြေမလဲ....(ဝဋ်ကောင်ကြီးပါဘုရား)။

ဟိုက ဝဋ်ကောင်လေးဆိုရင် ဒီက ဝဋ်ကောင်ကြီးဆိုရုံဘဲရှိမှာဘဲ၊ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊ ဒကာ-ဒကာမတွေကဘာဆိုကြမလဲ....(ဝဋ်ကောင်ကြီးပါဘုရား)။

ဒီ-ဝဋ်ကောင်ကြီးသည်ကားလို့ဆိုလို့ရှိရင် ဘာတွေထမ်းပြီးသကာလ နေရသတုံးဆိုတော့၊ အို့၊နာ့၊သေ၊ အိုတတ်၊နာတတ်၊သေတတ်တဲ့အထည်ကြီးထမ်းပြီးနေရတယ်၊သဘောကျပလား? (သဘောကျပါတယ်ဘုရား)။

အိုတတ်၊နာတတ်၊သေတတ်တဲ့အထည်ကြီး ထမ်းပြီးသကာလဟိုမြို့သွားလိုက် ဒီမြို့သွားလိုက်၊ ဒီမြို့ထဲတွင် လျှောက်လည်ပြီးသကာလ သွားလိုက်၊ ခင်ဗျားတို့ သမ္မာဒိဋ္ဌိမျက်လုံး အမှန်

အကန်နဲ့ တိုက်ကြည့်မယ် ဆိုလို့ ရှိရင်ဖြင့် ဒီကောင်ကြီးနဲ့ ရှောက်လည်နေရတာအရှက်ကွဲလည်နေတာနဲ့ လဲတူတယ်(မှန်လှ ပါဘုရား)။ အရိယာမျက်လုံးနဲ့ တပ်ကြည့်မယ်ဆိုရင် ခင်ဗျားတို့ ဘယ်အဆင့်နဲ့ လည်နေတာတုံး (အရှက်ကွဲနဲ့ လည်နေပါတယ် ဘုရား)။

ဒါ–ကိုယ့်ကိုယ်ကို အရှက်ခွဲ လည်နေတယ်ဟုတ်ဘူးလား.... (မှန်ပါ)။ ဟိုအိမ်သွားလိုက်,ပြန်လို့ ရှိရင်လဲ ဟိုအိမ်မှာဘဲ အနာ ပေါက်ပြီးသကာလ ဟိုအိမ်မှာဘဲ ကျင်ကြီး-ကျင်ငယ်အစရှိသည် တို့ကိုစွန့်ခဲ့ရ၊အိမ်မှာလဲ ကုလားထိုင်တွေနဲ့ မှီပြီး ထိုင်ခဲ့ရတာဟာ ကောင်းကောင်းနေလို့ မရလို့ပေါ့ဗျာ (မှန်လှပါဘုရား)။

ဒီမလဲ အနာပေါက်ပြီး ကျင်ကြီး-ကျင်ငယ်စွန့်ရ မပြော တော့ပါဘူးဗျာ၊ ဝဋ်ကောင်မှန်းသိနေတဲ့ဥစ္စာ၊ ရိပ်မိကြပလား ဒကာ-ဒကာမတို့၊ ခင်ဗျားတို့ရနေတဲ့ ဝဋ်သည် ဘယ်နေရာမှာ စိတ်တိုင်းကျ ကိုယ်တိုင်းကျ နေလို့ရပါသတုံး....(ဘယ်နေရာမှ မရပါဘုရား)။

ဘာကြောင့် မရတာလဲ....( ဝဋ်ကောင်မို့ပါဘုရား )၊ ဝဋ် ကောင်မို့ ဝဋ်မကျွတ်သေးတော့ ဝဋ်ရှိသလိုခံပေါ့....(မှန်ပါ)၊ ဝဋ်ရှိသလို ခံရတယ်ဆိုတော့ ဦးချစ်ခ,,ဘယ်လောက်ကြာရှည် ခံရမှာတုံးဘုရား—လို့ မေးလို့ရှိရင်ဖြင့် ဟောဒီ ကိလေသဝဋ် မချုပ်သရွေ့ဒီ-ကမ္မဝဋ်မချုပ်သရွေ့ခံရမယ်။သဘောကျပြီလား (ကျပါပြီဘုရား)။

ကောင်းပြီ ခင်ဗျားတို့က ဩော်—ဒါဖြင့် ဒီဝဋ်ဖြတ်မှဘဲ၊ ဒီဝဋ်ဖြတ်ရင် ဒီဝဋ်ပြတ်မှာဘဲ၊ဒါမှသာလျှင်ဒီ ဝဋ်ကျွတ်မှာဘဲဆို

တာတော့မသေချာဘူးလား(သေချာပါတယ်ဘုရား)၊ သေချာ ပါတယ်၊ကိလေသဝဋ် ကုန်မှ ကမ္မဝဋ်ကုန်မှာကို ကမ္မဝဋ်ကုန်မှ ဝိပါကဝဋ်ကျွတ်မှာ၊ ဝဋ်ကျွတ်မယ် ဆိုတော့ ဩော်–ဒို့ကလဲ ဒီကံတွေဘဲအခုလုပ်တယ်။

ဒီ-ကိလေသဝဋ်ကလဲ ခန္ဓာထဲပေါက်ပွား(မှန်လှပါ)၊ပေါက် ပွားတော့ ရှင်းပလား....(ရှင်းပါပြီဘုရား)။သို့သော် ခင်ဗျားတို့ ဒီလောက်နဲ့တော့ မရှင်းသေးပါဘူး၊ ရှင်းနိုင်သရွေ့ ရှင်းပြပါ အုံးမယ်၊ ဒီလောက်နဲ့တော့ မရသေးဘူး၊ ဉီးကံမြင့်ရဲ့.... (မှန်လှပါ) ရှင်းပြရမယ်။ ခင်ဗျားတို့ အခု လူ့ဘဝ ရုပ် နာမ် ရနေကြတယ်။

ရုပ် နာမ် ရတော့ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေက အစ, လောဘဇောဆိုတာက၊ ကိုတွန်းဉီး....လာပြီ (မှန်ပါ)၊ ဟင်– တံခါတည်း ပါမလာဘူးလား....(ပါလာပါတယ်ဘုရား) ပါ လာတော့ လောဘဇောဆိုတာသည် သူနဲ့ သဟဇာတဖြစ်တဲ့ အဝိဇ္ဇာနဲ့မတွဲဘူးလား....(တွဲပါတယ်ဘုရား)။ တွဲတော့သူတို့က အမိဝမ်းခေါင်းထဲရောက်လို့ ခဏလေး တစက္ကန့်လောက်နေရင် ကိလေသဝဋ်ရောက်တယ်၊ သဘောကျပလား....(မှန်ပါ)။

အဲဒီတော့ နဂိုလာတာက ကိလေသဝဋ်ကြောင့် ဘာဖြစ် သတုံး....(ကမ္မဝဋ်ပါဘုရား)၊ ကမ္မဝဋ်။ ကမ္မဝဋ်ကြောင့်ကော ( ဝိပါကဝဋ်ပါ ဘုရား )၊ ဝိပါကဝဋ်ဆိုရင် ဝိပါကဝဋ်ထဲမှာ တစက္ကန့်လောက် အမိဝမ်းခေါင်းထဲ ကလလရေကြည် ဖျတ်ကနဲ တည်ကာရှိသေးတယ်။ ကိလေသဝဋ် နှစ်ခု ရောက်လာတယ်၊ မရောက်သေးဘူးလား...(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဝိပါကဝဋ်ထဲက ဘာပေါက်ပွား သတုံးလို့မေးပါ....(ကိလေသဝဋ် ပေါက်ပွားပါတယ်ဘုရား)။ ဒကာ-ဒကာမတို့ခန္ဓာရုပ်နာမ်မရဘူးလား ရမှာလား....(ရမှာပါ ဘုရား)၊ ရောဂါဝေဒနာတွေကတော့ ဝိပါကဝဋ်ထဲမှာ မပေါက် ပွားဘူလား.... ( ပေါက်ပွား ပါတယ်ဘုရား )၊ ပေါက်ပွားပုံ ရှင်းပြမယ်....။

ဒီရုပ်နာမ် ဆိုတာက လူထဲမှာလဲ၊ မင်းသည်ကားလို့ဆိုရင် စီးပွားဥစ္စာရတနာအားဖြင့် ဖြစ်စေ၊ အမျိုးအားဖြင့် ဖြစ်စေ၊ ရုပ်ရေရူပကာယအားဖြင့်ဖြစ်စေ၊ မင်းအညံ့စားရှိသေးတယ်လို့ အဝိဇ္ဇာက တရားဟောတယ်။

တဏှာက ဒီထက်ကောင်းတာ ရချင်တယ်ဆိုတဲ့ဥစ္စာလာတယ် (မှန်ပါဘုရား)၊ မလာဘူးလား....(လာပါတယ်ဘုရား)၊ လာ တော့ အမိဝမ်းခေါင်းထဲကဘဲ သူ-တရား စ ဟောလာလိုက်တာ အပြင်ဘက် ကျလာတော့လဲ သူကို့နှစ်ခုက ဟောလျက်ဘဲ.... (တင်ပါ)။

မင်းဟာ သူများကို ကြည့်၊ သူများ တိုက်ဘယ်နှစ်လုံးနဲ့ နေရတယ်၊ တိုက်ဘယ်နှစ်ထပ်နဲ့ ကားဘယ်နှစ်စီးနဲ့ နေရတယ်၊ မင်းဖြစ်ထွေက နဲနဲညံ့နေသေးတယ်။ ဒီတော့-မင်းဖြစ်ထွေက ညံ့သေးတယ်လို့ဆိုတာက မိစ္ဆာဉာဏ် အဝိဇ္ဇာကဟောတာ.... (တင်ပါ)၊ သဘောကျပလား?။

ဒါဖြင့် သူတို့လိုကြီးပွားအောင် ကျုပ်တို့လုပ်ရမယ်ဆိုတော့ အဝိဇ္ဇာသာမက တဏှာပါ မပေါက်ပွားဘူးလား၊ ပေါက်ပွား သလား (ပေါက်ပွားပါတယ်ဘုရား)၊ပေါက်ပွားတော့ခင်ဗျား

တို့ ဘာလုပ်ကြမလဲ မေးတဲ့အခါကြတော့ အရှင်ဘုရား— ကာယကံ, ဝစီကံ, မနောကံနဲ့ ကြိုးစားလိုက်ရလို့ရှိရင် ဘယ်မရဘဲနေမတုံး၊ လာပြီ ကမ္မဝဋ်က (မှန်ပါ)၊ ကံတွေမလုပ်ပေဘူးလား၊ လုပ်မလား....(လုပ်ပါတယ်ဘုရား)။

အခုလောကမှာ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဆိုတဲ့ ကံတွေ လုပ်မှာလား၊ မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။ ကာယကံ, ဝစီကံ, မနောကံတွေလုပ်တဲ့အခါကျလို့ရှိရင် ဒီမှာကမ္မဝဋ် လာဖြစ်ထိုက်, မဖြစ်ထိုက်(ဖြစ်ထိုက်ပါတယ်ဘုရား)၊ ကမ္မဝဋ်လာလို့ရှိရင် ဒီမှာ စုတေမနေ သေလွန်လျှင် ဝိပါကဝဋ်ဆိုတဲ့ ရုပ်နာမ် ခုနင်ကထက်ကြီးတဲ့ရုပ်နာမ်ပေါ်မယ်၊ မပေါ်ဘူးလား ပေါ်မလား....(ပေါ်မှာပါဘုရား)။ တပတ်ရပြီလား....(ရပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဝိပါကဝဋ်ထဲမှာ ကိလေသဝဋ် ပေါက်ပွားသောကြောင့် ယခုအချိန်မှာ ခင်ဗျားတို့ ကိလေသဝဋ် ပေါက်ပွားတုံးဘဲ (တင်ပါ)။ အင်း—ဘယ်အထဲကပေါက်ပွားတာတုံး (ဝိပါကဝဋ်ထဲကပါဘုရား)။ ဝိပါကဝဋ်က ရုပ်နာမ်၊ (မှန်ပါ)။ တခါထဲ လူချင်းတူတူ သူချင်းမျှမျှ ဖြစ်ချင်တာ၊ နတ်ချင်းတူတူ နတ်ချင်းမျှမျှ ဖြစ်ချင်တာဆိုတော့ ခုနင်က ကံတွေ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

လုပ်တဲ့အခါ ဒီထဲကအဝိဇ္ဇာနဲ့ တဏှာက တရားဟောလိုက်တဲ့အခါကျတော့ ဒီကံတွေလုပ်ဖြစ်မှာဘဲ(မှန်ပါ )၊ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ တခုခုပေါ့ဗျာ၊ မလုပ်ပေဘူးလား....(တင်ပါ)။ ဒါဖြင့် ကိလေသဝဋ်ထဲ ဘာပါသွားသတုံး (ကမ္မဝဋ်ပါဘုရား)။

အဲ....ကိလေသဝဋ်ထဲက နေပြီး ကမ္မဝဋ် လုပ်ပြန်တော့ ဒီရောက်ပြန်တာဘဲ၊ (မှန်ပါ)။ ဒါဖြင့် ဝိပါကဝဋ်ထဲမှာ ကိလေသ ဝဋ် ပေါ်ပွားတယ်....(မှန်ပါ)။ ကိလေသဝဋ် ပေါက်ပွားခြင်း ကြောင့် ကမ္မဝဋ်လုပ်ဖြစ်တယ်။ ကမ္မဝဋ် လုပ်ဖြစ်သောကြောင့် ဝိပါကဝဋ်ကကော၊ နောက်ဘဝ မလာဘူးလား, လာမှာလား၊ (လာမှာပါဘုရား)။ လာရင် ဘယ်သူရောက်မယ် ထင်သလဲ ? (ကိလေသဝဋ်ပါဘုရား)။ ကိလေသဝဋ် ဒီအထဲက ပေါက်ပွား အုံးမှာဘဲ။ သဘောကြပလား....(မှန်ပါ)။

အဲဒီတော့ ကမ္မဝဋ်ဖြစ်နိုင် မဖြစ်နိုင် (ဖြစ်နိုင်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့သည် ထွက်ပေါက်ရှိသလား၊ အဝိုင်းပြေးနေ သလား ? သာ မေးလိုက်.... (အဝိုင်း ပြေးနေပါတယ်ဘုရား)၊ တသံသရာလုံး ဒီအဝိုင်း ပြေး ပြေးနေတယ်။

ဒါ—ဒကာ-ဒကာမတွေ ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား)။ တသံသရာလုံး ဘာလုပ်လာကြသတုံး (အဝိုင်း ပြေးလာကြပါ တယ်ဘုရား)။ ဩြ—ဖြစ်ချက်နှယ် ဆိုးလိုက်တာ၊ ဦးချစ်ခ.... (မှန်ပါ)၊ ဒကာသောင် မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘယ်လိုနေခဲ့ကြရသတုံးဗျ (အဝိုင်းပြေးနေခဲ့ကြရ ပါတယ်ဘုရား)။ အဝိုင်းပြေး ပြေးနေခဲ့တော့ နားခွင့်ပါသေး သလားလို့ မေးကြည့် .. (မပါ ပါဘုရား)၊ မပါဘူးတဲ့ ဝိပါက ဝဋ်ထဲမှာဘဲ၊ ကိလေသဝဋ်က ပေါက်ပွားတော့ ကမ္မဝဋ် ဆက် လုပ်....(တင်ပါ)၊ ကမ္မဝဋ်ဆက်လုပ်တော့ ဝိပါကဝဋ်ဆိုတဲ့ ရုပ် နာမ် မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်သည်နှင့်တပြိုင်နက်ထဲ ကိလေသဝဋ်က အရင်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ရောက်သည်နှင့် တပြိုင်နက်တည်း ကမ္မဝဋ်၊ဒီဘက်လှည့်မလာဘူးလား(လာပါတယ်ဘုရား)၊ ကမ္မဝဋ် လာရင် ဒီဘက်က ဝိပါကဝဋ်ရော....(ပေါ်ပါတယ်ဘုရား)။ ပေါ်ရင် သူ့အထဲဘယ်သူပေါက်ပွားမှတုံး(ကိလေသဝဋ်ပါဘုရား)။

ကိလေသဝဋ်နှစ်ပါး လာအုံးမှာဘဲ၊ ကိလေသဝဋ် နှစ်ပါးလာလို့ရှိရင် သူဘာတွေလုပ်မယ်ထင်သတုံး(ကမ္မဝဋ်ပါဘုရား) ကမ္မဝဋ်လုပ်ပြန်တော့ ကံသုံးပါး ပေါ်အုံးမှာဘဲ။ ကံသုံးပါးလာလို့ရှိရင်ဖြင့် ဒီ-ဝိပါကဝဋ် ရုပ်နာမ်ဟာ.... (ပေါ်ပါတယ်ဘုရား)။ ပေါ်ရင် ဒီအထဲက ဘာပေါက်ပွားမလဲ....(ကိလေသဝဋ်ပါဘုရား)၊ ကိလေသဝဋ် ပေါက်ပွားလို့ရှိရင် ဒီဘက်ဘာဖြစ်မှာတုံး (ကမ္မဝဋ်ဖြစ်မှာပါဘုရား)၊ ဘယ်တော့ဆုံးအုံးမှာတုံး (မဆုံးပါဘုရား)၊ ရှင်းပလား ?။ ဒါ-တသံသရာလုံးနေခဲ့ရတာ ဘုရားအစရှာမတွေ့ဘူး။

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော
ပုဗ္ဗကောဋိ နပညာယတိ။

ဘိက္ခဝေ၊ ငါ၏ချစ်သား တပည့်များတို့။ အယံသံသာရော၊ ဤပဋိသန္ဓေ အို-နာ-သေရေး ဘေးအတန်တန် ရန်အဝဝဆိုတဲ့ သံသရာကြီး၏။ ပုဗ္ဗကောဋိ၊ အစကလေးကို။ နပညာယတိ၊ မမြင်နိုင်ဘူးကွ။ ဝိုင်းနေလို့ မမြင်တာ....(မှန်လှပါ)၊ ရိပ်မိကြပလား ?။

လူတယောက်၏ အစမြင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)၊ ဘာပြုလို့တုံး (ဝိုင်းလို့ပါ ဘုရား)၊ ဝိုင်းနေတဲ့ဥစ္စာဆိုတော့ ကြက်ဥဟာ ဝိုင်းမနေတာတောင်မှ အစရှာမတွေ့ဘဲနဲ့ တကယ် အလုံးဝိုင်းနေတာကျတော့ ဘယ့်နှယ်လုပ်ရှာကြမလဲ....(မှန်ပါ) ဟင်—အစရှာမတွေ့တော့ တကယ်လုံးဝိုင်းနေတာသည် အစရှာ တွေ့စရာ အကြောင်းရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် အခုကိုယ့်ဟာကိုယ် ဝိုင်းကြောင်းကို ဆရာသမားက ပြောလို့ ခင်ဗျားတို့ သေသေချာချာသိပါပြီ၊ ဒီ-အဝိုင်းဇာတ် ကိုဖြင့် ယခုအခါမှာ သတ်ရင်သတ်, မသတ်ရင် ဒီ-အဝိုင်းဇာတ် သိမ်းဘို့မမြင်ဘူး၊(မှန်ပါ)၊ ရှင်းကြပြီလား(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာဘာတုံး၊ဒီဝဋ္ဋသုံးပါးကျွတ်တဲ့နေရာကွ (မှန်ပါ) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(ဒီ-ဝဋ္ဋသုံးပါး ကျွတ်တဲ့ နေရာပါဘုရား)၊ ဒါဖြင့်-ဝဋ္ဋလည်မှန်းသိမှ ဝဋ္ဋကျွတ်ချင်မှာပေါ့ ဝဋ္ဋလည်မှန်းမသိရင် ဝဋ္ဋမကျွတ်ချင်ဘူးဆိုတာ ပေါ်ကြပြီလား၊ (မှန်ပါ)။ ဩော် ဒါဖြင့် နိဗ္ဗာန်သည်ကား ဆိုလို့ရှိရင်ဖြင့် ရုပ် နာမ်ရှိနေရင်လဲ နိဗ္ဗာန်မဟုတ်ဘူး၊ ဝိပါကဝဋ္ဋ ဖြစ်နေတာ.... (မှန်ပါ)။

ကုသိုလ်ကံ, အကုသိုလ်ကံ, အရူပကံတွေရှိနေရင်လဲ နိဗ္ဗာန် မဟုတ်ဘူး၊ (မှန်ပါ)၊ ကမ္မဝဋ္ဋဖြစ်နေတာ၊ အဝိဇ္ဇာနဲ့ တဏှာ ရှိနေပြန်တော့ကော(ကိလေသဝဋ္ဋပါဘုရား)၊ဒါဖြင့်ဝဋ္ဋကျွတ်ရာ ဌာနမှာ ရုပ်နာမ်ရှိသလား-မရှိသလားလို့ မေးဘို့ မလိုတော့ဘူး (မှန်ပါ)၊လိုသေးသလား....(မလိုတော့ပါဘုရား)။

ရုပ်-ရှိရှိ နာမ်-ရှိရှိ အတွဲရှိရှိ (မှန်ပါ)၊ ဘာဝဋ်ဆိုကြမလဲ.... (ဝိပါကဝဋ်ပါဘုရား)။ ဒါဖြင့်-နိဗ္ဗာန်သည် ဝဋ်ကျွတ်ရာဌာန ဆိုသဖြင့် ဒီ-ကံ၏စွမ်းရည်သတ္တိလဲ မရှိတဲ့နေရာ၊ ကိလေသာ၏ စွမ်းရည်သတ္တိနဲ့လဲ မထိခိုက်တဲ့နေရာ၊(မှန်ပါ)၊ ဝိပါကဝဋ်နဲ့လဲ မဆက်သွယ်တဲ့ နေရာ....(မှန်လှပါ)၊ ရှင်းပြီလား....(ရှင်းပါပြီ ဘုရား)။

နိဗ္ဗာန်သည်ကားလို့ဆိုရင် ဝဋ်သုံးပါးနဲ့ ဆက်သွယ်သေး သလားလို့မေးရင် ဒကာ-ဒကာမတို့ ဘယ့်နှယ် ဖြေမလဲ.... (မဆက်သွယ်ပါဘုရား)၊ဒါဖြင့်-အစိုင်းပြေးက ဒီကြမှလွတ်မယ် (မှန်ပါ)။

အဲ—ဒါဖြင့် ကျုပ်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး ဆိုတဲ့အဓိပ္ပါယ် ယနေ့ပေါ်ပြီလား(ပေါ်ပါပြီဘုရား)၊ ဘယ်လို နေခဲ့ရသလဲ....(အစိုင်းပြေးပါဘုရား)၊ အစိုင်းပြေးကိလေသဝဋ် ပြီးတော့ ဘယ်ထွက်ကြရတုံး (ကမ္မဝဋ်ပါဘုရား)၊ ကမ္မဝဋ် ပြီးတော့ကော.... (ဝိပါကဝဋ်ပါဘုရား)၊ ဝိပါကဝဋ်ထဲ ဘာ ပေါက်ပွားတုံး.... (ကိလေသဝဋ်ပါ ဘုရား)၊ ကိလေသဝဋ် ပေါက်ပွားတော့၊ ကိလေသဝဋ်က ဘာလုပ်ပြန်တုံး(ကမ္မဝဋ်ပါ ဘုရား)။

ကမ္မဝဋ် လုပ်ပြန်တော့ ဘာတွေရပြန်တုံး (ဝိပါကဝဋ်ပါ ဘုရား)၊ ဝိပါကဝဋ်ထဲ ဘာပေါက်ပွားပြန်တုံး (ကိလေသဝဋ် ပါဘုရား)။

ကိုင်း....တညလုံးဖြေ ဒီအတိုင်းဘဲ ဝိုင်းနေမှာဘဲ၊ ရိပ်မိကြ ပြီလား ? ဒကာ-ဒကာမတို့....(မှန်လှပါ)၊ ဘယ်လောက်လိမ်နေ

သလဲဗျာ၊ " အဝိဇ္ဇာ နိဝ ၊ရ ဏာနံ တဏှာ သံယောဇနာနံ " တဲ့၊ တဏှာတို့၏ စွမ်းရည်သတ္တိကြောင့် ဘုရားပွင့်လာလို့ သူသိတာကြောင့်၊ ဩော်–ဒီဝဋ်ရှည်လည်တာကွာ ငါ-အစမသိဘူးဆိုပေမဲ့လဲ သတ္တဝါအစသာမသိတာပါ၊ သတ္တဝါဖြစ်ကြောင်း အစတော့ ငါ-သိပါတယ်။ ရှင်းပြီလား ...(မှန်လှပါ)။

သတ္တဝါအစတော့ ငါမသိဘူး၊ သတ္တဝါဖြစ်ကြောင်း အစတော့ သိတယ်။ ဒါဖြင့် အထည်ကို ငါမသိဘူး....(မှန်ပါ)၊ အကြောင်းတော့ သိပါတယ်။ ဒါဖြင့်-ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတို့၏ အစကို မသိဘူးဆိုတဲ့ဥစ္စာ အထည်အစကို မသိတာ.... ဖြစ်ကြောင်း အစတော့သိပါတယ်။

အဲဒါကို စိတ်ထဲမှာ လေးလေးနက်နက် မှတ်ထားရမယ်.... (မှန်ပါ)။ ဘုရားက သတ္တဝါတဦးတယောက် အစကိုမသိဘူးလို့ ဒီလိုမယူလိုက်နဲ့၊ သဘောကျပြီလား....(မှန်ပါ)။

အတိတ်အစကိုတော့ ပြောလို့မဆုံးလို့ မပြောတော့ဘူး၊ အထည်အစ ဘယ်ဘဝက ဘယ်ဘဝ၊ ဘယ်ရုပ်နာမ်က ဘယ်ရုပ်နာမ်သို့ ဒီလိုသာ ဝေဘန်နေမယ်ဆိုလို့ရှိရင် ဒကာ-ဒကာမတွေ ဆုံးပါအုံးမလား....(မဆုံးပါဘုရား)။

ဘုရားဖြစ်တဲ့နေ့က စပြီး၊ ဦးချစ်ခရဲ့ ဖြစ်စဉ်ကို နောက်ဆုတ်ဟောလျှင် ဘယ်ဘဝက တက်လာတယ်၊ နောက်-ဘယ်ဘဝက တက်သွားမယ်၊ ဘုရားပရိနိဗ္ဗာန်စံသည်အထိ ဟောတောင်မကုန်ဘူး တဲ့၊ ဘယ်လောက် သူ့အဝိုင်းပြေးနေတယ်ဆိုတာ ဟုတ်ပြီလား....(မှန်ပါ)။

သို့သော်လဲ အထည်နဲ့ ဟောလို့ရှိရင်တော့ မကုန်ဘူးကွ၊ ပရမတ်နဲ့ပြောရမယ်ဆိုတော့ အဝိဇ္ဇာတဏှာက စ တာဘဲ.... (မှန်ပါ)။ ရှင်းပြီလား....(ရှင်းပါပြီဘုရား)အထည်နဲ့ပြောလို့ ရှိရင်ဖြင့် မကုန်နိုင်ဘူး၊သဘောကျပလား?၊အထည်နဲ့ပြောရင် ဘာတုံး....(မကုန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှင်းဘို့ လင်းဘို့ အချိန်ရောက်-မရောက် (ရောက်ပါပြီဘုရား)၊ ရောက်လို့ရှိရင်ဖြင့် နိဗ္ဗာန်ကိုသဘောကျ ရမယ်။ ကိုယ်နေခဲ့ရတဲ့ အရိုးတောင်လိုပုံခဲ့တာချည်း သဘော ကျလို့ရှိရင်ဖြင့် ဩော်—ဒီအဝိုင်းပြေးကြောင့် အရိုးပုံရတာဘဲ ဆိုပြီးသကာလ အရိုးတို့၏ ချရာလွတ်တဲ့နေရာ၊အရိုးမရှိတဲ့နေရာ သံသရာကြီး အဝိုင်းပြေးမှ လွတ်တဲ့နေရာကိုဖြင့် သွားမှဘဲဆိုတဲ့ ဥစ္စာ ခင်ဗျားတို့သည် အဝိုင်းပြေး-ပြေးနေတဲ့ပုဂ္ဂိုလ်က မောမှန်း သိရင် အမော ငြိမ်းရာကို သွားချင်တယ် ဟုတ်ဘူးလား.... (မှန်ပါ)၊ နို့မို့လို့ရှိရင်ဖြင့် မောတာမှ မောမှန်းမသိသေးလို့ ရှိရင် ပြေးကောင်းတုန်းပေါ့၊ ရိပ်မိကြပြီလား.... (ရိပ်မိပါပြီ ဘုရား)။

ဩော်—ဒီလိုပြေးနေရတာကို ဉာဏ်နဲ့ ကြည့်လိုက်တော့ ဘယ်အခါကာလမှ ဒီစခန်းနဲ့ ဒီလမ်း ချပ်ခဲ့ရတယ်လို့ ရှိသေး ရဲ့လား ...(မရှိပါဘုရား)၊ မရှိဘူး—တဲ့။ ခင်ဗျားတို့ စဉ်းစား ကြည့်စမ်းပါ။

ဒီမှာ ကြမ်းပိုးတို့ သန်းတို့ သက်တမ်းဆိုလို့ရှိရင်ဖြင့် ခုနစ် ရက်စီဆိုတော့ဗျာ၊ ခုနစ်ရက် [ တပါတ် ] တကောင်ထဲ အဝိုင်း ပြေးတာ ဟုတ်လား?၊ ခင်ဗျားတို့လို အသက်ရှည်တဲ့ပုဂ္ဂိုလ်တွေ

ကျတော့လဲ ကျိုးကျိုး ကန်းကန်း လှည့်လိုက်တဲ့ဖြစ်ခြင်းသည် ကား ဆိုလို့ရှိရင် နဲသလား....(မနဲပါဘုရား) မနဲဘူး။

အသက်တိုတဲ့ ပုဂ္ဂိုလ်ကတော့ အလှည့်မြန်တာပေါ့ဗျာ.... (မှန်ပါ)၊ ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဝဋ်ကျွတ်ရာ ဌာန သိကြရဲ့လား....ဘာပါလိမ့် (နိရောဓသစ္စာပါဘုရား)။

ဒါကြောင့် - နိဿရဏဋ္ဌာ ဒုက္ခဝဋ်မှ ကျွတ်လွတ် ရသော အနက်သဘောသည်လည်းကောင်းဆိုတော့ နိဗ္ဗာန်ဟာ ဘယ်လို နေတာပါလိမ့်၊ နိဗ္ဗာန် ဆိုတာ ဝဋ်တွေ လုံးဝ မဆက်သွယ်ဘဲ သူ့ဟာသူ သီးသန့်နေဒါ၊နိဗ္ဗာန်ဟာ ဘယ်လိုနေ တာပါလိမ့်....(သီးသန့်နေတာပါဘုရား) သီးသန့်နေတယ်။

ဘယ်သူနဲ့ဆက်သွယ်သေးသလဲ....(ဘယ်သူနဲ့မှ မဆက်သွယ် ပါဘူးဘုရား)၊ အို—ဒါဖြင့် သီးသန့်နေတဲ့တရားရမှ ဝဋ်ကျွတ် သလို၊ သီးသန့်နေတဲ့ တရားအာရုံပြုနိုင်ရင်လဲ ခင်ဗျားတို့ ဝဋ် ကျွတ်တဲ့ ပုဗ္ဗနိမိတ်သေချာပြီ၊မသေချာသေးဘူးလား(သေချာ ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ယနေ့ညဟောရမှာက ဝဋ်ကျွတ်တဲ့နေရာဌာန၏ ကောင်းဒါကို ဟောရမယ် (မှန်ပါ)၊ ကောင်းတာကိုဟောရတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ သည်ဝဋ်အကြောင်း သိမှသာလျှင် ဒီဘက်က ကောင်းသကိုး ဆိုတာ သိမယ်။ ဝဋ်အကြောင်းမသိရင် ကောင်းတာလဲ မသိ ရပါဘူး၊ ဒီဘက်က နိရောဓကောင်းတယ်လို့ဆိုနိုင်ကြပါမလား၊ (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ နိဗ္ဗာန်မသိဘဲနဲ့ ခင်ဗျားတို့ လှူကြ, တန်းကြ, ပေးကြ, ကမ်းကြ, အားထုတ်ကြလို့ရှိရင်ဖြင့် သူများ ကောင်းတယ်ဆိုလို့ သာ ကိုယ်-ရချင်တာ၊ ဒီ-ဝဋ်ကြီး လိုချင်တာဘဲရှိမယ်....(မှန်ပါ)၊ တကယ်စင်စစ်တော့ ဒီဝဋ်ကြီး ကိုယ်ခံစားရတာ မြင်ပြီးသကာလ ကျွတ်ချင်တဲ့သဘောမျိုးနဲ့ တကယ် အပြေးသန်သန်နဲ့ နိဗ္ဗာန်ကြီး ပြေးချင်တာ ဟုတ်ပါ ရဲ့လား ?။

ဒါဖြင့် သိတဲ့ပုဂ္ဂိုလ်လှူတာနဲ့ မသိဘဲပုဂ္ဂိုလ်လှူတာ၊ သိတဲ့ ပုဂ္ဂိုလ် အားထုတ်တာနဲ့ မသိတဲ့ပုဂ္ဂိုလ် အားထုတ်တာဟာ အင်မတန် ကွာတယ်ဆိုတာ ပေါ်ပြီလား(ပေါ်ပါပြီဘုရား)။

သိတဲ့ပုဂ္ဂိုလ်က ဒီဝဋ်ကြီး ကိုယ်တိုင် ခံစားပြီးသကာလ လာခဲ့ရတော့ ကိလေသဝဋ်ဆိုတာလဲ သိကြ၊ ကမ္မဝဋ်ဆိုတာလဲ မဟုတ်တာတွေ လျှောက်ပြီးသကာလ ထင်ရာလုပ်နေကြတယ် မှတ်ပါ။

ထင်ရာဆိုတာ ဒုက္ခသစ္စာတွေ လျှောက်လုပ်နေတာ(မှန်ပါ) သဘောကျရဲ့လား....(မှန်ပါ)။ ဒုက္ခသစ္စာထဲ ဒုက္ခသစ္စာပိပိ နေတာမဟုတ်သေးဘူး။ ကိလေသာ အညှောင့်တွေပေါက်သေး တယ်....(မှန်ပါ)း ကောင်းသလားဗျာ(မကောင်းပါဘုရား ။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတို့ ဒီဘဝမှာ ဒီလိုသိရတယ် ဆိုလို့ရှိရင်ဖြင့် ဒါ-ဘုရားသာသနာကလဲရှိသေး၊ဘုရားကိုယ်စား လှယ်များကလဲ အမွေခံပြီး ဆက်ထားလို့ပေါ့ဗျာ၊ နို့မဟုတ် လို့ရှိရင် ဒီအကြောင်းနှစ်ခု ခင်ဗျားတို့ သာသနာပ ဆိုလို့ရှိရင် ဖြင့် ဘယ်သူမှမဟောနိုင်ဘူး....(မှန်ပါ)။

ဟောနိုင်ပါ့မလား.... (မဟောနိုင်ပါဘုရား)၊ ဗြဟ္မာကြီးတွေက ဟောနိုင်မယ် ထင်သလား.... (မဟောနိုင်ပါဘုရား)၊ မဟောနိုင်ဘူး၊ သူတို့ကိုက ဝဋ်ထဲပျော်တဲ့လူ၊ သဘောကျပြီလား၊ (ကျပါတယ်ဘုရား)။

ကဲ-ဒါဖြင့် အားလုံး ဒကာ-ဒကာမတို့ ဝဋ်သုံးပါးက လည်တတ်သလားလို့ မေးရင် ဘယ်နှယ်ပြောမယ်....(လည်တတ်ပါတယ် ဘုရား)၊ ဒါက ကိုယ်တိုင်ကို လည်တတ်တာလား.... (ကိုယ်တိုင်ကိုလည်တတ်ပါတယ်ဘုရား) ကိုယ်တိုင်လည်တတ်တာနော်။ ကိုယ်တိုင်လည်တတ်လို့ဘဲ မှုးနေလောက်ပြီ၊မမှုးလောက်ဘူးလား....(မှုးလောက်ပါပြီဘုရား)။

ကိုင်း....ခုအခါ ခင်ဗျားတို့ အမှုးလွန်နေတာ အားမရသေးလို့ နောက်တခါ ဝိပါကဝဋ်ထဲမှာ ခင်ဗျားတို့ ခု-တရားနာနေတဲ့ ရုပ်နာမ် ဒီအထဲကနေပြီးသကာလ ရောင်းကြ ဝယ်ကြ မသိသလို နေလိုက် ထိုင်လိုက်တာတွေလဲ မရှိဘူးလား(ရှိပါတယ်ဘုရား)။

မသိလို့ မသိစား မသိသွားတွေကော မရှိဘူးလား....(ရှိပါ့တယ်ဘုရား)၊မသိတာက အဝိဇ္ဇာ၊စားတာက တဏှာဟုတ်လား၊ မသိလုပ် ဆိုရင်ကော မသိတာက( အဝိဇ္ဇာ ) လုပ်မိတာက (တဏှာ)၊။

ဒါဖြင့် မသိစား-မသိသွား-မသိနေ၊ မသိထိုင်တွေက ဒီအထဲ ပေါက်ပွား နေတယ်.... ( မှန်ပါ )။ အတော် ခက်နေတယ်။ လည်တာကြာလှပြီ၊ လည်တာက ဘယ်လောက်ကြာခဲ့ပြီတုံး.... (ကြာပါပြီဘုရား)၊ ဟောဒီဘဝကော ခင်ဗျားတို့အလည်ရပ်ဘို့

အလုပ် လုပ်ပါ သလား လို့ မေးရလိမ့်မယ်....(မလုပ်သေးပါ ဘုရား)။ လည်တဲ့အလုပ်ဘဲ ကြိုးစားနေကြသလား ? မေးဘို့ မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

အဲဒါ–ခင်ဗျားတို့ကိုယ်တိုင်ဖြေ၊ ဘယ့်နှယ်ဖြေကြမလဲ.... (လည်နေဘာပါဘုရား)၊ ဖြစ်မှုဖြစ်ရလေခြင်း၊ အတော်ကို ဆိုး နေတာ၊ယီးတီးယားတားမှတ်မနေကြပါနဲ့ ဒကာ-ဒကာမတို့။

ဒီနေ့ တရားမှာနော် အခုလည်လို့ ဝိပါကဝဋ်မကျွတ်ခင်က ကိလေသဝဋ် ကပ်နေတယ်၊ရှင်းပြီလား....(ရှင်းပါတယ်ဘုရား)။ ဝိပါကဝဋ် ကျွတ်ပြီလား....(မကျွတ်သေးပါဘုရား)၊ မကျွတ် သေးတာချည်းဘဲ။

ဒီဘဝမှာ အသက်ငါးဆယ်ရှိတယ်၊ ခြောက်ဆယ်ရှိတယ်၊ သုံးဆယ်ရှိတယ်၊လေးဆယ်ရှိတယ်လို့ဆိုတာ ခင်ဗျားတို့ ဝိပါက ဝဋ်ထဲမှာနေတာ။ ဒီအထဲကနေပြီးသကာလ လည်ဘို့ကို အဆင် သင့် ပြင်ထားသလား? လို့မေးရင် ဘယ့်နှယ်ဖြေမလဲ....(ပြင် ထားပါတယ်ဘုရား)၊ ဘယ့်နှယ်ဖြစ်နေသလဲ။ ဟင်-တကယ့်ကို ဆိုးတာဗျာ၊ဦးလှ(တင်ပါ)၊ တကယ်ဆိုးတယ်ဆိုတာ ပေါ်ကြပြီ လား ? ဒကာ-ဒကာမတို့။

သြော်-ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အင်မတန်မှ ကြောက်စရာကောင်းနေပါပေါ့လား? ဆိုတဲ့ ဥစ္စာဟာ ကိုယ့် အဖြစ်ကို ကိုယ်မသိသေးတော့ လူဆိုတာ ဒီလိုလုပ်စားရတယ်။ ဒီလိုဆိုလို့ရှိရင် ဘယ်လူဖြစ်မလဲ၊ လူ့အောက် ကျမှာပေါ့ ဆိုပြီးကသာလ ခင်ဗျားတို့အဝိဇ္ဇာက တရားဟော၊ တဏှာက နာ-သမား၊ ဟုတ်ထင်ပါရဲ့ဆိုပြီး ကံတွေရှောက်လုပ်၊ မလုပ် ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

ကာယကံ, ဝစီကံတွေပေါ့ဗျာ(တင်ပါဘုရား)၊ လုပ်တော့ကို ကာယကံ, ဝစီကံတွေကလဲ ကမ္မ ဝိပါကောစ-ဆိုတဲ့ ဥစ္စာကံလုပ်တော့ အကျိုးပေးရအုံးမှာဘဲ ဆိုပြီးသကာလ လူ-ရုပ်နာမ်က နေပြီး တိရစ္ဆာန် ရုပ်နာမ်လုပ်လိုက်တာ မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား)၊တိရစ္ဆာန်ရုပ်နာမ်လုပ်ပြန်တော့ တိရစ္ဆာန်သည် ဘယ်လို စိတ်ကူးပေါက်ပြန်သတုံး ဆိုရင်ဖြင့် ရုပ်နာမ် ပေါ်လာလို့ရှိရင် ဝိပါကဝဋ်ရှိ၊ ဝိပါကဝဋ်ဆိုရင် တိရစ္ဆာန် အဝိဇ္ဇာနဲ့ တိရစ္ဆာန်တဏှာကလာပြန်တာဘဲ....(မှန်ပါ)။

ကိလေသဝဋ် ပြန်ပေါက်ပွားတာဘဲ။ သဘောကျပလား.... (တင်ပါ)၊ ဘယ်နှယ်တုံး ဒကာ-ဒကာမတို့ ယနေ့-တရားနာရတာ ဒီလိုဆို နေ-သေချည်း မနေဘူးလား....(တင်ပါ)၊ ကိုယ်ဖြစ်စဉ် ပြောနေတာ ဘယ်နှယ်နေကြသတုံး(နေ-သေပါဘုရား) နေ-သေချည်း နေတာဘဲတဲ့။

အဲဒီ နေ-သေချည်း နေရတော့ ပြုရတာကိုဘဲ မူးသင့်တယ် မိုက်သင့်တယ်။ သို့သော်လဲ ခင်ဗျားတို့က မမူးနိုင် မမိုက်နိုင် ဖြစ်ပြီးသကာလ ဝိပါကဝဋ်ထဲမှာ ဘာတွေများ တည်ထောင် ကြပါလိမ့်မလဲ ? မေးခွန်းထုတ်လိုက်မယ်။

ဝိပါကဝဋ်ထဲ ဘာ တည်ထောင်မလဲ.... (ကိလေသဝဋ်ပါ ဘုရား)။ ဩော်—ကိလေသဝဋ် တည်ထောင်ပြန်တယ်ဆိုတော့ ဝိပါကဝဋ်ထဲမှာ ရုပ်နာမ်ဘဲ။

ဒကာ-ဒကာမတို့ ခု- ရ ထားတဲ့ ရုပ် နာမ်၊ အဲဒီ အထဲမှာ အဝိဇ္ဇာနဲ့ တဏှာက ရောက်မလာဘူးလား၊ (ရောက်လာပါတယ်

ဘုရား)။ ရောက်လာတော့ကို ခန္ဓာ ရုပ်နာမ်က ဝိပါကဝဋ္ဋ၊ ရောက်လာတဲ့တရားက ကိလေသဝဋ္ဋ၊ ရှင်းပြီလား....(ရှင်းပါပြီဘုရား)ရ-ထားတာက ဝိပါကဝဋ္ဋ၊ ဒီအထဲပေါက်ပွားလာတာက ကိလေသဝဋ္ဋ။

အဲ—ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင် ဘယ့်နှယ်ကြောင့် ဒီ-ကိလေသဝဋ္ဋကြီး ပေါက်ပွားလာပြန်ပါလိမ့်မတုံးလို့ ဦးချစ်ခမေးလို့ရှိရင်ဖြင့် လည်လက်စ မသတ်ချင်လို့....(မှန်ပါ)၊ ဒါဘဲ အဖြေထွက်လာတယ်....(မှန်ပါ)။

ဒီအပြင် ဘာအဖြေတွေထွက်တုံး၊ ဘယ်လိုဖြေကြမလဲ... (လည်လက်စ မသတ်ချင်လို့ပါဘုရား)၊ နို့— မလည်ရသေးလို့ လည်ချင်တာလားလို့....(လည်ခဲ့ပြီးပါပြီဘုရား)၊ လည်စရှိလို့ လည်ချင်တာ....(မှန်ပါ)။ အတော်ကိုဆိုးနေပါလား?၊ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ခင်ဗျားတို့ ဘာလုပ်ချင်သေးသတုံးဆိုတော့ ခေါင်းပြောင်းချင်တဲ့အဓိပ္ပါယ်....(မှန်ပါ)ရှင်းပြီလား ဘာလုပ်ချင်ကြတုံး(ခေါင်းပြောင်းချင်ကြပါတယ်ဘုရား)။

ခေါင်းပြောင်းချင်တဲ့ အဓိပ္ပါယ်ဆိုတော့ ယခု-လူခေါင်းနဲ့ စုတေစိတ်ကျတယ်။ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋနဲ့၊ ကိလေသဝဋ္ဋဆိုတာကြီးက ဒီခေါင်းမပြောင်းခင် သူက ပေါက်ပွားတဲ့အခါကျတော့ အကုသိုလ် အဝိဇ္ဇာနဲ့ တဏှာ ပေါ်လာတယ် ဆိုပါတော့၊ ပေါ်လာတော အဝိဇ္ဇာနဲ့ တဏှာကြောင့် ခင်ဗျားတို့သားရေး, သမီးရေး, စီးပွားရေးဆိုတဲ့ အကုသိုလ်တွေ မလုပ်ပေဘူးလား၊ လုပ်မလား ...(လုပ်ပါတယ်ဘုရား)။

လုပ်တဲ့အခါကျတော့ ဒီ-ဝိပါကဝဋ်လဲ ကျွတ်ကရော၊ တခါတည်း ခင်ဗျားတို့သည် တိရစ္ဆာန်ခေါင်း ပြောင်းပြီးသကာလ မသွားရဘူးလား၊ သွားရမလား.... (သွားရပါမယ် ဘုရား)။ ဝိပါကဝဋ်လဲ ကျွတ်ရောခေါင်းပြောင်းထွက်သွားတယ်၊ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။

ဥပတိ မိဖုရားကြီးကနေပြီး နောက်ချေးပိုးထိုး ခေါင်းကို ပြောင်းတယ်....(မှန်ပါ)၊ ဘာခေါင်းပြောင်းလဲ....(နောက်ချေးပိုးထိုးခေါင်း ပြောင်းပါတယ်ဘုရား)။ ဦးချစ်ခ, နောက်ချေးပိုးထိုးဘဝကနေပြီးမှ ကိုယ့်ဟာကိုယ် စဉ်းစားစမ်း.... (ခဲယဉ်းပါတယ်ဘုရား)။ ဟင်-မရဘူးဆိုကြပါစို့ဗျာ။

ကျောက်ခဲလေး ရေထဲချလိုက်တာကမှ သောင်ထွန်းတဲ့အခါ သူ ပေါ်ချင်ပေါ်အုံးမှာ၊သောင်နဲ့ရောပြီးတော့....(မှန်လှပါ)။ သူက ပေါ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့်-ခင်ဗျားတို့သည် ဝိပါကဝဋ်ထဲမှ ကိလေသဝဋ်၊ ယခု အဝိဇ္ဇာနဲ့ တဏှာက ခိုင်းတိုင်း ခင်ဗျားတို့လုပ်နေခြင်းသည်ကား ခေါင်းပြောင်းချင်လို့ပေါ့။ ခင်ဗျားတို့ စွဲချက်တင်ပြီ၊ မတင်နိုင်ဘူးလား?....(တင်နိုင်ပါတယ်ဘုရား)၊ ဘာနဲ့တင်မလဲ?.... ( ခေါင်းပြောင်းမှုနဲ့ တင်မှာပါဘုရား )။ နောက်ချေးပိုးထိုး ဘဲလား....?။

ဒကာ-ဒကာမတွေကော ဘာမျှားပြောင်းချင်ကြသတုံး.... (ဘာမှမပြောင်းချင်တော့ပါဘူးဘုရား)။ အဲ—မပြောင်းချင်လို့ ရှိရင်ဖြင့် ဒီ-ဝဋ်ကို ကျွတ်အောင်လုပ်ရလိမ့်မယ်။ ဒီအတိုင်းသာ

ခင်ဗျားတို့ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်ပြီး ဘုန်းကြီးပြောတဲ့ မဂ်ငါးပါး, မဂ်ရှစ်ပါး မပေါ်လို့ ရှိရင်ဖြင့် ကိုထွန်းရင် ခေါင်းပြောင်းပြီ...(မှန်လှပါ)။ ဒီအပြင် ဘာရှိသလဲ....(မရှိပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ဆိုရင် ဟိုသားလေးခင်သွားတဲ့ အမေသည် တောထဲမှာ ဇလာဗုဇ ပဋိသန္ဓေနေတဲ့ ခွေးကြီးဖြစ်ပုံဆိုတာ ဦးချစ်ခတို့ ကြားဘူးသလား....(ကြားဘူးပါတယ်ဘုရား)၊ လူခေါင်းက ဘာခေါင်းပြောင်းတုံး....( ခွေးခေါင်းပါဘုရား)၊ ခွေးခေါင်း ဘာပြုလို့ ပြောင်းတယ်။ သူ့ခန္ဓာမှာ သားလေးခင်တဲ့ ကိလေသဝဋ်က လာတယ်(မှန်ပါ)။ ကိလေသဝဋ်က လာတဲ့အခါ စိုးရိမ်ကြောင့်ကျတဲ့ ကမ္မဝဋ်တွေ လုပ်လိုက်တယ်....(မှန်ပါ)။

အဲဒီ-ကမ္မဝဋ် လုပ်ပြီးသကာလ ကမ္မဝဋ်၏ တန်ခိုးသတ္တိအာနုဘော်နဲ့ စုတေစိတ်ကျသွားတယ်။ ခွေးခေါင်းကြီးတပ်ပြီး တခါထဲ ခွေးမကြီး သွားဖြစ်တာ၊ ဒီလိုကျတော့ ခင်ဗျားတို့ ဖြစ်ချင်ရဲ့လားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ....(မဖြစ်ချင်ပါဘုရား)။ မဖြစ်ချင်ပေမဲ့ အလုပ်က ဖြစ်ချင်တဲ့အလုပ် လုပ်နေတယ်၊ အလုပ်ကဘော့ဖြစ်ချင်နေတာ(မှန်ပါ)ဟုတ်လား။

အပြောကတော့.... (မဖြစ်ချင်ပါဘုရား)၊ မဖြစ်ချင်ဘူး၊ ဘယ်ဟာ အမှန်ယူရပါမယ်.... (အလုပ်အမှန်ယူရမှာပါဘုရား)။ အလုပ်အမှန်ယူရမှာပေါ့ဗျာ....(မှန်ပါ)၊ အလုပ်အမှန်ယူရမယ်ဆိုတာ ဒကာ-ဒကာမတွေ ကျေနပ်ပြီလား....(ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-လမ်းပြောင်းချင်ကြသလားလို့ ဆရာဘုန်းကြီးက မေးမယ်။ အားလုံး ဒကာ-ဒကာမတွေ ဘယ်နှယ်ဖြေကြမတုံး.... (မပြောင်းချင်ပါဘုရား)၊ မပြောင်းချင်ဘူး၊ အမယ်လေး အခု-ဦးခေါင်းနဲ့ဘဲ တော်လောက်ပြီလား—ဒကာ-ဒကာမတွေ။

သို့သော်လဲ—ဘုန်းကြီးပြောတဲ့ အလုပ်ကို မလုပ်ရင်တော့ ဦးလှ၊ မပြောင်းချင်လဲ ဘယ်နည်းနဲ့မဆို ပြောင်းရမယ်(မှန်ပါ) မပြောင်းရင် မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ ပြောင်းရမှာဘဲ....။ ခင်ဗျား ဦးတိဿကြီး ဇေတဝန်ကျောင်းပေါ်မှာ သက်နှ်းနဲ့ ဟုတ်လား....(မှန်ပါ)။ သူ့ကိုလေသဝင်္ဂက သက်နှ်းပေါ်မှာ စွဲတော့တယ်။

လောဘ, ဒေါသ, မောဟဆိုတဲ့ စေတနာတွေက ကမ္မဝဋ် မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)၊ ကမ္မဝဋ် ဖြစ်တဲ့အခါကျတော့ သူ့စေတနာက သန်းကြီး သွားဖြစ်တယ်။ ဇေတဝန်ကျောင်းမှာ သန်း-ဖြစ်တယ်။ သဘောကျပြီလား....(မှန်ပါ)။

ရဟန်းခေါင်းက သန်းခေါင်းဖြစ်တယ် မဖြစ်နိုင်ဘူးလား, ဖြစ်နိုင်လား....(ဖြစ်နိုင်ပါတယ်ဘုရား)။ ကဲ—ကိုထွန်းရင်၊ သန်းများ ဘယ်နှယ်တုံးဗျာဖြစ်ချင်သေးလား....(မဖြစ်ချင်ပါဘုရား) ဖြစ်ချင်တယ်ဗျ။

ကဲ—ဒကာ,ဒကာမတွေ ခင်ဗျားတို့ခေါင်းပေါ်မှာရှိတဲ့ သန်းတွေဟာ ဘယ်ကလာတယ်လို့ဆိုတာ ခင်ဗျားတို့သိကြရဲ့လား၊ ခင်ဗျားတို့အပေါ် သံယောဇဉ်ဖြစ်ကြတဲ့ဘိုးအေ,ဘွားအေ,အမေတွေ,အဖေတွေက လာဘာ၊ရိပ်မိပြီလား။ ခေတ်သဘာဝချည်းဘဲ

ထင်မနေနဲ့အုံး (မှန်ပါ)။ ဘယ်ကလာတယ်များ ထင်တုံး.... (ဘိုးအေ့ဘွားအေ့အမေ့အဖေတွေမှပါဘုရား)။

အင်း–စင်စစ်တော့ သူတို့ဒီဘဝမှာလဲ နောက်ဘဝ သံယောဇဉ်ကလဲ အာသေဝနပစ္စည်း ကိုယ့်သားသမီးအပေါ်မှာ ပျော်နေတယ်၊ စွဲနေတယ်။ ကိုယ့်သားသမီးအပေါ်မှာဘဲမြင်နေမယ်၊ ဒီလို တဖြစ်လဲလာကြတာတွေကို ခင်ဗျားတို့က သန်းဥ တုပ်ရတာနဲ့ ဥ လှင့်ပစ်ရတာနဲ့ သူ့ခမျာများတော့ ခေါင်းပြောင်းပြီး တမင်လာခဲ့တာ၊ ဟင်မမေ့ကြပါနဲ့ဆိုပြီး အမေတွေ အဖေတွေပါ ဆိုပြီး လာတာဗျ။ ခင်ဗျားတို့က ဒီဘဝကျမှ သွေးကြီးမွေးကြီးလုပ်ပြီး သူ့သတ်ပစ်ရတာနဲ့ သန်းဥ တုပ်ရတာနဲ့ဆိုတော့ အတော်ဆိုးမနေဘူးလား....(ဆိုးပါတယ်ဘုရား)၊

အဲဒီတော့ ခင်ဗျားတို့ကသဲ တခါ ဒီအတိုင်းဘဲ အဝိဇ္ဇာနဲ့ တဏှာချုပ်အောင် မလုပ်နိုင်လို့ရှိရင် ဒီလို နှစ်သက်တဲ့ သားသမီး ခေါင်းအပေါ်မှာသွားပြီး ပျော်အုံးမှာ၊ မပျော်ပေဘူးလား....(ပျော်ပါတယ်ဘုရား)၊ သဘောကျပြီလား(တင်ပါ)။

ဒါဖြင့်–ခင်ဗျားတို့သည် ဝဋ်ကျွတ်အောင်ဖြင့် လုပ်မှတော်မယ် ဆိုတဲ့ စိတ်ကို ယနေ့ မွေးရင်မွေး, မမွေးလို့ရှိရင် ခေါင်းပြောင်းရမယ်၊ အခြေအနေကတော့ နက်ဖန်လား, သံဘက်လား မပြောတတ်ဘူး....(မှန်ပါ) ဟုတ်လား၊ သုဝေဝ ပရသုဝေဝ ကိုးဗျ၊(မှန်ပါ)။နက်ဖန်လား-သံဘက်လား မပြောတတ်ဘူး။

ခေါင်းပြောင်းရမှာဖြင့်သေချာပြီ၊ဒကာ-ဒကာမတို့(မှန်ပါ) ပြီးတော့ မနေနဲ့တော့၊ ပြုံးချိန်လဲ မရှိတော့ဘူး....(မှန်ပါ)။ သဘောကျပြီလား....?။

ပြုံးချိန်လဲရှိသေးရဲ့လား(မရှိပါဘုရား) သုဝေဝ ပရသုဝေဝ နက်ဖန် ကံကုန်လျှင် နက်ဖန်ခေါင်းပြောင်းရမယ်....(မှန်ပါ)၊ သံဘက်ခါ ကံကုန်လျှင် သံဘက်ခါ ခေါင်းပြောင်းရမယ်။

အဲ–သဘက်ခါ ပြောင်းရတော့မယ်ဆိုတော့ လူခေါင်းက နေပြီး တိရစ္ဆာန်ခေါင်းအမျိုးမျိုးပေါ့ဗျာ။ ပြောင်းနိုင်တယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)၊ ဟို– သုတ္တနိပါတ်မှာလာတဲ့ ဒကာသည် သူ့ဒကာမကို စွဲလမ်း သေ သွားတာနဲ့ သူ့ဒကာမအိမ်မှာ ခွေးကလေး သွားဖြစ်တယ်။ သူ့ဒကာမကို ခင်လွန်းလို့ကို ခွေးဖြစ်တယ်။

ဒီ-ဒကာမကလဲ ခွေးနဲ့သူနဲ့ဟာက ခွေးက သံရောဇဉ်ရှိလို့ သူ့နောက် သွားတိုင်းလိုက်နေတော့ သူ့မှာ ခွေး မုဆိုးမ လို့ အခေါ်ခံရတဲ့အတွက် သူနာမည်ပျက်မှာစိုးရိမ်လို့ ခွေးကို သူဘဲ သတ်တယ်၊ မသတ်ဘူးလား....(သတ်ပါတယ်ဘုရား)။

သတ်တဲ့အခါ ကြောင်-ဖြစ်တယ်၊ သတ်ပြန်တယ်။ မြွေစိမ်း ဖြစ်တယ်၊ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။ သံယောဇဉ် ဘယ့်လောက်စွဲလဲ....(စွဲပါ တယ်ဘုရား)၊ ခေါင်းဘယ်လောက် ပြောင်းသွားလဲ....(အမျိုးမျိုးပြောင်းပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ အဲဒီတော့ သိပ်ပြီးတော့ ကြွားမနေနဲ့ ဝဋ်ကျွတ်မှကြွားပါ၊ သဘောကျပြီလား....(မှန်လှပါ)၊ ဘယ် အခါ ဘယ်အချိန်မှ ကြွားလုံး စါလုံးထုတ်ရပါတုံး....(ဝဋ်ကျွတ် မှပါဘုရား)၊ ဝဋ်ကျွတ်မှ ကြွားပါ ဦးချစ်ခ-ရ....(မှန်ပါ)။

အခု—ကြွားနေတာကတော့ကို ခဏလေးဘဲ၊ခေါင်းမပြောင်း ခင်ပါ၊တော်တော်ကြာ ဂျိုကြီးကားယားနဲ့ လာချင်လာမှာပါ၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။ လာမယ်၊ ဒကာ-ဒကာမတို့ အစွယ်ငွါးငွါးနဲ့ မလာပေဘူးလား....(လာမှာပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဝဋ်မကျွတ်သရွေ့ကာလပတ်လုံးဖြင့် စိတ်ချလက်ချနေတဲ့ပုဂ္ဂိုလ်ဖြင့် ရှုးလို့ရင်လဲဖြစ်လိမ့်မယ်(မှန်ပါ) ရာဂုမ္မတ္တကဆိုတာ လောဘနဲ့ ရှုးနေတဲ့ ပုဂ္ဂိုလ်.... (မှန်ပါ)၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ်က ဒေါသုမ္မတ္တက၊ မောဟကြီးပြီး ဖြစ်ပျက်တွေ မေ့နေတဲ့ပုဂ္ဂိုလ်က မောဟုမ္မတ္တက။

အဲဒီ-အရှုးသုံးခု တခုခုဖြစ်လို့သာလျှင် ခင်ဗျားတို့ ဝဋ်ကို မကျွတ်ချင်တာ သဘောကျပြီလား(မှန်လှပါ) ဝဋ်ကျွတ်ချင်တဲ့ စိတ် မပါဘာသည် အရှုးသုံးမျိုးတွင် တမျိုးမျိုးဖြစ်လို့ဘဲ.... (မှန်ပါ)။ ရာဂုမ္မတ္တကဆိုတာ လောဘနဲ့ရှုးနေတာ၊ လောဘနဲ့ ပစ္စည်းရှာနေတယ် ဆိုကြပါစို့ဗျာ၊ ဒေါသုမ္မတ္တက ဆိုတာသည် မကျေနပ်ပွဲကြီးနဲ့နေတာ၊မောဟုမ္မတ္တကဆိုတာ ဘယ်ခါကာလ မှ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ကိုမသိဘဲနဲ့နေတာ။

အဲဒါ-ဥမ္မတ္တက ဘယ်နှစ်မျိုးရှိတုံး.... (သုံးမျိုးပါဘုရား)၊ သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးဖြစ်ခဲ့ရင်ဖြင့်မကျွတ်ချင်ဘူး(မှန်ပါ) သဘောကျပြီလား....(မှန်ပါ)၊ အရှုးသုံးမျိုးဖြစ်နေသေးရင်ဖြင့် ကျွတ်ချင်တဲ့စိတ် မရှိဘူး....(မှန်ပါ)။

အရှုးသုံးမျိုးဘဝမှ လွတ်ပြီးသကာလ ဆရာကောင်း သမား ကောင်းနဲ့ ကလျာဏမိတ္တနဲ့ ပေါင်းလို့ အခုလိုဝင္ဋလည်တာကို ပြမဲ့ ဆရာနဲ့ တွေ့လို့ ရှိရင်ဖြင့် အရှုးလဲ ယနေ့ကျွတ်ပါ ချစေတော့ ဘုရား....လို့ လာမှာပေါ့၊ မလာပေဘူးလား၊ လာမလား ? (လာပါ တယ်ဘုရား)။

အင်း—ဒါ လူထဲမို့ ပြောတာပါ။အိမ်ရောက်ပြီဆို ဒီ-ဥမ္မတ္တက သုံးမျိုးထဲက တခုခုတော့ ဗွေဖေါက်လာတာ၊ မဖေါက်ပေဘူး လား....(ဖေါက်ပါတယ်ဘုရား)၊ ဖေါက်လို့ ရှိရင်ဖြင့် ဒီဝဋ္ဋကို သတိရအုံးမလား....(မရပါဘူးဘုရား)၊ မရတော့ဘူးလို့ ဆိုရင် ခင်ဗျားတို့အတွက်ဟာ စိတ်ချစရာမရှိသေးဘူး၊ ခေါင်းပြောင်း အုံးမယ်....(မှန်ပါ)။

ဒကာ-ဒကာမတွေ ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ် ဘုရား)၊ ခင်ဗျားတို့ပြောရတာ အားတော့နာပါတယ်။ပြောင်း မှာက သေချာတယ်၊ဒီလူကြီးတွေဟာ လူကြီးလူကောင်းတွေဘဲ ဆိုပြီးသကာလအားတော့နာစရာဘဲ။သို့သော်-အဝိဇ္ဇာနဲ့ တဏှာ ကို ချုပ်တဲ့နည်းကို မလုပ်လို့ ရှိရင်ဖြင့် အရှုးမဖြစ်ဘူးလား ဖြစ် သလား ? (ဖြစ်ပါတယ်ဘုရား)၊ဖြစ်တဲ့အခါကျလို့ ရှိရင် ဖြစ်သူ့ အတွက် စိတ်ချရပြီလား၊ ခေါင်းပြောင်းတာသည် သူ့အလုပ် ဘဲလားလို့ မေးကြည့် (ခေါင်းပြောင်းတာ သူ့အလုပ်ပါဘုရား)၊ ရိပ်မိကြပြီလား? (တင်ပါ)။ ခင်ဗျားတို့အတွက်ဘဲ၊ အားလုံး ဒကာ-ဒကာမတွေ စိတ်ချစရာရှိရဲ့လား? (မရှိပါဘူးဘုရား)။

အဲဒီတော့-ခင်ဗျားတို့ ကိုယ့်အမေအရင်းရဲ့ခေါင်းက ခွေးခေါင်း ပြောင်းပြီး နေရင် ထမင်းရေပူနဲ့ ပက် လွှတ်မှာဘဲ။ မလွှတ်ပေဘူးလား(လွှတ်ပါတယ်ဘုရား)လွှတ်မှာဘဲ။ဒါ-ကိုယ့်အိမ်ထဲထားနိုင်ပါ့မလား(မထားနိုင်ပါဘုရား)၊ မထားနိုင်ဘူးတဲ့ ဒါ -ဘာဖြစ်သွားလို့ မထားနိုင်တာလဲ....(ခေါင်းပြောင်းသွားလို့ပါဘုရား)။

ခေါင်းပြောင်းတဲ့ ဒါဏ်ချက် မသေးဘူးနော်....(မသေးပါဘုရား)။ ခေါင်းပြောင်းတဲ့ဒါဏ်ချက်ကသေးသလား....(မသေးပါဘုရား)။ အဲ—ခပ်ငယ်ငယ်က ခွေးဖြစ်သွားတဲ့ ဒကာမဟာသူ့သားကိုကဘဲ ရိုက်တယ်၊ မရိုက်ဘူးလား.... ( ရိုက်ပါတယ်ဘုရား)။

ကဲ—ဒါ ဘာပြုလို့အရိုက်ခံရသလဲ....(ခေါင်းပြောင်းလို့ပါဘုရား)၊ ကဲ-ရှင်းပြီပေါ့၊သဘောကျပြီလား....(ကျပါပြီဘုရား) ဝင္ခ်သုံးပါးလှည့်မိလို့ ခေါင်းပြောင်းတယ်၊ လှည့်တာမဟုတ်လား?၊ လှည့်မိလို့အရိုက်ခံရတာ....(မှန်ပါ )၊ ဘယ်သူက ရိုက်သတုံးဆိုတော့ ချစ်လှစွာသော သားက ရိုက်တာ၊ ရိပ်မိပြီလား၊ (ရိပ်မိပါပြီဘုရား)။

ဒကာ-ဒကာမတို့ ဘယ်သူကရိုက်သတုံး....(ချစ်လှစွာသော သားကပါဘုရား)။ ရိုက်တာ ချစ်လှစွာသော သားကရိုက်တယ်။ ဘာပြုလို့တုံးဆိုတော့ သူ့အမေ ခွေးဖြစ်နေမှန်း မသိလို့ ရိုက်တာ....(မှန်ပါ)၊ ခွေးဖြစ်အောင်လုပ်တဲ့လူဟာ အရိုက်ခံရတာတောင် နဲသေးတယ်....(မှန်ပါ)။ သဘောကျပြီလား.... (ကျပါတယ်ဘုရား)။

ခင်ဗျားတို့ အဖြစ်ဆိုး လွန်းလို့ပြောပါတယ်။ ဖြစ်စဉ်က ခင်ဗျားတို့ ဒီဥစ္စာကျတော့ ရေစက်မချဘဲနဲ့ ခွေးဖြစ်တယ်.... (မှန်ပါ)၊ သဘောကျပြီးသား....(မှန်ပါ)၊ ဆုမတောင်းဘဲနဲ့ ဖြစ်တယ်။

ဒါဖြင့်-ကုသိုလ်လုပ်သဲ ဆုမတောင်းဘဲနဲ့ ရတာဘဲ။ အကုသိုလ်လုပ်လဲ ဆုမတောင်းဘဲနဲ့ရတာဘဲဟုတ်လား၊ခွေးဘ၀ ဖြစ်ရပါလို၏လို့ ဦးစံအေး-ဘ ယ်သူ ာများဆုတောင်းလဲ(မတောင်းပါဘူးဘုရား)၊ မတောင်းပါဘူးလို့ ပြောတော့ပြောကြပါတယ်၊ ဒီ-သားသမီးတွေ အလိုမကျတဲ့အခါ နင်တို့အတွက်နဲ့ ငါ-ခွေးဖြစ်ရလိမ့်မယ်။ မပြောဘူးလား-ပြောသလား....(ပြောပါတယ်ဘုရား)။ ကိုယ့်ကိုယ်ကို ဗျာဒိတ်ပေးလိုက်တာဘဲ၊ ခင်ဗျားတို့ သားသမီးတွေအတွက် ကြပ်ကြပ်သတိထားမှ သူတို့နဲ့ ပတ်သက်ပြီး ခွေးဖြစ်တာ ဝတ္ထုပေါင်း အတော် များတယ်၊ ဟုတ်လား?။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတွေ ကိလေသဝဋ်မပြတ်သရွေ့ ကမ္မဝဋ်က ဘယ့်နှယ်နေတုံး....(မပြတ်ပါဘုရား)။ ကမ္မဝဋ် မပြတ်သရွေ့ ခေါင်းပြောင်းတဲ့အလုပ်ကတော....(မပြတ်ပါဘူးဘုရား)၊ ခေါင်းပြောင်းတဲ့အလုပ်က ဝိပါကဝဋ်ကိုဗျ-(မှန်ပါ)၊ ဘယ်တော့မှ မပြတ်တော့ဘူး။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတွေ ဝဋ်ပြတ်ပုံကို ရှင်းပြတော့မယ်၊ ဝဋ်ကို ဒီလိုလုပ်မှ ပြတ်မယ်ဆိုတာမှတ်ထားကြပါ။ သြော် ကိလေသာနဲ့ နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ကုသိုလ်ရယ်, ရူပကုသိုလ်ရယ်, အရူပကုသိုလ်တွေက ဒါကိလေသဝဋ်၊ ဒါက-ကမ္မ

ဝင့်၊အဲဒီမှာ ဘာရုပ်နာမ်လို့တော့မပြောနိုင်ဘူးဗျ။ ခွေးခေါင်းဘဲလား၊ လူခေါင်းဘဲလားလို့ မပြောတတ်ဘူး၊ ရုပ်နာမ်တော့ ရုပ်နာမ်ဘဲ....(တင်ပါ)၊ အားကောင်းတုံးလို့ ဆိုရင်တော့ ဝိပါကဝဋ်လို့ မဆိုနိုင်ဘူးလား ...?။

အဲဒီတော့ လူလဲဝိပါကဝဋ်ဘဲ၊ တိရစ္ဆာန်တွေကော(ဝိပါကဝဋ်ပါဘုရား)၊ အပါယ်လေးပါးကောင်တွေကော.... (ဝိပါကဝဋ်ပါ ဘုရား)။ ဝိပါကဝဋ် ချည်းဘဲဆိုတာ ကျေနပ်ကြပြီလား....(ကျေနပ်ပါတယ်ဘုရား)။ ဩော်-ဒါက ရေသောက်မြစ်နှစ်ခု၊ ဒါက ပင်လုံးပေါ့ဗျ ဟုတ်လား?၊ ဒါက-အကိုင်းအခက်ပေါ့ဗျ....(မှန်ပါ)၊ သဘောကျပြီလား....(မှန်ပါ)။ ဒီအပင်သေချင်ရင် ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီအမြစ်ဖြတ်ရမယ်။

ဒကာ-ဒကာမတို့ ရိပ်မိကြပြီမဟုတ်လား....(မှန်ပါ)၊ခုနင်ကဝိုင်းပြတာကိုဗျ၊ အခုတော့ ဖြောင့်ပြရဘယ်။ ခုနင်ကတော့ဖြင့် ခေါင်းပြောင်းထွက်ခဲ့ရဘာတော့ဖြင့် မနဲလှပါဘူး။

ကဲ—ဒကာ-ဒကာမတို့ ဒီသစ်ပင်စိုက်ပြမယ်။ဒါကရေသောက်မြစ် နှစ်ခု၊ ဒါက-ပင်လုံး၊ ဒါက-အကိုင်း အခက် ရုပ်နာမ်။ ကောင်းပြီ-ဒီအပင်သေစေချင်ရင် ဘယ့်နှယ်လုပ်မယ်....(အမြစ်ဖြတ်ရပါမယ် ဘုရား)၊ အမြစ် ဖြတ်ရမယ်ဆိုတာ အမြစ်ဟာ လက်သဲနဲ့ဆိတ်လို့တော့မပြတ်ဘူး၊ ပြတ်ပါ့မလား....(မပြတ်ပါဘုရား)၊ ဟုတ်လား?၊ ဝိပဿနာ ဓါး၊ မဂ်ဓါးနဲ့ ဖြတ်လို့ရှိရင် ဝိပဿနာဓါးက တော်တော့ကို ခုတ်ထားတာ၊ တော်တော် ခုတ်ထားပြီးစမို့ ကြေလို့ တဲတဲ ကျန့်တဲ့အချိန်မှာ မဂ်ဓါးနဲ့ ဖြတ်မှ ရမယ်။ မဂ်ဓါးက ကိလေသာ ဒု သိပ်ကြီးနေရင်မရဘူး၊

ဝိပဿနာ ဓါးက အတော်ကို အရင်တော်ထားအုံးမှ....(မှန်ပါ ဘုရား)၊ ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်—ဓါး ဘယ်နှစ်စင်း ကိုင်ရမလဲ....(နှစ်စင်းပါဘုရား)၊ ဝိပဿနာဓါးနဲ့ မဂ်ဓါးမဟုတ်လား၊ ဒီနှစ်ခုကို ကိုင်ပြီးသကာလ ခင်ဗျားတို့ ဒီအမြစ်ကို ဖြတ်လိုက်သို့ရှိရင်ဖြင့် ဒီအပင်ဟာလဲ ခြောက်မှာဘဲ။ ဒီအကိုင်းအခက်တွေကလဲ ခြောက်မှာဘဲ၊ အခု သီး-ပွင့်နေတာတွေလဲ လေသီး လေပွင့်ဖြစ်ရမယ်။

ဒီမှာ အဝိဇ္ဇာ တဏှာက လာအုံးမှာကိုးဗျ....(မှန်ပါဘုရား) ဝိပါကဝဋ္ဋ်ထဲ အဝိဇ္ဇာ တဏှာ လာတယ်ဆိုတော့ ခုနင်က ပြော ခဲ့တဲ့အတိုင်း လေသီး လေပွင့် သွားဖြစ်မယ်။ ဒီ-အမြစ် ဖြတ်လို့ ရှိရင် ဒီဘဝမှာ ဟိုဟာတွေပေါက်နေစေကာမူ ကြောက်စရာ ရှိသေးရဲ့လား....(မရှိပါဘူး ဘုရား)။ နောက်- ပေါက်ချင်လဲ ပေါက်မှာပေါ့ဗျာ....(မှန်ပါ)။

ဘယ်လို သီးချင်သီး ပွင့်ချင်ပွင့်၊ ယခုဘဝ ဒီအမြစ် ဖြတ် လိုက်လို့ရှိရင်ဖြင့် ဒီ-ပင်လုံးကြီးကော ကျုပ်တို့နဲ့ ဆိုင်သေးရဲ့ လား....(မဆိုင်ပါဘူးဘုရား)။ ဟင်-ဒီအကိုင်းအခက်တွေကော၊ (မဆိုင်ပါဘူးဘုရား)။ သူက သီး-ပွင့်လာတော့ နောက်-အပင် ပေါက်ဘို့ရာတွေမရှိတော့ဘူးဆိုသဖြင့် ခင်ဗျားတို့ဝိပဿနာဓါး နဲ့ မဂ်ဓါးကိုကိုးစားရာ အားထားရာရှိတော့တယ်။ ဒီအပြင်ဘာမှ မရှိဘူး....(မှန်ပါ)၊ သဘောကျပြီလား....(မှန်ပါ)။ ဒါန လောက်နဲ့ သူက မပြေးဘူး ဝေးလိုက်တာ....(မှန်ပါ)၊ ဒါန လောက်နဲ့ မျှားတော့ ဒီအဝိဇ္ဇာနဲ့ တဏှာက ဘယ့်နှယ်ထင်ကြ မတုံး....(မပြေးပါဘူး ဘုရား)၊ မပြေးပါဘူး-မပြတ်ပါဘူး.... (မှန်ပါ)။

သီလလောက်နဲ့ မျှားတော့ သူတောင် ဝိုင်းထားတယ်ဟုတ်လား၊ သူ-လုံခြုံအောင်လို့....(မှန်ပါ)။ သီလအတွင်း နေတာကိုးဗျ....(တင်ပါ)၊ သူက-အနုသယသဘောနဲ့ အတွင်းနေတော့၊ သီလက-ကာယကံ သုံးပါးနဲ့ ဝစီကံ လေးပါး တခါထဲဝိုင်းပြီး သကာလ ထားလိုက်တော့ သူ့ကို ထိခိုက်သလား....(မထိခိုက်ပါဘုရား)။

အဲ—သမထနဲ့ကျတော့ ဒီအတိုင်းဘဲ၊ခုနင်ကထက်တင်းတင်း ကြပ်ကြပ်ကလေးဝိုင်းတာဘဲထူးတယ်....(မှန်လှပါ)၊ သူ-ပြတ်ပါ့မလား....(မပြတ်ပါဘုရား)၊ မပြတ်လို့ ကျုပ်တို့ကမ္ဘာပျက်ခံပြီး ဗြဟ္မာဖြစ်လိုက်၊ တော်တော်ကြာကျလို့ရှိရင် လူ့ပြည်ဆင်းလိုက် လူ့ပြည်ကနေ ဒုယ်အိုးရောက်သွားလိုက်....(မှန်ပါ)၊ ဗြဟ္မာတွေ ဒီလိုမနေကြဘူးလား၊ ဒကာ-ဒကာမတို့ ...(မှန်ပါ)။

အဲဒီလိုနေတာတွေထောက်လိုက်တဲ့အခါ ကျတော့မှ ဩဘ်-အမြစ်ပြတ်ဆေးကိုဖြင့် ဒီဘဝမှာ ခင်ဗျားတို့သောက်ဖြစ်အောင် သောက်လိုက်၊ လုပ်ဖြစ်အောင်လုပ် ဆိုလို့ရှိရင်ဖြင့် စိတ်ချရပြီ၊ (မှန်ပါ)၊ နို့မို့လို့ရှိရင် ကိုယ့်အဖြစ်ဟာ အဖြစ်ဆိုးအတိုင်းနေမှာဘဲ၊ (မှန်ပါ)၊ မနေပေဘူးလား ...(နေပါတယ်ဘုရား)။

ဒါဖြင့်—ဝိပါကဝဋ်ထဲ ကိလေသဝဋ်က ပေါက်နေအုံးမှာကိုး....(မှန်ပါ)။ အမြစ်မပြတ်တော့ ဒီအသီးတွေဟာ အောင်မြင်မယ်....(အောင်မြင်မှာပါဘုရား)။ အမြစ်ဖြတ်လိုက်ရင် ဒီ-အသီးတွေက ဘယ့်နှယ်နေမယ်....(မအောင်မြင်ပါဘုရား)။

အဲဒီတော့ သူတို့မအောင်မြင်အောင်လုပ်တဲ့နည်းကို ဆရာဘုန်းကြီးက နေ့တိုင်းပေးတယ်၊ မပေးဘူးလား....(ပေးပါတယ်

ဘုရား)။ ဒီတော့-ဘာပေးသတုံး မေးလို့ရှိရင် ဝိပဿနာအလုပ် ပေးတယ်။ နောက်ပိုင်းကျလို့ရှိရင်ဖြင့် ဝိပဿနာဉာဏ်ငါးခုနဲ့ လုပ်၊ နောက်ဆုံးကျလို့ရှိရင် မဂ်ဉာဏ်ရှစ်ခုနဲ့ ဖြတ်....(မှန်လှပါ ဘုရား)၊ ဒါမှတပါး အမြစ်ဖြတ်ဆေး ရှိသေးရဲ့လား....(မရှိ ပါဘုရား)။

မရှိဘူးဆိုတော့ အဲဒါ ယနေ့ကစပြီးသကာလ ပုံစံနဲ့ပြသဖြင့် ခင်ဗျားတို့အားကိုးထားတဲ့နေရာ (...........) လွယ်ကူတယ် မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)၊ မလှူနဲ့ မတန်းနဲ့လို့ မဆိုဘူးပေါ့ဗျာ။ လှူပါ တန်းပါ ပေးပါ ဒီဝဋ်ကျွတ်ရပါလို၏ဟု လှူပါ၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ဒီ-ကိလေသဝဋ်၊ ဒီ-ကမ္မဝဋ်၊ ဒီ-ဝိပါကဝဋ်ကို ကျွတ်ချင်လွတ် ချင်တဲ့ အလှူအတန်းမျိုးလုပ်လို့ရှိရင်ဖြင့်အထောက်အပံ့ရမှာ သေချာတယ်....(မှန်ပါ)။ ဒီဝဋ်ကို မကျွတ်ချင်ပါဘူး၊ ခေါင်း ပြောင်းချင်ပါတယ်ဆိုရင်ဖြင့် ခင်ဗျားတို့ သွားပြီ....(မှန်ပါ)၊ အဝိုင်းပြေးဘဲ....(မှန်ပါ)။

ခေါင်းပြောင်းပြီး အဝိုင်းပြေးရတော့ ခင်ဗျားတို့က မကျွတ် ချင်ရင်တော့ မပြောတတ်ဘူးဗျ။အခုကိုချက်စရာကြီး၊ဒါကြောင့် ဝဋ်ကောင်တွေမို့....(မှန်ပါ)။ အခုကို ခင်ဗျားတို့ ကြက်သရေ မင်္ဂလာရှိတယ်မျှားထင်သလား....(မထင်ပါဘုရား) ဘာကောင် တွေတုံးမေးရင်....(ဝဋ်ကောင်တွေပါဘုရား)၊ ဝဋ်ကောင်တွေ ကိုယ့်အိမ် ကိုယ့်ယာနဲ့ အမြဲနေရသလားလို့ မေးလို့ရှိရင်လဲ ကိုယ့်အိမ် ကိုယ့်ယာနဲ့အမြဲနေရတဲ့ပုဂ္ဂိုလ် မရှိဘူး....(မှန်ပါ)၊ သွားရ၊ပတ်ရ၊ လည်ရ၊ရှောင်းရ၊ဝယ်ရ၊ပြေးရ၊လွှားရဆိုတာတွေ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒကာ-ဒကာမတွေ ဒီဓဠ္ဍကောင်ကြီးသည် လူပုံအလယ်မှာ ကိုယ့်ကိုယ်ကို အရှက်ကွဲခဲ့တယ်လို့မသိဘူး(မှန်ပါ) ခင်ဗျားတို့ လည်နေကြတာတော့ ဘာထင်ကြတုံး (အရှက်ကွဲဘို့လည်တာပါဘုရား)။ အရှက်ကွဲဘို့လည်တာမဟုတ်လား(မှန်ပါ) ဒီမျက်နှာနဲ့ ဟိုအိမ်ရောက် ဒီအိမ်ရောက်၊အဲဒီလိုရောက်တာတွေ အရှက်ကွဲလည်တာဘဲ။

သို့သော် ဘာပြုလို့မရှက်သတုံးဆိုတော့ နှုတ်ခမ်းပဲ့ချင်း ဖြစ်နေတယ်....(မှန်ပါ)၊ သူလဲ လည်နေတာကိုး၊ကိုယ်ကတော့ ကော....(လည်နေတာပါ ဘုရား)။ လည်နေတော့ ဘယ့်နှယ် ဖြစ်နေသလဲ၊ ရှက်သေးရဲ့လား....(မရှက်ပါဘုရား)၊မရှက်တော့ဘူး၊ မရှက်တဲ့လူတယောက်ဖြစ်နေတော့ ခင်ဗျားတို့သည်ကား ကိုယ့်ဟာနဲ့ကိုယ်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေကြတာ၊ခင်ဗျား ဘယ်ကလာ ဒီကလာပါတယ်။

အင်း—မသွားလဲ မဖြစ်ဘဲကိုးဗျ၊ ဘယ်ကပြန်လာတုံး၊ ဒိုလိုဒီလို ယူစရာ ရစရာရှိလို့ အေး အေး-လုံ့လ ဝီရိယနဲ့လုပ်မှ အစရှိသည်နှင့် တယောက် တယောက် အားပေးနေကြတယ်။ လည်သမားချင်း အားပေးနေတယ်၊အရှက်ကွဲသမားချင်း အားပေးနေတာ၊ ရိပ်မိပြီလား....(တင်ပါ)။ ဘာချင်း အားပေးနေသလဲ....(အရှက်ကွဲသမားချင်း အားပေးနေတယ်)။

အဲဒီတော့ ခင်ဗျားတို့မှာ ဟိရိဩတ္တပ္ပ မရှိသေးတဲ့အဓိပ္ပါယ် ရောက်နေတယ်၊ မရောက်ဘူးလား ရောက်သလား....(ရောက်ပါတယ်ဘုရား)၊ ဘာပြုလို့ဝဋ္ဍကောင်မို့....(မှန်လှပါ)ဝဋ္ဍကောင် ဆိုတော့ အရှက်ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဝဋ်ကောင်ဖြစ်နေတော့ အရှက်မရှိသူး၊ ပေါင်းသင်းရတာတွေကတော့ ဘာတွေနဲ့ ပေါင်းသင်းနေရသလဲ....(ဝဋ်ကောင်တွေနဲ့ပါ ဘုရား )၊ ဝဋ်ကောင်ချင်း ပေါင်းသင်းနေရတော့ အားလုံး ဒကာ-ဒကာမတွေ။

အင်း—ရှက်စရာမရှိဘူး ဆိုပြီးသကာလ တစိတ်ထဲမှာဖြစ်ပြီးသကာလ နေတဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့၊ မဟုတ်ဘူး။ ဝိပါကဝဋ်ကောင်မို့ ကိုယ့်အကျိုးပေးကို အရပ်ထဲရှောက်ပြနေတာကွ....(တင်ပါ )။

ဒါဖြင့် ရွာထဲ မြို့ထဲ လည်နေတာ ဘာကိုရှောက်ပြနေသလဲ၊ (ကိုယ့်အကျိုးပေးကို ရှောက်ပြပါတယ်ဘုရား)၊ တချို့ ငွေမရှိလို့ တောင်းစားရတာရှိတယ်။ တချို့ငွေနဲ့ရောင်းဝယ် စားရတာလဲ ရှိတယ်။ သူလဲ တောင်းရ, ရမ်းရတဲ့ ကိစ္စတော့ လွတ်ရဲ့လား....(မလွတ်ပါ ဘုရား)။ မလွတ်မါ ဘူး။

သူ-ဈေးသည်အကြွေးရှိလို့ တောင်းရတာနဲ့ သူတောင်းစားကြွေးမရှိဘဲ အရမ်းတောင်းရတာနဲ့၊ တောင်းဒါချင်းအတူတူဘဲ....၊ (မှန်ပါ )။ သို့သော် ခင်ဗျားတို့က ကြွေးရှိလို့ တောင်းရတာကတော့ မျက်နှာကလေး တင်းတင်း ထားနိုင်တယ်။ ဟို ပုဂ္ဂိုလ်ကတော့ မျက်နှာတင်းတင်း မထားနိုင်ဘူး၊ အောက်ချပြီး တောင်းရတယ်၊ အဲဒါဘဲကွာတယ်။ ဒီပြင်တော့ ဘာထူးသေးတုံး....(မထူးပါဘုရား)။

အဲဒါကြောင့် ဒကာ-ဒကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြွေးရှိတဲ့ပုဂ္ဂိုလ်မို့ လောကကြီးထဲမှာ အရှက်တကွဲ

အကျိုးနဲ့ လည်ပြတယ်ကွာ။ ဘုရားက ဘာပြုလို့ ပြရသတုံး ဆိုတော့ ဝဋ်ကောင်မို့ဆိုတာ မပေါ်သေးဘူးလား?(ပေါ်ပါပြီ ဘုရား)၊ ဝဋ်ကောင်ဆိုတော့ ကောင်းကျိုးလား, ဆိုးကျိုးလား (ဆိုးကျိုးပါဘုရား)။

အဲ ဆိုးကျိုးဖြစ်ပြီးသကာလနေတော့ ဆိုးကျိုးသည်အိမ်တွင် နေတော့ကိုယ့်သားမယားရှေ့တွင် အရှက်တကွဲအကျိုးနဲ့ဖြစ်ရ တယ်....(မှန်ပါ)။ မြို့ထဲ ရွာထဲ လည်တော့ အားလုံးအကြားမှာ အရှက်တကွဲ အကျိုးနဲ့ဖြစ်ရတယ်၊ သဘောကျပြီလား....(ကျပါ တယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ကိုယ့်အဖြစ်ဆိုး ကိုယ်သိပြီလား၊ (သိပါပြီဘုရား)၊ ကိုယ့်အဖြစ်ဆိုး ကိုယ်သိလို့ရှိရင်ဖြင့် ဝိပါက ဝဋ် ကျွတ်အောင် ဘယ့်နှယ်လုပ်ကြမလဲ၊ ဝိပါကဝဋ်ကျွတ်ချင် လို့ရှိရင်လဲ ကမ္မဝဋ်ကိုလဲ ခင်ဗျားတို့ဖြတ်မနေပါနဲ့၊ ဝိပါက ဝဋ်အကျိုးပေးပြီးသားမို့ မရတော့ဘူး၊ ကမ္မဝဋ်ကလဲ အကျိုး ပေးနေတဲ့နေရာ သူ-ဆက် အကျိုးပေးနေမှာဘဲ....( မှန်ပါ)၊ မပေးပေဘူးလား....(ပေးပါတယ်ဘုရား)။

အဲဒီတော့ကို ကမ္မဝဋ်လဲ အားရှော့သွားအောင် ကိလေသ ဝဋ်ကို ဘာလုပ်ရမလဲ ဖြတ်လိုက်ရမယ်။ ကိလေသဝဋ်ဖြတ်လိုက် တော့ ကိလေသဝဋ်ကော ရှိသေးရဲ့လား? (မရှိပါဘူးဘုရား)၊ မရှိတော့ ကမ္မဝဋ်ကော....(မရှိပါဘူးဘုရား)၊ ဝိပါကဝဋ်ဆိုတဲ့ အရှက်တကွဲ အကျိုးနဲ့ ကြီးကော....(မရှိပါဘုရား)။

အဲဒီ ဝဋ်သုံးပါး ကျွတ်တယ်ဆိုတာ သူတို့သုံးခုမရှိတော့ကို အင်း—ကိလေသာအညစ်အကြေးဆိုတဲ့ သဘောလဲမရှိဘူး၊ ကမ္မ

ဝဋ္ဋ်ဆိုတဲ့ သဘောသည်ကားလို့ ဆိုလို့ရှိရင်လဲ သတ္တဝါတွေ ဆင်းရဲအောင် သူ-လုပ်နေတယ်။ ထင်သလိုစီမံတယ် ..(မှန်ပါဘုရား)၊ ထင်သလိုစီမံတယ်။ ခုနင်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်သဘောမျိုးကော ရှိသေးရဲ့လား....? (မရှိပါဘုရား)၊ မရှိတော့ ကျုပ်တို့သည် ဖြစ်ချင်သလိုဖြစ်ရတဲ့ ဘဝကော ကြုံအုံးမှာလား? (မကြုံပါဘုရား)၊ဘာပြုလို့မကြုံပါလိမ့်မတုံးလို့ ဆက်လက်ပြီးသကာလ မေးပါ။

ဩော်—ကိလေသဝဋ္ဋ် ကျွတ်လို့ ကမ္မဝဋ်ကျွတ်ရ၊ ကမ္မဝဋ္ဋ်ကျွတ်လို့ ဝိပါကဝဋ္ဋ်ကျွတ်ရတယ်။ အဲဒီတော့ကို ခင်ဗျားတို့ ဒါကိုသာကျွတ်အောင်လုပ်၊ ကံကိုလဲ မကြောက်နဲ့....(တင်ပါဘုရား)၊ ဝိပါကဝဋ္ဋ်ကော မကြောက်ပါနဲ့၊ ဘာကြောက်ရမတုံး....(ကိလေသဝဋ္ဋ်ပါဘုရား)။ ကိလေသဝဋ္ဋ်ကို ကြောက်လိုက်မယ်ဆိုရင် ဒကာ-ဒကာမတို့ ကိစ္စမပြီးဘူးလား....? (ပြီးပါတယ်ဘုရား)။

ဒါဖြင့်—ကိလေသဝဋ္ဋ်ကို ခင်ဗျားတို့ ကြောက်ရမယ်လို့ဆိုသဖြင့် ကိလေသဝဋ္ဋ်ကို ဩော်-ကြောက်တော့ ကြောက်တာဘဲ ကြောက်ပြီး သူ့ကိုဘယ်သူနဲ့သတ်ရမတုံးလို့လက်သယ်ရှာပါ၊ သဘောကျပြီလား? (ကျပါတယ်ဘုရား)၊ လက်သယ်ရှာတော့ ဘာတွေ့တုံး.... (ဝိပဿနာပါ ဘုရား)၊ ဝိပဿနာဥာဏ်နဲ့ မဂ်ဥာဏ်မှတပါး ဒကာ-ဒကာတို့ ကိုးစားရာရှိသေးရဲ့လား....?၊ (မရှိပါဘုရား)။

ဒါတောင် အခုအချိန်လုပ်ရင်လုပ်၊ နောက်-ဝိပဿနာကွယ်မှာ၊ မကွယ်ပေဘူးလား? (ကွယ်မှာပါဘုရား)။ သာသနာပဆို

သူ-ရှိပါ့မလား? (မရှိပါဘုရား)၊ မရှိတော့ ဒကာ-ဒကာမတို့ အချိန်ပိုင်း ကျန်တော့တယ်....(တင်ပါဘုရား)၊ ခင်ဗျားတို့ဝဋ္ဋ ကျွတ်ချင်ရင် အချိန်ပိုင်းဘဲကျန်တော့တယ်။

သာသနာမှာ၊ ၂၅၀၀-လောက်တော့ ကျန်ပါသေးတယ်၊ နဲနဲသာလျော့ပါသေးတယ်။ သူ ဟာသူ သာသနာကျန်ပေတဲ့ ခင်ဗျားတို့ ခန္ဓာက ဆိုင်းမှာလား၊ မဆိုင်းဘူးလား?၊ ဒီ-အလုပ် လုပ်ရအောင် ဆိုင်းမလား-မဆိုင်းဘူးလားမေးကြည့်ပါအုံး....၊ (မဆိုင်းပါဘုရား) သာသနာက ကျန်ပေတဲ့ ခင်ဗျားတို့ခန္ဓာက ဆိုင်းပါ့မလား....(မဆိုင်းပါဘုရား)။ မဆိုင်းတော့ ခင်ဗျားတို့ သည် ရောင်းရေးဝယ်ရေးနဲ့ဘဲ အချိန်ကုန်ကြတော့မလား?၊ ဝဋ္ဋကျွတ်တဲ့အလုပ်ကိုလုပ်ပြီး အချိန်ကုန်မလားလို့မေးတယ်။

ဆရာဘုန်းကြီးက ခင်ဗျားတို့ ဘယ့်နှယ်လုပ် ဖြေမတုံး၊ လူဘုံလည် ဖြေနည်းသာ ဖြေကြပါတော့၊ ဟုတ်ပြီ လား?၊ လူဘုံလည်ဖြေနည်းကတော့တာဘဲ။ ဒီအလုပ်ကြိုးစား တော့မယ်။ ဒီကာရှေ့ကို ခင်ဗျားတို့ ဒီအသံက တမျိုးထွက်မှာဘဲ ဦးဘအုန်း-မထွက်ပေဘူးလား (ထွက်ပါတယ်ဘုရား)ထွက်တော့ ထွက်မှာဘဲ၊ ပြောတော့ပြောတာဘဲ၊ လမ်းကျတော့လဲ ခင်ဗျား တို့ အစည်းအဝေး ဖွင့်ကြမယ်....(မှန်ပါဘုရား)၊ တာဝန်တော့ ခံခဲ့ကြတာဘဲ၊ မလွဲသာလို့၊ဒီတာဝန်ကမနဲဘူး စလာပြီစလာပြီ၊ မလာသေးဘူးလား-လာမလား ? (လာပါတယ်ဘုရား)။

အိမ်ကျလာပြီဆိုရင်တယောက်က အရှုံးထတော့ တယောက် က ထောက်ခံချက်ပေးတယ်၊ မပေးသေးဘူးလား....? (ပေးပါ တယ်ဘုရား)။

ဒီလိုဘဲ ကျုပ်တို့လဲ တယောက်က အရှုးထ,ကာရှိသေးတယ် တယောက်က ဘာတဲ့တုံး....(ထောက်ခံချက်ပေးပါတယ်ဘုရား) ထောက်ခံချက်ပေးတော့ ဒီပြင် တယောက်က ကန့်ကွက်တဲ့လူ များ လာအုံးမယ်ထင်သလား? (မထင်ပါဘုရား)။

အို—ကျုပ်တို့ဘဝဆိုးကြီးကိုဗျာ ဒီလိုဘဲ ဖြေးဖြေးကျွတ်ရ တာပေါ့ ဆိုရင် သွားပါပြီပေါ့ဗျာ၊ကြာတော့ ကေန်းက တရား ဟောတော့ ကေန်းငွေချည်းဖြစ်ကုန်တာပေါ့၊ အတော်ကို ဆိုး မနေပေဘူးလား....(ဆိုးပါတယ်ဘုရား)။

ကဲ–ဒါဖြင့် စင်္ကျတ်ချင်တဲ့ ပုဂ္ဂိုလ်သည် တကယ်တန်း ခင်ဗျားတို့ ဝိပါကဒုက္ခသစ္စာမသိလို့ ဒီအသံတွေ ထွက်လာတာ၊ (မှန်ပါ)၊ ရိပ်မိပြီလား?။

ဒါဖြင့် ဘာမသိတာတုံး (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာ ခင်ဗျားတို့ ပရိညေယျနဲ့ပိုင်းခြားမသိလို့....(မှန်လှပါဘုရား)၊ ကိစ္စဥာဏ်နဲ့ကော....(မသိလို့ပါဘုရား)၊ မသိတော့ ခင်ဗျားတို့ ဟာ မသိအုပ်ချုပ်နေတဲ့ပုဂ္ဂိုလ်တွေမို့ တယောက်က အဆိုသွင်း ရင် တခါထဲ အဆိုသွင်းတဲ့လူနောက်ကိုသဘောတူတယ်လို့ချည်း ထောက်ခံတာ....(မှန်လှပါဘုရား)ထောက်ခံတာဆိုလို့ရှိရင်ဖြင့် ဥပမာ—ဒီကုန်ကလေး တော်တယ်လို့ မိဘ်ဆွေသင်္ဂဟကို သွား ပြောရင် ကျုပ်လဲ အစုထည့်ပါရစေအုံး၊ ရှယ်ယာထည့်ပါရစေ အုံးလို့ မလာဘူးလား? (လာပါတယ်ဘုရား)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ထောက်ခံတာတွေ ဘာတွေ အသာထားပြီးသကာလ ဘုန်းကြီးဟောတဲ့တရားကိုမှတ်ရမယ်၊ မျက်လုံးမှိတ်ပြီး လိုက်မယ်ကွလို့ ဒီလိုမှရမယ်....(တင်ပါဘုရား)၊

ရှာထဲ ရပ်ထဲမှာ ပြောကြ ဆိုကြ ထောက်ခံကြတာတွေကတော့ ဖြင့် အရှုး ဗုံတီးမြှောက်တာဘဲလို့ စိတ်ကဖြစ်နေတယ်....(မှန်လှ ပါဘုရား)၊ မပြင်သင့်ဘူးလား....? (ပြင်သင့်ပါတယ် ဘုရား)။ တယောက်ကလဲ ပုထုဇဉ်အရှူး ခုနင်က အရှုးသုံးပါးခွဲပြလိုက်တာ (မှန်ပါဘုရား)၊

အဲဒါ-ကျန်တဲ့ထောက်ခံမဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လိုယူကြမလဲ၊ ခင်ဗျားတို့ ဗုံတီးတဲ့ပုဂ္ဂိုလ်၊ ငါ-ရူးလို့ ဗုံတီးတာ....(မှန်ပါဘုရား) ဘယ်လိုဆိုကြမတုံး....(ငါ-ရူးလို့ ဗုံတီးတာပါဘုရား)၊ ငါ-ရူးလို့ ဗုံတီးတာဆိုလို့ ရှိရင် ကိုယ့် ဟာကိုယ်ရူးမှန်းသိတဲ့ပုဂ္ဂိုလ်ဆိုတော့ ခင်ဗျားတို့ ဗုံတီးပေးတာကို ကျုပ်သည်ကား လုံးဝမကြိုက်ဘူး လုပ်ရမယ်....(မှန်လှပါဘုရား)၊ ရန်သူအဖြစ်နဲ့ ထားရမယ်....၊ (မှန်လှပါဘုရား)၊ ကျုပ် ရူးတယ်ထင်လို့ ဗုံတီးတာလားလို့ ပြန်မေးရမယ်....(မှန်ပါဘုရား)၊ ရှင်းပလား....?။

အဲဒီလိုဆိုလို့ရှိရင် အရှူးပျောက်မယ်(တင်ပါဘုရား)ဒီလိုဘဲ နေရသေးတာဘဲ။ ဟိုကထောက်ခံပြီးသကာလ တစတစပေါ့ဗျာ ခင်ဗျားမစိုးရိမ်ပါနဲ့၊ ဗုံးကနဲလဲတော့မသေသေးပါဘူး၊ အရွယ် နဲ့ ကြည့်လိုက်တဲ့အခါ အသက်အတိုင်း နေမယ် ဆိုရင်ဖြင့် အများကြီးနေသာပါသေးတယ်....(မှန်လှပါဘုရား)၊ နောက်- လုပ်စရာအချိန်တွေ အများကြီးရှိသေးဘယ်လို့ ဗုံတီးပေးတယ်၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်—ဟို ပုဂ္ဂိုလ်တွေက ဟုတ်သားဘဲ၊ သွားစရာရှိတာ မြန်မြန်လုပ်မှဘဲဆိုပြီး လုပ်တော့တာဘဲ၊အတော်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ ဘယ်သူ့ကာဘဲ အရှူးကို ဖုံတီးပြီး မြှောက် မြှောက် မမြှောက် ပါနဲ့.... (မှန်ပါဘုရား)၊ကိုထွန်းဦး-မြှောက်ချင်သေးသလား?(မမြှောက်ချင်ပါဘုရား)။ ဟုတ်ကဲ့လား?၊ ခင်ဗျား တော်တော်ကြာ လက်တို့မြှောက်နေရင် ခက်တယ်။ ပါးစပ်ကတော့ မပြောဘူး၊ လက်တို့ပြီး မြှောက်တာရှိသေးတယ်။

ကိုင်း....ဒါဖြင့် ဒကာ-ဒကာမတို့ မဂ်ဓါးနဲ့ ဖြတ်မှသာလျှင် အဝိဇ္ဇာနဲ့တဏှာ ဘာဖြစ်မယ်ထင်သတုံး....(ပြတ်ပါမယ်ဘုရား) ပြတ်မယ်။ မဂ်ဓါးနဲ့ မဖြတ်သရွေ့ ကာလပတ်လုံး....(မပြတ်ပါဘုရား)။

ဒါဖြင့်-ဘုရားသခင် ကိုယ်တော်မြတ်ကြီးက " ကမ္မံခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သိနေဟော" လို့ ဟောပြီဗျ....(မှန်လှပါဘုရား)။ ကမ္မံ၊ ကံသည်။ ခေတ္တံ၊ လယ်နှင့်တူ၏။ တဏှာ၊ တဏှာသည်။ သိနေဟော၊ ရေနှင့်တူ၏။ ဟုတ်လား ? (မှန်ပါဘုရား)။ ဝိညာဏံ၊ မင်းတို့စိတ်ဝိညာဏ်နာမ်သည်။ ဗီဇံ၊မျိုးစေ့နဲ့ တူ၏။ (မှန်ပါဘုရား)။

လာပြန်ပြီ—ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ စက်ဆုပ်အောင်ဟောနေတာ။ ဒီကနေ့ နိဿရဏဥ္စကို အချိန်နည်းသွားလိမ့်မယ်။ ရောက်မှ ရောက်ပါ့မလား မပြောတတ်ဘူး၊ ပဋ္ဌာတခုက ထုတ်တာလို့ ဒကာ - ဒကာမတို့ ကုသိုလ်ကံ အကုသိုလ်ကံသည် ဘာနဲ့တူသလဲ၊ လယ်နဲ့တူတယ်။

ကမ္မံ ခေတ္တံ-လယ်နှင့်တူ၏၊ သဘောကျပြီလား? ( ကျပါတယ်ဘုရား)၊ ကံဟာ ဘာနဲ့တူသလဲ....(လယ်နဲ့ တူပါတယ်

ဘုရား)။ လယ်ဟာ လယ်ခြောက်ကြီး၊ ရေမသွင်းလို့ရှိရင်ဖြင့် ဘာပင်ဘဲ စိုက်စိုက် မရပါ။ မရတော့ကို တဏှာ၊ တဏှာသည် အဝိဇ္ဇာနဲ့ တဏှာသည်။ သိနေပဟော၊ ရေနှင့်တူ၏....တဲ့။ ဒီကံထဲမှာ ဒီရေသွင်းတာ သဘောကျပြီလား? (မှန်ပါဘုရား)။

ဒီကံထဲမှာ ဒီရေသွင်းလို့ရှိရင်ဖြင့်—ဝိညာဏ်၊ ခင်ဗျားတို့ စိတ်ဝိညာဏ်သည်၊ ပဋိသန္ဓေဝိညာဏ်သည်။ ဗီဇ၊ မျိုးစေ့နှင့် တူ၏။ လယ်ထဲမှာ ရေတွေကလဲရှိနေတယ်၊ မျိုးစေ့ချတယ်ဆိုလို့ ရှိရင်ဖြင့် ဒီအပင်သည်....(ပေါက်မှာပါဘုရား)၊ အသီးတွေ ကော—(သီးမှာပါဘုရား)၊ အားလုံး ဝေဆာလာမှာဘဲဆိုတာ သဘောကျပြီလား? (ကျပါပြီဘုရား)။

ဒါဖြင့်-ခင်ဗျားတို့သည် ကံ-က ဘာနဲ့တူသတုံး (လယ်နဲ့ တူပါတယ်ဘုရား)၊ ကောင်းပြီ ၊ခင်ဗျားတို့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ခင်တာက ဘာနဲ့တူသတုံး(ရေနဲ့တူပါတယ် ဘုရား)။ ရေနဲ့တူတယ်၊ ခင်ဗျားတို့စိတ်က ဘာနဲ့တူသတုံး၊ (မျိုးစေ့နဲ့တူပါတယ်ဘုရား)။

ဒါဖြင့် မြေလဲကောင်း ရေလဲကောင်းဆိုတော့ ဒီ-မျိုးစေ့ ကြီးကဖြင့်ဗျာ ပေါက်ချင်တဲ့အပင် ပေါက်တော့မှာဘဲ (မှန်ပါ ဘုရား)၊ လူပင်ကော....(ပေါက်မှာပါဘုရား)။ အင်း-တိရစ္ဆာန် ပင်တွေကော....(ပေါက်မှာပါဘုရား)၊ အပါယ်ပင်တွေကော.... (ပေါက်မှာပါဘုရား) ဘာလို့ ဒီလောကတောင် ပေါက်ချင်ပါ သလဲဆိုတော့၊ ဟော-ဒီကံရှိနေလို့....(တင်ပါဘုရား) ဟောဒီ လောက်တောင် ပေါက်ချင်နေတာသည် ကံ-ရှိနေလို့၊ ဟောဒီ ရေသွင်းနေလို့၊ ဟောဒီမျိုးစေ့ပေါက်ရတယ်....(မှန်ပါဘုရား) သဘောကျပြီလား? (ကျပါတယ်ဘုရား)။

ဒါဖြင့်-ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့်လယ်လဲမရှိမှ ရေလဲမရှိမှ ဒီမျိုးစေ့သုဉ်းသွားမယ်၊ သဘောကျပြီလား ?။ (မှန်လှပါဘုရား)၊ ဘာမရှိမှတုံး (လယ်လဲမရှိမှ၊ ရေလဲမရှိမှပါ ဘုရား) မျိုးစေ့ဘာဖြစ်မတုံး....(သုဉ်းသွားပါမယ် ဘုရား)။ သုဉ်းသွားမယ်။ ဒါဖြင့်-ခင်ဗျားတို့ကလဲ ရေမရှိရင်လဲ ခင်ဗျား တို့က မနေတတ်။ ဟင်-ကံမရှိရင်လဲ ခင်ဗျားတို့ကမြှော် ခက်နေ တာဘဲ။ ကံများ ဘယ့်နှယ်နေကြတုံး၊ တောင်ရှောက်မေး, မြောက်ရှောက်မေး လုပ်နေကြသေးတာဗျာ။

ဒကာ-ဒကာမတွေ ကံ-ဘယ့်နှယ်နေတုံးလို့ မမေးကြဘူး လား....? (မေးပါတယ်ဘုရား)၊ အင်း-ကံရှိလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့၊ ကံသည် ဘာနဲ့တူသလဲ.... (လယ်နဲ့ တူပါတယ် ဘုရား)၊ လယ်နဲ့တူတယ်။ အဝိဇ္ဇာနဲ့ တဏှာက ဘာနဲ့တူသလဲ၊ (ရေနဲ့ တူပါတယ် ဘုရား)။ ခင်ဗျားတို့ စိတ်တွေကကော.... (မျိုးစေ့နဲ့တူပါတယ်ဘုရား)။

လယ်ကလဲ လယ်ကောင်း၊ ရေကလဲ ရေကောင်း၊ မျိုးစေ့ ကလဲ မျိုးစေ့ကောင်းဆိုရင် ပေါက်လိုက်မဲ့ဖြစ်ခြင်းပေါ့ဗျာ.... (မှန်ပါဘုရား)၊ ပေါက်ပြီးသကာလ ဒီအတိုင်းနေမှာလား ?၊ အသီးအပွင့် ထွက်အုံးမှာလား ? (အသီးအပွင့် ထွက်အုံးမှာပါ ဘုရား)။ အသီးအပွင့်ထွက်လို့ရှိရင်ဖြင့် အပင်ပေါင်း ဘယ် လောက် ပေါက်ပွားမယ်လို့ဆိုနိုင်မတုံး (မဆိုနိုင်ပါဘုရား)။

အဲဒါ-သစ်ပင်ရဲ့အဆိပ်သီး အဆိပ်ပွင့်သာမှတ်ပေတော့၊ ဒီ-အဆိပ်သီးတွေမှ အဆိပ်ပင်တွေချည်းအကုန်ပေါက်မယ်၊(မှန်ပါ ဘုရား)။ ဒုက္ခသစ္စာပင်က ပေါက်တာကိုးဗျ....(မှန်ပါဘုရား)။

ဒုက္ခသစ္စာပင်က မျိုးစေ့ကျ ပေါက်တော့ ဘာတွေပေါက်မလဲ၊ (ဒုက္ခသစ္စာပင်တွေပေါက်ပါမယ်ဘုရား)။ အဲဒါခင်ဗျားတို့ သား တွေ၊ သမီးတွေ၊ ဆွေတွေမျိုးတွေ ဘဝတွေ မလာပေဘူးလား?၊ (လာပါတယ်ဘုရား)။ အဲဒီ-အပင်က နောက်ထပ်လာအုံးမယ်.... ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်—ဒကာ, ဒကာမတို့ ဘာ အရေးကြီးပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ရေလဲမရှိဘို့ အရေးကြီးတယ်....( မှန်ပါ )။ မြေကော....(မရှိဘို့အရေးကြီးပါတယ်)။

ယနေ့ည ဒီတွင်ဘဲ တော်ကြဦးစို့။

( သာဓု....သာဓု....သာဓု )

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# နိရောဓသစ္စာအနက် လေးချက်မှ

## ဒုတိယအချက်

## ဝိဝေကဋ္ဌော တရားတော်

ဒကာ - ဒကာမတို့၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်းဟာ နိဗ္ဗာန်ကိုသိထားဘို့ အရေးကြီးတယ်။ နိဗ္ဗာန်ကိုရမ်းပြီးသိချင်သူနဲ့ တကယ်ရချင်သူနဲ့ မတူသေးဘူး၊ နိဗ္ဗာန်ကိုသိပြီးမှ ရချင်သူနဲ့၊ မသိဘဲနဲ့ရော်ရမ်း မှန်းဆပြီး ရချင်တဲ့သူတွေ ကွာခြားချက်တွေ ရှိတယ်။

ဒါကြောင့် ဒကာ-ဒကာမတို့ကို သိအောင်လုပ်ဘို့ ဆရာဘုန်းကြီးက တိုက်တွန်းလိုက်ရပါတယ်၊ ပြောသံကြား နိဗ္ဗာန်ကို လိုချင်တာဟာ အဟုတ် လိုချင်လို့ မဟုတ်ဘဲ၊ ထုံးစံအတိုင်း ရချင်လို့ တချို့ ဗုဒ္ဓဘာသာ ဖြစ်လင့်ကစား သဘောပေါက်အောင် မသိ၊ ဒီလို သေသေချာချာ ဂဃဏန မသိတော့၊ ရောက်ရချင်မှန်း မသိဘူး၊ လှူတုံး တန်းတုံးတော့ နိဗ္ဗာန်ရောက်ရပါစေလို့ အသံထွက်သော်လည်း စိတ်ထဲက မပါဘဲပါ စီစစ်လိုက်တော့။ နိဗ္ဗာန်ရဲ့အရသာကို မသိတဲ့အတွက်ဘဲ။

ဒါကြောင့် မင်းတို့သိဘို့အရေးကြီးတယ်၊ ဝိဝေကဌော-နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းရာသည် နိဗ္ဗာန် မည်၏။ နိဗ္ဗာန်သဘောတရားဟာ အနှောင့်အရှက် ဘာမျှမရှိတာ၊ ပင်ကိုယ်သဘောက ကြည်လင်အေးမြပြီး မည်သူကမျှ မနှောင့်ရှက်တဲ့နေရာတမျိုးကို နိဗ္ဗာန်၊ ဒီ နိဗ္ဗာန်အကြောင်း ပြောမဲ့ကြံလျှင်နှောင့်ရှက်မှုကိုသိမှ သဘောကြမယ်။

ဒကာ-ဒကာမတို့ နေကြထိုင်ကြရတာ အနှောင့်အရှက်နဲ့အမြဲဒွန်တွဲလျက် အေးချမ်းတယ်လို့မရှိဘူး၊ ဒီလိုအနှောင့်အရှက်မကင်းတာတွေမြင်မှ အနှောင့်အရှက်ကင်းတဲ့ နိဗ္ဗာန်ကို သဘောကျကြလိမ့်မယ်။ ဘာတွေနှောင့်ရှက်သလဲဆိုလျှင် ယခု ဆရာဘုန်းကြီးထံ နိဗ္ဗာန်ရောက်ကြောင်းတရား စူးစူးစိုက်စိုက်လာ၍တရားနာပါသော်လည်း ဒကာ-ဒကာမတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာဟိုဘက်ပြောင်းလိုက်၊ ဒီဘက်ပြောင်းလိုက်၊ ကြာကြာ ထိ ထိုင်ထားက ထုံကျင် ကိုက်ခဲလာကြတာတွေဟာ အနှောင့်အရှက်မကင်းလို့ပေါ့။

ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်လိုထားလို့မှ ကြာရှည်မရ၊ ဘာကြောင့်မရသလဲဆိုရင် အနှောင့်အရှက်တွေများလို့ဟု ဆုံးဖြတ်ချက်ချပါ။ တော်တော်ကြာ အပူကနှောင့်ရှက်လိုက်၊ အအေးကနှောင့်ရှက်လိုက်၊ ကျင်ကြီး-ကျင်ငယ်တွေက နှောင့်ရှက်လိုက်၊ ဝမ်းထဲရှိ လေတွေက နှောင့်ရှက်လိုက်၊ အပြင်ဘက်ကဆိုရင်လဲမှက်၊ ခြင်၊ ယင် အစရှိတဲ့ရန်တွေက နှောင့်ရှက်လိုက်နဲ့ အငြိမ်ကိုမနေရဘူး။

ဒီလို - အနှောင့်အယှက် ကင်းတဲ့ဆီကို သွားဘို့ရာ အတွက် ဝိပဿနာတရား အားထုတ်ပြန်လျှင်လဲ လိုရင်းပန်းတိုင်ကို သိမှ စိတ်အား ပြင်းပြမယ်၊ နှောင့်ယှက်ခြင်း ကင်းတာ သိထားမှ နိဗ္ဗာန်ကို သဘောကျမယ်။

## " ဝိဝေကဌေ "

ဒီတော့-အခုပြောရမှာက နိရောဓသစ္စာကိုဘဲ ပြန်ပြောရ လိမ့်မယ်။နိရောဓသစ္စာထဲမှ နိဿရဏဋ္ဌဆိုတာ ဝဋ်သုံးပါးမှထွက် မြောက်ကြောင်း ဟောပြီးပြီ၊ ဝိဝေကဋ္ဌေအဓိပ္ပါယ်ကို ယခုနေ့ ပြောရမယ်။ ဝိဝေကဋ္ဌေအဓိပ္ပါယ်မှာ နိဗ္ဗာန်သည် ဝိဝေကဋ္ဌ ရှိ တယ်၊ မြန်မာလိုတော့ ဆိတ်ငြိမ်ခြင်းသဘောရှိတယ်လို့ မှတ် ရမယ်။

နိဗ္ဗာန်သည် ဘယ်သဘောရှိသတုန်းလို့ မေးလို့ရှိရင် ဆိတ် ငြိမ်ခြင်း သဘော ရှိတယ်လို့ ဒကာ-ဒကာမတွေက မှတ်ထား ဆိတ်ငြိမ်တာက ဘာဆိတ်ငြိမ်သလဲလို့ မေးလို့ရှိရင်ဖြင့် ရုပ်နာမ် ဆိုတာသည် ဒကာဒကာမတို့ ခဏခဏဖြစ်ပျက်နေတဲ့အနိစ္စတရား ဒုက္ခတရား,အနတ္တ တရား,ဉာဏ်မျက်လုံးပါတဲ့ ပုဂ္ဂိုလ်မှာ ဘယ် အချိန် ကြည့်လိုက် ကြည့်လိုက် ဉာဏ်မျက်လုံးထဲမှာ ရုပ်ရှက်ခတ် နေတာဘဲ။ဉာဏ်မျက်လုံးထဲမှာဘာဖြစ်နေကြတုံး(ရုပ်ရှက်ခတ် နေပါတယ်ဘုရား)။

အဲ—နိဗ္ဗာန်ဆိုတာက အဲသည်ကဲ့သို့ ရှုပ်ရှက်ခတ်တဲ့သဘော မရှိဘူး၊ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါ ရှင်းလင်းပြီး သကာလ နေတော့တာဘဲ။ ဒါကြောင့် နိဗ္ဗာန်သည် သစ္စာ အနက် တဘဲ့ ခြောက်ချက်မှာ ဝိဝေကဋ္ဌ ဆိုတာ ယနေ့ရောက်

လာတော့၊ နှောင့်ရှက်ခြင်း, ရှုပ်ရှက်ခတ်ခြင်းမှ ဆိတ်ငြိမ်ခြင်း သဘောရှိတယ်။

ဩော် နိဗ္ဗာန်ဆိုတာ ဒို့တကယ်လို့ မြင်ရလို့ ရှိရင်ဖြင့် ရှုပ်ရှက်ခတ်မရှိဘဲနဲ့ ဆိတ်ငြိမ်အေးချမ်းပြီးသကာလ၊နေတဲ့နေရာကို မြင်ရမှာပါကလားလို့ ဒကာ-ဒကာမတွေကမှတ်ရမယ်။ ဝိပဿနာရှုတဲ့ အဆုံးကြတော့ကို ရှုပ်ရှက်ခတ်နေတာမှ လွတ်ပြီးသကာလ၊ ဩော်—ဒီနေရာမှသာလျှင် ရှုပ်ရှက်ခတ် ချုပ်ငြိမ်း၍ ရုပ်သိမ်းပြီးသကာလ ငြိမ်းအေးနေတဲ့သဘော၊ ငြိမ်သက်နေတဲ့ သဘောပါလား....?၊ ဒီနေရာကို အာရုံပြုသောအားဖြင့် ရောက်မှ ကိုယ်တိုင် ရောက်ဆိုတဲ့ ဒီ-အရောက်နှစ်ခု ကြုံရ-ဆုံရမယ်ဆိုရင်ဖြင့် ဘာအနှောင့်အရှက်မှ မရှိပါလားလို့ ကိုယ့်ဉာဏ်ထဲမှာ ကိုယ်မြင်လာတာ....(မှန်ပါဘုရား)။

ကိုယ့်ဉာဏ် ကိုယ်မြင်လာပြီဆိုရင် ရှုပ်ရှက်ခတ်တာတွေ ချုပ်ငြိမ်း ရုပ်သိမ်းပြီး ကိလေသာအနှောင့်အရှက်တွေမှ ကင်းဝေး၊ ကံ-အနှောင့်အရှက်တွေမှလဲ ကင်းဝေး၊ နို့မို့ လို့ရှိရင်ဖြင့် ကံဘေးကိုကြောက်နေရသေးတယ်။

ဒကာ-ဒကာမတွေက မကောင်းတဲ့ကံက ဝင်နှောင့်ရှက်လိုက်လို့ရှိရင် ဖြုံးကနဲ ဂျောက်ကျအုံးမှာလားဆိုတာ ပူဆွေးရအုံးမယ်၊ သူက နိဗ္ဗာန်ဆိုတာ ဒကာ-ဒကာမတွေ ဉာဏ်ထဲမှာ မြင်လို့ရှိရင် နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောဘဲ၊သဘောကျရဲ့လား ? (ကျပါတယ်ဘုရား)။ ဘာပါလိမ့်....(နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောပါ ဘုရား)။ ကိလေသာ တည်းဟူသော အနှောင့်အရှက်၊ ကံ-တည်းဟူသော အနှောင့်အရှက်၊

အကျိုးပေးတည်းဟူသော အနှောင့်အရှက်၊ ဒါတွေမှ အကုန် ကင်းဆိတ်ပြီးသကာလ နေပါလိမ့်မယ်။

ဒါဖြင့်—နိဗ္ဗာန်ကိုသွားရတော့မယ်လို့ ဝိဝေကဌသဘောနဲ့ ဟောရတော့မယ်ဆိုလို့ရှိရင် အလုပ်ပြအုံးမှ ခင်ဗျားတို့ရှင်းမယ်၊ အလုပ်ပြလိုက်တဲ့အခါကျတော့ ဩော်—နှောင့်ရှက်ခြင်းမှ ဆိတ် ကင်းတဲ့သဘောဟာ နိဗ္ဗာန်ပါလား။

ကဲ—ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားလေးကို ရှေးဦးစွာ ကျင့်စဉ်ကလေးအရင်ပြမယ်....(မှန်လှပါဘုရား)။ နိဗ္ဗာန်ရောက် ကြောင်း ကျင့်စဉ်ကလေး အရင်ပြတော့မှ နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတာပေါ်လာလိမ့်မယ်။ဘုန်းကြီးက ဒကာဒကာမတွေ ကို ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာဆိုတာ အနုပဿနာသုံးပါးနဲ့ နိဗ္ဗာန်အရောက်ပို့မယ်လို့မှတ်ကြပါ....၊ (မှန်ပါ ဘုရား)။

အဲဒီတော့—သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ဝေဒနာ ဘယ်နှစ်မျိုးရှိသတုံး....(သုံးမျိုးပါဘုရား)၊ သုံးမျိုး ရှိတယ်မှတ်ထားပါ။ဒကာ-ဒကာမတွေ သုခဝေဒနာဆိုတာ သုခ ချမ်းသာတာလေးသက်သက်ဘဲ ကိုယ်ပေါ်မှာ ချမ်းသာတယ်။ စိတ်ထဲမှာ ချမ်းသာတယ်၊ ဒါ-ဘာဝေဒနာ ပါလိမ့်....( သုခ ဝေဒနာပါ ဘုရား)။ ဒုက္ခဝေဒနာက ကိုယ်ပေါ်မှာ နာကျင် ကိုက်ခဲ ဆင်းရဲတယ်၊ စိတ်ထဲ ဒေါမနဿဖြစ်တယ်၊ အဲဒါ—ဘာ ဝေဒနာလဲ.... (ဒုက္ခဝေဒနာပါ ဘုရား)၊ ဥပေက္ခာဝေဒနာက မျက်လုံး,နား,နှာခေါင်း,လျှာမှာလည်း မြင်ကာမျှမတ္တ၊ ကြား ကာမျှမတ္တ၊ နံကာမျှမတ္တ၊ လျက်ကာမျှမတ္တ၊ စိတ်ထဲမှာလဲ အင်း အာရုံပြုကာမျှမတ္တလေးကို ဥပေက္ခာဝေဒနာလို့ဆိုသည်။

**ကောင်းပြီ၊** ဒီ-ဝေဒနာတွေ ဖြစ်တဲ့အခါကျတော့ ဒကာ· ဒကာမတွေ မှတ်စရာက၊ဝေဒနာသည် သူနဲ့ဖြစ်ဖော် ဖြစ်ဖက်နှင့် တကွ တဲ့ဖြစ်တယ်ဆိုသဖြင့် သဗ္ဗိုဟ်သမားများမှာ အဖျင်းဆုံး သူနဲ့ ဖြစ်ဖော် ဖြစ်ဖက် ခြောက်ခုရှိလိမ့်မယ်ဆိုတာ မှတ်ရမယ်၊ (မှန်ပါဘုရား)။ ခြောက်ခုရှိတယ်မှတ်လိုက်တော့ ဝေဒနာ ချန် လှပ်ပြီး ကျန်တဲ့ငါးခုက စေတသိက်၊ ငါးခုက ဓမ္မာနုပဿနာ ဖြစ်ရမယ်....၊ (မှန်ပါ)၊ ဝေဒနာနဲ့သဟဇာတဖြစ်နေတဲ့ စိတ်က စိတ္တာနုပဿနာ ဖြစ်ရမယ်။

ဒါဖြင့်—ဝေဒနာရှုရင် ဝေဒနာနုပဿနာ, ဓမ္မာနုပဿနာ, စိတ္တာနုပဿနာသုံးခုပါတယ်လို့ ဒကာ-ဒကာမတွေက စာသမား သရုပ်သမားများမှာ ကိုထွန်းဦး, ဒါမှတ်ထားရမယ်၊မမှတ်ထိုက် ဘူးလား? (မှတ်ထိုက်ပါတယ်ဘုရား)။ ခွဲလို့ရရဲ့လား?(မရပါ ဘုရား)။ မရတော့ သတိပဋ္ဌာန်လေးပါးမှာ သုံးပါး တပြိုင်နက် ပြီးတဲ့တရားဟာ ဝေဒနာနုပဿနာဘဲလို့ မှတ်ရပါမှာပေါ့ဗျာ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ·ဒကာမတို့ သုခဝေဒနာ, ဒုက္ခ ဝေဒနာ,ဥပေက္ခာဝေဒနာလို့ ခန္ဓာကိုယ်မှာ ဝေဒနာက္ခန္ဓာလို့ ဘုရားက ဟောတာ၊ ဝေဒနာအစုကြီးလို့ ဟောတာ။ သုခ ဝေဒနာ ပေါ်တဲ့အခါ၊ ကျန်-ဝေဒနာနှစ်ပါး မရှိဘူးလို့ မှတ် ထားရမယ်။ ဒုက္ခဝေဒနာပေါ်တဲ့အခါ ကျန်-ဝေဒနာနှစ်ပါး မရှိဘူး။ ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါ ကျန်-ဝေဒနာနှစ်ပါး မရှိပါဘူး။

ဪ—ဒါဖြင့် ဝေဒနာက္ခန္ဓာတော့ ဝေဒနာက္ခန္ဓာဘဲ။ ဒီ-ဝေဒနာသုံးမျိုးဟာ အလှည့်အပတ်နဲ့ အမြဲဒကာ-ဒကာမတွေ့ သဏ္ဍာန်၌ ကိန်းအောင်းနေတာဘဲဆိုတာတော့ မှတ်ထားပေါ့၊ (မှန်ပါဘုရား)၊ ဝေဒနာ ဘယ်အချိန်ကင်းသတုံးလို့ မေးရင် ဘယ့်နှယ်ဖြေမတုံး....(ဘယ်အချိန်မှ မကင်းပါဘုရား)။

ကောင်းပြီ၊ ဝေဒနာသုံးခု တခုခုကတော့ရှိတယ်လို့ ဒကာ ဒကာမတွေ့ မှတ်ထားပါ၊သဘောပါကျပြီလား?(မှန်ပါဘုရား) ဒါဖြင့် - ဒီဝေဒနာကို ရှုရတော့မယ်ဆိုတာတော့ အဲ—ဝေဒနာ ရှုခိုင်းငြားသော်လည်း၊ဒကာ-ဒကာမတို့ ဝေဒနာ၏အသက်တမ်း ကို ရှေးဦးစွာ သိနှင့်ဘို့ အရေးကြီးတယ်လို့ မှတ်ထားရမယ်၊ (မှန်ပါ ဘုရား)၊ ဝေဒနာ၏အသက်တမ်းဟာ ဒကာ-ဒကာမတို့ စိတ္တယမိုက်အလို ပြောရမယ်ဆိုရင် တစ်နဲ့ နှစ်ဘဲ၊ အဖြစ်နဲ့ အပျက်ဘဲရှိတယ်လို့ မှတ်ထားရမယ်....(မှန်ပါ )။ သုခဝေဒနာ၏ အသက်တမ်းသည် တစ်နဲ့ နှစ်ဘဲရှိတယ်၊(မှန်ပါဘုရား)။တစ်မှာ ဖြစ်တယ်၊ နှစ်မှာပျက်တယ်။

ဒကာ-ဒကာမတို့ ခင်ဗျားတို့ခန္ဓာပေါ်မှာပေါ်တဲ့ အသက် တမ်းသည် တစ်နဲ့ နှစ်ဘဲ....(မှန်ပါ )။ တစ်မှာ ဘာတုံး.... (ဖြစ်တယ်ဘုရား)၊ နှစ်မှာ....(ပျက်တယ်ဘုရား)။ ဪ—ဖြစ် ပျက်ဘဲရှိတယ်၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ယားတာတွေ ပေါ်လာရင် ယားတဲ့နေရာလေး စိုက်ကြည့်၊ တော်တော်ကြာ ယားတာလေးကဖြစ်ပြီးပျက်သွားတာဘဲ၊မရှိတော့ဘူး၊မရှိတော့ ဘူးလို့ မသိပေဘူးလား? (သိပါတယ်ဘုရား)။

အဲဒီတော့မရှိတာသည် ဒကာ-ဒကာမတို့ အနိစ္စလို့ မှတ်ထား၊ သိတာသည် မဂ္ဂ-လို့ မှတ်ထား။ မရှိတာ ဘာပါ လိမ့်....(အနိစ္စ ပါ ဘုရား)၊ သိတာက....(မဂ္ဂ-ပါ ဘုရား)။

ဩော်—ဒါဖြင့် ဒကာ-ဒကာမတို့ မရှိတာ-အနိစ္စ၊ သိတာက မဂ္ဂဆိုတာလေး ရှေးဦးစွာမှတ်ထားတော့၊ ဝေဒနာရှုဆိုတာက ဒကာ-ဒကာမတွေ နာမည်တတ်လိုက်တာပါ....(မှန်ပါ)၊ ရှုရ မှာက အနိစ္စရှုရမှာ၊ ဝေဒနာရှုလို့ ဆိုတာက ဘယ်သူသေတုံးလို့ မေးတဲ့ အခါကြလို့ ရှိရင်ဖြင့် နာမည်လေး ထုတ်ဖေါ်ပြောမှ သာလျှင် သေတဲ့ဝတ္ထု ထင်ရှားတယ်။

ဒါကြောင့် ဝေဒနာရှုလို့ ဆိုတာ ဝေဒနာရှုခိုင်းတာ မဟုတ် ဘူး၊ ဖြစ်ပျက်ကို ရှုခိုင်းတာ....(မှန်ပါ)၊ သဘောကျပြီလား ?၊ (ကျပါ တယ်ဘုရား)၊ ဘာ-အရှုခိုင်းတာတုံး.... (ဖြစ်ပျက် အရှု ခိုင်းတာပါ ဘုရား)၊ ဖြစ်ပျက်ကိုအရှုခိုင်းတယ်လို့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက မှတ်ထားတော့။ ဝေဒနာနုပဿနာဆိုပေ မဲ့လဲ ဖြစ်ပျက်ရှုရတာကို ဦးချစ်ခဲ့တို့က မှတ်ထားကြ၊(မှန်ပါ) ဘယ့်နှယ်ကြောင့် ဝေဒနာနုပဿနာ ဆိုပြီး အရှင်ဘုရားက ဖြစ်ပျက်ရှုခိုင်းရသတုံးလို့ မေးခွန်းထုတ်လို့ ရှိရင်ဖြင့် ရှင်းသထက် ရှင်းအောင် ယနေ့ ဒကာ-ဒကာမတွေ ပြောပြမယ်နော်။ ရှင်း သထက် ရှင်းအောင် ပြောပြမယ်ဆိုတော့ ဝေဒနာက ကိုယ်ပေါ် မှာ၊ ဥပမာ—သုခဝေဒနာဆိုတော့ ချမ်းသာတာ ကိုယ်ပေါ်မှာ ပေါ်တယ်ထားလိုယ်ပါတော့၊ ကိုယ်ပေါ်မှာပေါ်တဲ့ ဝေဒနာဘဲ မှတ်လိုက်ပါ တော့။

အင်း—ကိုယ်ပေါ်မှာပေါ်နေတုံး ဝမ်းထဲမှာ ရှုတဲ့စိတ်က မပေါ်နိုင်ဘူး။ ဒါက-ကာယဒွါရ, ဒါက-မနောဒွါရ....(တင်ပါ)

ရှင်းကြပြီလား? (ရှင်းပါတယ်ဘုရား)။ သုခဝေဒနာက ဘာ ဒွါရမှာ ပေါ်တာတုံး....(ကာယဒွါရမှာပါဘုရား)၊ ကာယဒွါရ ဆိုရင် ဒကာ-ဒကာမတွေ မသိဘဲနေမှာစိုးတယ်။ ကိုယ်ပေါ်မှာ ပေါ်တယ်၊ ရှုရတာက ဉာဏ်ထဲက၊ ဝမ်းထဲကနေပြီး ဟဒယဝတ္ထု ပေါ်မှာ ရှုရတာက ဉာဏ်ထဲက၊ ဝမ်းထဲက နေပြီး ဟဒယဝတ္ထုပေါ်ကနေ ရှုရတော့ သူရှိတုံးကို ရှုတဲ့ဉာဏ် ပေါ် သလား?၊ သူ-မရှိမှ ရှုတဲ့ဉာဏ်ပေါ်သလားဆိုတာတွေ ကြည့် ပေါ့ဗျာ....(သူ-မရှိမှ ရှုတဲ့ဉာဏ်ပေါ်ပါတယ်ဘုရား)။ သူ-မရှိမှ ဉာဏ်ပေါ်တယ်ဆိုသဖြင့်၊ဩဝါဒါကြောင့်မရှိတာအရှုခိုင်းတာ၊ ဘာ-အရှုခိုင်းတာတုံး....(မရှိတာအရှုခိုင်းတာပါဘုရား)၊

ဩဝါဒ—ဒါဖြင့် မရှိတာက-အနိစ္စ၊ မရှိမှန်းသိတာက-မဂ္ဂ၊ ဒါ-မှတ်ထားပါ။ မရှိတာက ဘာတဲ့....(အနိစ္စပါဘုရား)၊ မရှိမှန်း သိတာက....(မဂ္ဂပါ ဘုရား)။ ဩဝါဒ-ဒါဖြင့် ဒကာ-ဒကာမတို့ မရှိတာက-အနိစ္စ၊ မရှိမှန်းသိတာက-မဂ္ဂ ဆိုတော့ မရှိတဲ့အချိန်မှ ဒီကရှုရသည်ဖြစ်လေသောကြောင့် ဝေဒနာတွေ့သလား? မရှိ တာ တွေ့သလားလို့ ထောက်ကြည့်၊(မရှိတာတွေ့ပါတယ်ဘုရား) ဒါဖြင့် ဝေဒနာနုပဿနာဆိုတာ သက်သက်ဆိုင်းဘုတ်ဆွဲတာဘဲ (မှန်ပါ)၊ အနိစ္စ-ရှုခိုင်းတာဘဲ။ ဖြစ်ပြီးပျက်သွားတာ အနိစ္စ ရှုခိုင်းတာဘဲဆိုတာကျေနပ်ပြီလား?(ကျေနပ်ပါတယ်ဘုရား)။

ဒီကနေ့ ဒကာ-ဒကာမတို့ ဒါ ဘာဟောချင်လို့တုံးဆိုတော့ ဝိဝေကဌာကို ဟောချင်လို့ ဒီဥစ္စာ စတာ....(မှန်ပါဘုရား)။ ဝိဝေကဌာ နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘောသည်ငှင်း၊ ဒီနေ့ ဟောရမှာက နှောင့်ရှက်တာတွေ ပြရဦးမယ်။ နှောင့်ရှက်

တာတွေပြတော့မှ သူက-ဒီ ဆိတ်ကင်းတာတွေပေါ်လာမယ်.... (မှန်ပါ ဘုရား)၊ နှောင့်ရှက်တာမရှိတော့၊ ဆိတ်သုဉ်းကင်းရှင်းသွားပြီ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့်–ဝိပဿနာရှုတာသည် ဒကာ-ဒကာမတို့ နှောင့်ရှက်တာ အရှုခိုင်းတာလို့ မှတ်လိုက်....(တင်ပါဘုရား)။ ဝိပဿနာ အရှုခိုင်းတာ ဘာပါလိမ့် ... ( နှောင့်ရှက်တာ အရှုခိုင်းတာပါဘုရား)၊ ဟုတ်သွားဘဲ၊ ဘယ်အချိန်ဘဲ ဘုန်းကြီးက ဉာဏ်ပေးပြီးသကာလ အရှုခိုင်း-ခိုင်း ခင်ဗျားတို့ဉာဏ်မှာဖြင့် ဟိုနေရာကြည့်လိုက်လဲ ဖြစ်ပြီး ပျက်သွားတာတွေ့တာဘဲ။ ဒီနေရာ ကြည့်လိုက်ကော....(ဖြစ်ပြီး ပျက်သွားတာ တွေ့မှာပါဘုရား)။ ကြည့်ချင်တဲ့ဆီကြည့် ဘာတွေ တွေ့မလဲ....(ဖြစ်ပျက်တွေ တွေ့မှာပါဘုရား)။

ဒါဖြင့်–ဉာဏ်ထဲမှာ အမြဲတမ်း ဖြစ်ပျက် တည်းဟူသော အနှောင့်အရှက်တွေ အမြဲမြင်မနေဘူးလား ? ( မြင်ရပါတယ်ဘုရား)၊ ဒါဖြင့်–ဒါ နှောင့်ရှက်ခြင်း ကင်းတယ်လို့ ဆိုမလား?၊ မကင်းဘူးလို့ ဆိုကြမလား? (မကင်းဘူးလို့ ဆိုရမှာပါဘုရား)၊ မကင်းသေးဘူး။ မကင်းသေးတော့ ဒီအလုပ်သည် လုံ့လ ဗျာပါဒ စိုက်ရတဲ့အလုပ်၊ သဘောကျပြီလား? (ကျပါတယ်ဘုရား) လုံ့လ ဗျာပါဒစိုက်ရတဲ့အလုပ် ဆိုလို့ရှိရင် ခင်ဗျားတို့ မသိမှာစိုးတဲ့အတွက် သမ္မာသင်္ကပ္ပဆိုတာ ကြံရတယ်၊ သမ္မာဒိဋ္ဌိဆိုတာ မြင်ရတယ်။ ကြံရတယ်၊ သိရတယ်ဆိုတော့ ကြံတဲ့အလုပ်ဟာလဲ အားစိုက်တဲ့အလုပ်ဘဲဆိုရင် လွဲကြမလား? (မလွဲပါဘုရား)။

ဒါဖြင့်—ဒီဥစ္စာသည် ကိုယ်၏အဖြစ်အပျက်ကို အန္တရာယ်၏ အဖြစ်အပျက်ကို အမြဲကြည့်ပြီးသကာလ နေရတော့ သတိကလဲ ထားလိုက်ရတဲ့ဖြစ်ခြင်း မပြောပါနဲ့တော့။ ဝိရိယကလဲ စိုက် လိုက်ရတဲ့ဖြစ်ခြင်း မပြောနဲ့တော့ ဖြစ်ပျက်မြင်အောင်(မှန်ပါ့)၊ မဟုတ်ဘူးလား....(မှန်ပါ)။ သမာဓိကလဲ တည်ကြည်ရတဲ့ ဖြစ် ခြင်း၊ ဘယ်မှ မရွေ့ရအောင် ဖြစ်ပျက်ဆီချည်း တည့်နေရအောင် အမြဲတမ်း ဂရုမစိုက်ရဘူးလား? (စိုက်ရပါတယ်ဘုရား)။

ဒါဖြင့်—ဒီဥစ္စာ အားစိုက်နေရတဲ့အလုပ် မဟုတ်လား....?၊ (မှန်ပါဘုရား)၊ ဒီက ဖြစ်ပျက်ကို ဒီက-အားစိုက်ရတယ်၊သဘော ကျပြီလား? (မှန်ပါ ဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ ပင်ပန်းသလား, ဆင်းရဲသလားလို့ ဆိုတာ ခင်ဗျားတို့ကို မေးကြည့်ရင်....(ပင်ပန်းပါတယ်ဘုရား)၊ ဩော်---ခင်ဗျားတို့ နိဗ္ဗာန်ရောက်ဘို့ရာ အလုပ်သည်ကားလို့ ဆိုလို့ရှိရင် ပင်ပန်းခံမှ ရောက်တယ်....(မှန်ပါဘုရား)။ ပင်ပန်း မခံခဲ့သော် မရောက်ပါဘူး။ ဒါဖြင့်-နိဗ္ဗာန်ရောက်တော့ ဒီလို ပင်ပန်းနေဒုံးမှာလားလို့ မေးခွန်းထုတ်ရလိမ့်မယ်။

ဩော်—မပင်ပန်းပါဘူး လို့ ကိုထွန်းဦး-ဖြေရလိမ့်မယ်....၊ (မှန်ပါဘုရား)၊ မဖြေထိုက်ပေဘူးလား? (ဖြေထိုက်ပါတယ် ဘုရား)။ ဒါဖြင့်-ဒီနေရာမှာ အာ့ အလုပ်လုပ်နေရတာဖြင့် ရှုပ် ရှက်ခတ်နေရတာဘဲ....(မှန်ပါဘုရား)။ နိဗ္ဗာန် ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ရှုပ်ရှက်ခတ်တာ မြင်ရသလားတဲ့၊ ငြိမ်းချမ်းတာ မြင်ရသလား? (ငြိမ်းချမ်းတာ မြင်ရပါတယ်ဘုရား)။

ဒါဖြင့်-နှောင့်ရှက်ခြင်းမှ ဆိတ်သုဉ်းခြင်းမှ ကင်းတဲ့ နိဗ္ဗာန်ကို ပြချင်လို့ရှိရင် ရုပ်ရှက်ခတ်တာက စ,ပြရမယ်....(မှန်ပါ)၊ ဒါမှ ကင်းတာသိမယ်၊ သဘောကျပြီလား? (တင်ပါဘုရား)၊ရုပ်ရှက် ခတ်တာ ပြမှသာလျှင် ဘာ-သိမလဲ ဒကာ-ဒကာမတို့....(ကင်း တာ သိမယ်ဘုရား)။

အမှိုက်ပုံကြီး အိမ်ဝင်းထဲမှာ ဟိုနေရာ အစအန၊ ဒီနေရာ အစအန၊ အမှိုက်တွေက ရှုပ်ရှက်ခတ်နေတာကို မနက်မိုးလင်းရင် မြင်ရတယ်....(မှန်ပါဘုရား)၊ ရန်ကုန်မှာဖြင့် မြူနီစီပါယ်က လာပြီးသကာလ ကြုံးပြီး ရှင်းလင်းသွားတဲ့အခါကျလို့ရှိရင်ဖြင့် ရှင်းသွားပြီဆိုတဲ့ စကားသည် ဘယ်ကလာတာတုံးလို့ မေးလို့ ရှိရင်ဖြင့် ရှုပ်ရာက လာတာ၊ မဆိုနိုင်ဘူးလား ? (ဆိုနိုင်ပါတယ် ဘုရား)။

ကြုံးသွားပြီ ဆိုတဲ့စကား ဘယ်က လာတာတုံး....(ရှုပ်ရာက လာတာပါဘုရား)၊ ဒါဖြင့် ဒကာ-ဒကာမတို့ သုံးဆယ့်တဘုံ အရှုပ် ကို တကယ်မုန်းလို့ ရှိတဲ့ပုဂ္ဂိုလ်မှ အရှင်းရောက်မယ်....(တင်ပါ ဘုရား)၊ အရှုပ်တွေထဲမှာဘဲ ပျော်ပိုက်နေသေးတယ်ဆိုတာ မြေ စိတ်ပေါက်လို့ဘဲ၊ တိရစ္ဆာန်စိတ်ပေါက်လို့ဘဲလို့ မဆိုနိုင်ဘူး လား....? (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ နိဗ္ဗာန် ဆိုတာသည် ဘယ်အသွားပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ရုပ်ရှက် ခတ်ခြင်းမှ ရှင်းလင်းတဲ့နေရာကို နိဗ္ဗာန်လို့ဆိုတယ်။ ဒါလေး သေသေချာချာမှတ်ထား။ ဒကာ-ဒကာမတို့ ရုပ်ရှက်ခတ်ခြင်းမှ ရှင်းလင်းတဲ့နေရာကို နိဗ္ဗာန်လို့မှတ်ထားရမယ်၊ အားလုံးရှင်း သွားတာဘဲ။

ကိုင်း—ဒကာ, ဒကာမတို့ ဝိပဿနာလုပ်တာတောင်မှ ဖြစ်ပျက်တွေ ဖြစ်ပျက်တွေဟာ ဉာဏ်အောက်မှာ ဦးချစ်ခ, ရုပ်နေတာဘဲ....(တင်ပါ)။ ဝိပဿနာလုပ်နေတာဟာ ရုပ်ရှက်ခတ်တာကို ကြည့်ခိုင်းနေတာ....(တင်ပါဘုရား)၊ ရုပ်ရှက်ခတ်တာတွေ မကြည့်ချင်တော့ပါဘူး၊ ရုပ်ရှက်ခတ်တာတွေဟာ ဒုက္ခအကြည့်ခိုင်းနေတာ.... (တင်ပါဘုရား)။ ရုပ်ရှက်ခတ်တာတွေ မကြည့်ချင်တော့ပါဘူး၊ ရုပ်ရှက်ခတ်တာတွေဟာ ဒုက္ခအကြည့်ခိုင်းတာဘဲ ဆိုရင် ရှင်းမလား, မရှင်းဘူးလား?(ရှင်းပါတယ်ဘုရား)။

ရှင်းသွားတဲ့အခါ ကျလို့ ရှိရင် ဩော်-နိဗ္ဗာန်ဆိုတာ အရှင်းဓာတ်၊အလင်းဓါတ်သဘောကျကြပြီလား?(ကျပါတယ်ဘုရား) နိဗ္ဗာန်ဆိုတာ ဘာဓါတ်ပါလိမ့် (အရှင်းဓါတ် အလင်းဓာတ်ပါဘုရား)အရှင်းဓါတ် အလင်းဓါတ်ဘဲဆိုတဲ့ဥစ္စာသည်ဒကာ-ဒကာမတို့သေသေချာချာ မှတ်ထားလော့။ရုပ်ရှက်ခတ်တာ မသိဘဲနဲ့ ရှင်းတယ် လင်းတယ်ဆိုတဲ့ စကားသည်၊ ဦးဝကြီး မထွက်နိုင်ဘူးဗျ.... (မှန်ပါ ဘုရား)။ အရုပ်မြင်မှ ဘာတုံး....(အရှင်းပါဘုရား)။

အဲဒါက အရှင်းကို၊ ဟိုဟာက အရုပ်ကိုဆိုတာ ခင်ဗျားတို့ ချိန်ဆနိုင်တယ်ဆိုတာ သဘောကျပြီလား?(ကျပါတယ်ဘုရား) အခု-ခင်ဗျားတို့ ဒကာ-ဒကာမတွေ ဘုန်းကြီး ဟောရမှာဖြင့် ခင်ဗျားတို့ ရုပ်ထားတာတွေ ခင်ဗျားတို့ကလဲ ရုပ်ထားမှန်းက မသိ....(မှန်ပါဘုရား)။

မသိတော့ကို ခင်ဗျားတို့ရုပ်ထားတာက အရင်ပြောရမယ်၊ သဘောကျပြီလား? (တင်ပါဘုရား)။ ခင်ဗျားတို့ ရုပ်ထားတာ

တွေကို အရင်ပြောရလိမ့်မယ်။ နိဗ္ဗာန်ဆိုတဲ့သဘောက ခင်ဗျားတို့ ရှုပ်ထားတဲ့ အရှုပ်မျိုး မရှိဘူးဆိုတဲ့ ဥစ္စာကို ဖေါ်ပြောရမယ်။

ဒါကြောင့် ဝိပဿနာဉာဏ်က စ,နေတယ်၊ ဦးချစ်ခ, မှတ်ရမယ်။ ခု-ဘာက စ,နေတုန်း....(ဝိပဿနာဉာဏ်က စ,ပါတယ် ဘုရား)၊ဝိပဿနာဉာဏ်က ,စ,တော့ အရှုပ်တွေတော့ ဝေဒနာတွေ ပေါ်ကြမှာဘဲ။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ သုခဝေဒနာ အကြည့်ခိုင်းသလား? ဖြစ်ပျက်ကို အကြည့်ခိုင်းတာလား....? (ဖြစ်ပျက်ကို အကြည့်ခိုင်းတာပါ ဘုရား) သုခဝေဒနာဆိုတော့ ပေါ်တာက သုခဝေဒနာ အမှန်ပါဘဲ။ ကြည့်တဲ့အချိန်မှာ သုခဝေဒနာ မတွေ့ဘူး၊ ရှင်းကြရဲ့လား? (ရှင်းပါတယ်ဘုရား)၊ ပေါ်တာက ဘာပေါ်တုံး....(သုခဝေဒနာပါဘုရား)၊ အကြောင်းတိုက်ဆိုင်တော့ သုခဝေဒနာပေါ်တယ်။ ကြည့်တော့ သုခဝေဒနာ တွေ့သလား၊ အနိစ္စတွေ့သလား....(အနိစ္စတွေ့ပါတယ်ဘုရား)။

ဖြစ်ပြီး မရှိတာ တွေ့တယ်....(မှန်ပါဘုရား)၊ ဘာတွေ တွေ့ကြပါလိမ့်....(ဖြစ်ပြီး မရှိတာ တွေ့ပါတယ်ဘုရား)၊ ဖြစ်ပြီး မရှိတာ တွေ့တော့ ဖြစ်-ဖြစ်ပြီး မရှိတာကို "ဟုတွာ ဝါအဘာဝဋ္ဌေန အနိစ္စံ" လို့ ပြောဆိုကြတဲ့အတိုင်း၊ အဲ—အနိစ္စတွေ့တာဘဲ၊ သဘောကျပြီလား....(မှန်ပါ)။ အနိစ္စ-ဆိုတာ ဘာတုံးဆိုတော့ မြန်မာလို ပြောကြတော့ အခုမေ့း, အခုသေတာကို ပြတာ၊ သဘောကျပြီလား....(မှန်ပါ)။

အဲဒီတော့ ဒါသည် ခန္ဓာကိုယ်ထဲမှာ ကြည့်လိုက်တော့ ဝေဒနာတွေဟာ အခုမွေး၊ အခုသေတွေကြီး၊ ကိုထွန်းဦး တို့ ဦးဘကြည်တို့မတွေ့ရဘူးလား၊(တွေ့ရပါတယ်ဘုရား)၊အဲဒီတော့ ဉာဏ်ထဲ ဘယ်နှယ်နေတုံး....(ရှုပ်နေတယ်ဘုရား)၊ ရှုပ်နေတာ ဘယ်လိုကြည့်လိုက် ကြည့်လိုက် ဒါမျိုးချည်းတွေ့နေမယ်(မှန်ပါ ဘုရား)။ ဝိပဿနာ အပါးဝလာတော့ ဝိပဿနာဉာဏ် စိပ်လေ လေ ဖြစ်ပျက်အရှုပ်အထွေးတွေက များလေလေ၊ မလာပေဘူး လား၊ (လာပါတယ်ဘုရား)၊

အဲဒါသည် ဒကာ-ဒကာမတို့ ဒါ-ရှုပ်နေတဲ့ဘဘောကို ပြတာ ဘဲ။ နိဗ္ဗာန်သည်သာ ဒီလိုရှုပ်နေလို့ရှိရင်ဖြင့် ဒကာ-ဒကာမတို့ စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ချမ်းသာခြင်းဆိုတဲ့ လောကီအပြော မျိုး ရှိနိုင်ပါမလား?(မရှိနိုင်ပါဘုရား)။ ဒါဖြင့်နိဗ္ဗာန်သည်ကား လို့ဆိုလျှင် ဤကဲ့သို့ အဖြစ်အပျက်မရှိဘူးလို့ မှတ်ရလိမ့်မယ်.... (မှန်ပါဘုရား) နိဗ္ဗာန်ဟာ ဖြစ်ပျက်ရှိပါ သလား(မရှိပါဘုရား)။

ဒကာ-ဒကာမတို့ ဖြစ်ပျက်မရှိတော့ ဘာရှိမှာတုံးလို့ မေးရ လိမ့်မယ်၊ ဖြစ်ပျက်ဆိုတာ အရှုပ်တော်ပုံလို့ မှတ်ထားရမယ်။ ဖြစ်ပျက်ဟာ ဘာပါ လိမ့်....(အရှုပ်တော်ပုံပါ ဘုရား)၊ အရှုပ် တော်ပုံဘဲ၊ ခန္ဓာကိုယ် စိုက်ကြည့်ပါ။

ဒကာ-ဒကာမတို့ သုံးဆဲ့တဘုံကို စိုက်ကြည့်လိုက်၊မွေးလိုက် သေလိုက်၊ မွေးလိုက်သေလိုက် မရှိပေဘူးလား....? (ရှိပါတယ် ဘုရား)။ မိမိခန္ဓာကို ဉာဏ်မျက်လုံး မှန်ပြောင်းနဲ့ လှည့်ကြည့် လိုက်ပြန်တော့လဲ ဘာတွေတွေ့မယ်ထင်တုံး....(ဖြစ်ပျက်တွေ့မယ်

ဘုရား)၊ဖြစ်ပျက်ကြီးလှည့်နေမယ်ဆိုတာ ဦးဘကြည်တို့ စဉ်းစား ကြည့်ကြပေါ့။ ဒို့ခိုင်းတာ အရှုပ်တွေအကြည့်ခိုင်းတာ၊ သဘော ပါရဲ့လား? (ပါ-ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ရှုပ်တာ အကြည့်ခိုင်းတာသည် ဒကာ-ဒကာမတို့ ဘာကြောင့် ဘုရားက ဒီ-ဉာဏ်စဉ် အတက်ခိုင်းရပါ လိမ့်မတုံးလို့ မေးခွန်းထုတ်ခဲ့သည်ရှိသော် ရှုပ်တာသိမှ မင်းတို့ ရှင်းတာကြိုက်မယ်၊ ရှင်းတာကြိုက်တဲ့စိတ် အမှန်ပေါ်မယ်ဆိုပြီး ရှေးဦးစွာ ရှုပ်တာပြရတယ်၊ ရှင်းကြပြီလား? (မှန်ပါဘုရား)၊ ရှုပ်တာကို ဘယ့်နှယ်ကြောင့် ပြကြရပါလိမ့်....(ရှင်းတာကို သိ အောင်လို့ပါဘုရား)။

ဒီ-ခန္ဓာကြီးဟာ ခိုင်တယ်,မြဲတယ်,တည်တံ့တယ်လို့ထင်နေ တော့ ရှုပ်တာတွေတွေ့သေးရဲ့လား? (မတွေ့ပါဘုရား)၊ မတွေ့ တော့ ခင်ဗျားတို့ ဒီ-အရှုပ်မှမသိတဲ့ပုဂ္ဂိုလ်ဟာ အရှင်းနိဗ္ဗာန်ကို ဘယ်လိုအာရုံပြုမလဲ....(မပြုနိုင်ပါဘုရား)၊ ကြိုက်လဲမကြိုက်နိုင် အာရုံလဲ ပြုလို့မရနိုင်။ ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ဆိုတာ ဘယ် သူမှ အိပ်မက်-မမက်ဘူး၊ ယုံပြီလား....? (ယုံပါပြီဘုရား)။

နိဗ္ဗာန်ကို ဒကာ-ဒကာမတို့ အိပ်မက်,မက်ဘူးကြရဲ့လား?၊ (မ,မက်ဘူးပါဘုရား)။ ဒါဖြင့် နိဗ္ဗာန်သည် အိပ်မက်မှမမက်ဘူး ဆိုတာ မသေချာဘူးလား? (သေချာပါတယ်ဘုရား)၊အဲဒီတော့ နိဗ္ဗာန်ကိုမဆိုထားပါနဲ့၊ ကိုယ်ရှုပ်နေတဲ့အရှုပ်တောင်မှ ရှုပ်တယ် လို့ သိတဲ့ဉာဏ် ပေါ်ဘူးရဲ့လားလို့ မေးအုံး။ ကိုယ်ခန္ဓာ အရှုပ်ဘက်က ဖြစ်ပျက်တွေလာတာကော ကင်းရဲ့လား(မကင်း

ပါ ဘုရား)။ နာမ်ဘက်က ဖြစ်ပျက်ကကော….(မကင်းပါဘုရား) မရပ်စဲတော့ အဲဒီ-ရုပ်ရှက်ခတ်တာကို ခင်ဗျားတို့ကလဲမမြင်ဘူး၊ (မှန်ပါဘုရား)။ ဟို-အရှင်းဆိုတဲ့နိဗ္ဗာန် အသာထားစမ်းပါအုံး ကိုထွန်းဦးရာ၊ ရုပ်ရှက်ခတ်တာကို ဘယ့်နှယ်နေတုံး …(မမြင်ပါ ဘုရား)။

အင်း—ဒါဖြင့် ဘာအမြင်ပြမှ နိဗ္ဗာန်ရှင်းမတွေ့တုံး….(ရုပ်ရှက် ခတ်တာပါ ဘုရား)၊ ရုပ်ရှက်ခတ်တာပြမှ ရှင်းတာကို ခင်ဗျားတို့ မြင်ရတော့မယ် (မှန်ပါဘုရား)၊ ရုပ်ရှက်ခတ်တာကို မြင်ရတဲ့ အခါကျလို့ရှိရင် ရုပ်ရှက်ခတ်တာကော မကြိုက်ဘူးဆိုတဲ့ မက် ပေါ်ရမယ်….(မှန်ပါဘုရား)။

ကဲ—ဒါဖြင့် အသေအချာမှတ်ပါ….(မှန်ပါဘုရား)၊ ကိုင်း- ဒါဖြင့် သုခဝေဒနာရှုတော့ ဘာတွေ့ကြတုံး….( ဖြစ် ပျက်ပါ ဘုရား)။ အဲဒါ ရှာတဲ့ပုဂ္ဂိုလ်မှ တွေ့မယ်နော်၊ မရှာတဲ့ပုဂ္ဂိုလ်မှာ မတွေ့ပါဘူး။ မရှာတဲ့ပုဂ္ဂိုလ်မှာ ရှိတာလဲမသိဘူး၊ မရှိတာလဲ မသိဘူး၊ အဲဒီပုဂ္ဂိုလ်က အရှုံးလို့မှတ်ပါ….(မှန်ပါဘုရား)၊ မရှာ တော့ ရှိမှန်းကော သိရဲ့လား? (မသိပါဘုရား)၊ မရှိမှန်းကော (မသိပါ ဘုရား)။

ဒါဖြင့် ရှိ-မရှိမှ မသိတဲ့ပုဂ္ဂိုလ် ဦးချစ်ခတို့ ဘယ်အထဲ သွင်း မှာလဲ….(အရှုံးထဲပါဘုရား)။ အဲ—အဝိဇ္ဇာ အုပ်ချုပ်နေတော့ မောဟမူလ်တွေက ဆိုတဲ့'မောဟတို့သည် ရှိတာလဲမသိဘူး၊ မရှိတာ ကော….(မသိပါဘုရား)။ မသိတာကို ဒကာ-ဒကာမတွေသည် မောဟမူလ်တွေကဆိုတဲ့အတိုင်း မောဟရှုံး, ရှုံးနေတယ်လို့၊ ဦးဝ ဆိုလိုက်စမ်းဗျာ။ (မှန်ပါဘုရား)၊ ဦးခင်မောင် မဆိုထိုက်ဘူး လား? (ဆိုထိုက်ပါတယ်သူရား)။

ဘာပြုလို့တုံးလို့မေးတဲ့အခါကျတော့ သူမျှားသန္တာန်မှာ ရှိတာ, မရှိတာ အလထား၊ ကိုယ့်သန္တာန်မှာ ရှိ-မရှိ ခဏခဏ ရှိ-ရှိပြီး, ပျောက်-ပျောက် သွားတာတွေ၊ ခဏခဏမပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)။ သူတို့တတွေ ထိုကဲ့သို့ပေါ်ငြားသော်လည်း၊ ဦးဘအုန်းက မသိလိုက်ဘူးလားဆိုတော့၊ ကိုကျင်တို့သည် သူတပါးသန္တာန်ကို မရှိဘာ-မသိတာကိစ္စမရှိပါဘူး၊ (တင်ပါဘုရား)၊ ဦးချစ်ခရေ၊ ကိုယ့်သန္တာန်မှာ ဖြစ်ပြီး မရှိတာလေးတွေ မသိလိုက်တော့၊ ဩြော်—ငါအရှူးထ,နေတဲ့အချိန်နဲ့ ကြုံလို့ဘဲလို့သာ ဆုံးဖြတ်ချက်ချပါ၊ မချထိုက်ဘူးလာ....?၊ (ချထိုက်ပါတယ်ဘုရား)၊ မောဟမ္မတ္တက ဗျာ။

မောဟဆိုတာ အရူး၊ မသိတာဟုဘ်လား? မသိရူး-ရူးနေတဲ့အတွက် ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်သွားတဲ့ သုခဝေဒနာလဲ မသိလိုက်၊ ဒုက္ခဝေဒနာကော ...(မသိလိုက်ပါဘုရား)၊

အဲ—ဥပေက္ခာဝေဒနာဖြစ်ပျက်သွားတာကော....(မသိလိုက်ပါဘုရား)၊ ဦးချစ်ခ,မသိလိုက်တာ မဆိုးဘူးလား?(ဆိုးပါတယ်ဘုရား)၊ ခင်ဗျားတို့က မသိလိုက်ငြားသော်လဲ မသိသလိုတော့ဖြင့် အနှိပ်စက်ခံရမယ်....(မှန်ပါဘုရား)၊ မခံရပေဘူးလား?၊ (ခံရပါတယ်ဘုရား) ဦးပေါက်ကျော်, ခံရလိမ့်မယ်(မှန်ပါ)။

ဘယ်လိုခံရမတုံးဆိုတော့ ခင်ဗျားတို့က မသိလိုက်တော့ ဝေဒနာက သူ့ကျေးဇူးပြုစရာရှိတဲ့ဆီ ကျေးဇူးပြုသွားမယ်.... (တင်ပါဘုရား)၊ မပြုပေဘူးလား? (ပြုပါတယ်ဘုရား)၊ဝေဒနာပစ္စယာ တဏှာ....(တင်ပါဘုရား)။ ဒီလို-ကျေးဇူးပြုသွားတယ်၊ ခင်ဗျားတို့က မသိလိုက်ဘူး၊ သူကတော့ တဏှာဖြစ်အောင် ကျေးဇူးပြုတယ်....(တင်ပါဘုရား)။

တဏှာဖြစ်တာလဲ မသိလိုက်ပြန်ဘူးဆိုတော့ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန်ဖြစ်တာလဲ မသိလိုက်ပြန်တော့ ဘဝ။ ဘဝ့ ဟိုဘက်က ဘဝပစ္စယာ ဇာတိကျအောင် ခင်ဗျားတို့တော့ မသိလို့ လုပ်မိပေမဲ့လဲ မသိတော့ မသိလိုက် မသိဘာသာနေကြွား သော်လည်း အဖြစ်မလွတ်ဘူး....(မှန်ပါဘုရား)၊ ဦးသိုက်ကြီး လွတ်ပါမလား? (မလွတ်ပါဘုရား)။

ဒကာ-ဒကာမတွေဘယ်လိုဆိုကြမတုံး....(မလွတ်ပါဘုရား) မသိလိုက်လို့ရှိရင် အဖြစ်လွတ်ပါ့မလား? (မလွတ်ပါဘုရား)၊ မလွတ်တာ ဘာပြုလို့တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ဆိုတာက ဘုရားနဲ့မဆိုင်ဘူး....(မှန်ပါဘုရား)။နောက်ကဘော ဒကာမတွေ ဘုရားနဲ့မဆိုင်ဘူး၊ သူ့သဘောအတိုင်း သူကျေးဇူး ပြုတာ....(တင်ပါဘုရား)။ ဘုရားက မပြုပါနဲ့ဆိုလို့လဲမရဘူး၊ ပြုပါဆိုပြီးတောင်းပန်လို့လဲမရဘူး၊ သူ့သဘောနဲ့ ဓမ္မနိယာမ သဘောဖြစ်နေတာ....(မှန်ပါ ဘုရား)။ ဦးဘအုန်း ကျေနပ်ပြီ လား? (ကျေနပ်ပါတယ်ဘုရား)။ ဘယ်သဘောပါလိမ့်....(ဓမ္မ နိယာမပါဘုရား)။

ဓမ္မနိယာမ သဘောဆိုတော့ အဲဒီ·ဓမ္မနိယာမကို ဘုရားပွင့် လာကတည်းက ဖျက်တယ်၊ ရှင်းပြီလား? (မှန်ပါဘုရား)။အဲဒီ တော့ ဓမ္မနိယာမဖျက်တယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာက ဝိုင်းတတ်တယ်၊ လည်တတ်တယ်ဆိုတဲ့တရားကို ငါဘုရား ပွင့်တဲ့ အခါကျတော့ မင်းတို့သည် အလည်ရပ်အောင် ငါကြိုးစား ပေးပါ့မယ် ဆိုပြီးသကာလ ဝိပဿနာဉာဏ်ကို ဟောရတယ်၊ ရှင်းကြပြီလား? (ရှင်းပါပြီဘုရား)၊ဘာလုပ်ရမလဲ....(ဝိပဿနာ

ဉာဏ်ပါဘုရား)။ ဝိပဿနာဉာဏ်သုပ်တော့ မရှိတာကဘာတုံး အနိစ္စ။ မရှိမှန်းသိတာက-မဂ္ဂ။ မဂ္ဂ ဆိုတော့ကို ဩြော်—ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားပြီ၊ ပြတ်ကဲ့လား....ဦးဘအုန်း (ပြတ်ပါတယ် ဘုရား)။

ဘယ်နေရာကစ ပြတ်သွားပါလိမ့်၊ တဏှာနိရောဓော-တဏှာမလာဘဲနဲ့ ပြတ်တယ်၊ မဂ္ဂက ဖြတ်လိုက်ဘာ၊ ဒကာ-ဒကာမတွေ ဘယ်သူက ဖြတ်လိုက်တယ်(မဂ်ကဖြတ်တယ်ဘုရား)။ မဂ်ကဖြတ်လိုက်တော့ တဏှာလာသေးရဲ့လား? (မလာပါဘုရား)၊တဏှာက ကျေးဇူးပြုမှ ပေါ်မဲ့ ဉပါဒါန်ဆိုတာ တဏှာမပေါ်ရလို့ဘဲ ချုပ်ငြိမ်းတယ်....(တင်ပါ ဘုရား)။ ဟိုဘက် ဘဝတွေ ဆိုတာ လာနိုင်သေးရဲ့လား? (မလာနိုင်ပါဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ သဏ္ဍာန်မှာ ဘုရားပွင့်လာတာက ဒီ-ကျေးဇူး....(တင်ပါဘုရား)၊ ဘုရားမပွင့်ခင်ကတော့ နိယာမ....(မှန်ပါဘုရား)၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ ကောင်းပြီ—ဒါဖြင့် ဒကာ-ဒကာမတို့ ဒီလိုရှင်းလင်းထားတော့ ဘာအကြည့်ခိုင်းတာတုံးဆိုတာကော ရိပ်မိကြပြီလား? (ရိပ်မိပါဘုရား)။

သူတို့၏ မေးတာနဲ့ သေတာ အကြည့်ခိုင်းတာ....(မှန်ပါဘုရား)၊ ဝေဒနာလေးမေးလိုက်၊ဝေဒနာလေးသေလိုက်၊အဲဒါကို ဘုန်းကြီးက အကြည့်ခိုင်းနေတော့ ဉာဏ်မျက်လုံးထဲမှာ ဩြော်ဒို့-အကြည့်ခိုင်းတာသည် ဘာများအကြည့်ခိုင်းတာတုံး အသေရှုပ်ရှက်ခတ်နေတာ အကြည့်ခိုင်းတာ၊ ဘာ အကြည့်ခိုင်းတာတုန်း (အသေရှုပ်ရှက်ခတ်နေတာပါ ဘုရား)၊ရိပ်မိကြပြီလား?၊ (ရိပ်မိပါတယ်ဘုရား)။

ဝိပဿနာရှုဆိုတာ ဒကာ-ဒကာမတို့ အသေ ရှုပ်ရှက်ခတ်နေ ဟာ အထပ်ထပ် အသေတွေရှုပ်ရှက်ခတ်နေတာကို အရှုခိုင်းတာ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)ကြည့်ဖြစ်အောင်ကြည့်စမ်းပါ။

ဒီကနေ့တရားမှာ ခင်ဗျားတို့ ဝိဝေကဌပြောဘာတို့ရဲ့ ဝိဝေကဌ ကို ဒီက စ,ပြီး မပြောလို့ ရှိရင်ဖြင့် ဆိတ်ငြိမ်တာကို မပြနိုင်မှာ ကြောင့် မဆိတ်ငြိမ်တာ အရင်ပြနေရတယ်....(တင်ပါဘုရား)။ မနေ့က တရားနဲ့ တခြားစီနော်....(မှန်ပါ ဘုရား)။ မဆိတ်ငြိမ် တာ ပြနေတယ်....(တင်ပါဘုရား)၊ မဆိတ်ငြိမ်တာ ဆိုတော့ သုခဝေဒနာ ကြည့်လိုက်ပြန်ရော၊ ရှုပ်ရှက်ခတ်သေနေတာဘဲ။

ဒါဖြင့်ဒုက္ခဝေဒနာလေးပေါ် လို့ ကြည့်လိုက်ပြန်ရော၊ ရှုပ်ရှက် ခတ် သေနေတာဘဲ။ ဒုက္ခဝေဒနာလဲ တခုတည်းသေတာမဟုတ် ဘူး။ သူနဲ့ သဟဇာတတွေပါ ရောသေကြတာ....(မှန်ပါဘုရား) ရှုပ်ရှက်ခတ်မနေဘူးလား? (တင်ပါဘုရား)။

ကောင်းပြီ၊ ဥပေက္ခာဝေဒနာ ကြည့်လိုက်စမ်းပါ-ဦးဘကြည် ရာ၊ ဘယ်လိုနေတုံး....(ရှုပ်ရှက်ခတ်နေတာပါဘုရား)၊ သြော်-- ရှုပ်ရှက်ခတ် သေပြန်တဲ့အခါကျတော့ သေတာတွေမြင့်မွေးတာ တွေမြင်၊ ဒါတွေချည့်မြင်နေတော့ ခင်ဗျားတို့ ဉာဏ်သည်ပင် လျှင် ပြောင်းနေတယ်။မပြောင်းပေဘူးလား? (ပြောင်းပါတယ် ဘုရား)။

ဒီ-ရှုပ်ရှက်ခတ်တာချည်း ကြည့်နေရတာဖြင့်ကွာ ကြည့်ကို မကြည့်ချင်ဘူးလို့ ပြောင်းမလား မပြောင်းဘူးလား (ပြောင်း မှာပါဘုရား)ကြည့်ကိုမကြည့်ချင်တော့ဘူးဆိုတော့သူတို့ရှိလျှက်

သားနဲ့ကို မကြည့်ချင်လဲ မနေရဘဲနဲ့ ကြည့်နေရတာတော့ မကြည့်ချင် မြင်ချင်ရဲ့သား ဆိုတဲ့အတိုင်း မုန်းလျက်နဲ့ ပေရှုနေရတယ်၊ သဘောကျပြီလား? (ကျပါပြီဘုရား)။

အဲဒီတော့-ခုနင်က ရုပ်ရှက်ခတ်မြင်တာက ယထာဘူတဉာဏ် ရုပ်ရှက်ခတ်တာတွေမကြည့်ချင်ဘဲနဲ့ ပေကြည့်နေရတာကတော့ ဘာတုံး။ နိဗ္ဗိန္ဒဉာဏ်၊ ရှင်းပြီလား....? (ရှင်းပါတယ်ဘုရား)။ ရုပ်ရှက်ခတ်တာတွေ ရုပ်ရှက်ခတ်တယ်လို့ သိနေတဲ့ဉာဏ်က ဘာဉာဏ်တုံး.... (ယထာဘူတဉာဏ်)။ ယထာဘူတဉာဏ်က မင်္ဂလာပါ၊ ရုပ်ရှက်ခတ်တာကို ကြည့်နေကြ ဖြစ်နေတော့ တကိုယ်လုံး ဉာဏ်နဲ့စိုက်ကြည့်လိုက်တော့ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ ဟာ ခွဲလို့မရတော့ဘူး။

ထိုကဲ့သို့ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ ခွဲလို့မရတော့ ဒကာ-ဒကာမ တွေက ခြေဉ်-ဒီဝင်္ဂ ဘယ်တော့ကျွတ်ပါမတုံး ဆိုတာတွေဟာ လာမလား မလာဘူးလား?(လာပါတယ်ဘုရား)။ ဒါ-ဝိပဿနာ အလုပ်သမားမှ လာမယ်နော်....(မှန်ပါဘုရား)၊ ဒါ စာပြော ရှိပါသေးတယ်....(မှန်ပါဘုရား)။

ဦးချစ်ခ, ရုပ်ရှက်ခတ်တာလဲ မြင်ရပြီ၊ ရုပ်ရှက်ခပ်တာတွေက မျက်စိ ဝိညာဏ်အောက်ကိုဘဲ ရောက်နေတော့ ဦးဘကြည် တို့ ကိုထွန်းဦးတို့ လွှဲလို့ကိုမရဘူး....(မှန်ပါဘုရား)။ ရသေးရဲ့လား၊ (မရပါဘုရား)၊ လွှဲလို့မရတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမတုံး.... (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ရုပ်ရှက်ခတ်တာတွေကို မကြည့်ချင်ဘဲနဲ့ ကြည့်နေရတော့ ရွံမုန်းလျက်နဲ့ ပေကြည့်နေရတယ်၊ သဘော ကြပြီလား?(မှန်ပါဘုရား)၊ ရွံမုန်းလျက်နဲ့ ပေကြည့်နေရတယ် ဆိုရင်ဖြင့်ရုပ်ရှက်ခတ်တာလဲ မိမိခန္ဓာ ရွံမုန်းလျက်နဲ့ ပေကြည့်နေ ရတာလဲ မိမိခန္ဓာ၊ နဂိုရ်က မိမိခန္ဓာပေါ့ဗျာ....(မှန်ပါဘုရား)၊ အခုတော့ဖြင့် မိမိခန္ဓာသာဆိုရတယ် ရုပ်ရှက်ခတ်နေတာရယ် မုန်းစရာကြီးရယ်က မိမိခန္ဓာလို့ မိမိတို့က ထင်တော့ထင်နေတာ၊ ထင်သာထင်ရတယ် မုန်းစရာကြီးပါလားဆိုတာ ဉာဏ်ပြောင်း မသွားဘူးလား၊ သွားသလား? (ပြောင်းပါတယ်ဘုရား)။

ထိုကဲ့သို့ ပြောင်းသွားတော့ နိဗ္ဗိန္ဒဉာဏ် ထိုးတက်သွားတယ်၊ နိဗ္ဗိန္ဒဉာဏ် ထိုးတက်သွားတဲ့အခါ ကြတော့ ဒကာ-ဒကာမတွေ ဝေဒနာသုံးပါးကို ငြီးငွေ့ပေမဲ့ ဘယ်လောက်ဘဲ ငြီးငွေ့ငြီးငွေ့ ငြီးငွေ့တာတွေ သန်လေလေ ကောင်းလေလေဘဲ ကွ....လို့ ဘုရားက ဟောတယ်....(မှန်လှပါဘုရား)။ ငြီးငွေ့တာသန်လေ လေ ကောင်းလေလေဘဲ။ ငြီးငွေ့တာ သန်ရင် မလိုချင်တာ မြင်မှာဘဲကွ၊ လာမလား,မလာဘူးလား? (လာမှာပါဘုရား)။

ဒီ-ငြီးငွေ့တာသန်ရင် ဘာလာမယ်ထင်တုံး....(မလိုချင်တာ လာမယ် ဘုရား)၊ မလိုချင်တာမြင်မှ။ ဒါဖြင့်-ငြီးငွေ့ပေမဲ့လဲ ပေစိုက်ပြီး, ဦးခင်မောင်တို့ ရှုပါ....(တင်ပါဘုရား)။

ဒကာ-ဒကာမတွေ ငြီးငွေ့ပြီးတော့ ဘာလုပ်ရမတုံး ?၊ (ပေ-ရှုရမှာပါဘုရား)။ ငြီးငွေ့ရင်းနဲ့ ပေ စိုက်ပြီးသကာလ ရှုပြီဆိုမှဖြင့် မိမိခန္ဓာလို့ နဂိုရ်က အထိမ်းအမှတ်ထားတဲ့ ဒကာ

ဒကာမတွေ ခြေ်ာ-ဒါကြီးဖြင့် ကံမကောင်း အကြောင်းမသင့် လို့ ဘဝသံသရာက မိုက်မှု မဲမှုတွေ အပြစ်သင့်နေတဲ့ခန္ဓာကြီးလို့ ဆိုတာ ကိုယ့်ဟာကိုယ်မလာပေဘူးလား? (လာပါတယ်ဘုရား) ဘဝသံသရာမှာ အပြစ်ကြီး သင့်ပြီးသကာလ ဝဋ်ပါနေတဲ့ ဝိပါကဒုက္ခသစ္စာဘဲ....(တင်ပါဘုရား) ဝိပါကအကျိုးပေးတယ်၊ (မှန်ပါ)၊ ခဏခဏမွေး, ခဏခဏသေပေါ့ဗျာ။ ဒါ-ဘာသစ္စာ ဖြစ်သွားတုံး....(ဝိပါကဒုက္ခသစ္စာပါဘုရား)။

အင်း—ဝိပါကဒုက္ခသစ္စာဘဲလို့ သိလိုက်တဲ့အခါကျလို့ရှိရင် ဖြင့် ဒုက္ခသစ္စာဟာ ဘယ်လောက်ကလေးမှ သုခ-မပါတော့ဘူး ဒုက္ခအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချတဲ့အချိန်မှာ ဖျတ်ဆို သူ-ချုပ် သွားတာ၊ ရှင်းကြပြီလား? (ရှင်းပါ ပြီဘုရား)။

ဒုက္ခအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချတော့၊ ရှေးက ဖြစ်ပျက်တွေ တွေ့သေးရဲ့လား? (မတွေ့ပါ ဘုရား)။ မတွေ့တော့ ဒီမှာ ဖြစ် ပျက် မရှိတာဘဲကျန်ရစ်တော့တယ်၊ ဘာ-ကျန်ရစ်တုံး(ဖြစ်ပျက် မရှိတာ ကျန်ရစ်တယ်ဘုရား)၊ ဖြစ်ပျက်မရှိတာ ခုနင်က ကြည့်ရ တာ ရှုပ်ရှက်ခတ်သေတာတွေ၊ အခုတော့ ရှုပ်ရှက်ခတ်သေတာ မရှိတော့ သေပွဲကင်းတာ ဒီနေရာကိုးလို့လာမလား, မလာဘူး လား? (လာပါတယ်ဘုရား)။

ကိုင်း—ဒကာ, ဒကာမတို့ ခုနင်က ရှုပ်ရှက်ခတ်တာတွေကို ဒုက္ခအစစ်ဘဲလို့ဘဲ၊ သုခ-နဲနဲမှ မပါပါဘူးလို့ ကိစ္စဉာဏ်နဲ့ ပိုင်းဖြတ်လိုက်ပါ.... (မှန်ပါ ဘုရား)။ ပိုင်းဖြတ် လိုက်သည်နှင့် တပြိုင်နက် ပိုင်းခြားတဲ့ဉာဏ်နဲ့ဆိုရင် မဂ္ဂင်ရှစ်ပါး ပြည့်တယ်၊ (မှန်ပါဘုရား)။

ဒကာ-ဒကာမတို့ မဂ်ချာ ာအမှန်ဘဲ....(မှန်ပါဘုရား)။ ပိုင်းခြားသည်နှင့်တပြိုင်နက်တည်း သူက ဘေးရောက်ပြီးသကာလ နိဗ္ဗာန်က အတည့်လာဖြစ်တယ်၊ ရှင်းပြီလား? (မှန်ပါဘုရား)။ ဒီဉာဏ်နဲ့ နိဗ္ဗာန်နဲ့က အတည့်၊ သူက-ဘေးထွက်တယ်၊ သဘောကျပြီလား....? (တင်ပါဘုရား)။ ဒုက္ခသစ္စာက ဘေးထွက်တယ်နော်....။

နိဗ္ဗာန်က ဘာတုံး....(တည့်ပါတယ်ဘုရား)။ နိဗ္ဗာန်နဲ့တည့်တော့ တည့်တဲ့နေရာ ခင်ဗျားတို့က စိုက်ကြည့်၊ တည့်တဲ့နေရာ စိုက်ကြည့်တော့အရင်လိုရုပ်ရှက်ခတ်သေးရဲ့လား၊ရှင်းပြီလား?၊ (ရှင်းပါတယ်ဘုရား)။ နောက်-ဒကာ-ဒကာမတွေကော....(ရှင်းပါတယ်ဘုရား )။

ဒါ-ခင်ဗျားတို့အားထုတ်ကြည့်ပါ၊ဘုန်းကြီးပြောတဲ့အတိုင်းပေါ်ရမယ်။ ဒါ-ဘုရား၏အားထုတ်စဉ်၊ အရိယာအားလုံးတို့၏အားထုတ်စဉ်....(မှန်ပါဘုရား)၊ ဒါ-နိဗ္ဗာန်....။

ဒကာ-ဒကာမတို့ ခုနင်က ရုပ်ရှက်ခတ်ဘာတွေ ဖျတ်ကနဲပျောက်သွားတာ၊သြော်-မရှိတော့ဘူးလို့ ဒီ-မဂ်ဉာဏ်က မပြောပေဘူးလား? (ပြောပါ တယ်ဘုရား)၊ ရုပ်ရှက်ခတ်တာတွေ မရှိတော့ဘူးလို့ ပြောတာက ဘာတုံး (မဂ်ဉာဏ်ပါဘုရား)။

ကိုယ့်မဂ်ဉာဏ်က ကိုယ်ရှုလို့ ခုနင်က ရုတ်ရှက်ခတ်တာတွေဟာ နဂိုရိုတုံးက ရှိလာခဲ့တာကို မဂ္ဂင်သုံးပါး၊ ငါးပါးနဲ့ကြည့်လိုက်တော့၊ရုပ်ရှက်ခတ်တာတွေဟာ ဒုက္ခအစစ်ဘဲ၊လိုချင်စရာတကွက်မှမရှိဘူးဆိုတော့သူတို့ကဖယ်တယ်၊ပျောက်ကွယ်သွားတယ်

သူတို့နေရာမှာ ဘယ်သူကမှ လာအစားမထိုးဘဲနဲ့ ကွက်လပ်ကြီး ကျန်နေတယ်.... (မှန်ပါဘုရား)။ ဒကာ-ဒကာမတို့ ဘာကျန်နေသလဲ....(ကွက်လပ်ကြီး ကျန်နေပါတယ်ဘုရား)။

ဩြော်—နိဗ္ဗာန်ဆိုတာနှောင့်ရှက်ခြင်းမှဆိတ်ကင်းတဲ့သဘော ဝိဝေကဋ္ဌော - နှောင့်ရှက်ခြင်းမှ ဆိတ်သုဉ်းတယ်၊ ကိလေသာ နှောင့်ရှက်ခြင်းမှဆိတ်ကင်းတယ်။ ဒီ-ဖြစ်ပျက်တွေက ခင်ဗျားတို့ ကိလေသာ မကုန်လို့ရှိရင် ပေါ်ကြဖွံ့းမှာဘဲ....(မှန်ပါဘုရား)၊ ဖြစ်ပျက်ဟာ ဘယ်လိုကြောင့် ပေါ်-ပေါ်နေတာတုံး (ကိလေသာ မကုန်လို့ပါဘုရား)၊ ကိလေသာမကုန်တဲ့ပုဂ္ဂိုလ်မှာ ကိလေသာက အကြောင်း၊သူက အကျိုး (မှန်ပါဘုရား)။

ကိလေသာက ထွက်တဲ့ ကိလေသာရုပ်တွေကို အာသဝေါ၏ အာရုံတွေလို့မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား) သေသေချာချာ နားထောင်နော်၊ ဒကာ ဒကာမတို့ ဒီကနေ့တော့ အထူးတလည် ရှင်းသင်းအောင်ကို ဟောနေရတာ အချုပ်နဲ့အရှင်းကို ဟောနေရတာ၊မနေ့ကတော့ ဝဋ်ကျွတ်ဘို့ ဟောတာ၊ ဒီကနေ့တော့ နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတာကို ဟောတာ....(မှန်ပါဘုရား)။

ကိုင်း—ဒါဖြင့် ရှေးကဖြစ်ပျက်တွေဟာ ခင်ဗျားတို့စိတ်ထဲမှာ အနှောင့်အရှက်ပေးနေတဲ့ တရားတွေဘဲ၊ သဘောကျပြီလား?၊ (ကျပါပြီဘုရား)။ ဖြစ်ပျက်တွေဟာ နဂိုရ်ရှုနေတုံးက ဘာပေးနေတာတုံး....(အနှောင့်အရှက်ပေးနေတာပါဘုရား)၊အနှောင့်အရှက် ပေးနေတော့၊ ဩော်-ဒါတွေကြည့်နေရတာ ဒုက္ခဘဲ။ ဒုက္ခအကြည့်ခိုင်းတာဘဲ။

ဒီ-ခန္ဓာကြီးဟာ အကြီးအကျယ် ဒုက္ခဘဲ၊ လိုချင်စရာ ရချင်စရာ တကွက်မှ မရှိပါကလား၊ အားလုံးကုန် ဒုက္ခကြီးဘဲလို့ ဆိုလိုက်ပါရော၊ ချုပ်ပျောက်သွားတယ်။

အဘယ်ကြောင့် ပျောက်သတုံးလို့မေးတော့၊ ကိလေသာ ပျောက်လို့ သူပျောက်တယ်....(မှန်လှပါဘုရား)၊ ဟုတ်လား?၊ (မှန်လှပါဘုရား)၊ တဏှာနိရောဓော ဒုက္ခနိရောဓော.... (မှန်ပါဘုရား)၊ တဏှာကော မချုပ်ဘူးလား? (ချုပ်ပါတယ်ဘုရား)၊ ဒုက္ခကော.... (ချုပ်ပါတယ်ဘုရား)၊ ချုပ်သွားတော့ တဏှာနိရောဓော ဒုက္ခနိရောဓော-ဆိုသဖြင့် ဒကာ-ဒကာမတို့မဂ်ကနေပြီး ခွါလိုက်တော့ တဏှာက ချုပ်တယ်၊ ဒုက္ခရဲ့ တဏှာအကြောင်း ချုပ်တော့ ဒုက္ခအကျိုးကလဲ ကျန်ရစ်ဘို့ အကြောင်းမရှိဘူး၊ ရှိသေးလား? (မရှိပါဘုရား)၊ မရှိဘူးနော်။

ဒကာ-ဒကာမတို့ သေသေချာချာနားထောင်၊ဒါဖြင့်စာအုပ်ထဲ သွားကြည့်လို့တွေ့မှာမဟုတ်ဘူး....(တင်ပါဘုရား)၊ ဘယ်နည်းနဲ့မှ မတွေ့ဘူး။ ဒီဉစ္စာက အလုပ်စဉ်မှ ရမှာ....(မှန်လှပါဘုရား)၊ အလုပ်စဉ်ဟောတဲ့တရားမှာ ဒကာ ဒကာမတွေ ဒီဉစ္စာတွေ တွေ့ကြုံနိုင်တယ်၊ မြင်နိုင်တယ်။

အဲဒီတော့ အခု-မဂ္ဂင်ရှစ်ပါး ပေါ်တော့မှ ရုပ်ရှက်တာနဲ့ ရုပ်ရှက်ခတ်တာတွေဟာ မရှိတော့ဘူး....(မှန်ပါဘုရား)၊ ဘယ်သူက မြင်နေတာတုံး....(မဂ္ဂင်က မြင်နေတယ်ဘုရား)၊ မဂ္ဂင်က မြင်နေတဲ့အခါကျလို့ရှိရင်ဖြင့် နဂိုရ်က ရှုပ်ထားတာ၊ ဘယ်သူက ရှုပ်ထားတာတုံး၊ ဖြစ်ပျက် ကိလေသာက ရှုပ် ထားတာလို့၊

ကိလေသာက-အကြောင်း၊ ရှုပ်ရှက်ခတ်တာက-အကျိုး၊ သဘော ကျပြီလား? (တင်ပါဘုရား)။ ကိလေသာက ဘာပါလိမ့်.... (အကြောင်းပါ ဘုရား)၊ဖြစ်ပျက်ရှုပ်ရှက်ခတ်နေတာက(အကျိုး ပါ ဘုရား)။

ကောင်းပြီ၊ အဲဒီ ကိလေသာဖြတ်လိုက်သည်နှင့်တပြိုင်နက် တည်း အကြောင်း၊ ယထာဘူတေ နုပဿနဝေဓမ္မေ-ဆိုတဲ့အတိုင်း ခိုင်မြဲတဲ့အကြောင်း အမြစ်ကြီးကို ဖြတ်လိုက်တဲ့ အခါကျတော့ ပင်မ နဲ့ တူတဲ့ ရှုပ်ရှက်ခတ်တာကြီးဟာ ပျောက်ထွက်သွားတယ် သဘောကျပြီလား? (တင်ပါဘုရား)။

အဲဒီတော့ မဂ်သည်ဘာပြုလို့မြင်ရပါလိမ့်မတုံးလို့ မေးခွန်း ထုတ်လျှင် မဂ်ဉာဏ်က ရှင်းတာတွေလို့ ဝိပဿနာဉာဏ်ကတော့ ရှုပ်တာတွေလို့၊ ဩြော်-ဒါဖြင့် ဒကာ-ဒကာမတို့ ဒီဉာဏ်လေး ဟာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များ အထွက်စခမ်း ဘယ်နေရာမှာ သတ်မှာပါ လိမ့်မတုံး၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဖြစ်ပျက် ရှုနေတဲ့ပုဂ္ဂိုလ်....(မှန်လှပါ ဘုရား)၊ စခမ်းဘယ်နေရာမှာ သတ် ပါလိမ့်မလဲဆိုလျှင် ရှုပ်ရှက်ခတ်မတွေ့ရင် စခမ်းသတ်ပြီ၊(မှန်ပါ ဘုရား)။

အင်း—ဒါသည် ဒကာ-ဒကာမတို့ ရှုတ်ရှက်ခတ်မရှိတာ တွေ့ လို့ရှိရင်ဖြင့် ဩြော်—ဒီဉစ္စာ မဂ္ဂင်ရှစ်ပါး ဖြစ်သောကြောင့် သောတာပတ္တိမဂ်လို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီလား? (ရှင်းပါပြီ ဘုရား)။ ဘာမဂ်ပါလိမ့်.... ( သောတာပတ္တိမဂ်ပါ ဘုရား )။ သောတာပတ္တိမဂ်ဆိုတာ မဂ္ဂင်ရှစ်ပါးကိုဆိုတာ၊ သောတာပတ္တိ

မဂ်ဆိုတာကို ခင်ဗျားတို့ စိတ်ကလေးကိုဆိုတာ မဟုတ်ဘူး၊ သူ့အပေါ်မှာ သဟဇာတဖြစ်တဲ့ ရှစ်ပါးကိုဆိုတာ၊ သဘောကျပြီလား? (တင်ပါဘုရား)။

ကောင်းပြီ၊ စိတ်က ကိလေသာဖြတ်တာလား၊ မဂ္ဂင်က ဖြတ်တာလား? (မဂ္ဂင်ကဖြတ်တာပါ ဘုရား)၊ မဂ္ဂင်က ဖြတ်တယ်။ စိတ်က မကင်းရာ မကင်းကြောင်းမို့ ပါလာတာ(မှန်ပါဘုရား) သဟဇာတမို့ ပါလာတာ....(မှန်ပါဘုရား)။

အဲ—သူက ရှစ်ပါးပြည့်တော့ ကိလေသာကို ဖြတ်လိုက်တဲ့အတွက် ရှုပ်ရှက်ခတ်တဲ့ ကိလေသာ၏အကျိုးဆက်၊ ကိလေသာရှုပ်ထားတဲ့ ဖြစ်ပျက်....(မှန်ပါဘုရား)၊သုံးဆယ့်တဘုံမှာကြည့်၊ ကိလေသာ ရှုပ်ထားတာချည်းဘဲ၊ နတ်ဖြစ်နေတော့လဲ ဖြစ်ပျက်ဘဲ။ ဗြဟ္မာဖြစ်နေတော့ကော....(ဖြစ်ပျက်ပါဘုရား)၊ ဘယ်သူရှုပ်တာလဲ....(ကိလေသာပါဘုရား)၊ ကိလေသာ သူ-ဆုတောင်းထားတာကိုး....(မှန်ပါဘုရား)၊ သူက အာရုံပြုလို့ အာသဝေါနယ်က လွတ်ပါရဲ့လား? (မလွတ်ပါဘုရား)။

သုံးဆဲ့တဘုံမှာ ဘယ်သူ ခြယ်လှယ်နေတုံး....(ကိလေသာခြယ်လှယ်ပြီးနေတာပါဘုရား)ကိလေသာခြယ်လှယ်ပြီးသကာလနေတော့ ကိလေသာအတိုင်း ရုပ်နာမ်တွေက မပေါ်ကြရဘူးလား? (ပေါ်ကြပါတယ်ဘုရား)။ ပေါ်တော့ ရုပ်နာမ်တွေဟာ အမြဲနေတဲ့သဘောမျိုး၊ ပင်ကိုက ရှိရဲ့လား? (မရှိပါဘုရား)။ ဘာတွေဖြစ်နေသလဲ....(ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ရှိတာဘဲ။ ဒကာ-ဒကာမတို့ ရိပ်မိကြပြီလား? (ရိပ်မိပါတယ်ဘုရား)။

ကိုင်း—ဖြစ်ပျက်ချည်း ရှိနေတော့ ကိလေသာ မချုပ်လျှင် ဖြစ်ပျက်မချုပ်ဘူး၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ ဒါဖြင့် မင်းက ဒုက္ခသစ္စာဘဲ။ တကိုယ်လုံးဟာ ဒုက္ခသစ္စာ ဖြစ်ပျက်ကြီးဘဲ၊ လိုချင်စရာ, ရချင်စရာ တကွက်မှမရှိပါလားလို့ မဂ်ကလဲ ဒီအသံထွက်လိုက်ပါရော၊လိုချင်တတ်တဲ့တရားငုတ်နေတာတွေက ချုပ်သွားတယ်၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ အနုသယ သဘော ချုပ်သွားတယ်။ ချုပ်သွားတော့ အနုသယ၏အကျိုးဆက်ကော....(ချုပ်သွားပါတယ်ဘုရား)၊ ရှင်းပြီလား?(တင်ပါဘုရား)။

ရှင်းတော့ ဘာဖြစ်သွားတုံးဆိုတော့ နိဗ္ဗာန်စခမ်းက နိဗ္ဗာန်မဂ္ဂသိ-လာဖြစ်တယ်....(မှန်ပါဘုရား)၊ ရှင်းတဲ့နိဗ္ဗာန်သည် မဂ်မဟုတ်လား?(မဂ်ပါဘုရား)။ရှင်းတဲ့နိဗ္ဗာန်သည် ဘာ-ကျေးဇူးပြုသလဲ....(နိဗ္ဗာန်ချမ်းသာ ကျေးဇူးပြုပါတယ်ဘုရား)။

နိဗ္ဗာန-သဒ္ဒါသည် ကင်းငြိမ်းခြင်းမဂ်ကိုဟောတာ၊ ရှင်းခြင်းမဂ်ကိုလဲ ဟောတာနော်။ ဝိဝေကဌာနနဲ့ထောက်လိုက်လို့ရှိရင် နိဗ္ဗာန်ဟာ ရှင်းခြင်း,လင်းခြင်း....(မှန်ပါဘုရား)၊ ဘာရှင်းတာ ဘာ-လင်းတာတုံး၊ တံမြက်စည်းလှည်းထားသလိုလားဆိုတော့ တံမြက်စည်းလှည်းတဲ့ ဥပမာသာ ပြတာပါ၊ အဲဒါ မဟုတ်ပါဘူး၊ ကိလေသာရှုပ်ရှက်ခတ်တာကြီး မရှိတာ(မှန်ပါဘုရား)၊ ပေါ်ကြပြီလား ? (တင်ပါ ဘုရား)။ ဘာ-မရှိတာတုံး....(ကိလေသာ ရှုပ်ရှက်ခတ်ထားတာကြီးပါ ဘုရား)။ ကိလေသာ ရှုပ်ရှက်ခတ်ထားတယ်ဆိုတာ ကိလေသာကအကြောင်း၊ သူက ရှုပ်ရှက်ခတ်ထားတဲ့ ရုပ်နာမ်တွေ ခဏခဏမွေး၊ ခဏခဏသေနေတာ သူ-ရှုပ်ရှက်ခတ်ထားတာ၊ သဘောကြပြီလား? (မှန်ပါဘုရား။)

အဲဒါတွေ ရှိသေးရဲ့လား? (မရှိပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန် ဆိုတဲ့ဥစ္စာ နိဗ္ဗာနသဒ္ဒါ ငြိမ်းခြင်းလို့ဆိုတော့ ရှုပ်ရှက်ခတ်ခြင်းမှ ငြိမ်းတာ၊ ဝိဝေကဋ္ဌ သဒ္ဒါ ဆိတ်သုဉ်းခြင်းဆိုရင် ကိလေသာ ရှုပ်ရှက်ခတ်မှုဆိတ်သုဉ်းခြင်း၊ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ယနေ့ဟောရတဲ့ တရားက ဘာတုံး၊ ဝိဝေကဋ္ဌော-နှောင့်ရှက်ခြင်းမှဆိတ်ကင်းတဲ့ သဘောဟာ နိဗ္ဗာန်....(မှန်ပါဘုရား)။ နိဗ္ဗာန်ဆိုတာ ဘာတုံး၊ (နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောပါဘုရား)။

ဒါဖြင့်-ကိလေသာကနှောင့်ရှက်ထားတာပါ၊(မှန်ပါဘုရား) နဂိုရ်တုံးက သူ-နှောင့်ရှက်ထားတာ။ သူ-အကျိုးဆက်တွေက ဘယ့်နှယ်နေသလဲ....(ရှုပ်နေတယ်ဘုရား)၊ မီးကလေးရှို့ထား တာနဲ့ အခိုးတွေက ကျုပ်တို့မြို့တွေ ရွာတွေပေါ်မှာ အကုန်လုံး အညှော်မှိုင်းတွေ တိုက်တာလို မဖြစ်ပေဘူးလား? (ဖြစ်ပါတယ် ဘုရား)။ မီးရှို့ထားတော့ မီးခိုးတွေဟာ ပြန့်နှံ့ပြီးမနေဘူးလား ဗျာ....(နေပါတယ်ဘုရား)၊ ဒါ-မီးရှို့ထားတာလို့ မဆိုထိုက် ဘူးလား? (ဆိုထိုက်ပါတယ် ဘုရား)၊ ဒီမှာ တဏှာရှုပ်ထား လိုက်တာ ခန္ဓာကိုယ်ထဲ ဖြစ်ပျက်တွေချည်းဖြစ်နေတယ်၊ (မှန်ပါ ဘုရား)။ ဘယ်သူ ရှုပ်ထားတာတုံး....(တဏှာရှုပ်ထားတာပါ ဘုရား)။

ကိုင်း—တဏှာချုပ်လိုက်လျှင် တဏှာကို မဂ်က သတ်လိုက် သည်နှင့်တပြိုင်နက်တည်း၊မီးငြိမ်းလိုက်သည်နှင့်တပြိုင်နက်တည်း မီးအခိုးဟာ ပျောက်ရတာဘဲ.... (မှန်ပါ ဘုရား)၊ အဲဒီတော့-

ကောင်းကင်တပြင်လုံး ဘာဖြစ်သွားသလဲ....(မီးခိုးပျောက်သွားပါတယ်ဘုရား)၊ ဩော်-ခုမှဘဲ မီးသေလို့ ရှင်းပေတော့တယ်လို့ သူကမသိဘူးလား, သိသလား? (သိပါတယ်ဘုရား)။

ဒါဖြင့်-ရှင်းတာသည် နိဗ္ဗာန်၊ အရှင်းမြင်တာသည့်မဂ်ဉာဏ်၊ ရှင်းတာက နိဗ္ဗာန်၊ အရှင်းမြင်တာက မဂ်ဉာဏ်။ ဒီလိုပွားရမယ်၊ ပွားတော့ ပေါ်လာပြီ။ ဒကာ-ဒကာမတို့ ဒီတရားမျိုးကတော့ ဒီလိုဟောမှဘဲရမယ်....(တင်ပါ ဘုရား)၊ ဒီလိုဘဲ၊ ဟောလို့ကလဲ မလွယ်လှဘူး....(မှန်ပါဘုရား)။

အဲဒီတော့ ရှင်းတာကနိဗ္ဗာန်၊ ဟောဒီတော့ မဂ်ဉာဏ်ဆိုတာ ဟိုက အစဉ်တက်လာမှဖြစ်မယ်....(တင်ပါဘုရား)။ ကိလေသာ ကြမ်းတမ်းလာလဲ သိ၊ ကိလေသာ အနုစားလာလဲ သိအုံးမှ.... (မှန်ပါဘုရား)၊ ရှုပ်ရှက်ခတ်တာ ရှင်းတဲ့အခါ ဘယ်အချိန် ရှင်းမှာတုံးဆိုတော့ ဒုက္ခပိုင်းခြားနိုင်တဲ့ ဉာဏ်သာမှ သူ-ရှင်းမယ်၊ သဘောကျပြီလား? (တင်ပါဘုရား)။

အဲဒီတော့ ပဋ္ဌာန်းပါဠိတော်၌ကြည့်ကြည့်, ဘယ်ပါဠိတော်၌ ကြည့်ကြည့်။ နိဗ္ဗာန်မဂ္ဂဿ-လာမှာဘဲ.... (မှန်ပါဘုရား)၊ သူ-ချုပ်သော် သူလာမယ်၊ နိဗ္ဗာန်ဖလဿ-လာမှာဘဲ(မှန်ပါဘုရား) အရှင်းနဲ့ ချည်းလာမှာဘဲ။ မလာပေဘူးလား....? (လာမှာပါ ဘုရား)။

ဒါဖြင့်-ဒကာ, ဒကာမတို့ နိဗ္ဗာန်ဆိုတဲ့တရားဟာ ဘယ်လိုသတ္တိရှိပါလိမ့်မလဲ မေးတဲ့အခါ ကိလေသာနှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတယ်၊ ဝိဝေကဌော ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)၊ ဝိဝေကဌော-ကိလေသာနှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘော

သည် ဘာပါလိမ့်.... (ဝိဝေကဌာနပါ ဘုရား)၊ တရားကိုယ် ကောက်လိုက်တော့ ဘာရတုံး....(နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ဘဲ ရတယ်....(တင်ပါဘုရား)၊

ဒကာ-ဒကာမတို့ နှောင့်ရှက်ခြင်းမှဆိတ်ကင်းတာ ဘာခေါ် ကြမတုံး....(နိဗ္ဗာန်ပါ ဘုရား)၊ နိဗ္ဗာန်ဘဲ။ ကောင်းပြီ-ဒါဖြင့် အဲဒီနိဗ္ဗာန်ကိုတော့ဖြင့် ခင်ဗျားတို့ ဘယ်အချိန် တွေ့ကြ,ကြုံကြရ ပါမတုံးဆိုတော့ ခုနင်က ဉာဏ်စဉ်တက်လာမှတွေ့မယ် (မှန်ပါ) သဘောကျပြီသား? (ကျပါဘယ်ဘုရား)။

ဒီအတိုင်းချည်းဘဲဆုတောင်းလို့တော့မပြီးဘူး(တင်ပါဘုရား) ဉာဏ်စဉ်တက်လာရင်တော့ဖြင့်ပြီးလိမ့်မယ်ဆိုတာ ဒကာဒကာမ တွေ ယုံကြည်ပြီလား? (ယုံကြည်ပါတယ်ဘုရား)။

ဒါဖြင့်-ဒါဟာ နိဗ္ဗာန်ဆိုတာ အလုပ်နဲ့သွားရတဲ့ သဘော ပါဘဲ၊(တင်ပါဘုရား)၊ ကိုထွန်းဦး-ဘာပါလိမ့်နိဗ္ဗာန်....(အလုပ် နဲ့ သွားရတဲ့သဘောပါဘုရား)၊ ပါးစပ်က ရွတ်ရတဲ့သဘော နဲ့တော့ မရဘူး၊ ရပါမလား? (မရပါဘုရား)။

တချို့က အခု ဘုရားရှိခိုးနေကြတယ်ဟုတ်လား၊ "အဝိဇ္ဇာ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အဲဒါနိဗ္ဗာန် ဆိုနေတာ....(မှန်ပါဘုရား)၊ အလုပ်နဲ့ဟုတ်ကဲ့လား၊မဟုတ်ဘူး။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်တယ်၊သင်္ခါရချုပ်လို့ရှိရင် နိဗ္ဗာန် ဘဲ ဟုတ်လား?၊ သင်္ခါရချုပ်လို့ရှိလျှင်လဲ ဝိညာဏ်ချုပ်တယ် ဆိုတာကောနိဗ္ဗာန်ချည်းဘဲ။ တောက်လျှောက် နိဗ္ဗာန်ဗျ၊ ရိပ်မိ ပြီလား? (တင်ပါဘုရား)။

အဲဒီလို ရွတ်ပြပြီးနေတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန် တွေ့ပါမလား? (မတွေ့ပါ ဘုရား)၊ စာမပျောက်ယုံဘဲရှိတယ်....(မှန်ပါဘုရား)။ နောင်လာနောက်သားများလဲ မပျောက်ရစ်နဲ့၊ ဒို့လဲ·ဒီဥစ္စာမှူ ထားခဲ့တယ်၊ ဒီ·အဓိပ္ပါယ်ထဲရောက်တယ်၊ နိဗ္ဗာန်တော့မသိဘူး၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ အလုပ်နဲ့ချည်း အစဉ်အတိုင်း တက်လာရင်တော့ တွေ့မှာပါ ဘဲ။

ကဲ—ဒါဖြင့် နိဗ္ဗာန်ဟာမရှိတာတွေ့တယ်လို့ ခင်ဗျားတို့ မယူ လိုက်နဲ့၊ (မှန်ပါဘုရား) နေ်-အခုတော့ စားပွဲခုံမှာပြရတာ မရှိ တာတွေ့ဖြစ်နေတယ်၊ သဘောကျပြီလား? (ကျပါတယ်ဘုရား) နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိရင် ယခု·ဒုက္ခလဲချုပ်သွားပြီး, ဖြစ် ပျက်က ဒုက္ခချုပ်သွားတော့ သုခနိဗ္ဗာန်သည် သူ့နား မတွေ့ရ ဘူးလား? (တွေ့ရပါတယ်ဘုရား)။

တွေ့ရတယ်ဆိုတော့ ခင်ဗျားတို့ဘဲစဉ်းစားကြည့်ပါ၊ အမှိုက် တွေ ရှုပ်နေတုံးကြည့်ရတာနဲ့ အမှိုက်ရှင်းမှ ကြည့်ရတာဟာ ဘယ်ဟာက ခင်ဗျားတို့ကြည့်ကောင်းသတုံးဆိုတာမေးတော့- (ရှင်းတာကြည့်ကောင်းပါတယ်ဘုရား)၊ ရှင်းတာကြည့်ကောင်း တယ် ဆိုသဖြင့် နိဗ္ဗာန်ဆိုတာသည် ကြည့်ကောင်းတဲ့သဘောဘဲ ရှင်းပြီလား? (မှန်ပါဘုရား)။

အခုကို ကိလေသာသေတဲ့ နိဗ္ဗာန်ကိုတော့ ကြည့်ကောင်းတဲ့ သဘောဘဲတွေ့မယ်....(မှန်ပါဘုရား)။ နေ-ကောင်းတဲ့သဘော ကတော့ ပရိနိဗ္ဗာန်စံမှတွေ့မယ်....(မှန်ပါဘုရား)၊ ကြည့်ကောင်း တဲ့ သဘော၊ နေ-ကောင်းတဲ့သဘော နှစ်မျိုးရှိပါတယ်၊သဘော ကျပြီလား? (ကျပါပြီဘုရား)။

အခု-ဝိပဿနာရှုလို့တွေ့ရတဲ့ နိဗ္ဗာန်ကတော့ ဘာပါလိမ့်....(ကြည့်ကောင်းတဲ့သဘောပါ ဘုရား)၊ ဘာပြုလို့ ကြည့်ကောင်းတဲ့သဘော တွေ့ရမလဲလို့ မေးတဲ့အခါကျလို့ ရှိရင်ဖြင့် ဒီကခန္ဓာကမှ မချုပ်သေးလို့ဘဲ....(မှန်ပါဘုရား)၊ ခင်ဗျားတို့ခန္ဓာချုပ်ပြီလား? (မချုပ်သေးပါဘုရား)၊ မချုပ်သေးတော့ ခန္ဓာနဲ့လှမ်းကြည့်ရတာကိုးဗျ၊ သဘောကျပြီလား?(ကျပါတယ်ဘုရား) ခန္ဓာက လှမ်းကြည့်ရတော့ ဘာတွေ့ပါလိမ့်....(ကြည့်ကောင်းတဲ့သဘော တွေ့ရပါတယ်ဘုရား)၊ ကြည့်ကောင်းတဲ့သဘော တွေ့တယ်ဆိုတာကတော့ နိဗ္ဗာန်မဂ္ဂသာ၊ သူက-အာရမ္မဏ်က—ကွ။ နိဗ္ဗာန်က အာရုံကွဆိုတော့ သူက-ကြည့်တယ်၊ ဟိုက-အကြည့်ခံတယ်....(မှန်ပါ ဘုရား)၊ ဒီအတိုင်း မနေပေဘူးလား? (နေပါတယ်ဘုရား)။

ဒါဖြင့်—အကြည့်ခံရယ်, ကြည့်ဥာဏ်ရယ်နေတာ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်နဲ့မဂ်ဟာ ကွဲနေတယ်မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ,ဒကာမတို့ စဉ်းစားကြစမ်း၊နိဗ္ဗာန်ဟာ ရှင်းသလား,ရှုပ်သလား မေးလိုက်စမ်းပါ....၊ (ရှင်းပါတယ်ဘုရား)အခု-ဘယ်အရှိန်အစော်တွေ ရှင်းတာတုံးမေးကြည့်စမ်း၊ (ကိလေသာ အရှိန်အစော်ပါဘုရား)။ ကိလေသာအရှိန်အစော် ရှင်းတယ်လို့ ဆိုရင် ကိလေသာ ရှုပ်ထားတာတွေကတော့ဖြင့် သေပွဲကြီးတွေ့ရမယ်၊ မတွေ့ရဘူးလား? (တွေ့ရပါတယ်ဘုရား)၊ သေပွဲတွေ့ရတယ်, ငိုပွဲတွေ့ရတယ်, အိုပွဲတွေ့ရတယ်၊ ဟင်-ရင်ထုပွဲတွေ့ရတယ်။မြေလူးပွဲတွေ့ရတယ်၊ကိလေသာရှုပ်ထားတာတွေက ဒါတွေချည်းတွေ့မယ်....(မှန်ပါဘုရား)။

ဒါ—ဒကာ·ဒကာမတို့ စဉ်းစားမိပြီလား ?၊ ဩော်-နိဗ္ဗာန် ဆိုတာ ဘယ်သဘောသတ္တိရှိပါလိမ့်၊ နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောသတ္တိရှိတယ်....(မှန်ပါဘုရား)။ ဘယ်လို နှောင့်ရှက်တာတုံးမေးရင် ဘယ်လိုဖြေကြမတုံး....(ကိလေသာနှောင့်ရှက်တာပါ ဘုရား)၊ ကိလေသာနှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောကို ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

ဩော်—နိဗ္ဗာန်ဆိုတာသည် ကြည့်ရင်းမတ္တနှင့် ခင်ဗျားတို့ ရှုပ်ရှက်ခတ်နေရာမှရှင်းသွားတာ၊ သဘောကျပြီသား?(သဘောကျပါတယ်ဘုရား)၊ ရှုပ်ရှက်ခတ်ခြင်းမှ ရှင်းသွားတယ်ဆိုတော့ သုံးဆဲ့တဘုံမှာ အခု-ဥာဏ်နဲ့ကြည့်ပါ၊ (မှန်ပါဘုရား)၊ အခု-ဝိပဿနာဥာဏ်နဲ့ လှမ်းကြည့်လိုက်၊ သုံးဆဲ့တဘုံရှောက်ကြည့်၊ နတ်ပြည်ကြည့်, ကောင်းတယ်လို့ ဖြစ်ပြန်လဲ ရုပ်နာမ်အနိစ္စဘဲ ရှိပါတယ်။

ဗြဟ္မာပြည် ကောင်းတယ်လို့ ကြည့်လိုက်ပြန်တော့ကော.... (ရုပ်နာမ် အနိစ္စပါ ဘုရား)၊ ရုပ်နာမ် အနိစ္စ ဆိုတော့ ကျုပ်တို့ ဝိပဿနာဥာဏ်နဲ့ကြည့်လိုက်ရင် သေပွဲချည်းတွေ့တယ်၊ (မှန်ပါ ဘုရား)။ ဒီပြင်·ဘာများတွေ့ကြသေးသလဲ....(ဘာမျှ မတွေ့ပါ ဘုရား)။ ဘာမှမတွေ့ဘူးဆိုတော့ ဒါက ဘယ်သူရှုပ်ထားတာတုံးမေးတော့မှ....(ကိလေသာ ရှုပ်ထားတာပါဘုရား)၊ ဟုတ်လား?။ အဲဒီတော့ ကိလေသာချုပ်ရင် အရှုပ်က ဘယ်နှယ်နေမတုံး....(ရှင်းမှာပါဘုရား)။

ဒါဖြင့်—နိဗ္ဗာန်သည် ရှင်းခြင်း, လင်းခြင်းလက္ခဏာရှိတယ်.... (တင်ပါဘုရား)၊ ဘယ်လိုရှင်းခြင်း, လင်းခြင်းလက္ခဏာရှိပါလိမ့်

မတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာ-ဒကာမတွေက မှတ်လိမ့်မယ်၊ ကိလေသာအရှိန်အစော်၊ ကိလေသာအရှုပ်အထွေးတို့မှ လွတ်ကင်းတာဘဲ၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။ ကိလေသာအရှုပ်အထွေးမှ လွတ်ကင်းတာဟာ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

အဲဒီ-ကိလေသာကလွတ်ရင် နိဗ္ဗာန်ဘဲ။ ဘာများပြုပြင်နိုင်သေးတုံး....(ဘာမှမပြုပြင်နိုင်ပါဘုရား)၊ ဘာမှမပြုပြင်နိုင်တော့ကို အထည်ကိုယ်ရှိပါ့မလား? (မရှိပါဘုရား)။ ကိလေသာက ရုပ်နာမ်အထည်ကိုယ်သာ လုပ်တတ်တာကိုး....(မှန်ပါ ဘုရား)။ ဒါဖြင့် နိဗ္ဗာန်သည် ရုပ်နာမ်ရှိပါရဲ့လားလို့ မေးလို့ရှိရင် ဘယ့်နှယ် ဖြေကြမလဲ....(မရှိပါဘုရား)။

ကောင်းပြီ၊ ကျုပ်တို့ဗဟုသုတရှိအောင်ခင်ဗျားတို့ဦးဘကြည်တို့ ကိုထွန်းဦးတို့ ပေးလိုက်မယ်နော်၊ နိဗ္ဗာန်ဟာ ရုပ်နာမ်တော့ မရှိဘူး၊ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်မျိုးမရှိဘူး....(မှန်ပါဘုရား)။ ကျုပ်တို့မှာရှိတဲ့ရုပ်နာမ်ကတော့ အနိစ္စတွေကိုး....(မှန်ပါဘုရား) အနိစ္စလမ်းဆုံးတော့ ကောင်းသေးရဲ့လား....? (မကောင်းပါဘုရား)။

သို့သော်—နိဗ္ဗာန်ဟာ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်မျိုးတော့ မဟုတ်ဘူး၊ သို့သော်-ရုပ်လား နာမ်လားလို့မေးရင်ဖြင့် နာမ်ဓမ္မလို့ဖြေ၊ သဘောကျပြီလား? (တင်ပါဘုရား)။ ရုပ်လား နာမ်လားလို့မေးလို့ရှိရင်....(နာမ်ဓမ္မပါဘုရား)၊ ကျုပ်တို့ရှိတဲ့ ရုပ်နာမ်မျိုးလားလို့ဆိုတော့လဲ ဒီလိုမဟုတ်ဘူး။

ဥပါဒ်-ဌီ-ဘင်ရှိတဲ့ နာမ်မဟုတ်ဘူး၊ သဘောကျပြီလား?၊ (မှန်ပါဘုရား)။ နိဗ္ဗာန်သည် ရုပ်လား, နာမ်လားမေးရင်.... (နာမ်ဓမ္မပါဘုရား)၊သို့သော်-ဖြစ်ပျက်ရှိသလား?(မရှိပါဘုရား) ဒါဖြင့်-ဖြစ်ပျက်မရှိတဲ့ နာမ်ဓမ္မဆိုလို့ရှိရင် ဒီလိုမှတ်လိုက်၊နိဗ္ဗာန် ရောက်ကြောင်း အားထုတ်သောပုဂ္ဂိုလ်တို့၏ ကျက်စားရာဌာန နိဗ္ဗာန်ရောက်ကြောင်း ဓမ္မတို့၏ တည်ရာဌာနသည် သူ့ဆီသို့ လာပြီး အကုန်ဦးတိုက်ကြရတယ်၊ သဘောကျပြီလား?(မှန်ပါ ဘုရား)။

ကျုပ်တို့ဆီမှာရှိတာက အာရုံရှိရာ ပြေးတတ်တဲ့နာမ်(မှန်ပါ ဘုရား)၊ဒီနိဗ္ဗာန်ကငါ့ဆီလာညွတ်ကြဆိုတဲ့ ညွတ်အပ်တဲ့နာမ်ဓမ္မ ရှင်းပြီလား? (တင်ပါဘုရား)၊ ဘယ့်နှယ်ဆိုကြမယ်....(ညွတ် အပ်တဲ့နာမ်ဓမ္မပါဘုရား) ဒါဖြင့်-နိဗ္ဗာန်အလိုရှိတဲ့ ပုဂ္ဂိုလ်များ ဟာဖြင့် ရောက်အောင်သာ အားထုတ်လို့ရှိရင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့၏ နိဗ္ဗာန်ရောက်ကြောင်း စိတ်တွေဟာ သူ့ဆီ ညွတ် နေတာ၊ သဘောကျပြီလား၊ (တင်ပါဘုရား)။ သူ့ဆီ ဘာလုပ် နေရသလဲ....(ညွတ်နေရတယ်ဘုရား)။

အဲဒီလို·သူ့ဆီ ညွတ်နေတော့ ခင်ဗျားတို့ ထမင်းအသက် ခုနစ်ရက်ဆိုပေမဲ့ နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်များ ခုနစ် ရက် တိတိ ညွတ်နေနိုင်တယ်....(မှန်ပါဘုရား)၊ ဘယ်လောက် ကောင်းလို့တုံးဆိုတာတော့ ပြောဘို့မလိုတော့ပါဘူး၊ လိုသေး လား? (မလိုပါဘုရား)၊ ဘယ်နှစ်ရက်တိတိ နိဗ္ဗာန်ကို ညွှတ်နေ သလဲ... (ခုနစ်ရက်တိတိပါဘုရား)။

ဒါဖြင့်—ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်များမဂ်ပြီးဖိုလ် နှစ် ကြိမ် သုံးကြိမ်လာပြီး နောက်ကိုပြန်ပြီး ပစ္စဝေက္ခဏာဆင်ခြင်၍

ဖလသမာပတ် ဓိဋ္ဌာန်ပြီး ဝင်စားလိုက်အုံးမယ်ဆိုလို့ရှိရင် နာရီ ပေါင်းများစွာဘဲ ဝင်စားနိုင်ရဲ့လား?(ဝင်စားနိုင်တယ်ဘုရား) ဝင်စားနိုင်တယ်ဆိုတော့ နိဗ္ဗာန်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ဟာ တခါတည်း မခွဲဘဲနေတာဘဲ....(မခွဲပါဘုရား)။ ချုပ်လိုက် ဖိုလ် ဉာဏ်ပြန်တက်လိုက်၊ ချုပ်လိုက်....(ဖိုလ်ဉာဏ်ပြန်တက်လိုက်ပါ ဘုရား)၊ ပြန်ဖြစ်တော့ ဒီနာမ်ဓမ္မနဲ့ဘဲ။ ဒီ-နိဗ္ဗာန်တည်းဟူသော နာမ်ဓမ္မနဲ့တော့ ခွဲရဲ့လား? (မခွဲပါဘုရား)။

အဲဒီတော့ ဒါ-သာမညပျော်စရာမို့ ပျော်တာလား၊ အထူး ဝိသေသမို့ ပျော်ပိုက်လို့နေနိုင်တာလား? (အထူးဝိသေသမို့ ပျော်ပိုက်လို့နေနိုင်တာပါဘုရား)၊ နိဗ္ဗာန်သည်ကားလို့ဆိုလို့ ရှိရင်ဖြင့် နိဗ္ဗာန်ရောက်သော(စိတ္တုပ္ပါဒ်တို့၏) ညွတ်ရာဌာနဖြစ် လေသောကြောင့် ညွတ်အပ်တဲ့သဘောရှိနေသောကြောင့် နာမ် ဓမ္မလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)၊ ဦးဘကြည် ဘာတဲ့.... (နာမ်ဓမ္မပါဘုရား)။

ဘာပြုလို့သူ့နာမ်ခေါ်ရပါလိမ့်....(ညွတ်အပ်တဲ့သဘောမို့ ပါဘုရား)၊ညွတ်အပ်တဲ့သဘောရှိသောကြောင့်ဒါလေးမှတ်ထား စာလိုသုံးတော့ညွတ်အပ်တဲ့သဘောရှိသောကြောင့် ညွတ်အပ်တဲ့ သဘောဆိုလို့ရှိရင် လောကီဥပမာနဲ့ပြောပါမယ်။ ခင်ဗျား ဈေးချိုထိပ်မှာ နာရီစင်ကြီးရှိတယ်....(မှန်ပါဘုရား)၊ ဘယ်က မောင်းလာတဲ့ရထားဖြစ်ဖြစ်၊ နာရီကိုတော့ ကြည့်အုံးမှာဘဲ....၊ (မှန်ပါ ဘုရား)၊ နာရီကြည့်အုံးမှာ။ အရှေ့ကမောင်းလာတော့ နာရီ ကြည့်အုံးမှာဘဲ၊ အနောက်က မောင်းလာလဲ ကြည့်အုံး

မှာဘဲ။တောင်ကမောင်းလာလဲ ကြည့်အုံးမှာဘဲ။ အဲ့မြောက်က မောင်းလာတော့ကော....(ကြည့်အုံးမှာဘဲ) နာရီကြည့်ရအုံးမှာ ဆိုသလို မကြည့်ဘဲနဲ့ မသွားနိုင်သလိုပေါ့ဗျာ....(တင်ပါ)။

အဲဒီတော့-ထို့အတူဘဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်နည်းနဲ့မှ မကြည့်ဘဲမနေနိုင်တဲ့ နာမ်ဓမ္မဖြစ်ပါတယ်၊ သဘောကျပြီလား? (မှန်ပါ)။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသော ပုဂ္ဂိုလ်တို့သည် မကြည့်ရှုဘဲ မနေနိုင်တဲ့ နာရီစင်ကြီးသဖွယ်.... (မှန်ပါ)။ ခိုင်မြဲနေတဲ့နာမ်ဓမ္မ၊ သဘောကျကြပြီလား(မှန်ပါ) ဒါ့-မလွယ်ဘူးနော်....ဦးချစ်ခ၊ (မှန်ပါ) နိစ္စ ဒုဝ။

ကောင်းပြီ၊ ဒါဖြင့်-ဒကာ့ဒကာမတို့ ဒီနိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်သူမှ မကြည့်ရှုဘဲ ဘယ်နှစ်ရက် နေ့ရ နေရ ရောင့်ရဲတယ်လို့မရှိဘူး၊ ဒီနေရာမှာ ကြည့်ရှုနေရတဲ့ အခါမှာ တော်ပြီ တန်ပြီလို့ဘယ်တော့မှမလာဘူး....(မှန်ပါ)၊ သဘော ကျပြီလား? (ကျပါပြီဘုရား)။

နိဗ္ဗာန်သည်ကားလို့ဆိုရင် ကြည့်ရှုနေတဲ့ပုဂ္ဂိုလ်၏ နာမ်ဓမ္မ တွေဟာ တော်ပြီ တန်ပြီလို့ ဘယ်တော့မျှငြင်းဆန်သတုံး.... (မငြင်းဆန်ပါဘူးဘုရား)၊ ဘယ်တော့မှမငြင်းဆန်တာထောက် လိုက်လို့ရှိရင်ဖြင့် အကောင်းတကာ အကောင်းဆုံးဘဲလို့ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ် ဘုရား)။ အကောင်းတကာ အကောင်းဆုံးဘဲဆိုတာ ဒကာ့ ဒကာမတွေ ဉာဏ်ရောက်ပြီလား? (ရောက်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ရောက်ပါလိမ့်မတုံးဆိုတော့ မသာစွဲ မရှိလို့....(မှန်ပါ)၊ အရင်က ကြည့်နေရတာ မသာစွဲချည်းဘဲ၊

(မှန်ပါ)၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)၊ ဖြစ်လိုက် ပျက်လိုက်၊ဖြစ်လိုက်ပျက်လိုက် ဦးခင်မောင် (တင်ပါ) မသာတွေ မဟုတ်လား? (တင်ပါ)။

အခု-အဲဒါတွေ မြင်ရသေးရဲ့လား? (မမြင်ရပါဘူးဘုရား)၊ အဲဒါတွေဟာဖြင့် လူသတ်ပွဲလဲမရှိ မသာပွဲလဲမရှိ၊ဒုက္ခရောက်တာ ဆိုတာ ဘာမှရှာမတွေ့ဘူး။ ဒီနေရာအကောင်းဆုံးဘဲ....(မှန်ပါ) သဘောကျပြီလား?(မှန်ပါ)၊ဒီနေရာဘာပါလိမ့်....(အကောင်း ဆုံးပါဘုရား)။

ဒါဖြင့်-နိဗ္ဗာန်သည်ကားလို့ ဆိုရင် ဒကာ-ဒကာမတို့ ကောင်း တော့ ကောင်းတာမှန်ပြီ။ ဘယ်သူဘယ်လိုထောက်ကြည့်ရမတုံး ဆိုတော့ အရိယာပုဂ္ဂိုလ်များသည်ကားဆို လို့ရှိရင် အချိန်ကို အလကားမထား၊အားတယ်ဆိုရင် နိဗ္ဗာန်အာရုံပြုနေတာဘဲ(မှန် ပါ)၊ အားတိုင်း အားတိုင်းဘယ်လိုနေကြပါလိမ့်(နိဗ္ဗာန်အာရုံ ပြုနေတယ်ဘုရား)၊ ဘာပြုလို့ ကိုယ်တော်ကြီးတွေက အားတိုင်း အားတိုင်း နိဗ္ဗာန်ကိုအာရုံပြုနေပါလိမ့်မတုံးဆိုရင် သက်သာရာ ရအောင်လို့ပေါ့....(ပေါ့ပါပြီဘုရား)။

ဒါဖြင့်-နိဗ္ဗာန်သည်သက်သာမှုကိုလဲပေးစေနိုင်တယ်ပေါ့ဗျာ၊ (မှန်လှပါ)၊ ရှင်းပြီလား....? (ရှင်းပါပြီဘုရား)၊ နိဗ္ဗာန်သည် ဘာကိုပေးစေနိုင်တုံး....(သက်သာမှုကိုပေးစေနိုင်တယ်ဘုရား)။ သက်သာမှုကိုပေးစေနိုင်တယ်ဆိုတာသည် သူ-ကြည့်နေတဲ့ပုဂ္ဂိုလ် ကို ချမ်းသာမျိုးစုံပေးတယ်....(မှန်ပါ)၊ သဘောကျပြီလား?၊ (မှန်ပါ)။

နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ချမ်းသာမျိုးစုံ ပေးနိုင်သော ကြောင့် နိဗ္ဗာန်ကို ချမ်းသာလို့ ယူရလိမ့်မယ်၊ ရိပ်မိပြီလား?၊ (တင်ပါ)၊ဒါကြောင့်-နိဗ္ဗာန်သည် သုခလား၊ ဒုက္ခလားမေးတော့ ဘယ့်နှယ်ဖြေမလဲ....(သုခပါဘုရား)။

အင်း—သူကဘော့ သုခဘဲ၊ သူ့ကို မှီနေတဲ့ ပုဂ္ဂိုလ်တွေကို ဘာပေးလေ့ရှိသလဲ.... (ချမ်းသာ ပေးလေ့ရှိပါတယ် ဘုရား)။ အင်း-ချမ်းသာပေးလေ့ရှိတယ်ဆိုသဖြင့် အင်း-နိဗ္ဗာန်ကလွဲလို့ ကျန်တာတွေကဖြင့် အားကိုးလိုက်ဘဲ့အတိုင်း၊ ဒုက္ခရောက်တာဘဲ မဟုတ်လား? (မှန်ပါ)၊ ငွေအားကိုးလိုက်၊ ငွေကြောင့် ဒုက္ခ ရောက်တယ်။ ရွှေအားကိုးပြန်ရော့ရွှေကြောင့်ဒုက္ခရောက်တယ်။ စက်တွေ ဘာတွေအားကိုးလိုက်ပြန်တော့လဲ ရှုပ်ပြန်ရော။ ရှုပ် ပြန်တော့ ဒုက္ခမရောက်ဘူးလား....? (ရောက်ပါတယ် ဘုရား)၊ ရောက်တယ်....။

ဒီ-စက်တွေက ဟိုဟာတွေ ဒီဟာတွေဆွဲ၊ ဟိုကရှုပ်၊ ဒီကရှုပ် မလာဘူးလား၊ လာသလား? (လာပါတယ်ဘုရား)၊ ဒါဖြင့် ဒီပြင်ဟာတွေကတော့ဖြင့် အားကိုးတိုင်း၊ အားကိုးတိုင်း ဘာ တွေ့ရလဲ....(ဒုက္ခတွေ့ရပါတယ်ဘုရား)။ ဒါဖြင့်-နိဗ္ဗာန်ကို အား ကိုးတိုင်း၊ အားကိုးတိုင်း ဘာဖြစ်ရမလဲ.... (ချမ်းသာရာရမယ် ဘုရား)။

ဒါဖြင့်—နိဗ္ဗာန်သည်ကားလို့ ဆိုရင်ဖြင့် ဒကာ-ဒကာမတို့ ချမ်းသာခြင်းလက္ခဏာ၊ ငြိမ်းခြင်းလက္ခဏာရှိတယ်၊ စိတ်နှလုံး ကို ရွှင်ပြုံးစေခြင်းလက္ခဏာရှိတယ် (တင်ပါ)၊ မဆိုနိုင်ဘူးလား ဆိုနိုင်သလား? (ဆိုနိုင်ပါတယ်ဘုရား)။ ဒါဖြင့်-နိဗ္ဗာန်ဆိုတာ ရှိတာလား? (ရှိပါ တယ်ဘုရား)။

ဒါဖြင့်—အားလုံး ဒကာ-ဒကာမတွေ စဉ်းစားစရာက နိဗ္ဗာန် သည် ဝိဇေကဌ္ဌော၊ ကိလေသာနှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘောရှိတယ်....(မှန်ပါ)၊ နိဗ္ဗာန် ဘယ်သဘောရှိသလဲ....?၊ (ကိလေသာနှောင့်ရှက်ခြင်းမှ ကင်းငြိမ်းတဲ့သဘော ရှိပါတယ် ဘုရား)။ ကိလေသာ အရှိန်အစော်တွေဟာ အငွေ့လေး သန်း သေးသလား? (မသန်းပါဘုရား)။

ဖြစ်ပျက်ရှိနေရင် ကိလေသာကြောင့် (မှန်ပါ)၊ မဟုတ်ဘူး လား? (မှန်ပါ)၊ အခုတော့ ကိလေသာရှိပါရဲ့လား? (မရှိပါ ဘုရား)။ မရှိတော့ နှောင့်ရှက်ခြင်းမှ ဆိတ်ကင်းတာသည်ကား ဘယ်သူကနှောင့်ရှက်သတုံး....(ကိလေသာကပါဘုရား)။

အဲဒီ-ကိလေသာနှောင့်ရှက်တဲ့သဘောကို ကျုပ်တို့သည် တွေ့ ရသေးသလား? (မတွေ့ရတော့ပါဘုရား)။ အဲဒီ-မတွေ့ရတာ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)၊ ကိလေသာ အနှောင့် အရှက်ကင်းတာသည် နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ ကျေနပ်ဘို့ ကောင်းတယ်....(ကျေနပ်ပါတယ်ဘုရား)၊

နိဗ္ဗာန်ဟာ ဘာ-အထည်နဲ့တူသတုံး၊ နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ် ဘယ်လိုနေရထိုင်ရမှာလဲ၊ ဒကာ-ဒကာမတွေက မေးချင် လဲ မေးရမယ်။ မေးခွင့်လဲရှိတယ်....(တင်ပါ)၊ သို့သော်-အထည် ကို မေးလို့ရှိရင် အထည်အကြောင်းကို အရင်ဖြေရလိမ့်မယ်....၊ (မှန်ပါ)။

နိဗ္ဗာန်ဟာ ကွမ်းသီးလုံး၊ ငါးမူးသားလောက် ရှိတယ်ဆိုရင် ငါးမူးသား အထည်လေးရှိတယ်၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါ

တယ်ဘုရား)။ ငါးမူးသားအထည်လေးဆိုလို့ရှိရင်ဖြင့် ဒီ-ကမ္ဘာ့ သီးလုံးလောက်ဟာ ဆွေးမြေ့တဲ့သဘောအထည်ရှိ လာ-မလာ၊ (လာပါတယ်ဘုရား)။ အထည်ရှိလျှင် ဆွေးမြေ့တဲ့ သဘော အထည်ရှိတော့ ပျောက်ပျက် ရမယ်၊ ဖေါက်ပြန်ရမယ် ဆိုတဲ့ သဘော လွတ်ကင်းနိုင်ရဲ့လား? (မလွတ်ကင်းနိုင်ပါဘုရား)။

ဩော်—နိဗ္ဗာန်လဲ အထည်ရှိရင် ဘာဖြစ်မလဲ....(ဖေါက်ပြန် ရမယ်ဘုရား)၊ ဆွေးမြေ့ဖေါက်ပြန်ပျက်စီးမယ်၊ သဘောကျရဲ့ လား? (မှန်ပါ)၊ ဒါဖြင့်-နိဗ္ဗာန်သည် အထည်ရှိပါရဲ့လား၊ မရှိ ဘူးလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ....(မရှိပါ ဘုရား)။ အထည်မရှိဘူး။ အထည်မရှိလို့ရှိရင် ဘယ့်နှယ်နေရမှာတုံး၊ ဘယ်လိုမျိုးဖြစ်နေရမှာတုံးလို့ မေးခွန်းထုတ်ဘို့လိုဘူးလား၊ (လိုပါတယ်ဘုရား)။

အထည်ရှိရင် ပျက်မယ်ဆိုတာရှင်းပြီးပြီမဟုတ်လား (မှန်ပါ) အထည်ရှိတဲ့အခါကျလို့ရှိရင်ဖြင့် လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်မှ ကင်းဆိတ်ရမှာကိုးဗျ.... (တင်ပါဘုရား)၊ လုံးရပ်လဲ မရှိဘူး၊ သဏ္ဍာန်လဲမရှိဘူး၊ပုံဟန်နိမိတ်ကော....(မရှိပါဘုရား)။မရှိတော့ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်ကော....(မရှိပါဘုရား)၊ သဘော ကျပြီလား? (ကျပါပြီဘုရား)။

ကောင်းပြီ၊ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်ရှိခဲ့ရင် ဘာဖြစ်မယ် ထင်တုံး....(ပျက်စီးရမှာ, ဖေါက်ပြန်ရမှာပါဘုရား)။ ပျက်စီး, ဖေါက်ပြန်ရမယ်။ ဒါ-လွတ်နိုင်ပါ့မလား?(မလွတ်နိုင်ပါဘုရား) မလွတ်နိုင်တော့ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်လဲမရှိဘူး၊ ရှင်းကြ ပြီလား? (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချ၊ လုံးရုပ်သဏ္ဍာန် ပုံဟန်နိမိတ်မရှိလို့ ရှိရင်ဖြင့် ဒီ-သိမှုလေးနဲ့ ချမ်းသာနေတာလား? မေးရလိမ့်မယ်၊ (မှန်ပါဘုရား)။ နိဗ္ဗာန်မြင်ပြီးသကာလ သိနေ့ ကြည့်နေရတာနဲ့ဘဲ ချမ်းသာနေတာပါလားလို့ မေးစရာမရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ခန္ဓာရှိတုံးတော့ ဒီနေရာလေးကြည့်နေရတာကို တယ့်နှယ်ဖြစ်နေသလဲ....(ချမ်းသာနေပါတယ်ဘုရား)။

ဘာပြုလို့ ချမ်းသာနေရသတုံးဆိုတော့၊ အအိုလဲမရှိဘူး၊ အနာကော....(မရှိပါဘုရား)၊ အသေကောမရှိဘူး၊ အကွဲကောမရှိဘူး၊ အမွဲကောမရှိဘူး၊ သောကပရိဒေဝကော....(မရှိပါဘုရား)။

အဲဒီ-ဥစ္စာလေးကြည့်နေတော့ ဒီနေရာလေးဟာ တော်တော်ကောင်းတဲ့နေရာဘဲ၊ အိုမှု့ နာမှု့ သေမှု့ မွဲမှု့ ကွဲမှုဆိုတဲ့ အမှုတွေ အကုန်လွတ်ငြိမ်းပြီး ရုပ်သိမ်းတဲ့နေရာဘဲလို့ မဆိုနိုင်ဘူးလား?၊ (ဆိုနိုင်ပါတယ်ဘုရား)၊ ရဟန္တာပုဂ္ဂိုလ်များသည် အဲဒီနေရာကို မြင်ထားကြရတယ်... (မှန်ပါဘုရား)။ ခင်ဗျားတို့ ဒီမဂ်ကိုအား ထုတ်ကြည့်လို့ ဒီမဂ်ရောက်တယ်ဆိုရင် မြင်ရမယ်။

ဒါဖြင့်-မြင်ရလို့ရှိရင် ဒီဉာဏ်ဟာ ဩော်-အတော်အေးတာဘဲလို့ မဆိုပေဘူးလား, ဆိုကြမလား? (ဆိုကြမှာပါဘုရား)၊ သုံးဆဲ့တဘုံလိုက်ကြည့်လိုက်တော့ ဉီးဘကြည်တမျိုး....(မှန်ပါဘုရား)။ တမျိုးဆိုတော့ ဒီနေရာအကောင်းဆုံးဘဲလို့ မဆိုနိုင်ဘူးလား, ဆိုနိုင်သလား? (ဆိုနိုင်ပါတယ်ဘုရား)။ ဒီနေရာအကောင်းဆုံးဘဲဆိုတာ သဘောကျပြီ မဟုတ်လား? (တင်ပါဘုရား)။

အဲဒီတော့ ကောင်းပြီ-ကိလေသာ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ ရဟန္တာ ဖြစ်ကြပြီး မဂ်လေးတန်, ဖိုလ်လေးတန်ကို ရကြပြီး သောတာပန်ဖြစ်တော့ သောတာပန်အမြင်ပေါ့ဗျာ။ ဒီလိုမြင်နေတဲ့အခါကျလို့ရှိရင်ဖြင့်သောတာပန်ကလဲ ဒီနေရာအကောင်းဆုံး....(မှန်ပါဘုရား)။ သကဒါဂါမ်ကော....(ဒီနေရာအကောင်းဆုံးပါဘုရား)၊ အနာဂါမ်ကကော....(ဒီနေရာအကောင်းဆုံးပါဘုရား)၊ ရဟန္တာကကော....(ဒီနေရာအကောင်းဆုံးပါဘုရား)။ ဘုရားကကော....(ဒီနေရာအကောင်းဆုံးပါဘုရား)။

သူတို့ ဘယ့်နှယ်ကြောင့် ဒီနေရာ အကောင်းဆုံးရယ်လို့ ဆုံးဖြတ်ချက်ချကြပါလိမ့်မလဲလို့ ဦးဘဒင်-မေးခွန်းထုတ်တယ်နော်....(မှန်ပါဘုရား)။ ခုနင်က ပြောခဲ့တဲ့ အိုမှု, နာမှု, သေမှု, မွဲမှု,ကဲ့မှုတွေ လုံးဝရှာမတွေ့ဘူး....(မှန်ပါဘုရား)။ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုတွေ မရှိတော့ဘူး။

အဲဒီတော့-ဒီနေရာမှာ အလွန်အေးချမ်းတဲ့ နေရာဘဲဆိုတာ မဂ်ဉာဏ်ရ, ဖိုလ်ဉာဏ်ရ ပစ္စဝေက္ခဏာဉာဏ် ရတဲ့ပုဂ္ဂိုလ်က မသိပေဘူးလား, သိသလား? (သိပါတယ်ဘုရား)သိတယ်....။ ဒါဖြင့် ကိုယ့်စိတ်ထဲမှာ စဉ်းစားကြည့်စမ်း။

အင်း—ဒီနေရာဟာ မသွားဘူးတဲ့ မစားဘူးတဲ့ ပုဂ္ဂိုလ်က မကြိုက်ဘူးပြောတာကို ကျုပ်တို့ကအမှန်မယူနဲ့၊ သဘောကျပြီလား? (ကျပါတယ်ဘုရား)၊မစားဘူးဘဲနဲ့ မကြိုက်ဘူးပြောတဲ့ဟာ အဓိပ္ပါယ်မရှိဘူး၊ ရှိကြရဲ့လား? (မရှိပါ ဘုရား)။ စားဘူးလို့ မကြိုက်ဘူးဆိုရင်တော့ အဓိပ္ပါယ်ရှိတယ်။

အခု-ကျုပ်တို့ နိဗ္ဗာန်ကို ကျုပ်တို့ပုထုဇဉ်စိတ်နဲ့ မကြိုက်တဲ့ ပုဂ္ဂိုလ်တွေဟာမစားဘူးဘဲနဲ့ မကြိုက်တာဖြစ်လေသောကြောင့် သူ့စကားကို အတည်မပြုနဲ့လို့ကန့်ကွက်လိုက်တယ်၊ ခင်ဗျားတို့ နိဗ္ဗာန်ဟာ ဘာမျှမရှိဘူးလို့ အခု-ပြလိုက်တယ်။

ဘာမျှမရှိတဲ့ဟာကြီးကို ကြိုက်ရမယ်ဆိုတဲ့ဥစ္စာ တပည့်တော်တို့ မကြိုက်နိုင်ဘူးဆိုတာက ခင်ဗျားတို့ကိုယ်တိုင်လုပ်ပြီး တွေ့ရတာမဟုတ်သေးဘူး၊ စားဘူးပြီး မကြိုက်တာမဟုတ်သေးဘူး၊ (မှန်ပါ ဘုရား)။ မစားဘူးဘဲနဲ့ ရမ်းပြီး မကြိုက်တာ၊ ပြောသံကြားနဲ့ မကြိုက်တာ....(မှန်ပါဘုရား)။

အဲဒီ-မကြိုက်မျိုးနဲ့ ဆုံးဖြတ်ချက်ချလို့ တရားမှန်ဖြစ်ပါ့မလား? (မဖြစ်ပါဘုရား)၊ မဖြစ်နိုင်တော့ အရိယာတယောက် မေးတာပေါ့....(တင်ပါဘုရား)။ အရိယာတယောက် မေးလိုက်တော့ အရိယာပုဂ္ဂိုလ်များ အားတဲ့အချိန် ဘာလုပ်သတုံး၊ နိဗ္ဗာန်ကို အာရုံပြုနေတယ်။

ဒကာ-ဒကာမတို့ အရိယာပုဂ္ဂိုလ်များ အားလပ်ချိန်ရတော့ ဆွမ်းခံကိစ္စပြီးမိ ရေသောက်ဘိုကိစ္စပြီးတဲ့အချိန် ဘာလုပ်နေကြသလဲ....(နိဗ္ဗာန်အာရုံပြုနေကြပါတယ်ဘုရား)။ အင်း—ဒီတနေ့ဘဲလား၊ နက်ဖန်ကြတော့ ဒီကိုယ်တော်ကြီး ဘာလုပ်အုံးမှာတုံး မေးတော့....(နိဗ္ဗာန်အာရုံပြုနေရမှာပါဘုရား)။

ဒါဖြင့်—သူတို့တော့စားကောင်းလို့စားနေတယ်....(တင်ပါဘုရား)။ နိဗ္ဗာန်ကို စားကောင်းလို့စားတော့ သူတို့ကတော့ဖြင့်

ကိုယ်တိုင် စားသောက်ရလို့ ကိုယ်တိုင်ကြိုက်နေပြီ ...(မှန်ပါ ဘုရား)၊ နက်ဖန်လဲ ဒါဘဲ၊ သံဘက်လဲ ဒါဘဲဆိုတော့ သူလို ပုဂ္ဂိုလ်တွေထဲက အရုပ်ဆိုး တယောက်များ ထွက်အုံးမလား ဆိုတာ ခင်ဗျားတို့ တခါစဉ်းစားရမယ်....(မှန်ပါ ဘုရား)။

ဒီလို-ရောက်ပြီးမှ မကြိုက်ဘူးဆိုပြီး ပြန်လာတဲ့ ပုဂ္ဂိုလ်များ ရှိ-မရှိ....(မရှိပါ ဘူးဘုရား)၊ မရှိတော့၊ သြော်-ဒါဖြင့် အမြင် ကျယ်တဲ့ပုဂ္ဂိုလ်၏ ကြိုက်ရာဌာန....(မှန်ပါဘုရား)၊ ရိပ်မိပြီလား၊ (ရိပ်မိပါပြီဘုရား)၊ နိဗ္ဗာန်မကြိုက်တဲ့ပုဂ္ဂိုလ်က ဘာတုံး၊ အမြင် ကျဉ်းတဲ့ ပုဂ္ဂိုလ်၏ ဖြစ်ရာဌာန မဆိုထိုက်ဘူးလား? (ဆိုထိုက် ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-သူတို့ကို ထောက်သဖြင့် မကြိုက်သင့် ကြိုက်သင့်....(ကြိုက်သင့်ပါတယ်ဘုရား)။ ကျုပ်တို့အရေးကြုံတဲ့ အခါ ဘုရား-ကိုးကွယ်ပါ၏၊ တရား-ကိုးကွယ်ပါ၏ ဆိုတော့ ဘုရားသည် ဘယ်ဟာမျိုးမဆို သူမှန်တာကိုသာ ကြိုက်တတ်တဲ့ ပုဂ္ဂိုလ် မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။ သူ-ဘာ အကြိုက်ဆုံး ထားသတုံး....(နိဗ္ဗာန် အကြိုက်ဆုံးထားပါတယ် ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ထက်မြတ်တဲ့ တရားရှိသေးလား? (မရှိပါ ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့်-နိဗ္ဗာန်အမြတ်ဆုံးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ထားတယ်၊ သဘောကျပြီလား-(ကျပါပြီ ဘုရား)။ တခါ ပုထုဇဉ်ဉာဏ်နဲ့ ဆ,ပြီး ကြိုက်ပြန်လို့ ရှိရင်လဲ ဒုက္ခတော့ မရှိဘူးဆိုရင် တော်ပါရဲ့၊ ဒုက္ခမရှိဘူးဆိုရင် ဘယ့်

နှယ်တုံး....(ကြိုက်စရာပါဘုရား)၊ ဒုက္ခမရှိဘူးဆိုရင်ဖြင့် ကြိုက်ရတာဘဲ....(မှန်ပါဘုရား)။ ဘာဒုက္ခတုံး မေးတော့ အလုံးစုံဒုက္ခမရှိဘူး၊ နိဗ္ဗာန်ဆိုရင်ဖြင့် ဦးချစ်ခ, ဘယ်လိုဆုံးဖြတ်ကြမလဲ၊ (ကြိုက်ရမယ်ဘုရား)။ ကြိုက်ရမှာဘဲ....။

အဲဒီတော့ ပုထုဇဉ်က ဒီလောက်ဘဲ ဆ, သိရင် လွယ်ပါတယ်၊ (မှန်ပါ ဘုရား)။ အရိယာပုဂ္ဂိုလ်ကတော့ ကိုယ်တိုင်သိ၊ (မှန်ပါဘုရား)။ ကျုပ်တို့က သုတ, သိ....(မှန်ပါဘုရား)၊ ဟိုကတော့ ပစ္စက္ခ, သိ....(မှန်ပါဘုရား)၊ ကွဲသွားပြီလား? (ကွဲပါပြီဘုရား)၊ ပုထုဇဉ်က ဘာတုံး....(သုတ, သိပါဘုရား)၊ သုတ, သိ ပြောသံကြားနဲ့ သိရတယ်၊ (တင်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့က လက်တွေ့မှယုံတယ်ဆိုရင်လဲ လုပ်ကြတာပေါ့....(တင်ပါ ဘုရား)။ ဒေါ်စိန်ရင် ယောင်ခြာခြာတော့ လုပ်မနေနဲ့နော်။

ဒကာ-ဒကာမတွေ ကျုပ်တို့က ဘာဖြစ်ဖြစ် လက်တွေ့မှယုံတဲ့ခေတ်၊ ပြောသံကြားခေတ် မဟုတ်ဘူးလို့ဆိုလို့ရှိရင် အလုပ်လုပ်ကြည့်ပါ၊ ကိုထွန်းဦးရ....(မှန်ပါဘုရား)၊ ဦးလှ, ဘယ့်နှယ်တုံး....(လုပ်ကြည့်ရမှာပါဘုရား)။ လုပ်ကြည့်တဲ့အခါကျလို့ရှိရင်ဖြင့် ခင်ဗျားတို့ဟာ တချိန်မှာ စကြာဝတေးအလောင်းတွေ မဖြစ်နိုင်ဘူးလား? (ဖြစ်နိုင်ပါတယ်ဘုရား)။ စကြာမင်းကြီးဖြစ်ပြန်တော့လဲ စကြာရထားကြီးနဲ့ လောကီစည်းစိမ် အကုန်ရမှာဘဲ....(တင်ပါဘုရား)။

သို့သော်–စကြာမင်းကြီးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ခုန ဝိပဿနာဉာဏ်နဲ့ တက်ပြီးသွားတဲ့အခါကျတော့ စကြာရတနာ နဲ့လောကီစည်းစိမ်ကြီးကိုသတိရသေးရဲ့လား?(မရပါဘုရား)။ ဘာပြုလို့မရတုံး....(နိဗ္ဗာန်ရလို့ပါဘုရား) စကြာရတနာထက် ချမ်းသာနေတယ်၊ ရှင်းပြီလား?။

ယနေ့တရား ဒီတွင်ဘဲ တော်ကြပါစို့။

( သာဓု....သာဓု....သာဓု )

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်မှ

## " အသင်္ခတဋ္ဌော "

ဒီကနေ့ဟောရမှာက သစ္စာအနက် တဆဲ့ခြောက်ချက်၊ သူ့အစဉ်အတိုင်း လာတော့မှာမို့ ဘာလဲလို့မေးခွန်းထုတ်လို့ရှိရင် ဖြင့် အသင်္ခတဋ္ဌောကို ဟောလိမ့်မယ်၊ အသင်္ခတဋ္ဌော ဆိုတာက နိဗ္ဗာန်အသင်္ခတသတ္တိရှိတယ်လို့ မှတ်ပါ။ အသင်္ခတသတ္တိဆိုတာ တခြားမဟုတ်ပါဘူး၊ နဲနဲမှပြုပြင်ပြီးသကာလ ထားတဲ့တရား မဟုတ်ဘူးလို့ မှတ်ထားရမယ်။

အသင်္ခတဋ္ဌော-အဖန်ဖန် ပြုပြင်ခြင်းမရှိသောအနက်သဘော သည်ရင်း၊ အဖန်ဖန်ပြုပြင်ခြင်းမရှိဘူးဆိုကကည်းကိုက ပကတိ ခိုင်မြဲတယ်ဆိုတဲ့ အဓိပ္ပါယ်ယူဘို့ပါဘဲ၊ အဖန်ဖန် ပြုပြင်ခြင်းမရှိ ဆိုတာ ဘာပါလိမ့်၊ (ပကတိခိုင်မြဲတာပါဘုရား)။ ဒါဖြင့်-နိဗ္ဗာန် ဆိုတဲ့တရားသည် ဒကာ-ဒကာမတို့ အဖန်ဖန်ပြုပြင်ခြင်းမရှိသော ကြောင့် ပကတိခိုင်မြဲတဲ့တရားလို့ မှတ်ပါ။

ကောင်းပြီ၊ ဒါဖြင့်-နိဗ္ဗာန်ဆိုပဲ့တရားသည် အဖန်ဖန် ပြုပြင်ခြင်း မရှိသောကြောင့် ပကတိခိုင်မြဲတဲ့တရား၊ အသင်္ခတဌေဘဲ။ အဲဒီတော့-သင်္ခတ တရားတွေကတော့ ကျုပ်တို့ ရုပ်နာမ်တွေ ဘုံတွေဖြစ်နေသောကြောင့်၊ ဒြေဘ်-ဒါတွေက ပြုပြင်ထားလို့ ပျက်တယ်လို့ ဆုံးဖြတ်ချက်ချ။ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ နောက်-နတ်ဘုံ၊ လူ့ဘုံ၊ ဗြဟ္မာဘုံတွေက ဘာတရားပါလိမ့်....၊ (သင်္ခတ တရားပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-သင်္ခတ တရားက ပြုပြင်တုံးဘဲ တည်တံ့နေတဲ့တရား၊သင်္ခတတရားကပြုပြင်တုံးဘဲ၊ တည်တံ့နေတဲ့တရား ဖြစ်သောကြောင့် အသင်္ခတတရားနဲ့ နဲနဲမှမတူဘူး။ အသင်္ခတ သဘောဟာ နိဗ္ဗာန်ဘဲ၊ အဖန်ဖန် ပြုပြင်ခြင်းမရှိသော အနက်သဘောသည်ရင်း။ အသင်္ခတတရားက အဖန်ဖန် ပြုပြင်နိုင်မှ တည်တံ့တဲ့တရား မကွာဘူးလား?(ကွာပါတယ်ဘုရား)၊ရုပ်နာမ် ဓမ္မတွေက ဘာပါလိမ့်၊ (အဖန်ဖန်ပြုပြင်နိုင်မှ တည်တံ့တဲ့တရား ပါ ဘုရား)။ အဖန်ဖန်ပြုပြင်နိုင်မှ တည်တံ့ ခိုင်ခန့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ။

ဒါဖြင့်—အဖန်ဖန်ပြုပြင်နိုင်မှ တည်တံ့ ခိုင်ခန့်တဲ့ တရားက သင်္ခတတရား၊ အဖန်ဖန်ပြုပြင်ခြင်း မရှိဘဲနဲ့ ခိုင်မြဲတည်တံ့တဲ့ တရားက ဘာတရားပါလိမ့်(အသင်္ခတတရားပါဘုရား)အသင်္ခတ တရား။ ဒါဖြင့်—သင်္ခတနဲ့ အသင်္ခတကို ဒကာ-ဒကာမတွေ ထူးခြားကြရဲ့လား? (ထူးခြားပါပြီဘုရား)၊ ထူးခြားကြပြီ။

အဖန်ဖန်ပြုပြင်မှ ပေါ်နိုင်တဲ့တရားက ဘာပါလိမ့်၊ (သင်္ခတ တရားပါဘုရား)၊အဖန်ဖန်ပြုပြင်ခြင်းမရှိဘဲနဲ့ ခိုင်ခန့်တည်တံ့တဲ့

တရားက ဘာဆိုကြမလဲ(အသင်္ခတတရားပါဘုရား)။ အဲဒီတော့ ဒီကနေ့ပြောရမှာက အသင်္ခတဓာတ်ဆိုတဲ့ဥစ္စာ ပြောရမှာဖြစ်နေတယ်၊ အသင်္ခတဓာတ်ဆိုတာ နိဗ္ဗာန်ကိုဆိုသည်။ အဲဒီ-အသင်္ခတ သဘောသည် ဘာပါလိမ့်မတုံးလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် အဖန်ဖန်ပြုပြင်ခြင်းမရှိတာကို အသင်္ခတတရား။ အဖန်ဖန်ပြုပြင်မှု ရှိတာကို သင်္ခတတရား၊ မှတ်မိကြပြီလား? (မှတ်မိပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ခင်ဗျားတို့ ယခု ရ-ထားတဲ့ခန္ဓာငါးပါး၊ ခင်ဗျားတို့ ဆုတောင်းပြည့်ထားတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတွေ ငရဲဘုံတွေ, တော, တောင်, ရေ, မြေတွေ၊ အဲဒါတွေသည်ကား ဆိုရင်ဖြင့် ဒကာ-ဒကာမတို့ ပြုပြင်ထားလို့ ပေါ်တဲ့တရားဖြစ် သောကြောင့် သင်္ခတတရားလို့မှတ်ပါ....(မှန်ပါ ဘုရား)၊ပြုပြင် တဲ့ အရှိန်အစော် အာနုဘော်၊ ဩော်-သင်္ခတတရားက ပြုပြင် ထားတဲ့ ခေတ္တ တည်တံ့ပြုပြင်တဲ့တရား၊ သတ္တိ အရှိန်အစော် အာနုဘော်ကုန်လို့ရှိရင်ဖြင့် ပျက်ကြရတယ်၊(မှန်ပါဘုရား)။

ဒါဖြင့်—သင်္ခတတရားက ဘာပါလိမ့်၊ (ပြုပြင်ထားလို့ပျက် ရသည့်တရားပါဘုရား)၊ ဒါဖြင့်-ဆုတောင်းလို့ ရ-ထားတဲ့တရား ဟူသမျှ ကိုယ့်ဆုတောင်း အရှိန်အစော် အာနုဘော်ကုန်လျှင် ဘာဖြစ်မယ်ထင်သလဲ—(ပျက်ရပါမယ်ဘုရား)၊ရှင်းကြပြီလား၊ (တင်ပါဘုရား)။

ဒါ—ဖြစ်ပျက်သဘော ပါအောင် ပြောနေတယ်.... ( မှန်ပါ ဘုရား )။ ဖြစ်ပျက်သဘောပါအောင် ပြောနေတယ်ဆိုတော့၊ ဒကာ-ဒကာမတို့ စဉ်းစားရမယ်၊ ဩော်-ဆုတောင်းလို့ရတယ်။

ဘာလေးလှုလှု ဆုတောင်းလို့ရတာဟာ ဆုတောင်းတဲ့ အရှိန် အစော် အာနုဘော်ကုန်လျှင် ပျက်သွားတာဘဲ။

ဩော်—ဒို့သည်ကားလို့ဆိုရင်ဖြင့် အပျက် ရ-ရပါလို၏လို့ ဆုတောင်းတာဘဲလို့မဆိုထိုက်ကြဘူးလား? (ဆိုထိုက်ပါတယ် ဘုရား)၊ အဲ သခ်ဳတအလုပ်သာ လုပ်နေကြမယ်ဆိုရင်ဖြင့် ဒကာ-ဒကာမတွေ ပျက်ချင်လို့လုပ်တာလို့ ဆုံးဖြတ်ချက်ချပါ၊(မှန်ပါ ဘုရား)၊ သခ်ဳတအလုပ်လုပ်နေရင် ဘယ်လိုဆိုကြမယ် (ပျက်ချင် လို့ပါ ဘုရား)။

ဒါဖြင့်—လူဖြစ်ချင်, နတ်ဖြစ်ချင်, ဗြဟ္မာဖြစ်ချင်, ရောင်းချင် ဝယ်ချင်,သွားချင်လာချင်,ပြောချင်ဆိုချင်တာတွေဟာ သခ်ဳတ တရားတွေ(မှန်ပါဘုရား) ဒါဖြင့် ဘယ်လမ်းဆုံးရမလဲ၊ (အပျက် လမ်းဆုံးရမှာပါဘုရား) အပျက်လမ်းဆုံးရမယ်။ ဒါဖြင့်-ဒကာ ဒကာမတို့ ခင်ဗျားတို့ အမြင်တိုတယ်လို့ဆိုချင်တာဘဲ (မှန်လှ ပါဘုရား)။ ဘယ်လိုအမြင် တိုပါသလဲလို့မေးတဲ့အခါ ကျတော့ ခင်ဗျားတို့က ကောင်းကောင်းလုပ်လျှင် ကောင်းကောင်း ဖြစ် မှာဘဲ၊ဆိုးဆိုးလုပ်လျှင် ဆိုးဆိုးဖြစ်မှာဘဲအစရှိသည်နဲ့ ခင်ဗျား တို့က ကောင်းကောင်းပြုလျှင် ကောင်းကောင်းဖြစ်မယ်။ လှလှ ပြုပြင်သွားလို့ရှိလျှင် နောက်ဘဝ လှလှဖြစ်ရမယ်။ခိုင်ခိုင်ခန့်ခန့် ပြုလုပ်သွားလျှင် ခိုင်ခိုင်ခန့်ခန့်ဖြစ်မယ်။

ဒါဖြင့်—ခင်ဗျားတို့ ပြုပြင်ထားတဲ့ တရားဟူသရွေ့ဟာက သခ်ဳတတရားလို့ ဆိုသောကြောင့် ခိုင်တဲ့သဘော သတ္တိနဲ့ ခိုင် အောင် ပြုပြင်တယ်၊ ခိုင်အောင်ပြုပြင်တဲ့သဘောသတ္တိလဲဆုံးရော သူ-အကျိုးတရားဆိုတဲ့ ခိုင်တတ်တဲ့သဘောကြီးဟာလဲပျက်မှာဘဲ သဘောကျပြီလား? (ကျပါပြီဘုရား)။

ဒါဖြင့်-သခ်တတရားဟာဘယ်မှာလမ်းဆုံးသလဲ (အပျက်မှာ လမ်းဆုံးပါတယ်ဘုရား)။ အဲ--သခ်တ တရားဆိုတော့ စသံ့, ပေသံပါနေတယ်၊ ခင်ဗျားတို့ ရုပ်နာမ်တွေ ဘယ်မှာဘဲဖြစ်ဖြစ် အကြောင်းတရားလေးပါးပြုပြင်ထားတာ။ ပြုပြင်ထားတာတော့ ဖြစ်နေသောကြောင့် ပြုပြင်တဲ့သဘောသတ္တိ ဆုံးလိုက်ပြီဆိုမှဖြင့် ဗုန်းကနဲပြုတ်ကျတာချည်းလို့ ဆုံးဖြတ်ချက်ချ၊ သဘောကျပြီ လား? (ကျပါပြီဘုရား) ဒါ-ဘယ်သူ့သတ္တိပါလိမ့်....(သခ်တပါ ဘုရား)၊ သခ်တတရား၏သတ္တိ....။

ဩော်-ဒါဖြင့်ခင်ဗျားတို့ ဒီအရင်းငွေကလေးနဲ့တည်ထောင် လိုက်၊ ဒီအမြတ်ကလေးထွက်လိုက်၊ ဒီအမြတ်ကလေး ကုန်-ကုန် သွားတာရော၊ ခင်ဗျားတို့ မထင်ရှားဘူးလား? (ထင်ရှားပါ တယ်ဘုရား)၊ ဒီအရင်းလေးတဲ့ တည်ထောင်လိုက်တယ်၊ဒီအမြတ် ကလေး ရလာတယ်၊ ဒါ-ပြုပြင်လို့ရတာကိုးဗျ(မှန်ပါဘုရား)။

ပြုပြင်လို့ရတာဆိုတော့ ပြုပြင်လို့ရတဲ့ အရှိန်အစော် အာနု ဘော် ကုန်သွားတော့ ဘယ့်နှယ်နေသလဲ....(ပျက်သွားပါတယ် ဘုရား)။ ပျက်သွားပြီး နောက်ထပ် ငွေမရနိုင်ဘူး ဆိုတော့ အရင်လို သုံးဖြုန်းပြီးကုန်တာဘဲ၊ ဒီအတိုင်း မနေပေဘူးလား?း၊ (နေပါတယ်ဘုရား)၊ ဒါဖြင့်-သခ်တတရားဟူသရွေ့ ဘယ်မှာ လမ်းဆုံးသတုံး....(အပျက်မှာလမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့်—ဒကာ,ဒကာမတို့ စဉ်းစားပါ၊ အသခ်တရောက်မှဘဲ စိတ်ချရမှာ....(မှန်ပါဘုရား)၊ ဦးဘအုန်း,ဘယ်ကျမှ စိတ်ချရမှာ လဲ....(အသခ်တကျမှပါဘုရား)။ ဩော်-အသခ်တရောက်မှ စိတ် ချရမှာ....။

အခုတော့ အိမ်တွေ့ကျောင်းတွေ့တန်ဆောင်းတွေ နတ်ပြည်ရောက်ကြောင်း၊ ဗြဟ္မာပြည်ရောက်ကြောင်းတွေ ခင်ဗျားတို့က သူ့နည်းနဲ့သူ ပူပြင်ကြတယ်ဆိုကြပါစို့။ သူ့နည်းနဲ့သူ ပူပြင်လိုက်တော့ သူ့အကြောင်းရှိသလောက်တော့ အကျိုးတော့ပေါ်တာပေါ့ဗျာ....(မှန်ပါဘုရား)။

သို့သော်-အကြောင်းအရှိန်အစော် အာနုဘော်တွေ ကုန်တဲ့အခါကျတော့ ဘာဖြစ်သတုံး....(ပျက်ပါတယ်ဘုရား)။ ဩော်-ဒါဖြင့်-ပူပြင်လို့ရတဲ့တရားဟာဖြင့် ခိုင်မြဲလိမ့်မယ်မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါဘုရား)၊ မပူပြင်ဘဲရတဲ့နေရာ တည်းဟူသော အသင်္ခတနယ်သို့ရင်း၊ (ဝါ) နိဗ္ဗာန်သို့ရင်း၊ ခင်ဗျားတို့ ရောက်အောင်ကြိုးစား....(မှန်ပါ ဘုရား)။

အဲဒီနေရာဖြင့် အင်း မပူပြင်ဘဲနဲ့တည်တံ့နေသောကြောင့် ဘယ်အကြောင်းနဲ့မှ မဆက်သွယ်သဖြင့် ဦးချစ်ခတို့ ပျက်စရာရှိသေးလား? (မရှိပါဘူး ဘုရား)။ ဒါဖြင့်-သင်္ခတအလုပ်-လုပ်နေတဲ့ပုဂ္ဂိုလ်တွေသည် ပျက်ချင်လို့လုပ်တာ၊သဘောကျပြီလား၊ ( ကျပါပြီ ဘုရား )၊ အသင်္ခတရောက်ကြောင်းကိုသာ လုပ်ပြီး သကာလ ခင်ဗျားတို့ကြိုးစားလိုက်မယ်ဆိုလို့ရှိရင်ဖြင့်အသင်္ခတနယ်ဘက်ကိုလဲ ရောက်ကြောင်းဖြစ်တဲ့မဂ္ဂင်ကပို့ပါရော၊ခင်ဗျားတို့ ပြန်ကျစရာ, ပျက်ကျစရာ, ဆွေးစရာ, ပုပ်စရာ, ရိစရာရှိသေးသလား? (မရှိပါ ဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ဟာ အလုပ်ပင် လုပ်နေငြားသော်လည်း ခင်ဗျားတို့ ပျက်ဘို့အလုပ်သာ လုပ်တတ်တယ်၊ခိုင်မြဲဘို့အလုပ်မလုပ်တတ်ဘူးလို့ စွဲချက်တင်စရာကောင်းတယ်၊မတင်နိုင်ဘူးလား

တင်နိုင်လား....? (တင်နိုင်ပါတယ်ဘုရား)၊ တင်သင့်တယ်ဗျ၊ ဦးအာအုန်း ရ....။

ဒါဖြင့်-ဒီလိုတင်သင့်တော့ ပျက်ဘို့မှန်းမသိလို့ လုပ်တာဘဲ၊ ဦးချစ်ခ မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါတယ်ဘုရား)လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာလေ။ပျက်ဘို့မှန်း မသိလို့ လုပ်နေတာဘဲ၊ ဖြော်-မသိဆိုတဲ့ အဝိဇ္ဇာဟာ အုပ်ချုပ်ချက် တယ့်သန်နေပါလားလို့ လဲ ဒကာ-ဒကာမတွေပြောရင် ခံရမှာဘဲမဟုတ်ဘူးလား?(ဟုတ်ပါတယ်ဘုရား)။

မသိလို့ လုပ်ဖြစ်တာကို သိလျှင် မလုပ်ပါဘူး၊မလုပ်ဖြစ်တော့ဘူးဆိုတော့ မသိလို့ လုပ်တဲ့အလုပ်ဟူသရွေ့ သည်၊သင်္ခါတအကျိုးတရားဖြစ်မယ်။ သင်္ခါတအကြောင်းတရားအားထုတ်တော့ သင်္ခါတဆိုတဲ့ အကျိုးတရားကော မဖြစ်ပေဘူးလား?(ဖြစ်မှာပါဘုရား) အဲဒါ-အကြောင်းတရား အရှိန်အစော်ကုန်ပြီး, အကျိုးတရား ဘယ့်နှယ်ဆိုကြမလဲ....(ပျက်တတ်ပါတယ်ဘုရား)။

ဖြော်—ဒါဖြင့် ခင်ဗျားတို့သည် နိဗ္ဗာန် ရောက်ကြောင်း မဟုတ်တဲ့ အလုပ်ဟူသရွေ့ဟာဖြင့် ပျက်စီးဘို့ လုပ်နေကြတာ၊ ဦးဘကြည် သဘောပါရဲ့လား? (ပါ့ပါတယ်ဘုရား)၊ နိဗ္ဗာန် ဆိုတာ သူ့အစစ်ဟောရမယ်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ငါ့လို့ မရဘူး၊ (မှန်ပါ ဘုရား)၊

ဒါဖြင့်—ဒကာ့ဒကာမတို့ ခင်ဗျားတို့ ရောင်းကြတယ်, ဝယ်ကြတယ်, တိုက်တည်ကြတယ်,ကားဝယ်ကြတယ်,အမျိုးမျိုးအဖုံဖုံ ပေါ့ဗျာ၊ ကိုယ့်ပစ္စည်း ကိုယ့်အား ကိုယ့်အင် ချိန်ပြီးသကာလ လုပ်ကြတာဟူသရွေ့ ဘယ်မှာလမ်းဆုံးမယ်ထင်ကြလဲ၊(အပျက်မှာ

လမ်းဆုံးမှာပါ ဘုရား)။ ဘာတရားမို့ ပျက်တာလဲ....(သင်္ခတတရားမို့ ပျက်တာပါဘုရား)၊ သင်္ခတတရားဆိုတာက ဘာတရားမျိုးတုံးဆိုတော့ မိမိအားစိုက်ပြီး ပြုပြင်ရတာတွေ၊ရှင်းပြီလား၊ (ရှင်းပါတယ်ဘုရား)။ မိမိအားစိုက်ပြီး ပြုပြင်လို့ရတဲ့ အကျိုးတရား တွေလို့ဆိုရင်ကော လွဲသေးသလား? (မလွဲပါဘုရား)။

ဒါကြောင့်-ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ကံပြုပြင်လို့ရတယ် စိတ်ပြုပြင်လို့ရတယ်၊ ဥတုပြုပြင်လို့ရတယ်၊ အာဟာရပြုပြင်လို့ ရတယ်ဆိုတော့ အကြောင်းတရား လေးပါးကြောင့် ရထားတဲ့ ခန္ဓာဆိုရင်တော လွဲမလား? (မလွဲပါဘုရား)။

ကောင်းပြီ၊ ဒီ-လေးပါး အရှိန်အစော်အာနုဘော်ကုန်တော့ ခင်ဗျားတို့ ယခုထိုင်နေတဲ့ခန္ဓာငါးပါးဟာ ဘာဖြစ်မယ်ထင်တုံး (ပျက်မှာပါဘုရား)၊ ပျက်သွားပြန်လို့ရှိရင်ဖြင့် ခင်ဗျားတို့သည် အကြောင်းတရား လေးပါးနဲ့ ကြိုးစားကြပြန်ရော....(မှန်ပါဘုရား)။ ကြိုးစားပြန်တော့ ပေါ်ပြန်တာဘဲ၊ မပေါ်ပေဘူးလား? (ပေါ်ပါတယ်ဘုရား)၊ ပေါ်ပြန်တော့ ဒီအရှိန်အစော် ကုန်ပြန်တော့ကော....(ပျက်ပြန်တာပါဘုရား)။

ဩော်—ခင်ဗျားတို့ ဘာတွေလုပ်နေကြသတုံးဆိုတော့ ပျက်မှုနဲ့ ပြုပြင်မှုသာ လုပ်နေလို့ ပြီးတော့မှာမဟုတ်ပါဘူး၊(မှန်ပါဘုရား)၊ မပြီးတဲ့အလုပ် လုပ်နေတဲ့ ဒကာ-ဒကာမတွေဘဲလို့ ဆိုရမယ်၊ (မှန်ပါဘုရား)၊ မပြီးတဲ့အလုပ်,လုပ်နေတယ်၊ ဩော်-ခက်ကောင်း ခက်ရချည်ရဲ့။

ဒကာ-ဒကာမတွေ မပြီးတဲ့အလုပ်, လုပ်နေကြတဲ့ လူတွေ လောက်, လောကမှာ ကြည့်မကောင်းတာများ ရှိသေးရဲ့လား၊

(မရှိပါဘုရား)။ ခင်ဗျားကိုယ်တိုင်ကြည့်ပါ၊ မပြီးတဲ့အလုပ်ကို အားကြိုးမာန်တက် လုပ်နေတဲ့ပုဂ္ဂိုလ်တဦးတယောက်လို့ စွဲချက်တင်ထိုက်၊ မတင်ထိုက်....(တင်ထိုက်ပါတယ် ဘုရား)၊ မပြီးတဲ့အလုပ်ဘဲ။ ထပ်ပြန်တလဲလဲလုပ်နေတယ်၊(မှန်ပါဘုရား)။ ဒီလူကို ဘယ်လိုစွဲချက်တင်မလဲ၊ အရူးသော်ငင်း ဖြစ်ရမယ်၊ (အရူးပါဘုရား)၊ မဖြစ်ထိုက်ဘူးလား? (ဖြစ်ထိုက်ပါတယ်ဘုရား)။

ဒါဖြင့်မပြီးတဲ့အလုပ်,လုပ်နေတဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် ဒကာဒကာမတို့ အသင်္ခတကို နည်းနည်းလေးမှ ဉာဏ်မမှန်းမိလို့ဘဲ၊ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)၊အသင်္ခတဘက်ကို မျှော်မှန်းနိုင်တဲ့ သစ္စာဉာဏ်မရှိဘူး၊ (မှန်ပါဘုရား)၊ နိရောဓသစ္စာဉာဏ်မရှိဘူးလို့လဲမှတ်ပါ....(မှန်ပါဘုရား)။

အသင်္ခတဘက်ကို မျှော်မှန်းနိုင်တဲ့ဉာဏ်ကို မရှိလို့ (ဝါ) သစ္စာကိုမသိလို့ လုပ်လိုက်,ပျက်လိုက်၊ ပျက်လိုက်,လုပ်လိုက်၊ လှည့်နေတာကို.... (မှန်ပါဘုရား)။ ကဲ—ဦးဘကြည်, ဆိုထိုက် မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ကိုင်း—ဒါဖြင့် ကျုပ်တို့သည် နောက်တုံးကများ ဘယ်လိုနေခဲ့ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဒီအတိုင်းဘဲ နေခဲ့တယ်လို့ဖြေရမယ်(မှန်ပါဘုရား)၊ ပြုပြင်တဲ့တရားက ပြုပြင်လိုက်၊ ပြုပြင်တဲ့အချိန်အစော်ကုန်တော့ ပျက်သွားတယ်။

ဟင်-ပျက်သွားပြန်တော့ ခင်ဗျားတို့က ပြုပြင်တဲ့အကြောင်းတရားနဲ့ ကြိုးစားလိုက်၊ ကြိုးစားပြီးတဲ့အဆုံးကျတော့ ပျက်သွားလိုက်၊ ခင်ဗျားတို့ဘဲ ဒီဘဂမယ် စီးပွါးသုံးခါပျက်,သုံးခါတက်ဆိုလို့ရှိရင်ဖြင့် ဒီအကျိုးကို ခင်ဗျားတို့ မကြိုက်ပေဘူး၊

ကြိုက်ပါ့မလား? (မကြိုက်ပါဘုရား)။ ဒီအကျိုးပေးမျိုးတော့ မကြိုက်ပါဘူး၊ သုံးခါပျက်၊ သုံးခါတက်တယ်ဆိုရင်ဘဲ ကိုထွန်းဦး ဘယ့်နှယ်တုံး....(မကြိုက်ပါဘုရား)။

ဒါဖြင့်အပျက်ပါ့ပါပေတယ်မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)၊ အပျက်ပါ့ပါနေတဲ့အတွက် မကြိုက်ကြဘူး....(မှန်ပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့သည် အပျက်မပါတဲ့လမ်းရှိသားဘဲ၊ ဦးဘကြည်-ရှိတယ်၊ အပျက်မရှိတဲ့လမ်း ရှိသားဘဲ။ အပျက်မရှိတဲ့နေရာကော....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတို့ သမုဒယ်တနဲ့ အသမုဒယ်တမကွဲသရွေ့ ကာလပတ်လုံး ခင်ဗျားတို့သည်ကား ဆိုလို့ရှိရင် သမုဒယ်တနယ် ထဲက လွတ်မှာ မဟုတ်ပါဘူး၊ (မှန်လှပါ ဘုရား)။ သမုဒယ်တနဲ့ အသမုဒယ်တမကွဲသရွေ့ကာလပတ်လုံး သမုဒယ်တက ဒုက္ခသစ္စာ၊ အသမုဒယ်တ က သုခသစ္စာ၊ ခင်ဗျားတို့ ဒါ-မကွဲချင်ဘူး....(မှန်လှပါဘုရား)။ ဒီနေ့-ကွဲအောင်လုပ်(မှန်ပါ ဘုရား)။

သမုဒယ်တက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)၊ သမုဒယ်တ ဆိုတာ အပျက်ပါတာကိုဗျ....(မှန်ပါဘုရား)။ အပျက်ပါတော့ ခန္ဓာငါးပါး ဘာသစ္စာ ခေါ်တုံး ...(ဒုက္ခသစ္စာ ခေါ်ပါတယ် ဘုရား)။ အသမုဒယ်တ ဆိုတဲ့ နိရောဓ ဆိုတာက အပျက်ပါ သလား? (မပါ့ပါဘုရား)သူက-သုခဖြစ်တယ်(မှန်ပါဘုရား)။

ဒါဖြင့်-ခင်ဗျားတို့သည် သစ္စာနှစ်ပါးလဲမကွဲဘူး၊ တပါးခြင်း လဲ မသိဘူး၊ နှစ်ပါးလဲ တိတိကျကျမသိဘူး၊ဘယ်လောက်များ ဆိုးနေလဲ၊(ဆိုးပါတယ်ဘုရား)၊ကိုယ့်အဖြစ်တော်ဟာ ဦးဘခင် ဆိုးပုံပေါ်ပြီလား? (ပေါ်ပါတယ် ဘုရား)။ သမုဒယ်တတရားလဲ ကြိုးစားနေပါတယ်၊ (မှန်ပါဘုရား)။

ဘာပြုလို့ကြိုးစားတုံး၊ ဆက်လိမ့်မယ်ဆိုတဲ့ ဒုက္ခသစ္စာကို ခင်ဗျားတို့မသိလို့ဘဲ.... (မှန်ပါဘုရား)၊ကြိုးစားတာ၊ ဝိပရိနာမ ဒုက္ခသစ္စာ သိလို့လား, မသိလို့လား? (မသိလို့ပါဘုရား)။ အသင်္ခတတရားဘက် မသွားတာကကော ဘာဖြစ်လို့မသွားပါ လိမ့်မလဲ၊ မေးခွန်းထုတ်ပြန်တော့.... (မသိလို့ပါဘုရား)။ နို့— ခင်ဗျားတို့ဟာ အခက်ကြီးဘဲ (မှန်ပါဘုရား)

ဒါနဲ့-သင်္ခတ တည်းဟူသော ဒုက္ခသစ္စာပျက်လိမ့်မယ်ဆိုတာ မသိဘူး....(မသိပါဘုရား)၊ အသင်္ခတ တည်းဟူသော သုခသစ္စာ မပျက်ဘူးဆိုတာကော မသိတော့ ခင်ဗျားတို့က အဲဒီကိုအရောက် မသွားဘူးဆိုတော့ သစ္စာမသိတဲ့ အဓိပ္ပါယ် မသေချာသေးဘူး လား? (သေချာပါတယ်ဘုရား)။ မပြုပြင်ဘဲနဲ့ ရှိတဲ့တရားကို သိပါမှ၊ ဩော်-ပြုပြင်နေရတဲ့တရားက ပျက်သလို၊ မပြုပြင်ဘဲနဲ့ သဘာဝနဲ့တည်ရှိနေတာက မပျက်သလိုလို့ ခင်ဗျားတို့ နှစ်ခု သိမှသာလျှင် တဖက်ဖက်စောင်းမယ်၊(မှန်ပါဘုရား)၊ နို့မဟုတ် လျှင် စောင်းပါ့မလား? (မစောင်းပါဘုရား)။ မစောင်းတော့ ဆင်ကန်း-တောတိုးလုပ်နေမှာပေါ့၊မလုပ်ပေဘူးလား?(လုပ်မှာ ပါ ဘုရား)။

ဒကာ-ဒကာမတွေ သစ္စာဟောရတဲ့အတွက် ခင်ဗျားတို့ လုပ်ပုံတွေ ဆင်ကန်း-တောတိုးလို့၊ ဘုန်းကြီးက အမိန့်ရှိပြား သော်လဲ ဆင်ကန်းက တောကို ပေါက်ထွက်သွားသေးတယ်၊ ခင်ဗျားတို့က ထွက်မှာမဟုတ်ဘူး၊ထွက်မယ်ထင်သလား၊(မထွက် ပါဘုရား)၊ ဘယ်လောက်ထိအောင် တိုးနေမှန်းမှမသိဘဲ၊ အဆုံး ရှိရဲ့လား? (မရှိပါဘုရား)၊ မရှိပါဘူး။

အဲဒါကြောင့် ဒကာ-ဒကာမတို့ သခ်တတရား ပျက်စီးတတ်တယ်နော်။ အသခ်တတရားက မပျက်စီးတတ်ဘူး။ ဒါဖြင့်ခင်ဗျားတို့ သခ်တတရားကို လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းတို့ အားထုတ်ကြတယ်ဆိုတာကော ဒုက္ခသစ္စာသိလို့လား မသိလို့လား? (မသိလို့ပါ ဘုရား)။

ဩော်—ဒါဖြင့် ဒုက္ခသစ္စာလဲ ခင်ဗျားတို့မသိဘူး၊ သခ်တက ဒုက္ခသစ္စာ၊ အသခ်တဘက်ဆိုတာ သုခသစ္စာ၊ (ဝါ) နိရောဓသစ္စာ၊ သခ်တတရား·ပျက်တတ်ပါတယ်ဆိုတဲ့ ဒုက္ခသစ္စာကိုသိရင် သခ်တတရားကို ခင်ဗျားတို့ နောက်ထပ် တည်ထောင်ကြမှာ မဟုတ်ဘူး၊ သဘောကျပြီလား? (ကျပါတယ်ဘုရား)။ ခု-ရုပ်နာမ်တရားကိုလဲ တည်ထောင်ပြီးဖြစ်ကြပြန်တယ်။

အဲ ဒါကျတော့ မသိခဲ့လို့ ပျက်မယ်ဆိုတဲ့ ဒုက္ခသစ္စာမသိလို့ တည်ထောင်တာဘဲ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဘယ်လောက်ဘဲ ခင်ဗျားတို့ မသာပို့နေနေ ဟုတ်လား၊ ခင်ဗျားတို့ ကိုယ်တိုင်ကိုက အတော်ဆိုးဝါးတယ်....(မှန်ပါ)၊ ခင်ဗျားတို့ မသာဘိတ်စာနဲ့တကွ မသာပို့ရခေါင်း အကြိမ်ဘယ်လောက်ရှိပြီတုံးလို့ ကိုထွန်းဦး-မေးရင်ကော ဘယ့်နှယ်ဖြေပါမလဲ၊ (အကြိမ်ပေါင်း မရေတွက်နိုင်ပါဘုရား)။

အဲဒီ-သခ်တတရားတွေက မွေးပြီးသေတာဘဲ၊ ဒါ-ဆုတောင်းလို့ ဖြစ်ရတာဘဲ၊ ဦးချစ်ခ-မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)၊ လူဖြစ်ရပါလို၏ဆိုတာ့ သေရပါလို၏ဆိုတာ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

အဲဒီအသေတွေပါတာကို ကိုယ့်ကိုယ်တိုင်ဘဲ မသာအမြဲတမ်း ပို့ကြည့်ပါ၊ ခင်ဗျားတို့ ပို့ပင်ပို့ငြားသော်လဲ ခင်ဗျားတို့သည် မသာကိုဘဲ ဆုတောင်းနေသေးတယ်။ သေခြင်းသေရင် မသာ ကြီးချ သေရပြန်ရင် ကျေနပ်နေတယ်၊ ဦးဘအုန်း မကျေနပ်ဘူး လား? (တချို့ကျေနပ်ပါတယ်ဘုရား)။ဒါက ဆင်ခြေလဲ့နေတာ တချို့တွေ ထည့်နေစရာမလိုပါဘူး၊ သေခြင်းသေ ဒီလိုသေရ ရင်ဖြင့် ကျေနပ်ပါတယ်ဆိုတော့၊ ဩော်-ဒုက္ခသစ္စာသိလို့လား မသိလို့လား? (မသိလို့ပါ ဘုရား)။

ဒုက္ခရောက်တာကို ဒီလိုရောက်ရလို့ရှိရင် ကျုပ်-ကျေနပ် တယ်၊ (မှန်ပါ)၊ ဟာ-ဦးလှ တယ်ဆိုးနေပြီ(ဆိုးပါတယ်ဘုရား) ဒါ-ဘာမသိလို့ ဒီလောက်ဆိုးတာလဲ.... (ဒုက္ခရောက်တာမသိ လို့ပါ ဘုရား)။

အဲဒီလိုဆိုတော့ သင်္ခတနဲ့အသင်္ခတမကွဲလို့ ဒါ လုပ်နေတယ် ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ ဦးဘကြည်-ဘာမကွဲတာတုံး၊ (သင်္ခတနဲ့ အသင်္ခတပါ ဘုရား)၊သင်္ခတဟာ မွေးသေ၊အသင်္ခတ ဟာ မွေးလဲမမွေးဘူး၊ သေလဲမသေဘူး၊ ရှင်းပြီလား? (ရှင်းပါ ပြီဘုရား)။

သင်္ခတဟာ ဘာတုံး၊ မွေးရင် သေတယ်၊ မွေးရင် သေတယ် ဆိုတာ ဖြစ်ရင် ပျက်တယ်ပြောတာဘဲ(မှန်ပါဘုရား)၊အသင်္ခတ ကတော့ အဖြစ်လဲ့မရှိဘူး၊ အပျက်လဲမရှိဘူး၊ သဘာဝခိုင်ခန့် တည်မြဲနေတယ်၊ ရှင်းကြပြီလား? (မှန်ပါဘုရား)။

ဒါကြောင့်-အသင်္ခတဌော-အဖန်ဖန် ပြုပြင်ခြင်း မရှိသော အနက်သဘောသည် နိဗ္ဗာန်ကို ဒီအနက်ပေးတာဘဲ၊ဦးဘကြည်ရ အဖန်ဖန်ပြုပြင်ခြင်းမရှိတဲ့ အနက်သဘောဟာ အသင်္ခတဌနိဗ္ဗာန် မြတ်၏သဘော၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီဘဝမှာ ဆရာဘုန်းကြီးနဲ့လဲ တွေ့နေပြီ၊ တွေ့လို့ ယနေ့ ခင်ဗျားတို့ သင်္ခတအကြောင်း ကောင်းကောင်းကြီး သိနေပြီ....(မှန်ပါဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း အလုပ်မှတပါး ကျန်တဲ့သင်္ခတအလုပ်လုပ်ချင်တာလုပ် ပျက်ဘို့ လုပ်တာဘဲဆိုတော့ လွဲသေးလား?(မလွဲပါဘုရား)၊လုပ်ချင်တာ လုပ်နေ ဘယ်လောက်နဲ့ရင်းရင်း၊ ဘယ်လောက်နဲ့ နှီးနှီး၊ ဦးဘအုန်း-ဘာဖြစ်မလဲ....(ပျက်မှာပါဘုရား)၊ပျက်မှာဘဲ။

သူလဲ ပျက်မှာဘဲ၊ လုပ်တဲ့လူလဲ ပျက်မှာဘဲ။ ပျက်ချင် ပျက်ပေစေတော့ဘုရား၊ တဘဝ တနပ်စာအတွက်တော့ လုပ်ပါရစေအုံးဆိုရင်တော့ ဒီလူဟာ သစ္စာကို မသိလို့မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)၊ သင်္ခတဆိုတာ ဒုက္ခသစ္စာ၊ အသင်္ခတဆိုတာ နိရောဓသစ္စာ (ဝါ)နိဗ္ဗာန်ဆိုတဲ့တရား ဒကာ-ဒကာမတို့ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါသယ်ဘုရား)။

အဲဒီတော့ - ယခုဘဝမှာ ခင်ဗျားတို့ ဩဘ်-ဒွိခဲလေသမျှ သဲရေကျဆိုတဲ့ အလုပ်ချည်း လုပ်နေတယ်၊ မဆိုနိုင်ဘူးလား?၊ (ဆိုနိုင်ပါတယ်ဘုရား)၊အတော်ဆိုးမနေဘူးလား? (ဆိုးပါတယ်ဘုရား)၊

ဒါဖြင့်-ဒကာ,ဒကာမတို့ သင်္ခတ နားလည်မှ အသင်္ခတ ရှင်းမယ်လို့ဆိုတာမှတ်။ 'သင်္ခတဘူတဒုက္ခဒဿနေန အသင်္ခတဌော'

သည်၊ သခ်ာတဘူတဒုက္ခဒသနေနှ၊ သင်္ခတဖြစ်တဲ့ ဒုက္ခသစ္စာမြင်မှ သာလျှင်။ အသင်္ခတဌာ၊ မပုပြင်ရဘဲနဲ့ တည်တံ့ သောနိဗ္ဗာန် သည်။ ပါတုဘဝတိ၊ ဉာဏ်ထဲ၌ထင်ရှားလာ၏။ သင်္ခတ ကောင်း ကောင်းမြင်မှ အသင်္ခတရှင်းဘာ၊ သဘောကျပြီလား? (ကျပါ တယ်ဘုရား)။

ဒါဖြင့်—ရှေ့က ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်အရှိကို မုန်းမှ ဖြစ် ပျက်မရှိတာ ကြိုက်လာမယ် ခင်ဗျားတို့ သဘောကျပြီလား?၊ (ကျပါတယ်ဘုရား)။ ဒါဖြင့်-ရှေ့ပိုင်းက အနိစ္စ, ဒုက္ခ, အနတ္တ ရှုရတာ ဘယ်အကျိုးငှါပဲလိမ့်မတုံးဆိုတာ ယနေ့-လုပ်စဉ်ပေါ် ပြီလား? (ပေါ်ပါပြီဘုရား)။

အဲဒါ-သင်္ခတတရား၏အခြင်းအရာအကုန်သိမယ်ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)၊ ဘယ်အခြင်းအရာတုံး....၊ (သင်္ခတတရား၏ အခြင်းအရာပါဘုရား)။ သင်္ခတတရား၏ ခန္ဓာငါးပါး, ရုပ်နာမ် ဆိုတဲ့ သဘောအခြင်းအရာတွေဘဲ။ သူဟာ ဘယ်ကျအောင် ဘယ်လိုလုပ်တတ်တယ်, ဘယ်လိုသတ္တိရှိတယ်, ဘယ်လိုလမ်းဆုံး တယ်ဆိုတာ သိတဲ့အခါကျတော့မှ၊ တော်ပြီဟေ့—သင်္ခတ အကြောင်း ကောင်းကောင်း မသိပေဘူးလား? (သိပါတယ် ဘုရား)၊ပျက်တယ်ဆိုတာ ခင်ဗျားတို့မမြင်ရပေဘူးလား၊ (မြင်ရ ပါတယ်ဘုရား)။

အဲဒီ-သင်္ခတသဘောကို ခင်ဗျားတို့ ကောင်းကောင်းသိတဲ့ အခါကြတော့မှ 'အင်း—ပျက်ရာရှိလျှင်ဖြင့် မပျက်ရာလဲရှိရမှာ ဘဲလို့ အသင်္ခတဘက် နဲနဲလှည့်တယ်....(မှန်ပါ ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ အခု-ခန္ဓာတွေ ရပြီးသကာလ ရောင်းဝယ်ဖေါက်ကား လုပ်ကိုင်လို့ အမျိုးမျိုးအဖုံဖုံ တိုက်တွေ

ကားတွေနဲ့ နေဌြားသော်လဲ ခင်ဗျားတို့ ပြုပြင်ထားတာတွေ ဖြစ်သောကြောင့် အငိုပ်ပြသလိုပျက်ရမှာဘဲ၊သဘောကျပြီလား (မှန်ပါဘုရား)။ အကြီးအကျယ်လုပ်လျှင် အကြီးအကျယ် ပျက်ရမယ်။ နဲနဲလုပ်ရင် နဲနဲပျက်ရမယ်။ ဟင် အလပ်စားလုပ်ရင် ကော....(အလပ်စားပျက်ရမယ်ဘုရား)။

အလပ်စားပျက်မှာဘဲဆိုတော့ ခင်ဗျားတို့ မန္တလေးမြို့ကြီးမှာ၊ ရှေးနှစ်ပေါင်းတရာက မန္တလေးသူ-မန္တလေးသား ရှိသေးသလား, မေးကြည့်....(မရှိတော့ပါဘုရား)။ ဟာ-ဘယ်ရောက်ကုန်ပြီတုံးဗျ....(သေကုန်ကြပါပြီ ဘုရား)၊ သင်္ခတ တွေကိုးဗျ၊ (မှန်ပါ ဘုရား)၊ သင်္ခတတွေမို့ ပျက်ဆုံးသွားကြပြီ၊ (မှန်ပါ ဘုရား)။ နောက်လာတဲ့ လူတွေလဲ သူတို့သက်တမ်းစေ့တော့ သူတို့လဲ နေနိုင်သေးရဲ့လား? (မနေနိုင်ပါဘုရား)။

ဒါဖြင့်-သင်္ခတတရားတွေရှိတဲ့နေရာဟာ ဘယ်လိုနေရာပါလိမ့် မတုံးလို့ဆိုတော့၊ သေတဲ့နေရာချည်းဘဲလို့ ဆုံးဖြတ်ချက်ချ၊ အရင်လူတွေလဲ ဒီနေရာမှာသေသွားတယ်။ အခုလူတွေလဲ ဒီနေရာမှာဘဲ ဆုံးရှုံးရမယ်....(မှန်ပါဘုရား)။ နောက် လာလတံ့ လူတွေကော....(ဒီနေရာမှာဘဲ သေရပါတယ်ဘုရား)။

ဘာကြောင့်ပါလိမ့်မတုံး....(သင်္ခတတရားတွေမို့ပါဘုရား) အဲဒီတော့ခက်လိုက်တဲ့ဖြစ်ခြင်း၊ ခင်ဗျားတို့ကျုပ်တို့က ဒီသင်္ခတ တရားတွေကိုဘဲ ပြန်လွှမ်းရကယ်....(မှန်ပါဘုရား)၊ ဒို့အဘိုးတွေ ဒို့အဘွားတွေ လွှမ်းပါသေးတယ်ကွာဆိုရင် သင်္ခတကြိုက်တာ၊ အသင်္ခတဘက် ပြေးမဲ့လူမလာဘူးဗျ၊ သင်္ခတတရားတွေကို လွှမ်းတောင် နေလိုက်ရသေးတယ်။ ဖြစ်မှဖြစ်ရလေ၊ လွှမ်းတယ်ဆို

ကတည်းက သမုဒယမဟုတ်လားဗျ....(မှန်ပါဘုရား)။ သောက မဟုတ်လား? (မှန်လှပါ ဘုရား)။

အဲဒီတော့-ဒုက္ခသစ္စာသိဘဲ့တရားနဲ့ လွှမ်းတာလား၊ မသိတဲ့ တရားနဲ့လွှမ်းတာလား? (မသိတဲ့တရားနဲ့လွှမ်းတာပါဘုရား)၊ မသိတဲ့တရားပေါ်နေပြီ။ အခုထက်ထိ ခင်ဗျားတို့သစ္စာမပေါက် သေးဘူးဗျ၊ ခက်လိုက်တဲ့ဖြစ်ခြင်းက ဘာပြုလို့တုံး ဆိုလို့ရှိရင် သူကလေးကို မြင်တိုင်း မြင်တိုင်း, မျက်ရည် သုတ်ခါ သုတ်ခါ လာသေးတယ်၊ မလာဘူးလား? (လာပါတယ်ဘုရား)။

ဒါဖြင့်-သင်္ခတတရားကိုပင်လျှင် ခင်ဗျားတို့က တခါတည်း လွှမ်းဆွတ်နေသေးတယ်ဆိုတော့ ဟိုသင်္ခတတွေနဲ့ပြန်ပေါင်းချင် သေးတယ်၊(မှန်ပါဘုရား) ဟို-သင်္ခတနဲ့ အခုရှိတဲ့-သင်္ခတနဲ့ပြန် ပေါင်းချင်တယ်၊ဘာကြောင့်-အတူတူပျက်ရအောင်လို့သဘော ကျပြီလား? (ကျပါပြီဘုရား)။ ကိုဘကြည် ဒီ ဥစ္စာကိုညာပြော လို့ ရပါ့မလား? (မရပါဘုရား)။ သင်္ခတက အသစ်ကို ကူးရ မှာကိုးဗျ....(မှန်ပါဘုရား)။

အသင်္ခတကိုသဘောမကျသေးသရွေ့ကာလပတ်လုံး၊သင်္ခတ မိမိရရပြောရမယ်၊ (မှန်ပါဘုရား)၊ သင်္ခတ, ကြေကြေနပ်နပ် ကလေး ရှိတဲ့အခါကျတော့မှ၊ သြော် ဒါဖြင့် ဒီအလုပ်မဟုတ် ပါလားဆိုတာ လာလိမ့်မယ်၊ (မှန်ပါဘုရား)၊ လာတော့မှ အသင်္ခတလမ်းပြရမယ်၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ရုပ်နာမ်ကြီးဟာ သင်္ခတလား, အသင်္ခတလား? (သင်္ခတပါဘုရား)၊ အင်း-ဟုတ် တယ်၊ ဒကာ-ဒကာမတို့ ခင်ဗျားတို့ နောက်ဘဝက-ကံ၊ ကံပြု

ထားတာ ဒီဘ၀ကျတော့ ဉတု, စိတ်, အာဟာရက ပြုထားတာ၊ သဘောကျပြီလား? (မှန်လှပါဘုရား)။

နောက်ဘဝကတော့ ဘယ်သူပြုထားတာတုံး(ကံပါဘုရား) နောက်ဘ၀ကတော့ ကံကနေပြီးသကာလ, ကမ္မဇရုပ်တွေ တည်ထောင်လိုက်တယ်၊ (မှန်ပါဘုရား)၊ ဒီဘ၀ကျမှ ၀မ်းထဲမှာရှိတဲ့ စိတ်က စိတ္တဇရုပ်တည်ထောင်လိုက်တယ်၊ အပြင်ဘက်က အာဟာရက အာဟာရတည်ထောင်လိုက်တယ်၊ မြေတွေ့လေတွေနဲ့ ဥတုက တည်ထောင်လိုက်တယ်။

ဒါဖြင့်-ခင်ဗျားတို့ ခန္ဓာငါးပါးကို ဘာတရားခေါ်မလဲ—?၊ (သစ္စာတရားပါဘုရား)။ ကံကုန်ရင်လဲ ဖြုံးကနဲပျက်တာ(မှန်ပါဘုရား)။ အင်း-စိတ်ကုန်ပြန်ရင်ကော....(ပျက်မှာပါဘုရား)၊ ဥတုကုန်ရင်ကော....(ပျက်မှာပါဘုရား)။ အာဟာရကုန်ရင်ကော-(ပျက်မှာပါ ဘုရား)၊ ဘာဖြစ်လို့တုံးဗျ....(သစ္စာ တရားမို့ပါဘုရား)၊ သူများပြုပြင်လို့ပေါ်နေတဲ့ သစ္စာတရား၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

သူများပြုပြင်လို့ပေါ်နေရတဲ့သစ္စာတရားဖြစ်သောကြောင့် ပြုပြင်တဲ့တရားက တော်ပြီ တန်ပြီလို့လဲ ဆုံးဖြတ်ချက်ချတော့ ခင်ဗျားတို့က ဝုံးကနဲပျာကြ၊ မပျာကြဘူးလား, ပျာကြသလား၊ (ပျာကြပါတယ်ဘုရား)။

အဲဒီတော့ခင်ဗျားတို့သည်လက်အောက်ခံအစစ်ကြီးပါလား၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)၊ ကံ,စိတ်, ဉတု, အာဟာရတို့၏ ဘာပါလိမ့်....(လက်အောက်ခံပါဘုရား)။

ဩြောင်-ဒါဖြင့် ပျော်နိုင်သရွေ့ ပျော်ပြီးသကာလ နေကြတာ၊ လက်အောက်ခံ ကျွန်ပျော်, ပျော်တာဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီလား? (ရှင်းပါတယ်ဘုရား)။ဘာပျော်,ပျော်ကြတာတုံး (ကျွန်ပျော်,ပျော်ကြတာပါဘုရား)။ဟင်-ခင်ဗျားတို့က ဘယ်သူ့ ကျွန်တွေတုံး၊ (ကံ,စိတ်,ဥတု,အာဟာရပါဘုရား)။

ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းတရား လေးပါး ကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်ကြီးက,ကျွန်၊ သူတို့က သခင် ဒီအထဲမှာ ခင်ဗျားတို့ ထိုက်တန်တဲ့ ကိုယ့်အရည်အချင်းလေးနဲ့ ကိုယ် နေကြ, ထိုင်ကြ, ပျော်ကြ,ရွှင်ကြနေကြတာသည် ခင်ဗျား တို့ အရှင်သခင်က စီမံသလို ခံရမှာကို သိလို့ပျော်တာလား၊ မသိလို့ပျော်တာလား? (မသိလို့ပျော်တာပါဘုရား)။ခင်ဗျား တို့က, ကလေးမျှားဟာ ဘာမှမသိဘူးလို့ဆိုလေ့ရှိတယ်။ အမေ အဖေမှာ ပိုက်ဆံရှာခက်တယ်,မခက်တယ် မသိဘူး၊ မုန့်ဘိုးသာ နင်းတောင်းနေတာဘဲ။

ဒါဖြင့်-ခလေးမှာတော့ မုန့်ဘိုးရရင် မပျော်ဘူးလား၊(ပျော် ပါတယ်ဘုရား)။ ခင်ဗျားတို့လဲ မုန့်ဘိုးလေးရရင် ဘယ့်နှယ် နေကြတုံး၊ (ပျော်ပါတယ်ဘုရား)၊ မုန့်ဘိုးလေးရရင် ပျော်နေ တာဘဲ ဦးလှရဲ့။

ကဲ—ပျော်တုန်းဘဲ ခင်ဗျားတို့ ကံက ဖြတ်လိုက်မယ်ဆိုရင် ဝုံးကနဲ လဲမှာ၊ မလဲဘူးလား? (လဲပါတယ်ဘုရား)၊ စိတ်ကဖြတ် ရင်ကော....(လဲမှာပါဘုရား)။ဥတုကဖြတ်ရင်ကော....(လဲမှာပါ ဘုရား)။အာဟာရကဖြတ်လိုက်ရင်ကော....(လဲရမှာပါဘုရား)၊ ဒါဖြင့် လူကြီးပျော်လား၊ ကလေးပျော်လား၊ မေးလိုက်တယ်၊

(ကလေးပျော်ပါ ဘုရား)။ အရွယ် ဘယ်လောက်ရှိပြီတုံးလို့ မေးအုံး....(ခြောက်ဆယ်ပါဘုရား)။ ခြောက်ဆယ်။

အဲဒါ ဘာကြောင့်တုံး၊ မိမိခန္ဓာကြီးဟာ သင်္ခတတရားလို့ မသိရှာလို့(မှန်ပါဘုရား)၊ သင်္ခတဘရားသိလို့ရှိရင်-ဦးဘကြည့် ဒုက္ခသစ္စာ သိမှာပေါ့....(မှန်ပါဘုရား)၊ ဩော်-ဒုက္ခရောက်တဲ့ အချိန် နီးပြီ။ ဒီ-အကြောင်းတရားလေးပါးက ပျက်ဆိုပျက်၊ မီးလှောင်ဆို လောင်လိုက်၊ အဟာရပြတ်ပြီး သေဆိုသေလိုက်၊ သေလိုက်ဆိုတော့ ခင်ဗျားတို့သည် သင်္ခတတရားက ပြုပြင်သလို ခံမနေရဘူးလား? (ခံနေရပါတယ်ဘုရား)။

ဥတုက အေးလိုက်ဆို ခင်ဗျားတို့က အေးရမယ်၊ ဥတုက ဒီကနေ့ နဲနဲလေးနွေးလိုက်ဆိုရင် နွေးရမယ်၊ ကိုင်း—ခင်ဗျားတို့ ခန္ဓာကိုယ်ဟာ ပြုပြင်တိုင်း ခံနေရတဲ့ခန္ဓာကိုယ် ဖြစ်လေသော ကြောင့် ဘာတရားခေါ်ကြမလဲ....(သင်္ခတတရားပါဘုရား)။

အေးဒါကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပါ တယ်။ သဗ္ဗေသင်္ခါရာအနိစ္စ၊ သင်္ခတနဲ့ သင်္ခါရအတူတူဘဲနော်၊ (မှန်ပါဘုရား)။သဗ္ဗေသင်္ခါရာ ဘာတဲ့....(အနိစ္စပါဘုရား)၊ အေး ဘုရားက ဟောထားသားဘဲဗျ။ အနိစ္စထဲ ပျော်စမ်းပါရစေအုံး ဆိုတော့ အတော်ခက်နေတာ-ဦးဘအုန်းရ။ ဒါ·အနိစ္စတရားလို့ မဟောဘူးလား? (ဟောပါတယ် ဘုရား)။ သင်္ခတတရားကို အနိစ္စလို့ဟောတယ်၊ (မှန်ပါဘုရား)။

အဲဒီ-တရားနာနေကြတဲ့ ဒကာ-ဒကာမတွေရော့ အခု တရား ဟောနေတဲ့ ဘုန်းကြီးပါ၊ အနိစ္စချည်းဘဲတဲ့၊ အနိစ္စရောက်မဲ့ တရား၊ သဘောကျကြပြီလား? (ကျပါတယ်ဘုရား)။

အဲဒီ-အနိစ္စရောက်မဲ့တရားဟာ ဘယ့်နှယ်ကြောင့် ရောက်ရသတုံးဆိုလို့ရှိရင်ဖြင့် ဒီက အကြောင်းတရားလေးပါး စီမံသလိုခံရတဲ့ သင်္ခါရတရားဖြစ်နေသောကြောင့် အနိစ္စလမ်းဆုံးရမယ်၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ လူဖြစ်ရပါလို၏လို့ ဆုတောင်းတဲ့ ခန္ဓာငါးပါးတော့ရ-ရမှာဘဲ၊(ရပါတယ်ဘုရား)၊ သို့သော်-ဘာတရားတွေ့ရသလဲ၊ ခိုင်မြဲတဲ့တရားတွေ ရ-ထားသလား၊ အနိစ္စရောက်မဲ့တရားကို ရ-ထားသလား? (အနိစ္စရောက်မဲ့တရားကို ရ-ထားပါတယ်ဘုရား)၊ ဒါဖြင့်-ခင်ဗျားတို့သည် သစ္စာမသိလို့တောင်းတာဘဲ၊(မှန်ပါဘုရား)။မင်းတို့ ဟိုရောက်-ရောက်ခြင်း သေရမယ်ဆိုရင် ဘယ်သူမှ မတောင်းဘူး၊ (မှန်ပါ ဘုရား)။ ဦးဘကြည်-ဘယ့်နှယ်တုံး....(မတောင်းပါဘုရား)။

လူ့ပြည်ရောက်ရောက်ချင်းသေရမယ်ဆိုရင်ကော(မတောင်းပါ ဘုရား)၊ နတ်ပြည်ရောက်ရောက်ချင်း သေရမယ်ဆိုရင်ကော-(မတောင်းပါဘုရား)။ ဗြဟ္မာပြည် ရောက်ရောက်ချင်းကော....(မတောင်းပါဘုရား)မတောင်းဘူး။ ရောက်ရောက်ချင်းသေတာတော့ အမှန်ဘဲ။ ရောက်ပြီး ဖြစ်ပျက်ဘဲ၊ သဘောကျပြီလား?၊ (မှန်ပါဘုရား)။ နောက်-အစားထိုးရတာဘဲမဟုတ်လား(မှန်ပါဘုရား)၊ ကောင်းကောင်းများ နေ-ဖြစ်သေးရဲ့လား? (မဖြစ်ပါဘူးဘုရား)။

အဲဒီတော့၊ အဲဒီလို-သိနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်မှာသာလျှင် လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်စုန်ဆန်ချင်သေးတဲ့သဘော ရှိပါမလား? (မရှိပါဘုရား)။ ဒါဖြင့်-ခင်ဗျားတို့သည် သ္ခ်တာမမှာ

လဲ မသိဘူး၊ အသင်္ခတဓမ္မလဲ မသိဘူး၊ (မှန်ပါ ဘုရား)။ သင်္ခတဓမ္မက ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)၊ အသင်္ခတဓမ္မကကော....(နိရောဓသစ္စာပါဘုရား)။

ဒီသစ္စာမသိလို့ မဖြစ်အောင်အားထုတ်တယ်၊(မှန်ပါဘုရား) ဒီသစ္စာတော့ မသိလို့မသွားဘူး၊ (မှန်ပါဘုရား)၊ ဦးဘကြည်-ဘာတဲ့တုံး ဗျ၊ သင်္ခတ သစ္စာက ဒုက္ခသစ္စာဆိုကို မသိလို့ သွားတာ၊ အသင်္ခတသစ္စာဆီကျတော့ မသိလို့ မသွားဘူး။ ဒါတော့ မသိလို့ရမ်းတိုးတိုးသွားတယ်၊(မှန်ပါဘုရား)။ဒီဘက်ကျတော့ မသိလို့ လမ်းရှာမတွေ့လို့ မသွားဘူး၊ ကိုထွန်းဦး ဘယ်လောက်ဆိုးနေလဲ....(တင်ပါဘုရား)။ သံသရာရှည်ပုံ ပေါ်ပြီလား? (ပေါ်ပါတယ်ဘုရား)။

ဘယ်လမ်းချည်းသွားလေ့ရှိနေသတုံး၊ (သင်္ခတလမ်းချည်းသွားလေ့ရှိပါတယ်ဘုရား)၊ သင်္ခတလမ်းချည်းမသွားဘူးသား၊ (သွားပါတယ်ဘုရား)။ အသင်္ခတလမ်းသွားမယ်ဆို၊ ဒီတရားနဲ့ ဒီဒကာ-ဒကာမတွေနဲ့ တွေ့ပါအုံးမလား ? (မတွေ့ပါဘုရား)၊ မတွေ့တော့ဘူး....။

ဒါဖြင့်-ခင်ဗျားတို့ ပရိသည်ယျ ဆိုတာ အဲတာထားပါအုံး၊ ဒုက္ခသစ္စာကို မသိဘူး၊ သဘောကျပြီလား....? (မှန်ပါဘုရား)၊ နိရောဓသစ္စာကော....(မသိပါ ဘုရား)၊ အဲဒီတော့-ခင်ဗျားတို့ နောက်တုံးက ဘယ်လိုနေခဲ့ရသတုံးလို့ပြန်မေးရင်ကော (ဒုက္ခသစ္စာနဲ့ပါ ဘုရား)။

ဒီသစ္စာမသိတဲ့အတွက် ဘယ်လောက်မသိလို့ ဒီအထဲမှာ ဒီ-ခန္ဓာငါးပါးပေါင်း၊ ဘယ်လောက်ပြာကျခဲ့ပြီတုံးမေးရင်ကော

(မရနိုင်ပါဘူးဘုရား)၊ ဒီ-အသင်္ခတာဘက်ကို ဘယ်အခါကာလမှ မျက်စောင်းမှ မထိုးဘူးပါဘူးဆိုတာရော(မထိုးဘူးပါဘုရား) ဘယ်တော့မှ မျက်စောင်း မထိုးဘူး့ဘူး၊ ကိုထွန်းဦး …(မှန်ပါဘုရား)။ ဦးဘကြည်-မှန်ရဲ့မဟုတ်လား? (မှန်ပါတယ်ဘုရား)၊ ဘယ်တော့မှ မျက်စောင်းမထိုးဘူး့ဘူး။

ဒါဖြင့်—ဒကာ့ဒကာမတို့ ဒီတရားနှစ်ခု သည်ကား့ သစ္စာမသိခဲ့လို့ တပည့်တော်တို့ နောက်တုံးကများ ဘယ်လိုနေခဲ့ပါလိမ့်မတုံး ဘုရားလို့ဆိုတော့၊ အို-သင်္ခတ နယ်ထဲမှာ မင်းတို့ဖြစ်ချင်သလို ဖြစ်နေတယ်ကွ၊ ဒါဘဲဖြေရမယ်၊ (မှန်ပါဘုရား)။ ဘယ်နယ်ထဲမှာတုံး၊ (သင်္ခတနယ်ထဲမှာပါဘုရား)။

အဲဒီတော့ဘုရားကဥပမာပြတယ်၊ဒုတ်ကဲလေးတခု တတောင်လောက် ကိုထွန်းဦး က ဖြတ် တာ ပေါ့ဗျာ၊ ဒုတ်-ဆိုတာ အရင်း အဖျားတော့ သစ်ပင်က ပေါက်လာကတည်းက ရှိတာပေါ့နော်....(မှန်ပါ ဘုရား)၊ သို့သော်-ဒုတ်ကလေးကို ကောင်းကင်ကို မြှောက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် သူ-ကျချင်တဲ့ဘက်ကနေ ကျမှာ၊ တခါတလေ အရင်းဘက်က ကျ-မယ်၊ တခါတလေ အဖျားဘက်က ကျမယ်။

ခင်ဗျားတို့ကျုပ်တို့သည် တခါတလေ အရင်းဘက်ကကျမယ် (မှန်ပါဘုရား)။ တခါတလေ အဖျားဘက်က ကျမယ်၊ ဒီလိုဘဲ ကျချင်သလို ကျနေတာပါ။ ဘယ်အခါ ကာလမှ သူ့အမြဲတမ်း မရှိဘူး၊ သဘောကျပြီလား?(ကျပါတယ်ဘုရား)။ အရင်းချည်းကျရတဲ့အခါကော ရှိရဲ့လား? (မရှိပါဘုရား)။ အဖျားချည်းကျရတဲ့အခါကော ရှိရဲ့လား? (မရှိပါဘုရား)။ ဘာပြုလို့တုံး

မေးတဲ့အခါကြလို့ ရှိရင်ဖြင့် သင်္ခတတရားမို့ ဖြစ်ချင်သလို ဖြစ်နေတာဘဲ၊ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ်နှ့ယ်ကြောင့်အတန်တန်တပည့်တော်တို့အရင်းကျလိုက် အဖျားကျလိုက်၊ တော်တော်ကြာ နတ်ပြည်ရောက်လိုက်၊ တော်တော်ကြာ ငရဲကျလိုက်၊ တော်တော်ကြာ လူ့ပြည်ရောက်လိုက် အကျမမြဲတဲ့ဥစ္စာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီပုဂ္ဂိုလ်တွေကို ဒုတ်-ကဲ့သို့ ဥပမာပေးရပါလိမ့်မလဲလို့ဆိုရင် ဒီ-သစ္စာနှစ်ခုကို ခြားနားပြီးမသိလို့၊ ပေါ်ပြီလား? (မှန်ပါဘုရား)။ ဒီသစ္စာနှစ်ခုဟာ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာဘဲ။

ဒါကြောင့်-ခင်ဗျားတို့ ကောင်းကင်မြှောက်တဲ့ ဒုတ်လို ဖြစ်နေတာ....(မှန်ပါဘုရား)၊ ခင်ဗျားတို့ နောက်တုံးက ဘယ်လိုနေခဲ့ရပါလိမ့်ဗျာ(ကောင်းကင်မြှောက်လိုက်တဲ့ဒုတ်လိုပါဘုရား) အရင်းကတလှည့် အဖျားကတလှည့်၊ အရင်းချည်းလဲ ထောက်ကျလိုက်, အဖျားချည်းကော....(ထောက်ကျလိုက်ပါဘုရား)။ ဒီလိုချည်းဘဲ နေခဲ့ရပါတယ်။

အဲဒါ-ဘယ့်နှ့ယ်ကြောင့်တုံး၊ (သင်္ခတတရားမို့ပါဘုရား)။ သင်္ခတတရားနဲ့ အသင်္ခတတရား (ဝါ) ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာလို့မသိဘူး၊ သူတို့မှမသိဘဲနဲ့ဆိုတော့ ဒုက္ခဖြစ်ကြောင်း၊ သမုဒယကော သိပါအုံးမလား....? (မသိပါဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာရော ...(မသိပါဘုရား)။

ဒါဖြင့်-နိဗ္ဗာန်ရောက်ကြောင်း မသိလို့ဖြစ်ရခြင်းဘဲ၊ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။ သစ္စာလေးပါး မသိရတဲ့အတွက် ခင်ဗျားတို့ ကောင်းကင်မြှောက်တဲ့ ဒုတ်လို၊ နောက်တုံးက နေခဲ့

ရတယ်၊ (မှန်ပါဘုရား) ဘယ်လိုများနေခဲ့ကြရပါလိမ့်(ကောင်းကင် မြောက်တဲ့ ဒုတ်လို နေရပါတယ်ဘုရား)။ အရင်းဘက်က ချည်းကော....(ကျပါတယ်ဘုရား)။ တခါတလေ အဖျားဘက် ချည်းကော....(ကျပါတယ်ဘုရား)၊ မှန်သလား (မမှန်ပါဘုရား) ဒါကြောင့်-ခင်ဗျားတို့ဂတိ ဘယ်အခါကာလမှ မမြဲခဲ့ဘူးဆိုတဲ့ ဥစ္စာ သဘောကျပြီလား? (ကျပါတယ်ဘုရား)။

ဒါဖြင့်-ယနေ့ ဂတိမြဲအောင် ခင်ဗျားတို့ သစ္စာနှစ်ခုကွဲအောင် လုပ်ရလိမ့်မယ်၊ သခ်တက ဒုက္ခသစ္စာ၊ ဩော်-အဖန်ဖန်ပြုပြင်ရတဲ့ သစ္စာ, ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ ဘုရား)၊ အဖန်ဖန် ပြုပြင်ခြင်း မရှိတဲ့ သစ္စာကကော....(နိရောဓသစ္စာပါ ဘုရား)၊ အင်း—နေရာကျပြီဟော့။

ဒီတရားကတော့ အဖန်ဖန်ပြုပြင်ရတဲ့ခန္ဓာငါးပါး,ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမို့ အဖန်ဖန်ပြုပြင်ရတာယ်၊ (မှန်ပါ ဘုရား)၊ဒုက္ခရောက်ရင်း ပြန်အစားထိုးရင်း။ အဲဒီတော့ အဖန်ဖန် ပြုပြင်နေရတော့ အားလပ်ခွင့်ရှိသေးရဲ့လား? (မရှိပါဘုရား)။ ဩော်-ဒုက္ခသစ္စာ အလုပ်က အမြဲဒုက္ခရောက်နေတာပါလား၊ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။ အဖန်ဖန်အားထုတ်နေရတာ အမြဲ ဒုက္ခရောက် မနေဘူးလား? (ရောက်နေပါတယ်ဘုရား)။

ကောင်းပြီ၊ ခင်ဗျားတို့ အဖန်ဖန်အားထုတ်ရတယ်, မထုတ်ရတယ်ကို ကိုယ့်ကိုဘဲ ချိန်ကြည့်လိုက်တာပေါ့ဗျာ (မှန်ပါဘုရား)၊ ဒီနေ့ မနက်စာ-စားပြီး၊ ညစာ,တော်ပြီ မစားတော့ဘူးဆိုတဲ့ရက်နဲ့၊ မနက်စာ စားပြီး, ညစာ စားတဲ့ရက်နဲ့ ဘယ်သူက များသလဲ....(ညစာပါစားရတဲ့ရက်က များပါတယ်ဘုရား)။

ဩြော်–အဖန်ဖန်ပြုပြင်ပြီး အားမထုတ်ရဘူးလား?(ထုတ်ရပါတယ်ဘုရား)။ ညစာ စားပြီး၍ ဒီနေ့တော့ နှစ်ထပ်စားပြီးပြီ နက်ဖန်ခါ နှစ်ထပ်စလုံးခိုမယ်၊ မစားတော့ဘူးလို့ ရရဲ့လား?၊ (မရပါဘုရား)၊ ဘာဖြစ်ရပြန်တုံး၊ (အရင်ပြုပြင်ထားလို့ပါဘုရား)။ အရင်ပြုပြင်ထားတဲ့ အရှိန်အစော် ခန္ဓာကိုယ်က ကုန်သွားလို့ ဆာလောင်မွတ်သိပ်တဲ့ဝေဒနာတွေ ရလာတယ်၊ မလာဘူးလား?(လာပါတယ်ဘုရား)။

အဲဒီတော့ပြုပြင်အုံး၊ နောက်ထပ် နှစ်ထပ်ကျွေးအုံး၊သဘောကျပြီလား?(ကျပါပြီဘုရား)။ သံဘက်ခါကြတော့လဲ ဘာလုပ်ရအုံးမှာတုံး၊ (နှစ်ထပ် ကျွေးရပါအုံးမယ် ဘုရား)။ နှစ်ထပ်ကျွေးရပြန်တာ ဘာပြုလို့ ဒီလောက်တောင်ပြုပြင်နေရတာတုံး ဆိုတော့၊ အို–ပြုပြင်မှ သင့်တော်တဲ့ခန္ဓာငါးပါးမို့ဘဲ၊ သဘောကျပြီလား? (မှန်ပါဘုရား)။ ခင်ဗျားတို့ခန္ဓာငါးပါးက ဘာပါလိမ့်....(ပြုပြင်နိုင်မှ တော်ရုံကြမှာပါဘုရား)၊ မီးဖိုနဲ့ ထင်းကော ပြတ်သေးရဲ့လား? (မပြတ်ပါဘုရား)။ ဒယ်အိုးနဲ့ ဖိုကနေ့ာက်နဲ့ကော ပြတ်သေးရဲ့လား?(မပြတ်ပါဘုရား)။

အင်း–သေရာတောင်မှ ယူသွားကြအုံးမှာလား? (ယူသွားကြမှာပါဘုရား)၊ ဟိုဘက်လဲမပြတ်ဘူးဗျာ ပြတ်ကဲ့လား(မပြတ်ပါဘုရား)၊ ဟိုဘက်ဆိုတာ အလွတ်ရှာသဖြင့် အလွတ်ငြိမ်းမဲ့ဘက်....(မှန်ပါဘုရား)၊ လူတခါ ပြန်ဖြစ်ရင် ပြုပြင်မှုတွေ လုပ်ရမယ်ဗျ၊ မလုပ်ရပေဘူးလား?(လုပ်ရပါမယ်ဘုရား)။ နတ်ပြည်ရောက်၊ အေးကောင်းပါ့ရဲ့ဆိုတော့ နတ်ပြည်လဲ ဒီလိုဘဲစောင့်ရှောက် ပြုပြင်ရမှာဘဲ၊ (မှန်ပါဘုရား)။

ဒါဖြင့်-နောက်ခန္ဓာက ဘာခန္ဓာတုံး၊ သင်္ခတခန္ဓာ....(မှန်ပါ ဘုရား)၊ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ ဘုရား)၊ ခန္ဓာကကော သင်္ခတခန္ဓာဘဲ၊ ပြုပြင်လို့ပေါ်နေတာ....(မှန်ပါဘုရား)၊ သင်္ခတ ခန္ဓာဆိုကတည်းက ဒကာ-ဒကာမတို့ ပျက်စီးခြင်းမှာလမ်းမဆုံး ပေဘူးလား? (ဆုံးပါတယ်ဘုရား)။

ဩော်—ဒါဖြင့် လူ့ပြည်မှာဖြင့် အပျက်များလှတယ်၊ နတ် ပြည်သွားပြီး ပျက်လို့ပြင်အုံးမှာဆိုရင် ဝပ်ရှော့ (အလုပ်ရုံ) ပြောင်းတာနဲ့တူနေပြီ၊ ဒီအတိုင်း ကျ-မနေဘူးလား? (ကျနေ ပါတယ်ဘုရား)၊ ဒီပြင်-ဘာရှိသေးတုံး၊(မရှိပါဘုရား)၊ခင်ဗျား တို့ မော်တော်ကားတွေဟာ ပျက်ရင် အလုပ်ရုံတွေ ရှောက် ပြောင်းပြီး ပြုပြင်နေရမှာဘဲ၊ သဘောကျပြီလား?(ကျပါတယ် ဘုရား)။

အဲဒီတော့ နတ်ပြည်ကျပြန်တော့လဲ ဒီအတိုင်းဘဲ၊ ဒီလေးခု ဒီအလုပ်ရုံပြန်အပ်ရမှာဘဲ၊ မအပ်ရပေဘူးလား? (အပ်ရမှာပါ ဘုရား)၊ ဗြဟ္မာပြည်ကျပြန်တော့ကောဗျာ....(ဒီလေးခု ပြန်အပ် ရမှာပါဘုရား)။ ဒါဖြင့်-ဝပ်ရှော့ပြောင်းတာ ကေန်ဘဲ၊(မှန်ပါ ဘုရား)၊ ဩော်-အမြဲတမ်းပျက်နေလို့ ပြောင်းရတာပေါ့ဗျာ၊ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ဒကာ့ဒကာမတို့၊ ဟို-ဆုတောင်း, ဒီ- ဆုတောင်းဆိုတာ ခင်ဗျားတို့အဓိပ္ပါယ် ယနေ့ ရှင်းပြီလား?၊ (ရှင်းပါပြီဘုရား)။ အပျက်ရှိနေလို့ဟုတ်လား?(မှန်ပါဘုရား)။ ဟာ-လူပြည်တွင်ဘဲ ဒီအရပ်က အရောင်းအဝယ် မကောင်းဘူး ဆိုလို့၊ ဟိုအရပ်သွားပြီး အရောင်းအဝယ်လုပ်ရ၊ ပွဲရုံဆောက်ရ

စက်ရုံတည်ရတဲ့ပုဂ္ဂိုလ်တွေကောမရှိဘူးလား?(ရှိပါတယ်ဘုရား) ဘာဖြစ်ကြတာတုံးဆိုတော့ ဝပ်ရှော့ပြောင်းပြန်တာဘဲ(မှန်ပါ ဘုရား)၊ ဒါ ဘဲရှိတာဘဲ။

ဒီ-ခန္ဓာကြီးအတွက် ပြောင်းနေရတာကို ဒကာ-ဒကာမတွေ က ဒီပြင် ဘာများရှိသေးလဲ....(မရှိပါဘုရား)။ ဒါဖြင့် သုံးဆဲ့ တဘုံမှာ ခင်ဗျားတို့ခြေရာတွေ ထပ်နေပြီလို့မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)၊ သုံးဆဲ့တဘုံမှာ ခြေရာထပ်နေတယ် မပျင်းကြသေးဘူးလား၊ ပြောင်းပါရစေအုံးလား၊ ပျင်းကြပြီ လားလို့ မေးတယ်။ အမယ်လေး-ကြောက်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း သစ္စာမသိသရွေ့သာဖြင့် ဒီအတိုင်းချည်းမှတ်ပါတော့၊ (မှန်ပါဘုရား)။ သစ္စာမသိသရွေ့ သခ်ံတနဲ့ အသခ်ံတ မကွဲရင် ဒီအတိုင်း ဖြစ်ရမှာဘဲ။ ဒကာ-ဒကာမတို့ ကောင်းကောင်း သဘောကျပြီလား? (မှန်ပါဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ ခန္ဓာကိုယ်ကို ဘယ်ဘုံ ဘယ်ဌာန ရွှေ့ ပြောင်းပြီးသကာလ ဘယ်သူ့ပုံပြင်တာကို ခင်ဗျားတို့ကြေနပ် ချင်သေး သတုံး၊ .... ( ဘယ်သူ့ပုံပြင်တာမှ မကြိုက်ပါ ဘုရား )။ ဘယ်မှလဲ မရွှေ့ပြောင်းချင်ဘူး၊ ဘယ်သူ့ ပုံပြင် တာမှကော....(မကြိုက်ပါဘုရား)၊ မကြိုက်လို့ရှိရင် ခင်ဗျားတို့ သခ်ံတနယ်က လွတ်သွားပြီ၊ သဘောကျပြီလား ? (ကျပါပြီ ဘုရား)၊ သခ်ံတနယ်မှ အသခ်ံတနယ်သို့ မရောက်ရောက်အောင် ကြိုးစား အားထုတ်ကြရမယ်၊ ဦးဘကြည်- ဘယ်ဘက်နယ်က လွတ်အောင် သွားရမှာတုံး၊ (သခ်ံတနယ်ကပါဘုရား)။ ဪ- သခ်ံတနယ်က သွားရမယ်။

ကောင်းပြီ၊ သင်္ခတတရားတွေထဲကလဲ နဲတာတွေမဟုတ်တော့ ဒကာ·ဒကာမတို့ တချို့သင်္ခတတရားက ပြုပြင်စီရင်တဲ့တရား၊ တချို့ သင်္ခတတရားက အပြုအပြင် အစီရင်ခံရတဲ့တရား၊သဘော ကျပြီလား? (ကျပါတယ်ဘုရား)။ အခုလဲ ပြုပြင်တတ်တဲ့တရား ကို ဖြစ်ပျက်နဲ့ပြုပြင်တာကြောင့် သူလဲသင်္ခတဘဲ(မှန်ပါဘုရား) အပြုအပြင်ခံရတဲ့တရားကော ဖြစ်ပျက်မရှိဘူးလား? (ရှိပါတယ် ဘုရား)။ ဩော်-သူတို့သင်္ခတက သင်္ခတခြင်း နှုတ်ခမ်းပဲ့ခြင်း မီးမှုတ်နေတာဘဲ၊ (တင်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ဒကာ,ဒကာမတို့ သင်္ခတနယ်က ထွက်မှ သာလျှင် မပြုပြင်ရတော့ဘူး(မှန်ပါဘုရား)၊ဘယ်-နယ်ကထွက်မှ (သင်္ခတနယ်က ထွက်မှပါဘုရား)။ ခင်ဗျားတို့ ဒီအသံကြီး ထွက် လာတာကို အများကြီး ကျုပ်-ကြေနပ်တယ်၊ (မှန်ပါဘုရား)။

ဩော်-သင်္ခတနယ်က ထွက်မှဘဲဆိုတာကို ဦးလှ,ဘယ်တော့မှ ပြောကိုမပြောဘူး၊ ပြောသံလဲ မကြားဘူးဘူး၊ (မှန်ပါဘုရား)။ ထွက်ချင်စိတ်လဲမပေါ်ဘူး၊ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဟိုနောက်က ဒကာ-ဒကာမတွေ သင်္ခတနယ်က ထွက်ပါတော့မယ် ဆိုတာ ပါးစပ်ထဲများ ထည့်ဘူးရဲ့လား? (မထည့်ဘူးပါဘုရား) မထည့် ဘူး ဘူးဗျ။

ဒါဖြင့်—ဒကာ,ဒကာမတို့ သင်္ခတနယ်က ထွက်ပါရစေတော့ အခုတော့ အခု-သင်္ခတအကြောင်း ကောင်းကောင်း သိပါပြီ ဘုရား။ သင်္ခတဆိုတာ ဒုက္ခရောက်တာကိုဆိုတာဘဲ၊ ဒုက္ခသစ္စာ ဘာဆိုကြမလဲ.... ( သင်္ခတပါဘုရား )၊ ခဏခဏ ပြုပြင်လိုက်, ပျက်လိုက်။

ကဲ-ဒါဖြင့်ဒကာ-ဒကာမတို့ သစ္စာတနယ်အကြောင်း ကောင်း ကောင်းသိတဲ့ အခါကျတော့မှ သစ္စာဘူတ-သစ္စာဖြစ်တဲ့တရား ကိုမြင်မှသာလျှင်၊အသစ္စာဌော-မအိုမသေ့အမြဲနေတဲ့ နိဗ္ဗာန်ကို ပါတုဘာဝတိ-မိမိဥာဏ်၌ ထင်လာ၏၊ သစ္စာမကောင်းတာကို သိမှ၊ အသစ္စာ ကောင်းတာကို ဥာဏ်နဲ့ထင်တယ်။ သစ္စာ မကောင်းတာ သိမှနော်....(မှန်ပါဘုရား)။

အသစ္စာထင်လာတယ်ဆိုတော့ဒါဖြင့်ဘုန်းကြီးတို့ကခင်ဗျား တို့ ခန္ဓာကိုယ်ကြီးဟာ အသုဘပါ အနိစ္စမြင်အောင် ရှုစမ်းပါ၊ ဒုက္ခမြင်အောင်ရှုစမ်းပါဆိုတာ သစ္စာပေါ်အောင်အကြည့်ခိုင်း တာ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ သစ္စာ ပေါ်အောင် ကြည့်လိုက်တဲ့ အခါကြတော့ သစ္စာသဘော ကောင်းကောင်း ကြီး ခင်ဗျားတို့ဥာဏ်ထဲမှာ သိလာပြီဆိုလို့ရှိရင်ဖြင့် ထွက်မယ် ဆိုတဲ့ မုဉ္စိတုကမျတာဥာဏ်တို့က မလာပေဘူးလား? (လာပါ တယ်ဘုရား) လာမယ်။

ဒါဖြင့်-ဒကာ့ဒကာမတို့ သစ္စာသဘောဟာ နဲနဲမှမကောင်း ဘူးဆိုတဲ့ ဥစ္စာခင်ဗျားတို့က မသိဘူး၊ ချေးညှော်တင်လို့ ချွေး ထွက်လို့ ရေချိုးကြတာ ပြုပြင်ရတာ မဟုတ်လား? (မှန်ပါ ဘုရား)၊ပြုပြင်ရလို့ရှိရင်ဖြင့် ဒီတခါတော့ရှိပေစေတော့၊ နောက် တခါ ချေးညှော်တင်လို့ ရေချိုးရပြန်တာဘဲ၊ ရေမိုးချိုးလို့ ကောင်းတယ်ဆိုရင် သွားပါပြီ၊ (မှန်လှပါဘုရား)။

အဲ—ရေချိုးမှ ကျုပ်တို့က နေလို့ထိုင်လို့ကောင်းတယ်၊ ရေ ချိုးလို့ရှိရင်စိတ်ကိုချမ်းသာသွားတာဘဲဆိုရင်သွားပါပြီ၊မသွား ဘူးလား, သွားသလား ? (သွားပါတယ်ဘုရား)။ ဒါ-သစ္စာ

တရားသူသိသေးရဲ့လား? (မသိပါဘုရား)။ ပြုပြင်ရတာကိုပင် ဒုက္ခရောက်နေတာ သူ့ကြေနပ်တဲ့အသံလား၊ မကြေနပ်တဲ့အသံလား? (ကြေနပ်ဘဲ့အသံပါဘုရား)။

ဪ—ဒုက္ခရောက်တာ ကြေနပ်တဲ့အသံဆိုတော့ အတော်ခဲယဉ်းတယ်၊ နဲနဲနောနောမဟုတ်ဘူး၊ မှုံမွှားမွှားမအောက်မေ့နဲ့ သစ္စာကို လုံးဝမမြင်တာ၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)၊ သူ-မှုံမွှားမွှားလား၊အဟုတ်ကိုမမြင်တာလား?(အဟုတ်ကိုမမြင်တာပါဘုရား) ဖြစ်မှုဖြစ်ရလေဗျာ၊ ကြောက်စရာ ကောင်းလိုက်တာဟော့။ ဦးဘကြည် ဒါ-နှိမ့်ချပြောနေတာမဟုတ်ဘူး၊ ထုတ်ဖေါ်ပြောတော့ ခင်ဗျားတို့ မြင်ကိုမမြင်တာ၊ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ထမင်းနေ့တိုင်းကျွေးနေရတယ်၊ ပုဂံနေ့တိုင်းဆေးနေရတယ် ဆံဆီ နေ့တိုင်းရှာနေရတယ်၊ ဒါတွေကိုပင်လျှင် မငြီးငွေ့နိုင်သေးဘူးဆိုလို့ရှိရင်ဖြင့်အင်း-ဒီလူခက်သေးတယ်(မှန်ပါဘုရား) ဒုက္ခရောက်နေတာ ဒုက္ခလို့သိပြီလား? (မသိပါဘုရား)။ မသိသေးတော့ သူ-သစ္စာတရား သိရဲ့လား?(မသိပါဘုရား)။

မသိတော့ အသစ္စာဆိုတာ မျက်စောင်းမထိုးတော့ဘူး၊ (မှန်လှပါဘုရား)၊ ဦးဘကြည် မျက်စောင်းထိုးတဲ့လူ ဒီအထဲမရှိသလောက် ရှားတယ်လို့မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်-ဒကာ,ဒကာမတို့ ဒီသစ္စာကို ဝိပဿနာ ရှုမှသာလျှင် သစ္စာက အဆုံး၊ အသစ္စာရှိလိမ့်မယ်ဆိုတာ သေသေချာချာမှတ်ကြ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)၊နိဗ္ဗာန်ဆိုတာ ဘယ်မှာရှိမလဲ....(သစ္စာအဆုံးမှာပါဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ ဖြစ်ပျက်ဆုံးအောင် ကြည့်, တွေ့မယ်၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။ ဖြစ်ပျက်ဆုံးရင် ဘာတွေ့မယ် ထင်သတုံး၊ (နိဗ္ဗာန်ပါဘုရား) အဲ-အသင်တနိဗ္ဗာန်တွေ့မယ်၊

ဒါကြောင့်-နိဗ္ဗာန်သည်ကားဆိုရင် 'ဒုက္ခဿအန္တံကရိဿတိ' ဒုက္ခဿ-ဒုက္ခ၏၊အန္တံ-အဆုံးဖြစ်သောနိဗ္ဗာန်ကို၊ကရိဿတိ-မင်းတို့ မြင်နိုင်လတံ့။

အဲဒီဒုက္ခသစ္စာဆုံးအောင်ကြည့် နိဗ္ဗာန်ကိုမြင်ရမယ်၊သဘော ကျပြီလား? (ကျပါပြီဘုရား)၊ ဒါ-ဗောဓိဝနတ်သားကို ပြောတာ....(မှန်ပါဘုရား)။

ကိုင်း—ဒကာ,ဒကာမတို့ ဒီကို-ဆရာဘုန်းကြီးရောက်လို့ လာကြတယ်၊ တရားတွေ ဘာတွေ ဆွေးနွေးကြ၊ အင်း-တရားတွေ ဘာတွေ နာကြရအောင်၊ဒီအတိုင်းလာခဲ့ကြသလား၊ ပြုပြင်ပြီးမှ လာခဲ့ကြသလား မေးရင် ဘယ့်နှယ်ပြောမလဲ? (ပြုပြင်ပြီးမှ လာကြပါတယ်ဘုရား)။ ထမင်းစားခဲ့ရသေးတယ်၊ အဝတ်ခြုံရုံ ခဲ့ရသေးတယ်....(မှန်ပါဘုရား)။ အမျိုးမျိုးအဖုံဖုံ ပြုပြင်ခဲ့ရတာ ဘယ်လောက်နဲ့ပြုပြင်မှ ဒီရောက်လာသလဲလို့ မေးလို့ရှိရင်ဖြင့် (မနဲပါဘူးဘုရား) ဣတော်ကိုပြုပြင်ခဲ့ရတယ်၊(မှန်ပါဘုရား)။

ဟင်—အတော်ကိုပြုပြင်ခဲ့ရတယ်၊ ခြုံထည်ရုံထည် အကောင်းစား အမျိုးမျိုး ဝတ်ရုံလာခဲ့ရတယ်၊ အစားအသောက်ကိုကော အမြဲတမ်း တောင်းပန်လာခဲ့ရတယ်ဆိုတာကော (မှန်ပါဘုရား) ကျားကန်ပြီးလာခဲ့ရတယ်ဆိုတာကော မရှိဘူးလား? (ရှိပါတယ် ဘုရား)။

နောက်တဖန်မျက်လုံးက ဟိုကြည့်ဒီကြည့်,သင်္ခါရက္ခန္ဓာကိုယ်ကြီးကို မတော်-ဟိုဟာနဲ့တိုက်, ဒီဟာနဲ့တိုက် ဖြစ်ချည်ရဲ့လို့ လမ်းမှာလဲ ခင်ဗျားတို့ ဣန္ဒြေရရ လာခဲ့ကြရသလား၊ သို့တည်းမဟုတ် သင်္ခတခန္ဓာကိုယ်ကြီးအတွက် အမြဲတမ်းစောင့်ရှောက်ဒုက္ခခံပြီး လာခဲ့ရသလား? (ဒုက္ခခံပြီးလာခဲ့ရပါတယ်ဘုရား)။ အဲဒါ ခင်ဗျားတို့လမ်းမှာမရိပ်မိဘူး၊ သူ့အတွက်ဘယ်လောက်ကြောင့်ကျနေရပါသလဲလို့ ဦးဘအုန်း-ရိပ်မိရဲ့လား?(မရိပ်မိပါဘုရား) မရိပ်မိဘူး။

ဒီအတိုင်းဘဲ၊ သင်္ခတခန္ဓာကိုယ် ရှိလို့ရှိရင် ဘယ်တော့မှ အန္တရာယ်ကင်း ဘေးရှင်းလိမ့်မယ် မဟုတ်ဘူး၊ (မှန်ပါဘုရား)၊ ရုပ်နာမ် ခန္ဓာငါးပါးရှိမယ်ဆိုရင် ဘယ်တော့မှအန္တရာယ်ကင်း၍ ဘေးရှင်းမယ်လို့ မမှတ်နဲ့....(မှန်ပါဘုရား)၊ ည-ကင်းတယ်ဆို မနက် တွေ့မှာဘဲ၊ (မှန်ပါ ဘုရား)၊ မနက်ကျတော့ ဝေဒနာ အမျိုးမျိုးပေါ်လာမှာပေါ့၊ မလာပေဘူးလား? (လာပါတယ်ဘုရား)၊ အိပ်နေတုံးမို့ မသိကာကိုးဗျ၊ မနက်မိုးလင်း ကျင်ကြီးကျင်ငယ်ကိစ္စ၊ တခါတည်း အနာမျိုးစုံအတွက် မနက်ထ,ကုလိုက်ရတဲ့ဖြစ်ခြင်းဟာ နဲသလား? (မနဲပါဘုရား)။

ဘယ်အချိန် ချမ်းသာတုံးမေးကြည့်ပါ(မချမ်းသာပါဘုရား) မပြုမပြင်ဘဲထားလိုက်လို့ရှိရင်လဲ ခင်ဗျားကို ဌင်းဒတွေတောင် ဝဲလောက်ပါရဲ့၊ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)၊ အဲဒီလောက်တောင် ဒီခန္ဓာကိုယ်ကြီးကို ပြုပြင်ပြီးသကာလ,နေရသောကြောင့် ခင်ဗျားတို့မှာဖြင့် မျက်လုံးမှိတ်နေတာတောင်မှ မအားဘူး။ မျက်လုံးမှိတ်နေလို့ရှိရင်ဖြင့် မျက်လုံးမှိတ်နေတဲ့

ပုဂ္ဂိုလ်ကလဲ မအားဘူး၊ သူ့အလုပ်နဲ့သူ ရှိရက်ဘဲ၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဟင်–ညအိပ်ရာဝင် မျက်လုံးမှိတ်နေလဲ ခန္ဓာကိုယ်ကတော့ စောင်းလိုက် လှိမ့်လိုက်၊ ခင်ဗျားတို့စောင်ဆွဲခြုံလိုက် အမျိုးမျိုး အဖုံဖုံ မလုပ်ရဘူးလား? (လုပ်ရပါတယ်ဘုရား)။ အဲဒီတော့ ဘယ်လောက်များပြုပြင်နေရသလဲလို့မေးရင် ဒကာ-ဒကာမတို့ ဘယ်လိုဖြေကြမလဲ....(မအားအောင်ပါဘုရား) မအားဘူး....။ ခွေးနာ အယားဖျောက်တာက အားသေးတယ်၊ ရိပ်မိပြီလား?၊ (ရိပ်မိပါပြီဘုရား)။

ခွေးနာအယားဖျောက်တာက ဘာတုံးဗျာ....(အားပါသေးတယ်ဘုရား) အားသေးတယ်တဲ့။ ခင်ဗျားတို့ ကျုပ်တို့မှာ အနာမျိုးစုံပေါက်နေလို့ ပြုပြင်နေရတာ၊ ဦးချစ်ခ, ဘယ့်နှယ်နေသတုံး၊(မအားပါဘုရား)၊ ခွေးနာ အယားဖျောက်တော့ ခွေးက ဘာမှ ခြုံထည့် ရုံထည်မလိုတော့ဘူးဗျ....(မှန်ပါဘုရား)၊ ဒါတွေ ပြောစရာ လိုသေးသလား? (မလိုတော့ပါဘုရား) မလိုတော့ပါ ဘူး....။

ဒီပြင် ကိစ္စတွေ လူထက်မနဲ့ဘူးလား, နဲ့သလား? (နဲ့ပါတယ်တယ်ဘုရား) နဲ့တယ်။ လူတွေလို သာရေး နာရေးတွေရှိသေးသလား?(မရှိပါဘုရား)၊ခင်ဗျားတို့မှာတော့(ရှိပါတယ်ဘုရား) ဟာ-ရှုပ်လိုက်တဲ့ဖြစ်ခြင်းပေါ့၊ မအားအောင်(မှန်ပါဘုရား)။

ဒါဖြင့်-အဲဒီတော့ ခွေးနာလောက်ကိုက်တာက အားလပ်ခွင့်အချိန် ရှိတယ်ဆိုတာ ဦးဘဒင်-သဘောကျပြီလား?(ကျပါတယ်ဘုရား)။ လူတွေမှာ အားလပ်ခွင့်အချိန် ရှိကြရဲ့လား?(မရှိပါ

ဘုရား)၊ အဲတာ ဘာတုံးဆိုလို့ ရှိရင် သခ်ာတဒုက္ခသစ္စာ ရ-ထား လို့၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)၊ ဘာ, ရ-ထားလို့တုံး၊ (သခ်ာတဒုက္ခသစ္စာကြီး ရ-ထားလို့ပါဘုရား)။ သခ်ာတဒုက္ခသစ္စာ ကြီး ရ-ထားတော့၊ သြော်-ခင်ဗျားတို့အားလုံး ဒီနေ့ပြောင်းကြ ပါတော့၊ ဒီဘဝကိုက အလုပ်ပေါင်းကတော့ဖြင့် နဲ့သလားဗျာ၊ (မနဲ့ပါဘုရား)။

ဒီဘဝအတွက်ဘဲ အနှိပ်သယ်ရှာရတာနဲ့ အဝတ်ရှာရတာနဲ့ ဟင်-အနာကုဘို့ဆေးတွေ ဆောင်ထားရတာနဲ့ ဒီဘဝအလုပ် ကလဲ ဦးချစ်ခံ့ရှုပ်နေတာ....(မှန်ပါဘုရား)။နောက်ဘဝအတွက် လဲ ဘာလုပ်ထားရပြန်....(ပြုပြင်ထားရပါတယ်ဘုရား)။ ဒါဖြင့် သခ်ာတခန္ဓာကိုယ်အတွက် သူ-ခင်တဲ့ပုဂ္ဂိုလ် နှိပ်စက်တယ်ဆိုတာ သဘောကျပြီလား ? (ကျပါတယ်ဘုရား)၊ မခင်တဲ့ပုဂ္ဂိုလ်.... (မနှိပ်စက်ပါ ဘုရား)။

ဒါဖြင့်—ဒကာ, ဒကာမတို့ သခ်ာတခန္ဓာကိုယ်ကြီးနဲ့သေခဏ်း ရှင်ခဏ်းဖြတ်မှ ခင်ဗျားတို့ အသခ်ာတရောက်မယ်၊(မှန်ပါဘုရား) အသခ်ာတသို့ရောက်မယ်။ အဲဒီကျမှ ခင်ဗျားတို့အေးချမ်းနေဘို့ဘဲ အခုဖြင့် အေးချမ်းစွာနေစရာအချိန်မရှိသေးပါဘူး၊ သဘောကျ ပြီလား? (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သခ်ာ တဟာပြုပြင်ရတဲ့တရား၊အသခ်ာတက မပြုပြင်ဘဲနဲ့ သဘာဝတည်တံ့တဲ့တရား၊ ရှင်းပြီလား?(ရှင်းပါ တယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဘာတရား တဲ့တုံး၊ (သခ်ာတတရားပါဘုရား)၊ အဲ-သခ်ာတတရား၊ ပြုပြင်နေရ လို့သခ်ာတတရား၊သစ္စာလိုဖွဲ့လိုက်တော့ဒုက္ခသစ္စာ၊ ရှင်းကျပြီလား

(ရှင်းပါပြီဘုရား)။ ဒီ-ခန္ဓငါးပါးလောက် ရှုပ်တာ....(မရှိပါဘုရား)၊ ခင်ဗျားတို့ နေပူလေပူခံနိုင်အောင် ကိုယ်ကြီးကိုခြုံရုံ ပေးလိုက်ပြန်တော့ ဝမ်းထဲက ထမင်းဆာသလို လာတာဗျ....၊ (မှန်ပါဘုရား)။

ဒါဖြင့် ကိုယ်ဘက်ကမှ အလုပ်ကိစ္စမပြီးသေးဘူး၊ ဝမ်းထဲက ကိစ္စတွေ ရွက်ဆောင်ပေးရအုံးမယ်ဆိုတော့ ဒီပုဂ္ဂိုလ် **အားပါ** အုံးမလား**?** (မအားပါဘုရား)၊ ဝမ်းထဲကိစ္စ စားတုံး မျိုတုံး ရှိသေး၊ ကျင်ကြီး ကျင်ငယ်ကိစ္စ သွားပြီးလုပ်ပေးပါအုံးဆိုတော့ **အားသေးရဲ့လား?** (မအားပါဘုရား)။

အဲဒီအချိန်အတိုင်း ဘယ်လောက်ထိအောင် ပြုပြင်ရသတုံး၊ (မအားအောင်ပါဘုရား)မအားအောင်ပြုပြင်နေရတယ်။ ဒါဖြင့် အသင်္ခတဆိုတဲ့ဥစ္စာက ဒီလိုလားလို့မေးကြ....(မဟုတ်ပါဘုရား) ဘယ်လိုပါလိမ့်....(ပြုပြင်ခြင်း မရှိတာပါဘုရား)၊ ပြုပြင်ခြင်း မရှိတာ အသင်္ခတ။ ဒကာ ဒကာမတို့ သဘောကျပြီလား(မှန်လှပါ ဘုရား)။

ဒါကြောင့် အသင်္ခတကို ခင်ဗျားတို့သဘောကျအောင် ဆရာ ဘုန်းကြီးက ဝေဒနာသုံးပါးကိုပြပြီးဟောတယ်။ ဒကာ-ဒကာမ တို့ ဒီအသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ရောက်အောင် ဒီဘက်က နိဗ္ဗာန် ထားပါတော့။ ဒီဘက်က ဝေဒနာသုံးခုထားပါတော့၊ ဒီက- မဂ္ဂင်ရှစ်ပါးဘဲထားပါတော့၊ ဒကာ-ဒကာမတို့ ...(မှန်ပါဘုရား) မဂ္ဂင်ရှစ်ပါးနဲ့ သွားမှရမှာ ဒကာ-ဒကာမတို့ တခြားနည်းလမ်း နဲ့ဖြင့် ခင်ဗျားတို့စိတ်ကူးယဉ်မနေပါနဲ့၊ မရောက်ပါဘူး။

တချို့စိတ်ကူးယဉ်နေတာရှိသေးတယ်၊ဒို့တော့ကွာခပ်မှန်မှန်နဲ့ခပ်ပျော်ပျော်လေးနေလိုက်မယ်လို့ အမှန်ပျော်နေရင်မရဘူး၊ ပျော်ရင် တဏှာပါမှာကိုးဗျ။ ရပါ့မလား?(မရပါဘူးဘုရား)၊ နိဗ္ဗာန်ကို ပျော်ပျော်သွားချင်လို့ဆိုပြီး ပွဲလမ်း တခြိမ့်ခြိမ့်နဲ့ ပျော်ပျော် သွားချင်လို့ လုပ်တဲ့လူလဲ ရှိသေး၊ ရပါ့မလား?၊ (မရပါဘုရား)၊ သူနဲ့သွားလို့မှ မရဘဲ။

ဒကာ-ဒကာမတို့ ဘာနဲ့သွားရမှာလဲဆိုရင် မဂ္ဂင်နဲ့သွားမှ ရမယ်။ မဂ္ဂင်ဆိုတာက အဲဒီပျော်တာသတ်မှ မဂ္ဂင်ကလဲပေါ်မှာ ပျော်တာမသတ်ရင် မပေါ်ပါဘူး။ ဒါဖြင့် ဒကာ-ဒကာမတို့ မဂ္ဂင်နဲ့သွားရမှ ရောက်မယ့်တရားကို ပျော်ပျော်သွားချင်လို့တော့ မဖြစ်ဘူး။ မဖြစ်ဘူးဆိုတာပေါ်ကြပြီလား?(ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မဂ္ဂင်ရှစ်ပါးကလဲ ဒကာ-ဒကာမတို့ သူ့ကိုလဲ စစ်ဆေးအုံး၊ သင်္ခတ အသင်္ခတတရားတို့တွင် မင်း-ဘာတရားတုံးလို့မေးအုံး၊ (သင်္ခတပါဘုရား) သင်္ခတဘဲ။ ဥပါဒ်-ဌီ-ဘင် ရှိနေတယ်၊ ဒကာ-ဒကာမတို့ ဖြစ်ပျက်မရှိဘူးလား? (ရှိပါတယ်ဘုရား)။ ဒါဖြင့်-သူက ဘာတရားပါလိမ့်....(သင်္ခတတရားပါဘုရား)။

အင်း—သင်္ခတတရားဖြစ်နေတော့ သူလဲ အသင်္ခတနားသိမယ်တော့ မဟုတ်ဘူး၊ သဘောကျပြီလား? (ကျပါပြီဘုရား)၊ ဒါ-ကြပ်ကြပ်စဉ်းစားပါ၊ ဒကာ-ဒကာမတို့ ဒီဥစ္စာအခက်ဆုံးဘဲ၊ (မှန်ပါဘုရား)။ ဦးဘကြည်, ဒါ-သတိထားရလိမ့်မယ်၊ သူက သင်္ခတလား,အသင်္ခတလား?(သင်္ခတပါဘုရား)သင်္ခတတရားတဲ့။

မဂ္ဂင်ဆိုတာ ခင်ဗျားတို့ ဆရာကောင်း သမားကောင်းတွေရဲ့ နည်းရမှ မဂ္ဂင်လေး ဝမ်းထဲရောက်တာကိုး....(မှန်ပါ) ဒီကအောရုံ တွေ့ ဖြစ်ပျက်မြင်မှ မဂ္ဂင်ကလဲ ပေါ်တာမဟုတ်လား? (မှန်ပါ ဘုရား)။

ဒါဖြင့်-မဂ္ဂင်ဆိုတဲ့တရားကလဲ ဒကာ-ဒကာမတို့ သစ္စာတရား လား, အသစ္စာတရားလား?(သစ္စာတရားပါဘုရား)၊ သစ္စာ တရား။ ကောင်းပြီ-ဒီသစ္စာတရားသည်ကားဆိုလို့ရှိရင်ဖြင့် သူ နိဗ္ဗာန်ကိုဘာလုပ်မှာတုံး၊သူသည်ကားဆိုရင် နိဗ္ဗာန် ကေယံနော ဘိက္ခဝေ မဂ္ဂေါ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံမဂ္ဂေါ၊ ဤ မဂ္ဂင်ရှစ်ပါးသည်။ ကေယနော၊ တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်အောင် ပို့၏။ သတိပဋ္ဌာန်ပါဠိတော်က မလာဘူးလား?(လာပါတယ်ဘုရား)။ ကောင်းပြီ၊ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿတွေကို ငြိမ်းစေ နိုင်တယ်ဆိုတော့ ဒကာ-ဒကာမတို့ မဂ္ဂင်တရားက သစ္စာတရား ဖြစ်ပြီးသကာလ နေသောကြောင့်၊ သြော်-သူလဲဖြစ်ပျက်ဘဲဆို တာ ခင်ဗျားတို့က စွဲစွဲမှတ်ပါ၊ (မှန်ပါဘုရား)၊ မဂ္ဂင်ရှုတဲ့အခါ မှာ ဒီကသာဖြစ်ပျက်မဟုတ်ဘူး၊ သူကလဲ ဖြစ်ပျက်ဘဲ....(မှန်ပါ ဘုရား)။

ဒါကြောင့်—ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်လို့ပြောတာ၊ (မှန်ပါဘုရား)။ ဒီ-ဖြစ်ပျက်က ရှေ့ကျရမယ်၊ ဒီတရားက နောက် ကျရမယ်။ နောက်ကျတဲ့အခါကြတော့ နောက်ကျပြီး, သူလဲ ရှုပြီးတော့ မချုပ်ဘူးလားဗျ....(ချုပ်မှာပါဘုရား)၊ ချုပ်ပြန် တော့ ဒကာ-ဒကာမတွေ ရှေးကဖြစ်ပျက်လာပြန်တော့,နောက်

က မငွင်အစားထိုးရတယ်၊ (မှန်ပါဘုရား)၊ ဝိပဿနာသမားမှာ အစားမထိုးရဘူးလား? (ထိုးရပါတယ်ဘုရား)၊ ထိုးရတော့ ခဏ ခဏ အစားထိုးနေရတဲ့ကိစ္စဟာ သင်္ခတတရားမဟုတ်ဘူးလား?၊ (မှန်ပါ ဘုရား)။

နောက်က အစားထိုးနေရတာ ဘာပြုလို့ပါလိမ့်ဗျာ (သင်္ခတ တရားမို့ပါဘုရား)၊ သင်္ခတတရားမို့ အစားထိုးနေရတော့၊သြော် သူသည်ကားလို့ ဆိုရင်ဖြင့် သင်္ခတတရားက အသင်္ခတတရား ပို့ ဘို့ရာ ဘယ်နည်းနဲ့ ပို့ပါမလဲမေးဘို့မလိုဘူးလား? (လိုပါတယ် ဘုရား)၊ မနေ့ကပြောသလိုမှတ်ရမယ်။

ဒကာ-ဒကာမတို့ ရှုပါများတော့ဖြစ်ပျက်တွေမမြင်တော့ဘူး ဆိုတဲ့အချိန်ကျတော့ ဖြစ်ပျက်တွေက အကုန်ချုပ်ကုန်ပြီ၊ရုပ်တွေ နာမ်တွေ ဖြစ်ပျက်တွေ အကုန်ချုပ်ကုန်ပြီ။ ချုပ်ကုန်တဲ့ အခါ ကျတော့မှ သူက-ဟိုဟာဘာလဲလို့ လက်ညှိုးထိုးပြပြီး ပို့တာဘဲ၊ (မှန်ပါဘုရား) လက်ညှိုးထိုးပို့တာနော်။ သူက-အရောက်သွား တယ်လို့မျှား ထင်မနေနဲ့အုံး(မှန်ပါဘုရား) သင်္ခတနဲ့အသင်္ခတ ရောနေအုံးမယ်၊ (တင်ပါဘုရား)။

ဒါဖြင့်—သူက သူ့ကို နဲနဲလေးထည့်ပြောမှ ဦးဘကြည်ရဲ့၊ ကြေနပ်လောက်တယ်နော်....(မှန်ပါဘုရား)။ ဒဿနဋ္ဌောဆိုတာ ကိုက်မနေဘူးလား?(ကိုက်ပါတယ်ဘုရား)၊ ဒဿနဋ္ဌောဆိုတော့ ဒကာ·ဒကာမတို့ သူသည်ကားလို့ဆိုရင်ဖြင့် အားထုတ်တဲ့ လူ အပေါင်းကို သူက-ဟိုဟာ နိဗ္ဗာန်ဘဲလို့ ပြောဖေါ်ရတယ်၊နိဗ္ဗာန် ကိုလဲ ညွှန်ပြနိုင်တဲ့သတ္တိရှိတယ်၊ သဘောကျပြီလား? (တင်ပါ ဘုရား)။

အဲဒီလို နိဗ္ဗာန်ညွှန်ပြနိုင်တော့ နိဗ္ဗာန်လဲညွှန်ပြနိုင်ပါရော၊ ခင်ဗျားတို့ ဒီဘက်ကဟာတွေဟာ ဪ-လူမိုက်များအလုပ်တွေပါလားဆိုတာ ပေါ်လာတယ်၊ မပေါ်ဘူးလား? (ပေါ်ပါတယ်ဘုရား)၊ သင်္ခတအလုပ်တွေဟာ ဘယ်သူ့အလုပ်ပါလိမ့်(လူမိုက်များ အလုပ်တွေပါ ဘုရား)။

ဪ—ခင်ဗျားတို့ သင်္ခတအလုပ် လုပ်တာတွေဟာ ဟို-ဒဿနင္ဂန့်ရှုပါများလို့ မြင်တဲ့အခါကျတော့မှ ဒီ-သင်္ခတအလုပ်လုပ်နေတဲ့ ခန္ဓာငါးပါး ရရာရကြောင်းအလုပ်ကို အကြီးအကျယ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေကတော့ လူမိုက်တွေဘဲလို့ ပေါ်လာတယ်၊ (မှန်ပါဘုရား)၊ ဒီလိုကြည့် ဟိုက အသင်္ခတမြင်လို့ ဒီဘက်က သင်္ခတ ပြန်လှည့်လိုက်တာ....(မှန်ပါ ဘုရား)။ အသင်္ခတမြင်ပြီး နိဗ္ဗာန်မြင်ပြီး ပစ္စဝေက္ခဏာ ဉာဏ်တွေ ဘာတွေနဲ့ ဆင်ခြင်ပြီး သင်္ခတနယ်ကိုပြန်ကြည့်လိုက်တော့မှ ဪ-ဒို့နေခဲ့သရွေ့အမိုက်အမဲ နေခဲ့တာပါကလားလို့ မပေါ်သေးဘူးလား? (ပေါ်ပါတယ်ဘုရား)။ ဒို့နေခဲ့ရတာ အမိုက်အမဲတွေမို့ နေနိုင်တာဘဲဆိုတာ ဒကာ-ဒကာမတွေ ပေါ်လာပြီလား? (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အခု-ကိုယ့်ဟာကိုယ်မိုက်ကြောင်းကို ကောင်းကောင်း မသိသေးတာသည် မဂ္ဂသစ္စာမပေါ်သေးဘူး၊ ရှင်းပြီလား? (ရှင်းပါပြီ ဘုရား)၊ မဂ္ဂသစ္စာသည် ဦးဘကြည် ဘယ့်နှယ်ဆိုမတုံး....(အမိုက်သိတာပါ ဘုရား)။ ကိုယ့်အမိုက်ကိုယ်သိတယ်။ အခုတော့ဖြင့် ကိုယ့်အမိုက်ကိုဘဲ ကိုယ်လူလိမ္မာလုပ်နေကြတယ် မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။ ဆို

နိုင်ဆို ခင်ဗျားတို့ ဒုက္ခရောက်ကြောင်းကို လုပ်နေလိုက်တာက မိုးလင်းကတည်းက လုပ်လိုက်တာ၊ နေဝင်ဘောင်စာရင်းမချုပ်နိုင်ဘူး....(မှန်ပါဘုရား) လုပ်တုံးဘဲ။

ဘာတွေ လုပ်နေတုံးဗျ....(ဒုက္ခရောက်ကြောင်းပါဘုရား)။ ဒုက္ခရောက်ကြောင်းတွေ လုပ်နေတာ၊ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)၊ သစ္စာတအလုပ်ဆိုလို့ရှိရင် သစ္စာတအလုပ်ဟာ ဘယ်မှာလမ်းဆုံးတုံး၊ (အပျက်မှာပါဘုရား)၊ အပျက်မှာ လမ်းဆုံးဘို့ကို မျှားမျှားပျက်ရအောင်လို့ နေ့ရောညရော မအားရအောင် လုပ်ရတယ်၊ မဟုတ်ဘူးလား?(ဟုတ်ပါတယ်ဘုရား)။ ပျက်စရာ မရှိရင်တော့ ခင်ဗျားတို့က မနေတတ်ဘူး၊ (တင်ပါဘုရား)၊ တပျက်ထဲပျက်၊ တပြင်ထဲ ပြင်ဆိုတော့ ခင်ဗျားတို့ အပ်နဖါးထိုးဘို့ကောင်းတယ်။ ဒီနေ့လဲ အပ်နဖါးထိုးရမယ်၊ ဟုတ်လား။

ဘယ်အခါ ဘယ်အချိန်ကာလမှ အပ်နဖါးကိုလဲ အတွင်းရောက်ပြီလို့ မပြောရဘူး၊ အလကားလဲမနေရဘူးဆိုပြီး ထိုးလိုက်၊ နှုတ်လိုက်၊ ဒီလိုနေရတယ်။ ခင်ဗျားတို့ နေနည်းဟာလေ ဒီလိုဘဲ တထပ်တည်းကြနေတာဘဲ၊ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ အသစ္စာတဖြစ်တဲ့နိဗ္ဗာန်ကို ဘာနဲ့ကြည့်ကြမတုံး၊ (မဂ်နဲ့ပါဘုရား)၊ မဂ်နဲ့ကြည့်မှဘဲ ရမယ်....(မှန်ပါဘုရား)။ မဂ်တောင် ငါးပါးနဲ့ကြည့်ရင်မရဘူး၊ ငါးပါးနဲ့ကြည့်ရင် သစ္စာတနယ်....(မှန်ပါဘုရား)။ ရှစ်ပါးနဲ့ကြည့်ရင် အသစ္စာတနယ်ဘဲ။ ဒကာ-ဒကာမတို့ ရိပ်မိပြီလား?၊ (ရိပ်မိပါပြီဘုရား)၊ ငါးပါးနဲ့ကြည့်ရင် ဘာမြင်တုံး၊ (သစ္စာတပါဘုရား)၊ ရှစ်ပါးနဲ့ကြည့်ရင်....(အသစ္စာတပါဘုရား)။

ဒါဖြင့် ငါးပါးနဲ့ကြည့်တော့ သစ္စာ၊ ရှစ်ပါးနဲ့ကြည့်တော့ အသစ္စာ။ ဟင်-ဒါဖြင့် သစ္စာကို သစ္စာ မြင်ပြီးမှသာလျှင် အသစ္စာကူးမှာဘဲဆိုတာလဲ ခင်ဗျားတို့မှတ်ရတော့မယ်(တင်ပါဘုရား)၊ မူလမြင်တာက နဂိုရှိတုံးကတော့ သစ္စာရယ်လို့ကို မသိဘူး၊ဝိပဿနာဉာဏ်နဲ့ကြည့်လိုက်တော့မှ သစ္စာလို့သိတာ၊ (မှန်လှပါဘုရား)၊ နဂိုရှိရိုးရာနဲ့တော့မသိပါဘူး။ ဆရာကောင်း သမားကောင်း ကိုးကွယ်ဆည်းကပ်ပြီးသကာလ မေးမြန်းပြီး လုပ်ကိုင်ကြတဲ့အခါ ဝိပဿနာရှုနိုင်တဲ့ အခြေအနေကြတော့ ဘာသိသိလဲ....(သစ္စာသိပါဘုရား) သစ္စာသိ။

နောက်-သစ္စာ လုပ်ပါ များ၍ အသားကျ လာတဲ့အခါ သစ္စာနယ်က ဆုံးသည့်တိုင်အောင် ရှုနေတဲ့ပုဂ္ဂိုလ်ကျတော့ ဘာ တွေ့ရတုံး....(အသစ္စာတွေ့ရမှာပါဘုရား)။

ဩော်-ဒါဖြင့် ဒီဟာသစ္စာဆိုတာတောင်မှ ဟင်-အတော်ဘဲ သူတော်ကောင်းနဲ့ပေါင်းရအုံးမှာပါကလား ဒီသိနေတာသစ္စာ အသစ္စာလဲမဟုတ်ဘူး၊ ဆင်ကန်း တောတိုးပါလားဆိုတာ မှတ် ပေတော့၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။ ဘာမှမသိဘူး၊ ဘာသိတာပါသေးတုံး၊ (ဘာမှမပါပါဘုရား)၊ ဘာမှသိတာကို မပါဘူး။ သစ္စာနဲ့ ပတ်သက်လို့တော့ ဘာမှမသိဘူးဆိုတာ ဒကာ-ဒကာမတို့ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။

သစ္စာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ အင်း ဒါ ခုမှသိတယ်။ အသစ္စာက ဘာတုံး (နိရောဓသစ္စာပါဘုရား)။ ဒါလဲ ခုမှသိတာ....(မှန်ပါဘုရား)။ ဒါ-အခု အပြောသိရှိသေး တယ်၊ ခင်ဗျားတို့အလုပ်လုပ်ကြည့်အုံး....(မှန်ပါဘုရား)။အလုပ်

လုပ်ကြည့်လို့ ဒါလေးတွေက ဖြစ်ပျက်တာ မရပ်၊ မရပ်မစဲ ဖြစ်ပျက်နေတာတွေတော့မှ သင်္ခတသဘောဟာ လုံးလုံးကြီးပေါ်တယ်၊ မပေါ်ဘူးလား?(ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မဂ္ဂသစ္စာကလဲ သင်္ခတ တရားဘဲဆိုတာ သဘောကျပြီလား?(ကျပါတယ်ဘုရား)။ ဒါဖြင့် မဂ္ဂသစ္စာသည် သင်္ခတတရား ဖြစ်ပါလျှက်သားနဲ့ အသင်္ခတတရားနဲ့ ဘယ်လိုဆက်သွယ်ပါသတုံး၊ နိဗ္ဗာန်ကို သူက ဇနကနဲ့ဖြစ်စေတာလားလို့မေးရင်လဲ မဟုတ်ဘူးလို့ပယ်ချ၊(မှန်ပါဘုရား)။ ဉပထမ္ဘကနဲ့ ထောက်ပံ့တာလားလို့မေးရင်ကော၊ မဟုတ်ဘူး။

ဒါဖြင့် နှစ်ဆဲ့လေးပစ္စည်း လွတ်ပေါ့ဗျာ....(မှန်ပါဘုရား)။ ဇနက ဉပထမ္ဘက အကုန်လွတ်နေတယ်၊ (မှန်ပါဘုရား)။ အဲဒီတော့ ဘာပါလိမ့်မတုံး။ ဒါဖြင့် သူ-ဘယ်လိုဆီက ရှက်ဆောင်ပါလိမ့်မလဲမေးဘို့လိုမလား မလိုဘူးလား(လိုပါတယ်ဘုရား)။

အေး—ခုနင်ကပြောခဲ့တဲ့အတိုင်း ဒကာ-ဒကာမတို့ သူ့မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ မျက်မှန်နဲ့ မျက်လုံး ပါတယ်၊ (တင်ပါဘုရား)။ သမ္မာသင်္ကပ္ပက မျက်မှန်၊ သမ္မာဒိဋ္ဌိက မျက်လုံး သဘောကျပြီလား? (ကျပါပြီဘုရား)။

အဲဒီတော့မျက်မှန်နဲ့ မျက်လုံးပါလို့ သူ့ရတဲ့ပုဂ္ဂိုလ်က လှမ်းကြည့်ရင် တွေ့ရတာဘဲရှိတယ်၊ သဘောကျပြီလား? (တင်ပါဘုရား)၊ လှမ်းကြည့်ရင် ဘာဖြစ်တုံး....(တွေ့ရပါတယ်ဘုရား)။ လှမ်းကြည့်ရင်တွေ့တတ်တဲ့သဘောကလေးဘဲ။ သူ-ရှက်ဆောင်တတ်ပါတယ်။

ဒကာ-ဒကာမတို့ လှမ်းကြည့်ရင် သူကဘာတုံး(တွေ့တတ်တဲ့ သဘောကလေးပါဘုရား)၊ တွေ့တတ်တဲ့ သဘောကလေးတော့ ဖြင့် သူသမ္မာဒိဋ္ဌိမျက်လုံးနဲ့ သမ္မာသင်္ကပ္ပမျက်မှန်က ပါနေတယ်၊ (တင်ပါဘုရား)။ ရှေးအခါတုံးက ဒါတွေ မတတ်ဘူးပါ ဘူး၊ အခုမှ တတ်ဘူးတာပါ....(မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ သူသည် ဖြစ်စေတဲ့ အကြောင်းလဲမဟုတ်၊ ထောက်ပံ့တဲ့အကြောင်းလဲ မဟုတ်၊သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့၏ ဒသနကိစ္စ မြင်မှုကိစ္စနဲ့ ရှက်ဆောင်တာ ဘဲလို့သာ မှတ်ပါတော့၊ သဘောကျပြီလား? (ကျပါပြီဘုရား) ဘယ်လိုရှက်ဆောင်ပါလိမ့်....(မြင်မှုကိစ္စနဲ့ ရှက်ဆောင်ပါတယ် ဘုရား)။ မြင်မှုကိစ္စနဲ့ ရှက်ဆောင်တယ်။

ဒီအထဲမှာတော့ မြင်မှုကိစ္စနဲ့ ရှက်ဆောင်တယ်၊ ဒီအထဲမှာ တော့ ခေါင်းဆောင်နှစ်ခုကို မှတ်ထားပါ၊ (တင်ပါ)၊ သမ္မာ သင်္ကပ္ပက ဘာနဲ့တူတုံး....(မျက်မှန်နဲ့တူပါတယ်ဘုရား)။သမ္မာ ဒိဋ္ဌိကကော....(မျက်လုံးနဲ့ တူပါတယ်ဘုရား)၊ မျက်လုံးနဲ့ တူ တယ်။ သမာဓိဆိုတာက ခေါင်းနဲ့တူပါတယ်၊ ဒကာ-ဒကာမတို့ ရိပ်မိပြီလား?(မှန်လှပါဘုရား)သတိဆိုတာက နှိမ်ထားတာနဲ့လဲ တူပါတယ်နော်။ ခဏခဏလက်တို့ပေးနေတာ၊ သမာဓိဆိုတာက တည်ကြည်တဲ့ ခေါင်းသဘောနဲ့ တူပါတယ်။ ဝိရိယဆိုတာက ဟိုဘက်ကို မဖြောင့်ဖြောင့်အောင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပကို တွန်းပေးတယ်၊ သဘောကျပြီလား? (မှန်ပါဘုရား)။

အဲဒီတော့သူတို့ရှစ်ခုကလဲ ဒကာ-ဒကာမတို့ မစုံဘဲနဲ့ ခုနင်က ဒီမျက်မှန်နဲ့ ဒီမျက်လုံးကမြင်နိုင်ပါ့မလား?(မမြင်နိုင်ပါဘုရား)

ဒါဖြင့် သူတို့သည် ဒဿနကိစ္စနဲ့ ရှက်ဆောင်တာဘဲ၊ (တင်ပါဘုရား)။ မြင်မှုကိစ္စဘဲရှိတယ်၊ ပို့ပေးခြင်းလဲမလုပ်နိုင်ဘူး၊နိဗ္ဗာန်ဖြစ်အောင် ရှက်ဆောင်နိုင်သည်လည်းမဟုတ်၊ နိဗ္ဗာန်ကိုထောက်ပံ့နေသည်လည်း မဟုတ်၊ နိဗ္ဗာန်ပျက်စီးမှာစိုးလို့ ထောက်ပံ့နေသည်လည်းမဟုတ်ဘူး၊အဝေးကလှမ်းမြင်တာ(မှန်ပါဘုရား) ဘယ်လိုမှတ်ကြမတုံး....(အဝေးကလှမ်းမြင်တာပါဘုရား)။

ဒါ-လူတိုင်းမြင်တဲ့အလုပ်လားလို့ တခါမေးပါအုံး(မမြင်ပါဘုရား) လူတိုင်းလဲ မမြင်နိုင်ဘူး။ သစ္စာနဲ့ အသစ္စာကွဲအောင်လုပ်နိုင်တဲ့ပုဂ္ဂိုလ်မှ သစ္စာကို ရှေးဦးစွာအဖန်ဖန်သိအောင်လုပ်၊ ၎င်း သစ္စာကို သဘောမကျတော့ပါဘူး။ သစ္စာတွေသည်ကားအလကားအလုပ်တွေဘဲ၊ဒုက္ခသစ္စာတွေဘဲလို့ ပိုင်းခြားတဲ့ပုဂ္ဂိုလ်သာလျှင်၊ သစ္စာကို ရှင်းလင်းနိုင်တဲ့ပုဂ္ဂိုလ်သာလျှင် အသစ္စာမြင်မယ်၊ (မှန်ပါ ဘုရား)၊ သစ္စာကို ရှင်းလင်းနိုင်တဲ့ ပုဂ္ဂိုလ်သာလျှင် အသစ္စာမြင်တယ်။ သစ္စာမှ မရှင်းလင်းနိုင်လို့ရှိရင် ဒကာ-ဒကာမတို့ မမြင်နိုင်ဘူးဆိုတာ ပေါ်လာကြပြီလား?၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ သစ္စာရှင်းလင်းတဲ့အလုပ်ဟာ ဝိပဿနာဉာဏ်ကို ရှေ့ထားပါ၊ (မှန်ပါဘုရား)၊ ဘာတုံး၊ သစ္စာကိုရှင်းနေတာ....(မှန်လှပါ)၊ သစ္စာကို သစ္စာမှန်း သိပြီးသကာလ, မင်း-သစ္စာနယ်ကို ငါမနေခြင်တဲ့ဉာဏ်ရအောင် မှန်းအောင်ရှုပေးရမယ်၊ သဘောကျပြီလား? (မှန်ပါဘုရား)။

ဒါဖြင့်-ဒကာ့,ဒကာမတို့ သခ်ံတနဲ့ကင်း၍လဲ အသခ်ံတနိဗ္ဗာန် ရောက်နိုင်ပါ့မလား?(မရောက်နိုင်ပါဘုရား)။ ဘာကြောင့်တုံး သခ်ံတက!ဒုက္ခသစ္စာ....(တင်ပါဘုရား)၊ ဒုက္ခသစ္စာ မပိုင်းခြား ဘဲနဲ့ နိရောဓသစ္စာ မျက်မှောက်ပြုနိုင်ပါမလား? (မပြုနိုင်ပါ ဘုရား)။

ဒါဖြင့်-ဒကာ့,ဒကာမတို့ အသခ်ံတဌေ့ာ ဆိုတာ အဖန်ဖန် ပြုပြင်ခြင်းမရှိတဲ့ အနက်သဘောသည်လည်းကောင်းလို့ဆိုတာ နိဗ္ဗာန်ဟာ ဘယ်သူမှပြုပြင်ထားတာမဟုတ်၊ သဘာဝမှ ခိုင်ခံ့ တည်တံ့နေတာဆိုတာ သဘောကျပြီလား? (ကျပါပြီဘုရား)၊ အဲဒါကို ခင်ဗျားတို့ ဘာနဲ့ကြည့်မှမြင်မတုံး၊ (မဂ္ဂင်နဲ့ကြည့်ရ မှာပါ ဘုရား)။ မဂ္ဂင်ဉာဏ်နဲ့ကြည့်ရမယ်နော်၊ သမ္မာဒိဋ္ဌိ,သမ္မာ သင်္ကပ္ပ ဦးစီးပြီး မကြည့်ရပေဘူးလား (ကြည့်ရပါမယ်ဘုရား)။ အဲဒီကဲ့သို့ ကြည့်လိုက်တော့ မမြင်ရဘူးလား? (မြင်ရပါတယ် ဘုရား)။

အဲ—မြင်ရတဲ့အခါကြတော့ ဒီက ခန္ဓာရှိသောကြောင့် ခန္ဓာ ရှိလျက်နဲ့ မြင်တဲ့နိဗ္ဗာန်....(တင်ပါဘုရား)၊ ဒါဖြင့် သဉပါဒိ သေသ နိဗ္ဗာန်။ စာလိုတော့ ခန္ဓာရှိလျက်နဲ့ မြင်တဲ့နိဗ္ဗာန်။

ကောင်းပြီ၊ ဒီခန္ဓာကြီးဟာ ဒကာ-ဒကာမတို့ စဉ်းစားပါ တော့။ ဒီ-မဂ္ဂသစ္စာကို သေသေချာချာစဉ်းစားတော့ မဂ္ဂသစ္စာ လို့သာ ဆိုရတယ်၊ ဇာတိ,ဇရာ,မရဏ မလွတ်သောကြောင့် ဒုက္ခ သစ္စာဘဲ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

မဂ္ဂသစ္စာသည် ဟိုကိုမြင်သောကြောင့်သာ မဂ္ဂသစ္စာခေါ်ရ တယ်၊ သေသေချာချာတွေးတော့ ဥပါဒ်-ဌီ-ဘင် ရှိ-မရှိ၊ (ရှိပါ တယ်ဘုရား)။ ဖြစ်ပျက်မရှိဘူးလား? (ရှိပါတယ်ဘုရား)၊ ရှိရင်

ဘာသစ္စာဖွဲ့မလဲ....(ဒုက္ခသစ္စာပါဘုရား)။ အင်း–ဟိုမြင်တုံးကို မဂ္ဂသစ္စာ၊ သူ့ပင်ကိုယ်သဘောက ဒုက္ခသစ္စာ၊ ပေါ်ပြီလား?၊ (ပေါ်ပါပြီဘုရား)။ပင်ကိုယ်သဘောက ဘာပါလိမ့်၊(ဒုက္ခသစ္စာ ပါဘုရား)။

ဒါဖြင့်-ဒီမဂ္ဂသစ္စာ ကိန်းဘဲပုဂ္ဂိုလ်မြင်တဲ့ဉစ္စာကတော့ သူ-ထာဝရမို့ ကျန်ရစ်ဘာဆိုပါတော့ဗျာ....(မှန်ပါဘုရား)။ ဘယ်သူမှ ပြုပြင်လို့ အကြောင်းတရားနဲ့ မဆက်သွယ်ဘဲနဲ့ တည်တံ့နေတာက ဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်....။

အဲဒီ-နိဗ္ဗာန်ကတော့ ဘယ်အကြောင်းနဲ့မှ မဆက်သွယ်လို့ ချုပ်စရာမရှိဘူး။ မဂ္ဂသစ္စာကတော့ အကြောင်းတွေနဲ့ ဆက်သွယ်လို့ သူ-ချုပ်ရမယ်၊ (မှန်ပါဘုရား)။ မဂ္ဂသစ္စာထဲမှာ ဒကာဒကာမတွေ ရှင်းပြလို့ရှိရင်ဖြင့် သူတို့ချင်း,သူတို့ချင်း သဟဇာတသတ္တိနဲ့ တူနေတယ်၊ (တင်ပါဘုရား)။ ဟေတုသတ္တိကြောင့် တူနေတယ်ဆိုရင်ကော လွဲမလား? (မလွဲပါဘုရား)၊ အာရမ္မဏသတ္တိနဲ့ တူနေတယ်ဆိုရင်ကော....(မလွဲပါဘုရား)၊ ဥပနိဿယသတ္တိနဲ့တူနေတယ်ဆိုရင်ကော....(မလွဲပါဘုရား)။

ဒါဖြင့် သူ-သင်္ခတလား, အသင်္ခတလား ဝေဖန်ရမယ်၊ ဘာတရားပါလိမ့်၊ (သင်္ခတတရားပါဘုရား)။ အဲဒီ-သင်္ခတတရား မဂ္ဂသစ္စာ သင်္ခတတရား ချုပ်သွားတဲ့အခါကျတော့မှ အသင်္ခတကို ခင်ဗျားတို့ကိုယ်တိုင် ခံစားရမယ်၊ (မှန်ပါဘုရား)၊ အခုတော့ အမြင်ခံထား....(တင်ပါဘုရား)။ ဒါတွေချုပ်သွားတော့ ကိုယ်တိုင် ခံစားရမယ်။

ကိုယ်တိုင်ခံစားဆိုတဲ့ အဇ္ဈတ္တိယကတော့ ကိုယ်တိုင်ဆိုသဖြင့် သမုဒ်သစ္စာမပေါ်စေနဲ့၊ သဘောကျပြီလား? (မှန်ပါဘုရား)၊ စကားမို့ ပေါ်အောင်ပြောရတာ၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။

အေး—အဲဒီတော့ ဒကာ-ဒကာမတွေ ရှင်းစရာထဲက ဘာရှိသလဲလို့ မေးတဲ့အခါကြတော့ နိဗ္ဗာန်ဆိုတာ ငြိမ်းအေးချမ်းတဲ့ လက္ခဏာ၊ နိဗ္ဗာန်ဆိုတာ ဘာလက္ခဏာလဲ....(ငြိမ်းအေးချမ်းတဲ့ လက္ခဏာပါဘုရား)။

ဩော်-ဒါဖြင့် ပဋ္ဌမကတော့လဲ သူကငြိမ်းအေးတယ်၊ ဟုတ်လား၊ သူ့အာရုံပြုနေကတည်းကိုက ဒကာ-ဒကာမတို့ မဂ္ဂသစ္စာသည် မငြိမ်းအေးဘူးလား, ငြိမ်းအေးသလား? ( ငြိမ်းအေးပါတယ်ဘုရား)၊ဘာပြုလို့ ငြိမ်းအေးသတုံးလို့ မေးတဲ့အခါကျတော့ သူ့ကို မြင်ရတဲ့အတွက် အတွင်း အနုသယ ကိလေသာတွေက မချုပ်ဘူးလား? (ချုပ်ပါတယ်ဘုရား)၊ အဲ-ကိလေသာ ချုပ်ငြိမ်းလို့ ချမ်း ခြင်း သူကဖြစ်တယ်(မှန်ပါဘုရား)၊ သူမြင်တော့ ငြိမ်းတယ်၊ (မှန်ပါ ဘုရား)၊ သူက-ငြိမ်းတဲ့သတ္တိနဲ့ ကျေးဇူးမပြုဘူးလား? (ပြုပါတယ်ဘုရား)။

အဲဒီတော့-ဒီပုဂ္ဂိုလ်မှာ ငြိမ်းအေးပြီးသကာလ မဂ်ရတဲ့ပုဂ္ဂိုလ်၏ ဖြစ်တွေကတော့ဖြင့် ဒီ-ကိလေသာတွေမရှိလို့ဘဲ၊ ဦးဘကြည် သဘောကျပြီလား?(တင်ပါဘုရား)။ ကိလေသာအပူခေါင်တွေ ဘာဖြစ်နေလဲ ...(မရှိပါဘုရား)၊ ဘယ်သူကသတ်တာလဲ (မဂ်ကသတ်တာပါဘုရား)၊ မဂ်ကလဲ သူ့အားကိုးနဲ့သတ်တာ (မှန်ပါဘုရား)။

ထို့အတူဘဲ၊ နိဗ္ဗာန်ကိုမြင်ပြီး နိဗ္ဗာန်တည်းဟူသောအာရုံကို ဆွဲကိုင်ရာရလို့ ဟိုဟာသတ်ရဲတာ၊ နို့မို့ သတ်ကို မသတ်ရဲဘူး၊ သဘောကျပြီလား ? (မှန်ပါဘုရား)။ နိဗ္ဗာန်တည်းဟူသော အာရုံကို သူက ကောင်းကောင်းမွန်မွန် မြင်ပြီးသကာလ သူစွဲရာ ကိုင်ရာရနေတော့ အားကိုးရှိနေလို့ သူသတ်နိုင်တာ....(မှန်လှပါ ဘုရား)။

ဒါဖြင့်-နိဗ္ဗာန်မမြင်ဘဲနဲ့ ကိလေသာသေတယ်၊ အမြစ်ပြတ် တယ်ဆိုတာ ဦးဘကြည်တို့ ဘယ်တော့မှမယုံနဲ့၊ ရှင်းပြီလား?၊ (မှန်ပါ ဘုရား)၊ အားကိုးမရှိဘဲနဲ့ သတ်တာကိုဗျ။ ဒကာ-ဒကာ မတွေ့ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ သင်္ခတကို ကြပ်ကြပ်ရှုရင် နိဗ္ဗာန်ရောက် မယ်၊ သဘောကျပြီလား?(ကျပါပြီဘုရား)၊ သင်္ခတကိုဖြစ်ပျက် မြင်အောင် ရှု....(မှန်ပါဘုရား)၊ သင်္ခတကိုဖြစ်ပျက်မုန်းအောင်ရှု (မှန်ပါဘုရား)၊ သင်္ခတဖြစ်တဲ့တရားဆုံးအောင်ရှု(မှန်ပါဘုရား) ဒါမှ-သင်္ခတဓမ္မဆုံးမှ အသင်္ခတဓမ္မလာမယ်(မှန်ပါဘုရား) သင်္ခတဓမ္မမဆုံးရင် အသင်္ခတဓမ္မ မလာဘူး၊ လာနိုင်ပါ မလား? (မလာနိုင်ပါဘုရား)။

ဒါ ဖြင့်-နိဗ္ဗာန်သည်ကားလို့ ဆိုရင်ဖြင့် ဒကာ-ဒကာမတို့ သင်္ခတလား အသင်္ခတလား?(အသင်္ခတပါဘုရား)။ ဟင်-အသင်္ခ တကို မြင်ရအောင် ခင်ဗျားတို့ ဘာနဲ့လှမ်းကြည့်မတုံး၊(မဂ္ဂင်နဲ့ လှမ်းကြည့်ရမှာပါဘုရား)။ မဂ္ဂင်နဲ့လှမ်းကြည့်၊ လှမ်းကြည့်လျှင် ကြည့်ခြင်း တွေ့မှာလား၊ သင်္ခတဆုံးအောင်ကြည့်ပြီး ဆုံးမှတွေ့ မှာလား? (ဆုံးမှတွေ့မှာပါဘုရား)။

ဒါကြောင့်-ခင်ဗျားတို့ကို ဘုန်းကြီးက သင်ထားတယ်၊ဒကာ ဒကာမတို့ ဝေဒနာသုံးပါးရှိတယ်လို့ ဘုရားက မဟောဘူးလား (ဟောပါတယ်ဘုရား)၊ အဲဒီတော့-ပဌမ ဝေဒနာကို ဖြစ်ပျက်မြင်အောင်ကြည့်လို့ သင်ကြား မထားဘူးလား? (သင်ကြားထားပါတယ်ဘုရား)။ ခု သုခဖြစ်ပျက်မြင်အောင်ကြည့်၊ ဒုက္ခကော....(ဖြစ်ပျက်မြင်အောင် ကြည့်ရမှာပါဘုရား)။ ဥပေက္ခာကော....(ဖြစ်ပျက်မြင်အောင်ကြည့်ရမှာပါဘုရား)။

အဲ—ဒါလောက်နဲ့ ပြီးရောလားလို့ ဆိုလို့ရှိရင် ဒါက သစ္စာလမ်းအကုန်မသိသေးဘူး၊(မှန်ပါဘုရား)၊ ဩော်-သစ္စာ ဆိုတာဖြစ်ပျက်လောက်ဘဲ၊ဒါနဲ့အတူနေရတာဘဲဆိုတာသိတယ် ဒါကို မမုန်းသေးဘူး၊ မုန်းရဲ့လား?(မမုန်းပါဘုရား)။

ဒါဖြင့်-သစ္စာတရား ဘာလုပ်ရအုံးမယ်....(မုန်းအောင်ရှုရမယ်ဘုရား)။မုန်းအောင်ရှုအုံးဗျ၊ သဘောကျပြီလား?(မှန်လှပါဘုရား)။ ဒီ-ဖြစ်ပျက်ကို ဘာလုပ်ရမယ်....(မုန်းအောင်ရှုရမယ်ဘုရား)၊ မုန်းအောင်ကြည့်၊ နှစ်-နံပါတ်နော်....(မှန်ပါဘုရား)။ ဒါ-အလုပ်သမားတွေမှာဖြင့်-လုပ်မဖြစ်တဲ့အလုပ်(မှန်ပါဘုရား) ပဌမ,ဖြစ်ပျက်မြင်အောင်ကြည့်တာက တစ်နံပါတ်၊ မလုပ်မဖြစ်တဲ့ အလုပ် မုန်းအောင်ကြည့်တာက နှစ် နံပါတ်၊ နှစ်-နံပါတ်က မလုပ်မဖြစ်တဲ့အလုပ်....(မှန်ပါဘုရား)။

ကဲ—တခါတက်ပါအုံး၊ ဒကာ-ဒကာမတွေ ဘယ်လိုကြည့်ရမတုံး၊ (ဆုံးအောင်ကြည့်ရမှာပါဘုရား)။ ဆုံးအောင်ကြည့်ဆိုတာ သူတို့ကိုပျောက်အောင်ကြည့်ရမယ်၊ သဘောကျပြီလား?၊ (တင်ပါဘုရား)။ သူတို့ဆုံးအောင်ကြည့်ဆိုတော့ သူတို့ဆုံးလို့

ရှိရင်ဖြင့် ဦးဘကြည်, ဘာလာမယ်ထင်တုံး၊(အသခ်တပါဘုရား) သခ်တအဆုံးမှာ ဘာရှိလဲ၊ (အသခ်တပါဘုရား)။

ဩြော်-သခ်တအဆုံးမှာ အသခ်တရှိတော့ ဆုံးအောင်ကြည့် နေတဲ့ပုဂ္ဂိုလ်ကကြည့်လိုက်တဲ့အခါ ဆုံးလဲသွားပါရော အသခ်တ ဓာတ် နိဗ္ဗာန်မြတ်ဟာ ဒီနေရာ အစားထိုးပေါ်လာတာဘဲ၊ မပေါ်ပေဘူးလား? (ပေါ်ပါတယ်ဘုရား)၊ ထိုကဲ့သို့ ပေါ်တဲ့ အခါ ကြလို့ရှိရင် ဒကာ-ဒကာမတို့ အာရုံပြုသော အားဖြင့် ရောက်ပြီလို့မှတ်ပါ၊ ရှင်းပြီလား?(မှန်ပါဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတို့ အာရုံပြုသောအားဖြင့် ရောက် သော အသခ်တသည် ဥပထမ္ဘက စသော အကြောင်းအမျိုးမျိုး တို့ အဖန်ဖန်ပြုပြင်ခြင်းမရှိသဖြင့် အကြောင်းကင်းသောတရား၊ (မှန်ပါဘုရား)။

အေး—ဒါကြောင့် အသခ်တဌော အဖန်ဖန် ပြုပြင်ရခြင်း အကြောင်းကင်းသော တရားသည်ရှင်း၊ (ဝါ) အသခ်တဌော အကြောင်းကြောင်းစု တခုခုမျှ မပြုအပ်လျှင် အကြောင်းကင်း သော အနက်သဘောသည်ရှင်းဆိုတာ သူဘဲ၊ သဘောပါကြပြီ လား? (မှန်ပါဘုရား)၊ အသခ်တဌော ကြေနပ်ကြပြီလား?၊ (မှန်ပါ ဘုရား)။ ကဲ—ဒါဖြင့် တော်ကြစို့....။

( သာဓု....သာဓု....သာဓု )

အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်မှ

## "အမတဓမ္မော"

ဒကာ-ဒကာမတို့ ဒီနေ့ နိဗ္ဗာန်ကိုဆက်ပြီးပြောရမယ်။နိဗ္ဗာန်ရဲ့ အချက်ဟာ ဒီနေ့မှ လေးချက်စေ့မယ်။ ဒီနေ့ ဟောရမှာက အမတဓမ္မောလို့မှတ်ရမယ်။ ပါဠိလိုက အမတဓမ္မော၊ မြန်မာလိုကျတော့ မအိုမသေ အမြဲနေရတဲ့သဘော။ ဩော်-နိဗ္ဗာန်ဆိုတာ ဒီ-မအိုမသေ အမြဲနေတဲ့သဘောကို ဆိုတာဘဲလို့ ဒကာ-ဒကာမတွေက မှတ်ထားရမယ်။ နိဗ္ဗာန်ဆိုတာ ဒီဟာပါဘဲ၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်(မအိုမသေ အမြဲနေတဲ့သဘောပါဘုရား)။

အဲ—မအိုမသေ အမြဲနေတဲ့သဘောကို နိဗ္ဗာန်လို့ မှတ်ထားပါ။ အဲဒီတော့-ဩော် ခုလိုချင်တဲ့နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကြတော့ မအိုချင် မနာချင် မသေချင် မခွဲချင် မကွဲချင်တဲ့နေရာဌာနဘဲ၊နိဗ္ဗာန်ဆိုတဲ့တရားသည်ကားဆိုလို့ ရှိရင်ဖြင့် ဘယ်အခါမှ မအို၊ ဘယ်အခါမှ မနာ၊ ဘယ်အခါမှ မသေ၊ ဘယ်အခါမှ စိုးရိမ် သောက ဗျာပါဒ မရောက်၊ ဘယ်အခါမှ လောဘမီး ဒေါသမီး မောဟမီးတို့မလောင်နိုင်တဲ့နေရာဌာနဘဲ။

ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ဒကာ-ဒကာမတို့ မအို့ မသေ့ အမြဲနေတဲ့ဥစ္စာ နိဗ္ဗာန်လို့ တခါတည်းစွဲစွဲမြဲမြဲမှတ်ထားလိုက်ပါ၊ ဩော်-ဒါဖြင့် ငါတို့သည် ငါတို့နေတဲ့နေရာက ဘာနေရာပါလိမ့်မလဲလို့ မေးရမယ်၊ ငါတို့နေတဲ့နေရာကတော့ အိုလိုက်နာလိုက် သေလိုက်၊ အိုလိုက်နာလိုက်သေလိုက်၊ ဩော်-ဒါ ငါတို့နေတဲ့ နေရာပါလားလို့ မှတ်ထားပါ၊ (မှန်ပါဘုရား)။

ဒကာ-ဒကာမတို့ နေတဲ့ နေရာကတော့ ဘာနေရာပါလိမ့်?၊ (အိုလိုက်နာလိုက်သေလိုက်ပါ ဘုရား)၊ ဩော်-အို့ နာ့ သေ့ နောက်ဘဝရောက်ပြန်တော့လဲ၊ အို့နာ့သေ ဟိုဘက်ဘဝ ကူးလိုက်ပြန်တော့ကော....(အို့နာ့သေပါဘုရား)။ ဩော်-ဒါဖြင့် နိဗ္ဗာန်နဲ့ ဒကာ-ဒကာမတွေနေတဲ့နေရာနဲ့ အတော်ကွာခြားပါလား? (မှန်ပါဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတွေက နိဗ္ဗာန် အကြောင်းကောင်းကောင်း သဘောမကျ၊ နိဗ္ဗာန် သွားကြောင်း လမ်းကောင်းကိုလဲ့ မိမိတို့က မစီခံတတ်ပြီဆိုမှဖြင့် သွားတော့ သွားနေတာဘဲ၊ အိုလမ်း နာလမ်း သေလမ်းသာ ရောက်နေတယ် သဘောကျကြပြီလား?(မှန်ပါဘုရား)။ သွားတော့ သွားနေကြတာဘဲ၊ ဒကာ-ဒကာမတွေ မအိုချင်လို့ ဆေးတွေ ဝါးတွေနဲ့ ကုကြတာဘဲ၊ မနာချင်လို့ ဆေးဝါးတွေရှာကြတာဘဲ။

မသေချင်လို့ ဆရာစန်တွေ ဘာတွေ ကိုးစား အားထားကြတာဘဲ၊ သို့သော်လဲ ကိုယ်ခန္ဓာကြီးက အိုတတ်နာတတ်သေတတ်ဆိုတော့ ဘယ့်နှယ်မှမတတ်နိုင်ဘူး၊ (မှန်ပါဘုရား)၊ ဘယ့်နှယ်မှ မတတ်နိုင်တော့ ဒကာ-ဒကာမတွေသည် အမျိုးမျိုးအဖုံဖုံ

ဘဝတိုင်းဆက်လက်ပြီးသကာလ မအို့ မသေ့ အမြဲနေချင်လို့ စားကြတာဘဲ။ စားပင်စားငြားသော်လဲ စားကြိုးနပ်ကဲ့သား လို့မေးကြည့်....(မနပ်ပါဘုရား)။ စားကြိုးမနပ်ဘဲနဲ့ဘဲ ဆုံး ရှုံးခြင်းသို့ ရောက်ခဲ့ကြရတယ်ဆိုတာက ဧကန်ဖြစ်နေပါတယ်။

အဲဒါကြောင့် ဒကာ-ဒကာမတို့ ဘဝများစွာ သံသရာမှာ မအို့မသေ့အမြဲနေတဲ့နေရာ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ချုပ်တဲ့နေရာ၊ လောဘမီး ဒေါသမီး မောဟမီးတွေ မလောင် နိုင်တဲ့နေရာဟာ နိဗ္ဗာန်လို့ ရှေးဦးစွာမှတ်ထား(မှန်ပါဘုရား)၊ ဩော်-ဆဲ့တမီးတို့ ငြိမ်းတဲ့နေရာဟာ ဘာပါလိမ့်? (နိဗ္ဗာန်ပါ ဘုရား)။

ဆဲ့တမီးငြိမ်းတဲ့နေရာဆိုတာ နိဗ္ဗာန်၊ ဆဲ့တမီးကို သိမြင်လို့ ရှိရင်ဖြင့် အို့နာ့သေဘိုတာက သုံးခုနော်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသက ငါးခု၊ ဒီလိုမနေဘူးလား?၊ (မှန်ပါဘုရား)။ လောဘ ဒေါသ မောဟနဲ့ ပေါင်းလိုက်တော့ ဆဲ့တခု မပြည့်လား။ အဲဒီ ဆဲ့တမီးတို့၏ ငြိမ်းရာသိမ်းရာဌာနကို ဘာခေါ်ကြမလဲ?(နိဗ္ဗာန်ပါဘုရား)။ ပါဠိလိုတော့ အမတ ပေါ့ အမတ-ဆိုတာ မသေတာ....(မှန်ပါဘုရား)။

ဒါဖြင့်-ဒီခန္ဓာကြီးကတော့ ရောက်ရာမှာ သင်းချိုင်း မျက် စောင်း ထိုးနေတဲ့ခန္ဓာကြီးဘဲလို့ ဒကာ-ဒကာမတွေ မှတ်ထား။ ဒါ—ဒကာ-ဒကာမတွေ ခန္ဓာက ဘာပါလိမ့်-? ( သင်းချိုင်း မျက်စောင်းထိုးနေတဲ့ခန္ဓာပါဘုရား)၊ ရောက်ရာ ဌာနမှာနော်။ ရောက်ရာဌာနဆိုတော့ နတ်ပြည်ရောက်လဲသင်းချိုင်းမျက်စောင်း ထိုးနေတယ်၊ ဗြဟ္မာပြည်ရောက်ကော (သင်းချိုင်းမျက်စောင်း ထိုးနေပါတယ်ဘုရား)။

ရောက်ရာဌာနမှာ သူ့အလုပ်ကဖြင့် သင်းချိုင်းမျက်စောင်း ထိုးပြီးသကာလ သင်းချိုင်းသို့သွားနေတဲ့အလုပ်ဘဲ၊ အဲဒီ-ခန္ဓာ ကြီးကို ခင်ဗျားတို့ သူ့အကြောင်း ကောင်းကောင်းသိလို့ရှိရင် ဖြင့် မလိုချင်ပေဘူး။ သူ့အကြောင်း ကောင်းကောင်းမသိလို့ ရှိရင် ဒီ-ခန္ဓာဟာ အသက်တိုတယ်။ ထိုခန္ဓာကတော့ အသက် ရှည်တယ်ဆိုပြီး ပြောင်းပြီးသကာလ, နောက်ခန္ဓာကိုယ်ကိုဘဲ ဆုတောင်းအုံးမှာဘဲ။

ဒါဖြင့်—ခန္ဓာအကြောင်း ကောင်းကောင်း မသိလို့ရှိရင် နိဗ္ဗာန် မလိုချင်ဘူးပေါ့....(မှန်ပါ ဘုရား)။ ခန္ဓာ အကြောင်း ကောင်းကောင်းသိရင် နိဗ္ဗာန်လိုချင်တယ်။ ဒါကြောင့် ဘုရားက အမတဌ္ဌောလို့ ဟောလိုက်တယ်။ ခန္ဓာကို အမတဌ္ဌော-မအို မသေ အမြဲနေတယ်။ ဆဲ့တမီးငြိမ်းတာဟာ နိဗ္ဗာန်လို့၊ မသေရာ ဌာနလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ် ခင်ဗျားတို့ခန္ဓာကိုယ်အကြောင်း ခင်ဗျားတို့သိလာမှ နိဗ္ဗာန်ကို လိုချင်ကြမှာဘဲ။

ကိုယ့်ခန္ဓာအကြောင်း အရုပ်ဆိုး အကျည်းတန်တာတွေကို ကျကျနနသိမှ ခင်ဗျားတို့သည် နိဗ္ဗာန်ကို လိုချင်ကြမှာဘဲ။ နို့မဟုတ်ရင်လိုချင်ကြပါ့မလား (မလိုချင်ကြပါဘုရား)။ ဒါဖြင့် ပဋိသမ္ဘိဒါမဂ် တကကထာဆရာက—" ဝိသဝိသဘာဂတဒုက္ခဒဿနေန အမတဌ္ဌော"။ ဝိသဝိသဘာဂတဒုက္ခဒဿနေန၊ အဆိပ်ဖြစ်တဲ့ ခန္ဓာ ငါးပါးကြီး, အဆိပ်ပြည့်နေတဲ့ ခန္ဓာငါးပါးကြီးကို မြင်သဖြင့်။ အမတဌ္ဌော၊ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်သည်။ ပါပုဘာဝတိ၊ သတ္တဝါတို့ ကြိုက်လုံးဝင်လာ၏၊ ဆန္ဒပြင်းပြလာ၏။

ကိုယ့်ခန္ဓာကိုယ်ကြီးက အဆိပ်ပင်ကြီး အဆိပ်မျိုးစေ့တွေနဲ့ ရောက်ရာဌာနမှာ သူ့အဆိပ်နဲ့ သူသေတယ်လို့ဆိုတာသိမှ အမတဌာနဆိုတာ မသေရာကိုကြိုက်မယ်။ ဒါဖြင့်-ဒီခန္ဓာကြီးက ရောက်ရာမှာ သူများမသတ်လဲသေတာ၊ သူများသတ်လဲသေတာ၊ ဒါဖြင့်-သူကိုယ်တိုင်က သူ့အဆိပ်နဲ့ သူသေဘတ်တဲ့ အပင်မျိုးဘဲ မဆိုနိုင်ဘူးလား?၊(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့်-ဒီခန္ဓာကြီးသည် ဘယ်လို ခန္ဓာကြီးပါလိမ့်မလဲလို့ ယနေ့-မေးလို့ရှိရင်ဖြင့် ဒကာ-ဒကာမတို့ ဝိသဝိသဘူတဒုက္ခဒဿနေန-အဆိပ်ဖြစ်သော ဒုက္ခသစ္စာကြီးဘဲ၊ ဩော်-ဒါ အဆိပ်ပင်ကြီးဘဲ၊ သူက-ဆက်လက်ပေါက်ပွားလို့ရှိရင်လဲ အဆိပ်ပင်တွေ ပေါက်ပွားပြီး သူ့အပင် သူသတ်တဲ့ အဆိပ်မျိုးစေ့တွေဘဲလို့ မဆိုနိုင်ကြဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့-ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်သည် ကိုယ့်အဆိပ်နဲ့ ကိုယ် သေရပါလို၏ သဘောကျပြီလား?(မှန်ပါဘုရား)။ ခန္ဓာ ဆုတောင်းတဲ့ပုဂ္ဂိုလ်ဟာ ဘာပါလိမ့်....(ကိုယ့်အဆိပ်နဲ့ ကိုယ် သေရပါလို၏ဘုရား)။ ဩော်-ဒုက္ခသစ္စာဆိုတာက ဦးဘကြည်တို့ ဦးခင်မောင်တို့ မှတ်ရမှာက သူကိုယ်တိုင်က အို၊နာ၊သေ ယူတာဗျ....(မှန်ပါဘုရား)၊ ဘယ်သူကယူတာတုံး (သူကိုယ်တိုင်က ယူလာတာပါဘုရား)၊ခန္ဓာကြီးက ယူလာတာ....(မှန်ပါ)။

ဒကာ-ဒကာမတို့၊ အိုတယ်၊နာတယ်၊သေတယ်ဆိုတာက သူများ ယူလာတာလား၊ ဒီခန္ဓာက ယူဆောင်လာတာလား?၊ (ဒီခန္ဓာက ယူဆောင်လာတာပါဘုရား)၊ခန္ဓာထဲမှာအအိုပါတာ ခန္ဓာထဲမှာ အနာပါတာ၊ ဒီတော့-ခန္ဓာထဲက သေပန်းပွင့်လာ

တယ်ဆိုရင်လဲ ငြင်းစရာလိုသေးသလား? (မလိုပါဘူးဘုရား)။ ဒါဖြင့် - ဒါ အဆိပ်ပွင့်ကြီးပေါ့၊ သူ့အဆိပ်နဲ့ သူ သေရမှာပေါ့၊ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့်—ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီးသည် ဘယ်အခါ ကာလမှ ဆုတောင်းမပြည့်တဲ့ ခန္ဓာကြီးလို့ မှတ်လိုက်ပါ၊ မအို ရပါစေနဲ့၊ မနာရပါစေနဲ့၊ မသေရပါစေနဲ့။ ဒီခန္ဓာကြီးနဲ့ ဆို လို့ရှိရင် မရပါဘူး၊ သူယူလာတာကြီးနဲ့ သူ-သေရမှာဘဲဆိုတဲ့ ဥစ္စာ သဘောကျကြပြီလား?(ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီ-ခန္ဓာကြီး ရတဲ့ပုဂ္ဂိုလ်အပေါင်းသည် ဘာတွေယူ လာသတုံးဆို သူ့သတ်စေဘတ်တဲ့အဆိပ်နဲ့ တူဘဲ့အို့နာ့သေတွေ သူဘဲယူဆောင်လာသောကြောင့် ဘယ်သူ့ယက်ချက် ဘယ်သူ့ လက်နက်မှ မသေရပြဲသော်လဲ သူ-ယူဆောင်လာတဲ့ အဆိပ် လက်နက် သုံးခုနဲ့ သူ့အသက်ထွက်ရလိမ့်မယ်ဆိုတာ မှတ်ထား လိုက်စမ်းပါ၊ သဘောကျကြပါလား? ( သဘောကျပါတယ် ဘုရား)။

သူ-ယူဆောင်လာတဲ့ လက်နက်က အို့နာ့သေ ပါလာတယ်၊ (မှန်လှပါဘုရား)၊အဲဒီ လက်နက်သုံးခုနဲ့ဘဲ ဘယ်သူမှမသတ်နဲ့ သေရမှာဘဲ....(မှန်လှပါ)၊ ဘာပြုလို့တုံးဆိုတော့ သူက အဆိပ် ပင်ကြီးကိုးဗျ၊ ခန္ဓာငါးပါး အဆိပ်ပင်ကြီး သူ-ယူဆောင်လာ တာက အဆိပ်တွေဟုတ်လား?(မှန်လှပါ ဘုရား)။

အဲဒီတော့ ဒီ-အဆိပ်တွေကြီးပွားပြီး ဒီအပင်ကြီးပြန့်နှံ့လျက် ဒီအပင်ကြီးဘဲ သေရတယ်၊ ပေါက်တုံးက ယူလာတယ်။ နောက် ကျလို့ရှိရင်ဖြင့် ဒီအပင်ကြီးသည် အိုဘို့ရာလဲ သူ့အဆိပ်နဲ့ သူ၊

နာဘို့ရာလဲ သူ့အဆိပ်နဲ့သူ၊ သေဘို့ရာကော....(သူ့အဆိပ်နဲ့ သူပါ ဘုရား)။

သူ့အဆိပ်နဲ့သူ ဆိုသဖြင့်၊ဒကာ-ဒကာမတို့ ဒီခန္ဓာကြီးရတဲ့ ပုဂ္ဂိုလ်အပေါင်းဟာဖြင့် ဘယ်နည်းနဲ့မှ ချမ်းသာလိမ့်မယ်မဟုတ် ပါဘူး၊ ဆင်းရဲတွင်းမှာ အိုပွဲ့နာပွဲ့သေပွဲနဲ့ဘဲ ဇာတ်သိမ်းရမယ် ဆိုတာဟာ ဒီခန္ဓာကြီး ပင်ကိုယ်သဘောလို့ မှတ်ထားပါ၊ ရှင်း ပြီလား? (ရှင်းပါပြီဘုရား)၊ ဒီခန္ဓာကြီး ပင်ကိုယ်သဘောက ဘာပါလိမ့်....(အို့၊နာ့၊သေပါဘုရား)။ အိုရ၊နာရ၊သေရမဲ့ဇာတ် လမ်း ခင်းဘို့ရလာတာဘဲ။

ဒကာ-ဒကာမတို့ ဒီခန္ဓာကြီး ရလာတာ အိုပွဲ့ နာပွဲ့ သေပွဲ ဖြစ်ဘို့ရလာတာ၊ ရှင်းကြပြီလား? (ရှင်းပါပြီဘုရား)။ ဒီခန္ဓာ ငါးပါးကြီး ရလာတာ ဘာလုပ်ဘို့ရလာတာလဲ....(အိုပွဲ့၊နာပွဲ့၊ သေပွဲလုပ်ဘို့ ရလာတာပါဘုရား )။ ခင်ဗျားတို့ ခန္ဓာကြီးကို တောင်ခေါင်းထဲ ထားကြည့်ပါ၊ ရေထဲမှာငုတ်နေပါ၊မိုးပေါ်မှာ ပျံနေပါ၊ ရွှေအိမ် ရွှေနန်းနဲ့ ထားကြည့်ပါ။ ဒီ ခန္ဓာငါးပါး အဆိပ်ပင်ကြီးဟာ အဆိပ်က သူ့အပင်ထဲမှာ နေတော့ သူ့ အဆိပ်နဲ့သူသေရတာ၊နေရာရွေးသေးလား? (မရွေးပါဘုရား)။ ဒါဖြင့်—ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးဆိုတာ သဘောကျပြီလား?၊ (မှန်လှပါ ဘုရား)။

ဒုက္ခသစ္စာမှ သာမညဒုက္ခသစ္စာလို့ မအောင့်မေ့လိုက်ပါနဲ့၊ သူ-ယူလာတဲ့ အဆိပ်နဲ့ သူအသက်ထွက်ရတဲ့ဒုက္ခသစ္စာ၊ ရှင်းကြ ပြီလား?(ရှင်းပါပြီဘုရား)၊ ဒီခန္ဓာကြီးသည်ကားလို့ဆိုရင်ဖြင့် အလိုလိုသေရတာလား၊သူယူလာတဲ့အဆိပ်နဲ့ သူဝိညာဉ်ချုပ်ပြီး

သူအသက်ထွက်ရတာလား? (သူယူလာတဲ့အဆိပ်နဲ့ သူ့ဝိညာဉ် ချုပ်ပြီး သူအသက်ထွက်ရတာပါဘုရား)။

ဪ-ဒါဖြင့် ဒကာ-ဒကာမတို့ သန်တဗ္ဗောဆိုတာကြီးဟာ ပြန်ပေါ်လာတယ်၊ (မှန်ပါဘုရား) ပြန်ပေါ်လာတယ်။ ခန္ဓာ၏ သဘောကို ယနေ့-ကောင်းကောင်းသိရမယ်။ ခန္ဓာ၏သဘော ကောင်းကောင်း သိတဲ့အခါကြတော့မှ၊ ဪ-ဘယ်ခန္ဓာဖြစ်ရ တော်လေရဲ့လို့ ဆိုလို့ရှိရင်ဖြင့် ဒီအဆိပ်သုံးခု မလွတ်ပါဘူး၊ သဘောကျကြပြီလား?(မှန်ပါဘုရား)။

ဘယ်ခန္ဓာဖြစ်ရင် တော်သေးရဲ့ဆိုတာကော ခင်ဗျားတို့ ပြောချင်သေးလား၊ဘယ်ခန္ဓာဖြစ်ရင် တော်သေးရဲ့ဆိုတာကော ခင်ဗျားတို့ ပြောစရာလိုသေးလား?(မလိုပါဘုရား)။ ဒီ အဆိပ် သုံးခုက ဘယ်နှယ်နေသတုံး (မလွတ်ပါဘုရား) မလွတ်ဘူးတဲ့။ ဆဲ့တမီးလောင်မှုကကော....(မလွတ်ပါဘုရား)။

ဒကာ-ဒကာမတို့ ချမ်းသာချင်လို့ တရားနာကြသော်လဲ ခန္ဓာရအောင်ဟောတဲ့ ဆရာသမားနဲ့တွေ့မယ်ဆိုရင်ဖြင့် ဒီအဖန် ဖန် သေဘို့ကောင်းတာဘဲလို့ဆိုကြစို့၊အဓိပ္ပါယ်က ဒီ-မရောက် ဘူးလား?(ရောက်ပါတယ်ဘုရား)၊ အဓိပ္ပါယ်က ဒီရောက်နေ တော့ အဖြစ်ကလဲ ဒီအတိုင်းဖြစ်ရမှာဘဲ။ ဒါဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းမလား ဒုက္ခခပ်သိမ်းသည်ဆက်မလား(ဆက်မှာပါဘုရား)။

အင်း—ဒါဖြင့် တရားနာတာလဲ ဦးဘကြည့်ရွေးချလိမ့်မယ်။ ဒကာ-ဒကာမတို့ အခုပြောတာ ဘာတဲ့တုံး (တရားနာရွေးရမှာ ပါဘုရား)၊ မရွေးရင် ခင်ဗျားတို့ကလဲ ဘာမှအခံမရှိတော့ သူများဟောကြား ညွှန်ပြဆုံးမတဲ့ ပါးစပ်တွင် လမ်းဆုံးတော့

သုတ္တန်နည်းနဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ အကြိမ်ကြိမ်ခံစား၍ ဆိုလို့ရှိရင်ဖြင့် ကိုယ့်အဆိပ်နဲ့ ကိုယ် အဖန်ဖန်သေ၍ ဆိုတဲ့ အဓိပ္ပါယ်က အသေအချာပါသွားမယ်၊ မပါဘူးလား?(ပါ့ပါ တယ်ဘုရား)။

အဲဒီတော့ ကိုယ်ကမှမချိန်တတ်လို့ရှိရင်ဖြင့် သစ္စာသိအောင် လုပ်ထား၊ ရှင်းပြီလား? (မှန်လှပါဘုရား)၊ ကိုယ်က မချိန်တတ် ရင် ဘာ·သိအောင်လုပ်ထားရမလဲ? (သစ္စာသိအောင်လုပ်ထား ရမယ်ဘုရား)။ သစ္စာသိထားတော့ ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ? (ဒုက္ခသစ္စာပါဘုရား) ဟုတ်တယ်။ ဒုက္ခသစ္စာ သူ့မှာ အိုနာသေက ပါနေတယ်၊(မှန်ပါဘုရား)။ပါနေတော့ သူ-ဒုက္ခမရောက်မှာနဲ့ ရောက်မှာနဲ့ ဘယ်ဟာက သေချာသလဲ၊ (ရောက်မှာက သေချာပါတယ်ဘုရား)။

ဟာ—ဒါဖြင့် ဒီခန္ဓာကြီးရလို့ရှိရင် ဒီဒုက္ခပါတဲ့အတွက် ခန္ဓာ ရတဲ့တရားဟာ သံသရာရှည်မယ်တဲ့၊(မှန်ပါဘုရား)၊ ယခုဘဝမှာ ဆဲ့တမီးငြိမ်း၍ ရုပ်သိမ်းတဲ့တရားမှသာလျှင် ခင်ဗျားတို့၏ ဒုက္ခ ခပ်သိမ်း ငြိမ်းတဲ့တရား(မှန်လှပါဘုရား)၊ ခန္ဓာရထားတဲ့ တရား ကတော့ဖြင့် ခင်ဗျားတို့၏ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့တရား....(မှန်လှ ပါ ဘုရား)။ခန္ဓာရတဲ့တရားကတော့ဖြင့် ခင်ဗျားတို့ကို အဖန်ဖန် သေစေချင်လို့ ဟိုကစေတနာမပါငြားသော်လဲ ခင်ဗျားတို့က လိုက်ပြီးသကာလ, သဘောကျနေရင်ဖြင့် တခါသေရတာ အား မရလို့ အဖန်ဖန်သေချင်လို့ဘဲဆိုတဲ့အဓိပ္ပါယ် ရောက်နေတယ်၊ မရောက်ဘူးလား? (ရောက်ပါတယ်ဘုရား)၊ ဒါ-မှန်မှန်ကန်ကန် ပြောတော့ ဒီရောက်တယ်၊ (မှန်ပါ ဘုရား)။

ဒါကြောင့် တရားနာတတ်အောင် ဘာ-အရင်သိမှုအရေး ကြီးသတုံးဆိုတာကော....(သစ္စာပါဘုရား)၊ သစ္စာမှာလဲ ဘယ် သစ္စာအရေးကြီးသတုံး၊ (ဒုက္ခသစ္စာ အရေးကြီးပါတယ်ဘုရား)၊ အခု-တရားနာနေတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါဘုရား)။

ဒုက္ခသစ္စာဆိုတာ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ။ ဆင်းရဲတာအမှန်သဘောကျပါလား?(ကျပါတယ်ဘုရား)၊ သူ့ ရတဲ့ပုဂ္ဂိုလ်ဟာဖြင့် မဆင်းရဲတဲ့ပုဂ္ဂိုလ် ရှိကြရဲ့လား? (မရှိပါ ဘုရား)။

ဒါဖြင့် တော်တော်ကြာ အိုရပြန်ပြီ,နာရပြန်ပြီ,သေရပြန်ပြီ၊ နောက်တခါရပြန်တော့ကော....(အိုရ, နာရ, သေရပြန်ပါတယ် ဘုရား)။ အိုရ,နာရ,သေရဘဲ။နောက် ဘဝများစွာ အကြိမ်ကြိမ် ရပြန်တော့ကော....(အိုရ,နာရ,သေရ မှာပါဘုရား)။

အံမာ-ဒါများ ခင်ဗျားတို့သက်သက်စုံလုံးကန်းမို့ကြိုက်တာ မဟုတ်ဘူးလား? (မှန်လှပါဘုရား)၊ စုံလုံးကန်းမဟုတ်ရင်တော့ မကြိုက်ဘူး၊ခင်ဗျားတို့ကစုံလုံးကန်းဆိုတော့ ဘုန်းကြီးပြောတာ ကြမ်းလိုက်တာ၊အင်း-ဆရာသမားနဲ့မို့သာ တပည့်တော်တို့ နား ထောင်နေရတယ်လို့ မပြောပါနဲ့၊ ခင်ဗျားတို့ စုံလုံးကန်းဆိုတာ တကယ်စစ်ပါတယ်၊ (တင်ပါဘုရား)။

ဘယ်လိုစစ်တုံး မသာပို့လိုက်ရတာက အိုရ,နာရ,သေရတာ တွေဟာ ကိုယ့်အမျိုးတွေကော မများလှဘူးလား? (များပါ တယ်ဘုရား)။ ကိုယ်မိတ်ဆွေကော(များပါတယ်ဘုရား)၊ဩ-ခန္ဓာရလို့ အိုရ,နာရ,သေရတာကိုဗျ၊သဘောကျပြီလား(မှန်ပါ

ဘုရား)။ ဒီဘဝသေရပြီး, နောက်ဘဝကို ဆုံတောင်းပြန်တော့ ဗြိ-အိုတာ,နာတာ,သေတာတွေကို ခင်ဗျားတို့ မမြင်တဲ့အခိုပ္ပါယ် ရောက်တယ်၊ (မှန်ပါဘုရား)။

နောက်-ခန္ဓာရရင်လဲ ဒီလို အိုမယ်, နာမယ်, သေမယ်၊ ဒီလို သုသာန်ပို့ရမယ်ဆိုတာကိုလဲ ခင်ဗျားတို့ နောက်ကိုလဲမမြင်ဘူး၊ အခု-ရှေ့ကိုလဲ မမြင်ဘူး၊ ရှေ့ကိုလဲမမြင်ဘူး၊ နောက်ကိုဖြစ်မှာ ကော....(မမြင်ပါဘုရား)။

ဒါဖြင့် နှစ်လုံးႏုလုံး ကန်းတယ်၊ (တင်ပါဘုရား)၊ အခုမမြင် တာက တလုံး....(မှန်ပါဘုရား)၊ နောက်-လာလတံ့မမြင်တာက တလုံး။ အဲဒီတော့ ခင်ဗျားတို့ ဘယ်နှယ် ဘုန်းကြီးပြောတာက ဘဲ စကားကြီးသလား၊ ကိုယ်မမြင်တာက ပိုနေသလားဆိုတာ တွေးပါအုံး၊ (တပည့်တော်တို့မမြင်တာက ပိုနေပါတယ်ဘုရား)၊ ရိပ်မိပြီလား? (မှန်ပါ ဘုရား)။

ဒကာ-ဒကာမတို့ ခင်ဗျားတို့မမြင်တာက မပိုဘူးသလား?၊ (ပိုပါတယ်ဘုရား)၊ ဘာကြောင့် ပိုသတုံးဆိုတော့ ခင်ဗျားတို့က လဲ ဈေးဝယ်သလိုအဆစ်ကြိုက်ႏေတွဖြစ်နေတယ်(တင်ပါဘုရား) အကြိမ်ကြိမ်ဆိုတော့အဆစ်ထည့်တာကြိုက်တယ်(မှန်ပါဘုရား) အဲဒါအညာက အကြိမ်ကြိမ်သေတာမပ္ပါဘူးလား?(ပါ,ပါတယ် ဘုရား)။

ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဈေးဝယ် သလို အဆစ်ကြိုက်ပြီးသကာလ နေတော့ အကြိမ်ကြိမ်သေရရင်ဘဲ ခင်ဗျားတို့က ကြေနပ်တဲ့အခိပ္ပါယ် ရောက်ပြီးသကာလနေတော့ သေလို့ဘဲ မဝနိုင်တဲ့အခိပ္ပါယ်မျိုး မရောက်ဘူးလား? (ရောက် ပါတယ်ဘုရား)။

ဒါဖြင့်-ခင်ဗျားတို့ စုံလုံးကန်း ဆိုတာ ကြေနပ်ပြီလား?၊ (ကြေနပ်ပါတယ်ဘုရား)ဘယ့်နှယ်ကြောင့် စုံလုံးကန်း (အခုလဲ မမြင်၊ နောက်လဲမမြင်လို့ပါဘုရား)၊ အခုလဲ ခန္ဓာရလို့ သေနေတာတွေကို မမြင်ပါဘူး နောက် - ခန္ဓာရရင်လဲ သေလိမ့်အုံးမယ်ဆိုတဲ့သဘောကို ခင်ဗျားတို့လဲ မမြင်ဘူး....(မှန်ပါဘုရား)။ မမြင်လို့ ဆုတောင်းယူခဲ့တာပေါ့ဗျာ....(မှန်ပါဘုရား) ဒါဖြင့် ခု-ဆွေတွေ မျိုးတွေ သေကြသလို၊ ကိုယ်လဲ နောက်ထပ်လိုက်ပြီး သေရမှာ၊ သဘောကျပြီလား? (မှန်လှပါ ဘုရား)။ နောင်-ဆုတောင်းထားတာတွေကလဲ သေမှာတွေ။

ဒါဖြင့်-အခုလဲ သေပါရစေဘုရား၊နောက်လဲ သေပါရစေအုံး ဘုရားဆိုတာနဲ့ ခင်ဗျားတို့ ဆုတောင်းနေတာနဲ့ တကိုက်တည်းဘဲ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား) ဒါ-တရားကြမ်းတာလား၊ ခင်ဗျားတို့ ဖြစ်စဉ်ကိုက်သားလို့ တွေးအုံး၊ (ဖြစ်စဉ်ကိုက်ပါဘုရား)။ ဖြစ်စဉ်ကိုက်ဗျ။ ဖြစ်စဉ်ကိုက်ပါ။

အဲဒီတော့ ခင်ဗျားတို့သည် ဒါ-ဘယ့်နှယ်ကြောင့် ဖြစ်စဉ်ကိုက်၊ ခင်ဗျားတို့အကြိုက်လဲ့နေပါလိမ့်မတုံးမေးတော့၊ ခြောက်-ခန္ဓာကိုယ်ကြီးထဲမှာ အဆိပ်ပါတာမသိလို့၊ ဒုက္ခရောက်မှာလဲ မသိလို့ ကြိုက်တာဆိုတာ ဒုက္ခသစ္စာမသိတာ၊ ပေါ်ပြီလား?၊ (ပေါ်ပါပြီဘုရား)၊ ဘာ-မသိတာပါလိမ့်....(ဒုက္ခသစ္စာမသိတာပါ ဘုရား)။

အံမယ်လေး—ဒုက္ခသစ္စာကြီးလွယ်ထားပြီးတော့ ဒုက္ခသစ္စာမသိတာက အတော်ဆိုးတယ်၊ (မှန်ပါဘုရား)။ဒုက္ခသစ္စာကြီးကို ချထားခဲ့လို့ ခင်ဗျားတို့ဖြစ်ကြရဲ့လား? (မဖြစ်ပါဘုရား)။ ဟို

အိမ်က ဒီအိမ်ကူးတော့ ဘာနဲ့သွားကြတုံး....(ဒုက္ခသစ္စာနဲ့ပါဘုရား)၊ အင်း-ဒီတရား နာလာတော့ကော....(ဒုက္ခသစ္စာနဲ့ပါဘုရား)။ ပြန်တော့ကော....(ဒုက္ခသစ္စာနဲ့ပါဘုရား) ဒါ-မသိဘူးတဲ့ဗျာ....(မှန်ပါဘုရား)။ ခက်လိုက်တာ၊ ဒါ-အတူနေလို့ထင်ပါရဲ့၊ ရိပ်မိပြီလား?(မှန်ပါဘုရား)။ ဘယ့်နှယ်ကြောင့်မသိတာပါလိမ့်....(အတူနေလို့ပါဘုရား)၊ အတူနေလို့....။

ဒါဖြင့်-ကြောင်တောင်ကန်းပေါ့ဗျာ၊ သဘောကျပြီလား?၊ (မှန်ပါ ဘုရား)၊ ဆိုးလွန်းလို့ပြောတာပါ၊ (မှန်ပါ)၊ခင်ဗျားတို့ဖြစ်စဉ်ကိုက် ဆိုးလွန်းလို့ပြောတာပါ၊ အဲဒီတော့-အမတဓာတ်ဆိုတဲ့ဥစ္စာ မအို့မသေ့အမြဲနေတာ ဟောရတော့မယ်ဆိုတော့ ခင်ဗျားတို့ အိုနာသေကို မြင်အောင်ပြပြီးမှ ဟိုဟာ သဘောကျမယ် နို့မို့ ကျပါ့မလား?(မကျပါဘုရား)။ မအို မသေ အမြဲနေတာက နိဗ္ဗာန်။ အိုနာသေတတ်တာက ခန္ဓာ၊ သဘောကျပြီလား?(မှန်ပါဘုရား)။ အိုနာသေက ခန္ဓာ၊ မအိုမသေ အမြဲနေတာက နိဗ္ဗာန်။ နိဗ္ဗာန်နဲ့ခန္ဓာနဲ့က နံနဲမှသိလို့မရဘူး၊ ကပ်လို့လဲ မရဘူး၊ယှဉ်လို့ကော(မရပါဘုရား) ဘာကွာနေတုံး (အိုနာသေနဲ့ မအိုမနာမသေပါဘုရား)။ ဒါလောက်ကွာနေတယ်၊ သဘောကျကြပြီလား?(ကျပါ တယ်ဘုရား)။

ခင်ဗျားတို့မှာ ခန္ဓာငါးပါးရှိတယ်၊ ဒါ-ခန္ဓာငါးပါး ထားလိုက်ပါတော့၊ ရုပ်ဘက်ကြည့်လိုက်ပြန်တော့ ဇာတိ ဇရာ မရဏပါတယ်။ နာမ်ဘက်လေးပါးကြည့်လိုက်ပြန်တော့ ဇာတိ ဇရာ, မရဏပါတယ်။ သူတို့အထည်ကြီးကိုက သူတို့သတ်မဲ့ကိစ္စ ပါလာတယ်။ မပါဘူးလား? (ပါပါတယ်ဘုရား)၊ ခန္ဓာငါးပါးကို

ဖျက်ဆီးဘို့ကိစ္စသုံးခု၊ တခုခုမှာ သုံးခု-သုံးခုယှဉ်လာတယ်။ အို့နှာ သေ သုံးခု ယှဉ်မလာဘူးလား? (လာပါတယ်ဘုရား)၊ အဲဒါက ဓမ္မတာသဘောလို့ ဒကာ-ဒကာမတွေက မှတ်ပါနော်၊ ခန္ဓာ ငါးပါးက ဘာတုံး (ဒုက္ခသစ္စာပါ ဘုရား)။

အဲ—သူယှဉ်လာတဲ့ ဇာတိ ဇရာ မရဏက ပိဠနဋ္ဌသဘောနဲ့ နှိပ်စက်တယ်၊ သဘောကျပြီလား?(မှန်လှပါဘုရား)၊ ခန္ဓာငါး ပါးက ဒုက္ခသစ္စာနော်။ အနှိပ်စက်ခံတဲ့ ဒုက္ခသစ္စာ သူယှဉ်လာတဲ့ ဇာတိ ဇရာ မရဏက နှိပ်စက်တတ်သောကြောင့် သူကလဲ ဒုက္ခ သစ္စာ....(မှန်ပါဘုရား)။ ဒုက္ခသစ္စာ နှစ်ခုပေါင်းနေတာ (မှန်ပါ ဘုရား)။ နှိပ်စက်ခံမဲ့တရားနဲ့ နှိပ်စက်တတ်တဲ့တရား တွဲနေတယ်၊ သဘောကျကြပြီလား၊(မှန်ပါဘုရား)၊ခန္ဓာငါးပါးကအနှိပ်စက် ခံမဲ့တရား။

ဇာတိ ဇရာ မရဏက နှိပ်စက်မဲ့တရား ခွဲလို့ကောရရဲ့လား၊ (မရပါ ဘုရား)၊ ခွဲလို့လဲ မရဘူးဆိုသဖြင့်၊ ဩြော်-ဒီအကျိုးဖြစ် နေရတာကိုပင်လျှင် ခင်ဗျားတို့ ဒုက္ခသစ္စာလို့မသိသေးလို့ ရှိရင် ဒီလိုဘဲ ဟဲ့စပ်တဲ့ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ စကြဝတေး ခန္ဓာ၊ ဗြဟ္မာကြီးခန္ဓာ ဖြစ်ရပါလို၏ဆိုတော့ ဒါ-နှိပ်စက်ခံရတဲ့တရား ကိုလဲ မသိ၊ ဦးဘကြည်၊ နှိပ်စက်တတ်တဲ့တရားကိုကော (မသိပါ ဘုရား)။ ဟာ-မသိဒါကလဲ လွန်နေပြီ၊ (တင်ပါဘုရား)၊ ကိုယ် သေတာ ကိုယ်မသိ....(မှန်ပါဘုရား)၊ ဘာမသိတာလဲ....(ကိုယ် သေတာ ကိုယ်မသိတာပါဘုရား)။

ကိုယ်သေတာ ကိုယ်မသိဘူး၊ ဆုတောင်းလိုက်ပြန်တော့လဲ သေအပ်တဲ့ခန္ဓာနဲ့ သေတတ်တဲ့ ဇာတိ ဇရာ မရဏတွဲပြီးသကာလ

အကျိုးပေးရပါလို၏ လို့ ခင်ဗျားတို့ ဆုတောင်းတဲ့အခါတိုင်း ဒါတွေပါတယ်၊ (မှန်လှပါဘုရား)၊ သေသေချာချာ ဉာဏ်နား နဲ့ ထောင်မှ ဒီဥစ္စာပါလာမှန်းသိတယ်၊ (မှန်ပါဘုရား)၊ ဉာဏ်နားနဲ့ မထောင်နိုင်သေးလို့ရှိရင်ဖြင့် သာမန်မသိဘူး။ ဉာဏ်နားနဲ့ထောင်ကြည့်လိုက်လို့ရှိရင်ဖြင့်ရုပက္ခန္ဓာကလဲ အို့နာ့သေ ပါတယ်၊(မှန်ပါဘုရား)။ဇာတိ့ဇရာ့မရဏကော....(ပါ့ပါတယ် ဘုရား)။နာမက္ခန္ဓာလေးပါးကော....(ပါ့ပါတယ်ဘုရား)၊ဇာတိ ဇရာ့မရဏကော....(ပါ့ပါတယ်ဘုရား)။ ဇာတိ့ ဇရာ့ မရဏ ပါတာချည်းဘဲ။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာငါးပါးဖြစ်ရပါလို၏ ဆိုတော့ ကျုပ်တို့ သုံးခုလဲအပြည့်အစုံပါတယ်လို့ ပြောမှာဘဲ၊ မပြောပေ ဘူးလား?(ပြောပါတယ်ဘုရား)။ အဲဒီတော့ ခင်ဗျားတို့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးသည် သူတပါးလက်နက် ပယောဂနဲ့ မသေရဘူးလို့ ဦးဘကြည်တို့ကြားဘူးလိမ့်မယ်(မှန်ပါဘုရား)။

“ဗုဒ္ဓါနံ ဇီဝိတဿ နသတ္တာ ကေနစိ အန္တရာရောကာတုံသတ္တမေ ဟောတု”၊ ဘုရား၏ခန္ဓာကိုယ်ဟာ သူတပါးလက်နက်နဲ့ မသေ ရဘူး၊ (မှန်ပါဘုရား)၊ ဘယ်နှယ်ကြောင့် ပရိနိဗ္ဗာန်စံသတုံး ဆိုရင်၊ သူတပါးလက်နက်နဲ့မသေရဘူး၊ သူယူလာတဲ့လက်နက် နဲ့ ပရိနိဗ္ဗာန်ပြုရတယ်၊သဘောကျပြီလား?(မှန်ပါ ဘုရား)။

ကျုပ်တို့ ခင်ဗျားတို့က အရေးရှိရင် ဘုရားကို ကာကွယ်ပေး ပါလို့ ရှိခိုးတောင်းပန်ကြသေးတယ်၊ (မှန်ပါဘုရား)၊ ဘုရား ကိုယ်တော်တိုင် ခန္ဓာဇာတ်မှ မသိမ်းသေးတော့၊ ဦးဘကြည့် ဘုရားယူလာတဲ့ လက်နက်နဲ့ဘဲ အင်ကြင်းပင်ရင်းကို သွားပြီး ပရိနိဗ္ဗာန်စံရတယ်၊ မစံရဘူးလား?(စံရပါတယ်ဘုရား)။

ဩဘာ-ဒါဖြင့် ခန္ဓာဖြစ်တဲ့ပုဂ္ဂိုလ်မှာ ဒီလက်နက်သုံးခု ပါတာချည်းဘဲ၊ (မှန်ပါဘုရား)။ တမျိုးလျှင် ဆဲ့တမီးလဲပါတာချည်းဘဲ။ မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်—ယနေ့ည ဟောရမဲ့တရားသည် ဒီ-ခန္ဓာကြီးထဲမှာ အဆိပ်ပါတယ်ဆိုတာ ခင်ဗျားတို့ ကောင်းကောင်း ကြေနပ်ဘို့ကောင်းတယ်။မကြေနပ်သေးဘူးလား၊(ကြေနပ်ပါတယ်ဘုရား) ဒီ-ခန္ဓာကြီးထဲ အဆိပ်တွေမပါဘူးလား? (ပါ,ပါတယ်ဘုရား)။ ဒါဖြင့်အဆိပ်ပင်ကြီးပေါ့ဗျ....(မှန်လှပါ ဘုရား)၊အဆိပ်ပင်ကြီးသည်ကားလို့ဆိုရင် ဘယ်သူကမှ လွန့်မတိုက်ဘဲ၊ ဘယ်သူကမှ ဒါးနဲ့မခုတ်ဘဲ၊ ဦးချစ်ခ, သူ့ဟာသူ သေရမယ်၊ မသေပေဘူးလား? (သေမှာပါဘုရား)၊ သေမှာဘဲ။

အသေကို ဘယ်သူ ယူဆောင်လာသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ?(သူဟာသူယူဆောင်လာပါတယ်ဘုရား) သူ့ဟာသူ ယူဆောင်လာတယ်၊ သဘောကျကြပြီလား?(မှန်လှပါ ဘုရား)။

အင်း—ဒါ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ခန္ဓာရချင်တဲ့ပုဂ္ဂိုလ်ဟာ အသေ-ဆုတောင်းတာဘဲ၊ ရိပ်မိပြီလား? (တင်ပါဘုရား)။ မအိုရပါလို၏၊ မနာရပါလို၏၊ မသေရာနိဗ္ဗာန်ရောက်ရပါ လို၏တော့ တောင်းကောင်းတယ်(မှန်ပါ ဘုရား)။ခန္ဓာကိုယ်ရပါလို၏ ဆုတောင်းတဲ့ပုဂ္ဂိုလ်ကြတော့၊ အမျိုးမျိုး အဖန်ဖန် သေရပါလို၏လို့ ဆုတောင်းတာနဲ့အတူတူဘဲ၊(မှန်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားကို့ ဒီဥစ္စာမမြင်လို့ရှိရင်ဖြင့် ဒီ-ဆုတောင်းကို တောင်းနေအုံးမှာ၊ (မှန်ပါဘုရား)။ တောင်းတဲ့အခါကြတော့

ကိုယ်ကိုယ်တိုင် အဆိပ်ပင်ဖြစ်ရပါလို၏ဆိုတာနဲ့ တော့ (အတူတူပ့ါဘဲဘုရား)။ သဘောကျပြီလား? (မှန်ပါ )။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကို ရပါလို၏လို့ တောင်းကိုမတောင်းကြနဲ့၊ တောင်းလို့ရှိရင် သေပွဲဝင်ချင်လို့သာ မှတ်ပေတော့၊ ရှင်းပြီလား?(မှန်ပါဘုရား)၊ ခန္ဓာတောင်းတာက တဏှာ၊ ဖြစ်တာက ဒုက္ခသစ္စာ၊ သဘောကျပြီလား?(မှန်ပါဘုရား)၊တောင်းတာက ဘာပါ လိမ့်....(တဏှာပါဘုရား)။ တောင်းတဲ့အတိုင်းဆုတောင်းပြည့်တော့ ဘာပြုတုံး၊ (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာအပြည့်အစုံဖြစ်တယ် (မှန်ပါဘုရား) ဒါကြောင့် မတောင်းနဲ့ ပြောတာ၊ ရိပ်မိပြီလား? (မှန်ပါဘုရား)။ အစကလဲမကောင်းလို့ မကောင်းတဲ့အကျိုးရတယ်၊ (မှန်ပါဘုရား)။

အဲဒီတော့ ဘယ်ခန္ဓာကို ခင်ဗျားတို့ ဆုတောင်းလို့ရရ၊ ဘယ်ဆေးနဲ့ တဲ့ပါမလဲလို့ မမေးနဲ့တော့၊ ဘယ်ခန္ဓာနဲ့မှ မတွဲဘူး၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)၊ ဘယ်ခန္ဓာနဲ့မှ မတွဲဘူး၊ ခန္ဓာဆိုရင် ဇာတိ,ဇရာ,မရဏ ကပ်လျက်ပါရမယ်နော်....(မှန်ပါဘုရား)၊ ရှောင်လို့ ကွင်းလို့လွတ်ပါ့မလား?(မလွတ်ပါဘုရား) ဒါဖြင့်-ခင်ဗျားတို့က ရပြီးရင်ဖြင့် ပရိတ်တွေနဲ့ တားချင်ရတာနဲ့ ဆရာတွေနဲ့တားချင်ရတာနဲ့ အင်းအိုင်လက်ဖွဲ့ ခလဲ့တွေနဲ့ တားချင်ရတာနဲ့ အလကားမဟုတ်တာတွေ ရှောက်လုပ်နေတယ် (မှန်ပါဘုရား)။ ကိုယ့်ကိုယ်က ဒါကြီးယူလာလို့ သေရတော့မယ်ဆိုတာ သေချာပြီးသား၊ နောက်မှ မိုဃ်းကြိုးပြစ်တာ ထန်းပင် လက်နဲ့ ကာကွယ်လို့တော့မရဘူး၊ ရပါ့မလား?(မရပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် နဂိုရ်ကလွှဲလာခဲ့တာ(မှန်ပါဘုရား) ဒီတခါ မလွှဲနဲ့တော့၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ နဂိုရ်က လွဲတာ ဒီတခါ နောက်ဆုံးပိတ်လွှဲခြင်း ဖြစ်ရပါလို၏၊ (မှန်ပါ ဘုရား)။ နောင်ကိုဖြင့် သူ့အကြောင်းကို ဘယ်အခါကာလမှ မကောင်းတော့ပါဘူး၊ အဆိပ်ပင်က အဆိပ်လဲမရှိတဲ့နေရာ၌သာန ရောက်မှသာလျှင် အိုမှု နာမှု သေမှုတွေ အကုန်ရှင်းမယ်ဆိုပြီး သကာလ ခင်ဗျားတို့သူ့ကိုဒုက္ခသစ္စာလို့ သိမှ ဟိုဘက် မသေရာ ကို ခင်ဗျားတို့ သဘောကျမယ်၊ (မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာမသိဘဲနဲ့ ဒကာ-ဒကာမတွေ နိဗ္ဗာန် မရောက်ဘူး၊ ရောက်ပါ့မလား? (မရောက်ပါဘုရား)၊ ဉာဏ်ကို ဟိုဘက်လှည့်ပါ့မလား?(မလှည့်ပါဘုရား)ဘယ်နည်းနဲ့မှ လှည့် နိုင်ပါ့မလဲ၊ ဒါဖြင့် ခင်ဗျားတို့ တနာရီလောက် ဆုတောင်းပြီး နေဦးသော်လဲ သူ့ဘက်နဲ့မှမရောက်ဘူး၊ ရောက်ပါ့မလား?၊ (မရောက်ပါဘုရား)၊ ဒီ-ခန္ဓာငါးပါး ထပ်ပြန်တလဲလဲ မဖြစ်ပေ ဘူးလား? (ဖြစ်မှာပါဘုရား)၊ ဒီ-ခန္ဓာငါးပါး ထပ်ပြန်တလဲလဲ ဖြစ်လေလေ, သူ-ဆုတောင်းရှည်လေလေ၊ သေခြင်းဆိုး မြဲလေ လေဘဲ၊ မဆိုနိုင်ဘူးလား?(မှန်ပါဘုရား)။

ဒကာ-ဒကာမတို့ ခင်ဗျားတို့ ဒုရုပ်ဆိုးတာက အတော်ဆိုး တာ၊ မဟုတ်ဘူးလား?(ဟုယ်ပါတယ်ဘုရား)၊ အခုတော့ အဖန် ဖန် ခံစားရ၍ဆိုတော့ ခံစားဆိုတာလဲ ဒုက္ခဝေဒနာ ခံစားတာ ဘဲဗျ....(မှန်လှပါဘုရား)။ ခင်ဗျားတို့က ပြောင်းမယူတတ်လို့၊ (မှန်လှပါဘုရား)၊ သေတာ....၊ ဦးဘကြည်, ဘာဝေဒနာ ခံစား တာတုံး၊ (ဒုက္ခဝေဒနာပါဘုရား)၊ ဒုက္ခဝေဒနာနဲ့ ဝိညာဏ်

ချုပ်ရတာ မဟုတ်သလား?(မှန်ပါဘုရား)၊ အဲဒီတော့ အဖန်ဖန် ခံစားရျဆိုတော့ ဝေဒနာဆိုတာ ခံစားတာ။

ဒါဖြင့် အဖန်ဖန်ဒုက္ခဝေဒနာခံစားပြီး သေရပါလို၏ဆိုတော့ ခင်ဗျားတို့သည်ကား သစ်ငုတ်တိုကြီးဖြစ်နေတယ်(မှန်ပါဘုရား) ဦးခင်မောင်ဘာတောင်းတာတုံး(ကိုယ့်အသေကိုယ်ဆုတောင်း တာပါဘုရား)။ ဖြစ်မှုဖြစ်ရလေဗျာ၊ ဒါကြီး ရလို့ရှိရင် ဆု မတောင်းလဲ ဦးဘကြည်-ဘာဖြစ်မှာတုံး(ပြည့်နေပါတယ်ဘုရား) သေရမှာဘဲ၊ သူများလက်နက်နဲ့လား၊ သူပါတဲ့ လက်နက်နဲ့ လား? (သူပါတဲ့လက်နက်နဲ့ပါဘုရား)။ သဘောကျပြီလား?၊ (မှန်ပါဘုရား)။

ဩော်—ဒါဖြင့် သူဟာ အဆိပ်သက်သက်ဘဲ။ သူ့ကိုယ်သူ သတ်တဲ့အဆိပ်၊ရိပ်မိကြပြီလား?(မှန်ပါဘုရား)၊ ဇာတိ၊ ဇရာ၊ မရဏ၊သောက၊ပရိဒေဝ စသည့် ဆဲ့တမိုးကအဆိပ်တွေပေါ့ဗျာ (တင်ပါဘုရား)၊ ခန္ဓာငါးပါးက အဆိပ်ပင်ကြီး၊ အဆိပ်ပင်ကြီး ထဲက အဆိပ်တွေကပါပြီးသကာလ လာတော့ ဒီအပင်ကြီးသည် ဘယ်သူမှမသတ်ပေတဲ့ သူ့အဆိပ်နဲ့ သူသည် ညှိုးပိန်လိမ်ကောက် ပြီးသကာလ၊ သေရတာဘဲ၊ သဘောကျပြီလား? (ကျပါတယ် ဘုရား)။

မယုံလို့ရှိရင် ခင်ဗျားတို့ကိုယ်တိုင် ဘယ်သွားနေနေ၊ သူ့ ဟာနဲ့သူသေစေ့မယ်။မသေပေဘူးလား၊သေမလား?(သေမှာ ပါဘုရား)၊ ဘာဖြစ်လို့သေရမှာတုံးလို့ မေးတော့ ဘယ်နှယ် ဖြေကြမတုံး၊ (အို၊နာ၊သေပါလို့ပါ ဘုရား)။

ဩော်-ဒါဖြင့် ပဋိသမ္ဘိဒါ အဋ္ဌကထာဆရာ ဟောလိုက်တာ ပြောလိုက်တာ သိပ်မှန်ဒါဘဲ၊ ဦးဘကြည်.... (မှန်ပါဘုရား)။

ဝိသဝိသဘူတဒုက္ခဒဿနေန၊ အဆိပ်ပင်ကြီး အဆိပ်ပြည့်နေတာ အဆိပ်နဲ့တကွ ဖြစ်နေတာကိုမြင်သဖြင့်သာလျှင်။ အမတဒွော၊ မအို၊မသေ၊အမြဲနေတဲ့ နိဗ္ဗာန်ကို။ ပါတိဘဝတိ၊ သဘောကျနိုင်တယ်။

အဆိပ်ပင်ကအဆိပ်တွေနဲ့ သေမှာကို ကောင်းသိမှသာလျှင် ဒီနေရာကို ကောင်းကောင်း သဘောကျမယ်၊ (တင်ပါဘုရား)၊ နို့မို့လို့ရှိရင် ကျကို မကျဘူး၊ခင်ဗျားတို့ နိဗ္ဗာန်ရ-ရပါလို၏လို့ တောင်းသာနေတယ်၊ ဦးဘကြည့်မကြိုက်ဘူးတဲ့(မှန်ပါဘုရား) အခုတော့ ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိပြီလား? (သိပါပြီဘုရား)။ ဘယ်လိုဆေးကုကု ဘယ့်နှယ်တုံး (မရပါဘုရား)။ ဘယ်လိုတားပြီးထားထား....(မရပါဘုရား)။ ဘယ်လိုပရိတ်တွေနဲ့ ခြံရံထားထား....(မရပါ ဘုရား)။

ဒါဖြင့်ပရိတ်သည်ပြင်ဘက်ကိုသာကာကွယ်နိုင်တယ်(မှန်ပါ) အတွင်းကရှိတဲ့ အို၊နာ၊သေ ဥစ္စာတော့ လုံခြုံအောင်မကာကွယ်နိုင်ဘူး၊ သဘောကျပြီလား? (မှန်ပါဘုရား)၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဒီ ခန္ဓာကိုယ်ငါးပါးဟာ အဆိပ်ပင်ကြီး၊ အဆိပ်တွေနဲ့ အမြဲပြည့်စုံနေသောကြောင့် ဘယ်ရောက်ရောက် သူ့အဆိပ်နဲ့သူ သေမှာဘဲလို့ဆုံးဖြတ်ချက်ချ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

ဒါဖြင့်— ဝိသ ဘူတ ဒုက္ခဒဿနေန၊ အဆိပ်ပြည့်လျက်ရှိနေသော ဒုက္ခသစ္စာကိုမြင်သဖြင့်သာလျှင် ဒုက္ခသစ္စာကို တခါတည်းမြဲနေအောင်ကြည့်ပါ။ အဲဒီတော့မှ အမတဒွောပေါ်လာတယ်၊ (မှန်ပါဘုရား)။ ဩော်-ဒါက သေတတ်တယ်၊ ဒါက မသေတတ်

တာ....(မှန်ပါ)၊ သေတတ်တာသိမှ မသေတတ်တာကို ခင်ဗျား တို့ ဉာဏ်ထဲမှာရှင်းမယ်၊(မှန်ပါ)။ သေတတ်တာ မသိလို့ရှိရင် (မရှင်းပါဘုရား)။

ဒါဖြင့် ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်များ သေတတ်တယ်ဆိုတဲ့ ဒုက္ခသစ္စာကို သိပါ့မလား? (မသိပါဘုရား)။ ဒါဖြင့်-သစ္စာမသိ သေးရင် ခင်ဗျားတို့ လုပ်ချင်ရာလုပ်လိမ့်မယ်၊ (မှန်ပါဘုရား)၊ အမှန်မှမရောက်ဘဲ....(မှန်ပါဘုရား)၊ သစ္စာမသိသေးရင် ဘာတဲ့ ဒကာ-ဒကာမတို့.... ( လုပ်ချင်တာ လုပ်ပါတယ်ဘုရား)၊ လုပ် ချင်တာတွေ လုပ်မှာဘဲ။ လုပ်ချင်တာကတော့ သေသမ်းချည်း လုပ်တာဘဲ....(မှန်လှပါဘုရား)၊ အမှန်ကတော့မရောက်ပါဘူး၊ ဘာကြောင့်တုံးမေးတော့....(သစ္စာမသိလို့ပါဘုရား)၊ သစ္စာ မသိတဲ့ပုဂ္ဂိုလ်ဟာ သေတတ်တာမှ မသိဘဲနဲ့ မသေတတ်လဲ သူ မသိတော့ပါဘူး၊ (မှန်လှပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ သစ္စာကိုလုံးလုံးပြုတ်ပြန်ပြီ။မဆိုထိုက် ဘူးလား၊ ဆိုထိုက်သလား? (ဆိုထိုက်ပါတယ်ဘုရား)၊ သေတတ် တာလဲ မသိတော့ဘူး၊ (မှန်ပါဘုရား)။ မသေတတ်တာကော.... (မသိပါဘူးဘုရား)။ ဒီတော့-ဘယ်နှယ် ဖြစ်နေကြတုံးဆိုလို့ရှိ ရင်ဖြင့် ဘယ်နှယ်မှမဖြစ်ဘူးဘုရား၊ တပည့်တော်တို့သည်ကား အရှေ့၊ အနောက်၊တောင်၊မြောက်မှ မကွဲတဲ့ပုဂ္ဂိုလ်ချည်းဖြစ်နေ ကြပါတယ်၊ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်—ဒကာ၊ဒကာမတွေ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကိုမသိသေးဘူးဆိုတော့ တကယ့်ကလေးလေးဖြစ်နေပြီး ဒုက္ခသစ္စာကိုသိဘို့ရာတော့ ခဲယဉ်းနေတယ်(မှန်ပါဘုရား)အရှေ့

အနော်ကို တောင်မြောက်ကိုမှ မရှင်းသေးတော့၊ ဒီအထဲမှာ အဆိပ်ပင်ကြီး အဆိပ်တွေနဲ့ ဆိုတဲ့ဥစ္စာသိဘိုရာ အတော်ကို ကလေးကျနေသေးတယ်၊ ရှင်းကြပြီလား? (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဒီနေ့ကစပြီး ခင်ဗျား တို့ ခန္ဓာငါးပါးနဲ့ ခွဲနေသလား၊ အတူနေသလားလို့ မေးရင်.... (အတူနေပါတယ်ဘုရား)။ ဒါဖြင့်-အတူနေတဲ့အတွက် တခုတခု မှာ သုံးပါး သုံးပါး ပါသလား, မပါဘူးလား? (ပါ,ပါတယ် ဘုရား)။ ရူပက္ခန္ဓာမှာ သုံးပါး၊ ဝေဒနာက္ခန္ဓာမှာ သုံးပါး၊ သညာက္ခန္ဓာမှာ သုံးပါး၊ သင်္ခါရက္ခန္ဓာမှာသုံးပါး၊ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်မှာ သုံးပါး။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့၊ အင်း-ခန္ဓာကိုယ် ငါး ပါးဖြစ်လျှင် ဘာပါလာသတုံး? (ဇာတိ,ဇရာ,မရဏ ပါလာတယ် ဘုရား)၊ ဇာတိ,ဇရာ,မရဏ သုံးပါး အကုန်ပါမလာဘူးလား?၊ (ပါ,ပါတယ်ဘုရား)။ နတ်ဖြစ်ရပါလို၏၊ ဇာတိ, ဇရာ, မရဏ။ ဗြဟ္မာဖြစ်ရပါလို၏၊ ဇာတိ,ဇရာ,မရဏ၊ ဒါ ခွဲတော့ ဘယ့်နှယ် လုပ် ခွဲမတုံး၊ (မရပါဘူးဘုရား)။

ကိုင်း—ခွဲလို့မရရင်ဖြင့် ဘုန်းကြီးများကဘဲ အခု ဘုရား သခင် ကိုယ်တော်မြတ်ကြီးဉာဏ် မိုးပြီးသကာလ ခွဲပြတော့ကို အနှိပ်စက်ခံရမှာက ခန္ဓာငါးပါး နှိပ်စက်တတ်တာက ဇာတိ, ဇရာ,မရဏ၊သဘောကျပြီလား? (ကျပါတယ်ဘုရား)။ ဒါ ဘုရား က ဉာဏ်နဲ့ခွဲလိုက်တာ....(မှန်ပါဘုရား)၊ အနှိပ်စက်ခံရမှာက ဘာပါလိမ့်၊ (ခန္ဓာငါးပါးပါဘုရား)၊နှိပ်စက်ပြီးသကာလ သတ် ဖြတ်မှာက ဇာတိ,ဇရာ,မရဏ။

အဲဒါ-ခင်ဗျားတို့ ယခု-ဘယ်အထဲရောက်နေပြီလဲ၊ကိုယ့်ကိုယ်ကို တွေးစမ်း၊ တပည့်တော်တို့ ဇာတိတော့လွန်ခဲ့ပြီဘုရား၊ ဇရာအဆိပ်သင့်ပြီဘုရား၊ ရှေ့ ဘာအဆိပ်သင့်စရာရှိသေးတုံး(မရဏအဆိပ်ပါဘုရား)၊ အခုဘယ်အထဲမှာတုံး၊(ဇရာထဲမှာပါဘုရား) ဇရာအဆိပ်သင့်နေပြီဆိုတာ ငြင်းနေဘို့လိုသေးလား? (မလိုပါဘုရား)၊ ကောင်းစားအုံးမှာလား၊ဆိုးဝါးအုံးမှာလား၊တွေးစမ်း (ဆိုးဝါးအုံးမှာပါဘုရား)၊ ဒါနဲ့ ဘာဘေးသင့်ရအုံးမှာတုံး၊ (မရဏဘေးသင့်ရမှာပါဘုရား)၊ မရဏ အဆိပ်သင့်တဲ့အခါကြတော့ အကုန်ပြောင်လိမ့်မယ် (မှန်ပါ)၊ မပြောင်ပေဘူးလား?။ (ပြောင်ပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ အဲဒါသည်ကား ဒုက္ခသစ္စာချည်းဘဲဆိုတာ သေချာပြီလား?(သေချာပါတယ်ဘုရား)၊ ငယ်တုံးကလဲ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) အခုအချိန်မှာကော...(ဒုက္ခသစ္စာပါဘုရား)။ ဟင်-ရှေ့လာမည့် အချိန်ကော....(ဒုက္ခသစ္စာပါဘုရား)။

ဩော်—ခင်ဗျားတို့ဒုက္ခသစ္စာများ ဆုတောင်းယူတာ အံ့စရာကောင်းလိုက်တာ၊ ဘာကြောင့် တောင်းတာတုံးဗျ၊ (မသိလို့ပါဘုရား)။မသိလို့၊ ဘာမသိတာတုံးဗျ၊ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သစ္စာမသိသေးသရွေ့ ကာလပတ်လုံး သံသရာစခမ်းမသတ်သေးဘူးဆိုတာ ဦးဘဒင်တို့မှတ်ဘို့ဘဲ....(မှန်ပါဘုရား)၊ ဘုရားကတော့ အတန်တန် ဟောရှာသားဘဲ၊ ကိုထွန်းဦး ရ....(မှန်ပါဘုရား)။

ငါလဲ သစ္စာမသိလို့ သေခဲ့ရတာ တောင်ပုံ ယာပုံ....(မှန်ပါဘုရား)၊ မင်းတို့လဲ သစ္စာမသိသေးရင် တောင်ပုံ ယာပုံ။ တောင်ပုံ ယာပုံ သေရအုံးမယ်လို့ ပြောတာဘဲ၊ (မှန်ပါဘုရား)။

ကဲ—သစ္စာမသိခင်တုံးက ခင်ဗျားတို့ ဒီ-လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ အကြိမ်ကြိမ်ဆိုတာဟာ ကြည့်စမ်း၊ ခင်ဗျားတို့ အရိုးတောင်လိုပုံတဲ့ ဆု တောင်းထားတာ....(မှန်ပါဘုရား)၊ ဘာ-တောင်းထားတာလဲ....(အရိုး တောင်လိုပုံပါဘုရား)၊ တောင်းကောင်းရဲ့လား၊ မတောင်းကောင်းဘူးလား၊ ကိုယ်တိုင်စဉ်းစားစမ်း....(မတောင်းကောင်းပါဘူးဘုရား)။ မတောင်းကောင်းတာကို တောင်းတာဟာ ဘာ မသိလို့လဲ....(ဒုက္ခသစ္စာမသိလို့ပါဘုရား)။

အေး—ဒုက္ခသစ္စာမသိဘူးဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ယနေ့တော့ဖြင့် သိကြပြီ....(မှန်လှပါဘုရား)၊ ဩော်-ဒုက္ခသစ္စာဆိုတာ အဆိပ်နဲ့တွဲလာတာကို၊ ဦးဘကြည်, ဘာနဲ့တွဲလာသလဲ....(အဆိပ်နဲ့ တွဲလာတာပါဘုရား)၊ အဆိပ်နဲ့တွဲလာတယ်ဆိုတော့ ခန္ဓာငါးပါးက အဆိမ်ပင်ကြီး၊ ဇာထိ,ဇရာ, မရဏက အဆိပ်အသီးတွေနော်။ အဲဒီတော့ သူသတ်လို့သေအုံးမှာဘဲ၊ သဘောကျပြီလား? (မှန်ပါဘုရား)။

ဒီတော့-ခင်ဗျားတို့ကို ဥပမာပြရလို့ရှိရင်ဖြင့် ဘာနဲ့တူပါလိမ့်မတုံးဆိုရင် ကျုပ်တို့ ဇာတ်နိပါတ်တွေမှာ ပါတယ်နော်၊ ဦးဘကြည်....။

ဟိမဝန္တာတောမှာ ဆဲ့နှစ်ရာသီပွင့်ပြီး ဆဲ့နှစ်ရာသီသီး နေတဲ့အဆိပ်တောကြီးတခုရှိတယ်(မှန်ပါဘုရား)ဟိမဝန္တာတောသို့

ရောက်သွားတဲ့ သတ္တဝါတွေဆိုရင် ဒီအနံ့ရှူမိတယ်၊ ဒီအနံ့သာ သူ့နှာခေါင်းထဲရောက်လာလို့ရှိရင် မစားဘဲကိုမနေနိုင်လောက် အောင် မွှေးကြိုင်တယ်၊ အဆင်းကလဲ ကောင်း၊ အရသာကလဲ ကောင်း၊ စားမိလို့ဝမ်းထဲရောက်ရင်လဲ သေတာဘဲ၊သဘောကျ ပြီလား? (မှန်လှပါဘုရား)။

အဲဒီအပင်အောက်မှာသွားကြည့်လို့ရှိရင်လဲငှက်ရိုးတွေဒီပြင် သားကောင်ရိုးတွေ ပုံနေတာဘဲ၊ (မှန်လှပါဘုရား)။ သို့သော် လဲ နောက်-အတောင်စုံပြီး ပြန်လာကြတဲ့ငှက်တွေကလဲ ဒီအနံ့ ရပြန်၊ ဒီ အသီးစားချင်တဲ့စိတ် ပေါ်ပေါက်လာပြန်တာဘဲ၊ သူတို့မိဘအရိုးတွေလဲ အောက်မှာမြင်တာဘဲ၊ (မှန်ပါဘုရား)။ မြင်ပင် မြင်ငြားသော်လဲ သြော်-သူတို့သာသေတာ ဒို့-မသေဘူး ဆိုပြီး စားပြန်တာဘဲ။ စားပြန်လို့ နောက်-အကောင်ဟာလဲ ဒီအရိုးပေါ် ထပ်သေတယ်၊ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီ-တိရစ္ဆာန်လေးတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အင်မတန်မိုက်တဲ့ တိရစ္ဆာန်လေးတွေလို့ မဆိုထိုက်ပေဘူးလား၊ (မှန်လှပါ ဘုရား)၊ အရိုးတွေလဲမြင်သားဗျ....(မှန်လှပါဘုရား) ဒီအနံ့ နံလို့ ဒီအသီးတွေမြင်ပြန်တော့ မစားဘဲနေနိုင်ရဲ့လား၊ ( မနေနိုင်ပါဘူးဘုရား )။ သို့သော်-သူတို့စိတ်ထဲက ဘယ်လို အောက်မေ့သတုံး၊ ဟိုအကောင်တွေသာ သေတာ ဒို့ကတော့ သေမှာမဟုတ်ဘူး။

ကောင်းပြီ၊ ဒါဖြင့် ဒီ-တိရစ္ဆာန်မိုက်ကလေးတွေသည် အရိုး မြင်လျက်သားနဲ့ ဒီအသီးစားလို့ ဒီအနံ့နံရလို့ ဒီအကောင် တွေသည်ကားလို့ဆိုလို့ရှိရင် ဒုက္ခရောက်တာဆိုတာ သိလျက်

သားနဲ့ စားတော့ သူတို့လဲ ဒီအရိုးပုံပေါ်မှာ အရိုးဖြစ်ရပြန်တာဘဲ၊(မှန်လှပါဘုရား)၊ သေပွဲဝင်ရတာကို....(မှန်ပါဘုရား)၊ လွတ်သေးရဲ့လား? (မလွတ်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့မှာလဲ ကိုယ့်အမေတွေ့ အဖေတွေ့ အဘိုးတွေ့အဘွားတွေဟာ ဒီ-လောဘ,ဒေါသ,မောဟနဲ့ ချမ်းသာမှုကို အလိုရှိပြီးသကာလပေါ့ဗျာ....(မှန်ပါဘုရား)၊ ခင်ဗျားတို့ ဒီမျက်လုံးနဲ့ ကြည့်ကောင်းတဲ့ပစ္စည်းမျိုးကို ရှာလေ့ရှိတယ်၊ (မှန်လှပါဘုရား)၊ နားပေါက်က နားထောင်ကောင်းတဲ့ ပစ္စည်းမျိုးကော....(ရှာလေ့ရှိတယ်ဘုရား)။မျက်လုံးပေါက်ကလဲ သုခဝေဒနာကြိုက်တယ်၊ (မှန်လှပါဘုရား)၊ နားပေါက်ကကော.... (သုခဝေဒနာကြိုက်ပါတယ်ဘုရား)၊ နှာခေါင်းပေါက်ကကော (သုခဝေဒနာကြိုက်ပါတယ်ဘုရား)။

အဲ-လျှာပေါက်ကရော (သုခဝေဒနာကြိုက်ပါတယ်ဘုရား) အေး-ကိုယ်ပေါက်ကရော- (သုခဝေဒနာကြိုက်ပါတယ်ဘုရား)၊ သုခဝေဒနာ ကြိုက်တာချည်းဘဲ။ မနောပေါက်ကကော.... (သုခဝေဒနာ ကြိုက်ပါတယ်ဘုရား )၊ သုခဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ သုခဝေဒနာနောက် လိုက်ပြီးသကာလ လူတို့ ရောင်းဝယ် ဖေါက်ကားကာ သုခဝေဒနာ ရှာနေကြတာဘဲ၊ မရှာကြဘူးလား? ( ရှာပါတယ်ဘုရား)။ တမြို့လုံး ပိုဿးလင်း လာတယ်လို့ဆို၊ ကိုယ့်အိမ်၊ သူ့အိမ်ဆိုသလို၊ သွားကြ လာကြတာ ဘာရှာကြတာလဲ (သုခ ဝေဒနာပါ ဘုရား)၊ အဲဒါ-အဆိပ်ပင်ကြီးမှတ်ပေတော့၊သဘောကျပြီလား?(မှန်ပါဘုရား)။ ဘာတွေပါလိမ့်....(အဆိပ်ပင်ကြီးပါဘုရား)။

အဲဒါကိုစားရင်းမဟာ်တတ်နဲ့ ဒီဟာတွေ သုခဝေဒနာကြောင့် ဝေဒနာပစ္စယာ တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏဆီ မသွားဘူးလား၊ သွားသလား?(သွားပါတယ်ဘုရား)။အဲဒီတော့ ခင်ဗျားတို့ ဘိုးတွေ ဘွားတွေဟာ သုခတွေ ရှာပြီးသကာလ ဝေဒနာပစ္စယာ တဏှာ, ဇာတိ, ဇရာ, မရဏဘက်ကြီး သွားကြ သလား မသွားကြဘူးလား?(သွားကြပါတယ်ဘုရား)။ သွားကြ လို့ဘဲ ခင်ဗျားတို့ကိုယ်တိုင် သူ့သာန်ကိုပို့လိုက်ကြရတယ်၊ (မှန် ပါဘုရား)။ အဘိုးပို့လိုက်ရပြီ၊ အဘွားပို့လိုက်ရပြီ....(မှန်ပါ ဘုရား)။ ဆွေမျိုးတွေကော....(ပို့လိုက်ရပါပြီဘုရား)။

ဒီ-အဆိပ်သီးစားရင် ဒီ-အဆိပ်သီးက သတ်တာနဲ့ သေမှာဘဲ (မှန်လှပါဘုရား)၊ ဘယ်သူသတ်လို့ပါလိမ့် ဒီ-အဆိပ်သီးတွေ သတ်လို့၊ သဘောကျပြီလား?(ကျပါပြီဘုရား)။ ကျုပ်တို့ကိုယ် ကျတော့ ဒီအဆိပ်တွေက ဘယ်ရှိသတုံးဆိုရင် သုခဝေဒနာ ဝမ်းထဲမှာရှိတယ်၊ ဒုက္ခဝေဒနာကော....(ဝမ်းထဲမှာပါဘုရား)၊ ဥပေက္ခာဝေဒနာကော....(ဝမ်းထဲမှာပါဘုရား)။ဒါဖြင့်ဝေဒနာ ခြောက်မျိုး ဘယ်မှာရှိတုံး၊ (ဝမ်းထဲမှာဘဲ ရှိပါတယ်ဘုရား)။

အဲ—တိုတိုပြောကြပါ ဆိုတော့ ခန္ဓာငါးပါးထဲ အဆိပ် ခြောက်မျိုးရှိတယ်ဆိုတာ သဘောကျပြီလား? (မှန်ပါဘုရား)၊ အဲဒီတော့ မိုးလင်းတဲ့အခါကျတော့ ခင်ဗျားတို့ မျက်စိအမြင် ချမ်းသာဘို့ဆိုတော့ တိုက်တာမှာလဲ ဆေးတွေဘာတွေ သုတ် ကြရသေးတာပေါ့ဗျ....(မှန်ပါဘုရား)။ ဟင်-မျက်စိချမ်းသာဘို့ တွေကော မလုပ်ရဘူးလား?(လုပ်ရပါတယ်ဘုရား)။ နား ချမ်း သာဘို့ကော....(လုပ်ရပါတယ်ဘုရား)။

မရှိဆိုတဲ့အသံများ နားမှလေသံ မကြားပါရစေနဲ့၊ အံမယ် နားချမ်းသာတို့ ရှာကြတာကိုးဗျ....(မှန်ပါဘုရား)။ နှာခေါင်း ချမ်းသာတို့ကော....(ရှာကြရပါတယ်ဘုရား)။ ဟာ-ရှာကြရတာ ပေါ့။ ဟင်းချက်တယ်ဆိုလို့ရှိရင် အမွှေးတွေ အကြိုင်တွေ ထည့်ပြီးတော့ နှာခေါင်းချမ်းသာမှုကော မရှာရဘူးလား?၊ (ရှာရပါတယ်ဘုရား)။ ကိုယ်ချမ်းသာမှုဆိုတာကလဲ အထည် အမျိုးမျိုးလဲနေရတာနဲ့ အားသေးရဲ့လား(မအားပါဘုရား)။

စိတ်ချမ်းသာမှုဆိုတာကတော့ ဒကာ-ဒကာမတွေ ပစ္စည်း မျိုးစုံတွေ အကုန်စုံမှ စိတ်ချမ်းသာတာကိုးဗျ....(မှန်ပါဘုရား)၊ ဒါသာရှိတယ် ဟိုဟာလိုနေတယ်၊ (မှန်ပါ ဘုရား)။ အဲဒီတော့ စိတ်ချမ်းသာမှုကတော့ အကုန်ခြုံပြီးသကာလ, မရှာရဘူးလား၊ (ရှာရပါတယ်ဘုရား)၊ ရှာရတော့ ဒီဝေဒနာတွေ မျိုရင်း, စား ရင်းနဲ့ တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏဘက်မသွားဘူး လား?(သွားပါတယ်ဘုရား)။

ဒါဖြင့်ဒီဝေဒနာတွေသတ်တာလို့ဦးဘကြည်တို့ဦးခင်မောင် တို့ကို ဘုန်းကြီးက ပြောလိုက်ပြီ၊ ခင်ဗျားတို့က ငြင်းချင်သေး သလား?(မငြင်းချင်ပါဘူးဘုရား)၊ကြည့်လေ-ဝေဒနာဖြစ်တော့ တဏှာက မလာဘူးလား?(လာပါတယ်ဘုရား)။ ဥပါဒါန်,ဘဝ, ဇာတိ,ဇရာ,မရဏကကော....(လာပါတယ်ဘုရား)၊ ဟင်-ဘယ်သူ သတ်တာပါလိမ့်....(ဝေဒနာသတ်တာပါဘုရား)။ ဝေဒနာက သတ်တာတွေ ဒကာ-ဒကာမတို့ရိပ်မိကြပြီလား(မှန်ပါဘုရား)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတွေ မနက်လင်းတဲ့အခါ ဒီ- ဝေဒနာခြောက်မျိုးကို ရှောက်မရှာကြဘူးလား? (ရှာပါတယ်

ဘုရား) ရှာတယ်။ ဘာပြုလို့ရှာတုံး၊ အို-ကျုပ်တို့ အမြင်ချမ်းသာဘို့ အကြားချမ်းသာဘို့....(မှန်လှပါဘုရား)၊ နှာခေါင်းချမ်းသာဘို့....(မှန်ပါဘုရား)၊လျှာချမ်းသာဘို့မရှာကြဘူးလား၊ (ရှာပါတယ်ဘုရား)။

အဲဒါ ဘာရှာတုံးဆိုတော့ အဆိပ်ရှာကြတာ၊ သဘောကျပြီလား?(မှန်ပါဘုရား)၊ အဆိပ်ရှာတော့ကို ရှာရတဲ့အခါ အံ-ပြစ်သလား၊ မျိုကြသလားလို့မေးပါ....(မျိုကြပါတယ်ဘုရား) မျိုကြတော့ အတွင်းမှာ ဝေဒနာရောက်ပြီဗျ။ ဝေဒနာရောက်တော့ တဏှာကကော....(ရောက်ပါတယ် ဘုရား)။ ဥပါဒါန်ကကော....(ရောက်ပါတယ်ဘုရား)။ ဇာတိ၊ဇရာ၊မရဏကကော (ရောက်ပါတယ်ဘုရား)။

ရောက်တော့ ဝေဒနာကို အဆိပ်မှန်းမသိတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအဆိပ်သီးတွေကိုဘဲ ခင်ဗျားတို့က ရှာနေကြတာဘဲ၊ သဘောကျပြီလား?(မှန်ပါဘုရား)၊ ဒီလိုရှာရင်းမတ်တတ်နဲ့ ဘိုးတွေ ဘွားတွေသေလို့ အရိုးတွေ တောင်လို ပုံတယ်ဆိုရင် ဆင်ဖြူကန်မှာလဲ ဦးဘကြည်-ထပ်ချလို့ကို ဆုံးမှာမဟုတ်ပါဘူး၊ ဆုံးပါ့မလား? (မဆုံးပါဘုရား)။ ရဟိုင်းမှာကော....(မဆုံးပါဘူးဘုရား)။

သို့သော်လဲ-သူတို့သာ ဒီအသီးစားပြီး သေသွားတာကိုးဗျ၊ ဒို့စားရင်တော့ မသေဘူးဆိုပြီးသကာလ ခင်ဗျားတို့လဲ ဒီ-ဝေဒနာ ခြောက်မျိုး လျှောက်ရှာတာ၊ မရှာကြဘူးလား၊ ရှာသလား၊ (ရှာပါတယ်ဘုရား)။ ဖြစ်မှု ဖြစ်ရခြင်း၊ သေခြင်းဆိုးတော့ သေကြတော့မှာဘဲ၊ မဆိုနိုင်ဘူးလား၊ ဆိုနိုင်သလား? (ဆိုနိုင်ပါ

တယ်ဘုရား)။ ကေန်ဘဲဆိုတာဖြင့် ဦးခင်မောင်-ငြင်းနေဘို့ လို သေးလား?(မလိုပါဘုရား)။ ခင်ဗျားတို့ကတော့ ဒိဝေဒနာဖြင့် မရှာတော့ပါဘူး ဝေဒနာဖြစ်ပျက်ရှုပြီး ဝေဒနာ ငြိမ်းအောင် လုပ်ပါတော့မယ်လို့မလာဘူး၊ (မှန်ပါဘုရား)၊ ဦးလှတို့ ဒါတွေ ကို သာပြီးရှာတာပေါ့ဗျ....(မှန်ပါဘုရား)၊ ဦးလှတို့....။

ဒါဖြင့် ဒကာ-ဒကာမတို့ မနက်မိုးလင်းထွက်ကြတာ ဘာရှာ ကြတာတုံး၊(သုခဝေဒနာပါဘုရား)။ဝေဒနာရှာတာဟာအဆိပ် စားကြတာဘဲ၊ သဘောကျပြီလား?(ကျပါတယ်ဘုရား)အဆိပ် သီးစားထွက်ကြတာ၊ ဟင်-ဒီအဆိပ်သီးစားလို့ဘဲ သေတဲ့ပုဂ္ဂိုလ် ပေါင်း မြို့မှာဘယ်လောက်ရှိပြီလဲ(မရေတွက်နိုင်ပါဘုရား)။

သို့သော်-ခင်ဗျားတို့စားတော့ မသေဘူးလား? (သေမှာပါ ဘုရား)၊ သေမှာပါဘဲ၊ သေမှာ သိလျက်သားနဲ့ ရှာတာဗျ၊ သဘောကျပြီလား?(မှန်ပါဘုရား)။ သေမှာသိလျက်- ဘာတုံး- (ရှာတာပါဘုရား)။ ရှာတော့ စားမိမျိုမိဘယ်(မှန်လှပါဘုရား) စာမိ မျိုမိတဲ့အခါကြတော့ အရင်အရိုးတွေပေါ်ဘဲ မထပ်ဘူး လား? (ထပ်ပါတယ်ဘုရား)။ အရင်အရိုးတွေကော ဒါစားတာ ဒါစားလို့သေကြတာ(မှန်ပါဘုရား)၊နောက်အရိုးတွေကကော- (ဒါ စားတာပါဘုရား)၊ နောက်-ခင်ဗျားတို့ သားတွေ့မြေးတွေ ကကော၊ ဒါ စားတာ။

ဒီတော့-ခင်ဗျားတို့အပျိုးဟာ ဘာအမျိုးပါလိမ့်....(အဆိပ် စားတဲ့ အမျိုးပါဘုရား )၊ အဆိပ်စားတဲ့အမျိုး၊ သေခြင်းဆိုး သေတဲ့အမျိုး၊ မသိုထိုက် ဆိုထိုက်....(သိုထိုက်ပါတယ်ဘုရား)၊ ဒါဖြင့် ဒုက္ခသစ္စာရယ်လို့ ဦးဘကြည်-မသိသရေ့စားကြအုံးမှာ ဘဲ....(မှန်လှပါဘုရား)။

အဲဒီတော့ - ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာပါတယ်၊ ဘုန်းကြီးက ကြံဖန်ဟောတာ မဟုတ်ပါဘူး၊ မင်းတို့ ဝေဒနာ ခြောက်မျိုးဟာ သံယုတ်ပါဠိတော်မှာ—ဝေဒနာမာရော။ ဝေဒနာ-ဝေဒနာသည်၊ မာရော-သူသတ်သမားကွ.... (မှန်လှပါဘုရား)၊ ဒါဖြင့်-ဝေဒနာခြောက်မျိုးဟာ ဘာတဲ့တုံး (သူသတ်သမားပါ ဘုရား)၊ ဟုတ်မှ ဟုတ်ရဲ့လားလို့ ရှောက်ရှာ၊ ဒီ-ဝေဒနာသည် ခံစားရင်းသေကြတာဘဲ၊ (မှန်ပါဘုရား)။

ဒီ-ဝေဒနာကို လိုချင်ရင်၊ ရချင်ရင်၊ မတ်တတ်နဲ့ တချို့ ရှာရင်းသေတယ်။ တချို့ မျိုရင်းသေတယ်၊ တချို့ အနံ့ သင့်ပြီး သေတယ်၊ ဦးဘကြည်၊ ဘယ်လောက်ဆိုးတယ်ဆိုတာပေါ်ကြပြီလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့၊ ခုနင်က တိရစ္ဆာန်မို့လို့ ဆိုစရာရှိတယ်၊ (မှန်ပါဘုရား)။ ခင်ဗျားတို့ လူလိုတော့ ဆိုင်းဘုတ် ဆွဲတာဘဲမဟုတ်လား၊ စားပုံ သောက်ပုံတွေကတော့ တိရစ္ဆာန်စားပုံ သောက်ပုံနှင့် အတူတူဘဲ၊ နှုပ်သီးနဲ့ ပါးစပ်ဘဲကွာတယ်၊ ရိပ်မိကြပြီလား? (ရိပ်မိပါပြီဘုရား)။ အတော်မဆိုးဘူးလား?၊ (ဆိုးပါတယ်ဘုရား)။

အဲဒါသေသေချာချာဝေ့ွးမှ ဩော်-ဒို့အဆိပ်သီးစားနေတာပါလား၊ ဒို့ဟာတော်တော်မိုက်ပါလား၊ ဒို့-အဘိုးတွေ ဒို့-အဘွားတွေ ဒို့-အမျိုးတွေဟာ ဒီအဆိပ်သီးရှာရင်း စားရင်းနဲ့ သေကြတာဘဲ၊ သဘောကျပြီလား? (ကျပါတယ်ဘုရား)၊ သေတာက ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ လမ်းမဆုံးသေးဘူးလား? (ဆုံးပါတယ်ဘုရား)။ သူက-လာတယ်ဆိုတာ

မသေချာဘူးလား? (သေချာပါတယ်ဘုရား)၊ ဝေဒနာကသတ်တာချည်းဘဲဆိုတာ ဒကာ့ဒကာမတွေ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဝေဒနာသည် ခင်ဗျားတို့အား သတ်တတ်တဲ့ဝေဒနာ မာရော-ကိုးဗျ။ ရှင်းကြပြီလား?(မှန်ပါဘုရား)၊ ဒါဖြင့် သုံးဆယ့်တဘုံ အလုံးစုံမှာ ဒီ-ခန္ဓာငါးပါး တည်းဟူသော အပင်မှာ ဒီအသီး ဒီအပွင့်တွေက ပွင့်နေတာ၊(မှန်ပါဘုရား)။ စက္ခုသမ္ဖဿဝေဒနာဆိုတာ ဝမ်းထဲရှိနေတာကိုး....(မှန်ပါဘုရား)၊ ရှိနေတော့ သူကလဲဘာကိုမှ ကြိုက်လေ့ရှိတုံးဆိုတော့ အဆိပ်မှကြိုက်တယ်၊သဘောကျပြီလား? (ကျပါပြီဘုရား)။

အဲဒီတော့ ဒီဟာတွေ ဒါတွေဟာ အဆိပ်တွေဘဲ၊ ဒါပေမဲ့ ခင်ဗျားတို့ကလဲ သုခကြိုက်တွေဖြစ်နေတော့ သုခဘဲ လျှောက်ရှာတယ်၊ (မှန်ပါဘုရား)။ သုခ-ဘယ်နှစ်မျိုးတွေ့ကြတုံး(ခြောက်မျိုး တွေ့ပါတယ်ဘုရား)၊ ခြောက်မျိုးဟာ ဘာတွေနဲ့တူပါလိမ့် (အဆိပ်နဲ့တူပါတယ်ဘုရား)၊ ကြိုက်တဲ့ပုဂ္ဂိုလ်ကို ဘာလုပ်မလဲ၊ (သတ်မှာပါဘုရား)၊ ကြိုက်တဲ့ပုဂ္ဂိုလ်ကို သတ်တယ်။

ဒါဖြင့်-သုခကို မကြိုက်ရင်....(မသတ်ပါ ဘုရား)။ သြော်—သတ်တတ်တဲ့သုခလို့မသိရှာဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆက်ကြည့်တော့မှ သြော်-သူ့ကြောင့်ကိုးလို့ ပေါ်ပါတယ်၊ (မှန်ပါဘုရား)၊ ဝေဒနာ့ တဏှာ့ ဥပါဒါန့် ဘဝ့ ဇာတိ့ ဇရာ့ မရဏတွေဟာ သူက ထွက်လာတာ၊ (မှန်ပါဘုရား)။ ဒီ-အဆိပ်ပင်က အဆိပ်ဆိုတာ ဖြုံးကနဲ သေတာမဟုတ်ဘူး၊ ဖြေးဖြေးခြင်းသေတာ၊ ရိပ်မိကြပြီလား? (မှန်ပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ အခု-တောပစ်နေတဲ့ မုဆိုးတွေ ပစ်နေတဲ့ တဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ သုံးဆွေ့ခုန် ဆို သလိုဘဲ ဒီ-အဆိပ်မျိုးတွေ....(မှန်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ဒီခြောက်မျိုးများရှိနေရော့သလား? (ရှိပါတယ် ဘုရား) ရှိတယ်။ မရှိရင်ဘာလုပ်ကြသတုံး၊ (ရှာပါတယ်ဘုရား) ရှာတယ်၊ ခက်လိုက်တာ၊ မရှိပြန်တော့....(ရှာပါတယ်ဘုရား)-ဘာရှာတာတုံး၊ (သေခြင်းကောင်း ရှာတယ်ဘုရား)၊ ဩော်၊ သေခြင်းကောင်း သေချင်လို့လား? (သေခြင်းဆိုးသေချင်လို့ ပါဘုရား)၊ ဖြစ်မှဖြစ်ရလေဗျာ။

ဩော်-အတော်ဆိုးနေပါပေါ့လား?(မှန်ပါ ဘုရား)သေသေ ချာချာ ဥာဏ်နဲ့နားထောင်မှ ဒီဥစ္စာက အဆိပ်တွေ၊ ဒါက အဆိပ်ပင်ကြီး၊သူကသီးတာဗျ၊(မှန်ပါဘုရား)။ ခန္ဓာငါးပါးက သီးသွားတာပါ၊ (မှန်ပါဘုရား)။ ဒီအဆိပ်သီးတွေကို ခင်ဗျား တို့ကဘဲ နေ့တိုင်းလိုလိုဘဲ မျက်လုံးဘက်က မရှာကြဘူးလား?၊ အထည်အလိပ်ဆန်းကလေးတွေ ပြောင်းပြောင်းပြီး သကာလ ခင်ဗျားတို့ ဝတ်ဆင်နေကြတာ မျက်လုံးချမ်းသာမှု၊ (မှန်ပါ ဘုရား)။

အသံတွေက ဘာသံ၊ သားသံ၊ သမီးသံ၊ ဆွေသံ မျိုးသံတွေ မကြားရလျှင် ခင်ဗျားတို့ ဘယ်သွားကုန်တုန်း၊ မမေးကြဘူး လား?၊ (မေးပါတယ်ဘုရား)။ မေးတယ်ဗျ။ အဲဒါ သူတို့အသံ လေးတွေ ကြားရတော့ စိတ်ချမ်းသာရင် သုခဝေဒနာလေး မပေါ်ဘူးလား? (ပေါ်ပါတယ်ဘုရား)။ ဒါလေး ဘာပါလိမ့်၊ (အဆိပ်ကလေးပါဘုရား)။ အဆိပ်ကလေး ရှာကိုရှာတာဗျ၊ မရှိလျှောက်ရှာတာဘဲ။

ဒကာ-ဒကာမတို့ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။ အဲ-နှာခေါင်းဘက်ကလဲ ဒကာ-ဒကာမတို့ မွှေးမွှေးကြိုင်ကြိုင်လေးတွေ ကိုယ်-ကိုယ်တိုင်လဲ ကြိုက်တယ်၊ သားတွေ သမီးတွေလဲဘဲ သုတ်လိမ်းပေးတယ်ဆိုတာ ဦးဘကြည်ငြင်းဘို့လိုသေးသလား?၊ (မလိုပါဘုရား)။

အဲဒါတွေ ဘာ-ဝေဒနာပေါ်လို့တုံးဗျ၊ (သုခဝေဒနာပါဘုရား)။ သုခဝေဒနာလာလျှင် တဏှာ,ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ,မရဏက နေရစ်မှာလား?(မနေရစ်ပါဘူးဘုရား)။မနေရစ်တော့ သူက စပြီး သတ်တော့မှာဘဲဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

ကောင်းပြီ၊ လျှာဘက်ကလဲ ဒကာ-ဒကာမတို့ ဈေးထဲမျှားသွားပြီး အပုပ်အစပ်တွေ စုဝယ်သလား၊ လပ်လပ်ဆပ်ဆပ်တွေ စုဝယ်သလား? (လပ်လပ်ဆပ်ဆပ်တွေ စုဝယ်ပါတယ်ဘုရား)။ ဘာဖြစ်ချင်လို့ပါလိမ့်၊ သုခဝေဒနာအဆိပ်ဖြစ်ချင်လို့၊ ပေါ်ပြီလား? (မှန်ပါဘုရား)။

ဒီ-သုခဝေဒနာအဆိပ်က ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရှာစယ်ပြီး၊ ခင်ဗျားတို့ကိုယ်တိုင် ဒီအဆိပ် မျိုမှာလား မမျိုဘူးလား?၊ (မျိုမှာပါဘုရား)။ ဒါမှ အန္တရာယ်ကင်းမှာကိုးဗျ။ ခင်ဗျားတို့ ဒါချည်း မျိုနေတော့မခက်ဘူးလား၊ ဝေဒနာပစ္စယာ တဏှာက လာမှာလား မလာဘူးလား? (လာပါတယ်ဘုရား)။ တဏှာလာရင် ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏ ကကော (လာမှာပါဘုရား)။ အဲ-ဒါဖြင့် အဆိပ်မျိုကတည်းက မကြာပါဘူး သေတော့မှာ၊ မသေရပေဘူးလား? (သေရမှာပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့ ကိုယ်ဘက်ကလဲ အထည်အလိပ် ဒါချည်း ပေါ်တော်သလား၊ အဆင်ပြောင်းပြီးသကာလ ဝတ်ကြသလားလို့ မေးလျှင် ဘယ့်နှယ်ပြောကြမလဲ(ပြောင်းပြီး ဝတ်ပါတယ်ဘုရား)။ ဒီဟာမကောင်းဘူး ဟိုဟာကောင်းတယ် ဆိုပြီးသကာလ အထည်အလိပ်တွေ လက်ဝတ်လက်စားတွေကို ပြောင်းပြောင်းပြီးမဝတ်ကြဘူးလား?(ဝတ်ပါတယ်ဘုရား)။

ဟိုဟာမှကြိုက်တယ်, ဒီဟာမှကြိုက်တယ်ဆိုတော့ ကြိုက်တာက ဘာဝေဒနာတုံး၊(သုခဝေဒနာပါဘုရား)။ သုခဝေဒနာကို ဘုရားက ဘာဟောတုံး၊ (အဆိပ်ပါဘုရား)။ အဆိပ်လို့လဲ ဟောတယ်၊ မာရလို့လဲဟောတယ်၊(မှန်ပါဘုရား)။သူသတ်ယောကျ်ားဆိုတာလဲ ကိုက်ညီပြီလား?(ကိုက်ညီပါတယ်ဘုရား)၊ သူသတ်ယောကျ်ားဆိုတာ ဒကာ-ဒကာမတွေ ရိပ်မိပြီလား?၊ ရှင်းပြီနော်၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ မနေ့ပေါက်ကလဲ စိတ်ထဲမှာ ဒကာ-ဒကာမတို့ ချမ်းသာတာကိုကြိုက်သလား၊ ဆင်းရဲတာကို ကြိုက်သလား ။ (ချမ်းသာတာကြိုက်ပါတယ်ဘုရား)။ ချမ်းသာတာကြိုက်တယ်ဆိုတော့ ချမ်းသာတာ ဘာဝေဒနာတုံး(သုခဝေဒနာပါဘုရား) သုခဝေဒနာကို ဘုရားက ဘာဟောထားလဲ?(အဆိပ်ပါဘုရား) အဆိပ်လို့လဲ ဟောတယ်၊ သူသတ်သမားလို့လဲ ဟောတယ်၊ အတူတူဘဲ။ အဆိပ်ဆိုတာလဲ သတ်တာဘဲ၊ သူသတ်သမား ထားတော့ကော သတ်တာဘဲ။ သတ်တာဘဲဆိုတော့ ခင်ဗျားတို့က မိုးလင်းလာလျှင် ဘာရှာကြသတုံးဆိုတာ မေးပေတော့၊ ဘာရှာကြသတုံးသာ မေးပေတော့ဆိုလျှင် (သူသတ်သမား ရှာပါတယ် ဘုရား)။

အဲ—သတ်မဲ့လူ ရှောက်ရှာတယ်၊ ဒီသတ်မဲ့လူ မတွေ့သေးလို့ ရှိလျှင်ဖြင့် ဒီနေ့ စိတ်ချမ်းသာပါသလား မချမ်းသာဘူးလား?၊ (မချမ်းသာပါ ဘုရား)။ သတ်မဲ့လူ တွေ့လျှင်ဖြင့် (ချမ်းသာပါတယ်ဘုရား)။ ဘယ်လောက်မျက်စေ့လည်နေသလဲ၊ ပေါ်ပြီလား?၊ ဒကာ-ဒကာမတို့ ဩော်—သစ္စာမသိတာ ဦးဘကြည်တော့ ဟောနေတဲ့ပုဂ္ဂိုလ်ကိုယ်က ကြာတော့သံဝေဂရလာတယ်၊ ခင်ဗျားတို့ကိုက ထူလွန်းလို့ ပြောရတဲ့ပုဂ္ဂိုလ်က ကြာတော့ မပြောချင်လောက်အောင်ဖြစ်လာတယ်။

ဘယ့်နှယ်ဖြစ်တာတုံးဆိုတော့ ဒကာ-ဒကာမတို့မိုးလင်းလာ ဘာရှာကြတာလဲ၊ မျက်လုံးချမ်းသာ, နားချမ်းသာမှုတွေ မရှာကြဘူးလား? (ရှာပါ တယ်ဘုရား)။ ရှာတော့ ဒါ-ဝေဒနာ ရှာတာပေါ့ဗျ၊ (မှန်ပါဘုရား)။ ဝေဒနာတွေက ဘာတွေတုံး?၊ (အဆိပ်တွေပါ ဘုရား)။ အဆိပ်လို့လဲ ဟောတယ်၊ သူသတ်ယောကျ်ားလို့လဲဟောတယ်၊ ဝေဒနာ မာရောလို့လဲဟောတယ် သဘောကျပြီလား?။

ပဋိသမ္ဘိဒါ အဋ္ဌကထာကတော့ ဝေဒနာအဆိပ်၊ (မှန်ပါဘုရား)။ ပါဠိတော်ကြတော့ ဝေဒနာဟာသူသတ်ယောကျ်ားကွ သဘောကျပြီလား? (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့ မိုးလင်း-ဘာရှာကြတုံး (အဆိပ် ရှာကြပါတယ်ဘုရား)၊ အဆိပ်ရှာကြတယ်။ သူသတ်ယောကျ်ားရှာကြတယ်၊ သူများရှာခိုင်းသလား ကိုယ်ကိုယ်တိုင် ရှာရတာ ကြွေနပ်သလား? (ကိုယ်ကိုယ်တိုင်ရှာရတာ ကြေနပ်ပါတယ်ဘုရား)။ မွှင်းတို့ခိုင်းရတာများကွာ အားပရလိုက်တာ

မပြောကြဘူးလား? (ပြောပါတယ်ဘုရား)။ မင်းတို့ခိုင်းရတာ များ မကောင်းဘူး၊ ဘယ်ဟာမှ စိတ်ချလက်ချမရှိဘူး၊ ငါ ကိုယ်တိုင်လုပ်မှ ကောင်းတယ်ဆိုတော့ ငါ့ဟာငါရှာပြီး သေရ တာ ကောင်းပါတယ်ဆိုတဲ့အခိပ္ပါယ် မရောက်ဘူးလား ရောက် သလား? (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဒုက္ခသစ္စာမသိပါဘူး၊ ဦးဘကြည် သိသေးရဲ့လား? (မသိပါဘုရား)။ ဝေဒနာဟာ သူသတ် ယောကျ်ားလို့ဘုရားကမဟောဘူးလား၊ (ဟောပါတယ်ဘုရား) အဲဒီ သူသတ်ယောကျ်ားနဲ့ မတွေ့ရတဲ့နေ့ကြလို့ရှိလျှင် ခင်ဗျား တို့ စိတ်အပျက်ကြီးပျက်တယ်၊ (မှန်ပါ)။ မျက်လုံးချမ်းသာမှု မရ၊ နားချမ်းသာမှုမရ၊ စိတ်ချမ်းသာမှုမရလျှင် ယနေ့ ဘာဖြစ် တုံး၊ စိတ်ဆင်းရဲရနေထိုင်မကောင်းဘူး၊ ဘာပြုလို့တုံး သတ်မဲ့လူ မလာဘူး၊ ဒီအဓိပ္ပါယ်ဘဲ မရောက်ဘူးလား? (ရောက်ပါတယ် ဘုရား)။

အဲဒီကြအောင် ဉာဏ်ရောက်ထားတော့မှ ဩော်-ဒီခန္ဓာ ငါးပါး အဆိပ်ပင်ကြီးက ဒီအဆိပ်သီးတွေ သီးနေသရွေ့ကာလ ပါတ်လုံးဖြင့် ဘယ်ရောက်ရောက် သေခြင်းဆိုး သေမှာချည်းဘဲ မဆိုနိုင်ကြဘူးလား? (ဆိုနိုင်ပါတယ် ဘုရား)။ အဲဒီလိုဆိုနိုင် တော့မှ ဒီခန္ဓာကိုယ် ဘယ်ဟာကြိုက်သေးတုံး၊ (မကြိုက်ပါ ဘုရား)။ မကြိုက်တော့ဘူး။

ဒကာ-ဒကာမတို့ ဒါဖြင့် မသေရရှာတော့မယ်၊ (မှန်လှပါ ဘုရား)။ အဲ—အခု သေသေချာချာသိတော့ မနက်မိုးလင်းလျှင် သတ်မဲ့လူ ရှောက်ရှာနေကဲ့အလုပ်ကြီးကို ကိုယ့်ဟာကိုယ်သိနေ

ပြီ....(မှန်ပါဘုရား)။ အဲဒီလို သိနေတဲ့ပုဂ္ဂိုလ်ကြလို့ရှိလျှင်ဖြင့် အင်း—ဒီဥစ္စာ ကင်းလဲမကင်းနိုင်၊ သူဟာ သတ်မှာကေန်ဘဲ၊ ဒို့ကလဲ မရှာဘဲမနေနိုင်ဘူး၊ တိရစ္ဆာန်မိုက် မိုက်နေတယ်၊ ဒါဖြင့် သူ့သတ်ယောက်ျား အဆိပ်တွေကို ခင်ဗျားတို့ ရှာရင်းဖွေရင်း နဲ့ဘဲ သေရမှာဘဲလို့ဆိုရှိလျှင်ဖြင့် ခင်ဗျားတို့ ကိုယ်ဟာကိုယ် ဗျာဒိတ်ပေးတာကိုက်တယ်၊ (ကိုက်ပါ တယ်ဘုရား)။

ဒကာ-ဒကာမတွေ ဘယ်လိုမျှားဆုံးဖြတ်ချက်ချဖုံး၊ ဟာ မရှာတော့ဘူး၊ ဘုရားကျောင်းကန် သွားပြီး တရားအားထုတ် သေပါတော့မယ် မလာဘူးလား? (မလာပါဘုရား)။ ရှာရင်း ဖွေရင်းနဲ့ဘဲ သေရမှာထင်ပါရဲ့မပြောကြဘူးလား?(ပြောကြ ပါတယ်ဘုရား)။ ရှာရင်းဖွေရင်းနဲ့ ဘာလုပ်ကြမယ်ထင်တုံး?၊ (သေရမှာပါဘုရား))။ဗြုံးကနဲ ကိုယ်-တည်ထောင်ထားတာကြီး လွှတ်ပစ်လိုက်လို့မဖြစ်ဘူး၊ ရှာရင်းဖွေရင်းနဲ့ အသေခံမယ်ဆို တော့ အတော်ဆိုးမနေဘူးလား? (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်ရှာတဲ့အဆိပ်နဲ့ ကိုယ်မျိုပြီးသကာလ ကိုယ် အသေခံမယ်ဆိုတဲ့ အဝိဇ္ဇါယ်မရောက်ဘူးလား? (ရောက်ပါတယ် ဘုရား)။ ဒါ-ဘာမသိလို့ ဒီလောကအသေခံရဲဘာသဲ(ဒုက္ခသစ္စာ ကို မသိလို့ပါ ဘုရား)။ ခြော်-ဒုက္ခသစ္စာ မသိသေးဘူးဗျ.... (မှန်လှပါဘုရား)။

ကဲ-ဦးဘကြည်တို့ ဝိသဝိသ ဘူတဒုက္ခဒဿနေန အပဘာဌော ဆိုတော့ ခုလိုသိတော့မှ အမဌကို ခင်ဗျားတို့ သဘောကျမယ်။ မသေရာနိဗ္ဗာန်ကို သဘောကျမယ်၊ နို့မို့လျှင် မကျဘူး၊ (မှန်ပါ ဘုရား)။ ဒီ—ဝိသဝိသ ဘူတဒုက္ခဒဿနေန-အဆိပ်ဖြစ်၍ နေတဲ့

ဝေဒနာ ခြောက်မျိုးကို ဒုက္ခသစ္စာဘဲလို့ မင်းတို့ သိပါမှ အမတဌာနကို ဩြဘ်-သူမရှိမှ မသေမှာကိုဆိုတာ ယုံကြည်တယ် (မှန်လှပါ ဘုရား)။ သူမရှိချင် သေစရာ ရှိသေးရဲ့လား?၊ (မရှိပါဘုရား)။

အဲ—မသေရာရှာတော့ သူမရှိမှ၊ ဒီအပင်လဲမရှိမှ၊ ဒီအသီးတွေကော၊ (မရှိမှပါ ဘုရား)။ ဒီအဆိပ်လဲမရှိမှ မသေမှာ၊ သဘောကျပြီလား? (မှန်ပါဘုရား)။ နားလည်တဲ့ပုဂ္ဂိုလ်ဖြင့်လဲ ဩြဘ်-မှားချက်က သန်လှချီလားဆိုပြီး ပြေးချင်လဲပြေးမှာဘဲ၊ ထင်မှားချက်က တယ် မသန်ဘူးလား? (သန်ပါတယ်ဘုရား)။ ဒီကနေ့ ဘယ်သွားနေကြတုံးမေးလို့ရှိလျှင်ဖြင့် ဘယ်မှခင်ဗျား တို့ တွေးမနေနဲ့၊ နောက်ကိုနေ၁် အဆိပ်ရှာထွက်တယ်၊ ရှင်းပြီလား? (တင်ပါဘုရား)။

ဒကာ-ဒကာမတွေ နက်ဖြန် ဘယ်သွားကြမတုံး မေးလျှင် ဘယ့်နှယ် ဖြေကြမလဲ၊ အဆိပ်ရှာ ထွက်ရမှာဘဲ။ အဆိပ်ရှာ ထွက်ရမှာဖြစ်ပြီးသကာလနေတော့ ရတဲ့အဆိပ်ကိုဘဲ ခင်ဗျား တို့သည် အဆိပ်မှန်းသိပြီးသကာလ လွှင့်ပစ်မှာလား မျိုကြမှာလား၊ဝေဒနာပစ္စယာတဏှာဆိုတော့ တဏှာကမျိုတာပေါ့ဗျ (မှန်ပါ)။

တဏှာလာတော့ ဥပါဒါန်မလာဘူးလား? (လာပါတယ် ဘုရား)။ ဥပါဒါန်လာကတည်းက ကမ္မဘဝတွေ မလာသေးဘူး လား? (လာပါတယ်ဘုရား)။ ဘဝလာလျှင် ဇာတိ,ဇရာ,မရဏ ကော၊ (လာပါတယ်ဘုရား)။ဩြဘ်,ဒါတွေ ဒကာ-ဒကာမတွေ ဘာမျိုမိလို့ဖြစ်ပါလိမ့်မလဲ? (အဆိပ်မျိုမိလို့ပါဘုရား)။အဲဒါ တွေ ဘဝများစွာကမျိုခဲ့တာ၊ (မှန်ပါဘုရား)။ ဘဝများစွာ

ကလဲ သေခဲ့လှပြီ၊(မှန်ပါဘုရား)။ ဒါကြောင့် အရိုး တောင်လို ပုံနေပြီဆိုတာလဲ ကျုပ်တို့အရိုး ခင်ဗျားတို့အရိုးတွေဟာ ပြောဘို့ လိုသေးရဲ့လား (မလိုပါဘူးဘုရား)။

ကဲ—ယနေ့ တရားပေါ်ပြီလား၊ ခင်ဗျားတို့အဆိပ်တွေချည်း ဘဝများစွာ မျိုလာကြတာ၊ (မှန်ပါဘုရား)။ တိရစ္ဆာန်လေး ကြည့်ပြန်တော့ အစာရှာထွက်တယ်၊ လူတွေ ကြည့်ပြန်တော့လဲ ဝတ်ဘို့ဆိုပြီး အစာရှာကြတယ်။ ဘာရှာကြတာတုံးဆိုတော့ သုခဝေဒနာရှာကြတာ။အဲဒီသုခဝေဒနာရတဲ့အခါကြလို့ ရှိလျှင် ခင်ဗျားတို့ ဘာအကျိုးရှိသတုံးလို့ မေးလို့ရှိလျှင် ဘယ့်နှယ် ဖြေကြမလဲ? (အဆိပ်သင့်ပြီး သေဘို့ပါဘုရား)။ နတ်ပြည်များ ဝေဒနာနှိပ်စက်ချလိုက်တဲ့ဖြစ်ခြင်းဗျာ၊ ဘုရား, တရား, သံဃာ အကုန်ကွယ်ပြီး သေခြင်းဆိုးနဲ့ တခါတည်း လူ့ပြည်ရောက်တဲ့ သူက ရောက်၊ မရောက်တဲ့သူက ဒယ်အိုးသွားပေါ့ဗျာ၊ (တင်ပါ ဘုရား)။ သဘောကျပြီလား?(မှန်ပါ ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ဘိုးတွေဘွားတွေအရိုးတွေပေါ်မှာမမြူတ် ရဘူးလား(မြူတ်ရမှာပါဘုရား)အဘိုးတွေ အဘွားတွေ ဘာနဲ့ သေသတုံးဆိုတော့ ဒီအဆိပ်နဲ့ တပည့်တော်တို့ ဘာနဲ့သေရ မှာတုံး၊ (ဒီအဆိပ်နဲ့ပါဘုရား)။ ဒါကြောင့် ရှာရင်း ဖွေရင်း အတော်ဆိုးမနေဘူးလား? (ဆိုးပါတယ်ဘုရား)။ ဩော် ဒါဖြင့် ဒို-ဒီခန္ဓာကိုယ် လွတ်အောင်ဟောနေတဲ့အဓိပ္ပါယ်မှတ်ပါ။ ရှင်း ပြီလား? (မှန်ပါ)။ ဘာဟောနေတာတုံး၊ (ခန္ဓာကိုယ် လွတ် အောင် ဟောတာပါဘုရား)။ ဒီအဆိပ်က နှိပ်စက်တတ်တာ၊ ခန္ဓာငါးပါးက နှိပ်စက်ခံရမှာ၊ (မှန်ပါဘုရား)။ တဲ့လျက်ချည်း ရှိနေတယ်၊ ပေါ်ကြပြီလား?(မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတွေ ဩဝါဒ-သတ္တဝါတွေ သုံးဆယ့်တဘုံမှာ တခါတည်း အရိုးတောင်နှယ်ပုံလောက်အောင် လုပ်တာ ဒီအဆိပ်ဘဲ၊ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။အဲဆိပ် ဘယ်နှစ်မျိုးပါလိမ့်၊ (ခြောက်မျိုးပါဘုရား)။ ခြောက်မျိုးမှာ သုခဝေဒနာက အဆိပ်ဗျ၊ ဒုက္ခအဆိပ်ကြတော့ ကပ်ပြီးမှ သတ်တာ၊ (မှန်ပါဘုရား)။ သူက စောစောကနေပြီးသကာလ ကျွေး ထားတာ။

ဒါဖြင့် သုခဝေဒနာက ခင်ဗျားတို့ အရှာခိုင်းတာ ဒုက္ခ ဝေဒနာက သတ်တာ ရှင်းပြီလား? (မှန်ပါဘုရား)။ ဒါဖြင့် သုခ ဝေဒနာသည် ခင်ဗျား ဖြေးဖြေးခြင်းသေအောင်က သူ့တာဝန် (မှန်ပါဘုရား)။ အသက်ထွက်အောင်က ဒုက္ခဝေဒနာတာဝန်၊ (မှန်ပါဘုရား)။ခင်ဗျားတို့ကလဲ ခန္ဓာဖြစ်ရပါလို့၏ဆိုတော့ ဒီ— သူသတ်တွေပါရပါလို၏၊ (မှန်ပါဘုရား)။

ဒါဖြင့် ဝေဒနာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ခင်ဗျားတို့ ဘဝတိုင်းသတ်လာတာသူဘဲ၊ ပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။ အဲဒီ သတ်တဲ့အဆိပ်တွေဟာ ဘယ်အပင် ယူလာသတုံးဆိုတော့ ဒီ-ခန္ဓာငါးပါးက ယူလာတယ် မဆိုနိုင် ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ ခန္ဓာ၊ ကောင်းပြီ ခင်ဗျားတို့ ဒါ-ခန္ဓာငါးပါးသူယူလာတာအဆိပ်ခြောက်မျိုးပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။ အဲဒီ အဆိပ်ပင်ကြီး ဇာတ်မသိမ်းသေးလို့ ခင်ဗျားတို့က မွေးထားတဲ့ သားသမီးတွေလဲ၊ ဒါတွေ တွဲလျက် လာမှာဘဲ....(လာမှာပါဘုရား)။

ဒီ-သားသမီးတွေက ဆက်မေးတာတွေကော....(တွဲလျက်လာမှာပါဘုရား)။ ဒါဖြင့် ဒီအမျိုးသည်ကားဆိုလို့ရှိရင်ဖြင့် ကိုယ့်ဟာကိုယ် သတ်သေတဲ့အမျိုး၊ ရိပ်မိပြီလား? (ရိပ်မိပါပြီဘုရား)။ ဘာအမျိုးပါလိမ့်....(ကိုယ့်ဟာကိုယ် သတ်သေတဲ့အမျိုးပါဘုရား)။မသိသေးဘူး၊ ခင်ဗျားတို့ အခုဖေါ်ပြောလို့ဟင်-ကိုယ့်အမျိုးကို မသိဘူး....(မှန်ပါဘုရား)။ အခုတော့ဖြင့် သေသေချာချာ ရေရေလယ်လယ်သိပြီလား?။

ဒကာ-ဒကာမတို့ ခင်ဗျားတို့အမျိုး ဘာမျိုးပါလိမ့် (ကိုယ့်ဟာကိုယ် သတ်သေတဲ့အမျိုးပါဘုရား)။ မင်းမျိုးလား, သူဌေးမျိုးလားလို့ စဉ်းစား မနေပါနဲ့တော့။ ဒကာ ဒကာမတို့ ကိုယ့်ဟာကိုယ် သတ်သေတဲ့အမျိုးဆိုတာ ရိပ်မိပြီလား?(မှန်ပါဘုရား)။ ဘာပြုလို့ ကိုယ့်ဟာကိုယ် သတ်သေတဲ့အမျိုး၊ လူဖြစ်ရပါလို၏၊ ကိုင်း—ဒါမပါဘူးသားဗျာ (ပါ-ပါတယ်ဘုရား)၊ နတ်ဖြစ်ရပါလို၏....(ပါ-ပါတယ်ဘုရား)။ ဗြဟ္မာ ဖြစ်ရပါလို၏ (ပါ-ပါတယ်ဘုရား)။ အတူတူဘဲမဟုတ်လား?။

ဒါဖြင့် ဒကာ-ဒကာမတို့ ဒုက္ခသစ္စာ ကောင်းကောင်းကြေနပ်ပြီလား?(ကြေနပ်ပါပြီဘုရား)။ ဒီ-ဝေဒနာခြောက်မျိုးကလဲ သတ်တတ်သောကြောင့် ဒုက္ခသစ္စာ....(မှန်လှပါဘုရား)။ ခန္ဓာငါးပါးကလဲ အသတ်ခံရသောကြောင့် ဒုက္ခသစ္စာ။ ဒါဖြင့် ဘယ်ဒုက္ခသစ္စာ ခင်ဗျားကို မဲချယူမလဲ....(ဘယ်သစ္စာမှ မယူပါဘုရား)။

အဲဒီကြတော့မှ ဩော် ဒါသေတတ်တဲ့သဘောတွေဘဲ၊ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဒါဖြင့် သေတတ်တဲ့သဘောသိလို့

ရှိရင်ဖြင့် မသေတတ်တဲ့နေရာကို ခင်ဗျားတို့ ဒါက အဆိပ်လဲ မရှိဘူး၊ အဆိပ်ပင်လဲမရှိဘူး၊ အဆိပ်သီးအဆိပ်ပွင့်တွေကော…. (မရှိပါ ဘုရား)။ အဲ–ခန္ဓာမရှိမှ ခင်ဗျားတို့ အသေလွတ်မယ်၊ သဘောကျပြီလား? (ကျပါတယ်ဘုရား)။ ဒါဖြင့် ဘဝများစွာ သံသရာမှာ ခင်ဗျားတို့ ဒီနေရာမရောက်ခဲ့တာသည် ဘာပြုလို့ မရောက်ခဲ့ပါလိမ့်မလဲ ဆိုတော့ အတိုးသေတာလဲ မကြိုက်ဘူး၊ ကိုယ်သေမှာလဲမကြိုက်ဘူး….(မှန်ပါဘုရား)၊မကြိုက်တာတော့ အမှန်ဘဲဗျ။

ခင်ဗျားတို့ ပါတော့ပါတန့်သလောက်ကလေးတော့ပါတယ် သစ္စာကြအောင်တော့မပါဘူး။ အခု-အမေ့အဖေသေတာကော ခင်ဗျားတို့ ကြိုက်ကြရဲ့လား? (မကြိုက်ပါ ဘုရား)။ ကိုယ် သေမှာကော….(မကြိုက်ပါဘုရား)။ ဩော်–သေတော့ မသေ ချင်ဘူး၊ သူ့ဟာက သေဘို့ရာအလုပ်က သေချာနေလို့သာ သေလိုက်ရတာ….(မှန်ပါဘုရား)။ မသေချင်တာတော့အမှန်ဘဲ၊ သို့သော်လဲ ကိုယ့်လည်ပင်းကိုယ် ကြိုးတတ်လာတာကတော့ ဖြုတ်မရဘဲဖြစ်နေတယ်၊ ရှင်းကြပြီလား? (ရှင်းပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဘဝများစွာ သံသရာက မသေချင်တာနဲ့ဘဲ အမျိုးမျိုးအဖုံဖုံ ကိုယ့်ဘာသာအရ ကိုယ့်ကိုးကွယ်ကြတာ ပေါ့ဗျာ၊ ကိုးစားရာ ရှာကြတာ။

ဒကာ-ဒကာမတွေ လောကီရှာရှာ, လောကုတ္တရာ ရှာရှာ၊ ဒကာ-ဒကာမတို့ ဒါ-ဘာဖြစ်လို့ရှာကြတာတုံး၊ မသေချင်လို့၊ ရှင်းပြီလား? (မှန်ပါဘုရား)၊ ဆေးတွေ ဝါးတွေခင်ဗျားတို့ အဘိုးထိုက် အရင်းတန်ကို စျေးမမြင်ပါဘူး၊ ကျမ္မာတယ်ဆိုရင်

တော်ပါပြီဆိုတာ အားကိုးရာရှာတာ....(မှန်ပါဘုရား)။ ဘာဖြစ်လို့တုံး၊ မသေချင်လို့။

ဩော်—မသေချင်လို့ ခင်ဗျားတို့ ဆေး-အားကိုးပေါ့ဗျာ။ တချို့ကြတော့ ကိုယ်-ကိုးကွယ်ရာ ဘာသာကို အားကိုးကြတာတွေလဲ မရှိဘူးလား?(ရှိပါတယ်ဘုရား)၊ရှိပင်ရှိငြားသော်လည်း ခင်ဗျားတို့က ဒီ-ဒုက္ခသစ္စာ နှိပ်စက်တတ်တာနဲ့ နှိပ်စက်ခံရတာ နှစ်ခုကို မကွဲသရွေ့ကာလပါတ်လုံး ရှာတာဟူသ၍ အလွဲချည်းဘဲ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ ရှိဘူးရဲ့လား?(မရှိဘူးပါဘုရား)။ ဘာလွတ်မလဲ-တဲ့။ ခင်ဗျားတို့က သစ္စာကို သိတဲ့ဉာဏ်နဲ့မရှာဘူး....(မှန်ပါဘုရား)။ ကိုယ်သိတဲ့ဉာဏ်နဲ့ကော မရှာဘူး၊ ရှာတော့ ဝေဒနာအကြောင်းကောင်းကောင်းသိသေးရဲ့လား? (မသိပါဘုရား)။

မသိတဲ့အခါကြလို့ရှိလျှင်ဖြင့် သေတတ်တဲ့ခန္ဓာကြီး ပွေ့ထားပြီးကော့ မသေရာရှာတော့ မတွေ့ပါဘူး။ ဒီတခါ ဒီသေတတ်တာကြီးကို စွန့်ပြီးသကာလ မသေရာရှာလျှင်တော့ တွေ့မှာပါ၊ သူ့ကိုမခင်ဘဲနဲ့ သမုဒယချုပ်ပြီးသကာလ ခင်ဗျားတို့ ဖြစ်ပျက်ပြင်အောင်ကြည့်၊ ဖြစ်ပျက်မုန်းအောင်ကြည့်၊ ဖြစ်ပျက်ဆုံးအောင် ကြည့်လိုက်လို့ရှိလျှင်ဖြင့် သူ့ကို သေတတ်တာကောင်းကောင်းကြီး မသိပေဘူးလား? (သိပါတယ်ဘုရား)။ သိလိုက်ပြီဆိုမှဖြင့် အင်း—သေတတ်တာကြီးသိတော့ သေတတ်တာကြီးကိုဖြင့် မကြိုက်တော့ပါဘူးကွာလို့သာ မဂ်ဉာဏ်ပေါ်အောင် လုပ်လိုက်....(မှန်ပါဘုရား)။

နိဗ္ဗိန္ဒဉာဏ်ဝိရဇ္ဇတိဖြစ်အောင်လုပ်ပါ (မှန်ပါဘုရား)။ဝိရဇ္ဇတိ သာတ်ခြင်း ကင်း၏၊ ဒီသေဘတ်ဘာကြီးကို မလိုချင်ခြင်း

အရောက် ထိအောင် ရှုပစ်လိုက်စမ်း....(တင်ပါဘုရား)။ ဟော-ဒါ မသေရာအမှန် တခါတဲပေါ်လာတယ်၊ သဘောကျပြီလား?၊ (မှန်ပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဆရာဘုန်းကြီးဆီမှာ လုပ်နေတဲ့ အလုပ် ဒကာတွေရော့, ဒကာမတွေရော ပြောသံ-အခုမှ မသေရာတွေ့တယ်ဆိုတာ ခင်ဗျားတို့အမှန်ဘဲ(မှန်လှပါဘုရား)။ အလုပ်မလုပ်သေးတဲ့ပုဂ္ဂိုလ်တွေ လုပ်ဖြစ်အောင်လုပ်ပါ၊ မသေရာကို ခင်ဗျားတို့ အခုအခါ တွေ့ရမယ်....(မှန်ပါဘုရား)၊ သေမှတော့ မတွေ့နိုင်ဘူး၊ မသေရာကို ခုကတည်းက တွေ့အောင်ရှာထားပါ....(မှန်လှပါဘုရား)၊ ရှာနည်းကိုတော့ ဘုန်းကြီးပြောပြီကော။ ဒီ ဝေဒနာသာ ဖြစ်ပျက်မြင်အောင်ရှု....(မှန်လှပါဘုရား)။

ဒကာ-ဒကာမတို့ ဝေဒနာသုံးမျိုးရှိတဲ့အနက်က ဖြစ်ပျက်ရှု၊ (မှန်ပါဘုရား)။ ဒါ-သုခမို့ ခြောက်မျိုးပြောတာဟာ ဒွါရနဲ့ ဝေဖန်လိုက်လို့ ကိုထွန်းဦးရဲ့ ခြောက်မျိုးဖြစ်တာ....(မှန်ပါဘုရား)။ စင်စစ်တော့ သုံးမျိုးနဲ့မပြီးဘူးလား? (ပြီးပါတယ်ဘုရား)။သုခ,ဒုက္ခ,ဥပေက္ခာနဲ့မပြီးဘူးလား(ပြီးပါတယ်ဘုရား) အဲဒါကို ရှုလိုက်ပြီဆိုမှဖြင့် ရှုဘာက-မဂ္ဂဆိုတာ မကြာခဏ ပြောတယ်....(မှန်ပါဘုရား)။

ဝေဒနာသုံးမျိုး ဖြစ်ပျက်က-အနိစ္စ။ အင်း—ရှုတာက မဂ္ဂ၊ ဘယ်မှာတုံး၊ဘာတဏှာလာသေးလား မလာပါဘူး။ ဒီ-ဝေဒနာ နဂိုရိုတုံးက ဝေဒနာအဖြစ်နဲ့ နေရင်သာ အဆိပ်ကိုဗျ။ အခု-အဆိပ် ဖြစ်ပါသေးရဲ့လား? (မဖြစ်ပါဘုရား)။ အဆိပ်မဖြစ်တော့၊ အနိစ္စဖြစ်သွားတယ်၊ အဆိပ်မှမဖြစ်လို့ရှိလျှင်ဖြင့် ဒကာ

ဒကာမတို့ ဘယ်လိုလုပ်ပြီး သူသည် ဇာတိ,ဇရာ,မရဏ၊ဒီပဋိသန္ဓေ ကို သတ်အုံးမယ်ဆိုတဲ့ကိစ္စ၊ လုပ်နိုင်သေးရဲ့လား?(မလုပ်နိုင်ပါဘုရား)၊ မလုပ်နိုင်ဘူး။

မလုပ်နိုင်တာ မဂ္ဂတားတယ်၊မကားဘူးလား?(တားပါတယ်ဘုရား)။ ရှုလိုက်တာက ဘာဆိုကြမယ်-မဂ္ဂ။ ရှုတာက မဂ္ဂဖြစ်နေကတည်းကိုက အင်း-ဝေဒနာက အနိစ္စ၊ ရှုတာက မဂ္ဂဆိုသဖြင့် ကိုထွန်းဦး, ဘယ်မှာသာလျှင် သူသည် ဿေရာဠွာနကျအောင် ပို့နိုင်သေးရဲ့လား? (မပို့နိုင်ပါဘုရား) မပို့နိုင်ဘူး။ မပို့နိုင်တော့ သူကလဲ အဆိပ်ဖြစ်သေးရဲ့လား? (မဖြစ်ပါဘုရား)။ ဝေဒနာပစ္စယာဆိုလို့ကိုမရဘူး။ ရသေးရဲ့လား?(မရပါဘုရား) ဝေဒနာပစ္စယာဆိုလို့ကို မရတော့ဘူး....(မှန်ပါဘုရား)။

အဲဒီတော့ ဝေဒနာနိရောဓာ ဒီဘက်က တဏှာနိရောဓာ ဖြစ်မလာဘူးလား? (လာပါတယ်ဘုရား)၊ ကောင်းပြီ ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓာ ဖြစ်သွားတော့၊ ဒုက္ခနိရောဓာ၊ ဇာတိ, ဇရာ, မရဏ နိရောဓာ မဖြစ်နိုင်သေးဘူးလား?၊ (ဖြစ်နိုင်ပါတယ်ဘုရား)၊ ဩော်-ခုမှ မသေရာဖြစ်လေတော့တယ် ဆိုတာ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)၊ သို့ယော်--ဒါက အလုပ်စည်းနဲ့လဲ တွဲအုံးမှ.... (မှန်ပါဘုရား)။ အလုပ်စည်းနဲ့ မတွဲလို့ရှိလျှင်လဲ ဒကာ-ဒကာမတွေက သိပါ့မလား? (မသိပါဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတို့ ပုံတခုပြောချင်တယ်၊ ယုန်ဆိုတာမျိုးဟာက ကိုထွန်းဦးရ၊ နေလည်ကြလို့ရှိလျှင် ဘယ်အကောင်မျိုးမဆို ဘူကြောက်ရတယ်....(တင်ပါဘုရား)။ သိန္ဒ•

စွန်လဲ ကြောက်ရတာဘဲ၊ ခွေးလဲ ကြောက်ရတာဘဲ၊ ကျားလဲ ကြောက်ရတာဘဲ။ ကြောက်ရတော့ နေ့လည်ကြလို့ ရှိလျှင် ဘယ်အကောင်မျိုးမဆို သူ့ကြောက်ရတယ်။ ကြောက်ရတော့ ဝပ်ကျင်းလေးတူးပြီး ချုံပုတ်ကလေးထဲမှာ ဝပ်နေတယ်၊ ဘယ်မှ မထွက်ပါဘူး၊ ကျင်ငယ်စွန့်လဲ ဒီဝပ်တဲ့အထဲဘဲ၊ ကျင်ကြီး စွန့်တော....(ဒီဝပ်တဲ့ကျင်းအထဲမှာပါဘုရား)။

ဒါဖြင့် ဒီမြေပေါ် ဖြင့်နေမနေချင်ဘူး၊ ကျင်းကြီးထဲကျင်ငယ် နံသပေါ့လေ၊ ဒီမြေပေါ်မနေချင်လို့ ထ-ထခုန်တယ်၊ ဘယ် နေရာကျမယ်ထင်ကြလဲ၊ ဒီမြေပေါ် ကျမယ်။ ဒီတော့ သူမနေချင် ပေမဲ့လဲ ဘာဖြစ်နေလဲ မြေပေါ် ပြန်ကျတယ်၊ မြေမုန်းလို့ ခုန်၊ မြေပေါ် ပြန်ကျတာဘဲ။ အမျိုးမျိုး အဖုံဖုံ ကိုးကွယ်ကြသော်လဲ သစ္စာထိအောင်တော့ မရောက်ခဲ့ဘူး(မှန်ပါဘုရား)။ အဲဒီတော့ အမျိုးမျိုးအဖုံဖုံ ကိုးကွယ်းခြင်းကြောင့်လဲ ဒီသေတဲ့မြေပေါ် ပြန်ကျတယ်၊ မကျဘူးလား? (ကျပါတယ်ဘုရား)။

ကောင်းပြီ, ဒါဖြင့်-ခင်ဗျားတို့သည် ယုန်သဘော နောက် တုန်းက ဖြစ်ခဲ့တယ်၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။ ဘယ်သဘောဖြစ်ပါလိမ့်ဗျာ....(မြေပေါ် ပြန်ကျပါတယ်ဘုရား) အေး—မြေပေါ်မှာ မနေချင်လို့ ခုန်တာ မြေကမလွတ်နိုင်ဘူး၊ သဘောကျပြီလား? (မှန်ပါဘုရား)။

ခင်ဗျားတို့ နောက်တုံးက မအိုချင်, မနာချင်, မသေချင်ဘူး ဆိုတာ ဘုန်းကြီးယုံတယ်....(တင်ပါဘုရား)။ အမေ အဖေတွေ သေတော့ မကြိုက်လို့တောင် ငိုကြသေးတာကိုးဗျ....(မှန်ပါ

ဘုရား)။ ကိုယ်လဲသေရတော့မယ်ဆိုလို့ရှိလျှင်ဖြင့် ကယ်တော်မူပါ၊ ယူ့ခတော်မူပါဆိုတော့ ဒါ-မကြိုက်လို့ပေါ့နော်....(မှန်ပါဘုရား)။

သို့သော်လဲ့ ဒီဓသကောင်းဘဲပြန်ကျတယ်။ ဘာပြုလို့တုံး၊သစ္စာမသိလို့၊ သဘောကျပြီလား? (မှန်လှပါဘုရား)၊ သစ္စာမသိတော့ ဒီမြေပေါ်ဘဲပြန်ကျတယ်....(မှန်ပါ ဘုရား)။ အခု-သစ္စာသိသွားပြီးတဲ့ ဒကာ-ဒကာမတို့ သူတို့သုံးခုဖြစ်ပျက်တာ ဘာသစ္စာတုန်း....(ဒုက္ခသစ္စာပါ ဘုရား)။ သိတာက ဘာတုန်း?၊ (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာ ပေါ်လာတယ်ဆိုလို့ရှိလျှင်ဖြင့် ဒုက္ခတင် သိတာမဟုတ်ဘူး၊ သူ့ကိစ္စက နိရောဓလဲ မြင်တာ၊ သဘောကျပြီလား? (မှန်ပါ ဘုရား)။ ဒုက္ခတင် သူသိတာလား မဟုတ်ပါဘူး၊ သူက တပြိုင်နက် သစ္စာလေးချက်ကို သမုဒယ သတ်တာလဲ မသေချာဘူးလား? (သေချာပါတယ် ဘုရား)။ နိဗ္ဗာန်မြင်တာကော....(သေချာပါတယ်ဘုရား)။ မသေတာကို မြင်တာလဲ မသေချာဘူးလား?(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့သည် အလုပ်လုပ်မှမြင်မှာ(မှန်လှပါဘုရား)။အလုပ်လုပ်တဲ့အခါ ဒုက္ခသစ္စာဖြစ်ပျက်ကို ရှုမှုကြိုးစားကြပါ၊ ဒါမှသာလျှင် အမတဓာတ် ဆိုတာ သဘောကျမယ်....(မှန်လှပါဘုရား)။ ဒါဖြင့် ဒုက္ခသစ္စာကြီး အဖန်ဖန်ဖြစ်နေတာ သူ့အဆိပ်နဲ့သူသေတာကို အဖန်ဖန်မြင်မှသာလျှင် အမတဓာတ် ဆိုတဲ့ မသေရာနိဗ္ဗာန်ကို သဘောကျမယ်။ နို့မို့လျှင် မကျပါဘူး၊ဒါဖြင့် ဒကာဒကာမတို့၊ဒီဥစ္စာအလုပ်သဘောနဲ့မှဖြစ်နိုင်တဲ့ တရား.... (မှန်လှပါဘုရား)။ ဒီအတိုင်းဘုတောင်းနဲ့ပရဘူး။

ကဲ....ဦးဘကြည် ဘယ်လိုသဘောနဲ့ စဉ်းစားကြည့်မလဲ.... (အလုပ်သဘောနဲ့ပါဘုရား)။ သူ-ဒုက္ခသစ္စာကိုမြင်ပါမှ (မှန်ပါဘုရား)။ သူသတ်တတ်တဲ့သဘောကိုသိပါမှ၊သဘောကျပြီလား၊ (မှန်ပါဘုရား)။ ဒါဖြင့် ဒီဝေဒနာက္ခန္ဓာသုံးပါးဟာဘုရားက ဘာဟောထားလဲ (အဆိပ်ပါ ဘုရား)၊ အဆိပ်လို့လဲ ဟောတယ်၊ တနည်း-ဘာဟောထားတုံး....(သူသတ်ယောကျ်ားပါ ဘုရား)။ သူသတ်ယောကျ်ားလို့လဲ ဟောတယ်ဆိုတော့ ကောင်းပြီ-သူက သတ်မှာကို ဒို့ကသတ်မယ်၊ ရှင်းပြီလား?(မှန်ပါဘုရား)။

သူက ဝေဒနာအဖြစ်နဲ့ထားလျှင်တော့ဖြင့် ကိန်းရာ ပုဂ္ဂိုလ်သတ်မှာဘဲ....(မှန်ပါဘုရား)။ ကျုပ်တို့က အနိစ္စအဖြစ်နဲ့ ထားလိုက်စမ်း၊ ကိုယ်ကသတ်မယ်၊ ကိုယ်က သတ်လိုက်တဲ့အခိုပ္ပါယ်မရောက်ဘူးလား?(ရောက်ပါတယ်ဘုရား) ကိုယ်ကသတ်လိုက်တဲ့အခါကြတော့ ဝေဒနာဖြစ်ပြီး ကြည့်လိုက်တဲ့အခါ ဝေဒနာဖြစ်ပျက်ကို မြင်လိုက်တော့ ဝေဒနာက ချုပ်တယ်....(မှန်ပါဘုရား)။ဒါဖြင့်-သူ့ပေါ်က တဏှာတွေကလိုက်နိုင်သေးရဲ့လား၊ (မလိုက်နိုင်ပါ ဘုရား)။

ဟာ–ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓောဖြစ်သွားတော့ ဥပါဒါန်နိရောဓာ မရဏနိရောဓော မဖြစ်ဘူးလား ဖြစ်သလား? (ဖြစ်ပါတယ် ဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ကိုယ်ကသတ်လို့ရှိလျှင်ဖြင့် ဝေဒနာကမသတ်ပေဘူး....(မှန်ပါ ဘုရား)။ ဟုတ်ပါတယ် ကိုယ်ကမသတ်လျှင် ဝေဒနာက သတ်မယ်။

ဒါဖြင့် ခင်ဗျားတို့က သူ့ကို သုခတောင်းကြိုက်ပြီး စစ်ထိုး ရမှာဘဲ....(မှန်လှပါဘုရား)။ ဝေဒနာပေါ်လာလျှင် ဖြစ်ပျက် ရှုလျှင်ရှု, မရှုလျှင် သတ်မလို့လာတာဘဲ၊ ရိပ်မိကြပြီလား?၊ (မှန်လှပါဘုရား) ဝေဒနာပေါ်လာလို့ရှိလျှင် ဘာလုပ်ကြမယ်၊ (ဖြစ်ပျက်ပို့ရှုမှာပါဘုရား)။ မရှုလျှင် ဘာလုပ်မယ်ထင်သလဲ၊ (သူက သတ်မှာပါဘုရား)။ သူက သတ်မှာဘဲဆိုတော့ ခင်ဗျား တို့ကလဲ သတ်မဲ့ဝေဒနာကို ရှောက်ရှာပြီးသကာလ နေတော့ အတော်ဆိုးနေတယ်၊ မဆိုးဘူးလား? (ဆိုးပါတယ် ဘုရား)။ ဘာဖြစ်လို့၊ အသက် ရှည်ချင်လို့လား, သေချင်လို့လားလို့ ကျုပ်ကမေးချင်သေးတယ်၊ဘယ့်နှယ်ကြောင့်ရှာတာပါလိမ့်။

ဒကာ-ဒကာမတို့ အသက်တိုချင်တဲ့အမိပ္ပါယ်ရောက်မရောက် (ရောက်ပါတယ်ဘုရား)။ အဲဒီလို အသက်တိုချင်လို့ဆိုလို့ရှိလျှင် ဖြင့် ခင်ဗျားတို့ ဒီအတိုင်းနေလဲ သေတာဘဲ၊ ဝေဒနာအထူး ရှာမနေပါနဲ့တော့၊ မဟုတ်ဘူးလား? (မှန်ပါဘုရား)။ ဒါဖြင့် ခန္ဓာကိုယ်ကြီးကို ခြေ-သေတတ်တဲ့ခန္ဓာကိုယ်ကြီး၊ သတ်တတ် တဲ့ခန္ဓာကိုယ်ကြီးလို့ ဝေဒနာမာရေ,ရုပမာရေ,သညာမာရေ သင်္ခါရ ခန္ဓာငါးပါးလုံးဟာ သူသတ်ယောကျ်ားချည်းမှတ်လိုက် သဘောကျပြီလား?(မှန်လှပါဘုရား)။

ခန္ဓာငါးပါးဟာ ဘာပါလိမ့်၊ သူသတ်ယောကျ်ားဖြစ်ပြီး သကာလ နေတော့၊ အင်း—သူမရှိမှ အသေလွတ်မှာဘဲ၊ သူတို့ ရှိနေလျှင် သေအုံးမှာဘဲ။ ဒါဖြင့် သူတို့ကို ကြိုက်ရာဖြစ်ပျက် ရှုပါ....(မှန်လှပါဘုရား)။ သူသတ်ယောကျ်ားကို ကျုပ်တို့က ပြန်သတ်၊ သဘောကျပြီလား? (မှန်လှပါဘုရား)။ အဲဒီတော့

ကျုပ်တို့က ပြန် သတ်လိုက်တဲ့အခါ ကြတော့ သူတို့သတ်စရာ လက်နက်တွေ ကုန်သွားပြီ....(မှန်ပါ)။ အပေါင်းအဖေါ်တွေ နောက်က လာသေးရဲ့လား?(မလာပါဘုရား)။မလာဘူး၊အဲဒါ ဘာတုံး၊ မဂ်နဲ့သတ်တာ....(မှန်ပါဘုရား)။

ဒါဖြင့် ရှေ့ကဖြစ်ပျက်၊ နောက်က မဂ်ဆိုလျှင်ဖြင့် ဒါ သတ်ပြီးသွားတဲ၊ ရှင်းကြပြီလား?(မှန်လှပါဘုရား)။ အဲဒီလို မဂ်နဲ့ သတ်လိုက်တော့မှ ခန္ဓာငါးပါး တည်းဟူသော ဒုက္ခအအေးခတ်တွေ ကုန်ဆုံးသွားတယ်၊ ခန္ဓာငါးပါးအသေခတ်ဒုက္ခတွေ ကုန်ဆုံးသွားတော့မှ အသေခတ်နေရာမယ် မသေခတ်အစား ထိုးလာတယ်....(မှန်လှပါဘုရား)။

အဲဒီ မသေခတ်ကိုမြင်တဲ့ဉာဏ်က မဂ်ဉာဏ်၊ (မှန်လှပါဘုရား)။ မသေခတ်က အမတဓာတ်၊ သဘောကျပြီလား ၊ (မှန်လှပါဘုရား)။ အဲဒါကို-နဂိုရှိအနေ အိုမသေတဲ စိုပြေမြဲခိုင် တည်တံ့နိုင်သော အမတဆိုတာ သူဘဲ၊ သဘောကျကြသလား၊ (မှန်လှပါဘုရား)။ ကဲ–ဒါဖြင့် တော်ကြစို့။

( သာဓု....သာဓု....သာဓု )

× × × × ×

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူသော

# သစ္စာအနက် တဆွဲခြောက်ချက်မှ

## နိယျာနဋ္ဌော တရားတော်။

ယနေ့ နိယျာနဋ္ဌောကိုပြောရမည်၊ ဒကာ-ဒကာမတို့ နိယျာနဋ္ဌောဆိုတာ ဝဋ်မှ ထွက်ကြောင်းတရားလို့ မှတ်....(မှန်ပါ)။ ဝဋ်မှ အဘယ်သို့ထွက်ပါသလဲလို့ ဒကာ-ဒကာမတို့ မေးရင် မဂ္ဂသ-မင်္ဂ၏၊ နိယျာနဋ္ဌော-ဝဋ်မှဆန်တက်၍ နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန်ဖြစ်သော တရားသည်လည်းကောင်း ဆိုသဖြင့် ကိလေသာဝဋ်, ကာမဝဋ်, ဝိပါကဝဋ်တို့မှ ထွက်မြောက်နိုင်ကြောင်း နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းအမှန်ဖြစ်သောတရားသည် နိယျာနဋ္ဌောလို့ မှတ်ပါ....(မှန်ပါဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ထွက်ရာဌာနက ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်သုံးပါး။

အဲဒီအထဲကထွက်အောင် ကုတ်ဆောင်နိုင်ကဲ့တရားက မဂ္ဂင်ရှစ်ပါး၊ အဲဒီ-မဂ္ဂင်ရှစ်ပါးက ဝဋ်သုံးပါးထဲမှ သတ္တဝါတွေကို ထုတ်ဆောင်တတ်လို့ ဘုရားကဟောတယ်....(တင်ပါဘုရား)။ အဲဒီတော့ သူများကို ပျော်-ဖျားသလား မဖျားဘူးလားလို့

စမ်းကြစမ်းပါအုံး၊ နဖူးတို ခြေထောက်တိုလို့ မေးနေဘို့လိုသေးသလား? (မလိုပါဘူးဘုရား)။ ခင်ဗျားတို့က ဆောင်ပါခိုင်းရသလား၊ သူ့သဘောအတိုင်းဆောင်သွားသလား? (သူ့သဘောအတိုင်း ဆောင်သွားပါတယ်ဘုရား)။

ဪ—သူ့သဘောအတိုင်း သူ့ဓမ္မတာက ဆောင်သွားတယ်ဆိုတာ ဒကာ-ဒကာမတွေကို ဘုန်းကြီးက ဝိပဿနာအလုပ်ပေးပြန်တယ်၊ ဝိပဿနာလုပ်ကြပြန်တယ်၊ လုပ်တော့ မဂ္ဂင်တွေက ဝမ်းထဲရောက်လာပြန်တယ် ဒီလိုရောက်လာပြန်တော့ လဲစုဆောင်းပေးပါလို့ ပြောရမှာလား၊ သူ့သဘောနဲ့ သူဆောင်တာဘဲလား၊ (သူ့သဘောနဲ့ သူဆောင်တာပါ ဘုရား)။ ဪ-ဒါဖြင့် ဒကာဒကာမတို့ အပါယ်သွားဘို့ရာလဲ အပါယ်သွားတဲ့ဓမ္မက ဆောင်သွားတာဘဲ....(မှန်ပါဘုရား)။ နိဗ္ဗာန်သွားဘို့ရာလဲ နိဗ္ဗာန်သွားတဲ့ မဂ္ဂင်က ဆောင်သွားတာဘဲ ဆိုတာဖြင့် ဪ ဒီ-ထုတ်ဆောင်တတ်တဲ့ တရားနှစ်ခုဘဲလို့ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီလို ထုတ်ဆောင်တတ်တဲ့ တရားနှစ်ခုဘဲလို့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက ဒါ-ထုတ်ဆောင်ကောင်းတွေ ဆောင်၍နေ၏။ ထုတ်ဆောင်ပုံ မကောင်းတာတွေ ပယ်လိုက်လို့ရှိလျှင် ကျုပ်တို့ ပြီးရမှာဘဲ၊ မပြီးကြပေဘူးလား? (ပြီးပါတယ်ဘုရား)။ အေး—ဒါကြောင့် ထုတ်ဆောင်ပုံကလေးဟာ ဒကာ-ဒကာမတွေက ပဌမ မူလဘူတမှာ ဘယ်လိုဖြစ်နေကြတုံးဆိုလို့ရှိလျှင် ကိုယ့်ဆုတောင်းကလေးနဲ့ ကိုယ့်ကုသိုလ်ကလေးနဲ့ သူကဘဲ ဆောင်တာဘဲလို့ ထင်ပြီးသကာလနေတော့၊ အားထုတ်မှုကောင်း

ပြီးသကာလ နှုတ်ဖျားနဲ့ ပြောရုံဆိုရုံလောက် ဆောင်တယ်လို့ ထင်လို့ရှိလျှင်လဲ ဦးချစ်ခဲ့လဲ့မှာဘဲ၊ မလွဲပေဘူးလား? (လွဲပါ တယ် ဘုရား)။ လွဲပါတယ်။

ဒါကြောင့် ဒကာ-ဒကာမတွေ အလုပ်လုပ်မှ ဆောင်နိုင်တယ် ဆိုတာကို ယနေ့-ဆုံးဖြတ်ကြပါလို့ တိုက်တွန်းလိုက်တယ်.... (မှန်ပါ)။ ဘာနဲ့မှ ဆောင်နိုင်သလဲ....(အလုပ်နဲ့မှ ဆောင်နိုင် တယ် ဘုရား)။ အလုပ်ကမှ ဆောင်နိုင်တယ်ဆိုတာက ဒကာ-ဒကာမတို့ အဖန်ဖန်ရှုတာ။ ဒါဖြင့် အရှုခံတဲ့တရားတမျိုး၊ ရှုဉာဏ် တရား တမျိုးဆိုတော့ ဩော်-ဒီအရှုခံတဲ့တရားကို ရှုဉာဏ်နဲ့ရှုလို့ ရှိလျှင် အဲဒီရှုဉာဏ်ဟာ မဂ္ဂင်လို့မှတ်လိုက်ပါတော့၊ သဘောကျ ပြီလား?(ကျပါပြီဘုရား)။ အရှုခံတဲ့တရားကို ရှုဉာဏ်နဲ့ရှုလိုက် လို့ မြင်ကြလို့ရှိလျှင်ဖြင့် ဒါ-သမ္မာဒိဋ္ဌိဆိုတဲ့အတိုင်း မှန်ကန်စွာ မြင်တဲ့မဂ္ဂင်လာလို့မြင်တာဘဲ၊သဘောကျပြီလား?(မှန်ပါ)။

ဒါဖြင့် မဂ္ဂင်အလုပ်လုပ်လို့ရှိလျှင်ဖြင့် မဂ္ဂင်ရရာရကြောင်း မိမိခန္ဓာကိုယ်ထဲမှာ ရှက်ဆောင်နိုင်ကြလို့ရှိလျှင်ဖြင့် မဂ္ဂင်ရှစ်ပါး ခင်ဗျားတို့ ကျုပ်တို့လို ယခုရှိတဲ့ ဝိပါကဝဋ်ကြီးမှ ထုတ်ဆောင် ပေးပါလို့ သူ့ကို တောင်းပန်တိုးလျှိုးပြီးတော့နေရမှာလား၊ သူ့ဟာသူ ဆောင်သွားမှာလား? (သူ့ဟာသူ ဆောင်သွားမှာ ပါဘုရား)၊ သူ့ဟာသူ ဆောင်သွားမှာ။

ဒါဖြင့် သူ့ဟာသူ ဆောင်သွားမဲ့တရားကို ကျုပ်တို့က ကိုယ် ပိုင် ရှိဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ)။ သူ့ဟာသူ ဆောင် သွားမဲ့တရား ဘာလုပ်ရမလဲ.... (ကိုယ်ပိုင် ရှိရမှာပါဘုရား)။

ကိုယ်ပိုင်ရှိဘို့ အရေးကြီးတယ်ဆိုတာ သဘောကျပြီလား—?၊ (ကျပါပြီဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတွေ မယုံသေးလို့ရှိရင် သက်သေသာဓကေ ဘုန်းကြီးရှင်းပြလိုက်မယ်နော်....(မှန်ပါ)။

သက်သေ သာဓကေ ရှင်းပြလိုက်တော့၊ ဪ—သူ့ဟာသူ ဆောင်တယ်ဆိုတာ ခင်ဗျားတို့ ယုံကြည်ရတော့မှာဘဲ....(မှန်ပါ ဘုရား)။ ဘယ်လိုယုံကြည်ရမှာလဲလို့ မေးခွန်းထုတ်လိုက်တဲ့အခါ ကျတော့၊ ခင်ဗျားတို့ အခုတရားနာလာကြတဲ့ ဒကာ-ဒကာမထွေ ဘယ်ကလာကြတာတုံးဆိုတော့ တချို့ကလဲ ဒုဂ္ဂတိက, အပါယ် လေးပါးက လွတ်လာတာလဲ ရှိမှာဘဲ....(မှန်ပါ)။ တချို့က နတ်ပြည်ကလာတာလဲ ရှိမှာဘဲ၊ ဗြဟ္မာပြည်က လာတာကော.... (ရှိပါတယ်ဘုရား)။

အဲဒါတွေ ဒကာ-ဒကာမတို့ ကိုယ့်သဘောနဲ့ကိုယ် လာကြ တာလား၊ ထုတ်ဆောင်တဲ့တရားက ထုတ်ဆောင်ပို့လိုက်ကြတာ လား မေးတော့....(ထုတ်ဆောင်တဲ့တရားက ထုတ်ဆောင်ပေး လိုက်တာပါဘုရား)။ အဲ—ထုတ်ဆောင်တဲ့တရားက ထုတ်ဆောင် ပို့လိုက်တော့ ထုတ်ဆောင်တဲ့တရားမှာလဲ အကောင်း အဆိုး ရွေးပြီး၊ကျုပ်တို့က အကောင်းတုတ်ဆောင်တဲ့တရားကို ကျုပ်တို့ ကြိုးစားလျှင် အကောင်းကထုတ်ဆောင်ရမှာ ဘာမှငြင်းနေဘို့ မလိုဘူး....(မှန်ပါ)။

ဆုတောင်းတွေ ဘာတွေဟာ အပိုဘဲ၊ ထုတ်ဆောင်တဲ့တရား လုပ်လို့ရှိလျှင်ဖြင့် ဘာတုံး....(တုတ်ဆောင်မှာပါဘုရား)။ အခု ကျုပ်တို့ လူ့ဘဝကိုရောက်နေတယ်၊ အပါယ်ရောက်ကြောင်း တရားတွေ ကြိုးစားနေကြမယ်ဆိုလျှင် အပါယ် ထုတ်ဆောင်

သွားမှာဘဲ။ ဆုတောင်းလဲ ဆောင်မှာဘဲ၊ ဘာဖြစ်လို့တုံး ဓမ္မ နိယာမ၊ သဘောကျပြီလား? (ကျပါပြီဘုရား)။ ဓမ္မနိယာမ ဆိုတာ ရှောင်လို့ကွင်းလို့ ရကြရဲ့လား? (မရပါဘုရား)။ မရ တော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက မှန်ရမယ်။

အင်း–ထုတ်ဆောင်တဲ့တရားဟာ ဝမ်းထဲရောက်ဘို့ အရေး ကြီးတယ်၊ သို့သော် ထုတ်ဆောင်တဲ့တရားမှာလဲ အကောင်း အဆိုး ရွေးသင့်တယ်....(မှန်ပါ)။ ထုတ်ဆောင်တဲ့တရားသည် နှစ်မျိုးရှိတယ်....(မှန်ပါ)။ အကောင်းအဆိုး ရွေးပြီးသကာလ ဒကာ-ဒကာမတွေ ကိုယ်ပိုင် လုပ်ကြလို့ရှိလျှင်ဖြင့် ခင်ဗျားတို့ သည် ဒုက္ခဝဋ်ဆင်းရဲက ကျွတ်လွတ်မှာဘဲ....(မှန်ပါ)။

မဂ္ဂသာ နိယျာနဋ္ဌော-ဆိုတဲ့ အတွက်၊ မဂ္ဂသာ-မဂ္ဂသစ္စာ၏၊ နိယျာနဋ္ဌော-ဝဋ်မှဆန်တက်နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ခြင်း လမ်းကောင်းအစစ်အမှန်ဖြစ်တဲ့ တရားသည် ခင်ဗျားတို့ဝမ်းထဲ မှာရှိမှ သူကထုတ်ဆောင်သွားမှာ....(မှန်ပါ)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဒီတရားကို ဒီအတိုင်းသူ့ရောက်လာ မလားဆိုတော့ အာရုံရှိမှ ဒီတရားဝမ်းထဲ ရောက်တယ်လို့မှတ် (မှန်ပါ)၊ ရှုစရာအာရုံရှိမှ ရှုဉာဏ်ဝမ်းထဲရောက်တယ် (မှန်ပါ)။ ရှုစရာ အာရုံမရှိလျှင် ရှုဉာဏ်ဝမ်းထဲမရောက်ဘူး။

ကိုင်း–ဒီလိုလုပ်ကြပေတော့၊ ထုတ်ဆောင်ပုံ ဘုန်းကြီးရှင်းပြ မယ်နော်၊ ခင်ဗျားတို့ ခု-တရားနာကြတဲ့ ဒကာ-ဒကာမတွေဟာ ရုပ်ကောင်တွေဆိုတာတော့ ကြေနပ်ပြီလား? (ကြေနပ်ပါတယ် ဘုရား)။ ခုနကပြောခဲ့ပြီ။ ပြေးသွားလဲ ဇရာကြီးပါတာဘဲ.... (မှန်ပါ)။

ဟင်, ထိုင်နေကော....(ပါတာဘဲဘုရား)။ အိပ်နေကော....(ပါတာပါဘဲဘုရား)။ အင်း-ဒီအချိန်ကလွန်မြောက်ပြီး တော်တော်ကြာတော့ ဗျာခိဆိုတဲ့အနာကကော(ပါ,ပါတယ်ဘုရား) အင်း....သွားနေရင်းလဲ အနာရလာတာဘဲ.... (မှန်ပါဘုရား)။ တော်တော်ကြာတော့ သွားယင်း လာယင်း, နေယင်းထိုင်ယင်း နဲ့ဘဲ ဗျာဓိကနေပြီး မရဏသို့မရောက်ဘူးလား?(ရောက်ပါတယ် ဘုရား)။

ကောင်းပြီ, ဒါဟာ တပည့်တော်တို့ ဘာကောင်မို့ ဒီဥစ္စာကြီးကို မကျွတ်မလွတ်တာတုံးလို့ မေးလို့ရှိလျှင် ဝိပါကဝဋ်ကောင်မို့....(မှန်ပါ )။ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ ဘာကောင်မို့မကျွတ်တာပါလိမ့်....(ဝိပါကဝဋ်ကောင်မို့ပါဘုရား) ဒါဖြင့် သူ-မကျွတ်ပေမဲ့ သူ့ကျွတ်လွတ်ရာ ကျွတ်လွတ်ကြောင်း ကျုပ်တို့ ရှာသင့်တယ်၊ မရှာသင့်ဘူးလား? (ရှာသင့်ပါတယ် ဘုရား)။

ရှာသင့်တော့ ခင်ဗျားတို့ အိပ်မနေနဲ့၊ သားရေး,သမီးရေး စီးပွားရေးနဲ့ အချိန် ကုန်နေတယ်နော်၊ ခင် ဗျား တို့ က ဝဋ်ကောင်မှန်းမသိတော့ မကျွတ်ချင်ဘူး....(မှန်ပါ)။အခုတော့ ဒီနေ့ ဝဋ်ကောင်မှန်း သိကြပြီလား?(သိပါပြီဘုရား)။ အားလုံး ဒကာ-ဒကာမတွေ ဘာတွေပါလိမ့်....(ဝဋ်ကောင်ပါဘုရား)။ ဘာ ဝဋ်ကောင်တွေလဲ.... (ဝိပါကဝဋ်ကောင်တွေပါ ဘုရား) ဝိပါကဝဋ်ကောင်တွေ ဖြစ်နေတော့ ဇာတိ, ဇရာ, မရဏတွေနဲ့ ဒကာ-ဒကာမတွေနဲ့ ခွဲလို့ကိုရရဲ့လား?(မရပါဘုရား)။

မရတော့ ဒီဥစ္စာဟာ ဝဋ်သင့်နေတဲ့ပုဂ္ဂိုလ်မို့ ခွဲမရတာ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ ဝဋ်သင့်နေတဲ့ပုဂ္ဂိုလ်မို့ ခွဲမရ

တော့၊ ဒီဝဋ်အတွင်းမှ ထုတ်ပေးမဲ့တရား၊ ခင်ဗျားတို့ ယခုဆိုရင် ရှာသင့်ပါပြီ .. (မှန်ပါ)။ ရှာသင့်ပါပြီ။

ရှာသင့်တော့ မရှာတတ်ပြန်တော့လဲ ခင်ဗျားတို့က ဗုဒ္ဓါနုဿတိနဲ့ ရှာလိုရှာ....(မှန်ပါ)။ ပုတီးစိပ်ပြီး အနိစ္စ-အနိစ္စဆိုပြီး သကာလ ရှာလိုရှာ၊ ဆွမ်းတွေ ကွမ်းတွေ ကျွေးပြီးသကာလ ရှာလိုရှာတယ်....(တင်ပါ)။ ဒီလိုရှာကြတာတွေဟာ ဒုက္ခကြီးမှ ကျွတ်လွတ်ချင်လို့ပေါ့ဗျာ....(မှန်ပါ)။ ဆုထူးပန်ဟာဝေးသော အကြောင်းတွေသာ ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချ၊ နီးသော အကြောင်းမဟုတ်ဘူးလို့ တစ်အချက်မှတ်လိုက်ပါ (မှန်ပါ)။

ဒါဖြင့် ဒကာ-ဒကာမတွေ ယနေ့ပြမဲ့တရားသည် ဝဋ်ကျံနေပြီး အနိုးဆုံး ထုတ်ဆောင်ပြီးသကာလ ဝဋ်အတွင်းက ထုတ်ယူမယ်လို့ မှတ်ပေတော့....(မှန်ပါ)။ ဘယ်ကထုတ်ဆောင်မယ်၊ (ဝဋ်အတွင်းက ထုတ်ဆောင်ပါမယ်ဘုရား)၊ နောက်ပြီး ဘယ်ပို့မယ်....(နိဗ္ဗာန်ပါ ဘုရား)။ နိဗ္ဗာန်ပို့တော့ ဝဋ်အတွင်းက ကော....(ထုတ်ဆောင်ပါမယ် ဘုရား)။ သဘောကျပြီလား?၊ (ကျပါပြီဘုရား)။

ဝဋ်ထဲကထုတ်ပြီး ဝဋ်ကင်းရာနိဗ္ဗာန်ပို့မဲ့ အလုပ်လုပ်ပုံကို ရှင်းပြမယ်....(မှန်ပါ)။ ဒီလို လုပ်ပုံကိုရှင်းပြတဲ့အခါကြတော့ လွယ်ပါတယ်။

ဒကာ-ဒကာမတွေ ဝဋ်ထဲက ထွက်မယ်ဆိုတော့ ခင်ဗျားတို့ ခန္ဓာထဲမှာ ဝေဒနာတွေရှိတယ်၊ခင်ဗျားတို့ချမ်းသာတဲ့ ချမ်းသာလုံးကလေးဆိုတာ ဘာလဲ.... (သုခဝေဒနာပါဘုရား)။ တခါ

တလေ ခန္ဓာကိုယ်ထဲမှာဆင်းရဲလုံးကလေးက....(ဒုက္ခဝေဒနာပါ ဘုရား)၊ ချမ်းသာ ဆင်းရဲကင်းနေတဲ့အခါလေးကော(ဥပေက္ခာ ဝေဒနာပါ ဘုရား) ဒါတွေဘဲရှိတယ်။

ခင်ဗျားတို့၏ကိုယ်တကိုယ်လုံးမှာ ဒီဝေဒနာသုံးမျိုးသာရှိတာဘဲ၊ရှိတယ်ဆိုတာကိုဖြင့် ဘာမျှငြင်းဆန်နေတို့မလိုတော့ဘူး၊ လိုသေးသလား?(မလိုပါဘုရား) မလိုတော့ဘူး။

အဲဒီတော့ ဒကာ-ဒကာမတွေက စဉ်းစားလိုက်၊ သုခ ဝေဒနာ ပစ္စယာလဲ တဏှာဘဲ....(မှန်ပါ)။ ဒုက္ခဝေဒနာပစ္စယာ ဒေါသ။ ဥပေက္ခာဝေဒနာပစ္စယာ-မောဟ။ ဥပေက္ခာဝေဒနာကြောင့် မောဟဖြစ်နိုင်တယ်၊ ဒီတရားတွေဟာ ဒကာ-ဒကာမတွေ ကိလေသဝဋ်သုံးပါးကိုဖြစ်စေနိုင်တယ်လို့မှတ်ပါ၊သဘောကျပြီလား? (မှန်ပါ)။ ဝေဒနာသုံးပါးက ဘာသုံးပါးဖြစ်နိုင်သလဲ....(ကိလေသာဝဋ်သုံးပါးပါဘုရား)။ ဟုတ်သားဘဲ။

အဲဒီကလဲ သုခဝေဒနာပစ္စယာ-တဏှာ၊ ဒုက္ခဝေဒနာပစ္စဟာ ဒေါသ၊ ဥပေက္ခာဝေဒနာပစ္စယာ-မောဟ၊ ဦးချစ်ခဲ့ ရိုပ်မိပြီလား? (မှန်ပါ)၊ ဒါက စာထဲမပါဘူးဗျ။ ဒါက ဖြစ်စဉ်ကိုက် ပြောနေတာ၊ သဘောကျပြီလား?(မှန်ပါ)။ ဒါဖြင့် ဒီဝေဒနာတွေ မရှုဘဲထားတဲ့ပုဂ္ဂိုလ်များဟာ ကိလေသဝဋ် လာတယ်၊ ရှင်းပြီလား?(ရှင်းပါတယ်ဘုရား)။

ကိလေသဝဋ်ဆိုတာ လောဘကိလေသာ,ဒေါသကိလေသာ မောဟကိလေသာ, သူများပြော မဟုတ်ပါဘူး၊ ကိုယ်တိုင် ဒီအတိုင်း နေကြည့်ပါ၊ လာမှာလား မလာရဘူးလား? (လာရမှာပါဘုရား)။

သုခဝေဒနာ ချမ်းသာတယ်ဆိုလျှင် သဘောကျတယ်ဆိုတဲ့ တဏှာက လာတာဘဲ၊ ဒုက္ခဝေဒနာ ဆင်းရဲတယ်ဆို ဒေါသက တခါထဲ လာတာဘဲ။ ဥပေက္ခာဝေဒနာဖြစ်တယ်ဆိုလျှင် ဒီ– ဥပေက္ခာဝေဒနာ ခန္ဓာကိုယ်ထဲမှာဖြစ်တဲ့အခါ အင်မတန် သိမ်မွေ့တယ်....(မှန်ပါ)။ သိမ်မွေ့တော့ မသိလိုက်ဘူး....(မှန်ပါ)၊ မသိတော့ မောဟလာတယ်။ မသိတော့ ဘာလာတုံး....(မောဟ လာပါတယ်ဘုရား)။

အင်း–ဒါဖြင့် ဒကာ-ဒကာမတို့ ဩဘ်-ဝဋ်ကိုပြနေတယ်၊ ပြီးတော့မှ ဝဋ်ကျွတ်စဉ်ကို ပြမယ်၊ အခုကြည့်စမ်း၊ ဝေဒနာ သုံးပါး မရှုလိုက်တော့ ဘာဝဋ် လာသေးသလဲ....(ကိလေဝဋ် လာပါတယ်ဘုရား) ကိလေသဝဋ်လာတယ်။ ကဲ–ရှိပါစေတော့ ဝေဒနာသုံးပါး မရှုလိုက်တဲ့အတွက် ခင်ဗျားတို့ ကိလေသဝဋ် လာတယ်။

ဒကာ-ဒကာမတို့ အလိုလိုလာတာလား, ခင်ဗျားတို့ အလုပ် စည်းကမ်းကို နားမလည်လို့လာတာလား? (အလုပ်စည်းကမ်း ကို နားမလည်လို့လာတာပါဘုရား)။ ဒါဖြင့် နိဗ္ဗာန်ကိုအလုပ် နဲ့မှ ရမယ်၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ အလုပ်စည်းကမ်း နားလည်တာ အခု-ဘာဝဋ်တွေ လာတုံး....(ကိလေသဝဋ်တွေ လာပါတယ်ဘုရား)။ ဒါတင်မကသေးဘူး၊ ခင်ဗျားတို့ ဒီတဏှာ ပြီးတော့ကို ဥပါဒါန်,ကမ္မဘဝဆိုတဲ့ ကမ္မဝဋ် လာလိမ့်အုံးမယ်၊ မလာပေဘူးလား? (လာပါတယ်ဘုရား)။ တဏှာ, ဥပါဒါန်, ဘဝ....(မှန်ပါ) ဒါသုံးခုရှိတယ်။

ဝေဒနာသုံးပါး ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ခဏခဏ အပြောင်းအလဲနှင့် တကွ ပေါ်နေပါလျက်သားနဲ့ ခင်ဗျားတို့ ထုတ်ဆောင်တဲ့တရားကို ခင်ဗျားတို့ကမကြိုးစားဘူး၊ ကြိုးစား တာကတော့ ခင်ဗျားတို့ မထုတ်ဆောင်တဲ့တရား....(မှန်ပါ)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ဝေဒနာ ကောင်းကောင်း မရှုတဲ့အတွက် ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပေါ်လာတာကိုဖြင့် ခင်ဗျားအစဉ်အတိုင်း သေချာပြီလား? (သေချာပါပြီဘုရား)၊ ကမ္မဝဋ်ပြီးလို့ရှိလျှင် ဝိပါကဝဋ်ဆိုတဲ့ ဘာ ပဋိသန္ဓေရယ်လို့ မဆိုနိုင်ဘူး၊ ခင်ဗျားတို့ ပဋိသန္ဓေတမျိုးမျိုးလာရမယ်၊ (မှန်ပါ) ကဲ--ဒါဖြင့် ဒကာ-ဒကာမတို့ ဝဋ်သုံးပါးတွေ့ပြီ၊ ပဋိသန္ဓေက ဝိပါကဝဋ် ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါး မရှုတဲ့အတွက် ဘာဝဋ်လာသလဲ.... (ကိလေသဝဋ်ပါ ဘုရား)။ ပြီးတော့ ဘာဝဋ်လာသတုံး?(ကမ္မ ဝဋ်ပါဘုရား)။ ပြီးတော့ ဘာဝဋ်လာသတုံး....(ဝိပါကဝဋ်ပါ ဘုရား)။

အင်း—ဒကာ-ဒကာမတို့ ခင်ဗျားတို့အိမ်မှာ နေ့စဉ် စားခါ သောက်ခါ ပျော်ရွှင်ခါနဲ့နေတဲ့ဥစ္စာ ဘယ်လိုများလုပ်နေကြ ပါလိမ့်မလဲဆိုတော့ ဟောဒီသုံးပါး ပြည့်စုံအောင်ကြိုးစားနေ တယ်၊ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ အင်း—ဒါဖြင့် ခင်ဗျားတို့ခက်တယ် အနာပေါက်လို့လဲ ပေါက်မှန်းမသိ၊ ကိုင်း ဝဋ်ဘယ်နှစ်ပါးလည်တယ်ဆိုတာ ဒကာ-ဒကာမတို့ ရိပ်မိပြီလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝဋ်ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။ အင်း ဒါ-ဘယ်လိုပုဂ္ဂိုလ် လာတာပါလိမ့်....(မရှုတဲ့ပုဂ္ဂိုလ်ပါဘုရား)။ ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ် ဒီဝဋ်လာတော့ ဒီဝဋ်သုံးပါးက ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဆိုတဲ့ ပဋိသန္ဓေအပါယ်မှာ သွားပဋိသန္ဓေနေရတယ်....(မှန်ပါ)။

ဒါဖြင့် ဒီတရားတွေဟာ အပါယ် ထုတ်ဆောင်ချတယ်.... (မှန်ပါ)။ ခင်ဗျားတို့က ဆုတောင်းရတာလား၊ သူ့သဘောနဲ့ သူ ထုတ်ဆောင်တာလား?(သူ့သဘောနဲ့သူ ထုတ်ဆောင်တာပါ ဘုရား)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ အိပ်နေပေမဲ့ သူတို့မအိပ်ပါလား? (မှန်ပါ)၊ ဟင်-ခင်ဗျားတို့ မေ့နေပေမဲ့ သူတို့မမေ့ပါ၊ တရားကမမေ့ဘူး၊ သူ့အလုပ် သူလုပ်နေတာဘဲ ဆိုတာ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။ ဒါဖြင့်-ဒကာ-ဒကာမတို့ ယခုလို ဆရာကောင်း သမားကောင်းတို့နဲ့ကြုံတုံး ခင်ဗျား မသိလို့မလုပ်တဲ့ဥစ္စာကို ဘုန်းကြီးများကလဲ အပြစ်မဆိုပါဘူး၊ (မှန်ပါ)။

သိတဲ့အချိန်ကစပြီးသကာလ လုပ်လိုက်လို့ရှိလျှင်လဲ နောက် အမှားတွေဆိုတာ ဘုန်းကြီးများက တာဝန်ခံတယ်....(မှန်ပါ)၊ နောက်အမှားတွေ ဘယ့်နှယ်လုပ်မလဲ?၊ နောက်အမှားတွေ ခင်ဗျားတို့ ဘယ်လိုမှ ကြောက်လန့်နေစရာမလိုဘူး၊ သဘောကျပြီလား? (မှန်ပါ)။ မဂ်ဆိုက်အောင်လုပ်ပါ၊ ဘုန်းကြီး-မဂ်ဆိုက်အောင် ပြောမယ်....(မှန်ပါ)။ မဂ်ဆိုက်အောင်လုပ်မယ်ဆိုလို့ရှိလျှင် ခင်ဗျားတို့ နောက်အမှားတွေ ဘာဖြစ်မယ်ထင်သလဲ အဟောသိကံဖြစ်မယ်။

မုဆိုးကြီးတွေ နိဗ္ဗာန်ဝင်တော့ အမှားတွေ အဟောသိကံ ဖြစ်တယ်....(မှန်ပါ)။ အင်္ဂုလိမာလလို လူသတ်သမားကြီးတွေ နိဗ္ဗာန်ဝင်တာ အမှားတွေ....(အဟောသိကံဖြစ်လို့ပါဘုရား)။ ဒီဝဋ်တွေ အဟောသိကံဖြစ်မသွားဘူးလား....(မှန်ပါ)။ ဒါဖြင့် ဒီနည်းသည် ဒကာ-ဒကာမတို့ လုပ်သင့်လုပ်ထိုက် လုပ်ကောင်း တယ်ဆိုတာကော ကြေနပ်ကြပြီလား? (ကြေနပ်ပါပြီဘုရား)။ ဒါဖြင့် လုပ်ကြပါ ဆိုတော့ မလုပ်ဘဲနေတဲ့ပုဂ္ဂိုလ်မှာ ပဋ္ဌိသုံးပါး လာတယ်၊ သဘောကျပြီလား?(ကျပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ ဝေဒနာသုံးပါး မရှုတဲ့ပုဂ္ဂိုလ် ဘာဖြစ် သတဲ့တုံး....(ဝဋ်သုံးပါးဖြစ်ပါတယ်ဘုရား)။ ကိလေသဝဋ်၊ ကမ္မ ဝဋ်၊ ဝိပါကဝဋ်။ အေး—ဝိပါကဝဋ်ဆိုတာ နောက်ဆုံး၊ မဆုံး သေးဘူးလား?(ဆုံးပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့်ဒကာ-ဒကာမတို့ မလုပ်တဲ့ပုဂ္ဂိုလ်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ရှိတယ်....(မှန်ပါ)။ လုပ်တဲ့ ပုဂ္ဂိုလ်မှာ ခုနင်က နိယျာနဋ္ဌောဝဋ်မှ ဆန်တက်ဆိုတော့ ဒီဝဋ် ထဲက ဆန်တက်မယ်ကွ (မှန်ပါ) နိဗ္ဗာန်ဘက်သို့ထွက်မြောက်နိုင် ကြောင်း လမ်းကောင်းအစစ်အမှန်ဖြစ်တဲ့တရားဘဲ(မှန်ပါ) ဒါ ဖြင့်-မဂ္ဂင်ရှစ်ပါးကိုခင်ဗျားတို့ လုပ်လိုက်ရလို့ရှိလျှင်ဖြင့် ဒီဝဋ် တွေမှကျွတ်မယ်၊ ကျွတ်ပြီးဘယ်သွားမယ် ...(နိဗ္ဗာန်သွားမယ်ပါ ဘုရား)။

အဲ—နိဗ္ဗာန်ဆက်တက်သွားမယ်ဆိုတော့ ဦးထွန်းဦးရေ လုပ် သင့်တယ်ဆိုတာ ကြေနပ်ပြီလား? (ကြေနပ်ပါတယ် ဘုရား)။

လုပ်သင့်တယ်လို့ ခင်ဗျားတို့တတွေကို ဘုန်းကြီးက ပြောနေတယ်....(မှန်ပါ)။ နောင်ကို ခင်ဗျားတို့ နောက်တုံးက ဒီလို လုပ်သင့်တယ်လို့ပြောလို့ ခင်ဗျားတို့က နားထောင်လုပ်ခဲ့လို့ ရှိလျှင် ခင်ဗျားတို့အကုန် ဒုက္ခခပ်သိမ်းငြိမ်းပြီ(မှန်ပါ)။ နောက်တုံးက ဒီလိုဟောသံကြားလို့ ခင်ဗျားတို့ ဝဋ်ကျွတ်ခဲ့လို့ရှိလျှင် အခု-ဒီဆရာတွေနဲ့ ဒိ-ဒကာ,ဒကာမတွေ မတွေ့ဘူး၊ တွေ့ပါ့မလား?(မတွေ့ပါဘူးဘုရား)။ ဒကာ,ဒကာမတွေ ဝဋ်ကျွတ်ပြီးသား မနေကြပေဘူးလား?(နေပါတယ်ဘုရား)။

ဒါဖြင့်-ယခင်က ဝဋ်ကျွတ်ကြောင်းပြောသံမှမကြားဘူးဘူး၊ ရိပ်မိကြပြီလား?(မှန်ပါ)။ "သဒ္ဓမ္မသာဝနံအတိဒုလ္လဘံ"ဆိုတာ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။ ခင်ဗျားတို့ပြောသံကြားဘူးလျှင် ကျွတ်ပြီးပြီ၊ ဦးချစ်ခ....(မှန်ပါ) ကျွတ်ပြီးပြီ။ ပြောသံကြားဘူးလျှင် ခင်ဗျားတို့လုပ်တော့မှာကိုးဗျ....(မှန်ပါ)။ လုပ်လျှင် ဘာဖြစ်မယ်ထင်သတုံး....(ကျွတ်မှာပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတွေ အကဲခတ်ကြည့်စမ်း၊ ဩော်—ပြောသံမှမကြားဘူးလို့မလုပ်ဖြစ်ခဲ့တော့ အခုခန္ဓာဝန်နဲ့ဝိပါက ဝဋ် မကျွတ်ဘဲနေတာ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဝဋ်မကျွတ်ဘဲနေတာ ဒကာ-ဒကာမတွေ ရိပ်မိကြပြီလား(မှန်ပါ)၊ ဘာဖြစ်လို့တုံး....(မရှုလို့ပါဘုရား)။ မရှုလို့မဟုတ်ဘူး၊ ပြောသံတောင် မကြားဘူးပါဘူး၊ခင်ဗျားတို့ရှုတာအသာထားပါအုံး ပြောသံကိုမကြားဘူးဘူး....(မှန်ပါ)။

မဂ္ဂင်ရှစ်ပါးလွတ်မြောက်တယ်၊ ဝဋ်မှဆန်တက်၊ နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန်ဖြစ်တဲ့

တရားရယ်လို့ မကြားဘူးဘူး၊ နာလဲ့ မနာဘူးဘူး....(မှန်ပါ)။ ဒါကြောင့် ကျုပ်တို့ ခင်ဗျားတို့ ဘယ်လိုနေရတယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချနိုင်ပြီလား? (ချနိုင်ပါပြီဘုရား)။ ဒါဖြင့် ဝဋ် သင့်နေတာ မြင်ရသဖြင့် ယုံပါတော့ဗျာ....(မှန်ပါ)။ ကိုထွန်းဦး ဘယ့်နှယ်ဆိုမတုံး (ဝဋ်သင့်နေတာပါဘုရား)။ ဝဋ်သင့်နေတာ ကေန်ဘဲမဟုတ်လား?(မှန်ပါ)။

သွားရင်း, လာရင်း, ထိုင်ရင်း, အိုမှု, နာမှု, သေမှုကြီးဟာ ခင်ဗျားတို့ ကျုပ်တို့မှာ တွဲလျက်ဘဲ၊ ခွဲလို့ရရဲ့လား? (မရပါ ဘုရား)၊ အဲဒီတော့ ခင်ဗျားတို့က အခု-ဝဋ်က သင့်နေပါလျက် သားနဲ့ အင်း—ဝဋ်မှထွက်တဲ့တရားကို ဖြေးဖြေးမှလုပ်ရမှာဘဲ ဆိုလျှင်ဖြင့် အခု-သေပါရစေအုံးလို့ တောင်းပြန်တာနဲ့ တယ် တူတယ်....(မှန်ပါ)။ ဖြေးဖြေးမှလုပ်ပါရစေ၊ တစတစမှ လုပ်ပါ ရစေဘုရားဆိုလျှင် ဒကာ-ဒကာမတွေ အင်း-သေပွဲမပြတ်အောင် သေပါရစေအုံး၊ ဒီအဓိပ္ပါယ်မရောက်ဘူးလား?(ရောက်ပါတယ် ဘုရား)။ အဲ့ဒီထက်မိုက်တာမျိုး ရှိသေးရဲ့လား? (မရှိတော့ပါ ဘုရား)။

ကိုင်း—ဒါဖြင့် ယနေ့ဘယ်လိုစဉ်းစားကြလဲ၊ ယနေ့သိတဲ့နေ့ ယနေ့ ထွက်ပါတော့မယ်၊ ထွက်တဲ့အလုပ် လုပ်ပါတော့မယ်၊ သဘောကျပြီလား? (ကျပါပြီဘုရား)။ ယနေ့ ထွက်မြောက် ကြောင်းကို လုပ်တော့၊ မကောင်းဘူးလား? (ကောင်းပါတယ် ဘုရား)။ ဘာကြောင့်ကောင်းပါသတုံးဆို ရှေးက မကြားဘူး လို့ ဝဋ်တွေဟာ ရှုပ်ပွေပြီး လိမ်နေတယ်၊ အခုလဲ့ ဝဋ်မကျွတ် သေးဘူးဆိုတာ သိသဖြင့် ဝဋ်ကျွတ်ကြောင်းတရားကို ယနေ့

နာရတယ်။ ယနေ့ နာရပြီး လုပ်ပုံလုပ်နည်းနှင့်တကွ ဘုရားဟောတာကို ပြလိုက်လို့ရှိလျှင် ဒကာ-ဒကာမတွေက အင်း—ဝဋ်သင့်တာကြာပြီ၊ ဝဋ်ပြတ်အောင်လုပ်မှဘဲဆိုတာကို ယနေ့ စိတ်ပြောင်းမှ ခင်ဗျားတို့သည် အဘိုးတန်မယ်....(မှန်ပါ)။

နက်ဖြန်မှ စိတ်ပြောင်းလို့ရှိလျှင် ည-မရဏမင်းလာလျှင် ခက်တယ်၊ မခက်ဘူးလား? (ခက်ပါတယ်ဘုရား)။ နက်ဖြန်မှ စိတ်ပြောင်းမယ်ဆိုလျှင် ည-မရဏမင်းက အစာမကြေတဲ့ရောဂါနဲ့ သတ်ရင်သတ်၊ လေထိုးတဲ့ရောဂါနဲ့ သတ်ရင်သတ်၊ သတ်လိုက်မယ်ဆို ဘယ်နှယ်လုပ်မလဲ....(ခံရမှာပါဘုရား)။

ဒါဖြင့် နက်ဖြန်မှစိတ်ပြောင်းလျှင် တော်ပါ့မလား၊(မတော်ပါဘုရား)။ အခုတရားနာပြီး၊ အခုကို ပြောင်းပြီး၊ အခု တခါတည်း လမ်းသွားရင်းကစပြီး အိမ်ကျလျှင်မပျက်အောင်ကြိုးစားသဘောကျပြီလား? (မှန်ပါ)။ အဲဒါဖြင့် အချိန်ဆွဲချင်သေးသလား?(မဆွဲချင်ပါဘုရား)။ ဒီနေရာတွင် ဆွဲချင်လို့မဖြစ်ဘူးနေရာတိုင်းမှာ အချိန်ကိုဆွဲမနေနဲ့ပြောတာ....(မှန်ပါ)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ဝေဒနာသုံးပါး မရှုတော့ ဝဋ်သုံးပါး လာတယ်....(မှန်ပါ )။ ဝေဒနာသုံးပါး မရှုတော့ ဘာတဲ့....(ဝဋ်သုံးပါး လာပါတယ် ဘုရား)။ ဟုတ်သွားဘဲ....၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။ ဇာတိဆိုတော့ ဇာတိက ဝိပါကဝဋ်၊ ဘဝေါက ကမ္မဝဋ် ဟုတ်လား?၊ တဏှာကိလေသဝဋ်....။

ဒါဖြင့် ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ်ဟာ ဒကာ, ဒကာမတို့ ဘာကြောင့်လာပါလိမ့်မတုံးလို့မေးတဲ့အခါကြလို့ ရှိလျှင်ဖြင့် တပည့်တော်တို့ မေ့မှု မသိမှုကြောင့် လာတာဘဲ၊ သဘောကျပြီလား? (မှန်ပါ)။ မေ့မှု မသိမှုကြောင့်လာတာဘဲ ဆိုတော့ကို မေ့မှုဆိုတာ အဝိဇ္ဇာနော်၊ မသိမှုဆိုတာက ဉာဏ်ကို မှုပါဘူး။

ကိုင်း-ဒါဖြင့် ယနေ့သည်ကားဆိုလို့ရှိလျှင်ဖြင့် အခု-ခင်ဗျား တို့ ဒီ-ဝဋ္ဋ်သုံးပါး သင့်နေတာ သိပြီနော်.... (သိပါပြီ ဘုရား)။ အဲဒီ ဝေဒနာတွေမရှိလျှင် ဘယ့်နှယ်လဲ....(ဝဋ္ဋ်ကျွတ်ပါတယ် ဘုရား)။ ဒိခန္ဓာကိုယ်ထဲ ဒီဝေဒနာသုံးပါး လှည့်မပေါ်ဘူး လား၊ ပေါ်သလား?(ပေါ်ပါတယ်ဘုရား)။ပေါ်ပါရဲ့သားနဲ့ ခင်ဗျားတို့က မရှုဖြစ် မပှတ်ဖြစ်တာ ဘာပါလိမ့်၊ ဒကာ-ဒကာမ တို့ ဝဋ္ဋ်သင့်ချင်လို့....(တင်ပါ )။ ကိုထွန်းဦး့ဘာဖြစ်ချင်လို့လဲ (ဝဋ္ဋ်သင့်ချင်လို့ပါဘုရား)။

ကဲ—ဒါဖြင့် ဒကာ-ဒကာမတို့ ဝဋ္ဋ်သုံးပါးသင့်ပုံ သိပြီလား၊ (တင်ပါ )။ ဒါဖြင့် ဒကာ-ဒကာမတို့ ဒါ-ဘယ်လိုပုဂ္ဂိုလ်ဝဋ္ဋ်သင့် တာလဲ....(ဝေဒနာသုံးပါးကို မရှုတဲ့ပုဂ္ဂိုလ်ပါဘုရား)။ ဝေဒနာ ပစ္စယာ တဏှာဘဲထားပါတော့....(တင်ပါ)။ ဝဋ္ဋ်တွေသင့်မနေ ဘူးလား?။

ကောင်းပြီ ဝဋ္ဋ်သင့်နေတာသည် ဘယ်ပုဂ္ဂိုလ်ပါလိမ့်၊ ဝေ ဒနာမရှုတဲ့ပုဂ္ဂိုလ်။ မရှုတဲ့ပုဂ္ဂိုလ်ဆိုတာက ဘာပြုလို့တုံးဆိုတော့ တရားမနာလို့မသိတာ (မှန်ပါ)။ မသိတော့ မရှုတတ်တော့ဘူး၊ ဒီအဓိပ္ပါယ်ပါဘဲ မကျဘူးလား ? (မှန်ပါ)။ ဒါဖြင့်-ဝေဒနာ

သုံးပါး ခင်ဗျားတို့က ပေါ်ရာကို ရှု၊ သဘောကျပြီလား?၊ (မှန်ပါ)။

ပေါ်ရာကိုရှုဆိုတော့ နာလျှင် ဒုက္ခဝေဒနာ....(တင်ပါ)။ ကောင်းလျှင် သုခဝေဒနာ၊ မကောင်းဘကောင်း ဆိုခဲ့သော် ဥပေက္ခာဝေဒနာ၊ အဲဒါ-သူ့နေရာနဲ့ သူပေါ်တဲ့နေရာကို သူ ပေါ်တယ်လို့ နောက်က ရှု-ရှုပေး၊ ရှုတော့ ဘယ်လိုရှုရမှာတုံး လို့ မေးတော့ ရှိ-မရှိ ရှုပေး၊ ရှိ-မရှိ ရှုရမယ်(မှန်ပါ)။ အဲဒီတော့ ဘုန်းကြီးက တထစ်ချ နည်းပေးလိုက်မယ်။

ဒကာ-ဒကာမတွေ ရှုတဲ့အချိန်မှာ ဘယ်တော့မှ မရှိဘူးလို့ ဆုံးဖြတ်ချက်ချပြီးရှု....(မှန်ပါ)။ ရှုတဲ့အချိန်မှာ ဘာပါလိမ့်.... (ဘယ်တော့မှ မရှိပါဘုရား)။ ရှုတုံး ရှုဆဲကရှိသေးရဲ့လား?၊ (မရှိပါဘုရား)။ ကဲ—ရှုတုံးက မရှိတော့ပါဘူးဆိုတော့ ဒကာ ဒကာမတွေ ဥပမာ-အိုက်တဲ့အခါ လေလေး ဘာလေးတိုက်၊ ယပ်ကလေးဘာလေခပ်လို့ရှိရင် ကိုယ်ပေါ်မှာ သုခဝေဒနာ ပေါ်တယ်....(မှန်ပါ)။

ယပ်ခပ်တဲ့နေရာမှာ ချမ်းသာလုံးကလေး မပေါ်ဘူးလား?၊ (ပေါ်ပါတယ်ဘုရား)။ ယပ်လေလေး တိတ်သွားလျှင် ချမ်း သာလုံးကလေး ပျက်တယ်၊ မပျက်ဘူးလား? (ပျက်ပါတယ် ဘုရား)။ အဲဒီချမ်းသာလုံးလေး ပျက်သွားကော့ ပျက်ပြီလို့ ခင်ဗျားတို့က သတိထားရမယ်နော်....(မှန်ပါ)၊ သတိထား။ ဝီရိယစိုက် ပညာနဲ့ရှုပေး၊ ဘာလုပ်ရမလဲ....(သတိထား ဝီရိယ စိုက် ပညာနဲ့ရှုပေးရပါတယ်ဘုရား)။

အဲ–သတိထား ဝိရိယစိုက် ပညာနဲ့ရှုပေးဆိုတော့ သတိထားပါ ဆိုတာက သမာဓိတို့ သတိ-တို့ဆိုတာ သတိပါလို့ရှိရင် သမာဓိပါတာဘဲ....(မှန်ပါ)။ ဝိရိယစိုက် ပညာနဲ့ရှု၊ ဒကာ ဒကာမတို့ သတိထား ဝိရိယစိုက် ပညာနဲ့ရှုဆိုတော့ ဒီကပညာနဲ့ ဆိုသဖြင့် ပညာပါလျှင် ပညာနဲ့တွဲတွဲဟာက ဘယ်တော့မှမနေရစ်ဘူး....(မှန်ပါ)။ သမ္မာသင်္ကပ္ပပါတာဘဲ၊ ပညာက သမ္မာဒိဋ္ဌိဘဲ....(မှန်ပါ)။ ဘယ်တော့ နေရစ်သေးသလဲ.... (မနေရစ်ပါဘုရား)။

သတိထားလို့ဆိုသဖြင့် သတိထားလို့ ဝိရိယသဲစိုက်ကြလို့ရှိလျှင် သမ္မာဒိဋ္ဌိက ဘယ်တော့မှခွဲလို့မရဘူး....(မှန်ပါ)သမာဓိမဂ္ဂင်သုံးပါး မပါဘူးလား?(ပါ ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဒီက-ပညာမဂ္ဂင်နှစ်ပါး ဒီက-သမာဓိမဂ္ဂင်ကော (သုံးပါးပါဘုရား)။ အဲဒီတော့ ဝေဒနာက ခန္ဓာကိုယ်ထဲမှာ ချမ်းသာတာပေါ်လာလို့ ချမ်းသာတာရှိ-မရှိ ခင်ဗျားတို့က ကြည့်လိုက်၊ ကြည့်လိုက်တော့ ဘာဖြစ်သွားမလဲ.... (မရှိတာ တွေ့ပါတယ်ဘုရား)။ ဒါဖြင့် မရှိတာသည် ဒကာ-ဒကာမတို့ အနိစ္စလို့ဘုန်းကြီးကဟောတယ်၊ (မှန်ပါ)။

မရှိမှန်းသိတဲ့ မဂ္ဂင်ငါးပါးက မဂ္ဂပစ္စယောဖြစ်တယ်(မှန်ပါ) မရှိမှန်းသိတာက(မဂ္ဂ)၊ မရှိတာက(အနိစ္စ)၊ သြော်-အနိစ္စဆိုတာ ရှိပြီး မရှိတာ၊ အခုနကပေါ်တယ်၊အခုကြည့်လိုက်တော့မရှိဘူး။ သြော်-ဖြစ်လဲဖြစ်တယ်ပျက်လဲပျက်တယ်လို့ မဆိုနိုင်ဘူးလား?၊ (ဆိုနိုင်ပါတယ်ဘုရား)။

အဲ—ဖြစ်လဲဖြစ်တယ်, ပျက်လဲပျက်တယ်လို့ ဆိုနိုင်တော့ ဒီလို ဆိုနိုင်တဲ့တရားဟာ မဂ္ဂဘဲ....(မှန်ပါ)။ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲ ပျက်တယ်လို့ နောက်ကဆိုနိုင်တဲ့တရား၊ သိနိုင်တဲ့တရား၊ ဘာ ခေါ်ကြမလဲ....(မဂ္ဂပါဘုရား)။

ဩော်-ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲမှာ ဒီမဂ်ရောက်ပြီ(မှန်ပါ) ဒကာ-ဒကာမတို့ ဘယ်သူရောက်ပါလိမ့်....(မဂ္ဂပါဘုရား)၊ အင်း မဂ်ကရောက်လာတော့ ခုနက ခင်ဗျားတို့တရားစ,စကဲ ဆရာ ဘုန်းကြီးက ပြောခဲ့တယ်၊ ဘယ်လိုပြောခဲ့လဲ-?။ မဂ္ဂသာ-မဂ္ဂ သစ္စာ၏၊ နိယျာနဋ္ဌေ-ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက် မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန်ဖြစ်သောတရား သည်လည်းကောင်းလို့ မပြောခဲ့ဘူးလား ? ( ပြောခဲ့ပါတယ် ဘုရား)။

ပြောခဲ့တော့ ဩော်-ဝဋ်ထဲက ဆန်တက်တယ်ဆိုတော့ သူ မလာလို့ရှိလျှင် ခုနက ဒီ-ငါးပါးမလာလို့ရှိလျှင် ခုနဒီနေရာမှာ ကိလေသဝဋ်, ကမ္မဝဋ် ,ဝိပါကဝဋ်၊ ဒီသုံးမျိုးလာရမယ်(မှန်ပါ) ခုနက မပြခဲ့ဘူးလား?(ပြခဲ့ပါတယ်ဘုရား) ပြခဲ့တယ်။ ကိလေသ ဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်၊ ဒီ-ဝဋ်သုံးပါးတို့ဟာ သူ-မဂ္ဂလာတဲ့ အခါ လာခွင့်ရ-မရ....(မရပါဘုရား)။

ဒါ—ဝဋ်မှဆန်တက်ပြီးသကာလနေပြီ....(မှန်ပါ)။ ဝဋ်ကို ဖြတ်ပြစ်လိုက်ပြီ....(မှန်ပါ)။ ဒကာ-ဒကာမတွေ ဘာကို ဖြတ် ပြစ်လိုက်သလဲ?(ဝဋ်ကို ဖြတ်လိုက်ပါတယ်ဘုရား)။ အင်း-ဒါဖြင့် ဝဋ်ကျွတ်တာဘဲ၊ ဝဋ်ကျွတ်တာ သဘောကျပြီလား?(ကျပါပြီ ဘုရား)။

**အင်း—**ဘာက ကျွတ်လိုက်တာတုံးလို့ မေးတဲ့အခါကြတော့ မရှိတာက-အနိစ္စ၊ သိတာက-မဂ္ဂ၊ မဂ္ဂကြောင့် ဝဋ်ကျွတ်သွားတယ်....(မှန်ပါ)။ ဒကာ-ဒကာမတွေ ဘာယ်သူကြောင့် ကျွတ်ပါလိမ့်....(မဂ္ဂကြောင့် ကျွတ်ပါတယ်ဘုရား)။ ဒီ-မဂ္ဂမလာတော့ ဘာတွေလာပါလိမ့်....(ဝဋ်သုံးပါး လာပါတယ်ဘုရား)။ ဝဋ်သုံးပါးလာတယ်။ မရှုတဲ့ပုဂ္ဂိုလ် ဘာတွေလာပါလိမ့်— (ဝဋ်သုံးပါးလာပါတယ်ဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်မှာ မဂ္ဂင်လာပါတယ်၊ မဂ္ဂင်လာတော့ ဘာပြုကြမလဲ....(ဝဋ်ကျွတ်ပါတယ်ဘုရား)ဝဋ်ကျွတ်တယ်။ ဩော်ဒါဖြင့် ဝဋ်ကျွတ်ရပါလို၏ ဆုတောင်းလို့ ကျွတ်တာလား၊ မရှိတာ သိတာနဲ့ ကျွတ်သွားတာလား? (မရှိတာသိတာနဲ့ ကျွတ်တာပါဘုရား)။

ကဲ—ဦးချစ်ခ သဘောကျပြီလား? (မှန်ပါ)။ မလုပ်လျှင် မရဘူး....(မှန်ပါ)။ ကိုထွန်းဦး ဘယ်နှယ်ဆိုမယ်....(မလုပ်လျှင် မရပါဘူးဘုရား)။ မလုပ်လျှင် မရဘူးလို့ အားလုံး ဒကာဒကာမတွေ မှတ်လိုက်။ ခင်ဗျားတို့ တောင်းနေတဲ့ ဆုတွေဟာ သုဂတိဘုံတို့တော့ ပြည့်ပါတယ်၊ လူ့ပြည် နတ်ပြည် ပြည့်ပါတယ်၊ မပြည့်ဘူးလို့ ဘုန်းကြီး မဟောဘူး....(မှန်ပါ)။ နိဗ္ဗာန်ကြတော့ဖြင့် ဒကာ-ဒကာမတို့ အလုပ်လုပ်ယူမှရမယ်၊ သဘောကျပြီလား? (ကျပါပြီဘုရား)။

လူ့ပြည်နတ်ပြည်တော့ ခင်ဗျားတို့ ပန်းတပွင့်နဲ့ အကြိမ်ကြိမ် ခံစားရပါလို၏လို့ တောင်းရင်တောင် သေသေချာချာ ဖြစ်တာဘဲ၊ နိဗ္ဗာန်တော့ဖြင့် လုပ်မှရမယ်....(မှန်ပါ)၊ မလုပ်လျှင် မရဘူး။

မရတော့ ဒကာ-ဒကာမတွေ ဝဋ်ကျွတ်ပုံနဲ့ မကျွတ်ပုံကိုသာ ထောက်လိုက်တော့ ဒါ-သက်သေခံ အလုံးလောက်ဆုံးဘဲ၊ လုံလောက်ပြီလား—? (လုံလောက်ပါတယ် ဘုရား)။ နောက်က ဒကာ-ဒကာမတွေ.... (လုံလောက်ပါတယ် ဘုရား)။ ဒါ-မရှုဘဲထားလိုက်တော့ ဘာတွေလာသတဲ့တုံး....(ဝဋ်သုံးပါး လာပါတယ်ဘုရား)။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်လာတယ်....(တင်ပါ)။ ပဋိစ္စသမုပ္ပါဒ် ဆက်လာတယ်၊ ရှုလိုက်တဲ့အခါကြတော့ ဒါက မရှိတာ၊ မရှိတာသိတာက-မဂ္ဂ၊ မဂ္ဂင်ငါးပါးကသိတာ(တင်ပါ) အခြားတရားက သိတာ၊ ဟုတ်ကဲ့လား? (မဟုတ်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ရှုတဲ့တရားက မဂ္ဂဆိုတော့ မရှိတာက အနိစ္စ၊ သိတာက-မဂ္ဂ၊ မဂ္ဂလို့ဆိုတော့ ဒကာ-ဒကာမတွေက ဩော်၊ ဒီ-မဂ္ဂဟာ သူလာတဲ့အခါ ဘယ်ကိစ္စများ ရွက်ဆောင်ပါလိမ့်မတုံးလို့ မေးကြည့်။ မဂ္ဂင်ငါးပါး မင်းဘာရွက်ဆောင်သတုံးလို့ မေးကြည့်(ဝဋ်သုံးပါးကို ဖြတ်ပါတယ်ဘုရား)၊ဝဋ်သုံးပါးကို တခါထဲဖြတ်တယ်၊မင်းတို့နေရစ်ကြတော့ဟေ့ (မှန်ပါ)။

မင်းတို့ ငါ-ဖြတ်လိုက်ပြီလို့ မဆိုသော်လည်း ဆိုဘိသကဲ့သို့ ဖြတ်တာ....(မှန်ပါ)။ ဒါကြောင့် ဝဋ်ထဲကထွက်အောင်လုပ်နိုင်တဲ့ တရား၊ ဝဋ်ပြတ်အောင်လုပ်နိုင်တဲ့တရားဟာ မဂ္ဂင်အလုပ်ဘဲ (မှန်ပါ)။ ဒီအပြင် ဘာရှိသေးသလဲ....(ဘာမျှ မရှိပါဘုရား)။ ကြေနပ်ကြပြီလား?(ကြေနပ်ပါတယ်ဘုရား)။

အင်း-ဒါဖြင့် သစ္စာအနက် တဆဲ့ခြောက်ချက်မှာ ယနေ့ ဟောတာက နိယျာနဋ္ဌကိုးဗျ.... (မှန်ပါ)။ နိယျာနဋ္ဌ- ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန်ဖြစ်တဲ့ တရားသည်လည်းကောင်း ဆိုတာ ပေါ်ကြပြီလား?(ပေါ်ပါတယ်ဘုရား)။

အင်း—ဒါဖြင့် ဒကာ-ဒကာမတို့ သံသရာ တလျှောက်လုံး ကျုပ်တို့ ဝဋ်ထဲမှာ အဝိုင်းပြေး လည်နေကြတာဘဲ....(မှန်ပါ)။ ဘယ်အခါမှ ဝဋ်ဖြတ်တဲ့တရားများ ခန္ဓာကိုယ်ထဲမရောက်ဘူးဘူး သဘောကျပြီလား?(မှန်ပါ)။ အခုတော့ဖြင့် သာသနာတွင်းလဲ ကြုံ၊ ဆရာကောင်း သမားကောင်းနဲ့လဲ ကြုံ၊ ခင်ဗျားတို့ကလဲ ထောင်တတ်တဲ့ နားကလေးကလဲ ပါ၊ အဲဒီလို ညီညွတ်ပြည့်စုံပြီး သကာလ နေကဲ့အတွက် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေမှာ ဝဋ်ကျွတ်တဲ့နည်းကလေး လုပ်တတ်ပြီလို့ ဆိုကြစို့(မှန်ပါ)။

ဝေဒနာသုံးပါး ပေါ်တိုင်းပေါ်တိုင်း ခင်ဗျားတို့ ရှိ-မရှိ ကြည့်ပေး....(မှန်ပါ)၊ ကြည့်လိုက်တဲ့အခါ ဘာတွေမယ်ထင် သလဲ....(မရှိတာတွေပါမယ်ဘုရား)။ မရှိတာက ဘာတုံး (အနိစ္စ ပါဘုရား)။ မရှိမှန်းသိတာက....(မဂ္ဂပါဘုရား)။ အဲဒီ မဂ်သည် ကား လို့ဆိုလျှင် ဘာလုပ်တတ်ပါသတုံး၊ ဝဋ်သုံးပါးမှ ထုတ် ဆောင်တတ်တယ်....(မှန်ပါ)။ ကိုထွန်းဦး၊ ဒါဟာ သူများပြော လား၊ ကိုယ်တွေ့လား? (ကိုယ်တွေ့ပါဘုရား)။

အဲ—ဉာဏ်တွေ့ ကိုယ်တွေ့ ဖြစ်နေတော့ ဒကာ-ဒကာမတို့ မသေချာဘူးလား? (သေချာပါတယ်ဘုရား)။ အဲ - ဒီတော့ ခင်ဗျားတို့ အခုအတိုင်းအလုပ်မလုပ်ဘဲနေက ရောက်မှရောက်ပါ့

မလား? (မရောက်ပါ ဘုရား)။ ခင်ဗျားတို့မှာ အကဲခပ်စရာ အချိန်တွေ အများကြီးရှိတယ်၊ အခုရှုကြည့်၊ အခုကိုယ်တွေ ဝဋ်ကျွတ်တာဘဲ....(ဟင်ပါ)။ မရှုတဲ့ ပုဂ္ဂိုလ်မှာ....(မကျွတ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လှူဒါန်းပေးကမ်းပြီးသကာလ နေငြား သော်လည်း၊ ဝဋ်ကျွတ်ရပါလို၏ ဆိုငြားသော်လည်း ဝဋ်ကျွတ် တဲ့ မဂ္ဂင်က ဝမ်းထဲမရောက်လာဘူး၊ လာသလား? (မလာပါ ဘုရား)။မလာတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မလာတော့ မကျွတ်တာဘဲလို့ ဆုံးဖြတ်ချက်ချ။ မလာတာ ကျွတ်တယ် ဆိုရမှာလဲ ဝဋ်ကမသေဘဲကို....(မှန်ပါ)။

ကိုင်း—ဒကာ-ဒကာမတို့ တရားစစ် တရားမှန် တွေ့ပြီလား၊ (တွေ့ပါပြီဘုရား)။ တရားစစ် တရားမှန်ဆိုတာက တကယ် ဝဋ်ကျွတ်ချင်လို့ရှိလျှင် ဝဋ်ကျွတ်တဲ့အလုပ်ကိုလုပ်မှ ကျွတ်မယ် လို့ မှတ်လိုက်ပါ....(မှန်ပါ)။ မလုပ်လျှင် မကျွတ်ပါဘူး။ ဘယ် နည်းနဲ့မှ မကျွတ်ဘူးလို့ဆုံးဖြတ်ချက်ချပါ၊ သဘောကျပြီလား (မှန်ပါ)။

အင်း ရှုလို့ရှိရင် ကိလေသဝဋ်၊ ကမ္မဝဋ်မှကျွတ်စေတတ်တယ် ဝိပါကဝဋ်ကိုလဲ ကျွတ်စေတတ်တယ်၊ ဦးချစ်ခ ကြေနပ်ပြီလား၊ (ကြေနပ်ပါတယ်ဘုရား)။ ဘယ်လိုလုပ်လို့ ကျွတ်သွားတာပါ လိမ့်....(ဝေဒနာရှုလို့ပါဘုရား)။

ဒကာ-ဒကာမတို့ ဝေဒနာ ရှိ-မရှိကြည့်လိုက်တော့ မရှိဘူးလို့ သိတာနဲ့ ကျွတ်ထွက်သွားတယ်....(မှန်ပါ)။ မရှိဘူးလို့သိတာ သာမညနဲ့ သိနိုင်တာမှ မဟုတ်ဘဲကိုး၊ ဆရာကောင်း၊ သမား

ကောင်းထံ ဆည်းကပ်ပြီးသကာလ သမ္မာဒိဋ္ဌိကို ဝမ်းထဲလာမှ သမ္မာသက်ပ္ပကလဲ့ မြင်ကွက်ဖေါ်ပေးမှ သမ္မာဒိဋ္ဌိကမြင်နိုင်တာ၊ (တင်ပါ)။

သတိတရားကလဲထားပါမှ သမာဓိလဲရှိပါမှ ဝိရိယလဲစိုက်ပါမှ ခင်ဗျားတို့ မရှိတာ မရှိမှန်းသိတာ....(မှန်ပါ)။ နို့မို့လျှင် မသိပါဘူး၊ နို့မို့လျှင် မသိနိုင်ဘူးဆိုကတည်းက ခြောက်-မဂ္ဂင်ငါးပါး မပေါ်လာလျှင် ကိုယ်က အပျက်ကို သိကိုမသိဘူး....၊ (မှန်ပါ)။ မဂ္ဂင်ငါးပါး ပေါ်လာလျှင်တော့ ပျက်သွားပြီ၊ ချုပ်သွားပြီ၊ ပျောက်သွားပြီလို့မသိဘူးလား, သိသလား? (သိပါတယ်ဘုရား)။

ဒါဖြင့် ပျောက်သွားတာက ဘာတုံး....(အနိစ္စပါ ဘုရား)။ ပျောက်သွားတာကို ပျောက်သွားပြီလို့ သိတာက....(မဂ္ဂပါဘုရား)။ ကိုင်း—ဒီလို မဂ္ဂက ကိုယ့်ခန္ဓာကိုယ်ထဲမှာ ကိုယ်ဖြစ်တာကို ကိုယ်သိမှသာ-ပျက်တာ၊ ကိုယ်သိမှသာ မဂ္ဂဖြစ်တာ၊ သဘောကျပြီလား?((မှန်ပါ)။ ဒါဖြင့်-ဒီတရားဟာ ဘာတရားပါလိမ့်ဆိုရင် နိယျာနဓမ္မော ဝဋ္ဋထဲက ထုတ်ဆောင်တဲ့တရား၊ ဒီတရား ဘယ်ကထုတ်ဆောင်တာလဲ....(ဝဋ္ဋထဲကပါဘုရား)။

ဝဋ္ဋသုံးပါးမှ ထုတ်ဆောင်တာ....(မှန်ပါ)။ ခင်ဗျားတို့က ထုတ်ဆောင်ခိုင်းရသလား၊ သူဟာသူ မြင်တာနဲ့ပေါ်လာတာဘဲလား? (မြင်တာနဲ့ ပေါ်လာတာပါဘုရား)။ ဖြစ်ပျက်ကို မြင်တာနဲ့ ပေါ်လာတာဘဲ၊ ခင်ဗျားတို့က ထုတ်ဆောင်ပေးပါလို့ သူ့ကို တောင်းပန်ကိုးလျှိုးရတဲ့ တာဝန် ဝတ္တရား မရှိဘူး၊ သဘောကျပြီလား? (ကျပါပြီဘုရား)။

ဆုတောင်းနေဘို့ လိုသေးသလား?(မလိုပါဘုရား)။ မလိုဘူး သူဟာသူ ထုတ်ဆောင်သွားမှာဘဲဆိုသဖြင့်၊ ဩော်၊ ဒို-တသံသရာလုံးက ဒီ-အားကိုးဘို့ရာငါးခုကိုမတွေ့ခဲ့ဘူး၊ ကိုထွန်းဦး ဆိုထိုက်မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။ တသံသရာလုံး လာခဲ့ကြတာ ခင်ဗျားတို့ အရိုးတွေ အသားတွေဟာ မြင့်မိုရ်တောင် လောက်မက သေခဲ့ ကြေခဲ့တဲ့ဥစ္စာ ဘာကြောင့်ပါလိမ့်....(ဝဋ္ဋ မကျွတ်လို့ပါဘုရား)။ ဝဋ္ဋကျွတ်တဲ့တရား တခါမှ မနာဘူးလို့ မလုပ်ဘူးလို့ ဆိုထိုက်ပြီလား?(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကရှေ့မှုပြောင်းပါဗျ၊ အားလုံး ဒကာ-ဒကာမတွေ ဟာပြောင်းရမလဲ....(မှုပြောင်းရပါမယ်ဘုရား)။ မှုပြောင်းဘို့ရာ ဆုတောင်းကိုယ်ရှုမှုကို သန်ပေးပါ....(မှန်ပါ)။ ဦးဘကြည်တို့ ဘယ့်နှယ်လုပ်မှာတုံး....(ဆုတောင်းကိုယ် ရှုမှုကိုသန်ပေးရမှာပါ ဘုရား)။ ရှုမှုကို သန်ပေါ့ဗျ၊ ဆုတောင်းကိုယ်ပစ်လိုက်တော့ သူက အလိုလို သူ့အလုပ် လုပ်လျှင် သူ့ပို့မှာဘဲ....(မှန်ပါ)။

အကုသိုလ်အလုပ်လုပ်လို့ရှိလျှင်လဲ အပါယ်ရောက်ရပါလို၏ လို့ဆုတောင်းရသေးသလားမတောင်းဘဲနဲ့ပို့သလား(မတောင်းဘဲနဲ့ ပို့ပါတယ်ဘုရား)။ အဲဒီတော့ ဆုတောင်းကိုယ်ပြီး ရှုအားကို သန်ပေးပါ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ မတော်ဘုရားရှိခိုးများ တိုနေချည်မလား၊ဒီလို-ခင်ဗျားတို့မေးရအုံးမှာ၊ (မှန်ပါ )။ခင်ဗျားတို့ ဘုရားရှိခိုးက ဘုန်းကြီးပြောတဲ့အတိုင်းဘဲ တိုတိုဘဲ ဆုတောင်းရှည်နေတာ....(မှန်ပါ)။

ပြီးတော့ ဘေးကလူက သာဓုခေါ်သေး၊ ဘုရားရှိခိုး ရှည်လိုက်တာ သူမို့ရပါပေတယ်။ သာဓု--သာဓု ဟိုကမဟုတ်ဘူး၊

တဏှာလောဘနဲ့ဆုတောင်းနေတာ....(မှန်ပါ)။ ခင်ဗျားတို့က သာ ဘေးက သာဓုခေါ်နေတာ....(တင်ပါ)။ သာဓု ခေါ်နေ တာ ခုနင်က ဒကာ-ဒကာမတို့ မဟုတ်တာလုပ်နေတာ သာဓု ခေါ်သလိုဘဲ မကျဘူးလား?(ကျပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့ကလဲ သာဓုကို မခေါ်တတ်သေးဘူး၊ (တင်ပါ)။ ဟိုကလဲ ဘုရားရှိခိုးနေတယ်လို့ သူ့ဟာသူ ထင်တိုး ဘဲ။ တောင်းတာကတော့ တဏှာနဲ့တောင်းနေတာ....(မှန်ပါ) လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည် ရောက်ရပါလို၏၊ စံစားရပါ လို၏၊ ဥစ္စာပေါရပါလို၏နဲ့ သူ့ဟာသူ ဘာနဲ့တောင်းနေတာ တုံး၊ တဏှာနဲ့တောင်းနေတာ၊ ခင်ဗျားတို့ကလဲ ဘုရားရှိခိုးရှည် လိုက်တာ၊ ဒို-ဒီလောက်မရဘူး၊ သာဓု,သာဓုလို့ မခေါ်ကြဘူး လား?(ခေါ်ကြပါတယ်ဘုရား)။

သူတို့က ဘာစခမ်း ဖွင့်နေသလဲဆိုတော့ တဏှာစခမ်းကို ဖွင့်နေတယ်၊ သဘောကျပြီလား? (မှန်ပါ)။ ဘေးက ဘိက ဘုရားရှိခိုးထင်ပြီးတော့ သာဓုခေါ်ကြတယ်၊ အဲဒါ-ခင်ဗျားတို့ တင်ါသယ် သာဓုခေါ်နေသလိုဖြစ်နေတယ်၊ မကျဘူးလား, ကျ သလား? (ကျပါတယ်ဘုရား)။ အတော်ဆိုးမသွားဘူးလား?၊ (ဆိုးပါတယ်ဘုရား) အတော်ဆိုးနေတယ်။

ရှိခိုးပါ၏ဆိုလျှင်ပြီးတာဘဲမဟုတ်လား၊ (ပြီးပါတယ်ဘုရား) ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ ဒါ ဘုရားလို့ခိုးကုန်တာဘဲ....(မှန်ပါ)။ ပြီးတော့မှ ရှိခိုးရသောအကျိုးအားကြောင့်အဆင်းလှခြင်းနဲ့ဘာနဲ့ရှုပ်လာ တာဘဲ၊ မရှုပ်ဘူးလား ရှုပ်သလား?(ရှုပ်ပါတယ်ဘုရား)။

အဲ—ရုပ်တော့ကို အဲဒီဟာနောက်, အဲဒီဟာ စလိုက်တာက ဘုရားရှိခိုး စကိုမဟုတ်ဘူး....(မှန်ပါ)။ ဘုရားရှိခိုး ဟုတ်ကြရဲ့လား? (မဟုတ်ပါ ဘုရား)။ သို့သော်-ခင်ဗျားတို့ သာဓုခေါ်တဲ့အချိန်မှာ ဒိတဏှာစခမ်းဖွင့်တဲ့အချိန်ရောက်ပြီ၊ မရောက်ဘူးလားရောက်သလား?(ရောက်ပါတယ်ဘုရား)။ ခိုးတဲ့အခါ တဏှာမှမဟုတ်ဘဲကိုး....(မှန်ပါ)။ တော်တော်ရှည်မှ သူကဝင်လာတာရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။

အဲဒီလောက်တောင်ကို ခင်ဗျားတို့သည် ယုက်မှာ ဆိုးသွမ်းတဲ့အလုပ်တွေကို မတရားသဖြင့်လုပ်နေတယ်လို့ ဆိုတော့ စကားကတော့ ရိုင်းသပေါ့ဗျာ၊ အဖြစ်ကတော့မှန်နေတယ်၊(မှန်ပါ)၊ အဖြစ်ကတော့မှန်တယ်။

ကဲ—ဒကာ·ဒကာမတို့ ဒါဖြင့် ဒီကရှေ့ အဲဒီကိလေသဝဋ်ကို သွား၍ ဘုရားရှေ့မှာဘဲ သူ့ကိုသွားပြီး လုပ်တယ်....(မှန်ပါ)။ ဦးလှ့ဘုရားရှေ့မှာ ကိလေသဝဋ် လုပ်တယ်၊ မလုပ်ဘူးလားလုပ်သလား?(လုပ်ပါတယ်ဘုရား)။ ဤပန်းကဲ့သို့လှုဘို့ ဤဆွမ်းကဲ့သို့ ပေါဘို့ လုပ်တယ်....(မှန်ပါ)။ ကိလေသဝဋ် မလာဘူးလား့လာသလား?(လာပါတယ်ဘုရား)။

အဲဒီဟာ ဉာဏ်နဲ့တောင်းတာလား၊ တဏှာနဲ့တောင်းတာလား?(တဏှာနဲ့တောင်းတာပါ ဘုရား)၊ တဏှာနဲ့တောင်းတာဆိုတော့ ဘုရားရှေ့မှာ နောက်, အဲဒါကိုပင် တောင်းမိလျှင် ကိလေသဝဋ်....(မှန်ပါ)။ စေတနာကံက မပါဘူးလား(ပါ·ပါတယ်ဘုရား) ကမ္မဝဋ်ပါတယ်။

ကိုင်း—ကိလေသဝဋ္ဋ နဲ့ ကမ္မဝဋ္ဋက ပါတော့ ဝိပါကဝဋ္ဋ ပြေးလို့မလွတ်ပါဘူး....(မှန်ပါ)။ အဲဒီတော့ ဒကာ-ဒကာမတို့ ခင်ဗျားတို့ အကုသိုလ်လုပ်တာလဲ နေရာရွေးကြပါအုံး၊ ဘုရားရှေ့တော့ မတော်ဘူး....(မှန်ပါ)။ လောဘနဲ့ တောင်းတာ ဟူသရွေ့ ဒီပြင်နေရာကိုသွားပြီး ဆုတောင်းချင်တောင်းကြပါ၊ (မှန်ပါ)။ ဆန္ဒနဲ့တောင်းတာ ဉာဏ်နဲ့တောင်းတာကို မကန့်ကွက်ဘူး။ လောဘနဲ့တောင်းတာဟူသရွေ့ ကန့်ကွက်တယ်....၊ (မှန်ပါဘုရား)။

ယောက်ျားကြီးတမားမားနဲ့ ဒီအလုပ်ကိုလုပ်မနေနဲ့အုံး၊ငါ ယောက်ျားဘဲဆိုပြီး မင်းတို့ထက်တော့ အသိဉာဏ်ထူးပါသေးတယ်ဆိုပြီးဘုရားရှေ့ ဒါ-လုပ်အုံးမယ်ဆိုရင် မကောင်းသေးဘူး ကောင်းပါ့မလား?(မကောင်းပါဘုရား)။ ကိုင်း-ဒါဖြင့်ဒကာ ဒကာမတို့ မရှုတဲ့ပုဂ္ဂိုလ်မှာ ဝဋ်သင့်တယ်....(မှန်ပါ)။ရှုတဲ့ပုဂ္ဂိုလ် မှာလဲ ဝဋ်ကျွတ်တယ်။ ဒါဖြင့် ဝဋ်သင့်ဝဋ်ကျွတ်သည် ဒကာ, ဒကာမတို့ အလုပ်အပေါ်မှာ မှီတယ်....(မှန်လှပါ)။ အလုပ် မလုပ်လျှင် ဝဋ်သင့် ဝဋ်ကျွတ်တာသည် အလုပ်လုပ်တာ။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ သူဟာ မဂ္ဂပစ္စယောဘဲ ဦးဘကြည့်ဒါဘာတုံး? (မဂ္ဂပစ္စယောပါဘုရား)။ ထွက်မြောက်ကြောင်းဘဲ.... (မှန်ပါ)။ ထွက်မြောက်ကြောင်း အဟုတ်ကို ထွက်ကဲ့လား, မေးလိုက်တော့မှ ဖြစ်ရမဲ့ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋကို တခါတည်း ဖြစ်ခွင့်ကိုမပေးဘူး....(မှန်ပါ)။

ကိုင်း - ပေးသေးသလား?(မပေးသေးပါဘုရား)။ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မ

ဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ အဲဒါတွေ လာသေးသလား၊ (မလာပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ အခု-ရှုလိုက်တာနဲ့ ကျွတ်သွားတယ်၊ ဒီတော့ ခင်ဗျားတို့ဟာ အကာလိကော အခါမလင့် အကျိုးပေးတယ်....(မှန်ပါ)။ ခင်ဗျားတို့ ဝတ္ထုပိသောထဲ မပါဘူးလား ? (ပါ-ပါတယ်ဘုရား)။ ရှုလိုက်လျှင် အခါမလင့် အကျိုးပေးတယ်။ မရှုဘဲနေလို့ရှိလျှင် ဝဋ်ကိုသင့်နေတာဘဲ....၊ (မှန်ပါ)။ ရှုလိုက်ပြန်တော့ကော....(အခါမလင့် အကျိုးပေးပါတယ် ဘုရား)။ အခါမလင့် အကျိုးပေးတယ်ဆိုတာ အခါမလင့် ဝဋ်ကျွတ်သွားတာ.... (မှန်ပါ)။ သူလဲလာရော ဝဋ်သုံးပါးကို လာခွင့်ရသေးသလား?(မရပါဘုရား)။

အဲဒီတော့အကာလိကော-အခါမလင့်အကျိုးပေးပြီဆိုတော့ ဒီအလုပ်လုပ် ဒိဋ္ဌေဓမ္မ အကျိုးပေးနေတယ်၊ ဒကာ-ဒကာမတို့ ဒီအလုပ် လုပ်ပါလို့ ဘုန်းကြီးက တိုက်တွန်းတယ်....(မှန်ပါ)။ မတိုက်တွန်းသင့်ဘူးလားဗျာ(တိုက်တွန်းသင့်ပါတယ်ဘုရား)။

ကိုင်း—သဘောကျပြီလား? (ကျပါပြီဘုရား)။ ခင်ဗျားတို့ ရှေးတုန်းကတော့ ဝဋ်ကျွတ်အောင် မဂ္ဂင်တရား ကြိုးစားကြပြောတဲ့ဆရာလဲ ပြောကြမှာဘဲ....(မှန်ပါ)။ ပြောပင်ပြောငြား သော်လည်း ကျွတ်ပုံ-ခုလောက်မသေချာဘူး....(မှန်ပါ)။ အခု ရှုတာသည် ကိလေသဝဋ်နဲ့ ကမ္မဝဋ် လာရမည့်ဥစ္စာ လာခွင့်ရသေးသလား?(မရတော့ပါဘုရား)။

မရတော့ ဝဋ်ကျွတ်တာသည် သူများပြောတာထက် ကိုယ်တိုင် ရှုကြည့်လို့ ကိုယ်တိုင်ကျွတ်မှာလား? (ကိုယ်တိုင်ရှုကြည့်

လို့ ကိုယ်တိုင်ကျွတ်မှာပါ ဘုရား)၊ ဒါဖြင့် ဝဋ်ထဲနေတဲ့ပုဂ္ဂိုလ်က ဝဋ်ကျွတ်ချင်ကြလို့ရှိလျှင်ဖြင့် ကိုယ်တိုင် ရှုရုံဘဲရှိတယ်....၊ (မှန်ပါ )။ ဒီပြင်ဘာရှိသေးတုံး....(ဘာမျှမရှိပါဘုရား)။

ကောင်းပြီ၊ သဘောပါကြပြီလား? (ပါ ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ဝဋ်ကျွတ်တဲ့နည်း ရပြီလား? (ရပါပြီဘုရား)၊ ရပြီ။ ဘာလုပ်ရမယ်....(ဝေဒနာရှုရပါမယ် ဘုရား)။ အေး–ဝေဒနာကို ဖြစ်ပျက်မမြင် မြင်အောင် ကြည့်လို့ ဒကာဒကာမတို့ကိုမှာလိုက်တော့၊ဒကာ,ဒကာမတွေက ဩော်,ဖြစ်တာလဲ မြင်နိုင်အောင်ကြည့်ရမတဲ့။ ပျက်တာလဲ မြင်နိုင်အောင်ကြည့်ရမတဲ့ဆိုတော့ တပည့်တော်တို့ ကြည့်ပါ တယ်ဘုရား၊ မမြင်နိုင်ပါဘူးလို့ ခင်ဗျားတို့က ဆင်ခြေလဲချင်လဲ့မယ်(တင်ပါ)။

ဗြုံးကနဲ လုပ်စ,ပုဂ္ဂိုလ်မှာ မြင်နိုင်ပါ့မလား? (မမြင်နိုင်ပါဘုရား)။ မမြင်နိုင်တော့ ခင်ဗျားတို့ မြင်ချင်တာက ဒီနေရာအခုဖြစ်တယ်,အခုပျက်တယ်၊ အဲဒါကို ခင်ဗျားတို့က မြင်ချင်တာကိုးဗျ....(တင်ပါ)။ အဲဒါ-ဘုရားကြည့်မမြင်ဘူး၊ အခုဖြစ်, အခုပျက်ဆိုတော့ ဘုရားကြည့်လဲမမြင်ဘူး....(မှန်ပါ)။ မြင်ရမှာက ဘုန်းကြီးရှင်းပြမယ်။

ဒကာ-ဒကာမတို့ ခင်ဗျားတို့အိမ်ကြတော့ နှလုံးသွင်းကြည့်မြင်ရမှာက ဒီလိုမြင်ရမှာ၊ ကိုယ့်စိတ်ထဲတွင်ဖြစ်ပြီး, ဟိုနေရာတွင်ဖြစ်ပြီး, ဟိုနေရာတွင် ပျက်တာကို ဒီကဉာဏ်က မြင်-မြင်နေမည်ဆိုလျှင်ဖြင့် ခင်ဗျားတို့ ဒီခန္ဓာမှာလဲ တစိတ်၊ ဒီ-ရှုနေတာက တစိတ်ဆိုတော့ ခင်ဗျားတို့ တကိုယ်ထဲမှာ နှစ်စိတ်ပြိုင် ဖြစ်နေ

တယ်....(မှန်ပါ)။ နှစ်စိတ်ပြိုင်ဖြစ်နေလျှင်ဖြင့် ခင်ဗျားတို့ လူနှစ်ယောက်ဖြစ်အုံးမှာ....(မှန်ပါ)။ မဟုတ်ဘူးလား?(မှန်ပါ)။ ရှုတာက တယောက်ဘည်း....(မှန်ပါ)။

အဲဒီတော့ကို ဦးလိုမှက်ကြပါ၊ သူများက ဘယ်လိုဘဲပြောပြော ခင်ဗျားတို့က ဘုန်းကြီးပြောတာကို ဘုရားပါဠိတော်နဲ့ ညီညွတ်တဲ့အတွက် မှတ်လိုက်တာပေါ့....(တင်ပါ)။ သို့သော်– ဥပမာတခုကို ရှေ့ထားပြမယ်။

ဒကာ-ဒကာမတို့ ဥပမာ ရှေ့မထားလို့ရှိလျှင် ခင်ဗျားတို့ ဒီဟာ သဘောကျမယ်မဟုတ်ဘူး....(မှန်ပါ)။ ဥပမာ ရှေ့ထားမယ်၊ ဟောဟိုဘက်က ကျောက်လမ်းပေါ်မှာ ဒီ မလာဘူးတဲ့ ဆင်တကောင် လာပြီးသကာလ ည-သန်းခေါင်လောက် လာအိပ်တယ်၊ အိမ်ရှင်က မသိဘူး၊ နောက်တော့ အားလုံးလူတွေ နိုးကြပြီး သံချောင်းတွေ ဘာတွေခေါက်လို့၊ မီးတွေ ဘာတွေ ထွန်းကြလို့ သူ-ထပြေးတယ်။

ထပြေးတဲ့အခါကြတော့ ဒီကမနက် ၇-နာရီလောက်မှ ဝင်းတံခါး ဖွင့်ပြီး ထွက်ကြည့်တဲ့အခါကြလို့ရှိလျှင်ဖြင့် ဆင်အိပ်တဲ့နေရာဘဲတွေ့တယ်....(တင်ပါ)။ ဆင် ထသွားတဲ့ခြေရာကော.... (တွေ့ပါတယ်ဘုရား)။ အဲဒီနေရာ ဆင်လဲအိပ်တယ်၊ ထလဲ့ သွားတယ် မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ထိုနည်းအတူဘဲ ခင်ဗျားတို့ ခန္ဓာရှုတဲ့အခါကြလို့ရှိလျှင်လဲ ဝေဒနာဟာ အရင်ဖြစ်ပြီး အရင်ချုပ်နှင့်တာဘဲ....(မှန်ပါ)။

နောက်ကနေပြီး သြော်ဖြစ်လဲဖြစ်တယ်, ချုပ်လဲ ချုပ်သွားတယ်လို့ သိလျှင်တော်ပြီ၊ ရှင်းပြီလား ?(မှန်ပါ)။ဒါ-အင်မတန်

အရေးကြီးတဲ့တရား၊ ခင်ဗျားတို့က ဥဒယဗ္ဗယဆို ဒီလိုဖြစ်တာနဲ့ ဒီလို ပျက်တာမြင်တယ်လို့ အောက်မေ့နေအုံးမယ်....(မှန်ပါ)။ မမြင်နိုင်ဘူး၊ ထုံးစံမရှိဘူး၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ကိုထွန်းအောင်, မြင်နိုင်ပါ့မလား....? (မမြင်နိုင်ပါ ဘုရား)။ တသလ္လာန်တည်းလေဗျာ....(မှန်ပါ)။

မဖြစ်နိုင်တဲ့အတွက် မမြင်နိုဘူးဆိုတာ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချတော့မှ ဗြော်-ဆင်သည် ညက ဒီနေရာမှာ အိပ်လဲအိပ်တယ်၊ ထလဲ ထ,သွားပြီမဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား) ထို့အတူဘဲ၊ ကိုယ့်သလ္လာန်ရှိတဲ့ ဝေဒနာဟာ ဖြစ်လဲဖြစ်တယ်, ပျက်လဲပျက်သွားလေရဲ့လို့ ဒီကနောက်မှသိလာတယ်၊ အိပ်တာကိုလဲ သိတာဟာ တွေးကြည့်လို့ဘဲ....(မှန်ပါ)။ သွားတာကိုကော....(သိပါတယ်ဘုရား)။ တွေးသိဘဲမနေဘူးလား၊ ဥာဏ်ဆိုတာ တွေးသိချည်းပေါ့ဗျ။ သဘောကျပြီလား? (သဘောကျပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဆင်အိပ်တဲ့ဥပမာသာ မှတ်ထားရမယ်၊ နားလည်ကြပြီလား?(နားလည်ပါပြီဘုရား)၊ အဲဒါ-ဆင်အိပ်တဲ့နေရာလဲ မြင်ရမယ်၊ အေး-ထသွားတဲ့ခြေရာကော....(မြင်ရပါမယ်ဘုရား) မြင်တော့ မိုးလင်းမှ သိဌားသော်လဲ အဲဒီနေရာကို ဆင်သည် အိပ်လဲအိပ်တယ်,ထလဲသွားတယ်လို့ မသိနိုင်ဘူးလား? (သိနိုင်ပါတယ်ဘုရား)။

ဒီမှာလဲနောက်ဥာဏ်ကဒီနေရာမှာဖြစ်လဲဖြစ်သွားပြီ,ပျက်လဲပျက်သွားပြီ သိလျှင်ပြီးတာဘဲ၊ သဘောကျပြီလား?(မှန်ပါ)၊ ဦးဘကြည်, ဒါ-အင်မတန် အရေးကြီးတဲ့တရားနော်၊ ဒီစကား

တလုံးဟာ ခင်ဗျားတို့ လွယ်ကူတဲ့ စကားတလုံး မဟုတ်ဘူး....(မှန်ပါဘုရား)။ ခင်ဗျားတို့က ဖြစ်ပျက်မြင်ရမယ်ဆို ဉာဏ်ထဲမှာကို ဖြစ်ပျက်နေတာလို့ မှတ်နေတာမဟုတ်ဘူးလား၊(မှန်ပါ) တော်တော်ကြာ ဖြစ် ပျက် သွားပြန်ပြီ၊ ဖြစ် ပျက် သွားပြန်ပြီ အလွန်မြန်တယ်....(မှန်ပါ)။

လောကီဥပမာပြမယ်ဆိုလို့ရှိလျှင်ဖြင့် ခင်ဗျားတို့ ဘိုင်စကုပ်ရှိတယ်မဟုတ်လား? (မှန်ပါ)။ နောက်ကခနပြီးသကာလ မှန်ပြောင်းကို ဆလိုက်မီးနဲ့ ထိုးလိုက်တဲ့အခါမှာ ဖလင်လေးကို ဖေါက်ထွက်သွားပြီး ဒီအရိပ်ကလေးဟာကို ဟိုကားလိပ်ဆီသို့ သွားသေးတယ်ဗျ....(တင်ပါ)။ အရိပ်မီးနဲ့ထိုးပြီး ဆောင်သွားတာ၊ (တင်ပါ)။

သို့သော်-ခင်ဗျားတို့က ဟိုမှာ မြင်တယ်လို့ ပြောတယ်။ အရိပ်ကလေး ဒီကသွားတာကိုတော့ မမြင်ပါဘူး၊ မမြင်နိုင်ဘူးတဲ့၊ ဒီဥစ္စာ မြန်လွန်းလို့ ဒီမှာလဲ ထိုနည်းအတူဘဲ၊ မြန်လွန်းလို့ မမြင်နိုင်ဘူး၊ မြင်နိုင်ပါ့မလား?(မမြင်နိုင်ပါဘုရား)။ မမြင်နိုင်တော့၊ ဩော်-ဒီအရိပ်က ဟိုထင်မယ်ဆိုတာ မသိဘူးလား?၊ (သိပါတယ်ဘုရား)။

ထို့အတူဘဲ၊ ဒကာ-ဒကာမတို့ ဟိုထင်တဲ့ရုပ်ကို ခင်ဗျားတို့ ကြည့်တော့ အရုပ်က အများကြီးကုန်သွားပြီ၊ မကုန်သေးဘူးလား?(ကုန်ပါတယ်ဘုရား)။ ဟိုထင်တဲ့အရုပ်က နောက်ဆုံးပိတ် အရုပ်လောက် လာထင်တာ....(မှန်ပါ)။ အခု ဒီစက်နဲ့ဆွဲတင်လိုက်တော့ အပေါ်ရောက်တဲ့အရုပ်တွေက ပြီးပြီ၊ အတော်ကြာသွားပြီ....(မှန်ပါ)။ ဟင့်၊ ကြာပါတယ်။ ထောင်သောင်းဖြစ်

သွားပြီ ဆိုပါတော့ဗျာ....(မှန်ပါ)။ ဒါကြောင့် ပေလိပ်ပေါင်း ဘယ်လောက်ဆိုပြီး ကြော်ငြာရတာပေါ့ဗျာ။

ကိုင်း—ဒကာ-ဒကာမတို့ ဒီက ဖြစ်ပျက်သွားတာကို ခင်ဗျားတို့ သွားပြီ·သွားပြီလို့ သိလျှင်တော်ပြီ ..(မှန်ပါ)။ ဒါကို မသိဘူး၊ သွားနေတာတော့ မရေတွက်နိုင်ပါဘူး၊(မှန်ပါ)။ သွားတဲ့ အရုပ်ကို မသိဘူး၊ ခက်လိုက်တဲ့ဖြစ်ခြင်း။

အဲဒီတော့ သွားတာက သွားတာဘဲ၊ သွားတာ မသိတဲ့အခါ ကြလို့ရှိလျှင် မသိတဲ့အဝိဇ္ဇာ လာပြန်တာဘဲ မလာဘူးလား?၊ (လာပါတယ်ဘုရား)။ အဝိဇ္ဇာလာလျှင် သင်္ခါရ လာပါတယ်၊ အဲ—ပဋိစ္စသမုပ္ပါဒ် တောက်လျှောက်သွားအုံးမယ်(မှန်ပါဘုရား) မသိတဲ့ပုဂ္ဂိုလ် တယ်, မဆိုးဝါးဘူးလား? ( ဆိုးဝါးပါတယ် ဘုရား)။

ကိုင်း—ဒကာ-ဒကာမတို့ ဒီကရှေ့ ဘာလုပ်မလဲလို့ မေးလို့ ရှိလျှင်ဖြင့် ဖြစ်ပျက်ကိုသိအောင်လုပ်မယ်....(မှန်ပါ)။ဘယ်နှယ် လုပ်ကြမယ်....(ဖြစ်ပျက်ကိုသိအောင်လုပ်ရမယ်ဘုရား)။ ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်ကို အဆက်မပြတ်အောင်လုပ်ပေးပါ၊သဘောကျပြီလား?(ကျပါပြီဘုရား)။ သယ်လိုလုပ်ကြရမယ်၊ (ဖြစ်ပျက်နဲ့ မဂ် ဆိုက်အောင် လုပ်ရပါမယ်ဘုရား)။

အဲ—ဖြစ်ပျက်နဲ့ မဂ် အဆက်မပြတ်အောင် ဖြစ်ပျက်ကလဲ မသေမခြင်း အဆက်မပြတ်ပါဘူး ရှိမှာဘဲ၊ မဂ်ကလဲ အားထုတ်တိုင်း ပေါ်မှာဘဲ....(မှန်ပါ)။ မပေါ်ပါနဲ့ ဆိုလို့ မရဘူးနော်၊ အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ပေါ်လာမယ်....(မှန်ပါ)။ ပေါ်တိုင်း ပေါ်တိုင်းလဲ ဝဋ်ဘယ်တော့မဆို ကျွတ်နေတာဘဲ(တင်ပါ)။

ဒါဖြင့် ဒါနဲ့သေသွားတဲ့ပုဂ္ဂိုလ် ဝဋ်ကျွတ်သေပေါ့၊ ရှင်းပြီလား?(မှန်ပါ)၊ ဒါနဲ့သေသွားတဲ့ပုဂ္ဂိုလ် ဘာဆိုကြမလဲ၊ (ဝဋ်ကျွတ်သေပါတယ်ဘုရား)။ ဝဋ်ကျွတ်တယ်ဆိုတော့ ဒီအခါမှ ခင်ဗျားတို့ကလဲ ဝဋ်ကျွတ်ပြီးမသေချင်လို့ရှိလျှင်လဲ မတတ်နိုင်ဘူးဗျနော်၊ ဝဋ်ကျွတ်သေရတာတော့ အကောင်းဆုံးဘဲ။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ဒီအလုပ် လုပ်တတ်ပြီလား၊ (လုပ်တတ်ပါတယ်ဘုရား)။ ရှေ့က ဘာတုန်း....(ဖြစ်ပျက်ပါဘုရား)။ နောက်ကကော....(မဂ်ပါဘုရား)။ မဂ်လာလို့ရှိလျှင် ဖြင့် ဘယ်ဝဋ်ကျွတ်တယ်....(ဝဋ်သုံးပါး ကျွတ်ပါတယ်ဘုရား)။ အေး-မဂ်လာလျှင် ဝဋ်သုံးပါးကျွတ်တယ်ဆိုတာတော့ ဦးဘတင်တို့ ကြေနပ်ကြရောပေါ့ဗျာ....(ကြေနပ်ပါတယ်ဘုရား)။

မရှုဘဲ နေသလား၊ ရှုလျှင်ဘဲ အခု ပြတာနဲ့ဘဲ ခင်ဗျားတို့ ဒီလိုလုပ်လျှင် ဒီလိုဖြစ်မှာဘဲလားလို့ ဆိုတာကော ထင်ရှားတယ်မဟုတ်လား? (ထင်ရှားပါတယ်ဘုရား)။ ဒါဖြင့် ဒါထက်ထင်ရှားအောင် နဲနဲလေးပြောပြမယ်၊ ဝေဒနာပစ္စယာ တဏှာဆိုတာက တဏှာဟာ ဘယ်မှာမှမပေါ်ဘူး၊ ဟဒယဝတ္ထုပေါ်မှာ ပေါ်တယ်.... (မှန်ပါ)။ တဏှာဘယ်မှာပေါ်သတုံး၊ (ဟဒယဝတ္ထုပေါ်မှာပါဘုရား)။ ကိလေသဝဋ်က ဟဒယဝတ္ထုပေါ်မှာပေါ်တယ်....(မှန်ပါ)။ ကမ္မဝဋ်ဆိုတဲ့စေတနာကော.... (ဟဒယဝတ္ထုပေါ်မှာ ပေါ်ပါတယ်ဘုရား)။ ဒီကပေါ်တာဘဲ မဟုတ်လား?။

ကောင်းပြီ ဝိပါကဝဋ်ဆိုတာလဲ ဖဲဒီအထဲ ဟဒယဝတ္ထုနဲ့ ကပ်ပြီး ပဋိသန္ဓေနေတာဘဲ၊ (မှန်ပါ)။ ဝဋ်သုံးပါးကလဲ ဟဒယ

ဝတ္ထုပေါ်မှာ ကျက်စားကြတော့ ကျုပ်တို့မဂ္ဂင်ကလဲရှုတဲ့အခါ မှာ ဟဒယဝတ္ထုပေါ်မှာ ရှုရတယ်....(မှန်ပါ)။ ဟိုဟာတွေ လာခွင့်ရရဲ့လား? (မရပါဘုရား)။ မရတော့၊ ဩော်, ဒါမှ လက်တွေ့ပါလား၊ ဝဋ္ဋတွေလာခွင့်ပေးသေးရဲ့လား?(မပေးပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဩော်,ဝဋ္ဋကျွတ်တယ် ဆိုတာဟာ တခြားလားမှတ်နေတယ် လာခွင့် မပေးတာကိုး၊ ရိပ်မိကြပြီလား? (ရိပ်မိပါပြီဘုရား)။ ဝဋ်သုံးပါး ကျွတ်တယ် ဆိုတာ ဒကာ-ဒကာမတို့ ဝဋ္ဋလာသေးရဲ့လား(မလာပါဘုရား) ဝဋ္ဋကိုမလာတော့ ကျုပ်တို့က ဝဋ္ဋမှကျွတ်ချင်တဲ့ သဘောသည် ကားလို့ဆိုလျှင် ကျုပ်တို့က မတောင့်တနဲ့၊ မလာအောင်တား လိုက်လျှင် ဖြစ်မှာဘဲ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဘယ် နည်းနဲ့မှ သူ-မလာဘူး။

မလာနိုင်တော့ နေရာကျပြီလို့မဆိုနိုင်ကြဘူးလား?(ဆိုနိုင် ပါတယ်ဘုရား)။ ကောင်းပြီ,ဒါဖြင့် ဒကာ-ဒကာမတို့ ဝဋ္ဋကျွတ် နည်း ရပြီလား?(ရပါပြီဘုရား)။ ကောင်းပြီ,ဝဋ္ဋကျွတ်တဲ့နည်း ရလို့ရှိလျှင်ဖြင့် ဒီဉာဏ်သည် ဝဋ္ဋကျွတ်ခြင်း၏ အစ, ဉာဏ်ဘဲ ရှိသေးတော့ အလယ်ဉာဏ်တက်ပါအုံးလို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

အလယ်ဉာဏ် တက်ပါအုံးလို့ ဒကာ-ဒကာမတွေဆိုတော့ ခုနင်က ဟုတ်တိုင်းမှန်စွာ မရှိတာ မရှိမှန်း သိသောကြောင့် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ဘဲရှိသေးတယ်....(တင်ပါ)။ ယထာ ဘူတ ဉာဏ်ဘဲ....(တင်ပါ)။

မရှိတာ မရှိမှန်းသိတဲ့ဉာဏ် ဘာဉာဏ်တုံး....(ယထာဘူတ ဉာဏ်ပါဘုရား)။ အေး-ဒါ့ခုနက မဂ္ဂင်ငါးပါးဟာ ယထာဘူတ ဉာဏ်လို့ဘဲ ဒကာ-ဒကာမတွေက ဆုံးဖြတ်ချက်ချ....(မှန်ပါ)။ ယထာဘူတ ဉာဏ် ရတယ် ဆိုလို့ရှိလျှင်ဖြင့် ခင်ဗျားတို့ စူဠ သောတာပန်ကတော့ သေချာသွားပြီ၊ သဘောကျပြီလား....?၊ (ကျပါတယ်ဘုရား)။

သို့သော် စူဠသောတာပန်ဆိုတာတဘဝအရေး၊ဒီဇာတ်နဲ့သေ မှကိုး(မှန်ပါ) အာသန္နကံအကြား တခြားက တခြားဇာဝင် လျှင်လဲ ဘာအသုံးကျသတုံး၊ စိတ်မချရဘူး အဲဒီဥစ္စာ စိတ်မချ ရတဲ့သောတာပန် ဖြစ်နေသောကြောင့် ခင်ဗျားတို့ သိပ်အား မကိုးပါနဲ့....(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် စိတ်ချရအောင်သာလုပ်ထားတာ အေး ပါတယ်.... (တင်ပါ)။ မကောင်းဘူးလား? (ကောင်းပါတယ် ဘုရား)။ စိတ်ချရအောင်လုပ်လို့ရှိလျှင်ဖြင့် ဒီဝေဒနာသုံးပါး ကို ခင်ဗျားတို့ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုတဲ့အမြင် ဖြစ် ပျက် မြင်ရုံနဲ့ မကြေနပ်နဲ့လို့ တဆင့်တက်အုံးလို့ သတိပေး လိုက်တယ်....(တင်ပါ)။ ဘာ-တဆင့်တက်ရမလဲဆိုတော့ ဖြစ် ပျက် မုန်းအောင်ရှုပါ။

ဒကာ-ဒကာမတို့ ဘယ်လိုရှုရမလဲ....(မုန်းအောင်ရှုရပါမယ် ဘုရား)။ မုန်းအောင်ရှုရမယ်ဆိုတော့ ဒီနေရာမှာ ဒီ-ငါးပါး၊ ခုနက ယထာဘူတဉာဏ်ဟာ သူ-နိဗ္ဗိဒါဉာဏ်လို့ ဆိုင်းဘုတ်ဆွဲ နိုင်အောင် ဒါကို မင်္ဂနဲ့ကြည့်ပါလို့ ပြောတာ.... (မှန်ပါ)။ ဒီကြတော့ ဘာဉာဏ်ဖြစ်သွားတုံး....(နိဗ္ဗိဒါဉာဏ်ပါဘုရား)။

အင်း—ငါးခုဘဲမဟုတ်လား၊ နိဗ္ဗာဒါဉာဏ် တက်လိုက်တယ်ဆိုတာ ဖြစ်ပျက်မှုန်းတာဘဲ မဟုတ်လား?၊ ဒကာ-ဒကာမတို့.... (မှန်ပါ)။ အင်း-ခုနကတော့ ဖြစ်ပျက်မြင်တယ်, အခုဟာက ဖြစ်ပျက်မုန်းတယ်၊ ဒါဖြင့်-ယထာဘူတဉာဏ်နဲ့ နိဗ္ဗိဒါဉာဏ်ဟာ ထူးခြားတယ်....((မှန်ပါ ဘုရား)၊ ဟိုဟာက မြင်တာ၊ ဒါက မုန်းတာ။

ဒါဖြင့် မြင်တာနဲ့မုန်းတာသည် ဒကာ,ဒကာမတို့ ကိုယ့်ခန္ဓာကိုယ် မြင်ရုံမြင်တာနဲ့ ဖြစ်ပျက်မှန်းသိတာတဲ့၊ ကိုယ့်ခန္ဓာကိုယ် မုန်းတာမို့ မလိုချင်ပုံ ဘယ်သူကသန်သတုံး မေးကြည့်လျှင် မုန်းတာက သန်တယ်....(မှန်ပါ ဘုရား)။ ဒါကြောင့် ဒီဟာ ဉာဏ်တမျိုးလို့မှတ်ပါ....(မှန်ပါ)။ ဒါက ဘာဉာဏ်ပါလိမ့်(နိဗ္ဗိဒါဉာဏ်ပါဘုရား)။ ခုနက မြင်ရုံမြင်တဲ့ဉာဏ်ကကော (ယထာဘူတဉာဏ်ပါဘုရား)။

အေး—ဒါကြောင့် ယထာဘူတဉာဏ် မပါဘဲနဲ့ မမုန်းနိုင်ဘူး၊သဘောကျပြီလား?(မှန်ပါ)။ ဒါဖြင့် ယထာဘူတဉာဏ်က တစ်၊(မှန်ပါ)။ နိဗ္ဗိဒါဉာဏ်က နှစ်၊ ဒါ-အစဉ်အလာရှိသေးတာ ဒကာ-ဒကာမတွေကို ထုတ်ဆောင်ပုံကိုပြနေတယ်၊ ဦးဘကြည် အလုပ်နှင့်တကွ ပြနေရတယ်....(မှန်ပါ )။

ထုတ်ဆောင်ပုံသည် ဒကာ,ဒကာမတို့ ဘယ်လို ထုတ်ဆောင်တယ်ဆိုတာ အလုပ်နဲ့မှ ထုတ်ဆောင်ပုံရှင်းပါတယ်၊ ဒီအတိုင်းတော့ မရှင်းပါဘူး။ ထုတ်ဆောင်ပုံ ပြောလိုက်တာနဲ့ တရားသိမ်းရမှာဘဲ....(မှန်ပါ)။ အခုတော့-ဒီလိုဟုတ်ကဲ့လား (မဟုတ်ပါ ဘုရား)။ ထုတ်ဆောင်ပုံကို အလုပ်နဲ့ဟောဒီလိုထုတ်ဆောင်တယ်။

ကောင်းပြီ၊ သူက-နိဗ္ဗိဒါဉာဏ်နဲ့ ဘာဝဋ်မှ တုတ်ဆောင်သတုံးလို့မေးကြည့်တော့ ခုနက ဝဋ်သုံးပါးမှထုတ်ဆောင်တယ် သို့သော်-သူ့ထုတ်ဆောင်ချက်က ခုနကထက် ဒဏ်ပြင်းတယ်၊ (မှန်ပါ)၊၊ ယထာဘူတဉာဏ်ထက် ဒီဉာဏ်က ထက်သကိုးဗျ. (မှန်ပါ)။ ဒီဉာဏ်ကထက်တော့ ခုနဲ-မြင်တုန်းက ဒါ-မိမိခန္ဓာဘဲ ဝေဒနာသုံးပါးဟာဝေဒနာက္ခန္ဓာ-မိမိခန္ဓာကိုယ်ဘဲမဟုတ်လား၊ (မှန်ပါ)။ ခုန-မိမိခန္ဓာကို အမှန်မြင်တာဘဲရှိမယ်....(မှန်ပါ)။ ခုတော့ မိမိခန္ဓာကို ဘာတုံး....(မုန်းပါတယ်ဘုရား)။

အဲ ဒါဖြင့်၊ ဒီဉာဏ်နှစ်ခုဟာ အတော်ထူးခြားတယ်(မှန်ပါ) အမှန်သိတဲ့ဉာဏ်နဲ့မုန်းတဲ့ဉာဏ်(မှန်ပါ)။ အဲဒီတော့ ကိလေသဝဋ်ဟာ ဝဋ်မြစ်ဘဲဆိုလျှင်ဖြင့် ကိလေသဝဋ်မြစ်သေပုံက တစ်နံပါတ်ဉာဏ်နဲ့နှစ်နံပါတ်ဉာဏ် ဘယ်သူကသာပြီး ဉာဏ်ဓါးမှာ ခုတ်ချက်သန်သတုန်းလို့ ခင်ဗျားတို့ဝေဘန်ကြည့်....(နှစ်နံပါတ် ဉာဏ်ပါဘုရား)။ နှစ်နံပါတ်ဉာဏ်က ထက်တယ်မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ၊ နှစ်နံပါတ်က ထက်တာ ဒကာ-ဒကာမတို့ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ကောင်းပြီ၊ ဒါဖြင့်-အရင်တုန်းက ကိလေသဝဋ်ကို အကြမ်းလောက်ဘဲဖြတ်ပစ်လိုက်တယ်(တင်ပါ) သူက အနုပါ ဖြတ်လိုက်တယ်....(မှန်ပါ)။ ဒါဖြင့် ဒကာ-ဒကာမတို့၊ အင်း-ဒီဉာဏ်နှစ်ခုလဲ ဉာဏ်ခြင်းမတူတဲ့အတွက် တက်ရမှာဘဲ တက်ရမှာပါ၊ မတက်လျှင်မဖြစ်ပါဘူး၊ ဘုရားဟောပါဠိတော်မှာ လဲ တက်ပါဆိုတာ သုတ်တိုင်းဟောတယ်....(မှန်ပါ)။

ဧဝမေ့တံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ-ဆိုတာက တစ်နံပါတ်(တင်ပါ)။ ဧဝံပဿံ ဘိက္ခဝေ ဝေဒနာယပိ နိဗ္ဗိန္ဒတိ ဆိုသဖြင့် ငြီးငွေ့ရမယ်....(မှန်ပါ)။ ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ငြီးငွေ့တော့၊ ဩော်,ကိုယ့်ဖြစ်ပျက်ကလေးတွေဟာ မရပ်မနား ဖြစ်ပျက်ပြီးသကာလ နေတာဘဲ။

ဒကာ-ဒကာမတွေ ငြီးငွေ့ပြီးသကာလ မကြည့်ချင်ဘဲနဲ့ ကြည့်နေရတာဘဲ၊ မုန်းလျက်နဲ့လဲ ကြည့်နေရတာဘဲဆိုတော့ အင်း–ဒီဟာမရှိလျှင် ကောင်းလေစွ၊ ဒီဟာမှကျွတ်လွတ်လျှင် ကောင်းလေစွ ဆိုတာတွေလာတယ်(မှန်ပါ)။ဟုတ်ဘူးလား။

အဲဒါအပြင် မုစ္စိတုကမျတာဉာဏ်တို့ဘာတို့လဲအလိုလိုတက် မလာဘူးလား? (တက်လာပါတယ်ဘုရား)။ အဲဒါ-ခင်ဗျားတို့ ပြုပြင်ရမှာမဟုတ်ဘူး၊ ဉာဏ်စဉ်မြန်လွန်းတယ်လို့ ပြောမနေနဲ့ ဆရာကပြောလဲမယုံနဲ့....(မှန်ပါ)။ဆရာက သူမှန်းပြောနေတာ (တင်ပါ)။ ဆရာကလဲ စာပေကြည့်ပြီး မှန်းပြောနေတာ၊ ကိုယ့်ဟာကိုယ်အသိဆုံး ... (မှန်ပါ)၊ ကိုယ့်ခန္ဓာကြီးမှ ကိုယ် ကျွတ်လွတ်ချင်တာ၊ ကိုယ့်ဝိပါကဝဋ်မှ ကိုယ်ကျွတ်ချင်တာသည် ကိုယ်အသိ ဆုံးမှတ်.အေး-ရိပ်မိကြပြီလား(ရိပ်မိကြပါပြီဘုရား)။

ကောင်းပြီ, ဒါဖြင့် ဒကာ-ဒကာမတို့ ဒါကို မုန်းလျက်နဲ့ ပေရှုလို့ ဆရာသမားက ခိုင်းတယ်နော်....(မှန်ပါ)။ခိုင်းတဲ့အခါ ကြတော့ ခင်ဗျားတို့ကလဲ ရှုနေတာဘဲ၊ ရှုနေရင်းမတ်တတ်နဲ့ဘဲ မုန်းပြီးတော့၊ အင်း–ဒါကြီးတော့ဖြင့် မလိုချင်တော့ပါဘူးလို့ လာမယ်။ ဒီဝေဒနာက္ခန္ဓာကြီး လိုချင်တဲ့စိတ် လာမလား၊ မလို ချင်တဲ့စိတ် လာမလား?(မလိုချင်တဲ့စိတ်လာပါမယ်ဘုရား)။

မလိုချင်တဲ့စိတ်လာလို့ရှိလျှင် ဒကာ-ဒကာမတို့ စဉ်းစားရမယ်၊ ဒီအနားမှာ ခုနက ဝေဒနာပစ္စယာ တဏှာ, နဲနဲမှမရှိလို့ မလိုချင်တာ.... (မှန်ပါ)။ နဲနဲလေးရှိ နဲနဲလေး လိုချင်တယ်၊ တဏှာတို့ ဒိဋ္ဌိတို့ကော ရှိရဲ့လား? (မရှိပါဘုရား)။ ငါ့,ငါ့ဥစ္စာလို့ ထင်တာလေးများ နဲနဲရှိသေးရဲ့လား? (မရှိပါဘုရား)။ ဝိစိကိစ္ဆာများကော နဲနဲရှိသေးရဲ့လား? (မရှိပါဘုရား)။

သြော်-ဒါဖြင့် မလိုချင်တဲ့ မဂ်ပေါ်တဲ့အခါ ကြလို့ရှိလျှင် တဏှာလဲမရှိ၊ ဒိဋ္ဌိလဲမရှိ၊ ဝိစိကိစ္ဆာလဲ မရှိတဲ့အတွက် တဏှာတို့၏ ဝိစိကိစ္ဆာတို့၏စွမ်းရည်သတ္တိကဖြစ်နေတဲ့ခင်ဗျားတို့ဝေဒနာက္ခန္ဓာကြီးဟာ ပျောက်သွားတယ်....(မှန်ပါ)။ အကြောင်းပျောက်တယ်၊ အကြောင်းပျောက်လို့ ဒီအကျိုးကော ပျောက်ပါတယ်လို့ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။

အေး—ဒကာ-ဒကာမကို မီးသေလို့ အခိုးမရှိတာ (မှန်ပါ)။ ဘာပါလိမ့်....(မီးသေလို့ အခိုး မရှိတာပါဘုရား)။ ကိလေသာ အခိုးမရှိတာနဲ့ ဝိပါက အကျိုးပါမရှိဘူး၊ ရိပ်မိကြပြီလား?၊ (မှန်ပါ)။ ကိလေသဝဋ် ပျက်သွားတာနဲ့ ဝိပါက အကျိုးဟာ တခါတည်းမလိုချင်တဲ့အချိန်မှာဘဲပျောက်နေတာဘဲ(မှန်ပါ)၊

အဲဒါ-ဘာဖြစ်ရမလဲ၊ ဝိပါကဝဋ်ခန္ဓာကြီး (ဝါ) ဒုက္ခသစ္စာ ခန္ဓာကြီးဟာ မလိုချင်တဲ့ပုဂ္ဂိုလ်မှာ ရှုရင်းမဘ်တတ်နဲ့ ပျောက်ထွက်သွားတယ်၊ မပျောက်ဘူးလား? (ပျောက်ပါတယ် ဘုရား)။ ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ဝဋ်ကိုမမြင်တော့ဘူး၊ ဝဋ်ကျွတ်တာ မြင်နေတယ်....(မှန်ပါ)။ ဦးဘကြည့်,ဘယ့်နှယ်ဆိုမယ်၊ (ဝဋ်ကျွတ်

တာ မြင်ပါတယ်ဘုရား)။ ဝဋ္ဋကိုဘာဖြစ်လို့ မမြင်တုန်းဆိုတော့ ရှေ့မှာ ဖြစ်ပျက်ရှာမတွေ့တော့ဘူး....(မှန်ပါ)။

ဒါ—ခင်ဗျားတို့ အလုပ် လုပ်ကြည့်မှသိမယ်၊ အလုပ် လုပ် မကြည့်သေးလို့ရှိလျှင် ဒါက ဖေါက်ပြန်တာ မှတ်ပေတော့၊ (မှန်ပါ)။ ဒကာ-ဒကာမတို့ ဘယ်လိုများ ဝဋ္ဋ ကျွတ်တာ အသေအချာ သိရမှာလဲ....(အလုပ် လုပ်ကြည့်လို့ ပါဘုရား)။ အလုပ်လုပ်ကြည့်လို့ မဂ်ဆိုက်တဲ့အခါကြတော့ မဂ္ဂင်ကပြောနေကျအတိုင်း ရှစ်ပါးလာမှာဘဲ၊ မလာပေဘူးလား?(လာပါတယ် ဘုရား)။

ကောင်းပြီ၊ မဂ္ဂင်ရှစ်ပါးသည် ဒကာ-ဒကာမတို့ ဒီဘက်က နိဗ္ဗာန်လာလို့ရှိလျှင်ဖြင့် နိရောဓသစ္စာသားပါတော့၊ ဒီက မဂ္ဂ သစ္စာမဖြစ်ပေဘူးလား? (ဖြစ်ပါတယ်ဘုရား)။ ဒီဘက်က ချုပ် ပျောက်သွားတာတွေက ခုနက-ဝေဒနာသုံးပါးတွေပေါ့ဗျာ.... (မှန်ပါ)။

ဝေဒနာက္ခန္ဓာကြီး မချုပ်ဘူးလား? (ချုပ်ပါတယ်ဘုရား)။ ဒုက္ခတွေ ချုပ်သွားတဲ့အခါ သုခတွေအစားထိုးတယ်(မှန်ပါ)။ ဒုက္ခတွေကဘာဖြစ်သွားတုံး(ပြုတ်သွားပါတယ်ဘုရား)။ သုခက အစားထိုးတယ်၊ အစားထိုးတယ်လို့ ဆိုတော့ အစားထိုးတဲ့ သုခနဲ့ ကျုပ်တို့ရှုဉာဏ်ကလဲ မပြတ်စေဘဲနေတော့ အမြဲလုပ်ပါ လို့ ဆရာဘုန်းကြီးက တိုက်တွန်းတာ....(မှန်ပါ)။ အဲဒါ အစား ထိုးတာနဲ့ သွားတွေ့တယ်....(မှန်ပါ)။

ဓါတ်ရှင်ကြည့်သလိုဘဲ၊အရင်ဖလင်လိပ်တွေက လိပ်ပြီးကုန်ပြီ ခင်ဗျားတို့ကြည့်ရတာ အစားထိုးတာနဲ့ လာတွေ့တယ်၊သဘော

ကျပြီလား(မှန်ပါ) ဒီမှာလဲဘာနဲ့လာတွေ့တုံး၊အစားထိုးတာနဲ့ လာတွေ့တယ်။ ဒါဖြင့်-ဒုက္ခတွေချုပ်တော့ ဘာအစားထိုးသတုံး (သုခအစားထိုးပါတယ်ဘုရား)။

ဒုက္ခချုပ်ပြီး သုခအစားထိုးတော့ ဩော်-သုခ ဆိုတာက နိဗ္ဗာန်....(မှန်ပါ)၊ အစားထိုးတာမြင်တာက မဂ်ဉာဏ်၊ အစား ထိုးတာက နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါးက မဂ်ဉာဏ်ဘဲ၊ အဲဒီ-မဂ္ဂင်ရှစ်ပါး လာတော့မှ ခင်ဗျားတို့ အပါယ်ကိလေသဝဋ်၊ ပစ္စုပ္ပန်ရစ်မှာ ဖြစ် ရမဲ့ ကိလေသဝဋ်အကုန်ကျွတ်တာဘဲလို့မှတ်ပေတော့(မှန်ပါ) ခုနပြောတဲ့ အပါယ်ရောက်မဲ့ ကမ္မဝဋ်တွေကော(ကျွတ်ပါတယ် ဘုရား)။

အပါယ်မှာ အထည်ကြီးတွေဖြစ်မဲ့ ဝိပါကဝဋ်တွေကော.... (ကျွတ်ပါတယ်ဘုရား)။ အကုန်ကျွတ်သွားတဲ့ဥစ္စာ အမြစ်နှင့် တကွ ကျွတ်သွားတာ....(မှန်ပါ)။ ခုနက အပေါ်ယံပြတ်သလား၊ အမြစ်ပါ ပြတ်သလား(အမြစ်ပါ ပြတ်ပါတယ်ဘုရား)။ အမြစ်ပါ ပြတ်တဲ့ဥစ္စာ၊ဒကာဒကာမတို့ရှစ်ပါးပြည့်တယ်(မှန်ပါ)ခုနက နှစ် ဉာဏ်က တစ်နဲ့နှစ်က အပေါ်ယံက ဖြတ်ချသွားတာ၊ အမြစ် မနှုတ်ဘူး(မှန်ပါ)၊အပေါ်ယံဖြတ်တာက ယထာဘူတဉာဏ်။

အဲ—နိဗ္ဗိဒါဉာဏ်က ကိလေသဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ် အပေါ်ဖြတ်သွားတယ်၊ အမြစ်က ကျန်နေ်ရစ်တယ်၊သဘောကျ ပြီလား?(မှန်ပါ)။ ခုနက ယထာဘူတဉာဏ်က အပေါ် ရှပ် ဖြတ်လိုက်တာ၊ နိဗ္ဗိဒါ ဉာဏ်က မြေကြီးနားကပ်ဖြတ်လိုက်တာ မဂ်ဉာဏ်ကြမှ အမြစ်ပါပုတ်ထွက်တယ်၊ရိပ်မိကြပြီလား(မှန်ပါ) ဒါဖြင့် ဝဋ်ကျွတ်တဲ့တရား ဘယ်သူပါလိမ့်မတုံး....(မဂ္ဂင်ရှစ်ပါး ပါဘုရား)။

အင်း–မဂ္ဂင်ရှစ်ပါး၊ ဒါဖြင့် မဂ္ဂင်ရှစ်ပါးဆိုတာ ဒကာ, ဒကာမတို့ ဘာပါလိမ့်မတုံးဆိုရင် ပွားများရမဲ့တရား၊ ဘာဝေတဗ္ဗတရား....(မှန်ပါ)၊ ဘာဝေတဗ္ဗ ဆိုကတည်းက လောကီမဂ္ဂင်လဲ ဘာဝေတဗ္ဗ၊ လောကုတ္တရာမဂ္ဂင်ကော....(ဘာဝေတဗ္ဗပါ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာက ရှုပွားယူရတာ....(မှန်ပါ)။ ဒကာဒကာမတို့ ဘာနဲ့ ယူရမယ်....(ရှုပွားယူရပါမယ် ဘုရား)။ ရှုပွားမယူလို့ရှိလျှင် ရပါ့မလား? (မရပါဘုရား)။ ဒါဖြင့် ဒကာဒကာမတို့ ကိုယ်ပိုင်အလုပ် ဘာအလုပ် လုပ်ရမှာတုံး (ရှုပွားရမှာပါဘုရား)။ ရှုပွားရမှာ ဘယ်နှစ်ဉာဏ်နဲ့ တက်ရမှာတုံး၊ သုံး, ဉာဏ်နော်၊ တစ်နံပါတ် ဘာပါလိမ့်....(ယထာဘူတ ဉာဏ်ပါဘုရား)။ နှစ်နံပါတ်ကကော....(နိဗ္ဗိဒါ ဉာဏ်ပါဘုရား)။ အဲ-သုံးနံပါတ်ကကော....(မဂ်ဉာဏ်ပါဘုရား)။

အဲဒီတော့ ဒီလိုစဉ်းစားလိုက်ပါ၊ တစ်နံပါတ်ဉာဏ်က ဖြစ်ပျက်ကိုဘဲမြင်တာဘဲ၊ နှစ်နံပါတ် နိဗ္ဗိဒါ ဉာဏ်ကလဲ ဖြစ်ပျက်ဘဲမြင်တယ်၊ (မှန်ပါ)။ သုံးနံပါတ် မဂ်ဉာဏ်က ဖြစ်ပျက်ကိုမမြင်ဘူး၊ ဖြစ်ပျက် မရှိတာကိုမြင်တယ်....(မှန်ပါ)။ ထူးသလား?။ (ထူးပါတယ်ဘုရား)၊ ဘယ်လိုထူးပါလိမ့်.... (ဖြစ်ပျက် မရှိတာမြင်ပါတယ်ဘုရား)။ ပြန်မေးလိုက်အုံးမယ်၊ ဒကာ,ဒကာမတို့ တစ်နံပါတ်ဉာဏ်က ဘာမြင်တုံး....(ဖြစ်ပျက်မြင်ပါတယ်ဘုရား) နှစ်နံပါတ်ကကော....(ဖြစ်ပျက်မြင်ပါတယ်ဘုရား)။

သုံးနံပါတ်ဉာဏ် ကြတော့...(ဖြစ်ပျက်မရှိတာ မြင်ပါတယ် ဘုရား)။ ဖြစ်ပျက်မရှိတာမြင်ရတယ်ဆိုသဖြင့် ဒီ-အနိစ္စဟူသရွေ့ လုံး၀မမြင်၊ ဒုက္ခဟူသရွေ့ လုံး၀မမြင်၊ အနတ္တဟူသရွေ့ လုံး၀ မမြင်တော့ပါဘူး။ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ ရုပ်နာမ်ခန္ဓာ ဖြစ်ပျက်တွေကို ဒီမဂ်ဉာဏ်က မြင်သေးရဲ့လား(မမြင်ပါဘုရား)။

ဒါဖြင့် မဂ်ဉာဏ်မြင်တာ ဘာတုန်းလို့ဆိုလျှင် မခိုင်မမြဲတာ မမြင်တော့ဘူးဗျ၊ ခိုင်မြဲတာမြင်တော့တယ်(မှန်ပါ)၊ ဒုဝနိဗ္ဗာန် သုခနိဗ္ဗာန်, ဒါကို ဘယ်သူကမြင်ပါလိမ့်....(မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်ကမြင်တယ်ဆိုလျှင်လဲ အဲဒီ အမြင်ရောက်အောင် အား ထုတ်ပါလို့ ဘုန်းကြီး တိုက်တွန်းတယ်၊ မထုတ်သင့်ဘူးလား?၊ (ထုတ်သင့်ပါတယ်ဘုရား)။ ဉာဏ်က သိပ်များနေသလား....၊ (မများပါဘုရား)။ ဉာဏ်မများဘဲနဲ့ ခင်ဗျားတို့ မလုပ်လို့မရဲ တာ၊ ဒါ-သဘောကျပြီလား?(မှန်ပါ)။

အဲဒီတော့ကို ဒီဟာ ရလို့ရှိမှ အပါယ်လေးပါး စိတ်ချရမယ်၊ (မှန်ပါ)။ ဒီဉာဏ်မှမရသေးလျှင် အပါယ်လေးပါးဟာ ကိုယ့် အိမ်လို့မှတ်ထားပါ(မှန်ပါ)။ နောက်က အာရုပရိယာကံတွေက နှိပ်စက်မလို့ သတ်မယ်လို့ ဖြတ်မယ်လို့ လိုက်လာတဲ့ကံတွေက အဟောသိကံဖြစ်ရမယ်....(မှန်ပါ)။

ဒါဖြင့် ဒီဉာဏ်သာလျှင် အားကိုးရာရှိတယ်၊ တခြား အား ကိုးရာရှိရဲ့လား?(မရှိပါဘုရား)။ ဒါဖြင့် ဒါ-ရအောင်ကြိုးစား ကြပါ....(မှန်ပါ)။ ယနေ့-ဒီတွင် တော်ကြစို့။

( သာဓု....သာဓု....သာဓု )

× × × × ×

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သစ္စာအနုက် တဆွဲခြောက်ချက်မှ

## ဟောတ္ထဗ္ဗော တရားတော်။

ဒကာ-ဒကာမတို့ ယနေ့ မဂ္ဂဿဟောတဗ္ဗောကို ပြောရမယ်။ မဂ္ဂဿဟောတဗ္ဗော ဆိုတာ ဘာပါလိမ့်မတုံး ဆိုတော့၊ မဂ္ဂဿ-မဂ်၏၊ ဟောတဗ္ဗော-မကွေ့မထောင့် ဖြောင့်ဖြောင့် သာသာ နိဗ္ဗာန်သို့သာ သွားရာဖြစ်သော အနက်သဘော သည့်လည်း ကောင်း ဆိုတော့ မကွေ့မထောင့် ဖြောင့်ဖြောင့် သာသာ နိဗ္ဗာန်သို့သွားသော တရားသည် မဂ္ဂဿဟောတဗ္ဗောဘဲ၊ မဂ္ဂက ခရီး၊ သစ္စာက အမှန်၊ သဘောပါပြီလား? (မှန်ပါ)။

အမှန်အဖြောင့်ဆိုလျှင် ခရီးမှန် ခရီးဖြောင့်, လမ်းမှန် လမ်း ဖြောင့်၊ (မှန်ပါ)။ ဒါကြောင့် ခရီးမှန်ခရီးဖြောင့်ဆိုတာ ဘယ် လို မှန်, ဘယ်လိုဖြောင့်တာလဲဆိုတော့ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်သို့ မကွေ့မထောင့် ဖြောင့်ဖြောင့်သာသာ သွားသော တရားဘဲဟုမှတ်။

ဒကာ-ဒကာမတို့ ခရီးမှန် ခရီးဖြောင့်ရှိနေလျှင် ဘယ်လမ်း လိုက်ဘို့လိုအုံးမလဲ၊ ခရီးမှန် ခရီးဖြောင့်ဘဲလိုက်ရုံဘဲမဟုတ်လား၊ (မှန်ပါ) အခြားလမ်းက ခရီးမှား ခရီးကောက်ဖြစ်၍ သစ္စာ

မထိုက်ဘူး၊ အလှုန်များတဲ့ အလှုန်ကောက်တဲ့ခရီးတွေဘဲဆိုတာ ဆုံးဖြတ်ချက်ချ(မှန်ပါ)။ ဘယ်လောက်ကောက်၍ ဘယ်လောက် မှားသလဲဆိုတော့ အဒိုရောက်အောင်မှားတယ်, ကောက်တယ်၊ အနာရောက်အောင်, အသေရောက်အောင် မှားတယ် ကောက်တယ် (မှန်ပါ)၊ အဲဒီထိအောင် ဆိုးပါတယ်။

ဒကာ-ဒကာမတို့ အဲဒီတော့ မင်းတို့ ခရီးမှန် ခရီးဖြောင့်ကို ရှာနေကြတာကြာပြီ....(မှန်ပါ)။ ယခုတော့ တွေ့ပါပြီ မဆိုသင့်ဘူးလား? (ဆိုသင့်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ဒီလမ်းအတိုင်း လိုက်မယ်ဆိုတာ အရေးတကြီးဆုံးဖြတ်ချက်ချ၊ (မှန်ပါ)ဒကာဒကာမတို့ခရီးမှန်ခရီးဖြောင့်ကိုပြောမယ်ဆိုတော့ ကောက်ကျစ်တဲ့ခရီးမှားကို လက်ဦးသိမှ ခရီးဖြောင့် ခရီးမှန်ကို မြင်မယ်၊ အားလုံး ဒကာ-ဒကာမတို့သဘောကျပြီလား(မှန်ပါ) ဘယ်ခရီးဟာ အကောက်ကျစ်တုန်းဆိုပါလျှင် သမုဒယခရီးဟာ အကောက်ကျစ်ဆုံး, မဖြောင့်မှန်ဆုံးဘဲဆိုတာ ဆုံးဖြတ်ချက်ချ (မှန်ပါ )။

ဘာဟိုမှမြင်ခွင့်မပေးသည်တိုင်အောင် ကောက်ကျစ်ပါတယ် ဘယ်သူ ကောက်ကျစ်တာတုန်း.... (သမုဒယသစ္စာပါ ဘုရား)။ သမုဒယ ကောက်ကျစ်ထားလိုက်တဲ့ ဖြစ်ခြင်းဟာ ခင်ဗျားတို့ သောကမရှိအောင် ဒီနေရာနှင့် ဒီခြံ, ဒီမှာမွေး ဒီမှာနေဆိုပြီး သကာလ ထွက်ရပ်လမ်းမရှိအောင် ပိတ်ပင်ဆီးတား ကန့်ကွက်ထားလိုက်တာလဲ သမုဒယသစ္စာဆိုတာ ဒကာ-ဒကာမတွေသိဘို့ဘဲ....(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် သုံးဆဲ့တဘုံ အခု-ကိုယ့်အိမ်နဲ့ ကိုယ့်ယာနဲ့ ကိုယ်နေကြတယ်၊ ဒကာ-ဒကာမတို့ သုံးဆဲ့တဘုံမှာ ကိုယ့်အိမ် ကိုယ့်ယာများနဲ့ ပျော်ကြရဲ့လားလို့ မေးကြည့်တော့ ဒီအထဲက ဒကာ-ဒကာမတွေ သူများအိမ်မပျော်ဘူး၊ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ်အားထုတ်ပြီးတော့ကို မရှိ-ရှိတဲ့ငွေနဲ့ ကြံဖန်ဆောက်ပြီး မလှ လှတဲ့နည်းနဲ့လဲ ခြယ်လယ်ပြီး သကာလ ကိုယ့်အိမ် ကိုယ့်ယာ မနေကြဘူးလား? (နေကြပါတယ်ဘုရား)။

ကိုယ့်အိမ် ကိုယ်ယာ နေကြတာထောက်လိုက်တော့ကို သည်နေရာလေးဟာ မင်းသည်ကားဆိုလို့ရှိလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ဖြစ်တဲ့နေရာဘဲဆိုပြီး ချော့ထားလိုက်တယ်။ စိတ်ချမ်းသာဆိုတာလဲ ခင်ဗျားတို့စဉ်းစားကြည့်ပေါ့၊ ဖြစ်ပြီး ပျက်တာဘဲ မဟုတ်လား? (မှန်ပါ)။ ဒုက္ခသစ္စာဘဲ မဟုတ်လား?၊ (မှန်ပါ)။ ကိုယ်ချမ်းသာဆိုတာကော ဖြစ်ပြီး ပျက်တာပါ၊ (မှန်ပါ)။ ဖြစ်ပြီးပျက်တော့ ဒုက္ခသစ္စာဘဲ၊ အဲဒီ ဒုက္ခသစ္စာကိုပင်လျှင် ခင်ဗျားတို့ ကိုယ့်အိမ် ကိုယ့်ယာနေရတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိတယ်။

သူများအိမ် ခေါင်းလျှိုရတာ မကောင်းဘူး, မျက်နှာငယ်တယ် အစရှိသည်နဲ့ ဒါဟာ ဘယ်သူချော့တာလဲ....(သမုဒယချော့တာပါဘုရား)။သမုဒယသစ္စာ တဏှာလောဘကချော့တယ်ဆိုတာ ပေါ်ကြပြီလား? (ပေါ်ပါပြီဘုရား)။ တခါ-ကိုယ့်ရာထူးနဲ့ ကိုယ့်အလုပ်ကလေးနဲ့ ဒီအလုပ်ကလေး မစွန့်နိုင်၊ ကိုယ့်ရာထူးလေး မစွန့်နိုင်၊ ဒီထက်တိုးတက်တဲ့ရာထူးကို လိုချင်

ရချင်တယ် ဆိုတာလဲ ဒကာ-ဒကာမတွေ ဒါ ဘယ်သူ ကောက်ကျစ်တာလဲ?(သမုဒယသစ္စာပ့ါဘုရား)။

ဒါ-ဒုက္ခသိမ်းတဲ့အလုပ်လား၊ ဒုက္ခပွားတဲ့အလုပ်လား? (ဒုက္ခပွားတဲ့ အလုပ်ပါဘုရား)။ ဒုက္ခပွားတဲ့အလုပ်ကိုပင် သမုဒယသစ္စာက ဂုဏ်ထူး ရာထူးနဲ့ ဆိုလျှင်ဖြင့် လောကကြီးမှာ လောကနိဗ္ဗာန်ပေါ့ကွာ။ ဒီဥစ္စာဟာ မင်း-အင်မတန်အကြောင်းညီညွတ်နေတာဘဲဆိုပြီးသကာလ ဒီအာထဲက မစွန့်နိုင်လောက်အောင် ဒုက္ခသစ္စာထဲက မစွန့်နိုင်အောင် ပိုပြီးဒုက္ခရောက်တာကိုပင်လျှင် ကြိုက်နေအောင် ချော့ပြီးထားတာ၊ ဘယ်သူတုန်း....(သမုဒယသစ္စာပါဘုရား)။ ကောက်လိုက်တဲ့အဖြစ်တော့ ဒကာ-ဒကာမတွေ ထွက်ခွင့်ကို ရသေးရဲ့လား?(မရပါဘုရား)။

အိမ်ထောင်ကျပြန်တော့ သားရယ်၊ သမီးရယ်နဲ့ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်မှာ၊ အိမ်ထောင်ကျတယ်ဆိုလျှင်ဘဲ ခင်ပွန်းမ၏ ဒုက္ခဟာ သူကိုယ်တိုင် ထမ်းရတော့မယ်ဆိုတဲ့ ဥစ္စာကိုပင်လျှင် တရားသဘောနဲ့ အမှန်ဘဲမဟုတ်လား?(အမှန်ပါဘုရား)၊မှန်ပင်မှန်ငြားသော်လည်း ခင်ဗျားတို့က ဒါဟာဆင်းရဲတာမဟုတ်ဘူး ချမ်းသာဘို့အကူအညီရတာလို့ ခင်ဗျားတို့ကို ပြောထားတာလဲ ဘယ်သူတုန်း....(သမုဒယသစ္စာပါဘုရား)။

ဆင်းရဲတာမဟုတ်ဘူး၊ ချမ်းသာဘို့ အကူအညီရတာ၊ လက်ဆေးပြီး ထမင်းစားရတယ်လို့ ပြောတာကိုးဗျ....(မှန်ပါ)။ ဟင် စင်စစ်တော့ ရှာရဖွေရတာက အရင် လူပျိုတုန်းက တယောက်တည်းစာ၊ အိမ်ထောင်ကျတော့ နှစ်ယောက်စာဆိုတော့ ရှာဖွေတဲ့ နေရာမှာတော့ဖြင့် ဒုက္ခတိုးတာအမှန်ဘဲ၊ မမှန်ဘူးလား?၊ (မှန်ပါတယ်ဘုရား)။

မှန်ပင့်မှန်ပြောင်းသော်လည်း သမုဒယာသစ္စာက မင်း-အရင် တုန်းကဆိုလို့ရှိလျှင် ဟိုဆိုင်စားရ, ဒီဆိုင်စားရနဲ့ အခုတော့ မင်း,ချမ်းသာပါပေါ့လား ဆိုပြီးသကာလ ခုနင်က ရုန်းထားရ တာတွေ အကုန် ပျောက်ကော မပျောက်သေးဘူးလား–?၊ (ပျောက်ပါတယ်ဘုရား)။ ပျောက်ပြီးသကာလ တခါတည်း သူကချော့ထားလိုက်တာ၊ ခုမှဘဲဣန္ဒြေရပေတော့တယ်၊ ပြောချင် ပြောမယ်၊ မပြောဘူလား,ပြောမလား(ပြောပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဣန္ဒြေရပေတယ်လို့ပြောတော့၊ ဒကာ-ဒကာမ တွေက စဉ်းစားကြစမ်းပါလား၊ ပို-ရှာရသလား, အရင်ထက် ချမ်းသာသွားသလား၊ အရင်ထက်တိုးပြီး ဆင်းရဲသွားသလား၊ (တိုးပြီးဆင်းရဲပါတယ်ဘုရား)။ တိုးပြီး ဆင်းရဲတာကိုပင်လျှင် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက ဘယ်လိုထင်ကြသတုန်း.... (ချမ်းသာပါတယ်ဘုရား)။

အံမာ–သူက ဒုက္ခဝဋ်ကထွက်မှာများ အင်မတန်စိုးရိမ်ရှာ တယ်ဆိုတာ ဦးဝင်း,ရိပ်မိပြီလား? (မှန်ပါ)။ ဒါဖြင့် ဘယ် လောက် ကောက်ကျစ်တယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ် ပါတယ်ဘုရား)။ ကိုယ့်အိမ် ကိုယ့်ယာလေးဟာ တခါတည်း ဒီနေရာမှာ တိုတိုပြောကြပါစို့ရဲ့ဆိုတော့ ဘုန်းကြီးပျံများမှာ ခင်ဗျားတို့ တလားတို့ လောင်တိုက်တို့ဆိုတာမြင်ဘူးကြလား။

ဘုန်းကြီးအလောင်းတင်ဘို့ဆိုတာ ခင်ဗျားတို့မြင်ဘူးကြမှာ ပေါ့....(မြင်ဘူးပါတယ်ဘုရား)။ယာယီတွေပေါ့ဗျာ....(မှန်ပါ)။ ဒီ-ကိုယ်ဆောက်ထားတဲ့အိမ်၊ ဒီ-ကိုယ်ဆောက်ထားတဲ့ တိုက်တွေ ဟာလဲ ကိုယ့်တလား,ကိုယ့်လောင်တိုက်တွေဘဲ၊ ဒီအပေါ်မှာ

နေပြီး ဒီအဖေါ်မှာဘဲ သေကြမှာဘဲ....(မှန်ပါ)။ သို့သော်-ဒါကိုပင်လျှင် ရွှေအိမ် ရွှေနန်းကြီး ထင်လောက်အောင် ချော့ထားတယ်၊ မချော့ဘူးလား(ချော့ပါတယ်ဘုရား)။ ချော့ထားတာ ဘယ်သူပါလိမ့်(သမုဒယသစ္စာပါ ဘုရား)။

ချော့ပေတဲ့ ကိုယ်သေလျှင် တလား၊ လောင်တိုက်ဆိုတာ ငြင်းဘို့ လိုသေးသလား? (မလိုပါဘုရား)။ ဒါ-ငါ့အိမ်အရိပ်မနင်းနဲ့ အစရှိသည်နဲ့ ဒကာ-ဒကာမတွေက ကိုယ်-ချစ်ခင်တဲ့ပုဂ္ဂိုလ်ဖြင့် လာခဲ့၊ ကိုယ်မုန်းတဲ့ပုဂ္ဂိုလ်ဖြင့် မလာခဲ့နှင့်၊ ဒီအိမ်ကိုသူက လူစကားပြောတာ မဟုတ်ဘူး၊ ဝင်လိုက် ထွက်လိုက်လဲ လွယ်ကူတာမဟုတ်ဘူး၊ စည်းကမ်းနဲ့ လူတိုင်း မဝင်ရ မထွက်ရအောင်အစရှိသည်နဲ့ ခေတ်အလိုက် ဒီအိမ်ရှင်ကိုအထင်ကြီးမှုလုပ်ထားတယ်ဆိုတာကော ခင်ဗျားတို့ ငြင်းဘို့လိုသေးသလား(မလိုပါဘုရား)။ နို့ပြီးတော့ ဒီအိမ်ပေါ်မှာမွေး၊ ဒီအိမ်ပေါ်မှာသေ၊ ဒီလိုဖြစ်မနေရဘူးလား၊ နေရမှာလား?(နေရမှာပါဘုရား)။

ဒါဖြင့် ဒါကိုပင်လျှင် ရွှေအိမ် ရွှေနန်းကြီးထင်လို့ မာနတက်တာဘဲဆိုတာ ပြောဘို့လိုသေးသလား? (မလိုပါဘုရား)။ ဒါ-ဘယ်သူ့သတ္တိတုန်း....(သမုဒယသတ္တိပါဘုရား)။ မလွန်လွန်းဘူးလား၊ တလားလောင်တိုက်ကို ရွှေအိမ် ရွှေနန်းဖြစ်အောင် ချော့ထားတယ်....(မှန်ပါ)။

တလား လောင်တိုက်ကို ရွှေအိမ် ရွှေနန်း ဖြစ်အောင် ဦးခင်မောင် ဘာလုပ်ထားတုန်း....(ချော့ထားပါတယ်ဘုရား)။ ချော့ထားလိုက်တော့ ခင်ဗျားတို့ ရွှေနန်းကြီးဘဲလို့ကို စိတ်ထဲမှာလည်း အထင်မရောက်ဘူးလား(ရောက်ပါတယ်ဘုရား)။

အင်း—သေခြင်းသေလဲ ဒီ့သေပါရစေတော့၊ နေခြင်းနေလဲ ဒီ့နေပါရစေတော့၊ နောင်တဖန်ပြန်ဖြစ်တောင်မှ ဒီမှာဖြစ်ပါရစေဆိုတော့ ဒီနေရာဘဲကြေနပ်မနေဘူးလား?(ကြေနပ်ပါတယ်ဘုရား)။ အင်း—ဒကာ, ဒကာမတွေ ဒီနေရာမှ ဒုက္ခအကြီးအကျယ် ရောက်တဲ့နေရာ....(မှန်ပါ)။

သူများအိမ် သွားနေရင် တံမြက်စီးမလှဲရဘူး၊ ဒီမှာလှဲရမယ် သူများအိမ်သွားနေရင် ရေဆေးစရာမရှိဘူး။ ကိုယ့်အိမ်ကိုယ့်ယာမှာ အညစ်အကြေးရှိသရွေ့ ဆေးရမယ်မဟုတ်ဘူးလား?၊ (မှန်ပါ)။ အဲဒီ-ဒုက္ခရောက်မဲ့နေရာ ရွှေအိမ် ရွှေနန်းလုပ်ပြီးထားတာ ဘယ်သူတုန်း(သမုဒယသစ္စာပါဘုရား)။ ရှင်းပြီလား၊ (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်မြင်ခွင့်ပေးသလား၊ မင့်ဟာလေးနဲ့မင်းကွာကြက်လိုဘဲ ချီးကျရာပျော်ကွ ဆိုတဲ့ အဓိပ္ပါယ်မျိုး ချော့ထားသလား၊မထားဘူးလား? (ထားပါတယ်ဘုရား)။ ဒါ-ဘယ်သူကောက်ကျစ်တာတုန်း....(သမုဒယသစ္စာပါဘုရား)။ဦးဘကြည်ရေ, ဒါ-ဘာမြင်မှ ကောက်ကျစ်မှန်းသိမယ်ဆိုတာ ခင်ဗျားတို့ တွေးကြပါတော့ဗျာ....(မဂ္ဂင်ရှစ်ပါး မြင်မှပါဘုရား)။ မဂ္ဂင်ရှစ်ပါးဟာ ဖြောင့်ဖြောင့်သွားတယ်၊ ဖြောင့်ဖြောင့် အလုပ်ကိုလုပ်တော့မှ နိဗ္ဗာန်ကို မြင်ဘော့ ချော်-သူကောက်ထားလို့ ဒီဘက်လမ်းကို မရောက်ခဲ့ဘူး။ ဦးဘကြည်, လာမလား, မလာဘူးလား?(လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် တသံသရာလုံးဟာ သူ့နေရာနှင့်သူ မထွက်ဖြစ်အောင် ဒီနေရာကသွား, ဒီနေရာကနေပြီးသကာလ အပါယ်ခလေးပါးသွား၊ နတ်ရွာသုဂတိသွား၊ ရောက်ရာမှာ သူက တလား လောင်တိုက်ရှိတဲ့ နေရာကိုပင်လျှင် ရွှေအိမ် ရွှေနန်း ဖြစ်အောင် ချော့မော့ပြီးသကာလထားလိုက်၊ ကောက်ကျစ်ပြီး သကာလ ထားလိုက်တော့ ဘုရားဖူးသွားမှာလဲ ဒီ-ရွှေအိမ် ရွှေ နန်းကို ပစ်ထားခဲ့ရမှာခက်တာနဲ့ ဘဲ မသွားဖြစ်ဘူး (မှန်ပါ)။ တရားနာသွားမှာကော....(မသွားဖြစ်ပါဘုရား)။

ခင်ဗျားတို့ ရွှေအိမ် ရွှေနန်းဟာ တော်တော့ကိုနှိပ်စက်တာ မဟုတ်ဘူး၊ ပေါ်ကြပြီလား? (မှန်ပါ)။ ကိုယ့်ရွှေအိမ် ရွှေနန်း လူလုကုန်မှာ စိုးရသေးတယ်ဆိုပြီးသကာလ ဘုရားပွင့်နေတာ တောင်မှ ရွှေအိမ် ရွှေနန်းကို ခင်လို့ ဘုရားကျောင်းတော် မရောက်ကြတာတွေ တပုံကြီးရှိတယ်၊ သဘောကျကြပြီးလား?၊ (မှန်လှပါဘုရား)။ ဘယ်သူက နှိပ်စက်ထားတာတုံး....(သမုဒယ သစ္စာကပါဘုရား)။

သမုဒယသစ္စာက ဘယ်လိုများ သူကပြောတာတုန်း၊ မင်းတို့ နေတာဟာ မင်းတို့အကျိုးပေးနဲ့ မင်းတို့နဲ့ဆိုက္ခာ သိပ်နေရာ ကျတာဘဲ၊ရှာမှရှားဘဲ၊ မင်း့အဆင့်အတန်းနဲ့ မင်းတို့ကြည့်မယ် ဆို ဘယ်လောက်များ ကြက်သရေမင်္ဂလာ တိုးလာသတုန်းလို့ ချော့ထားတယ်....(မှန်ပါ)။

အဲဒီတော့ နိဗ္ဗာန်ကန့်ကွက်တယ်, မကန့်ကွက်တယ် ဆိုတာ စဉ်းစားစမ်း.... (ကန့်ကွက်ပါတယ် ဘုရား)။ အိမ်-စိတ်မချလို့ ဆိုပြီး တရားနာမှုလဲ သူဘဲ-ကန့်ကွက်တယ်၊ ပေါ်ကြပြီလား?၊

(ပေါ်ပါတယ်ဘုရား)။ အိမ့်စိတ်မချတာက ဘာထင်နေလို့လဲ (ရွှေအိမ် ရွှေနန်းထင်နေလို့ပါ ဘုရား)၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ ဦးဘာအုန်းတို့ ဦးချစ်ခတို့ ဒါ-လူတိုင်းမြင်တာဗျ၊လူတိုင်းမြင်တာ ရွှေအိမ် ရွှေနန်းလို့သာမသိတာ ကိုယ့်ဟာကို မစွန့်နိုင်တာက တော့ သေချာပါတယ်....(သေချာပါတယ်ဘုရား)။ ရွှေအိမ် ရွှေ နန်းဆိုကာ အဟုတ်ကို။

စခမ်းကြီးလိုက်တာ အသံထွက်လာမှာစိုးလို့သာ ကိုယ့် အထင်ကတော့ ဟုတ်နေတာ၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ် ဘုရား)။ အဲဒီလို တရားနာသွားမှာလဲကန့်ကွက်၊ ဖြစ်ပျက်ရှုနည်း အလုပ်ကို နည်းသွားယူမဲ့ အလုပ်ကိုကော ကန့်ကွက် မကန့်ကွက် (ကန့်ကွက်ပါတယ်ဘုရား)။ ဒါဖြင့် ဘယ်သူကောက်ကျစ်ထား တာတုန်း... (သမုဒယသစ္စာပါဘုရား)၊ သမုဒယသစ္စာ ကောက် ကျစ်ပုံပေါ်ပြီလား (ပေါ်ပါပြီဘုရား)။

အေး—သမုဒယသစ္စာကောက်ကျစ်ပုံကို မနေ့ကတော့ဘာနဲ့ ပြောခဲ့သတုန်းဆိုတော့ စုတိနှင့် ပဋိသန္ဓေကို စပ်ပြီးသကာလ နေတာဟာ သူ့အကြိုက်ဘဲ၊ လွတ်သွားမှာတော့ မကြိုက်ဘူး၊ စုတေပြီး တခါထဲ ဝိမုတ္တော့ဆိုတဲ့ နိဗ္ဗာန်ကို ရောက်ဘို့ရာတော့ ဦးဘာသွင်တို့ သူ-သဘောမတူဘူး....(မှန်ပါ)။ ဘယ်သူက မတူ တာတုန်း....(သမုဒယသစ္စာကပါဘုရား)။ သမုဒယသစ္စာ။

ဒါဖြင့် အကောင်းဟူသရွေ့ သူသဘောမတူဘူးဟု ဆုံးဖြတ် ချက်ချပါ....(မှန်လှပါ ဘုရား)။ အဆိုးဟူသရွေ့ သူ လုပ်ပေး လိမ့်မယ်လို့ ယုံကြည်ပါ (မှန်ပါ)၊အကောင်းဟူသရွေ့ကဘာတဲ့

ဒကာ့ဒကာမတို့....(ကန့်ကွက်တယ် ဘုရား)။ သူကန့်ကွက်မယ်၊ အဆိုးဟူသရွေ့ကျတော့ ဘယ့်နှယ်....(လက်ခံမယ်ဘုရား)။

ရှက်ဆောင်ပေးမယ်၊ ဒါ-ဘယ်သူ့သံတ္တိဘာလိမ့် (သမုဒယ သတ္တိပါဘုရား)။ဒါဖြင့် ခင်ဗျားတို့ လောကီအလုပ်လုပ်ချင်တာ ဟူသရွေ့ကိုတော့ သူ-အားပေးတယ်(မှန်ပါ)။ လောကီအလုပ် လုပ်ချင်တာဟူသရွေ့တော့ ဦးဝင်းတို့ ဘာတဲ့....(အားပေးပါ တယ်ဘုရား)၊လောကုတ္တရာဘက်ကျလို့ရှိလျှင် အကြောင်းပြပြီး ကန့်ကွက်တယ်....(မှန်ပါ)။ ဘယ်သူပါလိမ့်....(သမုဒယသတ္တိပါ ဘုရား)။ သူ့သဘောကို ခင်ဗျားတို့ယုံကြည်ကြပြီလား?(ယုံကြည် ပါတယ်ဘုရား)။

ဒါဖြင့် ထွက်ရပ်လမ်းဟူသရွေ့ဖြင့်ကန့်ကွက်တယ်၊မြုပ်လမ်း မျောလမ်းဟူသရွေ့ဆိုလို့ရှိလျှင်ဖြင့် သူက အားပေးတယ်၊ ရှင်း ပြီလား?(မှန်ပါ)။ မြုပ်လမ်း မျောလမ်းကျတော့ အားပေး တယ်၊ ထွက်ရပ်လပ်းကျတော့ ကန့်ကွက်တယ်။ သို့သော်လဲ ခင်ဗျားတို့သည် သူ့အကြောင်းကို ဘုန်းကြီးပြောလိုက်တဲ့အခါ ပေါ်တော့ပေါ်လာတယ်၊ ဩော်-သူကိုး့သူကိုးလို့တော့ လက် ညှိုးလေး တော့ ထိုးဖေါ်ရလာတယ်... (မှန်ပါ)၊

ထိုးဖေါ်ရပြီး၊ မင်းနဲ့ငါနဲ့ သေခန်း ရှင်ခန်း ပြတ်ကြဘို့ဆို တော့ ခင်ဗျားတို့က ပါးစပ်ကို မဟရဲဘူး၊ အင်မတန်ကြောက် တယ်၊ ဒကာဒကာမတို့ ငယ်ကြောက်ဖြစ်နေတယ်....(မှန်ပါ)။ ဒါဖြင့် ဘာကြောက်တဲ့(ငယ်ကြောက်ပါဘုရား)။ ငယ်ကြောက် ဖြစ်နေတော့ ဘုန်းကြီး ခဏခဏပြောလေ့ရှိတယ်၊ ဒကာ-ဒကာ မတို့ ကြက်တိမ်ညင်လေးဟာ အငယ်လေး ဟုတ်လား၊ ဗမာ

ကြက်ကြီးဟာ အကြီးကြီးပေမဲ့ ငယ်ကြောက်ဖြစ်နေလို့ရှိလျှင် ငယ်ငယ်လေးကလိုက်သဲ အကြီးကြီးက ဘာတုန်း....(ပြေးရပါ တယ်ဘုရား)။ ပြေးပါတယ်။

ပြေးတာလဲ ဘာဖြစ်လို့တုန်းဆိုတော့ ငယ်ကြောက်မို့၊ ဒီမှာလဲ သမုဒယသစ္စာကို၊ ကိုးထွန်းဦးတို့ ဦးဘကြည်တို့ ဦးချစ်ခတို့က အရှယ်ပြစမ်း အရှယ် ပြနိုင်ကြပါ့မလား? (မပြနိုင်ပါဘုရား)။ အရှယ်ကိုမရှိဘူး၊ခေတ္တခဏလေး ပေါ်လာတဲ့ပစ္စည်း.... (မှန်လှပါ)။အရှယ် ပြနိုင်ကြရဲ့လား?(မပြနိုင်ပါဘုရား)။ သူ့မှာ အရှယ်မရှိဘူး။

အရှယ်မရှိပေမဲ့ အရှိန်ကလေးနဲ့ သူကနိုင်တာဘဲဗျ၊ ငယ်ကြောက်ဖြစ်နေတာကိုး....(မှန်လှပါဘုရား)။ ဒီက ငါးဆယ်၊ ခြောက်ဆယ်၊ ဒကာကြီးတွေ ဒကာမကြီးတွေကော....(ငယ်ကြောက်ဖြစ်နေပါတယ်ဘုရား)ဘယ့်နှယ်နေတုန်း (ကြောက်နေပါတယ်ဘုရား)။

ဒီအတိုင်းသွားဆိုလျှင် ဆိုက်ဆိုက်သွားတာဘဲ၊ သူက ပြန်ခဲ့ဆိုလျှင်ကော....(ပြန်လာပါတယ်ဘုရား)၊ ဆိုက်ဆိုက် ပြန်လာတာဘဲဆိုတော့ ဦးဝင်းတို့ ဦးချစ်ခတို့ ဘာဖြစ်နေတုန်းဗျ....၊ (ငယ်ကြောက်ဖြစ်နေပါတယ်ဘုရား) ငယ်ကြောက်ဖြစ်နေတယ် အဲဒီတော့ ဒီကြက်ကြီးနဲ့ ဒီကြက်ငယ်လေး တဆုပ်လောက်က လိုက်တာကို လက်တဝေ့လောက်ရှိတဲ့ ကြက်ကြီးက ပြေးနေတော့ ဘေးကနေပြီး ကြည့်တဲ့ပုဂ္ဂိုလ်ကတော့ ဒီကြက်ကြီးဟာ အတော်ဖျင်းနေတယ် ဆိုမလား, မဆိုဘူးလား? (ဆိုပါတယ်ဘုရား)။

ခင်ဗျားတို့လဲဒီအတိုင်းဘဲ၊တကယ်ကြောက်နေတာကိုးဗျ၊ပေါ်ပြီလား (ပေါ်ပါတယ်ဘုရား)။ တောထဲမှာ မျောက်တကောင်ရှိတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်၊ မျောက်သားစားချင်တဲ့ မုဆိုးက မျောက်ထောင်တဲ့ ညောင်စေးတွေ ဘာတွေ ချက်ပြီးသကာလ သစ်ကိုင်းပေါ်မှာ ချထားတယ်၊ မျောက်က ဒီသစ်ကိုင်းပေါ်မှာ လျှောက်ပြီး လာတယ်၊ လာတော့ ညာဘက်လက်နှင့် ညောင်စေးကို ကိုင်မိတဲ့ အခါ ညာဘက်လက် ခွာမရအောင် ငြိသွားတယ်(မှန်ပါ)။

ညာဘက်လက် အတွက် ရုန်းနိုင်စေခြင်းငှါ တခါ-ဘယ်လက်နှင့်တွန်းပြီးသကာလ ခွာပြန်တယ်....(မှန်ပါ)။ ခွာပြန်လဲ ဘယ်လက်ကပါ ငြိကာဘဲ....(မှန်လှပါဘုရား) လက်-ဘယ်နှစ်ချောင်း ငြိနေတုန်း (နှစ်ချောင်းပါဘုရား)။ နှစ်ချောင်းလုံး မိနေပြီ။ ဒါနဲ့မကြေနပ်ပဲဆိုပြီးသကာလ ဒုတိယ ခြေတချောင်းနဲ့ ကန်ပြီး ရုန်းပြန်တော့လဲ ဒီအတိုင်းဘဲ၊ အစေးကိုးဗျ၊ ကပ်နေတာဘဲ....(မှန်ပါ)။ တခါ ဘယ်ခြေနဲ့ကန် ရုန်းပြန်သော်လဲ ကပ်နေတယ်....(မှန်ပါ )။ ကပ်တာဘဲဆိုတော့ လေးခုကပ်နေပြီ (မှန်ပါ)။

သူက ခေါင်းနဲ့အားပြုပြန်တယ်....(မှန်ပါ)။ ခေါင်းနဲ့ကပ်ပြီး အတင်းရုန်းပြန်တော့လဲ ဘယ့်နှယ်နေသလဲ၊ဦးအေးမောင် (ခေါင်းပါကပ်တယ်ဘုရား)။ ခေါင်းပါ ကပ်သွားတယ်ဆိုတော့ မိုရာတည်ရာရှိသေးရဲ့လား?(မရှိပါဘုရား)၊ မရှိတော့ ဒီမျောက်ဟာ အောက်လိမ့်ကျသင့်သလား,မကျသင့်ဘူးလား? (ကျသင့်ပါတယ်ဘုရား)။

ကျသင့်တော့ ကျသင့်လို့ ကျလာတော့ ငါးခုစလုံး တွဲနေသဖြင့် ပြေးနိုင်သေးရဲ့လား?(မပြေးနိုင်ပါဘုရား)။ မပြေးနိုင်တော့ မုဆိုးလုပ်ချင်သလိုလုပ် ချက်ချင်သလိုချက်,ပြုတ်ချင်သလိုပြုတ်၊ ကိုထွန်းဦး, ဦးချစ်ခ, သည်အဓိပ္ပါယ် ရောက် မရောက်....(ရောက်ပါတယ်ဘုရား)သဘောကျပြီလား(ကျပါပြီဘုရား)။

သမုဒယသစ္စာဆိုတဲ့တရားကလဲ ခင်ဗျားတို့ ခန္ဓာငါးပါးမှာရှိတယ်၊ ဒီခန္ဓာငါးပါးဟာ အစေးချည်းဘဲ၊ သဘောကျပြီလား၊(ကျပါတယ်ဘုရား)။ ခန္ဓာငါးပါးဟာ အစေးထောင်ထားတဲ့နေရာပေါ့ဗျာ—(မှန်လှပါဘုရား)။ အစေးထောင်ထားတဲ့နေရာဖြစ်ပြီးသကာလ ဒီရုပ်နာမ်မမှုက ရူပက္ခန္ဓာကိုကြည့်လိုက်ပြန်လဲ အင်း-သူ-ဝ,ဘို့ သူ-လှဘို့ကိုဘဲကျွေးရမှာဆိုပြီး ဒါ-ကိုယ့်ကိုယ်လို့မှတ်ပြီး၊ သူနဲ့လဲ ခင်နေတာဘဲ ...(မှန်ပါ)၊ရူပက္ခန္ဓာနဲ့ကော(ခင်နေတာပါ ဘုရား)။

ခင်တော့ ရူပက္ခန္ဓာကလဲ တဏှာတည်းဟူသော အစေးနဲ့ကပ်လျက်ဘဲဆိုလျှင်ကော လွှဲသလား?(မလွှဲပါဘုရား)။ ဒီကမျောက်နဲ့တူတဲ့ ဒီရူပက္ခန္ဓာမှာ အစေးပါသကိုးဗျ....(မှန်လှပါဘုရား)။ခင်ရာမင်ရာအစေးမပါဘူးလား(ပါ,ပါတယ်ဘုရား)။

အဲဒီတော့ ဒီ-ရုပ်နာမ်မျှသည် ဒါနဲ့ဘဲ ကပ်လျက်နေမှာဘဲ(ကပ်နေမှာပါဘုရား)။ကပ်နေမှာပါ။ ဝေဒနာက္ခန္ဓာနဲ့ဆိုတော့ ဒကာ-ဒကာမတွေက ချမ်းသာကိုအလိုရှိကြတယ်မဟုတ်လား?၊(မှန်ပါ)။ အဲဒီ-ချမ်းသာကို အလိုရှိတော့ ချမ်းသာလေးစွန့်နိုင်ရဲ့လား?(မစွန့်နိုင်ပါဘုရား)။ မစွန့်နိုင်တော့ ချမ်းသာနဲ့ မငြိ

ဘူးလား?(ငြိပါတယ်ဘုရား)။ ဘယ်နှစ်ချောင်းရှိသွားပြီလဲ.... (နှစ်ချောင်းပါဘုရား)။

ဒါဖြင့် ကုန်ပါလိမ့်မယ်၊ ခင်ဗျားတို့တော့ ကုန်ပါလိမ့်မယ်၊ ငါးချောင်းစလုံး ဒီလာငြိမှာဘဲ....(မှန်ပါ)။ သညာက္ခန္ဓာကလဲ ကိုယ့်မှတ်သားထားတဲ့ ဥပမာမယ် သစ်ပင်ဆို သစ်ပင်နှင့် ပတ်သက်တဲ့ အမှတ်အသားတွေ၊ စပါးဆိုလျှင်လဲ စပါးနဲ့ ပတ်သက်တဲ့အမှတ်အသားတွေမရှိကြဘူးလား?(ရှိပါတယ်ဘုရား)။ ပွဲစားလုပ်တယ်ဆိုတာ ဒီအမှတ်အသားကို အမှီကထားရတယ် မဟုတ်ဘူးလား?(ဟုတ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒီအမှတ်အသားကလေးတွေကိုဘဲ ခင်ဗျားတို့အင်း—ဒီဥစ္စာလေးဟာ ကိုယ်က 'အင်မတန်မှနှစ်သက်ပြီး သင်ထားတဲ့ပညာဗျ၊ အမှတ်အသားပညာမဟုတ်လား?(မှန်ပါ)။ အဲဒီအမှတ်အသားပညာလေးကို တွေးကာ ကိုယ့်စိတ်နဲ့ကိုယ်နဲ့ ဟာက ကိုယ်ဟာလေးကို ကြေနပ်သလား၊ မကြေနပ်ဘူးလား (ကြေနပ်ပါတယ်ဘုရား)။

ဒါလေးရှိလျှင်ဖြင့် ဘာမျှပူစရာမရှိဘူးဆိုတာလေးနဲ့ ကပ်နေတယ်၊ သညာနဲ့ကပ်နေတာဘဲ၊ မကပ်ဘူးလား....(ကပ်ပါတယ်ဘုရား)။ ဘယ်နှစ်ချောင်းရှိသွားပြီလဲ (သုံးချောင်းရှိသွားပါပြီ ဘုရား)။ သုံးချောင်းရှိသွားပြီ၊ နောင်ကျတော့ သင်္ခါရက္ခန္ဓာဆိုတဲ့ ကိုယ့်စေတနာ ကောင်းလေး ကိုယ့်စိတ်ကောင်းလေးနဲ့ ကိုယ်နေရလို့ရှိလျှင်ဖြင့် ကိုယ့်စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာလေးကိုဘဲ ခင်ဗျားတို့မကြေနပ်ဘူးလား?(ကြေနပ်ပါတယ်ဘုရား)။

ကျုပ်စေတနာလိုကောင်းတာ မြို့ထဲရှောက်ရှာအုံးဗျ မတွေ့ဘူး၊ ခင်ဗျားအထင်မှလွဲနဲ့ အစရှိသဖြင့် ကိုယ့်ဟာကိုယ်အမွန်းတင်တာ မပါဘူးလား ပါသလား? (ပါ့ပါတယ်ဘုရား)။ ဒီ-စေတနာလေးကော စွန့်နိုင်ရဲ့လား?(မစွန့်နိုင်ပါဘုရား)။ဒါဖြင့် ခင်ဗျားတို့သည် မျောက်လိုဖြစ်နေပြီ၊ ငါးခုစလုံး ဒီမှာငြိနေတယ်....(မှန်ပါ)။

ဒီမှာ ငြိနေလို့ရှိလျှင်ဖြင့် ဒါ-ဘယ်သူက ကောက်ကျစ်တာတုံး၊ ဒီခန္ဓာငါးပါးနှင့် သည်တကျာသည်ကားလို့ဆိုလျှင် တွဲလျက် ဖြစ်နေတော့ ရောက်ရာမှာ ဒီဒုက္ခသစ္စာ။ ခန္ဓာငါးပါးက ဒုက္ခသစ္စာ....(မှန်ပါ)၊ အစေးက သမုဒယသစ္စာ....(မှန်ပါ)။ အဲဒီတော့-ဒီအစေးနဲ့ ဒီခန္ဓာငါးပါးနဲ့ တခါထဲတွဲပြီးသကာလ နေတော့ ရုပ်နာမ်ဓမ္မသည်ကားဆိုလျှင်ဖြင့် ဒကာ-ဒကာမတို့ ဘယ်မှာသာလျှင် လွတ်ပေါက်ကျွတ်ပေါက်ဆိုတာ မြင်သေးရဲ့လား?(မမြင်ပါဘုရား)။

ခန္ဓာငါးပါးငြိနေတာပါ ၊မငြိဘူးလား?(ငြိပါတယ်ဘုရား) အဲဒါ-ခင်ဗျားတို့ အခုငြိတာကိစ္စမရှိသေးဘူး၊ ခင်ဗျားတို့ အခုတော့ ငြိတယ်ဆိုတာလောက် သိတယ်။ သေခါနီးအခါကာလကျတော့ ငါတော့ဖြင့် မနေရလို့သေရမှာဘဲ သို့သော်လဲ မသေချင်သေးဘူးဆိုတော့ ငါးပါးစလုံးငြိချင်သေးတယ်ပြောတာ....(မှန်ပါ)။ မသေချင်သေးဘူးဆိုတာ ဘာတုန်း....(ငါးပါးစလုံးငြိချင်လို့ပါဘုရား)။ ဒါဖြင့် ငါးပါးစလုံးငြိလို့ရှိလျှင် ငါးပါးစလုံး ငြိတဲ့အမိုပ္ပါယ် ပေါ်ပြီလား(ပေါ်ပါပြီဘုရား)။ရုပက္ခန္ဓာ

ကြီးကို မစွန့်နိုင်ဘူး....(မှန်ပါ)။ ဝိညာဏက္ခန္ဓာကြီးကော (မစွန့်နိုင်ပါ ဘုရား)။

ဒကာ-ဒကာမတို့ ငါးပါးစလုံးဟာ ကိုယ်ခန္ဓာချည်းမဟုတ်ဘူးလား?(မှန်ပါ)။ ဘယ်သူ့ခန္ဓာပါလိမ့်....(ကိုယ့်ခန္ဓာချည်းပါ ဘုရား)။ကိုယ့်ခန္ဓာရှိတာက ဘယ်နှစ်ပါးရှိကြတုန်း(ငါးပါးပါ ဘုရား)။ ငါးပါးစလုံး သေရတော့မယ်ဆိုတော့ ငါးပါးစလုံးနဲ့ ခွဲရမှာကိုးဗျ....(မှန်ပါ)။

ယခုလက်ရှိ ငါးပါးကိုခွဲချင်ကြရဲ့လား?(မခွဲချင်ပါဘုရား) မခွဲချင်ကြတာက နဂိုရ်က ဘာဖြစ်နေသတုန်းဆိုလို့ရှိလျှင်ဖြင့် နဂိုရ်က သူတို့နဲ့ငြိကပ်နေလို့ဆိုတဲ့ အဓိပ္ပါယ်၊ သဘောကျရဲ့လား?(သဘောကျပါတယ်ဘုရား)။ ဒါဖြင့် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်....(မှန်ပါ)။ ဥပါဒါန်တွေနဲ့ ငြိမနေကြဘူးလား (ငြိနေပါတယ်ဘုရား)။

ကိုင်း—ဒကာ-ဒကာမတို့ အဲဒါ ဒီခန္ဓာငါးပါး ဒုက္ခသစ္စာနဲ့ခွဲရတော့မယ်ဆိုလို့ရှိလျှင်ဖြင့် ခင်ဗျားတို့က မျက်ရေကြီးငယ်ကျတယ်၊ မကျဘူးလား, ကျသလား?(ကျပါတယ်ဘုရား)။ ဘာနဲ့ ခွဲရမှာလဲ....(ခန္ဓာငါးပါးနဲ့ခွဲရမှာပါဘုရား)။ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားနဲ့ခွဲရမယ်ဆို ဒကာ-ဒကာမတွေက အင်း-ဘုရားအလောင်း သူတော်ကောင်းတွေကတော့ ပြုံးကြတယ်(မှန်ပါ) ခင်ဗျားတို့ကတော့ ငိုကြတယ်,မဲ့ကြတယ်၊ သဘောကျပြီလား၊ (ကျပါ တယ်ဘုရား)။

ဘုရားအလောင်း သူတော်ကောင်းက ခွဲရတော့မယ်ဆိုတာ ပြုံးတယ်၊ ခင်ဗျားတို့ကမဲ့တယ်၊ ဩော်-နဲနဲကွာတယ်၊ဦးဘကြည်

ဘယ်လောက် ကွာသတုန်း….(ပဋိပက္ခဖြစ်ရုံလောက်ပါဘုရား)။ ပဋိပက္ခဖြစ်ရုံလောက်ဆိုတာ ဒကာ-ဒကာမတို့ ကြေနပ်ပြီလား၊ (မှန်ပါ)။

ဒါဖြင့် ဒီခန္ဓာငါးပါးဟာ ဘာသစ္စာတုန်း….(ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာနဲ့ ရွဲရတော့မယ်ဆို ခင်ဗျားတို့က ဘာတဲ့…. (မှဲ့နေပါကယ်ဘုရား)။ ဩော်-ဒုက္ခသိပ်ကြိုက်တာဘဲ၊ ရီးတီး ရားတားမဟုတ်ဘူး၊ ဦးဘခင့်ရ….(တင်ပါ)။

သေကြည့်မှသိမယ်၊ ဒကာ့ ဒကာမတွေ သေကြည့်တော့မှ ဒီခန္ဓာငါးပါးကို ဘယ်အခြေဆိုက်အောင် ခင်ဗျားတို့ခင်သတုံး လို့မေးရင် လုံးဝမခွဲပါရစေနဲ့လို့မလာဘူးလား ?(လာပါတယ် ဘုရား)၊ လုံးဝမခွဲပါရစေနဲ့ဆိုတော့ တဏှာအစေးနဲ့ ရုပ်နာမ် ဓမ္မနဲ့ကပ်နေလို့ဘဲ….(မှန်ပါ)။ ဒီတွင် ခင်ဗျားတို့ ဒါနဲ့ဒါ ကပ်ပြီး မစွန့်ချင်ဘဲနဲ့ သေလို့ရှိလို့ရှိလျှင်ဖြင့် ငြိုးပြီးသေလို့ရှိ လျှင် အောက်ဘဲရှိတယ်၊ အထက်မပါဘူး(မှန်ပါ)။မျှောက်ဟာ အောက်ကျသလား အထက်ပြန်တက်သလား? (အောက်ကျပါ တယ်ဘုရား)။ အောက်ကျတော့ဘာရှိတုန်း….(အပါယ်လေးပါး ပါဘုရား)။

ကောင်းပြီ၊ ခင်ဗျားတို့လဲ ဒီငါးပါးနဲ့ ငြိနေလျှင် အောက် ကျမှာဘဲ သဘောကျပြီလား?(မှန်ပါ)။ ဘာဖြစ်လို့ကျပါလိမ့် မလဲဆိုတော့ ဒီ-ငြိနေလျှင် ငြိမှုကြောင့်….(မှန်ပါ)။ ဘယ်ဟာမှ ရုန်းနိုင် ကန်နိုင်တာက ပါသေးလား?(မပါ့ပါဘုရား)။

ခန္ဓာငါးပါးစလုံးဟာ တခါထဲ ဒီရုပ်နာမ်ဓမ္မနဲ့ တဏှာနဲ့ ဟာက ဒကာ-ဒကာမတို့ ငြိကပ်နေတာ ဖြုတ်လို့ ဖြေလို့ကို

ရသေးရဲ့လား?(မရပါဘုရား)။ မရတော့ ဩဠ်-ဒိုသေ ဘယ်သွားမှာပါလိမ့်မတုံးဆိုတော့၊ ဒီခန္ဓာကြီးမစွန့်ချင်တဲ့သဘောနဲ့သေလို့ရှိလျှင်ဖြင့် အောက်လမ်းသွားဘို့တော့ သေသေချာချာ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဘယ်လမ်းဆုံးဖြတ်ချက်ချမလဲ.... (အောက်လမ်း ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

အင်း—ဒါသိမှနော်၊ ဒုက္ခသစ္စာမှန်း သိတဲ့ပုဂ္ဂိုလ်ကတော့ ဒီဥစ္စာ ဩဠ်-ဒုက္ခဝန်ကြီးမထမ်းရတော့ဘူး၊ ကျွတ်ပြီ လွတ်ပြီ၊ အရိယာအပေါင်း သူတော်ကောင်းတွေကတော့ ဦးဘကြည်၊ ဦးချစ်ခ,ဘာဖြစ်သလဲ....(ပြုံးပါတယ်ဘုရား)။ ပြုံးတယ်နော်၊ ခင်ဗျားတို့ကတော့ ဒါကြီးနဲ့ခွဲရတော့မယ်ဆို မဲ့ပြီးသကာလနေတော့ မဲ့ရင်းမတ္တနဲ့ စုတေစိတ် ကျသွားတာဘဲ(မှန်ပါ)။

ဒါကြောင့် ရဟန္တာသေတဲ့အခါကျတော့ ခေါင်းက ညာဘက် စောင်းလေရှိတယ်။ ညာဘက်စောင်းပြီး ပြုံးလေ့ရှိတယ် ပုထုဇဉ်သေကဲ့အခါကျတော့ ဘယ်ဘက်စောင်းပြီး မဲ့လေ့ရှိတယ်။ မယုံလျှင်အလောင်းသွားကြည့်၊ ကိုထွန်းဦး, ဦးချစ်ခ, ရဟန္တာတို့ အရိယာကိုသေပုံနဲ့ ပုထုဇဉ်သေပုံမတူဘူးတဲ့၊(မှန်လှပါ ဘုရား)။ ယုတ်စွအဆုံး လည်ပင်းကိုလှီးပါ၊ လှီးထားတာတောင် ခေါင်းဟာ ညာဘက်စောင်းသေးတယ်၊ရိပ်မိပြီလား?၊(မှန်ပါ)။

ပုထုဇဉ်ကဖြင့် ဘယ်ဘက်စောင်းတာများလေရဲ့၊ မနည်းပြင်ပြင်ယူရတယ်....(မှန်ပါ)။ ဒါ ဘယ်သူ့သဲတ္တိတွေထင်တုံး....(သမုဒယသတ္တိပါ ဘုရား)။ သမုဒယသတ္တိတွေ ဆိုတာ ဒကာ

ဒကာမတို့ ပြုံးသေသလား, မဲ့သေသလား? (မဲ့သေပါတယ်ဘုရား)။ ရှင်းပြီလား, ဒကာ,ဒကာမတို့(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ-ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းသိပြီး ခွဲရတာဝမ်းသာတဲ့ အခြေအနေရောက်မှ ပြုံးတဲ့ဘက်ဖြစ်မယ်....(မှန်ပါ)။ နို့မို့လျှင်ဖြင့် မဲ့တဲ့လမ်း,ရွံ့တဲ့လမ်း,စောင်းတဲ့လမ်းသာ ဖြစ်ရမယ်၊ (မှန်ပါ)။ ဒါ-ဘယ်သူမှ ပေဒင်မေးမနေနဲ့၊ ဒီပုဂ္ဂိုလ်သေတာသွားကြည့်....(မှန်ပါ)။ သွားကြည့်လိုက်လို့ရှိလျှင်ဖြင့် သူဟာ အရိယာ မျိုးစေ့ပါလို့ အရိယာဖြစ်ထိုက်တန်သလောက်ရောက်တဲ့ပုဂ္ဂိုလ်ဖြင့်ပြုံးနေမှာဘဲသေချာတယ်ဘယ်ဘက်စောင်းဆိုတာကော မသေချာဘူးလား?(သေချာပါတယ်ဘုရား)။ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘယ်သူက အင်း-လှလိုက်တာ၊ ဘေးက မသာရှင်ကြေနပ်အောင် ပြောငြားသော်လဲ သွားကြည့်ပါ၊မဟုတ်ဘူး၊ဟင့်,တချို့က မသာရှင်ကြေနပ်အောင်ပြောတာတွေ အများကြီးရှိတယ်၊ မရှိဘူးလား?(ရှိပါတယ်ဘုရား)။ အဲဒါတွေ အပိုထားကြပါစို့။

ဒကာ-ဒကာမတို့ မျောက်သည် ငါးဘက်စလုံးငြိနေတဲ့အခါ အောက်က မုဆိုး၏ စားဖတ်, ဝါးဖတ်အဖြစ်နဲ့ အချိန်မကုန်ရဘူးလား? (ကုန်ရပါတယ်ဘုရား)။ ဒီမှာလဲ ခင်ဗျားတို့ ခန္ဓာငါးပါး, ဒုက္ခသစ္စာမှန်းမသိတော့ ငြိတာပေါ့....(မှန်ပါ)။ ငြိတွယ်ပြီးသကာလ နေတော့ ငြိတွယ်လျက်မတ္တနဲ့ သေတော့ အောက်ကျရမယ်။ အောက်သွားရမယ်ဆိုတာက ဦးဘအုန်းတို့

ငြင်းဘို့လိုသေးသလား? (မလိုပါဘုရား)။ အောက်သွားလို့ရှိလျှင် ဘာဖြစ်ရမလဲ၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့ ဖြစ်ရမယ်ဆိုတာကော ငြင်းဘို့လိုသေးသလား?(မလိုပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ အောက်သွား, အထက်သွားဆိုတာဟာ ဘယ်သူကိုအဓိကထားမှတ်ရမှာတုံး၊ ဒုက္ခသစ္စာ သိမှုနဲ့ မသိမှုအပေါ် အဓိကထားပါ....(မှန်ပါ)။ ဦးဘကြည်, ဒါသာမှတ်ပေတော့....(မှန်ပါ)။ အောက်သွား, အထက်သွား ဘယ့်နှယ်မှတ်ကြမယ်.... (ဒုက္ခသစ္စာသိမှုနဲ့ မသိမှုအပေါ်မှာ တည်ပါတယ်ဘုရား)။ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

တနည်း—ပုထုဇဉ်အပြော ပြောကြစို့ဆိုတော့ ခန္ဓာငါးပါးကို မခင်မှုသည် ဘယ်သွားတုန်း(အထက်သွားပါတယ်ဘုရား)။ ခင်မှုကကော....(အောက်သွားပါတယ်ဘုရား)။ ခင်ဗျားတို့ကတော့ ခန္ဓာငါးပါးလဲမကဘူး၊ ဆယ်ပါးလဲမကဘူး....(မှန်ပါ)၊ သားက ငါးပါးကို၊ သမီးကကော (ငါးပါးပါ ဘုရား)။ဆွေမျိုးတွေကကော....(ငါးပါးပါ ဘုရား)။ ဒါဖြင့် ငါးပါး ကသေးရဲ့လား?(မကပါဘုရား)။ ဘယ်လောက်ထိအောင် ငြိနေတုန်း....(မရေတွက်နိုင်ပါဘုရား)။ အကုန် ငြိနေတယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဒကာ-ဒကာမတို့ ဝိသတ္တိကာလို့ဘုရားက ဟောတယ်....(မှန်ပါ)။ တဏှာလောဘဟာ တွေ့တော့ငြိတာဘဲ။ ဒကာ-ဒကာမတို့ ဒီအိမ်နေလို့ရှိလျှင် ဒီအိမ်နဲ့ဒီဝန္ဓာ ငြိတာဘဲ၊ မငြိဘူးလား?(ငြိပါတယ်ဘုရား)။အဲ-သူနေရာရွေးသေးသလား၊ (မရွေးပါ ဘုရား)။ နေရာမရွေးပါဘူး။

ဒကာ-ဒကာမတို့ အဲဒီတော့ နေရာမရွေးတော့ ဘယ်နေရာ ရောက်ရောက် သူဖြင့် ထွက်ရပ်လမ်းကို အခွင့်မပြုဘူး၊ ရှင်းပြီ လား?(ရှင်းပါပြီဘုရား)။ ဥပမာမယ်—ဘုရားနား ရောင်းနေတဲ့ ပန်းသည် ရွှေသည်တွေရှိတယ်နော်၊ ခင်ဗျားတို့ ပကတိမျက်လုံး နဲ့ ကြည့်ကြည့်၊ ဘာနဲ့ ကြည့်ကြည့်၊ သူဟာ ဘုရားနားကပ်ချင် လို့ ကပ်တာလား၊ တဏှာနဲ့ ကပ်တာလားသာမေး....(တဏှာနဲ့ ကပ်နေပါတယ်ဘုရား)။ တဏှာနဲ့ကပ်နေလေ့ ဒီနေရာနေမှ ငွေရမှာဗျ....(မှန်ပါ)။

ကြည်ညိုတာလား ငွေရချင်လို့လားလို့ မေးလျှင်ကော.... (ငွေရချင်လို့ပါဘုရား)။ ကြည်ညိုတာပါရဲ့လား? (မပါ့ပါ ဘုရား)။ မပါ့ပါဘူး၊ တဏှာနဲ့ကပ်နေတယ်၊ ရိပ်မိပြီလား?၊ (မှန်ပါ )။

ကောင်းပြီ့တဏှာနဲ့ ကပ်နေတာသိတော့ တခါ-ဘုရားရှိခိုး တဲ့ ပုဂ္ဂိုလ်သွားကြည့်အုံး၊ ဦးဝင်းရ...(မှန်ပါ)။ ရှိခိုးတဲ့လူတွေ သွားကြည့်....(မှန်ပါ)။ သူ့ခန္ဓာကိုယ်၏နောင်ကျွမ်းမာမှု၊ သူ့ ခန္ဓာ၏နောင်ကောင်းစားမှုတွေဘဲပါတယ်ဆိုတော့ သူ-ဘယ်သူ နဲ့ ကပ်နေတုန်း ...(တဏှာနဲ့ကပ်နေပါတယ်ဘုရား)။

ရွှေသည် ပန်းသည်တော့ ခင်ဗျားတို့က အပြစ်မမြင်နဲ့အုံး၊ (မှန်ပါ)။ ကိုယ်လဲ ဘုရားရှိခိုးတဲ့အခါ ကြည့်အုံး....(မှန်ပါ)။ ဒီကခန္ဓာကြီးကော လက်ရှိကျန်းမာမှုကော ပါ့မပါ(ပါပါတယ် ဘုရား)။ နောင်ဘဝ ကောင်းစားရေးဆိုတဲ့နောင်ဘဝခန္ဓာနဲ့ ကော ပြန်မ[illegible]ဘူးလား?([illegible]ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကော ရွှေသည် ပန်းသည်နဲ့ တယ်မထူးပါဘူး၊ ထူးသေးရဲ့လား?(မထူးပါဘုရား)။ ဘာဖြစ်နေတုန်း....(ကပ်ငြိနေတာပါဘုရား)။ ကပ်ငြိနေတာဘဲဆိုသဖြင့် ဒုက္ခဝဋ်မှကျွတ်လိုလို့ ဘုရားရှိခိုးတဲ့လူက ရှာမှရှားမယ်....(မှန်ပါ)၊ ရှာမှရှားပါ။ ဘာပြုလို့တုန်းဆိုရင် ကိုယ့်ခန္ဓာကိုယ် ဒုက္ခသစ္စာလို့မသိဘဲနဲ့ သွားရှိခိုးတဲ့ပုဂ္ဂိုလ်က ဒီပုဂ္ဂိုလ်သည်ကား ဒုက္ခဝဋ်မှကျွတ်လိုတဲ့သဘောနဲ့ ရှိခိုးတဲ့ပုဂ္ဂိုလ်ဟာ ဒကာသစ် ရှာမှရှားမယ်....(မှန်ပါ)။ ဦးချစ်ခ, ကြားဘူးရဲ့လား?(မကြားဘူးပါဘုရား)။ မကြားဘူးဘူး။

မကြားဘူးလို့ရှိလျှင်ဖြင့် သူသည် ဘုရားရှိခိုးပင်နေငြားသော်လည်း ဒုက္ခဝဋ်မှကျွတ်ဘို့ရှိခိုးတာလား၊ ဒုက္ခဝဋ်နှင့်နောင်တဖန် မခွဲဘို့ ရှိခိုးတာလားသာမေးပေတော့....(မခွဲဘို့ ရှိခိုးတာပါဘုရား)။ မခွဲဘို့ရှိခိုးတာ ဖြစ်မှဖြစ်ရလေတယ်၊ ကြောက်စရာသိပ်ကောင်းပါလား?(မှန်ပါ)။

ဒကာ-ဒကာမတို့ ခင်ဗျားတို့ လုပ်ပုံတွေဟာ တဏှာဦးစီးမလွတ်ဘူးဆိုတာ ဦးဝင်း့ရှင်းပြမယ်....(မှန်ပါ)။ တဏှာဦးစီးလွတ်သလား?(မလွတ်ပါဘုရား)။ ဒါကြောင့်မို့နေရာတိုင်း ရှုပ်တယ်လို့မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ဘယ်သူတုန်း(သမုဒယပါဘုရား)။ တဏှာသမုဒယ, ရိပ်မိကြပြီလား?၊(မှန်ပါ)။

ဒကာ-ဒကာမတို့ ဒါကြောင့် လူသေလျှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာက အပါယ်လေးပါးဟာမင်းတို့ အပြဲနေတဲ့အိမ်ကွ၊ လူ့ပြည်ဆိုတာ ခဏအလည်လာတာ၊

နတ်ပြည်ဆိုတာလဲ ခဏအလည်လာတာလို့ ဘုရားကဟောလိုက်တယ်၊ ဟောသင့် မဟောသင့်....(ဟောသင့်ပါတယ်ဘုရား)။ ငြိ-ငြိပြီး, အောက်ချည်းကျဘာ....(မှန်ပါဘုရား)။ ဘယ့်နှယ်တုန်း၊ ဒကာ-ဒကာမတို့ ခန္ဓာငါးပါးနဲ့ ခင်မှုနဲ့မငြိဘူးလား?၊ (ငြိပါတယ်ဘုရား)။ ကိုယ့်ခန္ဓာငါးပါး ကိုယ်မခင်ကြဘူးလား၊ (ခင်ကြပါတယ်ဘုရား )။

အဲ–ခင်မင်ရက်နဲ့ဘဲ စုတိစိတ် ကျသွားတဲ့အခါ ကြတော့ ခုနက ချည်ပြီးတုပ်ပြီးသား ကျသွားတယ်....(မှန်ပါ )။ အစေးတွေနဲ့ အကုန်လိမ်းပြီး ကျသွားတာကိုး၊ သေသူအပေါင်းကို ကြည့်လိုက်တဲ့အခါကြတော့ ဒီအစေး ငြိပြီးသကာလ မျောက်ကျ, ကျတာချည်းဘဲလားလို့ မေးကြည့်စမ်း၊ ဘယ့်နှယ်ဆိုမလဲ၊ (မျောက်ကျ,ကျပါတယ်ဘုရား)။

မျောက်ကျ,ကျတယ်ဆိုတော့ အထက် ဟယောက်မှ မသွားဘူး....(မှန်ပါ)။ ဘယ်ချည်သွားနေတုန်း....(အောက်ချည်းသွားနေတယ်ဘုရား)။ ကြည့်ခလေ,ကိုယ်ခန္ဓာငါးပါး,ရူပက္ခန္ဓာလဲမစွန့်နိုင်ဘူး....(မှန်ပါ)။ ဝေဒနာက္ခန္ဓာကော ...(မစွန့်နိုင်ပါဘုရား) ငါးပါးစလုံးကော....(မစွန့်နိုင်ပါဘုရား)။ ဒါဖြင့် ငါးပါးက ကိုယ့်ခန္ဓာတွင်ရှိသေးတယ်(မှန်ပါ)။ ကိုယ်အင်မတန်ရင်းနှီးတဲ့ ခင်ပွန်းမတွေ, ခင်ပွန်းယောကျ်ားတွေ မရှိကြဘူးလား? (ရှိပါတယ် ဘုရား )။

အဲဒီ ခန္ဓာငါးပါးတွေနဲ့လဲ မခွဲချင်ကြဘူး၊ ငြိနေတာဘဲ၊ သားသမီးလေးတွေ ခန္ဓာနဲ့ကော....(ငြိပါတယ်ဘုရား) ဒါဖြင့်

ငြိချက်က မျောက်ထက်ငြိနေတာဘဲ....(မှန်ပါ)။ မျောက်ထက် ဆိုးနေသေးတယ်ဗျ။ မျောက်က ငါးခုဆိုလျှင် ကုန်ပြီကော.... (မှန်ပါ) ဦးဘကြည့်ခင်ဗျားတို့ကျုပ်တို့ငြိချက်က ဘယ်လောက် များသတုန်း....(မရေတွက်နိုင်ပါ ဘုရား)။

အမျှားကြီး၊ ကြီးတဲ့ ပိုက်ကွန်ထဲ မိသလိုဖြစ်နေတာ၊ ဟင်၊ ရုန်းလို့ကန်လို့ကို ဖြစ်စရာရှိသေးရဲ့လား? (မရှိပါ ဘုရား)။ ရုန်းလေလေ မိလေလေဘဲ၊ ကိုထွန်းဦး၊ သဘောကျပြီလား?၊ (မှန်ပါ)။ ဘယ်လောက် ကောက်ကျစ်ထားသတုန်း ဆိုတော့ ခင်ဗျားတို့ ထွက်သွားမှာစိုးလို့ သူက လုံးလုံးတားထားတယ်၊ (မှန်ပါ)။ ထွက်သွားမှာစိုးလို့ ဘာလုပ်ထားသလဲ၊ (လုံးလုံး တားထားပါ တယ်ဘုရား)။

လုံးလုံး တားထားတဲ့အခါကြတော့ ခင်ဗျားတို့ကလဲ လုံး လျက်ကြီး ကျတဲ့ပုဂ္ဂိုလ်မို့ ခြေကလဲလှုပ်မကုတ်နိုင်ဘူး၊လက်က လဲ့ လှုပ်မဆွဲနိုင်ဘူး၊တောက်လျှောက်သာသွားဘို့ရှိတော့တယ်၊ (မှန်ပါ)။ပြင်လို့ကောရပါ့မလား၊မရဘူးလား?(မရပါဘုရား) ဦးဝင်း၊ ပေါ်ပြီလား? (ပေါ်ပါပြီ ဘုရား)။ ဒါ·ဘယ်သူက ကောက်ကျစ်တာလဲ.... ( သမုဒယက၊ ကောက်ကျစ်ထားတာပါ ဘုရား)။

အဲဒီတော့ခင်ဗျားတို့မိတ်ဆွေသင်္ဂဟတွေကလဲ ဟ၊ကိုယ့်ကိုယ် ကျန်းမာရေးနဲ့ ကိုယ့်ကိုယ် ခင်မှု၊ ကိုယ့်ကိုယ်အရေးကြီးတယ် နော်၊ အစရှိသည်နှင့် ကိုယ့်ကိုယ်ခင်မှုကိုလဲ အားကိုးလေ့ရှိကြ တယ်။ မကိုးဘူးလား?(ကိုးပါတယ်ဘုရား)။

မင်းတို့ သားသမီးလေးတွေကိုလဲ မင်းတို့-စောင့်ရှောက်မှတဲ့ မင်းမစောင့်ရှောက်လို့ ဘယ်ဖြစ်မှာတုန်းဆိုတော့ သားသမီး ခန္ဓာနဲ့ ကပ်ငြိအောင် ရင်းနှီးတဲ့မိတ်ဆွေတွေကလဲ အားပေးကြ တယ်၊မပေးကြဘူးလား?(ပေးပါတယ်ဘုရား)။တကယ်လို့ မျှား မင်းတို့ ဇနီးမောင်နှံတွေဟာ အခန့်မသင့်၍ ဒေါသအလျှောက် မသင့်မတင့်ဖြစ်ပြီးကွဲနေကြလို့ရှိလျှင် ဘေးက မိတ်ဆွေသင်္ဂဟ များက လူကြီးစုံရာနှင့် လာပြီးသကာလ ပွဲရတယ် ဆိုတော့ အတော်ခက်နေပါလား?(မှန်ပါ)။

ဘေးကပုဂ္ဂိုလ်တွေက တုပ်ပြီး ချည်ပြီးဖြစ်မှ မင်းအပါယ် သွားမှာ၊ဒါကြောင့် ငါတို့ကြိုးစားပေးရတယ်၊ဒီအဓိပ္ပါယ်ကော မရောက်ဘူးလား၊ ရောက်သလား? (ရောက်ပါတယ် ဘုရား)။ အမယ်လေး ကြောက်စရာသိပ်ကောင်းတာဘဲ၊ ဒကာ-ဒကာမတို့ ခင်ဗျားတို့ကလဲ နဂိုရ်ကချည်ပြီးတုပ်ပြီးဖြစ်ချင်ရတဲ့အထဲဘေးက အတွန်းသမားတွေကလဲ ရပ်နဲ့ရွာနဲ့ လာတာ....(မှန်ပါ)။ဦးဝင်း ဘာနဲ့လာတယ်....(ရပ်နဲ့ ရွာနဲ့ လာပါတယ်ဘုရား)။ ရပ်နဲ့ ရွာနဲ့ လာတယ်။

မင်းတို့ ကွဲနေတာကွာ၊ ဒို့အရပ်ထဲမှာဖြင့် ဘယ်သူမှ မျက်နှာ မကောင်းကြဘူး....(မှန်ပါ)။ မင်းတို့အတွက် ဒါကြောင့် ရှေ့ မျက်နှာ နောက်ထားပြီး ဝင်ခဲ့တာဘဲကွ၊ မတတ်နိုင်ဘူး အစရှိ သည်နှင့် မလာဘူးလား လာကြသလား? ( လာကြပါတယ် ဘုရား)။

အဲဒီကဲ့သို့ လာကြတဲ့အခါကြတော့ ဒကာ-ဒကာမတွေ ရွာထဲရပ်ထဲက အားပေးတာကလဲ ဘာတုံးဆိုတော့ ရှေးက နှံနှံ လေး ငြိနေတာ နှံနှံလေး အစေးပြန်ပြယ်သွားတာကို ပြန်ပြီး

သကာလ ကပ်အောင် လူကြီးစုံရာနဲ့ အားပေးကြတာကိုးဗျ၊ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။ ဒါ-ခင်ဗျားတို့က မကပ်,ကပ် ပါမည့်အကြောင်း ဦးချစ်ခတို့လို ပုဂ္ဂိုလ်တွေက ငါပြောတာ နားထောင်နေ၍ လုပ်ချင်လုပ်အုံးမှာ၊ မကပ်မှာစိုးသကိုးဗျ....၊ ချောက်တန်တဲ့လူကြတော့သူနိုင်တဲ့လူကြတော့ချောက်ပြီးတော့ ကပ်ခိုင်းတယ်....(မှန်ပါ)၊

မြှောက်တန်တဲ့လူကြတော့မြှောက်၊အမလေး ဟိုပုဂ္ဂိုလ်ကလဲ နဂိုရ်က ကပ်ချင်လျက်နဲ့ ခင်ဗျားတို့ကလဲချောက်တတ်,မြှောက် တတ်မယ်ဆိုတော့ ဦးထွန်းဦး, ဂျောက်မှကျပါ့မလား?၊ ကျတဲ့ ဟိုဘက် လွန်မနေဘူးလား(လွန်နေပါတယ်ဘုရား)။ဒါ-ဘယ်သူ ကောက်ကျစ်ထားတာတုန်း (သမုဒယပါဘုရား)။ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)

ဒါဖြင့် စဉ်းစားကြည့်၊ ဒကာဒကာမတို့ ဒီလိုအကုန်ချုပ်ကိုင် ချည်နှောင်တုပ်ဖွဲ့ပြီး ကောက်ကျစ်ထားတဲ့သဘော,ငြိတွယ်ထား တဲ့သဘောနဲ့ ပုဂ္ဂိုလ်တွေဟာ ခုနက-မျှောက်,ဥပမာ ဘုရားက ပြလိုက်တယ်...(မှန်ပါ)။အောက်သာကျပြီဟေ့ အထက်မတက် ဘူးလို့ ဦးဘကြည်,ဟောထိုက် မဟောထိုက်....(ဟောထိုက်ပါ တယ် ဘုရား)။

ဒကာ-ဒကာမတို့ ဘုရားက မျှောက်,ဥပမာထားပြီး ဟော တယ်၊ ဦးချစ်ခ, ယုံကြည်ပြီလား? (ယုံကြည်ပါတယ်ဘုရား)။ ဘယ်လိုယုံကြည်သတုန်းဗျ၊ ကိုယ်ဖြစ်ရမှာသေချာတယ်လို့လား ဟေ့-နောက်က ဒကာ-ဒကာမတွေ သမုဒယအကြောင်းကောင်း ကောင်းသိမယ်ဆိုလို့ရှိရင်ဖြင့် ဩ-မျှောက်ကို မျှောက်နဲ့စေး

ကပ်တဲ့ ဥပမာနဲ့ ဘုရားဝိသတ္တိကာလို့ ဟောတာကိုးဗျ(မှန်ပါ) နာမည်ကိုကလဲအတော်ဆိုး၊ ဒါဖြင့် ဒကာ,ဒကာမတို့ သူ့လက်ချက် သိကြပြီလား?(သိပါပြီဘုရား)။

ဘယ်လောက်ကောက်ကျစ်သတုံး...(အလွန်ကောက်ကျစ်ပါတယ်ဘုရား)။ အပါယ်ကျအောင်ကောက်ကျစ်တယ်။ ပစ္စုပ္ပါန်မှာ လွတ်ထွက်ပြေးမှာစိုးလို့ ဖမ်းတယ်၊မဖမ်းဘူးလား?(ဖမ်းပါတယ်ဘုရား)။ ပစ္စုပ္ပါန်မှာကြတော့ ဟိုနိဗ္ဗာန်ဘက်ထွက်သွားမှာစိုးလို့ လွတ်သွားမှာစိုးလို့ ဦးဘကြည့်မဖမ်းဘူးလား (ဖမ်းပါတယ် ဘုရား)။ ဖမ်းပြီး ဘာလုပ်သတုံးလို့ မေးတဲ့အခါကြတော့ ဂျောက်ထဲချတယ်....(မှန်ပါ)။

အောက်ကျအောင်လုပ်တာဘဲ၊ ထိုးကျဘာဘဲ....(မှန်ပါ)။ သွားရေး သမီးရေး စီးပွားရေးကြတော့ တိုက်တွန်းတယ်....(မှန်ပါ)။ တိုက်တွန်းတယ်ဆိုတော့ ဒကာ-ဒကာမတွေ ကိုယ်တွေ့တွေ့ပါဘဲ၊ဒီဥစ္စာ သူများပြောလို့ ဆိုစရာရှိသေးသလား(မရှိပါဘုရား)။ ဘုရားသွား ကျောင်းတက် တရားအားထုတ်ကြတော့ ဘာလုပ်သတုံး.... (ကန့်ကွက်ပါတယ် ဘုရား)။ ကန့်ကွက်တယ်နော်၊ သားရေး,သမီးရေး,စီးပွားရေးကြတော့ တိုက်တွန်းတယ် (မှန်ပါ)။

ဒါဖြင့် ဒါဟာ ကန့်ကွက်တာလဲဘယ်သူတုံး....(သမုဒယသစ္စာပါ ဘုရား)။ တိုက်တွန်းတာကော.... (သမုဒယသစ္စာပါဘုရား) ဒါကြောင့် ခင်ဗျားတို့ လောဘမူစိတ်ရှစ်ခုမှာ သင်္ခါရိကပါတယ်၊ရိပ်မိကြပြီလား?(တင်ပါ)။အသင်္ခါရိကဆိုပြီး သူများမတိုက်တွန်းတော့ ကိုယ့်ဟာကိုယ် သားရေး သမီးရေးကြတော့

လုပ်ဖြစ်သေးတယ်.... (မှန်ပါ)။ အဲဒါကြတော့ အသင်္ခါရိက ဟုတ်ပြီလား?(မှန်ပါ)။

သူများက ရပ်ကရွာကဝိုင်းပြီး ကူညီပြီးလုပ်ရတဲ့အလုပ်တွေလဲ ရှိသေးသကိုဗျ....(မှန်ပါ)။ အဲဒါကြတော့ သသင်္ခါရိကလောဘဲ....(မှန်ပါ)။ ဒါဖြင့် အသင်္ခါရိကလောဘ၊ သသင်္ခါရိကလောဘ ဆိုတာ ကပ်ငြိတဲ့ဆီက တရားချည်းဘဲလို့ဆိုတာ ဒကာ-ဒကာမတွေ ယုံကြည်ပြီလား?(ယုံကြည်ပါပြီဘုရား)။

ကောင်းပြီ, ဒါဖြင့် သူ့ကောက်ကျစ်ပုံ သဘောကျပြီလား?၊ (မှန်ပါ)။ ဒါဖြင့် ဖြောင့်ပုံကိုပြောတော့မယ်...(မှန်ပါ)။ဒကာဒကာမတို့ ဖြောင့်ပုံကိုပြောတော့မယ်ဆိုတော့ မနေ့က ဂါထာ မဆုံးလို့ ဘုန်းကြီးက ဝေဒနာသုံးပါးကိုပြန်တည်ရမယ်။ မနေ့က သောမနဿဝိသုဒ္ဓိယ မရောက်ဘဲဖြစ်သွားတယ် (တင်ပါ)။ နာရီက စေ့သွားတယ်....(မှန်ပါ)။

ဒကာ-ဒကာမတို့ ဒါက-သုခဝေဒနာ၊ ဒါက-ဒုက္ခဝေဒနာ၊ ဒါက-ဥပေက္ခာဝေဒနာ၊ ဒါ အလုပ်ကိုစပြီ....(မှန်ပါ)။ ဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ် စပြောလိုက်တာ....(တင်ပါ)။ ဒါ ဘာဝေဒနာတွေတုံး....(သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ တွေပါဘုရား)။ ဩြော်-စားပွဲပေါ်မှာရှိတယ်လို့မအောက်မေ့နဲ့နော်၊ ခန္ဓာပေါ်မှာရှိတယ်လို့အောက်မေ့ပါ။

ဘယ်မှာရှိတုံး....(ခန္ဓာပေါ်မှာ ရှိပါတယ်ဘုရား)။ စားပွဲပေါ်က ပုံသဏ္ဍာန်ပြထားတာ ...(မှန်ပါ)၊ခန္ဓာပေါ်မှာခင်ဗျားတို့ ခန္ဓာကို ဝေဒနာက္ခန္ဓာလို့ ဘုရားက ဟောသောကြောင့်

ဒီသုံးခုရှိနေတယ်၊ အလှည့်ကျနဲ့ရှိနေတယ်လို့မှတ်လိုက်(မှန်ပါ) သို့သော်-တခုရှိနေလျှင် ကျန်နှစ်ခုမရှိဘူး၊ (မှန်ပါ)၊ တခုတခု စီသာ ရှိရမယ်....(မှန်ပါ)။ ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ဟာ ဘာခန္ဓာတုံးလို့မေးရင် ဝေဒနာက္ခန္ဓာပါဘုရား၊ ဝေဒနာက္ခန္ဓာ ဘဲလို့ ဆိုရမယ်။

ဟုတ်ကြရဲ့လားဆိုတော့ မယုံလျှင် ခင်ဗျားတို့ကို တပါး သောပုဂ္ဂိုလ်က မေးကြည့်၊ နေကောင်းရဲ့လားလို့ မေးလျှင် ခင်ဗျားတို့ကနေကောင်းတဲ့အခါဘယ့်နှယ်ဖြေမတုံး၊နေကောင်း ပါတယ်လို့ မဖြေဘူးလား? (ဖြေပါတယ်ဘုရား)။ ဖြေတော့ ဘာဝေဒနာပေါ်တယ်လို့ပြောသတုံး (သုခဝေဒနာပါဘုရား) သြော်-နေမကောင်းတဲ့အခါ တယောက်သောပုဂ္ဂိုလ်က မျက်နှာ လေး ညှိုးငယ်နေပြီး မဲ့ရှုံ့နေလို့ ဘာများဖြစ်နေသတာတုံးလို့ မေးတော့ ခင်ဗျားတို့က ဘယ့်နှယ်ပြောကြမလဲ (နေမကောင်း လို့ပြောပါတယ်ဘုရား)။

နေမကောင်းလို့ဆိုတော့ ဒုက္ခဝေဒနာရှိကြောင်း သူပြော တာနော်....(မှန်ပါ)။ တခါ တခါလ နလံထစ ကောင်းချီတလှဲ့ မကောင်းချီတလှဲ့နဲ့ နေတဲ့အခါကြတော့ ဘယ့်နှယ်နေတုန်း၊ ခင်ဗျားကြည့်ရတာဟာ အင်း-ခုတော့ အသင့်အတင့် ရှိပါပြီ မပြောဘူးလား? (ပြောပါတယ်ဘုရား)။ အဲဒါကြတော့ ဘာ ဝေဒနာကပ်နေသလဲ၊ (ဥပေက္ခာဝေဒနာပါဘုရား)။ ဒါဖြင့် အသင့်အတင့် ရှိလျှင် ဥပေက္ခာဝေဒနာ နေကောင်းတာရယ်၊ နေမကောင်းတာရယ်၊ အသင့်အတင့်ရှိတာရယ်၊ ဒီသုံးခုမှတပါး ဦးဘအုန်း ဘာရှိသေးတုံး....(ဘာမှမရှိပါဘုရား)။

အဲဒီတော့ ဒီဝေဒနာသည် ဘယ်အချိန်များ တပည့်တော်တို့ သဏ္ဌာန် ကိန်းအောင်းပါလိမ့်မတုံးလို့ ခင်ဗျားတို့က စောစော မတက်ပါနဲ့လို့ သတိပေးလိုက်ပါတယ်....(မှန်ပါ)။ ခင်ဗျားတို့ နေကောင်းတဲ့အခါမှာ သုခဝေဒနာဘဲ၊(မှန်ပါ)။ နေမကောင်း တဲ့ အခါမှာ ဒုက္ခဝေဒနာ၊ အသင့်အတင့်ဖြစ်တဲ့အခါ ဥပေက္ခာ ဝေဒနာ၊ ဒီသုံးမျိုးမှတပါး ခင်ဗျားတို့ခန္ဓာကိုယ်မှာ ဘာများ ရှိသေးသလဲ....(မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဝေဒနာကင်းနေတဲ့အချိန်များပါသေး သလား?(မပါ့ပါဘုရား)။ ဩော်-သုခဝေဒနာဆိုတာကတော့ ဒကာ-ဒကာမတွေက စဉ်းစားလိုက်၊ အစားကောင်း၊ အနေ ကောင်း၊ ဥတုကောင်း၊ အဝတ်က ထူလိုက် ပါးလိုက်ဆိုလျှင် အထည်အလိပ်ကောင်းနဲ့ကြုံလို့ ပေါ်တာ....(မှန်လှပါဘုရား)၊ မကြုံလျှင် မပေါ်ပါဘူး။

သုခဝေဒနာဟာအလိုလိုပေါ်တာလား၊ပြုပြင်ထားလို့ပေါ် တာလား(ပြုပြင်ထားလို့ပေါ်တာပါဘုရား) ဩော်-ပြုပြင်ထား လို့ပေါ်တာ....(မှန်ပါ)။ သူသည် မနေ့က ပြောခဲ့သည့်အတိုင်း သင်္ခါရတရား....(မှန်လှပါဘုရား)။ ဦးဘကြည်၊ ဘာတဲ့တုန်း.... (သင်္ခါရတရားပါဘုရား)။ဘာပြုလို့ခင်ဗျားတို့က သင်္ခါရတရား လို့ဆိုရတာတုန်း....(ပြုပြင်ထားလို့ပါဘုရား)။ ပြုပြင်ထားလို့ ပေါ်တဲ့တရား၊ အဲလိုလိုပေါ်တာလား?(မဟုတ်ပါဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်နှယ်ဆိုကြမလဲ....(ပြုပြင်ထားတဲ့ တရားပါဘုရား)။ ပြုပြင်ထားလို့ပေါ်တဲ့တရား၊ စာလိုသုံးတော့ သင်္ခါရတရား၊ အဲ့သင်္ခါရတရားဆိုတာပြုပြင်လို့ပေါ်လာတဲ့တရား

(မှန်လှပါဘုရား)ဒါဖြင့်အဲဒါသင်္ခါရတရားခေါ်တယ်။ဦးဘဝင်း ရှင်းပြီလား(ရှင်းပါပြီဘုရား)။ဒါလဲပြုပြင်ထားလို့ ဒုက္ခဝေဒနာ ဆိုတာလဲ မတွဲတွဲအစာပြုပြင်ထားလို့၊မတွဲတွဲဥတုပြုပြင်ထားလို့ (မှန်ပါ)။

ဒါဖြင့် မတွဲတွဲနေရာဌာနသွားမိလို့ လာမိလို့....(မှန်ပါ)။ မတွဲတွဲအစာစားမိလို့၊ မတွဲတွဲရေသောက်မိလို့ ဘာဖြစ်ရမလဲ (ဒုက္ခဝေဒနာဖြစ်ပါတယ်ဘုရား)။ကောင်းပြီ,သူလဲအလိုလိုပေါ် တာလား, ပြုပြင်ထားတဲ့တရားကြောင့်လား? (ပြုပြင်ထားတဲ့ တရားကြောင့်ပါဘုရား)။ ဒါဖြင့် သူ့ကို ဘာတရားခေါ်မလဲ၊ (သင်္ခါရတရားပါဘုရား)၊သင်္ခါရတရား၊ဥပေက္ခာဝေဒနာဆိုတာ လဲ ဒကာ-ဒကာမတွေ မျက်လုံးထဲမှာပေါ်တယ်၊နား,နှာခေါင်း လျှာမှာပေါ်တယ်၊ဟဒယဝတ္ထုမှာပေါ်တယ်လို့ဆရာဘုန်းကြီး ဟောပြီးသား၊ ပြောပြီးသားဘဲထားပါတော့....(မှန်ပါ)။

ခဏခဏဟောနေလို့ ဒါကတော့သိပြီးသား၊ဒါကလဲ ဟိုက အာရုံနဲ့ပြုပြင်မှုပေါ်တာ....(မှန်ပါ)။ မပြုပြင်လျှင်မပေါ်ဘူး။ စဉ်းစားကြည့်ပါ ခင်ဗျားတို့နားကကြားတယ်ဆို၊ဟိုဘုရားကြီး ရဲ့ တောင်ဘက်က လူတယောက် အနိစ္စ ရောက်ရှာတယ်လို့ တယောက်သော ပုဂ္ဂိုလ်က ပြောတယ်၊ ပြောတဲ့အခါကြတော့ ဟိုကအာရုံနဲ့ ပြုပြင်မှုပေါ်တာ....(မှန်ပါ)။ မပြုပြင်လျှင်မပေါ် ဘူး၊ ပေါ်ပေမဲ့ ခင်ဗျားတို့အားလုံးဘဲ နားရှိလို့တော့ ကြား တာဘဲ....(မှန်ပါ)။

သူနဲ့ဘာမှဆွေမျိုးမတော်တော့ ကြားခါမတ္တဘဲ (မှန်ပါ)။ ဘာဝေဒနာတုန်းဆိုရင် ဥပေက္ခာဝေဒနာဘဲ၊သဘောကျပြီလား

(ကျပါပြီဘုရား)။ မေ်ာတော်ကားစီးပြီး လမ်းသွားရင်း သူ့ အလောင်းကိုလဲ့ မြင်ခဲ့ရပါတယ်၊ ဘာမှ မတော်စပ်တဲ့အတွက် မြင်ရုံဘဲ၊ ဘာဝေဒနာ....(ဥပေက္ခာဝေဒနာပါဘုရား)။ အဲဒီတော့ ထို့အတူဘဲ နံတဲ့အခါ မွှေးတဲ့အခါလဲ ဥပေက္ခာဝေဒနာဘဲ.... (မှန်ပါ)။ စားတဲ့သောက်တဲ့အခါကော....(ဥပေက္ခာဝေဒနာပါ ဘုရား)။

အေး—အားလုံးသောပုဂ္ဂိုလ်, လမ်းမှာ ကလေးလေးတွေ အစရှိသည်ဖြင့် နေကြတာ ထိုင်ကြတာတွေလို့ ရှိလျှင်လဲ ကိုယ့် သားသမီး မဟုတ်တော့ကို မြင်တော့မြင်ခဲ့တာဘဲ၊ အင်း-ကမ္ဘ သကာဘဲဆိုပြီးဃကာလ ကံသာအမိ ကံသာအဖဆိုပြီး ခင်ဗျား တို့ ဒီအတိုင်းကြည့်ပြန်ခဲ့ကြတာ၊မပြန်ခဲ့ကြဘူးလား? (ပြန်ခဲ့ပါ တယ်ဘုရား)။အဲဒါ ကံသာအမိ့ကံသာအဖဆိုတော့ကို ဒါက မျက်လုံးတွင် မဆုံးတော့ဘူး ဝမ်းထဲကပါလာတယ်။ မပါဘူး လား? (ပါ့ပါတယ်ဘုရား)။ အဲဒီကျတော့ ဘာဝေဒနာ.... (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒါဖြင့် သူတို့တွေစရာ ကြုံစရာ ဆုံစရာနဲ့ မတွေ့ဘဲနဲ့ ဒကာ-ဒကာမတို့ ဒီဥပေက္ခာဝေဒနာက အလိုလိုပေါ်ပါ့မလား၊ (မပေါ်ပါဘုရား)။မပေါ်လို့ရှိလျှင်အကြောင်းရှိတယ်(မှန်ပါ) တွေ့တွေ့ရာရာအကြောင်းရှိတယ်....(မှန်ပါ)။အကြောင်းရှိသော ကြောင့် သူ့ကို ဘာထင်သတုန်း....(သခါရပါဘုရား)။ ဒါဖြင့် ဒီဝေဒနာသုံးပါးစလုံးဟာ ဘာဖြစ်သလဲ....(သင်္ခါရပါ ဘုရား)။ ရှင်းကြပြီလား?(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာမှာ ဝေဒနာသုံးပါးသည် ငါ့ဝေဒနာ မဟုတ်ပါဘူး....(မှန်ပါ)။ ကောင်းစားတာလဲ ငါလုပ်လို့ ငါ ကောင်းစားတာမဟုတ်ဘူး၊(မှန်ပါ)။ သင်္ခါရအကြောင်းတရား တွေ ပြုပြင်လို့ပေါ်လာတာ....(မှန်ပါ)။မကောင်းတာ ကောင်း တာကော ပြုပြင်ပြီး ငါလုပ်လို့ဆိုကြမလား(မဆိုနိုင်ပါဘုရား) သင်္ခါရတရား အကြောင်းတိုက်ဆိုင်လို့ပေါ်လာတာ၊ (မှန်ပါ)။ လျစ်လျူရှုနိုင်တာကော (သင်္ခါရတရားပါ ဘုရား)။အကြောင်း တိုက်ဆိုင်လို့ပေါ်တာဘဲ ကိုထွန်းဦးရ၊ ဒီပြင်ငြင်းစရာမလိုတော့ ဘူး....(မလိုပါဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့နဲ့ ဘာမှမဆိုင်တဲ့အတွက် သူ့ကိုသင်္ခါရတရားလို့သာ မင်းတို့ မှတ် ထား၊ ဝေဒနာသုံးပါး ဘာမှတ်ထားရမယ်....(သင်္ခါရတရားပါ ဘုရား)။ ကောင်းပြီ၊ ဘာဝေဒနာပေါ်ပေါ် သင်္ခါရတရားနော် (မှန်ပါ)။ ကောင်းပြီ၊ အဲဒီသင်္ခါရတရားကို ဘုရားသခင်က သင်္ခတသင်္ခါရလို့ဟောလိုက်ပါတယ်။

သင်္ခတသင်္ခါရဆိုလျှင် ခင်ဗျားတို့သဏ္ဍာန် ဒီသုံးခုဆိုတာဘဲ လို့ ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ)။ ဝိပဿနာလုပ်မဲ့ ပုဂ္ဂိုလ် များ သင်္ခတသင်္ခါရဆိုတာ ဘယ်နှစ်ခုတုန်း....(ဝေဒနာသုံးပါး သာ ဘုရား)။ ဝေဒနာသုံးပါးနဲ့ ဝေဒနာက တက်ကြရမှာကိုး၊ (မှန်လှပါဘုရား)။ အင်း–အကြောင်းတိုက်ဆိုင်လို့ပေါ်လာတဲ့ တရား, သင်္ခါရတရားဆိုသဲဖြင့် ဒီ-သင်္ခါရတရားကို သင်္ခါရတရား ဘဲလို့ထား....(မှန်ပါ)။

ဒကာ-ဒကာမတွေက ပြုပြင်ထားလို့ပေါ်တဲ့တရားဘဲ၊မိမိတို့ ပြုပြင်တာမဟုတ်ဘူး....(မှန်ပါ)။ သူ့အကြောင်းနဲ့သူပါ၊ သူ့

အကြောင်းအားလျော်စွာ ပြုပြင်လို့ သူ့ပေါ်လာတဲ့တရားမို့ သင်္ခါရတရားလို့ဆိုတာ ဦးခင်မောင်တို့ကြေနပ်ပြီလား(ကြေနပ်ပါတယ်ဘုရား)။

အဲဒီ-သင်္ခါရ တရားဟာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရား ဖြစ်တော့ အကြောင်းမတိုက်ဆိုင်တဲ့ အချိန်မှာ ပျက်မှာဘဲ၊ သဘောကျပြီလား(ကျပါတယ်ဘုရား)။ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြီဖဟုတ်လား? (မှန်ပါ)၊ အကြောင်းတွေက ချုပ်ငြိမ်း ယုတ်သိမ်းတော့ ဘယ်နှယ်ဆိုကြမလဲ....(ဖြစ်ပျက် အနိစ္စပါဘုရား)။ ဒါဖြင့် အနိစ္စပေါ့....(မှန်ပါ)။ သင်္ခါရတရား ဘယ်မှာ လမ်းဆုံးသလဲ....(အနိစ္စမှာ လမ်းဆုံးပါတယ်ဘုရား)။

ဩော်-ဒါဖြင့် သင်္ခါရအနိစ္စာ...(မှန်ပါ)။ ဒီ တရားဟာ သင်္ခါရတရား၊ ဘယ်လမ်းဆုံးသတုန်း (အနိစ္စပါ ဘုရား)။ ဒီ တရားကော....(သင်္ခါရတရားပါဘုရား)။ ဘယ်လမ်းဆုံးသတုန်း (အနိစ္စပါဘုရား)။ အဲဒါကြောင့် သဗ္ဗေသင်္ခါရာအနိစ္စ၊ ဒီမှာ လမ်းဆုံးတယ်လို့ ဘုရားက ဟောကော မဟောဘူးလား(ဟောပါတယ်ဘုရား)။

အဲဒီတော့ သူ့ဟာသူ အနိစ္စ၊ သင်္ခါရတရားမို့ အနိစ္စရောက်တာကို ခင်ဗျားတို့က ဩော်-သင်္ခါရတရားမို့ အနိစ္စရောက်တာကို ဆိုတဲ့ဉာဏ်နောက်က လိုက်ပါ၊ သဘောကျပြီလား(မှန်ပါ) ဘာနောက်က လိုက်ရမလဲ(ဉာဏ်နောက် လိုက်ပါမယ်ဘုရား)။ ဘယ်လိုလိုက်ရမှာလဲ....(သင်္ခါရတရားမို့ အနိစ္စလမ်းဆုံးတယ်လို့ လိုက်ရမှာပါ ဘုရား)။ သင်္ခါရတရားမို့ အနိစ္စလမ်းဆုံးသွားတာ

အနိစ္စ ရောက်သွားတာ....(မှန်ပါ)။ သင်္ခါရတရားနဲ့ အနိစ္စ ရောက်သွားတဲ့ဟာကို သင်္ခါရတရားဆိုတာကို ခင်ဗျားတို့ ပြုပြင်ထားတဲ့တရားမဟုတ်လား?(မှန်ပါ)။

အနိစ္စရောက်တာလဲခင်ဗျားတို့ကရောက်စေချင်လို့ရောက်တာ မဟုတ်ဘူး။ သင်္ခါရတရားမို့ အနိစ္စရောက်တာ၊ ရှင်းပြီလား?၊ (ရှင်းပါပြီဘုရား)။ ဒါဖြင့် ဒီတရားကိုရှေးဦးစွာ သင်္ခါရတရားလို့ မှတ်....(မှန်ပါ)။ နောက်ကြတော့ သူဟာ ဘယ်မှာ လမ်းဆုံးသလဲ....(အနိစ္စလမ်းဆုံးပါတယ်ဘုရား)။ အနိစ္စ လမ်းဆုံးရတယ်၊ ဒကာ-ဒကာမတွေ ရိပ်မိကြပြီလား(မှန်ပါ)။ နို့-ခင်ဗျားတို့ ခန္ဓာကိုယ်ကလဲ သင်္ခါရက္ခန္ဓာကိုယ်ဘဲဆိုရိုးဘဲရှိတယ်(မှန်ပါ)၊ ဘယ်လမ်းဆုံးသတုံး....(အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

ကောင်းပြီ,ခင်ဗျားတည်းဟူသောခန္ဓာကိုယ်ဇရပ်ကြီးပေါ်၌ သူ့ဟာသူအကြောင်းတိုက်ဆိုင်လို့လာတယ်(မှန်ပါ)။ဝေဒနာ သုံးမျိုး၊ တမျိုးမျိုးပေါ့ ဧည့်သည်မို့ အကြောင်းတိုက်ဆိုင်လို့ လာတယ်။ ဒကာ,ဒကာမတွေ ခင်ဗျားတို့က ဇရပ်ဆောက်ထားလို့ လူနာရောက်လာတယ်....(မှန်ပါ)။ လူနာလဲရောက်တယ်၊ လူချမ်းသာလဲရောက်တယ်၊ အလပ်စားလဲရောက်တယ်၊ မရောက်ဘူးလား?(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် လူချမ်းသာ, လူဆင်းရဲ၊ လူမွဲမရောက်ပေဘူးလား (ရောက်မှာပါဘုရား)။ ဒါ-ခင်ဗျားတို့ ရူပက္ခန္ဓာဇရပ်လေဗျာ၊ ဇရပ်မို့လူနာတွေလာကြတော့ ခင်ဗျားတို့က ဒီလိုစဉ်းစားရမယ် ဧည့်-သူ့ဟာသူလာပြီး သူ့ဟာသူ သွားကြမှာဘဲ ကိုယ်ကလဲ စတုဒိသာဇရပ် ကိုယ့်စတုဒိသာဇရပ်ဆိုတာ စတုဒိသာဒရစက်ချထားတာ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။

ဧတုဒီသာရေစက်ချထားတော့သူ့ဟာသူလာပြီး သူ့ဟာသူ သွားမှာ....(မှန်ပါ)။ လူချမ်းသာကော.... (သူ့ဟာသူလာပြီး သူ့ဟာသူ သွားမှာပါဘုရား)။ အလုပ်စားကော... (သူ့ဟာသူ လာပြီး သူ့ဟာသူသွားမှာပါဘုရား)။ ခင်ဗျားတို့ဇရပ်ပိုင်ရှင်နဲ့ ဘာဆိုင်တုန်း.... (မဆိုင်ပါဘုရား)။ ဪ-သူ့အကြောင်းနဲ့ သူတိုက်ဆိုင်လို့ သူလာခဲ့တယ်....(မှန်ပါ)။ သူ့ကိစ္စပြီးတော့ (သူသွားမှာပါဘုရား)။

ဒီလိုထိုင်ကြည့်တာ ဝိပဿနာလို့ခေါ်တယ်၊ ရှင်းပြီလား?၊ (ရှင်းပါပြီဘုရား)။ ဒီက-မဂ္ဂင်ငါးပါးနှင့်ထိုင်ကြည့်တာကို ဘာ ခေါ်ကြမလဲ....(ဝိပဿနာခေါ်ပါတယ်ဘုရား)။ အဖန်ဖန် ရှုဘဲ့ ဝိပဿနာဆိုတော့သူကြည့်ပြန်တော့လဲသွားပြန်ပြီဘဲတွေ့တာဘဲ (မှန်လှပါဘုရား)။ သူကြည့်ပြန်ကော....(သွားပြန်ပြီဘဲတွေ့တာ ပါ ဘုရား)။ သွားပြန်ပြီခြင်းထပ်နေတာ ဝိပဿနာလို့မဆိုထိုက် ဘူးလား ဆိုထိုက်သလား? (ဆိုထိုက်ပါတယ်ဘုရား)။ သူ့သွား ပြန်ပြီလဲမြင်တာဘဲ(မှန်ပါ)။ မရှိတာလဲသိတာဘဲ(မှန်ပါ)။

ဒကာ-ဒကာမတွေ ဝိပဿနာဆိုတာ ဘာပါလိမ့် ...(မရှိတာ သိတာပါဘုရား)။ မရှိတာသိတယ်။ မရှိတာသိတော့ကို ခင်ဗျား တို့က စဉ်းစားလိုက်၊ ဪ-ဒါက မရှိတာသုံးခု....(မှန်ပါ)။ ဒါသိတာ ငါးခု....(မှန်ပါ)။ မရှိတာက ဘယ်နှစ်မျိုးပါလိမ့်.... (သုံးခုပါဘုရား)။သိတာက....(ငါးခုပါဘုရား)၊ဪ ခင်ဗျား တို့ သိတဲ့ငါးမျိုးကလဲ မဂ္ဂင်ငါးပါးလို့ ခေါ်တယ်....(မှန်ပါ)။ သိတဲ့ငါးမျိုးက ဘာပါလိမ့်....(မဂ္ဂင်ငါးပါးပါ ဘုရား)။ မဂ္ဂင် ငါးပါးကိုတော့ အင်း -အဖြောင့်သွားတဲ့ တရား....(မှန်ပါ )။

မဂ္ဂင်ငါးပါးကို ဘာဆိုကြမယ်....(အဖြောင့်သွားတဲ့ တရားပါ ဘုရား)။ အဖြောင့်သွားတဲ့တရား။

ဒီအလုပ် လုပ်နေတဲ့ပုဂ္ဂိုလ် ဆုမတောင်းနဲ့ (မှန်ပါ )။ နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ....(မှန်ပါ )။ နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ဂစ္ဆတီတိ-သွား တတ်၏၊ ဣတိ-ထို့ကြောင့်၊ မဂ္ဂေါ-မဂ်မည်၏။ နိဗ္ဗာန်သို့ သွား တတ်သောကြောင့် မဂ်လို့ဆိုတော့ ဒီမဂ္ဂင်ငါးပါးဟာ မဂ်ဘဲ။ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ သူဘယ်သွားတတ်သတုန်း.... (နိဗ္ဗာန်ပါဘုရား)။နိဗ္ဗာန်သွားတတ်တယ်ဆိုတော့ ဒီက သုံးဆဲ့ တဘုံများ ထစ်ငေါ့ပြီး ကွေ့နေသေးသလား? ( မကွေ့ပါ ဘုရား)။ တဏှာတွေကများ ချုပ်ချယ်ထားလိုက်သေးသလား၊ (မထားပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သို့သွားတတ်တာက ဘယ်သူပါလိမ့် (မဂ္ဂင်ပါ ဘုရား)။ အင်း-ဒီမဂ္ဂင်ကို ဒကာ-ဒကာမတို့ တဏှာကောက်ကျစ် ထားလို့ရသေးရဲ့လား?(မရပါဘုရား)။ ဘာပြုလို့ မရပါလိမ့် မတုန်းဆိုတော့ မနေ့က ရှင်းအောင်ပြောခဲ့တယ်....(မှန်ပါ)။

မနေ့က ရှင်းအောင်ပြောခဲ့တော့ အားလုံးဒကာ-ဒကာမတွေ ဒုက္ခဝေဒနာကို ဖြစ်ပြီးပျက်သွားတာကို မြင်လိုက်ပြီဆိုကြပါစို့ နော်....(မှန်ပါ)၊ ဖြစ်ပြီး ပျက်သွားတော့ ဝေဒနာနိရောဓ မဖြစ်ဘူးလား?(ဖြစ်ပါတယ်ဘုရား)။ ဝေဒနာနိရောဓဖြင့် သူ့ နောက်က လိုက်မဲ့တဏှာတွေကော ဘယ်လိုဆိုကြမလဲ(နိရောဓ ပါ ဘုရား)။ အင်း-ဒီလိုဆိုလျှင်ဖြင့် ဒါ တန့်နေမှာဘဲဗျ။တဏှာ နိရောဓဖြစ်အောင် လုပ်ပေးလိုက်တယ်....(မှန်ပါ)။

တဏှာနိရောဓဖြစ်အောင် လုပ်ပေးလိုက်တော့ကို ဦးဘခင်တို့က စဉ်းစားရမယ်၊ ကောက်ကျစ်သူသေပြီကွ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။ ဘယ့်နှယ်ကြောင့် ကောက်ကျစ်ဘဲ့လူတွေ သေရသတုံး ဆိုလျှင်ဖြင့် ဒီ-ခုနင်က တဏှာနိရောဓနေရာမှာ မဂ်ပေါ်နေလို့....(မှန်ပါ)။ ဒကာ-ဒကာမတို့ ဘာပါလိမ့် (မဂ်ပေါ်နေလို့ပါဘုရား)။

အဲဒီတော့ မဂ်ပေါ်တာ တဏှာချုပ်သွားတာလား၊ တဏှာကို မလာတာလားမေးလိုက်....(တဏှာမလာတာပါဘုရား)။ ခြောင်မလာကတည်းကိုက ကောက်ကျစ်တဲ့တရားဟာ ကျုပ်တို့သန္တာန်မှာ မရှိတော့ဘူး(မှန်ပါ )။ ဒီအချိန်မှာ ဦးဝင်း့ရှိသေးသလား (မရှိပါဘုရား)။ မရှိတော့ ဒီပုဂ္ဂိုလ်ဟာ သူ-ကန့်ကွက်တဲ့လူ မရှိတော့ဘူး၊ ကောက်ကျစ်မည့်လူလဲ မရှိတော့ဘူး၊ သူ့ခရီး သူသွားတော့မှာဘဲ သဘောကျပြီလား?(မှန်လှပါဘုရား)။ သူကလဲ သိ့သဘောပင် ကိုယ်က နိဗ္ဗာန်မှတပါး ဘယ်မှမသွားတတ်ဘူး၊ သဘောကျပြီလား? (မှန်ပါဘုရား)။

ကောင်းပြီ, သူက နိဗ္ဗာန်မှတပါး ဘယ်မှမသွားတတ်တာခင်ဗျားတို့က သိနေပြီ၊ ကောက်ကျစ်တဲ့တရားကိုလဲ သူက သတ်ပါတယ်ဆိုတော့ သူ့သဘောအတိုင်းအဖြောင့်သွားရုံဘဲရှိတယ် (မှန်ပါ)၊ဒါဖြင့်မဂ္ဂသစ္စာက အဖြောင့်သွားတတ်တဲ့ ဟေတွဋ္ဌော သဘောကျပြီလား?(မှန်လှပါဘုရား)၊ ကောက်ကျစ်တဲ့တရား ဘာလုပ်ပစ်ခဲ့သလဲ.... (သတ်ပစ်ခဲ့ပါတယ် ဘုရား)။ အဖြောင့်သွားတယ်။

ဒါဖြင့်“မဂ္ဂသာ ဟေတုဋ္ဌော” မဂ္ဂသာ-မဂ္ဂင်၏၊ ဟေတုဋ္ဌော-မကွေ့မကောက် ဖြောင့်ဖြောင့်သာသာ နိဗ္ဗာန်သို့သာ သွားကြောင်းဖြစ်သော တရားသည်လည်းကောင်းဆိုတော့ သူဟာ နိဗ္ဗာန်သွားကြောင်း တရားအမှန်ဘဲ....(မှန်လှပါ ဘုရား)။ သူကတော့ဖြင့် အဖြောင့်သွားတယ်။ ခင်ဗျားတို့ ကာမာဝစရကုသိုလ်တွေကတော့ (တဏှာ)အကြောင်းကြောင့် အကောက်ပါတယ်၊ သူ့နယ်ကမလွတ်သေးတော့ သူက ကောက်ချင်ရင်ကောက်တာ၊ မကောက်ဘူးလား?(ကောက်ပါတယ်ဘုရား)။

နိဗ္ဗာန်မရောက်မိစပ်ကြား မင်း နတ်ပြည်လေးတော့ ဆုတောင်းလိုက်သေးတာပေါ့၊ ဗြဟ္မာပြည်လေး ဆုတောင်းလိုက်သေးတာပေါ့ဆိုတော့ သူက-ကောက်ထားလိုက်တာနဲ့ဘဲ ထွက်နိုင်သေးရဲ့လား?(မထွက်နိုင်ပါဘုရား)။ မထွက်နိုင်တော့ အင်း သူကတော့ အဲဒီ-ကောက်မဲ့တရား ဘာလုပ်သလဲ? (သတ်ပစ်ပါတယ်ဘုရား)။ သတ်ပစ်ပြီး သူကဘာလုပ်ပြန်သလဲ(အဖြောင့်သွားပါတယ်ဘုရား)၊ ဒါဖြင့်သတ်လဲသတ်တဲ့တရား။ အဖြောင့်ကော (သွားပါတယ်ဘုရား)။

အဖြောင့်လဲသွားတဲ့တရား ဖြစ်လေသောကြောင့် ဒို့-နိဗ္ဗာန်မရောက်ခဲ့တာသည် ဘယ်လိုကြောင့်ပ ါလိမ့်မတုံးဆိုတာ ကောက်ကျစ်တဲ့တရားက ကောက်ထားလို့ မရောက်ဘာကိုး ဆိုတော့ သမုဒယသစ္စာ အကြောင်းပေါ်လာတယ်၊ မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

ယခုတော့ဖြင့် ဒကာ-ဒကာမတွေ ဒီအလုပ်လုပ်လျှင် ဖြောင့်မယ်ဆိုတာကော သေချာပြီလား? (သေချာပါတယ်ဘုရား)။ အင်း-ဘာအလုပ်လုပ်မှာတုန်း....(မဂ္ဂင်အလုပ်ပါဘုရား)။ မဂ္ဂင်အလုပ်ဆိုတာ ဒီက ဝေဒနာနိရောဓ ဖြစ်အောင် ရှုနိုင်မှ....(တင်ပါ)။ တဏှာနိရောဓောဆိုတဲ့ မဂ္ဂင်ပေါ်တယ်၊ (မှန်ပါ)။ ဝေဒနာနိရောဓ ဖြစ်အောင် မရှုနိုင်လျှင် မပေါ်ဘူး၊ တဏှာနိရောဓော မဂ္ဂင်ပေါ်ပါ့မလား? (မပေါ်ပါဘုရား)။ တဏှာနိရောဓောဆိုတာ ခင်ဗျားတို့သည် ခုနက-ပါဠိတော်က သဗ္ဗေသင်္ခါရအနိစ္စ မလာဘူးလား?(လာပါတယ်ဘုရား)။

"ယဒါ ပညာယ ပဿတိ" ယဒါ-အနိစ္စရောက်သော အကြင်အခါ၌၊ ပညာယ-မဂ္ဂင်ငါးပါးနှင့်၊ ပဿတိ-ရှုပေး၊ သဘောပါပြီလား?(ပါပါပြီဘုရား)။ ဘာလုပ်ပေးရမှာလဲ....(ရှုပေးရမှာပါဘုရား)။ဘယ်အခါ ရှုပေးရမှာတဲ့တုန်း....(အနိစ္စရောက်သောအကြင်အခါပါ ဘုရား)။ အေး-ဝေဒနာရှုလို့ လာတာလား (မလာပါဘုရား)အနိစ္စရှုလို့လာတာနော်၊ သဘောကျပြီလား၊ (မှန်ပါ)။

ဝေဒနာရှုလို့ဆိုတဲ့ဥစ္စာ ဘာကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန် ပါဠိတော်မှာ ဟောပါလိမ့်မလဲ....။ "သုခံဝါဝေဒနံ ဝေဒယမာနော သုခံဝါဝေဒနံ ဝေဒယာမိတိ ပဇာနာတိ၊" ဝေဒနာသိအောင်လုပ်ပေးလို့၊ ဦးဝင်းပါဠိတော်က မလာလားဗျာ....(လာပါတယ်ဘုရား)။

လာတာက ဒီလိုပါတဲ့၊ ခလေးတယောက် လမ်းမှာတွေ့တယ် ဒီခလေးလေးက လမ်းမှာ မျက်စိလည်နေတဲ့အခါကြတော့ ဒီ

ခလေးကို ခင်ဗျားတို့က မင့်နာမည် ဘယ်သူတုန်းလို့ မေးတော့ ခလေးက သူ့နာမည်ပြောတယ်၊ ဒီနာမည်ပြောရုံနဲ့ ဒီခလေးကို သူ့ဆိုင်ရာပို့နိုင်ပါ့မလား?(မပို့နိုင်ပါဘုရား)၊ မင့်အဖေ ဘယ်သူတုန်းလို့ မမေးရဘူးလား?(မေးရမှာပါဘုရား)။

အဲဒီတော့ အနိစ္စကိုရှုစေချင်တာ၊ သို့သော်လဲ ဝေဒနာက အနိစ္စဖြစ်လာတော့ ဝေဒနာ တည်းဟူသော အဖေရှာရတယ်။ သဘောကျပြီလား?(မှန်လှပါဘုရား)။ ဘာရှာရတုန်း (အဖေရှာရပါတယ်ဘုရား)။ ဒီခလေးဟာ အနိစ္စရောက်တာကော သိရဲ့လား?(မှန်ပါ)။သို့သော် ဘယ်သူသားအနိစ္စရောက်တာတုန်း ဆိုတဲ့အခါကြလို့ရှိလျှင် ဘယ့်နှယ်ပြောပြမတုန်း(အဖေနာမည်ရှာရကယ်ဘုရား)။

အဖေနာမည်ရှာရတဲ့ဟာ သုခဝေဒနာ....(မှန်ပါ)။ ဝေဒနာရှုရမှာလား, အနိစ္စ ရှုရမှာလား? (အနိစ္စ ရှုရမှာပါဘုရား)။ သို့သော်-ဝေဒနာမပါဘဲနဲ့ အနိစ္စရှုပါဆိုလို့ရှိလျှင် အနိစ္စဆိုတာ အကုန်ဖြစ်နေမှာစိုးရတယ်၊ မစိုးရဘူးလား(စိုးရပါတယ်ဘုရား) ဒါဖြင့် အဖေခေါ်သလို (မှန်ပါ) ဒုက္ခ-ဒုက္ခမတို့ အနိစ္စ၏ အဖေခေါ်လိုက်တယ်....(မှန်ပါ)၊ ဘယ်သူအနိစ္စရောက်သတုန်း သုခဝေဒနာ၊ ရိပ်မိပြီလား?(မှန်ပါ)။

ဘယ်သူအနိစ္စရောက်သတုန်းဆို ဘယ့်နှယ်ဖြေကြမလဲ (သုခဝေဒနာပါဘုရား)။ ဒါ-ဘာခေါ်လိုက်တာလဲ(အဖေခေါ်လိုက်တာပါဘုရား)။အဖေခေါ်သလိုတဲ့၊ နို့မို့လို့ရှိလျှင် တော်တော်ကြာ ဒုက္ခဝေဒနာလာပြန်လဲ အနိစ္စဆိုတာ အဖေမခေါ်နိုင်တော့ အနိစ္စတွေသာရှုပ်နေမှာဘဲ....(မှန်ပါ)။

ဒါဖြင့် အနိစ္စ မရှုပ်အောင်လို့ အဖေခေါ် ပြီးသကာလ ဟောတဲ့တရား(မှန်ပါ)။ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ဒါဖြင့် ဒကာ-ဒကာမတို့ ဘုရားလိုချင်ရင်းက ဘာပါ လိမ့် (အနိစ္စပါဘုရား)။ အနိစ္စလိုချင်တာ။ ဒါကြောင့် အနိစ္စလိုချင်ကြောင်းကို သဗ္ဗေသင်္ခါရာဆိုတဲ့အခါ သင်္ခါရလေးနဲ့လာတာ၊ (မှန်ပါ)။ အနိစ္စဆိုလျှင် မရှိရဘူး၊ ရှိသေးရဲ့လား?(မရှိပါဘုရား)။အဲဒါ အနိစ္စ။

အနိစ္စကို သူ့ဟာသူ အနိစ္စရောက်နေမှာစိုးတဲ့အတွက် ယဒါ အကြင် အနိစ္စရောက်တဲ့အခါ၌၊ပညာယ-မင်္ဂါပါးဖြင့်၊ ပဿတိ ရှုပေးပါ။(မှန်ပါ)။ အသကား အနိစ္စဖြစ်သွားမှာစိုးရတယ်....၊ (မှန်ပါ)။

ဒီက-အနိစ္စရောက်တိုင်း သူကဘာလုပ်ရမလဲ....(မင်္ဂါပါးနဲ့ ရှုပေးရမှာပါဘုရား)။ အဲ-ဝိပဿနာမင်္ဂဉာဏ်နဲ့ ရှုပေးလို့ မဆိုဘူးလား?(ဆိုပါတယ်ဘုရား)။ ကောင်းပြီ, ဒါဖြင့် ဒကာဒကာမတို့၊ သြော်-အနိစ္စရောက်သွားမှ အနိစ္စ သူ့ဟာသူ ရောက်သွားတဲ့ အနိစ္စတွေလဲ ရှိသေးတယ်နော်....(မှန်ပါ)။ ပညာနဲ့ မြင်လိုက်တဲ့ အနိစ္စလဲရှိသေးတယ် (မှန်ပါ)။ သူ့ဟာသူ နိယမ အနိစ္စတွေကတပုံကြီး (မှန်ပါ )အဲ-တပုံကြီးနေမှာဘဲ၊သူကတော့ နိယမသဘောကို....(မှန်ပါ)။ ခဏတွေ ခဏပျက်မှာချည်းဘဲ။

ဒကာ-ဒကာမတို့ အဲဒါ-ဘာ လိုက်ပေးရမလဲ....(မဂ်ဉာဏ် လိုက်ပေးရမှာပါဘုရား)။ ဟိုက အနိစ္စဆိုလို့ရှိလျှင် ဒီက-မဂ္ဂ ဖြစ်အောင်လုပ်ပါ၊(မှန်ပါ)။ ဒါဖြင့် ပြန်ပြီး ခင်ဗျားတို့ဒါလေး ပေါ်လာတော့ သူဘယ်နှယ်ရွတ်မှာတုန်း....(သဗ္ဗေသင်္ခါရာပါ

ဘုရား)။ သင်္ခါရဘဲရှိတယ်....(တင်ပါ)။သူ-ပေါ်လာတော့ သင်္ခါရ....(မှန်ပါ)။ ကဲ-သူမရှိတော့ ဘယ်နှယ်ရှိတော့မလဲ (အနိစ္စပါဘုရား)။ သူမရှိတော့အနိစ္စ....(မှန်လှပါ ဘုရား)။

ဒါဖြင့် သူ့ဟာသူ အနိစ္စရောက်သွားလို့ရှိလျှင် ခင်ဗျားတို့နှင့် ဘာမျှမဆိုင်ဘဲနဲ့ ကိလေသာမသတ်နိုင်မှာစိုးတော့၊ ယဒါပညာယပဿတိ၊ (မှန်ပါ)။ ဟိုဟာ အနိစ္စရောက်တယ်။ မင်းကပညာနဲ့ကြည့်၊ သဘောကျပြီလား? (မှန်ပါ)။

ဟိုက အနိစ္စရောက်သွားလျှင် ဘာတဲ့....(ပညာနဲ့ကြည့်ရမှာပါ ဘုရား)။ ယဒါ-အကြင်အခါ၌ဆိုသဖြင့် ခင်ဗျားတို့သည် အနိစ္စရောက်တဲ့အချိန်မှကြည့်၊ ဝေဒနာကိုမကြည့်နဲ့ (မှန်ပါ)။ ယဒါ-အကြင် အနိစ္စရောက်တဲ့အချိန်ကာလ၌၊ ပညာ-မဂ္ဂင်ဖြင့်၊ ပဿတိ-ရှုပေး။ သဘောကျပြီလား?(ကျပါပြီဘုရား)။ပညာနဲ့ရှုရမှာ သေချာပြီနော်....(မှန်ပါ)၊

ကောင်းပြီ, အဲဒါဖြင့် အနိစ္စ ရောက်တိုင်း ရောက်တိုင်း ဘာလုပ်ရမလဲ (ပညာနဲ့ရှုရပါမယ်ဘုရား)။ ကဲ—ဒကာ-ဒကာမတို့ ဒုက္ခဝေဒနာက အကြောင်းတိုက်ဆိုင်လို့ပေါ်လာတယ်၊ ဒါ—သင်္ခါရတရား....(မှန်ပါ)။ ကဲ-ပျက်သွားပြီ၊ ဒါ-အနိစ္စဖြစ်သွားပြီ အနိစ္စ,ဘာနဲ့ရှုရမယ်၊ (ပညာနဲ့ ရှုရပါမယ်ဘုရား)။ အဲဒါ ပညာယပဿတိ-ပညာနဲ့ကြည့်ဒါဘဲ....(မှန်ပါ)။

ကဲ-တခါ ဥပေက္ခာဝေဒနာလေး အကြောင်းတိုက်ဆိုင်လို့ပေါ်ပြန်ပြီ၊ ဒါ ဘာတရားခေါ်မလဲ?(သင်္ခါရတရားပါဘုရား)၊ ကဲ-သင်္ခါရတရားဆိုတာ အနိစ္စလမ်းဆုံးရမယ်(မှန်ပါ)။ကဲ-ချုပ်

သွားပြီ၊ ဒါ-အနိစ္စဖြစ်တယ်၊ ဘာနဲ့ ကြည့်ရမလဲ....(ပညာနဲ့ ကြည့်ရမယ်ဘုရား)။ ရှင်းပြီလား?(မှန်ပါ)။

ဒါဖြင့် ဒီဟာသင်္ခါရတရားမရှိတာ အနိစ္စ၊ အဲဒီအနိစ္စကို သူက ပညာယပယဿတိ(မှန်ပါ)။ ဘာလုပ်ရမလဲ(မဂ်နဲ့ရှုရမယ်ဘုရား) ပညာနဲ့ရှုပါ၊ သဘောကျပြီလား? (မှန်ပါ)။ ဒါဖြင့် ရှေ့က အနိစ္စရောက်တိုင်း ရောက်တိုင်း နောက်က ပညာနဲ့ ရှုမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဒီ-ဓမ္မပဒပါဠိတော်မှာခင်ဗျားတို့ကောင်းကောင်း ရှင်းရောပေါ့၊ မရှင်းသေးဘူးလား?(ရှင်းပါပြီဘုရား)၊ဦးချစ်ခ ရှိနေတုန်း ဘာတဲ့(သင်္ခါရပါဘုရား)။ ရှိနေတုန်း သင်္ခါရတရား မရှိတဲ့အခါ ကြတော့ (အနိစ္စပါဘုရား)။

အဲဒီ အနိစ္စရောက်သွားပြီဆိုတာ ခင်ဗျားတို့ မြင်တဲ့အတိုင်း ပါဘဲ၊ (မှန်ပါ)အဲဒီတော့ အနိစ္စ သူ့ဟာသူရောက်ရမှာတဲ့လား၊ ခင်ဗျားတို့က ဘယ်ကိစ္စ ရှက်ဆောင်အုံးမှာတဲ့တုန်း ...(ပညာနဲ့ ရှုပေးရမှာပါ ဘုရား)။ ပါဠိတော်က ဘယ့်နှယ်တဲ့၊ ယဒါ ပညာယပယဿတိ။ ယဒါ-အကြင် အနိစ္စရောက်သွားတဲ့အချိန်၌၊ ပညာယ-ပညာဖြင့်၊ ပဿတိ-ရှုပေးပါကွ....(မှန်ပါ)။

ဒါ-ဘယ်သူကဟောတာတုံး (ဘုရားကဟောတာပါဘုရား)၊ ဘုရားဟောတာ ခင်ဗျားတို့ ဘုရားဟောကဲ့အတိုင်းသာလုပ်ပေါ့ ဘယ်သူရေးထားထား အဘည့်ချပြုနဲ့၊ သဘောကျပြီလား?၊ (မှန်ပါ)။ ဘာလုပ်ရမယ် (ဘုရားဟောတားတဲ့အတိုင်း လုပ်ရ မှာပါဘုရား)။ ဘုရားဟောထားတဲ့အတိုင်းဆိုတော့ ပေါ်လာ လျှင် ဘာဆိုကြမယ်(သင်္ခါရပါဘုရား)။ပျောက်သွားလျှင်ကော (အနိစ္စပါဘုရား)။

အနိစ္စနောက်က ဘာလိုက်ရမတုန်း....(ပညာနဲ့ရှုပေးရမှာပါ ဘုရား)။ ဩြော်-ပညာနဲ့ရှုတဲ့၊ အနိစ္စပြီးလျှင် ပညာချက်ချင်း နောက်ကလိုက်ပေးပါ၊ (မှန်ပါ)။ အနိစ္စပြီးလျှင် ဘာလိုက်ရမလဲ (ပညာနဲ့လိုက်ရမယ်ဘုရား)။ အဲဒီ့တော့ ခင်ဗျားတို့ နိဗ္ဗာန် မရောက်တာ သူက-အနိစ္စမရောက်လို့လား၊ ပညာမရောက်လို့ လား? (ပညာမရောက်လို့ပါဘုရား)။ ဩော်-ဖြစ်မှုဖြစ်ရလေ၊ ရိပ်မိကြပြီလား? (ရိပ်မိကြပါပြီဘုရား)။

သူ-အနိစ္စမရှိလို့မဟုတ်ဘူး ရှိပါတယ်၊ အနိစ္စဟာ ဘုရား မရှိလဲ ရှိတာဘဲ၊ ဘုရားရှိလဲရှိတာဘဲ။ သို့သော်-ခင်ဗျားတို့အတွက် ဘာအလုပ် လိုနေတယ်ဆိုလျှင် ယဒါ ပညာယ ပဿတိ လိုနေ တယ်....(မှန်ပါ) ဒကာ-ဒကာမတွေ ဘာလိုနေသလဲ....(ယဒါ ပညာယ ပဿတိ ပါဘုရား)။ ဟင်, ဦးဘဒင်, ယဒါ ပညာယ ပဿတိဆိုတာ အိမ်ရောက်ကြလျှင် ဒီပါဠိမပါဘဲနေမှာစိုးရတယ် မစိုးရိမ်ရဘူးလား? (စိုးရိမ်ရပါတယ်ဘုရား)။ အိမ်ကြလို့ရှိလျှင် ဖြင့် သင်္ချေသင်္ခါရရှိမှာဘဲ၊ အနိစ္စကော (ရှိမှာပါဘုရား)။

အဲဒါလေး အိမ်ကြလျှင် ကွယ်သွားလိမ့်မယ်၊ မကွယ်ပေဘူး လား? (ကွယ်ပါတယ်ဘုရား)။ ဒါဖြင့် ဒါ ကွယ်လို့ရှိလျှင်ဖြင့် ဒို့အဖြောင့်မသွားတော့ဘူးမှတ်ပေတော့၊ (မှန်ပါ)။ သူက ဘာ လုပ်တဲ့ တရားတုန်း.... (အဖြောင့်သွားတဲ့ တရားပါဘုရား)။ အဖြောင့်သွားတဲ့တရားကို အိမ်ကြတော့ မပေါ်လာတော့ဘူး။ ဒါ-သင်္ခါရတရားအနိစ္စတော့ရောက်ပါရဲ့ ယဒါ ပညာယ ပဿတိ မလာဘူး....(မှန်ပါ)။ မလာတော့ ဝေဒနာပစ္စယာ တဏှာ အကောက်ဝင်လာတယ်၊ ဝင်မလာဘူးလား? (ဝင်လာပါတယ် ဘုရား)။

အကောက်ဝင်လှလျှင် ခင်ဗျားတို့ ခုနင်ကလို မျောက်ကျကျရုံဘဲ၊ ရိပ်မိပြီလား?(မှန်ပါ)၊ ဘာကျ,ကျမလဲ(မျောက်ကျကျရမယ်ဘုရား)။ ကြေနပ်ပြီလား၊ ဒကာ,ဒကာမတို့....(ကြေနပ်ပါတယ်ဘုရား)။ ရှုလဲ ရှုတတ်ပြီလား? (ရှုတတ်ပါပြီ ဘုရား)။ အလုပ်စဉ်ကော ရပြီလား?(ရပါပြီဘုရား)။

ရှေးဦးစွာ ဖြစ်ပျက်မြင်အောင်ကြည့်(မှန်ပါ)။ ဖြစ်ပြီး ပျက်သွားတာ ဘာလုပ်ရသတုန်း(မြင်အောင်ကြည့်ရပါတယ်ဘုရား) မြင်အောင်ကြည့်ရတယ်ဆိုတာ ပေါ်ပြီလား?(မှန်ပါ)။

ကောင်းပြီ, ဒါဖြင့် ဒကာ-ဒကာမတို့၊ သြော်-ဒါ,ပဋ္ဌမဉာဏ်ကို ဟောတာဘဲလို့မှတ်လိုက်ပေတော့၊(မှန်ပါ)။ ယဒါ ပညာယ ပဿတိက နံပါတ် ၁-ဉာဏ်၊ ဝိပဿနာလုပ်လျှင် သူက စ,လုပ်၊ ဘယ်တော့မှ ဒီပြင်ဟာတွေ စ,မနေနဲ့ ((မှန်ပါ)။ ရုပ်နာမ်မသိလျှင် ဆရာသမားကိုမေး ဒါမေးလို့သိလျှင်ပြီးတာဘဲ (မှန်ပါ) ရှုဘို့မဟုတ်ဘူး၊ (မှန်ပါ)။ ကိုယ်ရှုရမည့်အလုပ်ကတော့ ဒီက စရမယ်(မှန်ပါ)ကိုယ်ရှုရမဲ့အလုပ်ဘယ်က စရမှာတုန်း(တစ်နံပါတ်ပါဘုရား)၊

ပါဠိရအောင်လုပ်ထား၊ "ယဒါ ပညာယ ပဿတိ" အဲဒါကိုယ့်တာဝန်....(မှန်ပါ)။ ပါဠိက ဘယ့်နှယ်တဲ့(ယဒါပညာယ ပဿတိ ပါ ဘုရား)။ အဲ·အနိစ္စရောက်တိုင်း ရောက်တိုင်း နောက်က ဘာလိုက်ပေးရမလဲ? (ယဒါ ပညာယ ပဿတိ ပါ ဘုရား)။ အဲဒီတော့-ယဒါ ပညာယ ပဿတိ,လိုက်လျှင် ဖြောင့်ပြီလို့သာမှတ်လိုက်ပေတော့၊သဘောကျပြီလား?(မှန်ပါ)။ ယဒါပညာယ ပဿတိ,လိုက်လျှင် ဘာပါလိမ့် (အဖြောင့်ပါဘုရား)။

ဒါ-ဟောတ္တဝ္ဆောဘဲ....(မှန်ပါ)။ ဦးဘကြည့်, ဘာပါလိမ့်?၊ (ဟောတ္တဝ္ဆောပါဘုရား)။ ဟောတ္တဝ္ဆောက အလိုလို လာတာလား၊ ယဒါ ပဉ္စာယ ပဿတိ, ဖြစ်မှ လာတာလား? (ယဒါ ပဉ္စာယ ပဿတိ,ဖြစ်မှလာတာပါဘုရား)။ သြော်-ခင်ဗျားတို့ ဒါကလေး တခုတည်းလိုနေတယ်၊(မှန်ပါ)။

အားလုံး ဒကာ,ဒကာမတွေ ဘာလိုနေပါလိမ့်....(ပဉ္စာပါ ဘုရား)။ ယဒါ ပဉ္စာယ ပဿတိ,လေး လိုနေတယ်....(မှန်ပါ)။ ဒါမှသာမဟုတ်ရင် ခင်ဗျားတို့ကြာလှပြီဖြောင့်တာ (မှန်ပါ )။ အခု-ဒါကလေးကိုမပေါ်လာတာနဲ့ အဖြောင့်ကိုမပေါ်လာတာ အဖြောင့်မပေါ်လာတာနဲ့ ဝေဒနာပစ္စယာ တဏှာ အကောက် ချည်း ပေါ်နေတယ်....(မှန်ပါ)။

ဒီဝေဒနာလေးချုပ်သွားရော၊ အင်း-ဒီချမ်းသာလေး ကျုပ် သဘောကျတယ်ဆိုပြီး တဏှာက လိုက်,လိုက်လာတယ်။ လိုက် မလာဘူးလား?(လိုက်လာပါတယ်ဘုရား)။ အဲဒီတော့ သူ-လိုက် လာတော့ ကောက်သလား, ဖြောင့်သလား? (ကောက်ပါတယ် ဘုရား)။ ရှင်းပြီလား ဒကာ-ဒကာမတို့....(ရှင်းပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့သည် ဘုရားပွင့်တာနဲ့ မပွင့်တာလဲရှင်းပြီ၊ (မှန်ပါ)။ဖြောင့်တာနဲ့ ကောက်တာကော(ရှင်းပါပြီဘုရား)။

အင်း—မရှုတဲ့ပုဂ္ဂိုလ် အကောက်လိုက်တယ် (မှန်ပါ)။ ရှုတဲ့ ပုဂ္ဂိုလ် အဖြောင့်လိုက်တယ်၊ရှင်းပြီလား(မှန်ပါ)။ မရှုတဲ့ပုဂ္ဂိုလ် ဘာလိုက်တုံး(အကောက်လိုက်တယ်ဘုရား)။ ဝေဒနာပစ္စယာ တဏှာ,ဆိုတာ အကောက်လိုက်တာ....(မှန်ပါ)။ ရှုတဲ့ ပုဂ္ဂိုလ်

အဖြောင့်လိုက်တယ်၊ ဝေဒနာပစ္စယာ ပညာ,ဆိုတာ အဖြောင့်လိုက်တာ(မှန်ပါ)၊ မရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာပစ္စယာ တဏှာ၊ ဘာလိုက်တုန်း(အကောက်ပါဘုရား)၊ရှုတဲ့ပုဂ္ဂိုလ်ကြတော့ကော (ဝေဒနာပစ္စယာ ပညာပါဘုရား)။

ဒီလိုမဆိုပါနဲ့ ဝေဒနာနိရောဓာ ပညာ,ရှင်းပြီလား(မှန်ပါ) ဝေဒနာချုပ်တာမြင်လိုက်တာ(မှန်ပါ)။ ဝေဒနာချုပ်တာ မြင်လိုက်တော့ ဝေဒနာနိရောဓာ ဘာဆိုကြမလဲ(ပညာပါဘုရား)။ တဏှာလာသေးရဲ့လား?(မလာပါဘုရား)။ ဒါဖြင့် ဖြောင့်ပြီ၊ (မှန်ပါ)။ ခင်ဗျားတို့ ဒါဖြင့် ကိုယ့်ကိုယ်ကို ဖြောင့်တယ်, မဖြောင့်တယ်ဆိုတာကို ရိပ်မိကြပြီလား? (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ, ဒါ-တစ်နံပါတ်ဉာဏ်၊ကြေနပ်ပြီလား?(မှန်ပါ) ဒါဖြင့်ဒကာဒကာမတို့တစ်နံပါတ်ဉာဏ်ကုန်လို့ရှိလျှင်နှစ်နံပါတ်ဉာဏ်တက်ပါ (မှန်ပါ)။ တစ်နံပါတ်ဉာဏ်ပြီးလျှင် ဘာတက်ရမယ် (နှစ်နံပါတ်ဉာဏ်ပါဘုရား)။ နှစ်နံပါတ်ဉာဏ်တက်ရမယ်ဆိုတာ၊ အထ-ထိုသို့ ရှုပြီးတဲ့အခါ၌၊ ဒုက္ခ-ဒုက္ခဖြစ်တဲ့တရား၌၊ ဒီအနိစ္စ ဒုက္ခဖြစ်တဲ့တရား၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့အောင်လုပ်(မှန်ပါ) “ဒုက္ခေ နိဗ္ဗိန္ဒတိ” သဘောကျပြီလား?(တင်ပါ)။

ဒါလေး ပျက်သွားတဲ့အခါကြတော့၊ အင်း-ဒုက္ခရောက်သွားတာဘဲဆိုတာ မသေချာဘူးလား? (သေချာပါတယ်ဘုရား)။ အဲဒီနောက်ကနေပြီး ဘာလုပ်ရမလဲ(နိဗ္ဗိန္ဒတိပါဘုရား)။ ဒါဖြင့် ဒုက္ခေနိဗ္ဗိန္ဒတိ၊(မှန်ပါ)။ ဒုက္ခေဆိုတာ ပျက်စီးသွားတာ၊သဘောကျပြီလား?(မှန်ပါ)။နောက်-ဘာလုပ်ရမလဲ(နိဗ္ဗိန္ဒတိပါဘုရား) ဒါဖြင့် ပျက်စီးတိုင်း ပျက်စီးတိုင်း ခင်ဗျားတို့က ဘာလိုက်ရမလဲ (နိဗ္ဗိန္ဒတိပါဘုရား)။

အဲဒါ ခုနင်က-ယဒါ ပညာယ ပဿတိ့ရင့်ကျက်လာလို့ရှိရင် နိဗ္ဗိန္ဒတိ့လိုက်ပါ (မှန်ပါ)။ မလိုက်လျှင် မဖြစ်ဘူး၊ (မှန်ပါ)။ ဒီတော့ ဘာလုပ်ရမလဲ(ဒုက္ခေနိဗ္ဗိန္ဒတိ့ပါဘုရား)၊ ဒုက္ခေဆိုတာ ဒုက္ခရောက်ပြီး ပျက်စီးသွားတာကိုဆိုတာ၊ရှင်းပြီလား(မှန်ပါ)။ ဒုက္ခေဆိုတာ ဘာပါလိမ့် (ဒုက္ခရောက်ပြီး ပျက်စီးသွားတာပါ ဘုရား)။

ဒါဖြင့် ဒီသင်္ခါရတရားလေးသည် ပျောက်ပျက်တဲ့ ဒုက္ခနဲ့ ကြုံတဲ့အချိန်မှာ ဒီကဘာလုပ်ရမလဲ(နိဗ္ဗိန္ဒတိပါဘုရား)နိဗ္ဗိန္ဒတိတဲ့ နိဗ္ဗိန္ဒဉာဏ်ပေါ်အောင် ရှုရမယ်ဆိုတာ ရှင်းပြီလား (မှန်ပါ) ကောင်းပြီ့ဒါဖြင့်-ဒါကဘာနံပါတ်ပါလိမ့်(နှစ်နံပါတ်ပါဘုရား) အင်း-ဒါက နှစ်နံပါတ်ကို ဒုက္ခေနိဗ္ဗိန္ဒတိလို့ မှတ်ပါ (မှန်ပါ)။ ဒုက္ခေ ဖြစ်တာပျက်တာနောက်က ဘာလုပ်ရမလဲ?(နိဗ္ဗိန္ဒတိပါ ဘုရား)။

ကောင်းပြီ့ ခုနင်ကတော့ "အနိစ္စ ပညာယ ပဿတိ"၊ အခု တော့ ဒုက္ခေနိဗ္ဗိန္ဒတိ၊ဒီလိုသွားပါ(မှန်ပါ)နံပါတ်ဘယ်လောက် ရပြီလဲ (နှစ်ပါဘုရား)။

ကဲ့ဒါဖြင့် ဒကာ-ဒကာမတို့ နာရီကနီးလာပြီ၊ နံပါတ်သုံး မတက်လျှင် မဖြစ်ဘူး၊ မနေ့က နံပါတ်သုံးမဟောရလို့ ဒါ — ဆက်ဟောတာ၊(မှန်ပါ)။ ရှည်နေတော့ မဆက်မိမှာ စိုးရသေး တယ်၊ ဆယ်မိနစ်ကျန်တော့တယ်။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ နံပါတ်နှစ့်ကြေနပ်ပြီလား၊ (ကြေနပ်ပါတယ်ဘုရား)။ ကဲ-နံပါတ်သုံးတက်မယ်....(မှန်ပါ)။

နံပါတ်သုံးတက်တော့ ဒကာ-ဒကာမတို့၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ ဆိုတော့ သေမင်္ဂေါ (မှန်ပါ)။ သေမင်္ဂေါဆိုတာက မဂ္ဂင်ရှစ်ပါး ပြည့်တာကိုဟောတာ၊ ဝိသုဒ္ဓိယာဆိုတော့ ဒီနေရာမှာ ဘာမှ မရှိစေနဲ့ကွလို့ဆိုတာ(မှန်ပါ)။

ဒီနေရာ ဝေဒနာကိုမရှိစေနဲ့၊ ဖြစ်ပျက်ကိုမရှိစေနဲ့(မှန်ပါ) အားလုံးရှင်းနေရမယ်၊ (တင်ပါ)။ ဘာမရှိရမှာတုန်း (ဖြစ်ပျက် မရှိရမှာပါ ဘုရား)။ ဒါဖြင့် ဝိသုဒ္ဓိယာ မဂ္ဂေါဟာ ဘယ်နှစ်ပါး ပါလိမ့်မတုန်း(ရှစ်ပါးပါဘုရား)။ အဲ-ဝိသုဒ္ဓိယာ မဂ္ဂေါကြတော့ ရှစ်ပါး၊ ခုနင်က-ယဒါ ပညာယ ပဿတိ့တုန်းက....(ငါးပါးပါ ဘုရား)။ နိဗ္ဗိန္ဒတိကော(ငါးပါးပါဘုရား)။ ဝိသုဒ္ဓိယာ မဂ္ဂေါ ကြတော့...(ရှစ်ပါးပါဘုရား)။ ဒါဖြင့် ဒီဖြစ်ပျက်ရှိသေးရဲ့လား (မရှိပါဘုရား)။

အဲဒီ ဖြစ်ပျက်ဆုံးသွားလို့ရှိလျှင် ဝိသုဒ္ဓိယာဆိုတာ ဒကာ-ဒကာမတို့ ဒုက္ခသစ္စာလဲမရှိတော့ဘူး(မှန်ပါ)။ သူနဲ့ပတ်သက်တဲ့ အပါယ်သို့ရောက်စေတတ်တဲ့ကိလေသာလောဘကော(မရှိတော့ ပါ ဘုရား)။ ဒိဋ္ဌိဝိစိကိစ္ဆာကော(မရှိတော့ပါဘုရား)။ သီလဗ္ဗတ ပရာမာသ့ကော....(မရှိတော့ပါဘုရား)။ အဲဒါတွေ စင်ကြယ် သွားတယ်ကွ။ ဝဋ်သုံးပါးစင်ကြယ်သွားတယ်။ ဒကာ-ဒကာမတို့ ရိပ်မိပြီလား?(မှန်ပါ)။

ဒါဖြင့်-ဒီဘက်က ဘာတုန်း (ဝိသုဒ္ဓိယာပါဘုရား)။ ဒီက.... (မဂ္ဂေါပါ ဘုရား)။ နိဗ္ဗိန္ဒဉာဏ်များလို့ရှိလျှင် ဝိသုဒ္ဓိယာနှင့် မဂ္ဂေါ့လာပါလိမ့်မယ်....(မှန်ပါ)။ ဘာများမှ လာမှာတုန်း.... (နိဗ္ဗိန္ဒဉာဏ်များမှပါဘုရား)။နိဗ္ဗိန္ဒဉာဏ် ငြီးငွေ့ဖန်များလို့

ရှိလျှင် ခင်ဗျားတို့က မတောင့်တပါနဲ့. သူ့ဟာသူ ဝိသုဒ္ဓိယာ ဖြစ်သွားလိမ့်မယ်(မှန်ပါ)။

ဒုက္ခကို ချုပ်သွားလိမ့်မယ် ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ မရှိတော့ ချုပ်သွားတော့ သူ-ဘာခေါ်ကြမလဲ (ဝိသုဒ္ဓိယာပါ ဘုရား)။ ဝိသုဒ္ဓိယာဆိုတဲ့ စင်ကြယ်တာမလာဘူးလား (လာပါ တယ်ဘုရား)။ အဲ-ဝိသုဒ္ဓိယာဖြစ်တော့ အဲဒီသူလဲစင်ကြယ်ရော သူက ဘာဖြစ်သွားသလဲ?(မဂ္ဂေါပါဘုရား)။ ဟော-စင်ကြင်မှ မဂ်ဖြစ်တယ်(မှန်ပါ)။ ဒါကြောင့် နိဗ္ဗာန် မဂ္ဂဿ....(မှန်ပါ)။ သူ-မစင်ကြယ်လျှင်မဖြစ်ပါဘူး၊ ဒီမဂ်ကပေါ်ပါ့မလား(မပေါ် ပါ ဘုရား)။

ဒါဖြင့် မဂ်ဘယ်အချိန်ပေါ်မှာတုန်း, ဘုရားတပည့်တော်တို့ ကြိုးစားနေရတာကြာလှပါပြီ၊ဦးခင်မောင်ကမေးတယ်(မှန်ပါ) ဝိသုဒ္ဓိဖြစ်လျှင် ပေါ်လိမ့်မယ် (မှန်ပါ)။ ဘယ်အချိန်ပေါ်မှာ တုန်း, ဒကာ-ဒကာမတို့....(ဝိသုဒ္ဓိဖြစ်မှပါ ဘုရား)။ ဝိသုဒ္ဓိဖြစ်မှ ပေါ်မှာ၊ ဝိသုဒ္ဓိက ဘာဝိသုဒ္ဓိတုန်းမေးလို့ရှိလျှင်ဖြင့် ဒုက္ခဝိသုဒ္ဓိ ကိလေသာဝိသုဒ္ဓိ....(တင်ပါ)။ ဦးဘကြည်, ဘာတဲ့တုန်း (ဒုက္ခ ဝိသုဒ္ဓိ၊ ကိလေသာဝိသုဒ္ဓိပါဘုရား)။

ဒါဖြင့် ဒုက္ခလဲရှာမတွေ့ရဘူး(တင်ပါ)။ ဖြစ်ပျက်ဒုက္ခကော တွေ့အုံးမှာလား?(မတွေ့ပါ ဘုရား)။ ဒီ-ဒုက္ခမတွေ့တဲ့ အတွက် မဂ္ဂင်သည်ကားဆိုလို့ရှိလျှင်ဖြင့် အပါယ်လေးပါး ကျစေတတ်တဲ့ အကုသိုလ် အညစ်အကြေးတွေကော ဝိသုဒ္ဓိ ဖြစ်သွားတယ်.... (မှန်ပါ)။ ဒါကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာမရှိပါဘူး၊ အကုန်စင်ကြယ် တာ အပါယ်လေးပါး လားစရာတွေမရှိပါဘူး။ အပရာပရိယ အကုသိုလ်ကံတွေချုပ်သွားပါတယ်၊ အဲဒါဝိသုဒ္ဓိပေါ့(မှန်ပါ)။

ဒီဘက်က ချုပ်သွားတာ ဘာဝိသုဒ္ဓိပါလိမ့်....(ဒုက္ခဝိသုဒ္ဓိပါဘုရား)။ ဒုက္ခဝိသုဒ္ဓိဒီကချုပ်သွားတာက ကိလေသာဝိသုဒ္ဓိ,ကမ္မဝိသုဒ္ဓိ, ဝိပါကဝိသုဒ္ဓိ၊ အံမယ်လေး, အင်း-တယ်အဖိုးတန်ပါလား?(တန်ပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ ဒီတုန်းကတော့ဘာတဲ့....(ဒုက္ခဝိသုဒ္ဓိပါဘုရား)။ ဒီကချုပ်သွားတာက ကိလေသာဝိသုဒ္ဓိ, ကမ္မဝိသုဒ္ဓိ, ဝိပါကဝိသုဒ္ဓိ၊ အပါယ်လေးပါးနဲ့ စပ်တဲ့ ဝိပါကတွေလဲဘဲ အကုန်ချုပ်ရမယ်၊ရိပ်မိကြပြီသား(တင်ပါ)။ ဒါဖြင့် ဝိသုဒ္ဓိယာမဂ္ဂေါ်ဆိုတာ၊ ကြေနပ်ပြီလား?(ကြေနပ်ပါတယ်ဘုရား)။ဒါဖြင့် ဒီရောက်အောင်လုပ်ရမှာ(မှန်ပါ)။

၁-နံပါတ်က ယဒါ ပညာယ ပဿတိ(မှန်ပါ)။ ၂-နံပါတ်က နိဗ္ဗိန္ဒတိ။ ၃-နံပါတ်က မဂ္ဂေါ။ ၁-နံပါတ်က ဘာတဲ့....(ယဒါ ပညာယ ပဿတိပါဘုရား)။ ၂-နံပါတ်ကကော (နိဗ္ဗိန္ဒတိပါဘုရား)။ ၃-နံပါတ်ကကော(မဂ္ဂေါပါဘုရား)။ ဒါဖြင့် ဒါက အာရုဏ်ကိုကဘက်ကကိုဗျ....(မှန်ပါ)။ အာရုံဘက်ကတော့ကို ၁-နံပါတ်တုန်းကတော့ အနိစ္စ....(မှန်ပါ)။ ၂-နံပါတ်ကြတော့ ဘာတုန်း(ဒုက္ခပါဘုရား)။ ၃-နံပါတ်ကြတော့ကော(ဝိသုဒ္ဓိယာ ပါဘုရား)။

ဒီက အနိစ္စနဲ့ ပညာ(မှန်ပါ)။ ဒီက ဒုက္ခနဲ့ နိဗ္ဗိန္ဒတိ၊ ဒီက ဝိသုဒ္ဓိနဲ့ မဂ္ဂ၊ ဒီလိုသွားရမယ်(မှန်ပါ)။ ဒါ-ကိစ္စပြီးသွားတာဘဲ ရှင်းပြီလား? (တင်ပါ)။ လုပ်ကော လုပ်တတ်ကြပြီလား?၊

(လုပ်တတ်ကြပါပြီဘုရား)။ ကဲ–ဦးဘအုန်းတို့လူစုတွေ ကြေနပ်ကြပြီလား?(တင်ပါ)။ အလုပ်အစဉ်အလာဖြင့် ဒီထက်ကောင်းတာ ရှိသေးသလား?(မရှိပါဘုရား)။

မရှိတော့ဘူး၊ ခင်ဗျားတို့ မလုပ်တတ်စရာကော မရှိပါဘူး၊ ငါ-ဘယ်အခြေအနေမျိုး ရောက်နေပါလိမ့်ကွာ, မတွေးနဲ့....(မှန်ပါ)။ သူပြောမယ်(မှန်ပါ)။အနိစ္စမြင်လို့ရှိလျှင်ဖြင့် ပညာနဲ့မြင်တာ။ ဒုက္ခမြင်လို့ရှိလျှင်ဖြင့် နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒဉာဏ်ရောက်ပြီဟ(မှန်ပါ)။ ဒီက စင်ကြယ်ပြီဆိုလျှင်ဖြင့်(မဂ္ဂ) မဂ်ရပြီဟ၊ဒါဘဲဆုံးဖြတ်ချက်ချဘို့ရှိတယ်၊သူများမေးနေဘို့လိုသေးသလား?(မလိုပါဘုရား)။

ဒါ-ဘယ်သူက ဟောတာပါလိမ့် (ဘုရားက ဟောတာပါဘုရား)။ ဘုရားကဟောတာကို ဘုန်းကြီးတို့က ဂရုစိုက်ပြတာဘဲ ဘုန်းကြီးတို့က တန်းဆာဆင်ပေးတာဘဲ ရှိတယ်....(တင်ပါ)။ ဘုရားကတော့ ဒီအတိုင်းဟောတာဘဲ(မှန်ပါ)။နောက်ဘုရားလဲ ဒီအတိုင်းဘဲ(မှန်ပါ)။ လာလတံ့ ဂင်္ဂါဝါလုသဲစုမက ဘုရားတွေကော ဒကာ ဒကာမတို့ ဘယ့်နှယ်ဆိုကြမယ်....(ဒီအတိုင်းဟောမှာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားကဒီအတိုင်းဘဲဟောတယ်(မှန်ပါ) အဲဒီတော့ ၁-နံပါတ် ယထာဘူတဉာဏ်နဲ့တက်တာဘဲ(မှန်ပါ) ၂-နံပါတ် နိဗ္ဗိန္ဒဉာဏ်နဲ့ ၃-နံပါတ် မဂ်ဉာဏ်နဲ့ (တင်ပါ)။ ဒါဖြင့် သူ့ကို ယထာဘူတဉာဏ်(တင်ပါ)။ သူ့ကိုနိဗ္ဗိန္ဒဉာဏ်

သူ့ကို မဂ်ဉာဏ်၊ အဲဒီဂါထာကလာတာ ဒီသုံးဉာဏ် သုံးချက် ထွက်ပေါ်ကြပြီလား? (မှန်ပါ)။

ကဲ—မကွေ့မထောင့် ဖြောင့်ဖြောင့်သာသာ နိဗ္ဗာန်သို့ သွားသော "မဟာတွင္ဗော" ယနေ့ ဒီတွင်တော်ကြစို့။

( သာဓု....သာဓု....သာဓု )

မဂ္ဂသ ဟောတွင္ဗောတရားတော် ပြီး၏။

× × × × ×

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်မှ

## ဒဿနဋ္ဌော တရားတော်။

ဒီနေ့ ဒကာ-ဒကာမတို့၊ "ဒဿနဋ္ဌော"ကို ဟောလိမ့်မယ်။ ဒဿနဋ္ဌောဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိလျှင် နိဗ္ဗာန်မြင်တဲ့တရားလို့ မှတ်ပါ။ ဟေတွဋ္ဌော ပြီးတော့ ဒဿနဋ္ဌော ရောက်လာပါတယ်။ ဒဿနဋ္ဌောဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိလျှင် ဒကာ ဒကာမတို့ နိဗ္ဗာန်မြင်တဲ့တရားလို့ မှတ်ထားကြ။

နိဗ္ဗာန် ဘယ်အချိန်မြင်မှာလဲလို့ ဒကာဒကာမတို့က မေးခွန်းထုတ်လို့ရှိလျှင်ဖြင့် ဒုက္ခဆုံးတဲ့အခါ မြင်လိမ့်မယ်လို့ သတိပေးပါတယ်။ နိဗ္ဗာန် ဘယ်အချိန်မြင်ပါလိမ့် (ဒုက္ခဆုံးတဲ့အချိန်ပါဘုရား)။ ဒုက္ခဆုံးတဲ့အချိန်မှာမြင်လိမ့်မယ်လို့ မှတ်ထားလိုက်ပါ၊ (မှန်ပါ)။ ဒုက္ခ ဘယ်အချိန်ဆုံးမှာတုန်းလို့ မေးတဲ့အခါကြလို့ ရှိလျှင်ဖြင့် အဝိဇ္ဇာနဲ့ တဏှာဆုံးတဲ့အချိန်မှာ ဆုံးမှာဘဲ။

အဝိဇ္ဇာတဏှာဆုံးတဲ့အခါကြလို့ရှိလျှင်ဒုက္ခဆုံးမှာဘဲ ဒုက္ခဆုံးလျှင် နိဗ္ဗာန်မြင်မှာဘဲဆိုတာ သုံးချက်မှတ်ထား(မှန်ပါ)အဝိဇ္ဇာ

တဏှာ ဆုံးတဲ့အချိန်အားလုံး ဘာဆုံးမယ်ထင်ကြတုန်း....(ဒုက္ခဆုံးမှာပါဘုရား)။ ဒုက္ခဆုံးလျှင် ဘာမြင်မှာတုန်း....(နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ကို ဒီနေ့ကြားညှပ်ပြီးသကာလ ဒကာ-ဒကာမတွေ ဒဿနဌော မဟောခင် ဒုက္ခဆုံးဘို့ ဒါ-ရှင်းပြီးသကာလ ပြပါ အုံးမယ်။ အဲဒီတော့ ဒကာ-ဒကာမတွေ ခန္ဓာမှာ အခု ဘာရှိနေ သလဲ၊ တရားဟောတဲ့ဘုန်းကြီးမှာလဲ ဘာရှိသလဲဆိုတော့ ဒုက္ခ ရှိတယ်ဘဲဖြေရမယ် (မှန်ပါ)။ အိုစရာဒုက္ခကော ရှိကြရဲ့လား?၊ (ရှိပါတယ်ဘုရား)။ နာစရာ ဒုက္ခကော (ရှိပါတယ်ဘုရား)။သေ စရာ ဒုက္ခကော....(ရှိပါတယ်ဘုရား)၊ မွဲစရာ ကွဲစရာ ဒုက္ခကော (ရှိပါတယ်ဘုရား)။

မွဲကွဲဆိုတာသေတော့ကိုယ့်နောက်မလိုက်လာလို့မွဲကွဲဆိုတာ ဖြစ်ရပါတယ်(မှန်ပါ)။ အဲဒါ-ဒီဒုက္ခတွေနဲ့ တွေ့ကြုံတော့မယ် ဆိုတော့ ဒီဒုက္ခတွေကလဲ လက်ရှိဖြစ်နေတော့ ဒီဒုက္ခတွေနဲ့ စိတ် မချ လက်မချ သောကတွေလဲရှိကြတာဘဲ (ရှိပါတယ်ဘုရား)၊ ပရိဒေဝတွေကော(ရှိပါတယ်ဘုရား)။ဒုက္ခတွေကော(ရှိပါတယ် ဘုရား)။ ဒေါမနဿတွေကော (ရှိပါတယ်ဘုရား)။ ဥပါယာသ တွေကော(ရှိပါတယ်ဘုရား)။

ဒါတွေဟာ ဒကာ-ဒကာမတွေသန္တာန်မှာ အပြည့်အစုံရှိတဲ့ ဒုက္ခတွေလို့မှတ်ထား၊ အခု-ခန္ဓာထဲမှာ ဒီဒုက္ခတွေရှိနေတယ်လို့ အို့,နာ,သေ,အမွဲ,အကွဲ လဲရှိတာဘဲ၊ သောက,ဆိုတဲ့ စိုးရိမ်မှုလဲ ရှိတာဘဲ၊ ပရိဒေဝ, ဆိုတဲ့ ငိုကြွေးမှုကလဲ အကြောင်းရှိလျှင် မျက်ရည်ထွက်လာတာဘဲ။ ဒုက္ခဆိုတဲ့ ကိုယ်၏ဆင်းရဲခြင်း၊စိတ်၏

ဆင်းရဲခြင်းကော(ရှိပါတယ်ဘုရား)။ ဥပါယာသ ဆိုတဲ့ပြင်းစွာ ပင်ပန်းမှုကြီးကကော(ရှိပါတယ်ဘုရား)။ အလိုမကျတဲ့ ဒေါသ တွေကော(ရှိပါတယ်ဘုရား)။

အဲဒါတွေဟာအားလုံးဒကာ-ဒကာမတွေကဒုက္ခတွေပါလား လို့ မှတ်ထားလိုက်တာပေါ့(မှန်ပါ)။ ကောင်းပြီ၊ ဒီဒုက္ခတွေကို ဒကာ-ဒကာမတွေက ဒုက္ခမှန်းသိပြီး အင်း-ဒါတွေဟာ ဒုက္ခ သစ္စာတွေဘဲ၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်မှာသော်ငင်း၊ ဒကာ-ဒကာမတွေ ရထားတဲ့ ပဋိစ္စ သမုပ္ပါဒ်မှာသော်ငင်း၊ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" ဒုက္ခက္ခန္ဓဿ ဆိုတာ ဒုက္ခက-ဒုက္ခ၊ ခန္ဓဿက-အစု၊ ဒုက္ခအစုကြီး မင်းတို့ခန္ဓာကိုယ်မှာ ဒါတွေစုနေလို့ ဒုက္ခအစုကြီးလို့ ဟောတာ (မှန်ပါ)။

ဒကာ-ဒကာမတွေသဏ္ဍာန်မှာ အခုပြောခဲ့တဲ့အစုကြီးအပြည့် အစုံရှိပါရဲ့လားလို့ မေးလျှင် ဘယ့်နှယ်ဖြေကြမလဲ(ရှိပါတယ် ဘုရား)။ သြော်-ဒါဖြင့် ဒုက္ခက္ခန္ဓဿ ဆိုတာ သဘောကျရောပေါ့ (ကျပါတယ်ဘုရား)။ ဒုက္ခက္ခန္ဓဿ ဆိုတာ ဒုက္ခဿက အစု.... (မှန်ပါ)။ ဒါဖြင့် ခု-တရားနာနေကြတာ ဘာအစုတွေပါလိမ့် မတုန်းလို့ မေးတော့(ဒုက္ခအစုတွေပါ ဘုရား)။ သြော်-ဒုက္ခအစု တွေ၊ ဦးဘကြည်တို့ ဦးဝင်းတို့ ဒုက္ခအစုတွေပေါ့ဗျာ(မှန်ပါ)။

အင်း-ဒုက္ခတွေကတော့ မနည်းပါဘူး၊ ဒကာ-ဒကာမတို့ ခွဲလို့လဲမရ၊ ခွါလို့လဲမရ အတူတကွနေပြီးသကာလ ဖြစ်နေရတဲ့ ဒုက္ခတွေက အစုကြီးဆိုတာ ကြေနပ်ပြီလား? (ကြေနပ်ပါတယ် ဘုရား)။ အင်း-ဒီခန္ဓာကြီးဟာ ဒုက္ခအစုကြီးဘဲဆိုတာကော

သဘောကျပြီလား? (ကျပါတယ်ဘုရား)။ အခု-တရားနာနေတဲ့ ဒကာ-ဒကာမတွေ ခန္ဓာအစုကြီးဟာ ဘာအစုပါလိမ့် ( ဒုက္ခ အစုကြီးပါ ဘုရား)။

ဒါကြောင့်လဲ ပါဠိတော်မြတ်က“ဧဝမေတဿ ကေဝလဿ” ကေဝလဿ-ချမ်းသာအစရှိသည်နှင့် မရောသော၊ ဒုက္ခက္ခန္ဓဿ-ဒုက္ခအစု၏၊ သမုဒယော-ဖြစ်ကြောင်းသည်၊ ဟောတိ-ဖြစ်၏လို့ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်မှာ—ဦးဘကြည့်တို့ မလာဘူးလား?၊ (လာပါတယ်ဘုရား)။ အားလုံး ဒကာ-ဒကာမတွေ လာတာ ချည်းဘဲနော်(မှန်ပါ)၊

အင်း—တရားနာနေကြတာ ဘာအစုပါ လိမ့်(ဒုက္ခအစုပါ ဘုရား)။ ဒုက္ခအစုကြီး၊ ဩော်-ဒုက္ခအစုကြီးဟာ ဒို့ခန္ဓာအစုကြီး လို့ မှတ်ထား (မှန်ပါ)။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝတ္ထုလေးထုတ်လိမ့်အုံးမယ်။

“ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန် ကျောင်းတော်မှာ သတင်းသုံးပြီးသကာလနေစဉ် ရာဇဂြိုဟ် ပြည်ထဲဘုရားသခင်ကိုယ်တော်မြတ်ကြီးကဆွမ်းခံထွက်လာတယ်၊ အဝတ်မဝတ်တဲ့ အစေလက ကဿပဆိုတဲ့ပုဂ္ဂိုလ်နဲ့ လမ်းမှာဘဲ ကြုံကြဆုံကြတယ်။ ဘုရားကလဲ ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံနေတုံး အစေလက ကဿပကလဲ ဆွမ်းခံလာရင်းနဲ့ နှစ်ဦး ပေါင်းဆုံမိ ကြတယ်။”

ပေါင်းဆုံမိကြတဲ့အခါကြတော့ သူက-မိစ္ဆာဒိဋ္ဌိဖြစ်နေပြီး အသိဉာဏ်ကမရှိတော့ ဒုက္ခတော့သိရဲ့၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေတော့သိပါရဲ့၊ အိုတယ်, နာတယ်, သေတယ်ဆို

တာလဲ အထင်အရှား မြင်တာ ဖြစ်နေလို့ သိပါရဲ့၊ ဒကာ၊ ဒကာမတွေသိသလိုတော့ သိတာပေါ့လေ (မှန်ပါ)။ အိုတာ ဒုက္ခဘဲ၊ နာတာဒုက္ခဘဲ၊ သေတာဒုက္ခဘဲ၊ စိုးရိမ်သောက ဗျာပါဒ ဖြစ်ရတာတွေကော(ဒုက္ခပါ ဘုရား)။ ဒုက္ခဘဲလို့ သိကြတာ ချည်း ပါဘဲ။

အဲဒါ အစေလကကဿပ က ရှင်ကြီးဂေါတမ ပုစ္ဆာလေးခု ဖြင့် မေးပါရစေလို့ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟေ့-အချိန်အခါမဟုတ်သေးဘူးကွ၊ ဆွမ်းခံတုန်း ရှိသေးတယ် ဆိုတော့ ဦးဝင်း မကန့်ကွက်ထိုက်ဘူးလား?(ကန့်ကွက်ထိုက်ပါ တယ် ဘုရား)။ ဘုရားကလဲ ဆွမ်းခံကြွနေတုန်းနော်။ သူကလဲ ဆွမ်းခံရင်းကြုံလို့မေးတာဘဲ။ အရှင်ဘုရား ပုစ္ဆာလေးခု မေး ပါရစေ။

"မာ စေလကဿပ" ဒါ-အချိန်အခါကာလ မဟုတ်သေးပါဘူး ကွာ၊ ပုစ္ဆာလေးမေးချိန်မဟုတ်သေးပါဘူးလို့ ပြောပြီး ဘုရားက ခဏ ရပ်တော်မူပြီး နားပါတယ်။ နောက်-ဆွမ်းခံပြန်တယ်၊ လေးငါးဆယ်အိမ်လောက် သွားမိပြန်တော့ သူကလဲ ဘုရား နောက်ကလိုက်လာပြီး, ရှင်ကြီးဂေါတမ များလည်းမများပါ ဘူး၊ ပုစ္ဆာလေးတခုမေးပါရစေ။ ဒါ-မေးချိန်မဟုတ်သေးဘူးကွ ကဿပရ, ဆွမ်းခံတုန်းရှိသေးတယ်။

နောက်-လေးငါးဆယ်အိမ်ဆွမ်းခံပြီးတဲ့အချိန်မှာ ကဿပက အနားသွားပြီးသကာလ၊ ရှင်ကြီးဂေါတမ ပုစ္ဆာလေးတခု မေး ပါရစေ၊ ဒါကလေးပဲသိလို့ အဖြေပေးပါ။

**အေး–မေးတာပေါ့ကွာ** လို့ ခွင့်လဲပြုလိုက်ရော လမ်းမှာဘဲ မေးတယ်၊ ဦးဝင်း (မှန်ပါ)။ လမ်းပေါ်မှာဘဲ-ရှင်ကြီးဂေါတမ ဒုက္ခဟာမိမိပြုတာလားလို့မေးတယ်(မှန်ပါ)။ဒကာ-ဒကာမတွေ ခန္ဓာကိုယ် ဒုက္ခဟာ မိမိပြုဘာလားလို့မေးလိုက်တယ်၊ ၁-နံပါတ်ပါ။

ဘုရားက “မာ ဧဝံကဿပ” ဒါ-မိမိပြုတာမဟုတ်ဘူးလို့ ပြန်ပြောတယ်။ ဒုက္ခ မိမိပြုတာမဟုတ်ဘူးကွဲ၊ ဒကာ-ဒကာမတို့ (မှန်ပါ)။ ဘယ့်နှယ် ဘုရားကဖြေတုန်း(မိမိပြုတာမဟုတ်ပါဘူး ဘုရား)။ ဒကာ-ဒကာမတို့၏ ခန္ဓာကိုယ်ကြီး အခုရှိဘယ်နော်၊ (မှန်ပါ)။ မိမိပြုလို့ မိမိ ရလားကဲ့ဒုက္ခလို့ဆိုကြမလားဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစေလက ကဿပ မေးတာ ဖြေတာကို ကြည့်ပါ။

အစေလက ကဿပ က ဒုက္ခ မိမိပြုတာလားဆိုတာကို ဟာ-ဒီလိုမဟုတ်ပါဘူးလို့ဖြေလိုက်တယ်(မှန်ပါ)မိမိပြုတာမဟုတ်ဘူး လို့ ဦးခင်မောင်ဖြေလိုက်တယ်(မှန်ပါ)၊ ဒါဖြင့် တစ်နံပါတ် ပြေသွားပြီပေါ့ဗျာ(ပြေသွားပါပြီဘုရား)။ ပြေသွားတယ်၊

တစ်နံပါတ်က ဒုက္ခ မိမိပြုတာမဟုတ်ဘူးလားလို့ မေးတော့ ဘုရားကဒီလိုမဟုတ်ပါဘူးကွာ၊ဒီက စမှတ်မှရှင်းမယ်နော်၊ဒကာ ဒကာမတို့(မှန်ပါ)။ တစ်နံပါတ်အမေးနဲ့အဖြေ ကြေနပ်ပြီလား (ကြေနပ်ပါပြီဘုရား)။ ကဲ–ဘုန်းကြီးကဘဲ အစေလကကဿ၂ လုပ်ပြီးတော့ မေးတော့မယ်။ ဒုက္ခ ပိမိပြုတာလားလို့မေးလျှင် ခင်ဗျားတို့က ဘယ့်နှယ်ဖြေမလဲ....(ဒုက္ခ မိမိပြုတာ မဟုတ်ပါ ဘုရား)၊ မိမိပြုတာမဟုတ်ဘူး(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတွေအယူနဲ့ ဒီမှာလွဲကုန်ပြီ (မှန်လှပါဘုရား)။ လွဲကုန်ပြီ၊ ဦးဘကြည် တို့ ယူထားတဲ့အယူနဲ့ လွဲကုန်ပြီနော်(မှန်ပါ)။ဘယ်သူမပြု မိမိမှုလို့ ခင်ဗျားတို့က လာထားတာလေ....(မှန်ပါ)။ဘယ်သူမပြု မိမိအမှုတဲ၊ ဟောဒီဒုက္ခအပြည့်အစုံတွေ ရတာ ဘယ်သူမှပြုတာမဟုတ်ဘူး။ ကိုယ်ပြုလို့ ကိုယ်ရနေတာ၊ ဒီလိုဘဲထင်နေတာ(မှန်ပါ)။

အစေလကကဿပ က ဒုက္ခမိမိပြုလုပ်တာလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေတုံး(မိမိပြုတာမဟုတ်ဘူးလို့ ဖြေပါတယ်ဘုရား)။ မိမိပြုတာမဟုတ်ပါဘူးတဲ့၊ ဒုက္ခ မိမိပြုတာမဟုတ်ပါဘူးဆိုတော့၊ ဒကာ ဒကာမတွေနဲ့တော့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက်ဖြစ်နေတာ ပေါ်ကြပြီလား?(ပေါ်ပါပြီဘုရား)။ နောက်-တရားသွားပေါ်လာလိမ့်မယ်နော်(မှန်ပါ)။ ခင်ဗျားတို့အယူတွေဟာ ဒီမှာလွဲနေလို့ ဦးဘကြည်, နဲနဲပြင်ပေးနေတယ်၊ (မှန်လှပါဘုရား)။

ဒုက္ခမိမိပြုတာလားလို့ ကဿပ က မေးတယ်။ ဘုရားက ဘယ့်နှယ်ဖြေတုန်း....(မိမိပြုတာ မဟုတ်ပါဘူးလို့ ဖြေပါတယ်ဘုရား)။ သြော်-တစ်နံပါတ် မိမိပြုတာမဟုတ်ဘူးလို့ ဆိုထားတာ။ ဒကာ ဒကာမတွေကလဲ ခုကတည်းက မှတ်လိုက်ကြ။

ဒုက္ခ မိမိပြုတာမဟုတ်ဘူးလို့ မှတ်ထား၊ ဘုရားဖြေတဲ့အတိုင်းမှတ်ရုံပေါ့(မှန်လှပါဘုရား)။ ဒုက္ခ မိမိပြုတာလား? (မိမိပြုတာမဟုတ်ပါဘုရား)။ မိမိပြုတာမဟုတ်ဘူး၊ ခင်ဗျားတို့ ရှေးမူတော့ဖျောက်နော်....(မှန်ပါ)။ ဘယ်သူမပြု မိမိမှုဆိုတော့၊မိမိပြုတာပြောတာဘဲမဟုတ်လား?(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ ဦးခင်မောင်တို့ ဘယ်နှယ်တုန်း၊ ကန့်လန့်ကြီး မနေသေးဘူးလား?(ကန့်လန့်ကြီးနေပါတယ်ဘုရား)။ ဦးချစ်ခ ဘယ်သူမပြု မိမိမှုဆိုတော့ ကိုယ့်ဟာကိုယ် ကန့်လန့်လုပ်နေကြ တာနော်(မှန်လှပါဘုရား)။

အဲဒါ ဘုရားဟောတော်မူတဲ့သဘောတွေကို စုံလင်စွာ မသိ သေးတော့ ကိုထွန်းဦး၊ ကိုယ်ဟာကိုယ် ကိုယ့်စိတ်မှန်းနဲ့ကိုယ် ရှေးပေါ်ရာဏနဲ့ပြောပြီးသကာလ နေတာဘဲလို့ မမှတ်ထိုက်ဘူး လားဗျာ(မှတ်ထိုက်ပါတယ်ဘုရား)။

ဒုတိယအချက်မေးပြန်ပြီ၊ ဒါဖြင့် ရှင်ကြီးဂေါတမ ဒုက္ခဆိုတဲ့ ဒီဒုက္ခအစုကြီးဟာ သူတပါးပြုတာလားလို့ မေးပြန်တယ်....၊ (မှန်ပါ)။

"မာဝေံကဿပ"၊ ကဿပ ဒီလိုမဟုတ်ပါဘူးလို့ဘဲ ဖြေ တယ်။ သြော်ဘယ်သူနှိပ်စက်တာနဲ့ ကျုပ်ဒုက္ခလှလှကြီး ရနေ တယ်၊ သူတပါးပြုတာနဲ့ ကျုပ်ဒုက္ခရောက်နေတယ်၊(မှန်ပါ)။ ခင်ဗျားတို့က သူတပါးစွဲတဲ့အခါလဲ မစွဲဘူးလား? (စွဲပါတယ် ဘုရား)။ဘယ်သူမပြုမိမိမှုဆိုတာကော(စွဲပါတယ်ဘုရား)။သြော် အလွဲချည်းသာ မှတ်ပေတော့။

ဒကာ-ဒကာမတွေသဘောကျပြီလား(မှန်ပါ)၊ဒုက္ခသူတပါး ပြုတာလား (သူတပါးပြုတာမဟုတ်ပါဘုရား) သူတပါးပြုတာလဲ မဟုတ်ဘူး၊ ဦးဘကြည် ဘာတဲ့တုန်း (သူတပါးပြုတာလဲ မဟုတ် ပါဘုရား)။ သူတပါးပြုတာလဲ မဟုတ်ဘူး၊ ဦးခင်မောင်ရ (မှန်ပါ)။ နောက်က ဒကာမတွေ ဒုက္ခ သူတပါးပြုတာလား?။ (မဟုတ်ပါဘုရား)။သူတပါးပြုတာလဲမဟုတ်ဘူးနော်(မှန်ပါ)။

ကောင်းပြီ၊ပုစ္ဆာဘယ်နှစ်ချက်ရှိပြီလဲ(နှစ်ချက်ရှိပါပြီဘုရား) နှစ်ချက်စလုံးဘဲ သူမေးတာတွေ မဟုတ်ပါဘူးချည်း ဖြေချနေတော့၊ ဦးဝင်းတို့ ဒါ-ရှင်းရောပေါ့ဗျာ(မှန်ပါ)အဲဒီတော့ ခင်ဗျားတို့ အယူလဲ ဒီနေရာဖျောက်လိုက်၊ ဒုက္ခ မိမိပြုလို့ မိမိရတာမဟုတ်ပါဘူး၊ သူတပါးပြုလို့ရတဲ့ဒုက္ခလဲမဟုတ်ပါဘူး(မှန်ပါ)။ ဦးဘကြည့်နှစ်ချက်စလုံးဘဲ ခင်ဗျားတို့က ရှင်းထားလိုက်တာပေါ့၊(မှန်ပါ)။

ဒကာ-ဒကာမတွေ ဒုက္ခ မိမိပြုလို့ရတာလား? (မဟုတ်ပါဘုရား)။ ဒါဖြင့် သူတပါးပြုလုပ်လို့ ကိုယ့်ခန္ဓာ ဒုက္ခရတာလား (မဟုတ်ပါဘုရား)။ ဘယ်နှစ်ချက်ရှိသွားပြီလဲ?(နှစ်ချက်ရှိသွားပါပြီဘုရား)။ နှစ်ချက်ရှိသွားပြီ သေသေချာချာမှတ်၊ ဘုရားတဆူတဆူပေါ်မှ တခါတခါသာဟောတဲ့တရားဘဲ။ ကိုထွန်းဦး လွယ်လွယ်မဟုတ်ဘူး;(တင်ပါ)။

နောက်ပြီး, တတိယပုစ္ဆာ ဆက်ပြီးသကာသ မေးပြန်တယ်၊ ရှင်ကြီးဂေါတမ ဒါဖြင့် ဒုက္ခ မိမိ-သူတပါး နှစ်ဦးသား ဝိုင်းပြီးပြုတာလား?။ ဒီလိုလဲမဟုတ်ဘူးကွ....(မှန်ပါ)။ သယ့်နှယ်မေးပါလိမ့် (မိမိ-သူတပါး နှစ်ဦးသားဝိုင်းပြီးပြုတာလို့မေးပါတယ်ဘုရား)။ အဲ-ခင်ဗျားတို့ခန္ဓာကြီး ဒုက္ခသစ္စာကြီးဟာလဲ မိမိ-သူတပါး နှစ်ဦးသားဝိုင်းပြုလို့ ပေါ်နေတဲ့ ဒုက္ခသစ္စာလားလို့ ကဿပက မေးလိုက်တာ။ ဘုရားက ဒီလိုမဟုတ်ပါဘူးကွလို့ ဖြေလိုက်တယ်၊(မှန်ပါ)။

ဘယ်နှစ်ချက်ရှိပြီလဲ(သုံးချက်ပါဘုရား)။ သုံးချက်ရှိသွားပြီလို့ ဒကာ,ဒကာမတွေက မှတ်ထားလိုက်ကြပေါ့၊ အင်း-တစ်

နံ့ပါတ် ပြန်မေးပါအုံးမယ်။ ဒုက္ခ မိမိပြုတာလား? (မဟုတ်ပါ ဘုရား)။ သူတပါးပြုတာသလား? (မဟုတ်ပါဘုရား)။ မိမိ-သူ တပါး နှစ်ဦးသား ပြုတာလား?(မဟုတ်ပါဘုရား)။

ဒါနဲ့ ကဿပကြီးက မကြေနပ်ဘူး၊ ဦးဘကြည်တို့(မှန်ပါ) မကြေနပ်ဘူး၊ ကြေနပ်စရာလဲပါသလား? (မပါ့ပါဘုရား)။ မပါသေးတော့ သူ-ကြံဖန်ပြီးသကာလ မေးရပြန်တယ်၊ ဒကာ, ဒကာမတို့တဲ့(မှန်ပါ )။

ဒါဖြင့် ဒုက္ခဟာ အလိုလိုအကြောင်းမရှိဘဲနဲ့ ဖြစ်တာလား ဆိုပြီး စတုတ္ထပုစ္ဆာမေးလိုက်တယ် (မှန်ပါ)။ ခင်ဗျားတို့ ခန္ဓာ ကိုယ် ဒုက္ခအစုကြီးဟာ အလိုလိုပေါ်လာတာလားလို့ မေးတော့ ဘုရားက ဒီလိုလဲမဟုတ်ဘူးကွလို့ ဖြေပြန်တယ်။ ဘယ်နှစ်ချက် ရှိသွားပြီလဲ....(လေးချက် ရှိသွားပါပြီဘုရား)။ လေးချက်ရှိ သွားပြီနော်။

ကဲ–ဒကာ-ဒကာမတို့ တစ်နံ့ပါတ်က စ မယ်။ ဒီဒုက္ခက ခင်ဗျားတို့ ခန္ဓာကိုယ် ဒုက္ခအစုကြီးနော် (တင်ပါ)။ မိမိပြုတာ လား?(မဟုတ်ပါဘုရား)။ သူတပါးပြုတာလား? (မဟုတ်ပါ ဘုရား)မိမိ သူတပါးနှစ်ဦးသားပြုကြတာလား(မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား?(မဟုတ်ပါဘုရား)။အလိုလိုလဲပေါ်တာ မဟုတ်ဘူးဆိုတော့ ကိုထွန်းဦး, လောကီဉာဏ်နဲ့ဖြင့် အတော် ခက်သွားပြီ....(မှန်ပါ)။ဦးဘကြည့်ဘယ့်နှယ်နေလဲ (အတော် ခက်သွားပါပြီဘုရား)။ အတော်ဖြင့်ခက်သွားပြီ၊

ဒါနဲ့ သူဆက်ပြီး မကြေနပ်ဘဲမေးပြန်တယ်၊ ဒကာ-ဒကာမ တို့ မကြေနပ်ပွဲမေးတယ်၊ ဘယ်လို မေးလိုက်ပြန်တုန်းဆိုတော့

ရှင်ကြီးဂေါတမ,ဒါဖြင့် ဒုက္ခမရှိဘူးလားလို့ မေးတယ် (မှန်ပါ)။ ဟ,ဒုက္ခရှိတယ်ကွလို့ ဘုရားက ပြန်ဖြေတယ်၊ ဒုက္ခမရှိဘူးလား ဆိုတော့ ဘာတဲ့တုန်း (ရှိပါတယ်ဘုရား)။ ရှိတယ်လို့ ပြောလိုက်တယ်။

ဘယ်နှစ်ချက်ရှိသွားပြီတုန်း (ငါးချက်ဘုရား)။ ငါးချက်၊ ဒါတွေဟာ ပဉ္စမပြောက်ဘဲ၊ ဒုက္ခမရှိဘူးလားလို့ မေးလိုက်တယ် မေးလိုက်တော့၊ ဘုရားက ဘယ့်နှယ်ဖြေလဲ (ရှိတယ်လို့ ဖြေပါတယ်ဘုရား)။ အဲဒါရှိဘာကတော့ဖြင့် ဒကာ-ဒကာမတို့ ယခု ခန္ဓာကိုယ်ကြီးဟာ ဇာတိ,ဇရာ,မရဏတွေနဲ့ သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿတွေနဲ့ ဆိုတော့ ကိုထွန်းဦး,ဒါတွေဟာ ဒုက္ခ အစုကြီးဆိုတာကတော့ဖြင့် ရှိနေတာဘဲ၊(မှန်ပါဘုရား)။

ဒကာ-ဒကာမတွေ ဒုက္ခတော့မရှိဘူးလား (ရှိပါတယ်ဘုရား) အင်း-အစေလက ကဿပ,က၊ "ရှင်ကြီးဂေါတမ၊ ဒုက္ခ မရှိဘူးလား" ဆိုတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ရှိတယ်" လို့ဘဲဖြေတယ်။ မိမိခန္ဓာကိုယ် တကိုယ်လုံးဟာ ဒုက္ခအစုကြီး မဟုတ်လား?(မှန်ပါ)။ ဒါဖြင့် ဒုက္ခမရှိဘူးလား ရှိသလား?၊ (ရှိပါတယ်ဘုရား)။ ရှိပါတယ်။

အခုကိုဘဲ အိုခြင်းဆိုး,နာခြင်းဆိုးနဲ့ ခွဲလို့ခွါလို့ရရဲ့လား၊ (မရပါဘုရား)။ သောက,ပရိဒေဝ,ဒုက္ခ ဒေါမနဿတွေနဲ့ကော (မရပါဘုရား)။ ခွဲလို့ခွါလို့မရပါဘူး။ အဲဒီတော့ ဒီခန္ဓာထဲမှာ ဒုက္ခအစုကြီး အပြည့်အစုံရှိတယ်လို့မဆိုနိုင်ကြဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ ဒါဖြင့် ဒုက္ခအစုကြီးမှဟုတ်ပါရဲ့လား (ဟုတ်ပါတယ်ဘုရား)။

" ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ " ဆိုတာကြီးကို ကိုထွန်းဦး မှတ်ပြီးဘုရားဟောတာနော် (မှန်လှပါ)။ ပုဇ္ဆာ ငါးချက်ရှိသွားပြီ၊ ပြန်မေးပါအုံးမယ်။ ဒကာ-ဒကာမတို့တရား တနာရီလောက်နာရပြီ အိမ်ပြန်သွားတော့ ဘာမှမပါဘူးဆိုရင် လဲ ခင်ဗျားတို့ဟာတွေ အင်မတန် ရှက်စရာကောင်းပါတယ်....၊ (မှန်ပါ)။ ခင်ဗျားတို့ ဖြေကြစမ်း၊ ဒုက္ခမိမိပြုတာလား(မဟုတ် ပါဘုရား)။ သူတပါးပြုတာလား? (မဟုတ်ပါဘုရား)။ မိမိ-သူတပါး နှစ်ဦးသားပြုဘာလား?(မဟုတ်ပါဘုရား)၊ အလိုလို ဖြစ်တာလား?(မဟုတ်ပါဘုရား)။

ဒါဖြင့် ဒုက္ခမရှိဘူးလား?(ရှိပါတယ်ဘုရား)။ ဒီငါးချက်ကို ခင်ဗျားတို့အားလုံး ဖြေတတ်ပြီနော်....(မှန်လှပါဘုရား)။ ဒုက္ခ ရှိတယ်ဆိုလျှင် "ရှင်ကြီးဂေါတမ၊ ဒါဖြင့် ဒုက္ခမသိဘူးလား" လို့ဆက်မေးတယ်(မှန်ပါ)။ ဘုရားက"ငါ-ဒုက္ခသိတာပေါ့"လို့ ဖြေတယ်။ ဘယ်နှစ်ချက်ရှိသွားပြီလဲ(ခြောက်ချက်ပါဘုရား)။

ဘုရားက"ဒုက္ခလဲရှိတယ်၊ဒုက္ခလဲသိတယ်"ဆိုတော့ဒီနှစ်ချက် တော့ အဖြေထွက်လာတယ် (မှန်ပါ)။ ဟို လေးချက်ကိုတော့ အကုန်ပယ်ချတယ်၊(တင်ပါ)။ ကဲ—ဒကာ,ဒကာမတွေ ခုဟာက နိဗ္ဗာန်ဝင်မဲ့တရားကို ဟောရမှာဖြစ်နေတော့၊ ဒီဘက်ကဒိဋ္ဌိတွေ အကုန်သတ်မလို့(မှန်ပါ)။ ဘုရားက ဒါတွေ စင်အောင်လို့ ဒကာ-ဒကာမတို့ အင်မတန်အရေးစိုက်ပြီးသကာလ မှတ်သား ကြပါ။နောက်ဆုံးပိတ်အလုပ်ခွင်ဝင်ပြီးသကာလ နိဗ္ဗာန်ဝင်မည့် တရားလို့ ဦးပုင်းတို့ မှတ်ထားဘို့ပေါ့ဗျာ၊(မှန်ပါ)။

တစ်နံပါတ်က "ရှင်ကြီးဂေါတမ၊ ဒုက္ခ မိမိပြုတာလား"လို့ မေးတော့"မဟုတ်ပါဘူး"လို့ဖြေတယ်၊ဟာ-မိမိမဟုတ်လို့ရှိရင် သူတပါးပြုတာလားလို့မေးပြန်တယ်။မဟုတ်ပါဘူးဘဲဖြေတယ် ဒါ-ကိုယ့်ခန္ဓာကိုယ်ကြည့်နော်....(မှန်ပါ)။ "ဒါ-မိမိ၊ သူတပါး နှစ်ဦးသားပြုတာလား'လို့မေးပြန်တယ်။ 'မဟုတ်ပါဘူး'လို့ဖြေတယ်။ 'အလိုလိုပေါ်တာလား'လို့မေးပြန်တယ်၊'မဟုတ်ပါဘူး' ဘဲ ဖြေပြန်တယ်။

မဟုတ်ဘူးလို့ဖြေတာ ပုစ္ဆာလေးချက်ရှိပြီနော်....(မှန်ပါ)။ ဒါနဲ့ ကဿပက ငါးခုမြောက်ကြတော့ "ရှင်ကြီး ဂေါတမ၊ ဒုက္ခမရှိဘူးလား"လို့ မေးတော့ "ရှိပါတယ်" လို့ ဖြေတယ်။ ရှိတယ်ဆိုတော့ ကိုယ့်ခန္ဓာကို မျက်စောင်းထိုးတာ....(မှန်ပါ)။ ဦးဝင်း,ဘယ်သူ့ကို မျက်စောင်းထိုးတာလဲ(ကိုယ့်ခန္ဓာကို မျက်စောင်း ထိုးတာပါ ဘုရား)။ ကိုယ့်ခန္ဓာ ကိုယ်က ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

အဲ—ဒုက္ခရှိနေတာဘဲ(မှန်ပါ)။ နောက်-ကဿပ,က တခါ မေးပြန်တယ်။ ဒုက္ခရှိတယ်လို့ဆိုလို့ရှိလျှင် "ရှင်ကြီးဂေါတမ၊ ဒုက္ခမသိဘူးလား"လို့မေးတယ်၊ ဘုရားက"ငါ-သိပါတယ်"လို့ ဖြေတယ်။ ဒီတော့"ရှင်ကြီးဂေါတမ၊မေးရတာက အင်မတန် ခက်တယ်၊ ဒုက္ခမရှိဘူးလား"ဆိုတော့ "ရှိတယ်"လို့ပြောတယ်။ ဒုက္ခမသိဘူးလားဆိုတော့လဲသိတယ်လို့ပြောတယ်ဆိုတော့ဒီ-နှစ် ချက်တော့ ရှင်ကြီးဂေါတမ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဒုက္ခ ရှိလဲရှိတယ်၊ ကိုယ်တိုင်လဲသိတယ်ဆိုတော့ ကြေနပ်ပါတယ်။

ဒုက္ခက မိမိပြုတာလားဆိုတော့လဲ မဟုတ်ဘူးလို့ပြောတယ်၊ သူတပါးပြုတာလားဆိုပြန်တော့ မဟုတ်ဘူးလို့ ဖြေပြန်တယ်။ မိမိ-သူတပါး နှစ်ဦးသားဝိုင်းပြီး ပြုလုပ်ကြတဲ့ ဒုက္ခလားလို့မေး ပြန်တော့လဲ မဟုတ်ဘူးလို့ဖြေပြန်တယ်(မှန်ပါ)အလိုလိုပေါ်တဲ့ ဒုက္ခအစုကြီးလားလို့ မေးပြန်တော့လဲ မဟုတ်ဘူးလို့ ဖြေပြန် တော့၊ကျုပ်တော့နားယောင်နေပါပြီ၊ဘယ်လိုကိုမှမသိတော့ဘူး (မှန်ပါ)။

နားယောင်နေပြီတဲ့ ဒကာ-ဒကာမတို့၊ (တင်ပါ)။ ဘယ်သူ နားယောင်သလဲ(အစေလက ကဿပ,ပါဘုရား)၊ အစေလက ကဿပ, နားယောင် နေပြီ၊ ဒကာ-ဒကာမတို့ ခင်ဗျားတို့လဲ နားယောင်လွန်းလို့ ဒီဝတ္ထုခင်းလာတယ်လို့ အောက်မေ့ပါ။ ကိုထွန်းဦး....(မှန်လှပါ)။ ခင်ဗျားတို့လဲ ယောင်လက်စ မသတ် သေးလို့ ဒကာသိုက်,ဒီဝတ္ထုကို ဘုရားဟောတော်မူတာဘဲ....၊ (မှန်ပါ)။

ကောင်းပြီ၊ ဒီအထဲမှာ ခင်ဗျားတို့ အမှားတော်ပုံလေးချက် တောင် ရှိတယ်ဆိုတာ အများသိတယ်၊ (မှန်လှပါ)။ ဒုက္ခကို တချို့က မိမိပြုမိလို့ မိမိရတဲ့ဒုက္ခလို့ပြောလေ့ဆိုလေ့ ထင်လေ့ ရှိပါတယ်။ မိမိပြုလို့ မိမိရတဲ့ဒုက္ခဆိုတယ်၊ အင်း-ဘုရားကလဲ မဟုတ်ပါဘူး၊(မှန်ပါ)။ ခင်ဗျားတို့ကလဲ ကိုယ်ပြုလို့ကိုယ်ရတဲ့ ဒုက္ခလို့ဆိုတယ်။

ဘုရားက ဘာတဲ့တုန်း(မဟုတ်ဘူးလို့ပြောပါတယ်ဘုရား)။ ခင်ဗျားတို့ကလဲ ဘယ်လိုထင်နေတုန်း(ကိုယ်ပြုလို့ကိုယ်ရတဲ့ဒုက္ခ လို့ ထင်ပါတယ်ဘုရား)။ ကိုယ်ပြုလို့ကိုယ်ရတဲ့ဒုက္ခ ကိုယ်ဟာ

ကိုယ် ခံရုံဘဲ၊ (မှန်ပါ)။ ခင်ဗျားတို့ကလဲ ဒီအတိုင်းပြောနေတယ် (မှန်ပါ)။ ဘုရားကလဲမဟုတ်ပါဘူး၊ကိုယ်ပြုလို့ကိုယ်ရတဲ့ဒုက္ခမရှိပါဘူး၊(မှန်ပါ)။ခင်ဗျားတို့မှားနေပုံပေါ်ကြပြီလား?(ပေါ်ပါပြီ ဘုရား)။

ကိုင်း—ဒါဖြင့် တချို့သောပုဂ္ဂိုလ်ကတော့လဲ ကိုယ်ဖြစ်ရတဲ့ ဒုက္ခတွေဟာ ရပ်ရွာမကောင်းလို့၊ သားသမီး မကောင်းလို့၊ လင်သားမကောင်းလို့ ဖြစ်ရတဲ့ ဒုက္ခတွေ....(မှန်ပါ)။ အင်း- သူတပါးကြောင့်လို့ စွပ်စွဲတယ်၊(မှန်ပါ)။ ဒီကြတော့ ဘယ်သူ ဘယ်သူကြောင့်လာပြန်တုန်း (သူတပါးကြောင့်ပါဘုရား)။ သူ တပါးကြောင့် လာပြန်တယ်ဆိုတာကော ဒကာ-ဒကာမတွေ ဒီလိုဘဲ စွဲချက်မတင်ကြဘူးလား, တင်ကြသလား? (တင်ကြပါ တယ်ဘုရား)။

တင်တဲ့အတိုင်းကော သူ့ကိုမြင်ရင် ကျုပ်မျက်ရည်ကျလာ တယ်ဆိုပြီး သူလုပ်တဲ့ဒုက္ခမို့ သူ့ကိုမြင်ရင် မျက်ရည်ကျတယ်.... (မှန်ပါ)။ ဒီလိုကောမပြောကြဘူးလား?(ပြောပါတယ်ဘုရား) အင်း-ဒကာ-ဒကာမတို့ ဘုရားကတော့လဲ ဒါမဟုတ်ဘူးကွလို့ ပြောတယ်၊(တင်ပါ)။ ဦးဘဒင်, ခက်နေပြီကောဗျ....(မှန်ပါ)။ ခင်ဗျားတို့ကလဲ အင်း-သူ့မြင်လိုက်လို့ရှိရင်ဖြင့် ကျုပ်ဖြစ်စဉ် ပြန်-ပြန်သတိရပြီး မျက်ရည်ကျလွန်းလို့ဗျာ သူပြုလုပ်သွားတာ တွေ မကြေနပ်နိုင်ဘူး၊ သေတောင် မကြေဘူး၊ ဟို ဘဝတောင် မကြေဘူးဗျာ....၊ သဘောကျပြီလား?(မှန်ပါ)။

ခင်ဗျားတို့က သူတပါးပြုတဲ့ဒုက္ခလို့ ထင်နေကြတယ်နော်၊ (မှန်ပါ)။ ကောင်းပြီ,ဒါဖြင့် မိမိ-သူကတပါး နှစ်ဦးသားပြုတယ်

လို့လဲ ခင်ဗျားတို့က ထင်ချင်ထင်မှာဘဲမဟုတ်ဘူးလား(မှန်ပါ) မိမိကရော နောက်ပိုင်းက သိမ်းတာ နေရာမကျလို့ ယောကျ်ား ကလဲ သုံးတာ ဖြုန်းတာ များလွန်းလို့ ဒါကြောင့် ကျုပ်တို့ ဒုက္ခတွေဖြစ်နေတာတဲ့၊ နှစ်ဦးသားလာပြန်ပြီ၊(တင်ပါ)။ ဘုရား ကလဲ နှစ်ဦးသား ပြုတာလားဆိုတော့ ဘယ့်နှယ်လဲ? (မဟုတ် ဘူးတဲ့ဘုရား)။

မဟုတ်ဘူး၊ ခင်ဗျားတို့ကလဲ အသိမ်း အဆည်း ညံ့လို့ ယောကျ်ားကလဲသုံးဖြုန်းတီးတာများလို့ဆိုပြီးနှစ်ဦးသားပြုလို့ မွဲသလိုလိုဒီအဓိပ္ပါယ်မျိုးသည်ကိုယ့်မှာရင်ထုမြေလူးအစရှိသော ဒုက္ခကြီးကြုံရတာတွေဟာ နှစ်ဦးသားမိုက်မိလို့ဆိုပြီး စွဲချက်တင် ချင် တင်လိုက်တာဘဲ၊ မတင်ကြဘူးလား?(တင်ပါတယ်ဘုရား) တင်တယ်။ တချို့ကြတော့လဲ ကိုယ်ကောင်းကောင်းနေပါတယ် ကောင်းကောင်းနေပါလျက်နဲ့ ဒုက္ခကပို-ပိုလာတယ်(မှန်ပါ)။

ကိုယ်ကလဲ ကောင်းကောင်းနေပါတယ်၊ ကိုယ်က ဘာမှ မလုပ်ရဘဲ အလိုလိုကိုရောက်တဲ့ ဒုက္ခလို့ ပြောလိုက်တာနဲ့ အတူတူဘဲ၊ (မှန်ပါ)။ အိပ်နေရင်းရောက်တာ၊ ဆွမ်းခံသွားရင်း ငှက်သင့်တာ(မှန်ပါ)။ အံမယ်-ဒုက္ခ ငါ-သူတပါးမပါဘူးဗျ၊ဟင် အလိုလိုဖြစ်လာတဲ့ဒုက္ခ....(မှန်ပါ)။

ဒကာ-ဒကာမတွေ ဒီလိုကော မယူကြဘူးလား? (ယူကြပါ တယ်ဘုရား)။ ကိုယ့်မှာ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့မဟုတ် ဘူးလား?၊ နေ့တိုင်းမေတ္တာပို့လို့၊ ပရိတ်ရွတ်လို့ ကုသိုလ် စိတ္တုပ္ပါဒ်တွေများပေမည့်လဲ အလိုလိုကိုပေါ်ပေါက်လာတာ၊ မလာဘူးလား(လာပါတယ်ဘုရား)။

အလိုလိုပေါ် ပေါက်လာတယ်၊ ကျုပ်တို့များအကြောင်းမသင့် ပြီဆိုမှဖြင့် မြင်တဲ့အတိုင်းဘဲ၊ဘုရား့တရား့သံဃာလဲလက်မလွှတ် ပါဘူး။ မလွှတ်တဲ့အထဲက ဗေဒဖေါက်လာတယ် ဆိုတော့ကာ ဒါ-အလိုလိုပေါ်လာတဲ့ဒုက္ခ...(မှန်ပါ)။ မြင်ပြီလား?(မြင်ပါပြီ ဘုရား)။ ဩော်-ဒါဖြင့် ဒို့အထဲက ဘယ်နှစ်ချက်ပါလိမ့်....၊ (လေးချက်ပါဘုရား)။

အင်း-ဖြစ်မှဖြစ်ရလေ၊ဘုရားသာမဟောလို့ရှိရင်ဒီလေးချက် တချက်ချက်ကတော့ ကိုထွန်းဦး့ကေနယူမယ်၊မယူပေဘူးလား ယူမလား? (ယူမှာပါ ဘုရား)။ ယူမှာဘဲ၊ ဒကာ-ဒကာမတို့၊ ဒါဖြင့် ဒကာ-ဒကာမတို့ ယနေ့ရှင်းကြပါ၊ ခင်ဗျားတို့ ဒီ ဒုက္ခ လေးချက်ကို ခုပြောတဲ့အတိုင်း တချက်ချက်သာ ယူနေကြမယ် ဆိုလို့ရှိရင်ဖြင့် ဘယ်တော့မှ ဒီဒုက္ခသိမ်းတော့မှာမဟုတ်ပါဘူး၊ (မှန်ပါ)။ ဦးဘကြည့် သိမ်းဘို့ မြင်းသေးသလား? (မမြင်ပါ ဘုရား)။

အဲဒီတော့ အစေလက ကဿပ့က ခြောက်ချက် မေးတာကို လေးချက်ပယ်ပြီး နှစ်ချက်မဖြေလားဗျ....(ဖြေပါတယ်ဘုရား)၊ ဒုက္ခမရှိဘူးလားဆိုတော့(ရှိပါ တယ်လို့ ဖြေတယ်ဘုရား)။ ဒုက္ခ မသိဘူးလားဆိုတော့(သိပါတယ်လို့ဖြေပါတယ်ဘုရား)။ အဲ- ဒုက္ခ ရှိလဲ ရှိတယ့် ဒုက္ခ ငါ-သိလဲသိပါတယ်ကွ။ လောကမှာ ဒုက္ခလဲရှိတယ် သိလဲသိပါတယ်လို့မဖြေဘူးလား? (ဖြေပါတယ် ဘုရား)။

အဲဒီတော့ ရှင်ကြီးဂေါတမကို မေးခဲ့ဟဲ့ ပုစ္ဆာလေးချက်မှာ မရှိဘူးလားဆိုတော့ ရှိတယ်၊ မသိဘူးလားဆိုတော့ သိတယ်၊

ဒီဥစ္စာ မိမိပြုတာလားဆိုတော့ မဟုတ်ဘူးလို့ ပြောတယ်။ သူတပါး ပြုတာလားဆိုတော့ မဟုတ်ဘူးလို့ ဖြေပြန်တယ်၊ မိမိ-သူတပါး နှစ်ဦးသားပြုတာလားလို့ မေးပြန်တော့လဲ မဟုတ်ဘူးလို့ ဖြေပြန်တယ်။ အလိုလိုပေါ်တာလားလို့ ဆိုတော့လဲ မဟုတ်ဘူးလို့ ဖြေပြန်တယ်။ မရှိဘူးလားဆိုတော့ ရှိတယ်။ မသိဘူးလားဆိုတော့ သိတယ်ဆိုတဲ့စကားဟာ ကျုပ်တော့ဖြင့် ဥာဏ်တုံးပြီး မျက်စိလဲလည်နေပြီ(မှန်ပါ)။

ဒီ တရားနာနေတဲ့ ဒကာ-ဒကာမတွေကိုလဲ ဥာဏ် မျက်စိလည်မှာပါဘဲ၊ လည်စရာအကြောင်းမကြုံသေးဘူးလား၊ (ကြုံပါတယ်ဘုရား)။ အဲဒီတော့ ခင်ဗျားတို့မှတ်ထားကြ။ ခင်ဗျားတို့မှာ ဒီ-လေးခု တခုခုရှိနေရင် ဘုရားပယ်တာ ရှိနေတယ်လို့ အောက်မေ့(မှန်လှပါ)။ ဘယ့်နှယ်မှတ်ကြမလဲ(ဘုရားပယ်တာ ရှိနေပါတယ်ဘုရား)။ အဲ-ဘုရားက ပါယ်ထားတာ ခင်ဗျားတို့က အရှိလုပ်ထားတယ်၊ သဘောကျပြီလား?(မှန်ပါ)။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့ ဒါတွေဟာ ဘယ့်နှယ်ကြောင့် ဘုရားပယ်ရပါလိမ့်မလဲလို့ ဆိုတဲ့ မေးခွန်းထုတ်ကြစို့နော်....(မှန်ပါ)။ ဘုရားက ဒီလေးခု မပါယ်ထိုက်ဘူးလား?၊ (ပယ်ထိုက်ပါတယ်ဘုရား)။ ဒုက္ခ မိမိပြုတာလားဆိုတော့ မင်းတို့မိမိပြုလို့ ရှိရင်ဖြင့် မိမိခံလို့ ခင်ဗျားတို့မယူကြဘူးလား? (ယူပါတယ် ဘုရား)။

အဲဒီတော့-သဿတဒိဋ္ဌိကွ....(မှန်ပါ)၊ မိမိပြုရင် မိမိခံ၊ မိမိတဆက်တည်း ဖြစ်နေတယ်၊ သဘောကျပြီလား? (မှန်ပါ)။ ဘုရားက မိမိပြုရင် ဘာတဲ့ (မိမိခံရမှာပါဘုရား)။ ဒီဒုက္ခ မိမိခံ

ဆိုတော့၊ ဒီ-မိမိသည်ပင်လျှင် သည်နေရာမှာလဲ မိမိဘဲဖြစ်မှာဘဲ (မှန်ပါ)။ ဒီပုဂ္ဂိုလ်သည်ပင်လျှင် သည်နေရာမှာ ဘာဖြစ်မလဲ၊ (ဒီပုဂ္ဂိုလ်မှာ ဖြစ်မှာပါဘုရား)။ ဒီပုဂ္ဂိုလ်ဖြစ်မှာဘဲ၊ ပုဂ္ဂိုလ်တတန်းတည်း မနေဘူးလား? (နေပါတယ်ဘုရား)။

အဲဒီတော့ သဿတဒိဋ္ဌိကွ, ငါ-ဒါကြောင့်ပယ်ရတာ ရှင်းကြပြီလား? (မှန်ပါ)။ ခင်ဗျားတို့ ရွာသုံး ရပ်သုံးနဲ့ ထည့်ပြောမှ ပိုမိုရှင်းမှာဖြစ်လေသောကြောင့် ကိုယ်ပြုကိုယ်ခံဆိုတာ ခင်ဗျားတို့ အယူဘဲ၊ (မှန်ပါ)။ ဘယ်လိုယူကြတာတုန်း (ကိုယ်ပြုကိုယ်ခံပါဘုရား)၊ အဲဒါ လူကြီးတွေကိုကသုံးလေ့ရှိတယ်၊ မသုံးဘူးလား သုံးသလား? (သုံးပါတယ်ဘုရား)။

မင်းပြု မင်းခံရမှာပေါ့ကွ၊ မင်းအစား ဘယ်သူမှ လာခံမှာ မဟုတ်ဘူး။ အဲဒါ ဘာဒိဋ္ဌိဖြစ်နေတုန်း (သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား)။ ဆက်နေတယ်နော်....(ဆက်နေပါတယ်ဘုရား)။ ဒီခန္ဓာကြီးဟာ ဒေါက်လျှောက်ဘဲ သွားပြီးသကာလ ဒေါက်လျှောက် ခံရတဲ့ အဓိပ္ပါယ် မရောက်ဘူးလား? (ရောက်ပါတယ်ဘုရား)။ ဒါ-ဘာဒိဋ္ဌိလဲ(သဿတဒိဋ္ဌိပါဘုရား)။

အေး—ဒါကြီးဟာ မြဲတယ်၊ ခိုင်ခံ့တယ်၊ တည်တန့်တယ်၊ ဒါကြောင့်ဒီကြအောင်ခံရတယ်ဆိုတဲ့အဓိပ္ပါယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။ ဒီခြား အပြတ်ကောရှိသေးရဲ့လား?၊ (မရှိပါဘုရား)။ ဒီခန္ဓာသည်ပင်လျှင် သွားပြီးခံရတဲ့ ဒီ-ဒုက္ခအစုကြီးကို ကိုယ်ကယူရတဲ့အဓိပ္ပါယ်မျိုး မရောက်ဘူးလား, ရောက်သလား? (ရောက်ပါတယ်ဘုရား)။ အဲဒါ-ဘာဒိဋ္ဌိလဲ (သဿတဒိဋ္ဌိပါ ဘုရား)။

သြော်-ဘုရားက မဟုတ်းဘူး ကဿပရဲဆိုတာကြေနပ်ပြီလား (ကြေနပ်ပါပြီဘုရား)။ ဒုက္ခ မိမိပြုတာလား ရှင်ကြီးဂေါတမရဲ့ ဆိုတော့၊ ဒီလိုမဆိုပါနဲ့ကွာ မဟုတ်ပါဘူး၊ မိမိပြုတယ်လို့ ယူလိုက်ရင် သူ-သဿတဒိဋ္ဌိ သေသေချာချာယူတော့မယ်၊ မယူပေဘူးလား?(တင်ပါ)။

ဒကာ-ဒကာမတွေ မိမိပြုလို့ မိမိခံဆိုတာ ဘာတဲ့တုန်း.... (သဿတဒိဋ္ဌိပါ ဘုရား)။ သဿတဒိဋ္ဌိ ဖြစ်မဖြစ် (ဖြစ်ပါတယ် ဘုရား)။ကိုထွန်းဦး,ဒါ-ဖြေးဖြေးဟောမှရတယ်(မှန်လှပါဘုရား) ဦးဘကြည်,မြန်မြန်သွားရင် တချက်တည်းနဲ့ မပြီးဘူးဗျ(မှန်ပါ) မိမိပြုရင် မိမိခံဆိုတာက မြန်မာလူမျိုးမှာ အတော်နှုတ်တက်နေတယ်၊အတော်ကိုလဲတင်ချက်စူးနေတယ်လို့ဆိုရမယ်(မှန်လှပါ) ကိုယ်ပြုကိုယ်ခံပေါ့ကွာ....(မှန်ပါ)။

ဒီကိုယ်ပြု ဒီကိုယ်ခံ၊ဟိုကိုယ်ပြု ဟိုကိုယ်ခံ၊ အံမာ-လာလိုက်တဲ့ ဖြစ်ခြင်းမှ မပြောပါနဲ့တော့၊ဟင်-မပြောကြဘူးလား(ပြောကြပါတယ်ဘုရား)၊ ဒါ-ဘာဒိဋ္ဌိလဲ(သဿတဒိဋ္ဌိပါ ဘုရား)။ သည်ကိုယ်သည်ပင်လျှင် တခါတည်းခံရတာဘဲ။

ဒကာ-ဒကာမတို့ သည်ကိုယ်ကပြုတဲ့အတွက် သည်ဒုက္ခတွေ ဒီကိုယ်ကခံရတာဘဲ(မှန်ပါ)။ ဘာဒိဋ္ဌိလဲ(သဿတဒိဋ္ဌိပါဘုရား) သတိထားကြ ဒကာ-ဒကာမတို့။ဒိဋ္ဌိရှိနေလို့ရှိရင်ဘုန်းကြီးဟောလတံ့ဖြစ်တဲ့ ဒဿနဋ္ဌောဆိုတဲ့ နိဗ္ဗာန်အလင်းကို မမြင်နိုင်ဘူး (မှန်ပါ) ဦးဘကြည်,ဒါကြောင့် ဒါ-ရှင်းနေတယ်(မှန်ပါ)။

"ဒဿနဋ္ဌော"ဆိုတာ နိဗ္ဗာန်မြင်အောင် ယနေ့ညဟောရမှာ (မှန်ပါ)၊ သို့သော် ဒီ-ဒိဋ္ဌိတွေက မရှင်းလင်း ဖြစ်နေပြန်လို့

ရှိရင်လဲ ဒဿနဌွေမှာမြင်နိုင်တဲ့ စွမ်းရည်သတ္တိ မလာပေဘူး၊ လာပါ့မလား?(မလာပါဘုရား)။ ဘာဒိဋ္ဌိခံနေသလဲ(သဿတ ဒိဋ္ဌိ ခံနေပါတယ်ဘုရား)။ သဿတဒိဋ္ဌိ ခံနေတယ်နော်။

ကောင်းပြီ, ဒါဖြင့် ဒီ-တစ်နံပါတ်အယူကို ပယ်ကြပါလို့ ဘုန်းကြီးက ဒကာ-ဒကာမတွေကို ရှေ့သွား ခေါင်းဆောင်လုပ်ပြီး သတိပေးလိုက်ပါတယ်(မှန်ပါ)။ဒီလူကြီးပင်လျှင် တောက်လျှောက် ငရဲသွားပြီးသကာလ တောက်လျှောက်ခံတဲ့အဓိပ္ပါယ်မျိုး မရောက်ဘူးလား? (ရောက်ပါတယ်ဘုရား)။ ဒီလူကြီးမှာ အိုနာသေဘေးဆိုတဲ့ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဆိုတဲ့ ဘေးတွေဟာ သူပြုလို့ သူရတာ....(မှန်ပါ)။ ဒီလိုယူလိုက်တော့ ဘာဒိဋ္ဌိလဲ(သဿတဒိဋ္ဌိပါ ဘုရား)ရှင်းပြီနော် ဒကာဒကာမတို့။

ဒါဖြင့် ခင်ဗျားတို့ ဒီအယူကိုကြောက်ပြီး ဖျောက်လိုက်ပါ၊ ကိုယ်ပြု ကိုယ်ခံဆိုတာ မဟုတ်ဘူး မှတ်ထားလိုက်နော်(မှန်ပါ )။ ခုတော့-မဟုတ်တာသာမှတ်ထား၊ နောက်တော့ အဓိပ္ပါယ်ရှင်းလိမ့်မယ်(မှန်ပါ)။ ဟုတ်တယ်ဆိုရင် သဿတဒိဋ္ဌိဖြစ်မှာ(မှန်ပါ) မဟုတ်ဘူးဆိုတာသာ မှတ်ထားလိုက်ပါ (မှန်ပါ)၊ ဘယ်လို မဟုတ်တာတုန်းဆိုတာတော့ နောက်-လေးချက်စေ့လာတော့ ပေါ်မှာပေါ့....(မှန်ပါ)။

ကိုင်း—ဒါဖြင့် ပဌမ,အချက်က သဿတဒိဋ္ဌိကို ဘုရား ပယ်လိုက်တယ်(မှန်ပါ)ကောင်းပြီ, ဒီသဿတဒိဋ္ဌိပယ်လိုက်ဘာကော ဒကာဒကာမတို့ကြေနပ်ပြီလား(ကြေနပ်ပါတယ်ဘုရား)။ဩော် ဒို့သဏ္ဍာန်လဲ ဒါ-တစ်ပိုဒ်တာဒေသရှိတယ်လို့ မဆိုနိုင်, ဆိုနိုင်.... (ဆိုနိုင်ပါတယ်ဘုရား)။ ဆိုနိုင်ကော့ ဒီ-ဒိဋ္ဌိ ရှိလျက်နဲ့တော့

ဦးခင်မောင်တို့ ဦးဘဒင်တို့က စဉ်းစားရမယ်၊ ဘာဘဲအားထုတ်နေနေ မရဘူး၊ ရပါ့မလား? (မရပါဘုရား)။ ဒါ-သက္ကာယဒိဋ္ဌိက ပွားလာတဲ့ဒိဋ္ဌိကိုဗျ....(မှန်ပါ)။

သက္ကာယဒိဋ္ဌိက အညွှောင့်ထွက်လာတဲ့ဒိဋ္ဌိ(မှန်ပါ)။ ဘာဒိဋ္ဌိလဲ....(သက္ကာယဒိဋ္ဌိပါ ဘုရား)။ " ဣဒံသဋ္ဌိ ဒိဋ္ဌိယော ဥပပဇ္ဇမာနံ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ "ဆိုတော့ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိဟာ သက္ကာယဒိဋ္ဌိ ရေသောက်မြစ်ကပွားတာချည်းဘဲ ဆိုတော့ သက္ကာယဒိဋ္ဌိ ပယ်ရာရောက်သေးသလား? (မရောက်ပါဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိရှိလျက်နဲ့ အားထုတ်နေလို့ရှိရင် ဉာတပရိညာဏ်ကိုက မရှင်းခဲ့ဘူး၊ (မှန်ပါ)။ သိမှုထဲက မရှင်းခဲ့တော့ ပွားမှုကြတော့ သူကဘာခါတည်း သပ်လျှိုပြီးသကာလ ကန့်ကွက်နေတော့တာဘဲ။ မကန့်ကွက်ပေဘူးလား? (ကန့်ကွက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ-ဒကာမတွေ ဒိန္နေ့အလင်းမြင်အောင်လို့ ဒီ-ဒိဋ္ဌိကို အရင်ပယ်ပြီးသကာလ ဦးဝင်း ရှင်းပေးနေတယ်.... (မှန်ပါ)။ ဒိဋ္ဌိဟာလဲ ကိဒလသာအမှောင်ဓာတ်ဘဲ၊ (မှန်ပါ)။ ကဲ-ဒုတိယမေးခွန်းကို ကဿပက ဘယ့်နှယ်မေးတုန်း....(ဒုက္ခ သူတပါးပြုတာလားလို့မေးပါတယ်ဘုရား)။

အေး—ဒုက္ခဟာ သူတပါးပြုတာလားမေးလိုက်တော့ ဘုရားက ဘယ့်နှယ်ဖြေတုန်း (မဟုတ်ပါဘူးလို့ဖြေပါတယ်ဘုရား)။ မဟုတ်ဘူးလို့ ဘုရားကဖြေတော့ အဲဒီလို ဘယ့်နှယ်ကြောင့်

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဖြေရပါလိမ့်မလဲဆိုတာ ဘုန်းကြီးတို့က ကြားဝင်ရမယ်၊ (မှန်ပါ)။ ကြားဝင်တဲ့အခါကြလို့ ရှိရင် ပြုတဲ့လူက တယောက်ခံတဲ့လူက တယောက်ဖြစ်မနေဘူးလား?(မှန်ပါ )။

ပြုတဲ့လူက တယောက်၊ ဟင်-ဒုက္ခတွေကြုံတဲ့လူကတယောက် ဖြစ်နေကြတော့၊ ဒီ-ပုဂ္ဂိုလ်က ဒီတွင်ပြတ်ခဲ့တယ်။ ဒီဘက်နဲ့ သူ လုံးဝမဆက်သွယ်တော့ ဥစ္ဆေဒဒိဋ္ဌိဘက်သွားပြန်တယ်(မှန်ပါ) သူတပါးပြုလို့ ဒုက္ခရောက်ရတယ်ထင်လို့ရှိရင်လဲ ဘာဒိဋ္ဌိလဲ.... (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။ဟင်,ပြုတဲ့လူက တခြားပေါ့ဗျာ(မှန်ပါ) ခံရတဲ့ပုဂ္ဂိုလ်က တခြား၊ ဒုက္ခရတဲ့ပုဂ္ဂိုလ်က တခြားဆိုတော့ ဘာဒိဋ္ဌိဖြစ်သွားပြီလဲ(ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားတယ်၊ ကြည့်စမ်း ဒကာ-ဒကာမတို့၊ ခင်ဗျားတို့ဝမ်းထဲမှာ မသိမသာ အောင်းနေတယ်....(မှန်ပါ)။ အောင်းသလားလို့ ဒကာ,ဒကာမတို့စဉ်းစားကြည့်ပါ(အောင်းပါတယ်ဘုရား)။ အောင်းတယ်၊ ခင်ဗျားတို့ ဒီလိုတရားထူးတရားမြတ်ကို မနာရတော့ဘူးဆိုလို့ရှိရင် ဘယ်လိုဘဲ ပုတီးစိပ်စိပ်, ဘယ်လိုဘဲ ဝိပဿနာအားထုတ် အားထုတ်, ဒီဘက်က မရှင်းခဲ့သေးသရွေ့ကာလပတ်လုံး ကိုထွန်းဦး,ရရိုးထုံးစံရှိရဲ့လား(မရှိပါဘုရား)။ မရှိဘူး၊ ဒိဋ္ဌိမကွာဘဲမရဘူး(မှန်ပါ)။

အဲဒီတော့ ရှင်းသင့် လင်းသင့်တာကိုလဲ ရှင်းမှ သာလျှင် "ဒဿနဋ္ဌော" ဆိုတဲ့ နိဗ္ဗာန်ကိုမြင်မှာဖြစ်နေလို့ ဒဿနဋ္ဌောကို ယနေ့ ရှင်းရှင်းလင်းလင်းဘဲ ဟောချင်လို့ ဒိဋ္ဌိကို မောင်းထုတ်နေတယ်၊ ပေါ်ကြပြီလား?(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋ္ဌမအယူ ယူလိုက်ရင် သဿတဒိဋ္ဌိ၊ ဒုတိယအယူ လိုက်ရင် ဥစ္ဆေဒဒိဋ္ဌိ၊ အင်း-ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တော့ကွာ....သဿတ,ဥစ္ဆေဒ ကြားကအယူကိုယူတယ်(မှန်ပါ)။ သဿတ အယူဆိုတာလဲ မကောင်းဘူး၊ ဥစ္ဆေဒအယူကော.... (မကောင်းပါဘုရား)။ အဲဒီကြားထဲက သွားရမယ်....(မှန်ပါ)။ ငါ ဘုရားအယူက မဇ္ဈိမပဋိပဒါ (မှန်ပါ)။ ဘယ်နှစ်ခုကြားပါ လိမ့်....(နှစ်ခုကြားပါဘုရား)။

သဿတ,ဥစ္ဆေဒတို့၏ကြားထဲမှာ အယူရှိတတ်နေ၁်၊ ဒကာ, ဒကာမတို့၊ ကဲ-တတိယအမေးပုစ္ဆာကတော့ သဿတနှင့်ဥစ္ဆေဒ တို့ ပေါင်းမေးတာတွေပါ(မှန်ပါ)။ မိမိ-သူတပါး နှစ်ဦးသား ပြုတာလားဆိုတော့ ဖြေနေဘို့လိုသေးသလား?(မလိုပါဘုရား) ပဋ္ဌမနဲ့ ဒုတိယ ပေါင်းမေးတာ(မှန်ပါ)၊ စတုတ္ထက အလိုလို ဖြစ်တာလားဆိုတော့ ဒါ-အဟေတုကဒိဋ္ဌိဖြစ်နေတော့ အဟေ တုက ဒိဋ္ဌိမို့ ပယ်တာ ရှင်းပြီလား(မှန်ပါ)။

စတုတ္ထပုစ္ဆာကအလိုလိုဖြစ်တာလားဆိုသဖြင့်သူ့အကြောင်း မရှိဘဲနဲ့ ဖြစ်နေတယ်ဆိုတော့ အဟေတုကဒိဋ္ဌိမို့ ပယ်တာဘဲ (မှန်ပါ)။ ဒါဖြင့် ဒိဋ္ဌိတွေက အကုန်မပယ်ထိုက်သေးဘူးလား?၊ (ပယ်ထိုက်ပါတယ်ဘုရား)။ စတုတ္ထကတော့ သူ့အကြောင်းမရှိ ဘဲနဲ့ အလိုလိုဖြစ်တယ်ဆိုတော့ အဟေတုကဒိဋ္ဌိ မဖြစ်ဘူးလား ဖြစ်သသား?(ဖြစ်ပါတယ်ဘုရား)။အကြောင်းမရှိဘဲနဲ့ဖြစ်တယ် လို့ သူယူလိုက်တယ်(မှန်ပါ)။ ဒါ-ဘာဒိဋ္ဌိတုံး (အဟေတုကဒိဋ္ဌိ ပါဘုရား)။ ဒါဖြင့် ဒိဋ္ဌိတွေ ခင်ဗျားတို့အကုန်ပယ်ရင်တော်တာ ဘဲဆိုတာတော့ ရိပ်မိကြပြီလား?(ရိပ်မိပါတယ်ဘုရား)။

အင်း-ကဿပက ဒါဖြင့်"ရှင်ကြီးဂေါတမ သယ့်နှယ်ယူရမှာ တုန်း၊ ယူပုံသာရှင်းပါတော့၊ ဒုက္ခလဲရှိတယ်" လို့ ပြောတယ်။ ဒုက္ခလဲသိတယ် ရှိတာနဲ့ သိတာကို ရှင်းအောင်သာပြောပါတော့ ကျုပ်တော့ဖြင့် ဘယ့်နှယ်နည်းနဲ့မှ မတတ်နိုင်တော့ဘူးလို့ ပြောတယ် (မှန်ပါ)။

ပထမအယူ ယူရင် ဘာဒိဋ္ဌိ....(သဿတဒိဋ္ဌိပါဘုရား)။ ဒုတိယ အယူ ယူရင်ကော (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။ တတိယအယူ ယူရင် ကော....(သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။ သဿတ, ဥစ္ဆေဒ အရောတွေပြောနေတယ်....(မှန်ပါ)။ စတုတ္ထအယူ ယူရင်ကော (အဟေတုကဒိဋ္ဌိပါဘုရား)။ အကုန်ဒိဋ္ဌိချည်းဘဲ(မှန်ပါ)။ဒကာ ဒကာမတို့ မဂ်ဖိုလ်တားတဲ့ဒိဋ္ဌိတွေချည်းဘဲ၊ သဘောကျပြီလား၊ (မှန်ပါ)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဘုန်းကြီးက ချီးမြှောက် ပြီးသကာလ ခင်းဗျားတို့ပြောတယ်လို့ မအောက်မေ့နဲ့၊ ဒါ– ကျကျနန နားလည်သွားလို့ရှိရင်ဖြင့် ဒီဘဝ မဂ်ဖိုလ်ရထိုက်တဲ့ ပုဂ္ဂိုလ်အစစ်ဖြစ်ပြီ(မှန်ပါ)။ နားလဲနားလည်မှာပါဘဲ၊နားလည် အောင်လဲ ပြောမှာဘဲ(မှန်ပါ)။ ဦးဘကြည် ဒါ-နားလည်ပြီးရင် မဂ်ဖိုလ်ရထိုက်တဲ့ ပုဂ္ဂိုလ်အစစ်ဖြစ်ပြီ၊ ဒါဖြင့်-လေးချက်ပယ်ပုံ သဘောကျပြီလား?(သဘောကျပါတယ်ဘုရား)။

ဒါဖြင့်-ရှင်ကြီးဂေါတမ ဒုက္ခမရှိဘူးလားမေးတော့ ရှိတယ်၊ ဒုက္ခမသိဘူးလားမေးတော့လဲ သိတယ်ဆိုတော့ ရှိဘာနဲ့ သိတာ ရှင်းလင်းပြီးသကာလ ဒုက္ခ ဘယ်ကလာတယ်ဆိုတာသာ ပြော

ပါတော့၊ သူတော့ဖြင့် မတတ်နိုင်တော့ဘူး၊ မေးစရာလဲအကွက် မရှိတော့ဘူးဆိုတော့ ဒုက္ခဟာဒီလိုပါ"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတော့ အဝိဇ္ဇာတွေ သင်္ခါရတွေကြောင့်ဖြစ်တာ၊ သဘောကျ ပြီလား? (မှန်ပါ)။ ဦးဘကြည့်, "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"မို့ အဝိဇ္ဇာ သင်္ခါရကြောင့် မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ် ဘုရား)။

မယုံရင် ရှုတ်ကြည့်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဆုံးမှာ ဒုက္ခက္ခန္ဓဿ,မရှိဘူးလား?(ရှိပါတယ်ဘုရား)။ အဝိဇ္ဇာပစ္စယာ သင်္ခါရာကိုဆုံးအောင်ရွတ်ကြည့်၊ ဒကာ-ဒကာမတို့ ဘာတွေမယ် ထင်သလဲ?(ဒုက္ခက္ခန္ဓဿပါဘုရား)။ ဒုက္ခက္ခန္ဓဿဆိုတာ မြန်မာ လို ပြောတော့ ဘာတုန်း(ဒုက္ခအစုပါ ဘုရား)။

အဲဒီဒုက္ခအစုကြီးဟာခင်ဗျားတို့အဝိဇ္ဇာသင်္ခါရနဲ့မဆက်သွယ် ဘူးလား,ဆက်သွယ်သလား?(ဆက်သွယ်ပါတယ်ဘုရား)။ဒါဖြင့် သဿတကော မလွတ်ဘူးလား? (လွတ်ပါတယ်ဘုရား)။ သူက ပုဂ္ဂိုလ်နဲ့မေးတာ(မှန်ပါ)။ ဒီက-ဓမ္မနဲ့ဖြေထားတာ(မှန်လှပါ ဘုရား)။ ဦးဘကြည့်,သူက-ဘာနဲ့မေးတုန်း (ပုဂ္ဂိုလ်နဲ့မေးတာ ပါ ဘုရား)။ ပုဂ္ဂိုလ်နဲ့မေးတယ်၊ ဒီက ဒုက္ခရှိတာကို ငါပြောပြ ရလို့ရှိရင် အဝိဇ္ဇာ သင်္ခါရတွေကြောင့် ဖြစ်နေတဲ့ဒုက္ခ (မှန်ပါ)။ မသိလို့ဖြစ်ရတဲ့ဒုက္ခ,ရှင်းကြပြီလား?(မှန်ပါ)။

ဒကာ-ဒကာမတွေ အို,နာ, သေ,မွဲ,ကွဲ, သောက,ပရိဒေဝ, ဒုက္ခတွေ တွေ့ရတာ ဘာဖြစ်လို့ (မသိလို့တွေ့ရတာပါဘုရား)။ မသိလို့တွေ့ရတာ,မသိတာဘယ်သူ့တုန်းလို့မေးစမ်းပါ(အဝိဇ္ဇာ ပါ ဘုရား)။ ဩော်-သူ့ဒဏ်ချက် ဘယ်သူ့လုပ်တာမှမဟုတ်ဘူး

(မှန်ပါ)။ ဘယ်သူက ဒီဒုက္ခတွေဖြစ်အောင်လုပ်တုန်း (အဝိဇ္ဇာ ပါဘုရား)။ ရှင်းပြီလား?(မှန်ပါ )။

အင်း-ဒါဖြင့် ဒကာ-ဒကာမတွေ ကံမကောင်း အကြောင်း မသင့်လို့ တွေ့ရတဲ့ဒုက္ခလား(မဟုတ်ပါဘုရား) ဟင်-ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတဲ့ဒုက္ခလားဘယ့်နှယ်ကြောင့်ပါလိမ့် (အဝိဇ္ဇာကြောင့်ပါဘုရား)။ ကံနဲ့ ဘာမှမဆိုင်ဘူး၊ အဝိဇ္ဇာ အကြောင်းခံထားသေးတယ်(မှန်ပါ)။

အဝိဇ္ဇာဟာ ကိုထွန်းဦး, လက်သယ်အစစ်ဆုံးဘဲ၊ ရှင်းကြပြီ လား?(ရှင်းပါပြီဘုရား)။ ခင်ဗျားတို့ အခုတွေ့ကြုံရတဲ့ဒုက္ခတွေ ဘယ်သူ့ကြောင့်ပါလိမ့်(အဝိဇ္ဇာကြောင့်ပါဘုရား)။ အင်း-မိမိ ပြုခဲ့တာလဲ မဟုတ်ပါဘူး၊ သူတပါးပြုတာရော(မဟုတ်ပါဘုရား) မိမိ သူတပါး နှစ်ဦးသားပြုတာရော(မဟုတ်ပါဘုရား)။ အလိုလို ပေါ်တာကော....(မဟုတ်ပါဘုရား)။ ဘယ်သူ့ကြောင့်ပါလိမ့် (အဝိဇ္ဇာကြောင့်ပါဘုရား)။

သြော်-ခင်ဗျားတို့မသိမှုအဝိဇ္ဇာကြောင့်တကျာကဆုတောင်း (မှန်ပါ)အဝိဇ္ဇာက လူ့ပြည်ဟာကောင်းပါတယ်ဆိုပြီးသကာလ အိုဘေး နာဘေးတွေ ဖုံးပြီးသကာလ အပျိုအရွယ်လေးပိုင်းကို ထုတ်ပြလိုက်တယ် (မှန်ပါ )။ အဲဒါ-အဝိဇ္ဇာက တပိုင်းကိုပြပြီး တော့၊ တပိုင်းကို ဖုံးထားတယ်။ မဖုံးဘူးလား? (ဖုံးပါတယ် ဘုရား)။ ခုနက တောင်ဝှေးထောက်, မျက်မှန်တပ်ပြီးသကာလ သွားသမီးမှုန်း, အမျှားမှုန်းကိစ္စတွေကိုဖုံးပြီး ငယ်ငယ်ရွယ်ရွယ် နဲ့ ပျိုပျိုရွယ်ရွယ်နဲ့ သွားလာပျော်ရွှင်နေတာတွေ ဖေါ်ပြ လိုက်တာ၊ ဒါ-ဘယ်သူ့သတ္တိထင်တုန်း(အဝိဇ္ဇာပါဘုရား)။

အဲဒီတော့ တဏှာကလဲ သူကဘာပိုင်းကောင်းပြီး, တပိုင်းပြ ထားတော့ တဏှာကလဲ ဒီ-ပျိုပျိုရွှယ်ရွှယ်ဖြစ်နေတဲ့အချိန်လေး သူကကြိုက်လိုက်တာ. မကြိုက်ဘူးလား(ကြိုက်ပါတယ်ဘုရား) ကြိုက်လိုက်တဲ့အခါကြတော့ကို ဒီဒုက္ခကြီးကအစဉ်ရှောက်တော့ တွေ့ရမှာလား မတွေ့ရဘူးလား?(တွေ့ရမှာပါဘုရား)။တွေ့ရမှာ ဆိုသဖြင့်၊ သြော်-အဝိဇ္ဇာတို့ သင်္ခါရတို့ တဏှာတို့ဆိုတဲ့ ပဋိစ္စ သမုပ္ပါဒ် ဒဏ်ချက်ဘဲမှတ်ပါ၊ (မှန်ပါ)။ ဦးဘကြည်, ဘယ်သူ့ ဒဏ်ချက်လဲ (ပဋိစ္စသမုပ္ပါဒ်ဒဏ်ချက်ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ အတွင်းမှာလဲ သူ့ဒဏ်ချက်တော့ဖြင့် အကုန်ဒုက္ခမျိုးစုံ သူပေးတာဘဲဆိုတာဟာ ပုဂ္ဂိုလ်သတ္တဝါကလုပ်ထားတာတခုမှ မပါဘူး(မှန်ပါ)။

အဝိဇ္ဇာ သင်္ခါရကလုပ်တာချည်းလို့ ဆုံးဖြတ်ချက်ချ(မှန်ပါ) ဦးဝင်း,ဘယ်သူလုပ်တာလဲ(အဝိဇ္ဇာ သင်္ခါရလုပ်တာပါဘုရား)၊ ကံမကောင်း အကြောင်းမသင့်လို့ မဆိုပါနဲ့၊ (မှန်ပါ )။ လက် သယ် အရင်းကျကျရှာချင်တော့ဖြင့် အဝိဇ္ဇာဘဲဆိုတာ သဘော ကျပြီလား?(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ သဿတ ဥစ္ဆေဒကော ရှင်းပြီလား?(မှန်ပါ)။ ဒါဖြင့် ခုနက လေးခုစလုံးကို ဘုရားက တခုဘည်းနဲ့ မဖြေလိုက်ဘူးလား? (ဖြေလိုက်ပါတယ်ဘုရား)။ ဖြေလိုက်ပါတယ်၊ဘယ်သူ့ကြောင့်လို့ ဖြေလိုက်သတုန်း(အဝိဇ္ဇာ ကြောင့်ပါဘုရား)။ အဝိဇ္ဇာကြောင့်ဆိုတော့ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဇာတိ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ”ဆိုတော့ ဒီဒုက္ခ၏ရေသောက်မြစ်ဟာ

အဝိဇ္ဇာဘဲဆိုတာ ယနေ့ ဒကာ, ဒကာမတွေ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

အဝိဇ္ဇာဟာ မသိတာ၊ မသိတာ ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား)။ မသိတော့ဘာတွေရကြသလဲ(ဒုက္ခရကြပါတယ်ဘုရား) သြော်-မသိတာ ဒုက္ခရတယ်၊ ခင်ဗျားတို့ ဒီဘဝမှာ မသိသေးဘူးဆိုရင် ဒုက္ခရကြမယ်၊ ဒါဖြင့် ဒုက္ခတွေကိုသိလို့ရတာလား, မသိလို့ ရတာလား?(မသိလို့ရတာပါ ဘုရား)ဒါဖြင့်သိလို့ရှိရင်လဲ မရပါဘူး(မှန်ပါ )။မသိလို့ရတာ။ သိရင်လဲမရပါဘူး(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဒုက္ခသိတာက ဝိဇ္ဇာ ... (မှန်ပါ)။ ဒုက္ခမသိတာက အဝိဇ္ဇာ၊ မရှင်းသေးဘူးလား?(မှန်ပါ)။ ဒုက္ခဟာ သိလို့ရတာလား,မသိလို့ရတာလား?(မသိလို့ရတာပါဘုရား) သိရင်....(မရပါဘုရား)။သြော်-သိရင်တော့မရတော့ဘူးဆိုတော့ ဝိဇ္ဇာဖြစ်ရင် မရတော့ဘူး၊ အဝိဇ္ဇာရှိနေရင်....(ရမှာပါဘုရား)။ ရအုံးမှာဘဲဆိုတော့ သူ့လက်ချက်ဘဲ၊ ဒီလေးခုအကြောင်းနဲ့ ဘာမှမဆိုင်ဘူး....(တင်ပါ)။ ဦးဘကြည့် ဆိုင်သေးရဲ့လား?၊ (မဆိုင်ပါဘုရား)။ ဘယ်သူ့လက်ချက်ပေါ်လာသလဲ (အဝိဇ္ဇာလက်ချက်ပါဘုရား)။ ကြေနပ်ကြပြီလား?(မှန်ပါ)။

ဒါဖြင့် ဒကာ-ဒကာမတို့၊ ဒီ-အဝိဇ္ဇာချုပ်ဘို့ကို ဘုန်းကြီးတို့နေ့တိုင်းဟောနေတယ်။ အားလုံး ဒကာ-ဒကာမတွေသိကြမှာဘဲ ဒုက္ခသစ္စာကို အဓိကထားပြီးဟောခဲ့တဲ့ရက်ပေါင်း ဦးဘကြည် မနဲပါဘူးနော်(မနဲပါ ဘုရား)။ ဒုက္ခသိမှု, ဒုက္ခသိမှုဆိုပြီး ဟောလိုက်တဲ့ဖြစ်ခြင်း ဒကာ-ဒကာမတွေ ရက်ပေါင်းများစွာ ဟောတယ်နော်....။

အဲဒီတော့ ဒါက ဒုက္ခကို ခင်ဗျားတို့က နာတဲ့အတိုင်း ခန္ဓာကိုယ် ကြည့်လိုက်တိုင်း သိသွားတဲ့အခါကြတော့ အဝိဇ္ဇာလား ဝိဇ္ဇာလား?(ဝိဇ္ဇာပါဘုရား)။ ဒါဖြင့်-"ဝိဇ္ဇာဉဒပါဒိ"ဆိုတော့မှ အာလောကောဥဒပါဒိဖြစ်မယ်၊ သဘောကျပြီလား?(မှန်ပါ)။ "ဝိဇ္ဇာဉဒပါဒိ"ဖြစ်မှ ဘာတုန်း (အာလောကောဥဒပါဒိဖြစ်မှာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို ဦးဘကြည်ရေ အာလောကဖြစ်မှမြင်မယ် (မှန်ပါ)။ အာလောက မဖြစ်သေးလို့ရှိရင် မမြင်ပါဘူး။ ဒသာနဉ္စော မြင်နိုင်ပါ့မလား?(မမြင်နိုင်ပါဘုရား)။ သဘောကျပြီလား?(မှန်ပါ)။ အင်း-ဒုက္ခသိရင်ဘာပါလိမ့်(ဝိဇ္ဇာပါဘုရား) ဒါဖြင့်-ဝိဇ္ဇာဖြစ်လာတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာမှာ ဝိဇ္ဇာဉဒပါဒိ တွင် မရပ်တော့ဘူး၊ ကိုထွန်းဦး-ရ, (မှန်ပါ)။ ဘာလာပြည့်စွက်လိုက်သလဲ(အာလောကောဥဒပါဒိပါဘုရား)။

ခြော်-ခင်ဗျားတို့ ဉာဏ်ရောင်အလင်းသဲရပြီဆိုတော့ ဉာဏ်လင်းလာပြီ၊ ဉာဏ်ကြည်လာပြီဘိုလို့ရှိရင်ဖြင့် ဦးဘကြည်က စဉ်းစား၊ နေပန်း လဂန်းကဲ့သို့ရှိတဲ့နိဗ္ဗာန် မြင်ထိုက် မမြင်ထိုက် (မြင်ထိုက်ပါတယ်ဘုရား)၊ ဒီဉာဏ်သည် အဖုံးမရှိဘဲနဲ့ အာလောက လင်းကြည်လာပြီး မျက်လုံးကြည်သလို ကြည်လာမယ်ဆိုရင်ဖြင့် ဒကာ-ဒကာမတွေဘဲ စဉ်းစားပါတော့။ ကျန်ရှိတဲ့ နိဗ္ဗာန် တွေ့ရ မတွေ့ရ၊ (တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့ အလင်းဝိဇ္ဇာ အာလောကဥဒပါဒိဖြစ်လို့၊ ရှင်းပြီလား?(မှန်ပါ)။ အာလောကဆိုတာ အင်း-အကြည်ဓါတ်ကြီးရလို့ ဒကာ-ဒကာမတွေ ဘာမြင်ရသတုန်း (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဒုက္ခမြင်ရင် ဦးဘကြည့်နိဗ္ဗာန်ဘဲ၊ (မှန်ပါ)။ ဒုက္ခမမြင်သေးရင် နိဗ္ဗာန်မမြင်ပါဘူး။

ဒါဖြင့် ဒကာ-ဒကာမတို့ သစ္စာလေးချက် တပြိုင်နက်မြင်ရတယ် ဆိုကတည်းက ဒုက္ခလဲ သူမြင်တာဘဲ မဟုတ်ဘူးလား?၊ (မှန်ပါ)။ ဒါ-ဒုက္ခ အစစ်ဘဲလို့ သူ-ပိုင်းခြားသော အားဖြင့် မမြင်လား?(မြင်ပါတယ်ဘုရား)။ ဒါ-သမုဒယဘဲလို့ ပယ်ဘို့ရာလဲ မမြင်လား?(မြင်ပါတယ်ဘုရား)။

အေး—ဒါ နိရောဓဘဲလို့ ဉာဏ်နဲ့တိုက်ရိုက်မမြင်လား?(မြင်ပါတယ်ဘုရား)။ ဒီဉာဏ်သည် သာမည ဉာဏ်လား၊ ပွားများဖန်များလို့ မြင်တဲ့ဉာဏ်လားလို့မေး၊ (ပွားများပါများလို့ မြင်တဲ့ဉာဏ်ပါဘုရား)။

ဒါဖြင့်- "အာလောကောဥဒပါဒိ" အာလောကော-ဉာဏ်အလင်းသည်၊ ဥဒပါဒိ-ဖြစ်၏၊ ဉာဏ်ကြည်လာပြီ....(မှန်ပါ)။ ဦးဘကြည့်, ဘယ်နှယ်ဆိုမယ်....(ဉာဏ်ကြည်လာပါပြီဘုရား)။ ဉာဏ်ကြည်ရင် ဘာမြင်မတုန်း(နိဗ္ဗာန်မြင်မှာပါဘုရား)၊ ဒါဖြင့် ဒီဥစ္စာ ဒုက္ခကိုထည့်ပြီးသကာလ ဟောရခြင်းသည် ဒကာ,ဒကာမတို့ ဒိဋ္ဌိနှစ်ခုကိုလဲ သေစေချင်တယ်၊ ဉာဏ်လဲကြည်စေချင်တယ် ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိကဲ ဘယ်ဒိဋ္ဌိသေတုန်း? (သဿတ, ဥစ္ဆေဒ, အဟေတုက ဒိဋ္ဌိတွေပါဘုရား)။ အဲဒါ တွေ မသေဘူးလားဗျာ၊(သေပါတယ်ဘုရား)။ ဒီတော့သူသေသွားတော့ ကြြာ-ဒီဒုက္ခဘယ်သူကြောင့်ဖြစ်ပါလိမ့်မတုန်းလို့ဆိုတော့ ခင်ဗျားတို့ တွေးမိကြပြီလား?၊ (တွေးမိပါတယ်ဘုရား)။ ဘယ်သူကြောင့်လဲ (အဝိဇ္ဇာကြောင့်ပါဘုရား)။

ဪ-အဝိဇ္ဇာကြောင့် ဥဒပါဒိဖြစ်လို့ ခင်ဗျားတို့ ဒုက္ခကို ဒုက္ခလို့ အမှန်အကန်မြင်နိုင်တာဘဲ။ အဝိဇ္ဇာကြောင့်ဘဲလို့ဆိုတဲ့ ဥစ္စာ သူ့ကို သက်ညှိုးထိုးနိုင်တာလဲ သူ့ကိုမြင်လို့ ဖမ်းနိုင်တာဘဲ၊(မှန်ပါ)။မမြင်ရင် မဖမ်းနိုင်ပါ ဘူး။ ဒါဖြင့် အာလောကော ဥဒပါဒိ....(မှန်ပါ)။ ဝိဇ္ဇာဥဒပါဒိဆိုတာ အဝိဇ္ဇာဖမ်းနိုင်တယ်၊ (မှန်ပါ)။ အဝိဇ္ဇာဖမ်းနိုင်တဲ့ ဒုက္ခတွေကော သူမသိဘူးလား?၊ (သိပါတယ်ဘုရား)။

ဒါဖြင့် အာလောကဆိုတဲ့ ဉာဏ်မျက်လုံးကြီးကော ကြည် မလာဘူးလား?(ကြည်လာပါတယ်ဘုရား)၊ ပေါ်ကြပြီလား?၊ ပေါ်ပါပြီဘုရား)။ ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ အာ လောကဆိုတဲ့ ဉာဏ်မျက်လုံးကြည်ဘို့ရာ ခင်ဗျားတို့ ယနေ့ည ပြောရမှာဘဲ၊ ဒိဋ္ဌိနှစ်ခုပယ်တာကော၊ ကြေနပ်ပြီလား (ကြေနပ် ပါတယ်ဘုရား)။ ဒိဋ္ဌိနှစ်ခုက ဘာဒိဋ္ဌိပါလိမ့်(သဿတနှင့်ဥစ္ဆေဒ ပါဘုရား)။ သူတို့နှစ်ခု ပယ်လိုက်ရင် အဟေတုကဒိဋ္ဌိ အလိုလို ပါသွားတယ်၊ သဘောကျပြီလား?(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့၊ အာလောကဆိုတာ သည် တခြားအောက်မေ့တယ်၊ ဘယ်အခါကာလမှ မမြင်ဘူး တာကို မမြင်နိုင်ရင် အာလောကဘဲ ဦးဘကြည်ရ....(မှန်ပါ )။ ဘယ်တော့မှ မမြင်ဘူးတာကိုမြင်ရင်....(အာလောကပါဘုရား) အနမတဂ္ဂသံသရာက အိပ်မက်မှ မမြင်မက်ဘူးတာမဟုတ်လား၊ (မှန်ပါ)။ မယုံရင် ခင်ဗျားတို့စဉ်းစားကြည့်ပါ။ ကိုယ့်ကိုယ်ဟာ ဒုက္ခသစ္စာ အစုကြီး ဆိုတာ ဒကာ-ဒကာမတို့ ဘုန်းကြီး အစ ကတည်းက ပြောခဲ့ပါတယ်၊(မှန်ပါ)။

ခန္ဓာကိုယ်ကြီးက ဘာသစ္စာတဲ့တုန်း(ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာတွေဖြစ်ပေမဲ့လဲ ခင်ဗျားတို့ ဩော်-ဒါကြီး မှန်ထဲမှာဘဲ ကြည့်ကြည့်, ဘယ်ထဲမှာဘဲ ကြည့်ကြည့်, ဒုက္ခသစ္စာကြီးပါလား၊လို့ ဘယ်တော့မှမထင်ဘူး။ထင်ရဲ့လား?(မထင်ပါဘုရား) မထင်ဘူး....။

အင်း—ဒုက္ခသစ္စာကို ဘယ်တော့မှ မထင်ခဲ့တော့ "အာလောကော ဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ"ဘယ်တုန်းကဖြစ်ခဲ့တုန်းလို့ မေးဘို့မလိုတော့ဘူး(မလိုပါဘုရား)။ ဘယ်တုန်းကမှ ဝိဇ္ဇာမဖြစ်ခဲ့ဘူး၊(မှန်ပါ)။ ဖြစ်ခဲ့ကြရဲ့လား?(မဖြစ်ပါဘုရား)။ ဘာပြုလို့တုန်း ပုဂ္ဂိုလ်ကြည့်တိုင်း ကြည့်တိုင်း ဩော်-ဒုက္ခသစ္စာကြီး၊ ဩော်-ဒုက္ခသစ္စာကြီး၊ ဘယ်ဟော့ ဝဋ်ကျွတ်ပါမတုန်းလို့ ခင်ဗျားတို့သည် ဘဝများစွာ သံသရာက ဒီအသံမျိုး ထွက်ဘူးရဲ့လား?၊ (မထွက်ဘူးပါဘုရား)။ ဦးခင်မောင်ကော....( မထွက်ဘူးပါဘုရား)။

မထွက်ဘူးဘူးနော်၊ ဩော်-သူသည်ကားလို့ဆိုလို့ရှိရင် ဒုက္ခသစ္စာကြီးက မထွက်ဘူးတော့ သူ့ဖြစ်ကြောင်းကလဲ သမုဒယသစ္စာလို့ကော ဉာဏ်ရောင်လင်းပြီး တွေ့ရဲ့လား? (မတွေ့ပါဘုရား)။ ဟင်-သစ္စာလေးပါး အနက် နှစ်ပါးစလုံးမတွေ့ဘူး၊ (တင်ပါ)။

ဒါဖြင့် နိရောဓသစ္စာဆိုတဲ့ ဥစ္စာ ဒီ-ဒုက္ခချုပ်မှ နိရောဓသစ္စာဆိုက်မှယ်၊ ဘယ့်နှယ်တုန်းတွေးမိကြရဲ့လား?( တွေးမိပါတယ်ဘုရား)။ ဘဝများစွာ သံသရာက ဘယ်တော့မှမလာခဲ့ဘူး၊

ရိပ်မိကြပြီလား?(ရိပ်မိပါတယ်ဘုရား)။ ဒါဖြင့် ဒီမျက်လုံးဟာ အဲလင်းရောင် ဘယ်အခါကာလမှ မရခဲ့ဘူးပေါ့၊မဟုတ်ဘူးလား (မှန်ပါ)။

ဒါဖြင့် ကန်းတဲ့ပုထုဇဉ်လို့ ဘုရား ဆိုလိုက်တယ်၊(မှန်ပါ)။ ဒါဖြင့် ကန်းတဲ့ ပုထုဇဉ်ပါလို့ ဆိုလိုက်တော့ ဘယ်လောက် ကြာကြာကန်းခဲ့တာတုန်းလို့မေးရင် တသံသရာလုံး ကန်းခဲ့ရ တယ်၊(မှန်ပါ)။ ဘယ်တော့မှ မျက်လုံးမလင်းခဲ့ဘူး(မလင်းခဲ့ပါ ဘုရား)။ ဝိဇ္ဇာမျက်လုံး ဘယ်တော့ရခဲ့သတုန်း(မရခဲ့ပါဘုရား) ဝိဇ္ဇာမျက်လုံး ဘယ်တော့မှ မရခဲ့ဘူးဆိုတော့ ကျုပ်တို့ သံသရာ ထဲမှာ ဘယ်လိုသွားလာနေခဲ့ကြတုန်းဆိုရင်ကျင်းမှန်းမသိ, ချိုင့် မှန်းမသိ, မီးပုံမှန်းမသိ, ကျင်ကြီးပုံမှန်းမသိ, ရှောက်သွားနေ တယ်၊ မသွားဘူးလား?(သွားပါတယ်ဘုရား)။

တခါတလေလဲ ကျင်ကြီးပုံ့, နောက်ချေးပုံထဲမှာ ချေးပိုးထိုး ဖြစ်ချင်လဲဖြစ်သွားလိုက်တာဘဲ၊ (မှန်ပါ)။ ဒကာ,ဒကာမတွေ ဝိဇ္ဇာမျက်လုံးဆိုတာ မရတော့ ကန်းတယ်လို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့သည် သံသရာထဲ နောက်တုန်းက ဘယ်လိုနေခဲ့ရပါလိမ့်မတုန်း. သံသရာဟာစာသံ ပါတယ်၊(မှန်ပါ)။

ဒီဘဝဟိုဘက်ကဟာတွေ ရှောက်ကြည့်တော့ ကျင်းမှန်းမသိ ချိုင့်မှန်းမသိ,ကျင်ကြီးပုံမှန်းမသိ, နွားချေးပုံမှန်းမသိ, ရေတွင်း မှန်းမသိ,ရေကန်မှန်းမသိတွေကရာဦးတည်ရာသွားနေတာဘဲသာ ဆုံးဖြတ်ချက်ချ၊(မှန်ပါ)။ ဘယ်လိုဘိုကြမယ် (ဦးတည်ရာ သွား နေပါတယ်ဘုရား )။ ဩော်—ကြောက်စရာကောင်းလိုက်တာ

ဦးဘကြည့်ဘာဖြစ်လို့ ဦးတည်ရာသွားနေတာတုန်း....(နောက်တုန်းက ကန်းနေလို့ပါ ဘုရား)။

ဒကာ-ဒကာမတို့ နောက်တုန်းက ပေါ်ကြပြီလား? (ပေါ်ပါပြီဘုရား)။ နောက်တုန်းက ဘာဖြစ်နေသလဲ?(ကန်းနေတယ်ဘုရား)။ ကန်းတော့ ဘယ်လိုများသွားခဲ့ကြတုန်း (ဦးတည်ရာသွားပါတယ်ဘုရား)။လမ်းမှာ တီကလေးတကောင် ခင်ဗျားတို့အိမ်နားဆီ ဘယ်နားဆီ မိုးကျတဲ့အခါမြင်ပါလိမ့်မယ်(မှန်ပါ) ဒီဘက်သွားချင်လဲ သွားလိုက်တာဘဲ၊ ဒီဘက်က ပုတ်သင်ညိုတွေကြက်တွေ စားမဲ့သတ္တဝါတွေက ဘယ်လိုဘဲ စောင့်နေပေမဲ့သွားမှာဘဲ၊(မှန်ပါ)။

ဟိုဘက်က စားမည့်သတ္တဝါတွေ ဘာတွေ စောင့်နေကော (သွားမှာပါ ဘုရား)ဘယ့်နှယ်ကြောင့်တုန်း (ကန်းနေလို့ မြင်အားမသန်လို့ပါဘုရား) ကန်းလောက်အောင် မြင်အားမသန်တော့ သူများစားမယ်လို့စောင့်နေတဲ့ရန်သူရှိတဲ့နေရာမှအတင်းတိုးပြီးသေပွဲဝင်လိုက်တယ်(မှန်ပါ)ဒီကနေ့ပဋိသန္ဓေနေပြန်တော့ အကန်းဘဲပြန်ဖြစ်တယ်။ အကန်းဘဲပြန်ဖြစ်တော့ သေပွဲချည်းဝင်နေတာဘဲ၊(မှန်ပါ)။ ဦးဘကြည့်ဘာဖြစ်နေတုန်း....(သေပွဲချည်း ဝင်နေပါတယ်ဘုရား)။

တော်လောက်ပြီထင်တယ်၊ အကန်းပါးမဝကြသေးဘူးလားလို့ မေးလိုက်တယ်၊ မေးသင့် မမေးသင့်....(မေးသင့်ပါတယ်ဘုရား)။ ဒကာ-ဒကာမတွေက ဘုန်းကြီးတရားက သိပ်ကြမ်းတာဘဲလို့ဆိုချင်ဆိုမယ်(မှန်ပါ)။ ဘုန်းကြီးပြောတာက တခွန်းရှိသေးတယ်၊ ခင်ဗျားတို့ကန်းတာက အကြိမ်များပြီ၊ရိပ်မိကြပြီလား?(မှန်ပါ)။

ဘုန်းကြီးကပြောတာ တခွန်းတည်းပါ၊ ကန်းလာတဲ့အကြိမ်ပေါင်းက ဘယ်လောက်များလဲ(များပါတယ်ဘုရား) အင်မတန်များနေပြီဆိုတော့ ဩော်-မေးတာက နည်းသေးတယ်ကိုထွန်းဦး (မှန်ပါ)ဒကာ-ဒကာမတွေသဘောကျပြီလား(ကျပါပြီဘုရား) ဒါဖြင့်အကန်းပါးမဝသေးဘူးလားလို့မေးတယ်၊ဘယ်နှယ်တုန်း မဝလောက်သေးဘူးလား?(ဝပါပြီဘုရား)။ ရှေ့ဆက်ကန်းချင်သေးသလား?(မကန်းချင်ပါ ဘုရား)။

အင်မတန်ကြောက်စရာကောင်းတယ် (မှန်ပါ)။ တသံသရာလုံးမှာ ဒီတခါဘဲ ခင်ဗျားတို့ တွေ့တယ်လို့မှတ်ထား(မှန်ပါ)။ တွေ့ကိုမတွေ့ခဲ့ဘူး၊ တွေ့ခဲ့ရင် ခင်ဗျားတို့ ကျွတ်ကန်းဝင်ခဲ့ပြီဘဲ၊ (မှန်ပါ)။ သူသာဝိဇ္ဇာဖြစ်တဲ့ဟာနေ့ သောတာပန် စတည်တာဘဲ (မှန်ပါ )။ခုနကဆင်ကန်းကောတိုးအလုပ်တွေလုပ်သေးရဲ့လား (မလုပ်ပါဘုရား)။

အဲဒီတော့ခုမှတွေ့တယ်ဆိုတာကောမသေချာဘူးလား(သေချာပါတယ်ဘုရား)အဲဒီတော့ခုမှတွေ့တာခင်ဗျားတို့လက်မလွှတ်နဲ့ မြန်မြန် ဒီအလင်းရောင်ရအောင် ဒုက္ခကိုမြင်အောင်ကြည့်၊ (မှန်ပါ)။တသံသရာလုံးက မိုက်လာတာ ခုမှ-အလင်းလေးတွေ့တဲ့ ဥစ္စာကို ဒီအလင်းလေး လက်လွှတ်သွားလို့ ပြန်မိုက်သွားရင် ခက်တယ်(မှန်ပါ)။မခက်ပေဘူးလား?(ခက်ပါတယ်ဘုရား)။

အဲဒကာဒကာမတို့ ခင်ဗျားတို့က တယူသန်နဲ့ပြောမှာပေါ့ဗျ (မှန်ပါ)။ မအားတာနဲ့၊ မလပ်တာနဲ့၊ ကိစ္စက မပြီးတာနဲ့ ဘာတွေ ရှောက်ပြောနေတယ်မပြောတတ်ဘူး၊ ကန်းစရာအရေးဆိုတော့ တခါတည်း ဘေးကနေ ကာခါ ဆီးခါနဲ့ ကန်းပါရ

စေအုံးဆိုတာနဲ့ အဘူဘူဖြစ်နေရတယ်၊ မဆိုထိုက်ဘူးလား, ဆိုထိုက်သလား?(ဆိုထိုက်ပါတယ်ဘုရား)။ ဒါဖြင့် ဆင်ခြေလဲတာ ဘယ်အကျိုးငှါ လဲကြပါလိမ့်(ကန်းတို့လဲတာပါဘုရား)။ ကန်းပါရစေအုံးဘုရား။

ဒကာ-ဒကာမတွေ တရားအားထုတ်တဲ့အခါဒီနေ့အားမထုတ်ဖြစ်ဘူးလို့ဆိုလို့ရှိရင်ဖြင့် ခြေဘ်-ဒို့ကန်းရတာ အားမရသေးတဲ့အတွက် ကန်းသက်ရှည်အောင် သူပြောတဲ့စကားပါ၊(မှန်ပါ)။ ဒီပြင်ဘာဆိုစရာရှိသေးတုန်း(မရှိပါဘုရား)နာအောင်ပြောတာလား,အဟုတ်အမှန်ပြောတာလား (အဟုတ်ပြောတာပါဘုရား) အဲ-အဟုတ်ပြောတာဖြစ်နေတော့ ခင်ဗျားတို့က အင်း-တော်ပြီ, ကန်းသက်ရှည်ခဲ့လှပြီ၊ ဒီတခါ အလင်းရလို့မှ ဒို့က-ခိုင်မြဲတဲ့ နိဗ္ဗာန်ကိုမတက်မိလို့ရှိရင်ဖြင့် ဦးဘကြည်, နောက်လဲ အမှန်သွားအုံးမှာဘဲ၊(မှန်ပါ)။

ကန်းလက်စ သတ်ပါ့မလား?(မသတ်ပါဘုရား)၊ အဲဒီတော့ ဒီဘဝမှ ခင်ဗျားတို့ ပါရမီစုံလို့ အကန်းဖွင့်ပေးတဲ့ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့ကော မတွေ့ဘူးလား?(တွေ့ပါတယ်ဘုရား)။ တွေ့လျက်သားနဲ့မှ ကန်းတဲ့အလုပ်ကို အရေးတကြီးလုပ်ခါ နေအုံးမယ်ဆိုလို့ရှိရင်ဖြင့် ကန်းတာမဝေးသေးလို့မဟုတ်ဘူးလား?(မှန်ပါ)။

နောက်,ကန်းပါရစေအုန်းလို့ ဘုမတောင်းနဲ့ သေသေချာချာ ကန်းမှာပါ၊မကန်းပေဘူးလား,ကန်းမှာလား?(ကန်းမှာပါဘုရား)။ ဒါဖြင့် ဘယ်နှယ်လုပ်ကြရအုံးမလဲဆိုရင် ခင်ဗျားတို့ ခန္ဓာကိုယ် ဖြစ်ပျက်မြင်အောင် အားထုတ်ရမယ်....(မှန်ပါ)။

ဦးဘကြည့်ဒီပြင်အလုပ် ဘာရှိသေးသလဲ(မရှိပါ ဘုရား)။ ဒကာ ဒကာမတို့ ပေါ်ကြပြီလား? (ပေါ်ပါပြီဘုရား)။ အင်း—ဒါ ဘုန်းကြီးကပြောတာဟာ နဲသေးတယ်နော်....(မှန်ပါ)။

ဒကာဒကာမတွေအကန်းဘဝနဲ့နေခဲ့ရတာက ဘယ်လောက် များ, များခဲ့တုန်း?(မရေမတွက်နိုင်ပါဘုရား)။ မရေမတွက်နိုင် ဘူး။ ကန်းတာက ဘယ်လောက် ကန်းသလဲဆိုလို့ရှိရင် ဒုက္ခ ရောက်တာ မြင်တာကိုပင် ဝမ်းသာတယ်(မှန်ပါ)အင်း-ဘယ်သူ့ သားသမီးလေးနဲ့ ဘယ်ဝါနဲ့ ကောင်းကောင်းမွန်မွန် ရိုးရိုး သားသား လေးနဲ့ အိမ်ထောင်ကျသွားတယ်ဆိုလို့ရှိရင် သူတို့ တော့ ဒုက္ခရောက်တော့မှာဘဲလို့ မတွေးမိကြဘူး၊(မှန်ပါ)။

အဲဒါကိုဘဲ ရပ်နဲ့ရွာနဲ့ ဒကာ-ဒကာမတွေက ဝမ်းသာလိုက် တာ(မှန်ပါ)။ ဒုက္ခရောက်တာကို ဘာဖြစ်နေကြလဲ(ဝမ်းသာကြ ပါတယ်ဘုရား)။ဒုက္ခရောက်တာ ဝမ်းသာကြတယ်၊ သဘောကျ ပြီလား?(မှန်ပါ)။ မီးပွားတွေထက်လို့ အစောင့်တွေ အကြပ် တွေနဲ့ သွားလား လာလား ကိုယ့်ကိုယ်ကိုယ်မှ စိတ်မချလို့ အမယ်-ခြောက်လုံးပြူးတို့ သေနတ်ရှည်တို့ ဆောင်ပြီး နေရတာ ကိုပင်လျှင် ဝမ်းသာလို့မဆုံး(မှန်လှပါ)။ မသာဘူးလား, သာ သလား?၊ (သာပါတယ်ဘုရား)။

ဒါ-ဒုက္ခနဲ့နေရတာ ဘာဖြစ်နေလဲ(ဝမ်းသာပါတယ်ဘုရား) ကန်းတာလဲမပြောပါနဲ့တော့ဗျာ....၊ ဟင်-မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။ ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ ဒုက္ခ မြင် လျက်နဲ့ ဒုက္ခမှန်းမသိအောင် ကန်းတယ်ဆိုတဲ့ အဓိပ္ပါယ်သည် တကယ်ကန်းလို့ ကန်းတယ်ပြောတာဘဲ၊ မဆိုထိုက်ဘူးလား?၊ (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ ဘယ် နှယ်လုပ်ကြမယ်(မလုပ်တတ်ပါဘုရား) ကန်းလက်စ သိမ်းပါမယ်ဘုရားလို့ ပြော(ကန်းလက်စ သိမ်းပါမယ်ဘုရား)။ ကန်းလက်စ သိမ်းပါမယ်လို့ ပြောမှ ကြိုက်မှာ(မှန်ပါ)။ ဒီပြင် နည်းတော့ ဘုန်းကြီးတို့က မတတ်နိုင်ဘူး၊ ကန်းနေလို့ ရှိရင်ဖြင့် ပစ္စည်းချမ်းသာလဲ ခင်ဗျားတို့ မရဏာမီး စားဖတ် ဝါးဖတ်ဖြစ်မှာဘဲ(မှန်ပါ)။ ဦးဘကြည် မရဏာမီးက ဘယ်သူလျှော့မှာတုန်း(ဘယ်သူမှမလျှော့ပါဘုရား)။

အဲဒီတော့ တန်းနေတဲ့ပုဂ္ဂိုလ် အကုန် သေမင်းက စားမယ်၊ (မှန်ပါ)။ တန်းနေတဲ့ပုဂ္ဂိုလ် ဘယ်သူချန်ရမှာတုန်း(ဘယ်သူမှ မချန်ပါဘုရား)။ အဲဒီတော့ ခင်ဗျားတို့ အသေခံရဲတဲ့ ပလူလဲ မဖြစ်ကြပါနဲ့၊ မဆိုထိုက်ဘူးလား? (ဆိုထိုက်ပါတယ်ဘုရား)။ အသေခံရဲတဲ့ ပလူများဟာ တွင်းထဲက လုထွက်တယ်၊ (မှန်ပါ)။ ဒီက စားမည့် သောက်မည့်ဟာတွေ စောင့်နေတာက တပုံကြီး ရှိသေးတယ်၊ (မှန်ပါ)။

သို့သော်-သူတို့ကဲ ဖြေးဖြေးထွက်သလား လုထွက်ကြသလား (လုထွက်ကြပါတယ်ဘုရား)။ ကန်းတာကိုဗျ၊ သဘောကျပြီလား (ကျပါပြီဘုရား)။ ကန်းတဲ့အတွက် ခင်ဗျားတို့သည် လုပြီး သကာလ ထွက်တဲ့ ပလူလိုဘဲ၊ ခင်ဗျားတို့လဲ ပျာပျာသလဲအလုပ် လုပ်ပြီးသကာလ လောကီအလုပ်တွေ စောင့်နေတာဟာ ပလူ ယွက် ထွက်နေတာ၊ သေချင်လွန်းလို့ ဘဲ၊(တင်ပါ)။

မရဏာပီးနဲ့ မြန်မြန်ကြီး တွေ့ချင်လို့ လုပ်နေတဲ့ အလုပ်ဘဲလို့ ဆိုရင် ဦးချစ်ခဲ့ လွဲသလား?(မလွဲပါဘုရား)။ ဒါ နိဗ္ဗာန်ရောက် တဲ့ အလုပ်မှ မဟုတ်ဘဲ(မှန်ပါ)။ တွေ့ရင် ဘာနဲ့ တွေ့ရမှာတုန်း

(ဒုက္ခနဲ့တွေ့ရပါ မယ်ဘုရား)။ ဒုက္ခနဲ့တွေ့ရမယ်၊သေမင်းနဲ့တွေ့ရမယ်၊(မှန်ပါ)။

အဲဒီ-သေမင်းနဲ့မတွေ့ရတဲ့အလုပ်ကြတော့ ခင်ဗျားတို့က လုများ ထွက်နေသေးတယ်၊(မှန်ပါ )။ ဦးဘကြည်, မထွက်ကြဘူးလား?(ထွက်ပါတယ်ဘုရား)။ ခင်ဗျားတို့ ဆိုင်ထွက်ရတဲ့အလုပ်ကို အားသေးရဲ့လား၊ ဒီလောက်ထိအောင် လုထွက်နေတာဗျ၊ ရိပ်မိပြီလား?(တင်ပါ)။

အဲဒီတော့ကို ဒကာ-ဒကာမတို့ ဘယ်အကျိုးငှါတုန်းလို့ မေးလို့ရှိရင်ဖြင့် ကိုထွန်းဦးဖြေတတ်ပြီလား?(တင်ပါ)။ မရဏမီး ဆီကို လုထွက်တယ်....(မှန်ပါ)။ဒီအလုပ် လုပ်နေကတည်းက ဒီဥစ္စာ သေမင်းကလွတ်မည့်အလုပ်ဟုတ်ကြရဲ့လား?(မဟုတ်ပါဘုရား)။ မဟုတ်ဘူး၊ သေမင်းလွတ်မည့်အလုပ်က ဝိဇ္ဇာဥဒပါဒ်ဖြစ်မှကိုဗျ၊ ရှင်းပြီလား?(မှန်လှပါ )။

ဒါဖြင့် ဒကာ-ဒကာမတို့၊ ခု-လောကီအလုပ်ကို သူ့ထက်ငါ လုယက်လုပ်နေတာဖြင့် ပလူထွက်တာသာမှတ်ပေတော့(မှန်ပါ) ကျေးငှက်တို့ မြန်မြန်စားဖတ် ဝါးဖတ်ဖြစ်အောင် ပြည့်လိုပါ၏ ဆိုတဲ့အခိပ္ပါယ် ပါ-မပါ၊(ပါ,ပါ တယ်ဘုရား)။ ဒါဖြင့် ရှင်းကြရောပေါ့ဗျာ....(မှန်ပါ)၊ လုပ်တောင် မစားချင်တော့ဘူးဆိုတဲ့ အဓိပ္ပါယ်များ ရောက်ချင်လဲရောက်အောင် ခင်ဗျားတို့ လုပ်စားချင်သေးသလား? (မစားချင်တော့ပါဘုရား)။ မစားချင်တော့ဘူး....။

ကိုင်း—ဒါဖြင့် ဒကာ-ဒကာမတို့လုပ်မစားရတော့ ဒါ နိဗ္ဗာန်ဘဲလို့ ဘုန်းကြီး-ခဏခဏပြောတယ်၊(တင်ပါ)။ ဘာမှမလုပ်ဘဲနဲ့ ချမ်းသာ ကျမ်းမာနေရတာ ဘာတုန်း (နိဗ္ဗာန်ပါဘုရား)။

အဲဒီလိုချည်းခံစားနေချင်ပါတယ်ဆိုရင် ဘုန်းကြီးပြောတဲ့ ဝိဇ္ဇာ ဥဒပါဒ်ဖြစ်အောင် ဒုက္ခပိုင်းခြားတဲ့ အလုပ်သာ လုပ်နေရင် ဦးဘကြည့်ချမ်းသာစစ်ရမလား၊မရဘူးလား(ရမှာပါ ဘုရား)။

ဟာ-ဒီလောကီအလုပ်သာလုပ်နေလို့ရှိရင်ဖြင့် အင်း-မရဏ မင်းကြီး၏ ခံတွင်းထဲကို ဝင်နေတာဘဲလို့သာ ဆုံးဖြတ်ချက်ချ လိုက်ပါ၊ (မှန်ပါ)။ ဒီအပြင် လွတ်လပ်စရာ ရှိသေးရဲ့လား?၊ (မရှိပါ ဘုရား)။ အဲဒီတော့-ခင်ဗျားတို့ ဒီနေ့ပြောတဲ့တရားမှာ ဦးဝင်း၊အထူးဂရုစိုက်ဘို့မကောင်းဘူးလား? (ကောင်းပါတယ် ဘုရား)။ အင်မတန် အထူးဂရုစိုက်ဘို့ ကောင်းပါတယ်။

ဝိဇ္ဇာဥဒပါဒ်ကို မဖြစ်မှာစိုးနေတယ်(မှန်ပါ)၊နောက်တုံးက ဘာနဲ့နေခဲ့ရတုန်း ဆိုလို့ရှိရင်ဖြင့် ဒီဒုက္ခကို မသိကတည်းက ဘာနဲ့နေခဲ့တုန်း(အဝိဇ္ဇာပါဘုရား)။ ယခုတော့ဖြင့် ခန္ဓာကိုယ် ကြီးမှာပေါ်တဲ့ ဝေဒနာလေးတွေရှောက်ကြည့်တော့ ဖြစ်ဘယ် ပျက်တယ်(မှန်ပါ)။ အဲဒီနေရာပေါ်ပြီး ဒီနေရာ ပျောက်သွား တာဘဲ။

အင်း-ဒီဒုက္ခဟာ ကြည့်လိုက်တဲ့အခါကြတော့ ခန္ဓာကိုယ် တကိုယ်လုံးမှာ အပြန့်အနှံ့ရှိတာဘဲ၊(မှန်ပါ)။ အဲဒါ-ဝိပဿနာ ဝိဇ္ဇာလေးဖြစ်လာတယ်၊ ဦးဘကြည်ရ(မှန်ပါ)။ ဝိပဿနာဝိဇ္ဇာ လေး ဖြစ်ရင်ဘဲ အတော်လေး သက်သာသွားပြီ....(တင်ပါ)။ ဝေဒနာလေးတွေ၏ အဖြစ်အပျက် ဥဒယဝယလေး မြင်လိုက် ရင်ဘဲ အတော်လေးသက်သာသွားတယ်။ အင်း-မျက်လုံးလေး တွေဖြင့် တိမ်သလာနဲ့နဲ့ရှင်းယောင်သေးတော့မှုပြီ၊ မဆိုထိုက် ဘူးလား?(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ, ဒါဖြင့် ဒကာ-ဒကာမတို့၊ ဒီထက် ရှင်းလို့ရှိရင် နိဗ္ဗာန်မြင်လိမ့်မယ်ဆိုတာကော မသေချာဘူးလား? (သေချာပါတယ်ဘုရား)။ ဒါဖြင့် "ဝိဇ္ဇာဒဿနဋ္ဌေ" ဆိုတဲ့ အဓိပ္ပါယ်ကို ယခုရှင်းပြတော့မယ်(မှန်ပါ) ဒဿနဋ္ဌေ-အနမတဂ္ဂသံသရာစက်အိပ်မက်တွင် တခါမှမမြင်ဘူးဘဲ အထူးအချွန် အလွန်မြတ်လှ နိဗ္ဗာန်ကိုနေဝန်းလဝန်း ပေါ်ထင်ထွန်းသို့ ရွှန်းရွှန်းမြိုင်မြိုင် မြင်စွမ်းနိုင်သော အနက်သဘောသည်လည်းကောင်း၊(မှန်ပါ)။

"ဒဿနဋ္ဌေ"အရ၊ နေဝန်းကြီး လဝန်းကြီးလိုကို နိဗ္ဗာန်မြင်နိုင်တယ်၊(မှန်ပါ)။ နေဝန်းလဝန်းကဲ့သို့ လင်းလာပြီဆိုတာ မဟုတ်ဘူးနော်(တင်ပါ)။ ဒီလို ထင်ထင်ရှားရှားကြီး မြင်နိုင်ပါတယ်လို့ဆိုတာ နေဝန်း လဝန်း ပေါ်ထင်ထွန်းသို့ ရွှန်းရွှန်းမြင်စွမ်းနိုင်သော အနက်သဘော သည်လည်းကောင်းဆိုတာ ဝိဇ္ဇာဖြစ်ရင် မြင်တာဘဲ၊(မှန်ပါ)။ ဦးဘုကြည်, ဘာတဲ့တုန်း.... (ဝိဇ္ဇာဖြစ်ရင် မြင်နိုင်ပါတယ်ဘုရား)။

အဲဒါကို သူသည် နိဗ္ဗာန်ထင်မြင်သလားဆိုတော့ ဋီကာများက--"စတုသစ္စဒဿနံဝါ" သစ္စာလေးပါးလဲမြင်ပါတယ်(တင်ပါ) "နိဗ္ဗာနဒဿနံ စတုသစ္စဒဿနံဝါ" နိဗ္ဗာန်တင်မကသေး သစ္စာလေးပါးကို တပြိုင်နက် မြင်ခြင်းသည်လည်းကောင်း။ဒဿနဋ္ဌေ မဂ္ဂသစ္စာ၏ ဒဿနသဘောသည်၊ပါတုဘာဝတိ-ထင်ရှားဖြစ်လာ၏ သဘောကျပြီလား?(ကျပါပြီဘုရား)။ နိဗ္ဗာန်ကိုလဲ မြင်နိုင်တဲ့ ဝိဇ္ဇာ ဖြစ်လာပြီ(တင်ပါ)။

ဒကာ-ဒကာမတို့, သစ္စာလေးပါးကော....( မြင်နိုင်ပါတယ်ဘုရား)။ ညြေ-ဒါဖြင့် ဒီဥစ္စာဝိဇ္ဇာဖြစ်အောင်၊ မဖြစ်,ဖြစ်အောင်

လုပ်ရမယ် (မှန်ပါ)။ မလုပ်ထိုက်ဘူးလား (လုပ်ထိုက်ပါတယ်ဘုရား)မဖြစ် ဖြစ်အောင်လုပ်ထိုက်တယ်ဆိုတာကို ဒကာ့ဒကာမတို့ကြေကြေနပ်နပ်မှတ်ပါ၊(တင်ပါ)။ နို့မို့လို့ရှိရင်ဖြင့်နိဗ္ဗာန်ဆိုတာက ဒီပြင်တရားနဲ့မတူဘူး၊(မှန်ပါ)။

ခန္ဓာကြီးဟာ ဒုက္ခသစ္စာလို့လဲ ခင်ဗျားတို့ အိပ်မက်တောင်မမက်ဘူးဘူး၊(မှန်လှပါ)။ ခန္ဓာဖြစ်ကြောင်း သမုဒယသစ္စာပါလားလို့ဆိုဘာလဲ ဘယ်သူမှအိပ်မက်မမက်ဘူး၊(မှန်ပါ)။မမက်ကောင်းတဲ့တရား သဘောကျပြီလား?(မှန်ပါ)။ခန္ဓာအဆုံးမှာနိဗ္ဗာန်ပါတဲဆိုတာ ဦးဘကြည့်မှတ်လိုက်။ ဘယ်သူမှ အိပ်မက်မမက်ဘူးတဲ့တရား၊(မှန်ပါ)။ တသံသရာလုံး မမက်ဘူး(မှန်ပါ)မြင်ဘူးမှာဆိုတာ အသာထားပါတော့ ယောင်ရမ်းလို့တောင်အိပ်မက်မမက်ဘူးဘူး၊ သဘောကျပြီလား?(မှန်ပါ)။

နိဗ္ဗာန်မြင်နိုင်တာက သမ္မာဒိဋ္ဌိမဂ္ဂင်ဘဲ၊ သမ္မာဒိဋ္ဌိ မျက်လုံးဆိုတာလဲ အိပ်မက်မမက်ဘူးဘူး၊(မှန်ပါ)။ ဘဝများစွာ သံသရာက ဦးဝင်းအိပ်မက်မမက်ကောင်းတဲ့တရားဘယ်တရားပါလိမ့်(သစ္စာလေးပါးပါဘုရား)။ သစ္စာလေးပါးကို အိပ်မက်ထဲမမက်ဘူးကြဘူး၊ (မှန်ပါ)။

ဒကာ-ဒကာမတွေ ဒီပြင်ဟာတွေ မက်ဘူးကြတယ်၊ မြင့်မိုရ်တောင် အကြောင်း သူများပြောသံကြားနဲ့လဲ မြင့်မိုရ်တောင်ကြီး မက်ဘူးတာဘဲ၊(မှန်ပါ)။ သူများပြောသံကြား ဟောသံကြားနဲ့ တခါတလေ အိပ်မက်ထဲမှာ နတ်ပြည်များရောက်နေသေးတယ်၊(မှန်ပါ)။ ဦးခင်မောင်မရောက်ဘူးလား?(ရောက်ပါတယ်ဘုရား)၊ ရောက်တယ်....။

နိဗ္ဗာန်တို့, ဒုက္ခသစ္စာတို့ကြတော့ အိပ်မက်ထဲ မမက်ကောင်းဘူးတဲ့၊ (မှန်ပါ )။ ဘာကြောင့်တုန်းဗျာ၊ တကြိမ်တခါမှမတွေ့ဘူးသောကြောင့်....(မှန်လှပါ)။ ဒါဖြင့် "ဒဿနဋ္ဌော" ဆိုတာအနမတဂ္ဂ သံသရာက အိပ်မက်တွင်မှ မမြင်ဘူးဘဲ၊ နိဗ္ဗာန်ကိုအိပ်မက်ထဲ မြင်ဘူးကြရဲ့လား? (မမြင်ဘူးပါဘုရား)။ သစ္စာလေးပါးကော(မမြင်ဘူးပါဘုရား)။

ဩြော်-ဒါဖြင့် အိပ်မက် မမက်ဘူးဘူးဆိုသဖြင့် ခင်ဗျားတို့ကျုပ်တို့သည် တသံသရာလုံးမှာဖြင့် သစ္စာကွယ်နေခဲ့တယ်....၊ (မှန်လှပါ )။သစ္စာကွယ်တော့ သမ္မာဒိဋ္ဌိမျက်လုံးလဲကွယ်ခဲ့တယ်မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ဒါဖြင့် အကန်းဘဝနဲ့အချိန်ကုန်ခဲ့တယ်၊(မှန်ပါ)။ ဦးဝင်း, ဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ (အကန်းဘဝနဲ့အချိန်ကုန်ခဲ့တယ်ဘုရား)။

ဒကာ ၁-ဒကာမတို့ ပေါ်ကြပြီလား? (ပေါ်ပါပြီ ဘုရား)။ ဘယ်လိုမျှား နောက်ကနေခဲ့ရပါလိမ့်(အကန်းဘဝနဲ့ နေခဲ့ရပါတယ်ဘုရား)။ ဒီဘဝက ဟိုဘဝဖြစ်ပြန်တော့လဲ သိလို့ဖြစ်ခဲ့တာလား,အကန်းဖြစ် ဖြစ်တာဘဲလား?(အကန်းဖြစ်,ဖြစ်တာပါဘုရား)။

လမ်းမှာ ချောက်-တွေ့ပြန်တော့ ဆင်းခဲ့ရသလား၊ ကျ,သေခဲ့ရလားလို့မေးရင်(ကျသေခဲ့ပါတယ်ဘုရား)။ ဆင်းပြီသွားတာမဟုတ်ဘူး၊ကျသေခဲ့တာဘဲ၊(မှန်ပါ)။သေရာကနေ ပြန်တက်ပြီးတခါ-ဦးတည့်ရာ သွားပြန်တော့လဲ တဖန် ကျသေခဲ့တာဘဲ၊ (တင်ပါ)။

မယုံရင် ခင်ဗျားတို့ အိမ်မှာရှိတဲ့ စာကလေးတွေသာကြည့်၊ ဘယ်ပုံလိမ့်မယ်လို့ ခင်ဗျားတို့ အမှန်ပြောလို့ရသလား (မရပါ ဘုရား)။ ဘယ်လိုပုံလေးရှိတုန်း(ဦးတည်ရာပုံပါတယ်ဘုရား)။ အဲ-ဦးတည်ရာပုံကြတဲ့အခါကြလို့ရှိရင်ဖြင့် မုဆိုးထောင်ထားတဲ့ ပိုက်နဲ့လဲတွေ့ချင်တွေ့မှာဘဲ၊ (မှန်ပါ)။

ဒကာ-ဒကာမတို့ သူ့မှာ အမှန်ရှိသေးရဲ့လား? (မရှိပါ ဘုရား)။ အဲဒီလိုဘဲ နောက်တုန်းက တပည့်တော်တို့လဲ ဒီအတိုင်း ပါဘဲလို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)။အဲဒီတော့ ရှေ့ကိုဖြင့် ဒီအကန်းဇာတ်ကိုသိမ်းပါ (မှန်ပါ)။ အကန်းဇာတ် သိမ်းလို့ရှိရင် ဒဿနဌ္ဌောဆိုတဲ့မြင်ပုံလေးထင်ရှားလာလိမ့်မယ်။ ဦးဘကြည့်မထင်ရှားပေဘူးလား(ထင်ရှားပါတယ်ဘုရား)။

ဒါဖြင့် ဒီ "ဒဿနဌ္ဌော"ဆိုတဲ့ အဓိပ္ပါယ်သည် ဒုက္ခသစ္စာ မြင်မှုဆိုတာ (မှန်ပါ)။ ဗြဟ္မာတွေဟာ အတော်တံခိုးကြီးတယ် လူ့ပြည်နှင့်ဆိုလို့ရှိရင် နှစ်ကုဋေ နှစ်သန်း၊ နှစ်သိန်း၊ ခြောက် သောင်းလောက် ယူဇနာဝေးတယ်၊ (မှန်လှပါ)၊ လူ့ပြည်နဲ့ အောက်ဆုံး ဗြဟ္မာပြည်နဲ့ နှစ်ကုဋေ နှစ်သန်း နှစ်သိန်း ခြောက် သောင်း ဝေးတယ်။ ဒီလောက်ဝေးတာကို ဗြဟ္မာမျက်လုံးဟာ ဘယ်လောက် ထက်မြက်စူးရှသလဲ ဆိုရင် ဗြဟ္မာဘုံကကြည့် မြင် နိုင်စွမ်းရှိတယ်၊ (မှန်ပါ)။

အဲဒီလောက်ထက်မြက်တဲ့ ဗြဟ္မာမျက်လုံးကွေအကုန်စုပေါင်း ပြီးတော့ကို နိဗ္ဗာန်ကြည့်ပါ၊ မမြင်ပါဘူး၊ မြင်ပါ့မလား?၊ (မမြင်ပါဘုရား)။ ဒို့-သူတို့ မျက်လုံးက မကောင်းဘူးလား ကောင်းသလား?(ကောင်းပါတယ်ဘုရား)။ လူ့ပြည်မှာ ဘာ ရှိတယ်သိတာ အကုန်သိတယ် (မှန်ပါ)။ယူဇနာပေါင်း နှစ်ကုဋေ

နှစ်သန်းလောက်ဝေးတဲ့နေရာတွေမှာ ဘာရှိတယ်ဆိုတာ, ဒကာ ဒကာမတို့ ပြဟ္မာမျက်လုံးဟာ မြင်သတဲ့။ မမြင်ဘူးလား?(မြင် ပါတယ်ဘုရား)။ သို့သော်လဲ ခုနက-နိရောဓကြတော့ ဦးဘကြည် ဘယ့်နှယ်ဆိုမလဲ(မမြင်ပါဘုရား)။

အင်း-ဒါဖြင့် အဲဒီ ပြဟ္မာမျက်လုံးတွေထက် သမ္မာဒိဋ္ဌိ မျက်လုံးက ပိုပြီး ကြည်ပါတယ်၊ ပိုပြီး အဘိုးတန်တယ်ဆိုတာ သဘောကြပြီလား?(တင်ပါ)။ ဒါကြောင့်-ပြဟ္မာတွေမှာ ဘယ် လောက် မျက်လုံးကောင်းကောင်း ဘော်တော်ကြာ ပြဟ္မာ ပြည်ကနေပြီး ဝက်ဖြစ်ချင်လဲ ဖြစ်သေးတယ်။ မဖြစ်ဘူးလား?၊ (ဖြစ်ပါတယ်ဘုရား)။ လူပြည်ဆင်းပြီး, ဒီကနေ ဝက်ဖြစ်နေ တယ်။

အဲဒီနောက်-ငရဲကော မကျနိုင်ဘူးလား? (ကျနိုင်ပါတယ် ဘုရား)။ ကျုပ်တို့, ခင်ဗျားတို့ ကိုယ်တိုင် ပြဟ္မာလူထွက်တွေပါ (မှန်ပါ)။ ကမ္ဘာပျက်ခါနီးကျတော့ မေတ္တာ,ဂရုဏာ,မုဒိတာ, ဥပေက္ခာဆိုတဲ့ ပြဟ္မာ့ဝိဟာရတရားတွေကို ဦးဝင်း, လောက မြူဟာနတ်က ကြွေးကြော်လို့ မပွားကြဘူးလား?(ပွားပါတယ် ဘုရား)။ ပွားတဲ့အခါကြတော့ အားလုံးဘဲ ပြဟ္မာပြည် မလား ကြဘူးလား?(လားပါတယ်ဘုရား)။

အဲဒါ အခုဘယ်ရောက်နေတုန်း မေးပါလား၊ လောဘဇော ဒေါသဇော, မောဟဇောတောထဲမှာ ရောက်မနေဘူးလား?၊ (ရောက်နေပါတယ်ဘုရား)။ အဲဒီ တောထဲ ရောက်နေတော့ ခင်ဗျားတို့ ပြဟ္မာမျက်လုံးနဲ့ နိဗ္ဗာန်ကိုမမြင်နိုင်တာလဲ သေချာ တယ်၊ မသေချာဘူးလား?(သေချာပါတယ်ဘုရား)၊ ကိုယ်လဲ ပြဟ္မာဖြစ်ခဲ့ပကောဗျာ(မှန်ပါ)။တွေ့ကိုမတွေ့ခဲ့ဘူး(မှန်ပါ)။

ဒါဖြင့်-ယနေ့ ဒကာ, ဒကာမတွေ "ဒဿနဋ္ဌော" ဆိုတဲ့ အမိပ္ပါယ်သည် မြဟ္မာပေါင်း ထောင်သောင်း အစရှိသည့် မျက်လုံးပေါင်းနှင့်စောင့်ကြည့်ငြားသော်လဲ မြင်နိုင်တဲ့စွမ်းရည်သတ္တိ ရှိရဲ့လား?(မရှိပါဘုရား)။ ဒါဖြင့် အခု-ဆရာဘုန်းကြီးက မြင်အောင် ဟောလိမ့်မယ်။ အဲဒီလို မြင်အောင်ဟောလိုက်တဲ့အခါ ကြလို့ရှိရင် ဩော်ဒိုသည်ကားလို့ဆိုရင် ကံကြီး, ဉာဏ်ကြီး သချာပါပေတယ်လို့မဆိုနိုင်ဘူးလား, ဆိုနိုင်သလား?(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒါလေးလက်လွတ်သွားလို့၊ဒီအချိန်လေး လက်လွတ်သွားရင် ခင်ဗျားတို့သွားပြီ, မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။အဲဒီတော့ကို ဒကာ-ဒကာမတို့ဒီအလုပ်ဟာ ဦးဘကြည်တို့, ဦးဝင်းတို့ လုပ်ဖြစ်အောင်လုပ်မှဖြစ်မယ်၊ (မှန်ပါ)။ ဒီက ကျော်သွားရင် ဘယ်နှယ်ဆိုမလဲ၊ (လုပ်ချိန်မရှိပါ ဘုရား)။ လုပ်ချိန်မရှိတော့သဖြင့် ခင်ဗျားတို့လားရာဂတိကလဲ့ သောတာပန် မတည်သေး၍ မြဲသလား?(မမြဲပါဘုရား)။

မမြဲတော့ မလ္လိကာ မိဖုရားကြီးဟာ အဿဒိသ, ဒါနအလှူကြီး လှူပြီး, ငရဲရောက်တယ်ဆိုတော့ အာသန္နကံ ဝင်ပြီးချလိုက်တာ၊(တင်ပါ)။ ကဲ "အဿဒိသ"ဒါနအလှူရှင်ကြီးရဲ့အဖြစ်ဆိုးသိလို့ ဘုရားတောင်မှဘဲ (၇)ရက် နန်းတော်ကို မကြွရဲအောင်ဖြစ်သွားတယ်၊(မှန်လှပါ)။ ကြွရဲရဲ့လား?(မကြွရဲပါဘုရား)။

မတော်လို့များ တပည့်တော် မိဖုရားကြီးဟာ အလှူအတန်းအင်မတန် ရက်စက်တာ အခု-ဘယ်ဘုံရောက်နေတုန်း မေးရင် ငရဲမှာဆိုရင် ရှင်ဘုရင်က ဖေါက်တော့မှာဘဲ၊ မဖေါက်ပေဘူးလား?(ဖေါက်မှာပါဘုရား)။

အဲဒါကြောင့် ဒကာ-ဒကာမတို့၊မမြဲသေးဘူးဆိုတာသဘော ကျပြီလား?(ကျပါပြီဘုရား)။ မလွဲကာ မိဖုရားကြီးဟာ မြဲ သလား?(မမြဲပါဘုရား)။ ကဲ—ဒါဖြင့် ဒကာ-ဒကာမတို့ သူ့ ခင်ပွန်းသယ်ကော(မမြဲပါဘုရား)။ မမြဲသေးဘူး၊ မမြဲသေးတာ ဦးဘကြည်, ဦးခင်မောင်တို့က စဉ်းစားလိုက်၊ ဒီ-ဒဿနဌော မဖြစ်လို့ မမြဲဘူး၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

"ဒဿနဌော"ဆိုတာ နိဗ္ဗာန်မြင်မှုကို တခါမှ မတွေ့လိုက် တာနဲ့ မမြဲတာ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ ခင်ဗျားတို့ ဒီဘဝ,နိဗ္ဗာန်မြင်အောင်လုပ်ရင်လုပ်ပါ (မှန်ပါ)။ ဒုက္ခပိုင်းခြား နိုင်တဲ့ အခြေအနေ တခုခုလုပ်ရင်လုပ်ပါ (မှန်ပါ)။ မလုပ်လို့ ရှိရင်ဖြင့် ခင်ဗျားတို့ အခု-ယောင်ယောင်လေးမျှရှိတဲ့ မျက်လုံး အကြည်ယောင်လေးဟာ တော်တော်ကြာ တိမ်သလွှာ အကုန် ဖုံးမှာ၊ မဖုံးပေဘူးလား?(ဖုံးမှာပါဘုရား)။

အဲဒီလိုဆိုရင် ဦးတည်ရာသွားပြီ၊ သူမျှား စားဖတ်ဝါးဖတ် အဖြစ်နှင့်ဘဲ သေကြ ကြေကြရလိမ့်အုံးမယ်ဆိုတာ ငြင်းနေဘို့ လိုသေးသလား?(မလိုပါဘုရား)။ ဒါဖြင့် "ဒဿနဌော"ဟာ ဦးဘကြည်,ဘယ်လောက်အရေးကြီးတုန်း(အလွန်အရေးကြီးပါ တယ်ဘုရား)။

"ဒဿနဌော"မလာသေးလို့ရှိရင် ဒကာ-ဒကာမတွေ ဝိနိ ပါတိက ဘေးက လွတ်ပါ မလား?(မလွတ်ပါဘုရား)။ ဝိနိပါ တိက ဘေးဆိုတာ ဒကာ-ဒကာမတို့ ဗရမ်းဗတာကျတဲ့ဘေးနော် (မှန်ပါ)။ ခင်ဗျားတို့ ခု-ကျောင်းဒကာ, ကျောင်းအမ၊ ဘုရား ဒကာ, ဘုရားအမ၊ ရဟန်းဒကာ, ရဟန်းအမတွေ လုပ်မြီး

နေပြောသော်လဲ "ဒဿနဌ္ဌော" ကို မရသေးဘူး ဆိုပါတော့ ဦးဘကြည်ရာ၊ နိဗ္ဗာန် မြင်ရပြီလား? (မမြင်ရသေးပါဘုရား)။ မမြင်ရသေးရင် ဗရမ်းဗတာဘေး မလွတ်သေးဘူးဗျ၊ (မှန်ပါ)။ မဟုတ်လား?။

ဗရမ်းဗတာဘေး လွတ်ပါ မလား ဒကာ-ဒကာမတို့၊ (မလွတ်ပါဘုရား)။ မယုံလို့ ရှိရင် ဟောဒီအိမ်အတွင်းမှာ မကျည်းပင်ကြီး ရှိတယ်နော်၊ (မှန်ပါ)။ အဲဒီ-မကျည်းပင်ကြီးက မကျည်းကိုင်းတွေ ဦးဘကြည်က တက်ပြီး လှုပ်ချလိုက်စမ်း။ မကျည်းရွက်ကလေးတွေ မှန်းခြေပေါက်ကျလာမလား, ကျချင်သလို ကျမလား? (ကျချင်သလို ကျပါတယ်ဘုရား)။ ရေမြောင်းထဲလဲ ကျမယ်။ ကုဋ္ဌိထဲလဲ ကျမယ်၊ နွားချေးပုံ လူချေးပုံထဲကော.... (ကျမှာပါ ဘုရား)။ ဟာ-မီးပုံထဲကော(ကျမှာပါဘုရား)။

အဲဒါ-ဗရမ်းဗတာဘေး ဖြစ်မည့်ပုဂ္ဂိုလ်ဟာ ဒီအတိုင်းဘဲ ခင်ဗျားတို့လဲ ဒီဘဝက "ဒဿနဌ္ဌော" မဖြစ်သေးလို့ရှိရင် ဗရမ်းဗတာ ကျအုံးမှာဘဲ၊(မှန်ပါ)။ တိရစ္ဆာန်လား,ငရဲလား,ပြိတ္တာလား, အသူရကာယ်လား, အကျိုးအကန်းလား, အရူးလား, အ-အလား,ဘယ်ကျမယ်လို့တော့ မဆိုနိုင်ဘူး၊ ဗရမ်းဗတာ ကျရမည့်ဘေးကတော့ လွတ်ပါ မလား?(မလွတ်ပါဘုရား)။

ဒါဖြင့် တပည့်တော်တို့ကို ဒီဘေးက အရှင်ဘုရား-ကယ်တင်တော်မူပါ ဆိုရင် "ဒဿနဌ္ဌော" ဖြစ်အောင်လုပ်....(တင်ပါ)။ ဦးဘကြည်,ဘာလုပ်ရမလဲ (ဒဿနဌ္ဌောဖြစ်အောင် လုပ်ရမှာပါဘုရား)။ ဘယ်လောက်အရေးကြီးတုန်း,ဦးခင်မောင်(အင်မတန်

အရေးကြီးပါတယ် ဘုရား )။ အလွန် အရေးကြီးတယ်ဆိုတာ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။

ဒီအထဲကမှ ခင်ဗျားတို့ ဘယ်လောက်ချမ်းသာလို့ ဘယ်လောက်ဘဲ ဝမ်းသာနေစေကာမူ 'ဒဿနဌ္ဌော'မပါရင် ဗရမ်းဗတာဘေးက မလွတ်နိုင်ဘူး၊(မှန်ပါ)။ ခုနက-မိဖုရားကြီးထက်တော့ ခင်ဗျားတို့ ပိုမိုချမ်းသာမှာ မဟုတ်ပါဘူး၊(မှန်ပါ)။

အဲဒါကိုပင် 'ဒဿနဌ္ဌော'ဆိုတဲ့ နိဗ္ဗာန်ကို မမြင်ဘဲနဲ့ သေသွားတဲ့အတွက် ငရဲသွားလိုက်ရသေးတယ်(မှန်ပါ )။ဒကာသိုက်ရေ့ ကြောက်စရာ မကောင်းဘူးလား? ( ကောင်းပါတယ် ဘုရား)။

"ဒဿနဌ္ဌော"အံမယ်လေး, ဒကာ-ဒကာမတွေ ဒဿနဌ္ဌောဟာ သာမညအရေးမဟုတ်ဘူးနော်၊(မှန်ပါ)။ အင်မတန်အရေးကြီးလို့ ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ(မှန်ပါ)ဒဿနဌ္ဌောမရှိရင် ဖြစ်ကိုမဖြစ်ဘူး၊(မဖြစ်နိုင်ပါဘုရား)။ ဒဿနဌ္ဌော ဖြစ်သွားပြန်တော့လဲ 'သမ္ပတ္တနိယတာဓမ္မော'လို့ ဘုရားကဟောတယ် (မှန်လှပါ)။

စုတေ၏ အခြားမဲ့၌ ဘယ်တော့မှ ဗရမ်းဗတာ မကျဘူး၊ (မှန်ပါ)။ မြဲသောသဘောရှိတယ်၊ ကိုယ်လိုချင်တဲ့ဆီရပြီး မြဲပါတယ်၊ (မှန်ပါ)။ မြဲသွားပြီ၊ အဲဒါကြတော့ " ဓမ္မသင်္ဂဟကသမ္ပတ္တနိယတာဓမ္မော-မဖေါက်မပြန်ဘဲနဲ့ မြဲတယ်....(မှန်လှပါ)။ ဦးဘကြည်, ဒဿနဌ္ဌောဖြစ်ပြီးတော့ ဘာတဲ့ဗျာ(သမ္ပတ္တနိယတာဓမ္မပါဘုရား)။

"သမ္ပတ္တနိယတာမေ့မှာ" ဆိုတာ ဘာပါလိမ့်(မဖေါက်မပြန်ဘဲ မြဲတာပါ ဘုရား)။ စုတေအခြားမဲ့၌ တခါထဲ မြဲသွားပြီ (မှန်လှပါ)။ ဒီမှာ-သောတာပန်ဖြစ်ရင် ကိုယ်လိုချင်တဲ့ နတ်ပြည်မှ တပါး, ဘယ်မှမသွားတော့ဘူး(မှန်လှပါ)။ သဘောကျပြီလား (ကျပါပြီဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတို့၊ ဩော်-'ဒဿနဋ္ဌော' အခုမှ မြဲသကိုး၊ ကျန်တာ ဘာမှမမြဲဘူးဆိုတာ ဆုံးဖြတ်ချက်ချ၊ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။ ဒဿနဋ္ဌော-ဆိုတဲ့ နိဗ္ဗာန်ကို မမြင်ရသေးရင် ဘာတဲ့...(သမ္ပတ္တနိယတာမေ့မှာ, မဖြစ်နိုင်သေးပါဘုရား)။ သမ္ပတ္တနိယတာမေ့မှာ,မဖြစ်နိုင်သေးဘူး၊(မှန်ပါ)။

သမ္ပတ္တနိယတာမေ့မှာဆိုတာကတော့ ဗရမ်းဗတာဘေးလွတ်ပြီ (မှန်လှပါ)။ ဦးဘကြည့်,ဘာတဲ့တုန်း(ဗရမ်းဗတာဘေးလွတ်ပါပြီဘုရား)။ ဗရမ်းဗတာဆိုတာက ခင်ဗျားတို့ စသုံး, သုံးရင် ဝိနိပါတိကဘေးခေါ်တယ်၊(မှန်ပါ)။ဝိနိပါတိက,ဘေးဆိုတာက ဒဿနဋ္ဌောကဲ့သို့ မြဲတယ်ဆိုရမှာလား,မဆိုရဘူးလား? (ဆိုရမှာပါဘုရား)။

မမြဲတော့ ခင်ဗျားတို့ ဒီဘဝမှာ လူ၊ နောက်ဘဝ ချိုးကြီးနှစ်ခုနဲ့ ကျွဲသွားဖြစ်မယ်၊ မဖြစ်ဘူးလား? (ဖြစ်မှာပါဘုရား)။ အစွယ်ငေါငေါကြီးနဲ့ ခွေးကော...(ဖြစ်မှာပါဘုရား)။ အဲဒါ ဘာဘေးသင့်သလဲ ဆိုကြမတုန်း (ဝိနိပါတိကဘေးပါဘုရား)။ ဝိနိပါတိကဘေး၊ မြန်မာလိုပြန်တော့ ဘာဘေးသင့်သလဲ(ဗရမ်းဗတာဘေးပါဘုရား)။ ဗရမ်းဗတာဘေးသင့်တယ်....။

အဲဒီတော့ ဒီဘဝမှာ ခင်ဗျားတို့ 'ဒဿနဌွော' ဖြစ်အောင် လုပ်ပါလို့ ဦးဘကြည့်တိုက်တွန်းသင့် မတိုက်တွန်းသင့် (တိုက်တွန်းသင့်ပါတယ်ဘုရား)။ အဲဒီတော့- ဒီ 'ဒဿနဌွော'ကိုလဲ လူတိုင်း ပြလို့လွယ်တာမဟုတ်ဘူး(မှန်ပါ)။ဘုရားသာသနာလေး ရှိလို့ ဘုန်းကြီးတို့ ပါရမီလေးရှိလို့(မှန်ပါ)။အားလုံး ဒကာ, ဒကာမတွေကလဲ ထောင်တတ်တဲ့နားလေးပါလာလို့ (မှန်ပါ)။ ထောင်တတ်တဲ့နားမပါရင် ဘယ်လိုဟောဟော မရတော့ဘူး၊ (မှန်ပါ)။ အဲဒီကြရင် ဘဝတုံးသွားတာဘဲ၊သဘောကျပြီလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုန်း၊ သည်အချိန် သည်အခါ သည်အခွင့်ကောင်းမှာ မြင်အောင်မြန်မြန်လုပ်ရင်လုပ်,မလုပ်လို့ ရှိရင် ကိုယ်ကျိုးကြီးနဲ့ပြိုလိုတာ သေချာတယ်၊ (မှန်ပါ)၊ခင်ဗျားတို့ ဒီဘဝ,စီးပွားရေး အရေးကြီးပြီးသကာလ,ကြွားရေးဝါရေးလေး အရေးကြီးပြီး လူအောက်ကျမှာလေးတွေ ကြောင့်ကြနေတဲ့အရေးနဲ့ သိုလို့ရှိရင်လဲ လူအောက် မကပါဘူး၊ ဒယ်အိုးရောက်အောင် ကျပါလိမ့်အုံးမယ်၊သဘောကျပြီလား?(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုန်း (ဒဿနဌွော, ဖြစ်အောင် လုပ်ရမယ်ဘုရား)။ ဒဿနဌွောဖြစ်အောင် လုပ်ရမယ်၊ ဒကာ-ဒကာမတို့ ဒဿနဌွောဖြစ်အောင်လုပ်ရလိမ့်မယ်။ ဒဿနဌွော ဆိုတာကို နှစ်ချက်ပြရမယ်။ သစ္စာလေးပါးကို တပြိုင်နက် မြင်အောင်လဲ တမျိုးဟောရလိမ့်မယ်၊(မှန်ပါ)။နိဗ္ဗာန်မြင်အောင်လဲ တမျိုးဟောရမယ်၊(မှန်ပါ)။ ဦးဘကြည်, ဘယ်နှစ်မျိုးဟောရ မလဲ့ (နှစ်မျိုးဟောရမယ်ဘုရား)။

ဒဿနဌ္ဌောဆိုတာ သဒ္ဒါက နှစ်မျိုးလာနေတယ်၊(မှန်ပါ)။ "စတုသစ္စဒဿန နိဗ္ဗာနဒဿန(ဝါ)ဒဿနဋ္ဌော"(မှန်ပါ)။ဒီလို လာနေတော့ သစ္စာလေးပါး တပြိုင်နက်ဖြစ်တဲ့နည်းနဲ့ ပြရလိမ့် မယ်၊(မှန်ပါ)။ နိဗ္ဗာန်ချည်းသက်သက် ဖြစ်တဲ့နည်းကော (ပြရ မယ်ဘုရား)။ ပြရမယ်။

သို့သော်-နိဗ္ဗာန်မြင်တယ်ဆိုလို့ရှိရင်လဲ အားလုံးက ကျန်တဲ့ သစ္စာသုံးပါးကိုလဲ မြင်တာပါဘဲလို့ မှတ်ပါတော့၊၂(မှန်ပါ)။ ဩော်-အဋ္ဌကထာဆရာတွေက အင်း-ဒဿနဋ္ဌော ဆိုတာသည် အာဒိပကနည်း၊ အန္တဒီပကနည်းတွေနဲ့ ရှုတ်ပြီးသကာလ ပြလို့ သာ စင်စစ် သစ္စာလေးချက် တပြိုင်နက် မြင်တာကတော့ဖြင့် ဒါ-အသေအချာဆုံးဘဲ၊(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့်၊ သစ္စာလေးချက် တပြိုင်နက်မြင်မှုသည် ဒကာ-ဒကာမတို့ ဒါက-ခပ်များတို့ ရုပ်နာမ် ထားပါတော့မျာ၊ (မှန်ပါ)။ ဒါ က ရုပ်နာမ်ကို ငါ့ကိုယ်၊ငါ့ဟာ၊ငါ့ဥစ္စာထင်နေတဲ့ တဏှာ-မာန-ဒိဋ္ဌိဘဲထားလိုက်ပါတော့နော်(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့်၊ တဏှာကလဲ ဒါ-ငါ့ကိုယ် ငါ့ဟာ ငါ့ ဥစ္စာလို့ထင်တယ်။ မဂ္ဂင်ရှစ်ပါးကလဲ ရုပ်နဲ့ နာမ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရုပ်လဲအနိစ္စဘဲ၊ဖြစ်ပျက်ဒုက္ခသစ္စာဘဲ၊နာမ်လဲဖြစ် ပျက်ဒုက္ခသစ္စာဘဲလို့ ဘုန်းကြီးကဟောထားလို့ ဒကာ၊ဒကာမ တွေက ခန္ဓာကို ဉာဏ်လှည့်လိုက်တဲ့အခါ ကြတော့ ဖြစ်ပျက်ဒုက္ခ မမြင်ပေဘူးလား၊မြင်မှာလား?(မြင်မှာပါဘုရား)။

ဖြစ်ပျက်ဒုက္ခသစ္စာ မြင်တဲ့ အခါကြလို့ရှိရင်ဖြင့် မနေ့က ပြောတဲ့အတိုင်း ဖြစ်ပျက်သည်ကားလို့ဆိုရင်ဖြင့် သင်္ခါရတရား

လို့ ဟောထားတယ်။ မဟောဘူးလား?(ဟောပါတယ်ဘုရား) အဲဒီသင်္ခါရတရား ဘယ်ကလာသတုန်းလို့မေးတဲ့အခါကြတော့ "အနိစ္စဝတသင်္ခါရာ"ဒီလိုမလာဘူးလား(လာပါတယ်ဘုရား)။

ဝတ-ကေန်စင်စစ်အားဖြင့်၊ သင်္ခါရာ-ပြုပြင်လို့ပေါ်လာတဲ့ နာမ်ဓမ္မလေးတွေ၊ ဝေဒနာလေးတွေ မလာဘူးလား? (လာပါတယ်ဘုရား)။ ဘယ်လိုကြောင့် ဒါလေးတွေ လမ်းဆုံးတာတုန်း သင်္ခါရတရား အနိစ္စလမ်းဆုံးတယ်ဆိုတာ မနေ့ကဟောပြီးသား ဖြစ်ပါတယ်၊ ဦးဘကြည်ရ(မှန်ပါ)။ ဘယ့်နှယ်ကြောင့် အနိစ္စ လမ်းဆုံးရပါလိမ့်မလဲ၊ ဒကာ-ဒကာမတွေ ဒီသင်္ခါရတရားလေး ဟာ ဘယ်မှာလမ်းဆုံးသလဲ(အနိစ္စမှာလမ်းဆုံးပါတယ်ဘုရား)။ ဝေဒနာလေးပေါ်တာ သင်္ခါရတရား (မှန်ပါ)။ နောက်-ပျက် သွားတာက (အနိစ္စပါဘုရား)။

ဘြော်-ဒါ အနိစ္စလမ်းဆုံးတယ်(မှန်ပါ)။ ဒါဖြင့်-အနိစ္စဝတ သင်္ခါရဘဲ၊(တင်ပါ)။ ကျမ်းကလဲ- "သင်္ခါရာ-သင်္ခါရတရားတို့ သည်၊ ဝတ-စင်စစ်၊ အနိစ္စာ-အနိစ္စဘဲ၊" သဘောကျပြီလား?၊ (ကျပါပြီဘုရား)။ ဘယ့်နှယ်ကြောင့် ဆုံးပါလိမ့်မတုန်းလို့ ဦးဘကြည်တို့က မေးမေး၊ ဦးခင်မောင်တို့က မေးမေး၊ သူ့မှာ ဥပါဒနဲ့ဝယဘဲရှိတယ်(မှန်ပါ)။ ဦးဘကြည့်ဘာရှိလဲ(ဥပါဒနဲ့ ဝယပါဘုရား)။ ဥပါဒနဲ့ ဝယ,ဖြစ်ပျက်ရှိတာဘဲ၊(မှန်ပါ)။

"ဥပါဒဝယဓမ္မိနော" သူတို့က ဖြစ်ပြီး ပျက်တဲ့သဘောမှ တပါး, နဂိုရ်ကိုက ဘာရမရှိဘူးတဲ့(မှန်လှပါ)။ ဒါက-အနိစ္စနဲ့ သင်္ခါရကို ခိုင်မြဲအောင်လို့ ထောက်ခံလိုက်တာ....(မှန်လှပါ)။ အနိစ္စနဲ့ သင်္ခါရကို ဘာလုပ်လိုက်ပါလိမ့် (ခိုင်မြဲအောင် လုပ်ပါ တယ်ဘုရား)။

"ဥပါဒဝယဓမ္မိနော"၊ ဓမ္မိနောက - ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောကြောင့်၊ သင်္ခါရဟာ အနိစ္စမှာလမ်းဆုံးလိမ့်မယ် (တင်ပါ)။ ဒကာ-ဒကာမတွေ သူ့သဘောက ဘာရှိတုန်း.... (ဖြစ်ခြင်း ပျက်ခြင်းသဘောရှိပါတယ်ဘုရား)။ ဖြစ်ခြင်းပျက်ခြင်း သဘောက သုံးမျိုးရှိနေတော့ ဩော်-ဖြစ်လာတာ သင်္ခါရ၊ ပျက်တာ အနိစ္စဆုံးသင့်တယ်၊(မှန်ပါ)။ ဦးဘကြည် ဆုံးသင့် မဆုံးသင့်(ဆုံးသင့်ပါ တယ်ဘုရား)။ ဆုံးသင့်တယ်နော်....(မှန်ပါ)။

ကောင်းပြီ၊ "ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊" မင်းတို့ မသိမှာစိုးတယ်၊ ဘယ်တရားမဆို မှတ်လိုက်,နိဗ္ဗာန်မှတပါး ဖြစ်ပြီး ပျက်တာချည်းဘဲ မှတ်လိုက်....(မှန်ပါ)။ ဘာတုန်း (ဖြစ်ပြီး ပျက်တာချည်းပါဘုရား)။ ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ....(မှန်ပါ)။ ဥပဇ္ဇိတွာ, ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ-ချုပ်ကြလေကုန်၏။ မင်းတို့ ကြိုက်နှစ်သက်တဲ့ အလုပ်ဟူသရွှေဟာ သည်ဖြစ်ပျက်ချည်းဘဲ။

ဒကာ-ဒကာမတွေ ဘာဟောတုန်း(ဖြစ်ပျက်ချည်းပါဘုရား) ခင်ဗျားတို့ခန္ဓာကိုယ် တကိုယ်လုံးထဲမှာ ဘာသာလျှင်ရှိတယ်လို့ ဆုံးဖြတ်ချက်ချကြမလဲ၊(ဖြစ်ပျက်ချည်းရှိပါတယ်ဘုရား)။ အဲဒါကြောင့် ဖြစ်ပျက်ရှု,ဖြစ်ပျက်ရှုဆိုတာ ဒီပါဠိတော်ကလာတာ.... (မှန်ပါ)။

တေသံ-ထိုဖြစ်ပျက်တို့၏၊ ဥပါသမော-မရှိခြင်းသည်၊ သုခေါ-နိဗ္ဗာန်မည်၏။ ဖြစ်ပျက်ကို ဆုံးသွားမှ နိဗ္ဗာန်တွေ့မှာဘဲ(မှန်ပါ) ဘာတဲ့တုန်း ဒကာ ဒကာမတို့၊ (ဖြစ်ပျက်ဆုံးသွားမှ နိဗ္ဗာန်တွေ့မယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့သည် ဘုန်းကြီးသင်ထားတဲ့ သုံးချက်မကိုက်ဘူးလား?(ကိုက်ပါတယ်ဘုရား)။

တစ်နံပါတ်က ဘာတဲ့(ဖြစ်ပျက်မြင်အောင်ကြည့်ပါဘုရား)။ နှစ်နံပါတ်ကတော့(မုန်းအောင်ကြည့်ပါဘုရား)။ သုံးနံပါတ်ကကော(ဆုံးအောင်ကြည့်ပါဘုရား)။ ဆုံးအောင်ကြည့် ဆိုတော့ ဖြစ်ပျက် မဆုံးသေးဘူးလား? (ဆုံးပါတယ်ဘုရား)။ ဆုံးတာ ဘာခေါ်ကြမလဲ(နိဗ္ဗာန်ပါဘုရား)။ ပါဠိတော်က ဘယ်နှယ် ရှိတုန်း(တေသံ ဝူပသမော သုခေါ,ပါ ဘုရား)။

တေသံ-ထို ဖြစ် ပျက် နှစ်ခုတို့၏၊ ဝူပသမော-မရှိခြင်းသည်၊ သုခေါ-ချမ်းသာတဲ့နိဗ္ဗာန်ဘဲ၊ (မှန်ပါ)။ သူ-မရှိတာ ဘာခေါ် ကြမလဲ(ချမ်းသာတဲ့နိဗ္ဗာန်ပါဘုရား)။အဲဒါကြောင့် တစ်နံပါတ်ကို ခင်ဗျားတို့ အိမ်ရောက်တဲ့အခါ ဝေဒနာသုံးပါး၊ တပါးပါး ဖြစ်ပျက်မြင်အောင်ကြည့်ရမယ်(မှန်ပါ)။နောက်ကြတော့ ကြည့်ရင်း မတွန့်နဲ့ ဖြစ်ပျက်မုန်းအောင် တခါတည်း ဂရုစိုက်ပေး၊ (မှန်ပါ)။ အားစိုက်ရင် မုန်းလာမှာဘဲ(မှန်ပါ)။

ဟာ—မုန်းလာတဲ့တနေ့ကြတော့မလိုချင်ဆိုတာ၊ ဦးဘကြည် လာမလား,မလာဘူးလား? (လာပါတယ်ဘုရား)။ မလိုချင်တဲ့ သုံးနံပါတ် ပေါ်လာလို့ရှိရင် ဒီကဆုံးတာဘဲ(မှန်ပါ)။မလိုချင် လို့ဆုံးတာ(မှန်ပါ)။ အလိုလို ဆုံးတာလား၊ မလိုချင်လို့ ဆုံး တာလား?(မလိုချင်လို့ ဆုံးတာပါဘုရား)။

ကောင်းပြီ၊ မလိုချင်လို့ဆုံးသွားတော့၊ တေသံ-ထိုဖြစ်ပျက် တို့သည်၊ ဝူပသမော-မရှိခြင်းသည်၊သုခေါ-ချမ်းသာတဲ့နိဗ္ဗာန်ဘဲ (မှန်ပါ)။ အလိုလိုပေါ်တဲ့တရားလား?၊ဒကာ-ဒကာမတို့ ဆရာ ကောင်း, သမားကောင်းဆီက နည်းရပြီးသကာလ ကိုယ်တိုင် ကြိုးစားမှ ပေါ်တဲ့တရားလားလို့ သေသေချာချာမှတ်ရမယ်၊ (မှန်ပါ)။

ဆရာကောင်း သမားကောင်းထံက နည်းရတို့က တစ်နံပါတ် (မှန်ပါ)။ ကိုယ်တိုင်ကြိုးစားတို့က နှစ်နံပါတ်၊ အဲဒီ-နှစ်နဲ့ ပြည့်စုံမှရမယ်၊(မှန်ပါ)။ ဆရာသမားထံက နည်းရတို့က ဘာ တုန်း(တစ်နံပါတ်ပါဘုရား)။ ကိုယ်တိုင် ကြိုးစားတာကကော (နံပါတ်နှစ်ပါဘုရား)။

အဲဒီ-တစ်နဲ့ နှစ်သာ ခင်ဗျားတို့ လက်လွှတ်ထားကြမယ်ဆို ရင်ဖြင့် ဘယ်နည်းနဲ့မှ ဒီဖောင်မဖြစ်ပါဘူး၊(မှန်ပါ)။ ဒီဖောင် မဖြစ်လို့ရှိရင် နိဗ္ဗာန်သောင်ကမ်း မကပ်နိုင်ဘူး၊ ကပ်နိုင်ပါ့ မလား?(မကပ်နိုင်ပါဘုရား)။ မကပ်နိုင်လို့ရှိရင်ဖြင့် ဖောင်လဲ မရှိ၊ ကပ်လဲ မကပ်နိုင်ဖြစ်နေတော့ ဩဃ-တို့အကျိုးပေးက အမျောသမား, အမြုပ်သမားဘဲ၊ ဒီဘက် ပြန်ရောက်တယ်၊ (မှန်ပါ)။

ဒါဖြင့် တခြားရောက်စရာရှိသေးရဲ့လား? (မရှိပါဘုရား)။ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ မဂ္ဂင်အလုပ်လုပ်မှဘဲရမယ်ဆိုတော့ လုပ်သာလုပ်ပေတော့၊ မဂ္ဂင် မလုပ်လို့ ဖြစ်ကိုမဖြစ်ဘူးဆိုတာ ပေါ်လာပြီလား?(ပေါ်ပါပြီ ဘုရား)။ ပေါ်လာတော့ ခင်ဗျားတို့ စိတ်ကို ဟောလို့ရှိရင် ဝေဒနာပါတယ်။ ဝေဒနာဟောလို့ရှိရင် စိတ်ပါတယ်ဆိုတော့ ခင်ဗျားတို့သန္တာန်၌ လောဘစိတ်လဲ လာချင်လာမှာပေါ့ဗျာ၊ ဒေါသစိတ်ကော(လာပါတယ်ဘုရား)။ မောဟစိတ်ကော(လာ ပါတယ်ဘုရား)။ လာချင်လာမှာဘဲ။

လောဘဆိုတာက လိုချင်တာ၊ ဒေါသဆိုတာက သူတပါးကို မုန်းတီးတာ(မှန်ပါ)မောဟဆိုတာက လေလွင့်နေတာ, သံသယ

ရှိနေတာ၊ ဒါ-မောဟ (မှန်ပါ)။ မောဟက နှစ်မျိုး ရှိတယ် (မှန်ပါ)။ စိတ်လေလွင့်နေတာလဲ ဘာတုန်း(မောဟပါဘုရား) "စိတ်လေလွင့်နေတာလဲ မောဟဘဲ၊" ကိုယ်လုပ်နေတဲ့ အလုပ် ဟုတ်မှဟုတ်ပါ့မလားလို့ သံသယရှိနေတာကော....(မောဟပါ ဘုရား)။

အဲဒီတော့ လောဘပေါ်လဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုပေးလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တယ်။(မှန်ပါ )။ လောဘဟာ ဟဒယဝတ္ထုပေါ်မှာဘဲ ပေါ်လေ့ရှိတယ်။ တခြား နေရာမှာ မပေါ်ဘူး၊(မှန်ပါ)။ ဘယ်မှာပေါ်သတုန်း(ဟဒယဝတ္ထုမှာပါ ဘုရား)။ ဒါဖြင့် သူ့ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရမယ်ဘုရား)။ အဲ-ဖြစ်ပျက်ရှုတော့ သူက-အနိစ္စဖြစ်မယ်၊ သူက မဂ္ဂ ဆိုတော့ မဂ္ဂင်လာဖြစ်တယ်၊(မှန်ပါ)။

ဖေါင်ငါးခုဖြစ်လာတယ်၊ ငါးလုံးသော ဖေါင်တော့ ဖြစ်လာတယ်၊ (မှန်ပါ)။ သို့သော် လှိုင်းဂယက်တိုကို မခံနိုင်သေးဘူး ခံနိုင်ပါ့မလား?(မခံနိုင်ပါဘုရား)။ ဘာဖြစ်လို့မခံနိုင်သေးလဲ ဆိုတော့ ရှစ်လုံးတွဲလောက် မမြိုင်လို့ပေါ့ဗျာ၊ သဘောကျပြီ လား?(တင်ပါ )။

ကောင်းပြီ၊ ဒါဖြင့် ငါးလုံးတွဲလေးနဲ့လဲ ဒကာ-ဒကာမတွေ က တော်လောက်ပြီလို့လုပ်မနေနဲ့အုံး၊ ဖေါင်ကဖြင့်မခိုင်သေး ဘူး, ခိုင်ခန့်အောင် ကြိုးစားပါအုံးဆိုတာကိုလဲ တိုက်တွန်းရ ပြန်တယ်၊ဒကာသိုက်ရ(မှန်ပါ)။ မတိုက်တွန်းလို့ ရပါမလား?၊ (မရပါဘုရား)။

ကဲ–ဒေါသစိတ် ပေါ်လာရင် ဘာလုပ်ကြမယ်၊ (ဖြစ်ပျက်ရှုရမယ်ဘုရား)။ အဲဒီ သူလဲ အနိစ္စဘဲလို့ ရှုပြစ်တဲ့အခါကြတော့ ဒကာ-ဒကာမတို့ ခုနက-လောဘစိတ် ပေါ်တုန်းက ဘာလုပ်ခဲ့တယ်၊ ဖြစ်ပျက်ရှုလိုက်တော့ သူက-အနိစ္စဖြစ်သွားပြီ၊ သူက-မဂ္ဂဖြစ်သွားတော့ လောဘဟာ တဏှာဘဲမဟုတ်လား?(မှန်ပါ)။ ဥပါဒါန်လာသေးရဲ့လား? (မလာပါဘုရား)။ ဘဝတွေကော (မလာပါ ဘုရား)။ ဘဝမှ မလာတော့ဘူးဆိုတော့ အဇမျှော သမား အမြုပ်သမားလဲ ဖြစ်သေးရဲ့လား?(မဖြစ်ပါဘုရား)။

ပြီးတော့ ဒကာ-ဒကာမတို့ရဲ့ အနိစ္စရှုလိုက်တဲ့အတွက် တဏှာ ရေကော မခန်းဘူးလား?(ခန်းပါတယ်ဘုရား)။ အားကိုးကော ရှိသေးရဲ့လား? (မရှိပါဘုရား)။ မရှိတဲ့အတွက် ပြုတ်ကျစရာ ကော(မရှိပါဘုရား)။ မရှိတော့ တဏှာရေလဲ ခန်း၊ ပြုတ်ကျလို့ ပိစရာသစ်ပင်ကော ရှိသေးရဲ့လား?(မရှိပါဘုရား)။

အဲဒီကဲ့သို့မရှိတဲ့အခါကြတော့ အခုဘာရှိတော့တုန်းဆိုတော့ ဒကာ ဒကာမတွေ သစ်ပင်လဲမရှိဘူး၊တဏှာရေလဲမရှိဘူးဆိုတော့ ဘာရှိလဲ (ဖေါင်ရှိပါတယ်ဘုရား)။ ဖေါင်ဘဲ ရှိတယ်ဆိုတော့ ခင်ဗျားတို့ ကုန်းပေါ် အခုကို စ ရောက်တယ်....(တင်ပါ)။ မရောက်ဘူးလား?(ရောက်ပါတယ်ဘုရား)။ ရေလဲ မခန်းသေး ဘူးလားဗျ၊ (ခန်းပါတယ်ဘုရား)။

အေး–သစ်ပင်ကော ပိသေးရဲ့လား? (မပိပါဘုရား)။ မပိ တော့ အခု-ဘာ ရ ထားတုန်း (ဖေါင် ရထားပါတယ်ဘုရား)။ ဖေါင်ကြီးလား ဖေါင်သေးလား?(ဖေါင်သေးပါဘုရား)။ အဲ-ဖေါင်သေးဆိုတော့ လှိုင်းလေ မခံနိုင်သေးဘူး၊ ခံနိုင်ရဲ့လား?၊

(မခံနိုင်ပါဘုရား)၊ ဘာဖြစ်လို့တုန်း(ဖေါင်သေးလို့ပါဘုရား) အဲ-မဂ္ဂင်စုံပြီလား?(မစုံသေးပါဘုရား)။

မစုံသေးတော့ ဒကာ-ဒကာမတွေက မှတ်လိုက်၊အင်း-ဒီဉာဏ်သည် လှိုင်းလေတွေမခံနိုင်သေးဘူး၊ (မှန်ပါ)။ လောဘလှိုင်း၊ ဒေါသလှိုင်း၊ မောဟလှိုင်းတွေက တကယ်တိုက်လိုက်မယ်ဆိုရင် ခံနိုင်ပါ့မလား? (မခံနိုင်ပါဘုရား)။ အင်း-ဒါဖြင့် ဖေါင်ကြီး ဖြစ်အောင် ခင်ပျားတို့ကြိုးစားအုံး၊မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)။

အဲ-ခင်ဗျားကိုသဏ္ဍာန်မှာ ဒေါသဖြစ်ပြန်လဲ ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရမယ်ဘုရား)။ ဖြစ်ပျက်ရှု သဘောကျပြီလား (မှန်ပါ)။ ဖြစ်ပျက်အနိစ္စ ရှုလိုက်တဲ့အခါကြတော့ ဒေါသနောက်က သောက၊ပရိဒေဝ၊ဆိုတဲ့ဟာတွေ လာသေးရဲ့လား၊ (မလာပါဘုရား)။ မလာတော့ ဒကာ-ဒကာမတို့ ဘာကလေး ကိုယ်ပိုင်ရသလဲ (ဖေါင်ပါဘုရား)။ ဖေါင်ဘဲ ကိုယ်ပိုင်ရတယ်၊ တခါ-မောဟပိစိကိစ္စာလာပြန်တယ်၊ ဥဒ္ဓစ္စလာပြန်တယ်၊ ဘာလုပ်ကြမယ်၊(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကြတော့တဏှာကောမသေဘူးလား (သေပါတယ်ဘုရား)။တဏှာ၊မာန၊ဒိဋ္ဌိတွေ အကုန်သေပေါ့ဗျာ၊ (မှန်ပါ)။ အဲဒီတော့ ရေခန်းတယ်ဆိုတာ ကိုထွန်းဦး၊မသေချာဘူးလား?(သေချာပါတယ်ဘုရား)။ သို့သော်-သူ့အနိစ္စရှုသောကြောင့် သူ့အားကိုးလုံး လာသေးရဲ့လား?(မလာပါဘုရား)။ အားကိုးလုံး မလာတဲ့အတွက် ပိစရာလိုသေးသလား?(မလိုပါဘုရား)။ သူ့ကိုကျုပ်တို့က မစွဲဘူးဗျ(မှန်ပါ)။

မစွဲတော့ ပိစရာကော ဒကာ-ဒကာမတို့....(မရှိပါ ဘုရား)။ မရှိတဲ့အတွက်, အင်း-ရေလဲခန်း သစ်ပင်လဲ မပိရဘူး၊ ဘာ-ကိုယ်ပိုင်ရသလဲ(ဖေါင်ကိုယ်ပိုင်ရပါတယ်ဘုရား)၊ဖေါင်ကိုယ်ပိုင် ရတယ်ဆိုတာ ဒကာ-ဒကာမတွေက လုံလောက်ပြီလား, မလုံ လောက်သေးဘူးလားဆိုရင်ဖြင့် မလုံလောက်သေးဘူး(မှန်ပါ)။ **ဦးဘကြည်**, ဘာတဲ့တုန်း....(မလုံလောက်သေးပါဘုရား)။ မလုံ လောက်သေး၊ထပ်ဆင့်ပေါ့ဗျ(မှန်ပါ)။

ဒကာ-ဒကာမတွေ မလုံလောက်ရင် ဘာလုပ်ရမလဲ(ထပ်ဆင့် ရပါတယ်ဘုရား)။ထပ်ဆင့်ရလိမ့်မယ်ဆိုတော့ နေ့တိုင်းဟောနေ တဲ့တရား, ဒကာ, ဒကာမတွေ သိသွားဘဲ၊ ဖြစ်ပျက်ရှု, ခုနက ပြီး ခဲ့ပြီနော်၊(မှန်ပါ)။ ခင်ဗျားတို့လုပ်ထားတဲ့ ကုသိုလ်လေး လာ တောင် ဒီကုသိုလ်လေး ဘာလုပ်ရမလဲ(ဖြစ်ပျက်ရှုရမယ်ဘုရား) နို့မို့ သာမညကုသိုလ်လေး အားကိုးလိုက်လို့ရှိရင်လဲ ဝဋ်-ကျနေ အုံးမှာ၊(မှန်ပါ)။

ခင်ဗျားတို့ ဒါနလုပ်ထားတဲ့ကုသိုလ်တွေဟာ ငါ့ဒါနရှိသား ဘဲဆိုပြီး ဒါနလေးနဲ့သေတော့ သုဂတိတော့ မျောအုံးမှာ ပေါ့ဗျ၊(မှန်ပါ)။ တော်တော်ကြာ သုဂတိရောက်တော့ ခန္ဓာ ငါးပါး အားကိုးအုံးမှာ၊(မှန်ပါ)။ အဲဒါကြောင့် ခင်ဗျားတို့ ကုသိုလ်လဲ ဘာလုပ်မလဲ?(ဖြစ်ပျက်ရှုရမယ်ဘုရား)။ အဲဒီတော့ ကုသိုလ်ခင်တွယ်တဲ့ တဏှာက လာသေးရဲ့လား ? (မလာပါ ဘုရား)။ မလာတော့ကို သူလဲ ပြုတ်မကျတော့ဘူး၊ (တင်ပါ)။ တဏှာရေလဲ မခန်းလား? (ခန်းပါတယ်ဘုရား)။ ခင်ဗျားတို့ ဘာကိုယ်ပိုင်ရသလဲ၊(ဖေါင်ကိုယ်ပိုင်ရတယ်ဘုရား)။

ဒီဖေါင်စုံပြီလား?(မစုံသေးပါဘုရား)။ မစုံသေးတော့ ဒါ-ဒီဖြစ်ပျက်တွေကို ဒကာ-ဒကာမတွေ နိဗ္ဗိန္ဒဉာဏ်ရအောင်, မုန်းအောင်ရှုပါ၊(မှန်ပါ)။ အိပ်ချင်တဲ့စိတ်တွေကော (မုန်းအောင်ရှုရမှာပါဘုရား)။ ဟာ-နိုးတဲ့စိတ်တွေကော(ရှုရမှာပါဘုရား)။ ပေါ်တဲ့စိတ် အကုန်သာရှုချ၊(မှန်ပါ)။ မုန်းအောင်ရှု, သဘောကျပြီလား?(မှန်ပါ)။

မုန်းအောင်ရှုတဲ့အခါကြတော့ ခုနကလို ဖြစ်ပျက်မြင်တာမဟုတ်တော့ဘူး၊ မုန်းလာပြီ၊(မှန်ပါ )။ မုန်းလာလို့ရှိရင် မဂ္ဂင်ငါးပါး မရဘူးလား?(ရပါတယ်ဘုရား)။ သို့သော် ဖေါင်ရှစ်ခုစုံပြီလား?(မစုံသေးပါဘုရား)။ စုံအောင်လုပ်အုံး (တင်ပါ)။ ဦးဘကြည့်တော်တော်နဲ့စုံနိုင်ပါ့မလား? (မစုံနိုင်ပါဘုရား)။ ဒီတရား ဟောသလောက် လွယ်တာ မဟုတ်ဘူးဗျ....(မှန်ပါ)။ တကယ်လုပ်တော့ မဂ္ဂင်ရှစ်ပါးစုံဘို့ရာအားလုံး ဒကာဒကာမတွေ လွယ်တယ်များ အောက်မေ့မနေနဲ့နော်၊ (မှန်ပါ)။ ဖြစ်ပျက်ကနေပြီး, ဖြစ်ပျက်မုန်းဘို့ကို အတော်တက်ယူရတယ်၊(မှန်ပါ)။

သို့သော်-ပါရမီထက်တဲ့ ပုဂ္ဂိုလ်များကတော့ ဖြစ်ပျက်အိုပြီးတော်တော်ကြာ ခဏဘဲမုန်းလာတယ်၊ ဟုတ်ပြီလား?(မှန်ပါ)။ ဒါဖြင့် ဒကာ,ဒကာမတို့၊ မုန်းပြီးသကာလ ဒီဖြစ်ပျက်တွေကို ခင်ဗျားတို့ ဆုံးအောင်ကြည့်လို့ ဆရာဘုန်းကြီးက မသင်ဘူးလား (သင်ပါတယ်ဘုရား)။ အေး သင်တားတော့ ခင်ဗျားတို့ အလိုလိုဆုံးလိမ့်မယ်များ ထင်သလား? (မထင်ပါဘုရား)။ အလိုလိုဆုံးတာမဟုတ်ဘူး။

ဒကာ,ဒကာမတို့၊ ဩော်-ဖြစ်ပျက်ဟာ ဒီရုပ်နာမ်တွေဘဲ၊ ခန္ဓာတွေဘဲ၊ ဒါတွေဟာ ဒုက္ခသစ္စာအစစ်တွေဘဲ (၃၁) ဘုံထဲ

မှာဖြင့် ရုပ်နာမ်ဟာ ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခမှန်းသိပြီးသကာလ, ဒီဥစ္စာတွေသည်ကားဆိုလို့ရှိရင် အို ဘေး, နာဘေး,သေဘေးတွေနဲ့ ရောထွေးနေတာဘဲ၊ မဆိုနိုင်ဘူး လား?(ဆိုနိုင်ပါတယ်ဘုရား)။ ဦးဘကြည်,ဒါ-ဘာနဲ့ရောထွေး နေတာလဲ?(အိုဘေး,နာဘေး,သေဘေးနဲ့ပါဘုရား)။

ဒီခန္ဓာငါးပါးသည် အိုဘေး,နာဘေး,သေဘေးနဲ့ ရောထွေး နေတယ်ဆိုတာ ရိပ်မိပြီလား?(မှန်ပါ)။ သောက,ပရိဒေဝ,ဒုက္ခ ဒေါမနဿ,မီးတွေနဲ့ကော လောင်မနေဘူးလား?(လောင်နေ ပါတယ်ဘုရား)။ ဟင်-ခန္ဓာရတဲ့ပုဂ္ဂိုလ်ဖြင့် လောင်နေတာဘဲ လို့ ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါးနဲ့ မမြင်ပေဘူးလား? (မြင်ပါတယ် ဘုရား)။

မြင်တဲ့အချိန်ကြလာတော့၊ ဒကာ·ဒကာမတွေ, အင်း-ဒုက္ခ အစစ်ဆိုတာက ဒီခန္ဓာကိုးလို့ ခင်ဗျားတို့ ပိုင်းခြားလာလိမ့်မယ် (မှန်ပါ)။ ဒုက္ခအစစ်ဆိုတာ ဘာပါလိမ့်(ခန္ဓာပါဘုရား)။ ခန္ဓာ ကိုလို့ ပိုင်းခြားလိုက်တဲ့အခါ ကြတော့ ဒီခန္ဓာဖြင့် မရချင်တော့ ပါဘူးဆိုတဲ့ ဒုတိယစိတ် မပေါ်ဘူးလား, ပေါ်မလား? (ပေါ် ပါတယ်ဘုရား)။ ပေါ်တဲ့အခါကြတော့ ဒိငါးပါးပြုတ်တယ် သဘောကျပြီလား?(မှန်ပါ)။

ငါးပါးပြုတ်သွားတော့ ဒုက္ခချုပ်သွားတယ်၊(မှန်ပါ)။ ဒုက္ခ ချုပ်သွားတော့ ဒီနေရာဘာကျန်ခဲ့သလဲ၊သုခကျန်ရစ်တယ်၊ သုခ ကျန်ရစ်တယ်လို့ ဆိုချင်လဲဆိုပါ၊ ဒုက္ခမရှိဘူးလို့ဘဲ ဆိုချင်လဲ ဆိုပါ(မှန်ပါ)။ ဦးဘကြည်,ဘာဆိုမလဲ?(ဒုက္ခမရှိတာပါဘုရား) ဒါဖြင့် ဒုက္ခမရှိတာကို ခင်ဗျားတို့ တွေ့လိုက်ရတယ်လို့ မဆိုနိုင် ဘူးလား?၊ (ဆိုနိုင်ပါတယ်ဘုရား)။

ဒုက္ခမရှိတာကာ,ဒကာ-ဒကာမတို့၊ နိဗ္ဗာန်....(မှန်ပါ)။ မရှိတာ သိတာက မဂ်ဉာဏ်မဟုတ်လား?(မှန်ပါ)။ ဒါဖြင့် မဂ္ဂင်ရှစ်ပါး ဒီကြမှဆုံးတယ်၊ (မှန်ပါ)။ နဂိုရ်က ငါးပါးနဲ့ချည်းလာခဲ့တယ်၊ (မှန်ပါ)။ တော်တော်ကြာ မဂ္ဂင်ရှစ်ပါး မတွေ့ရပေဘူးလား?၊ (တွေ့ရပါတယ်ဘုရား)။ မြင်ရတာသည် ဒကာ,ဒကာမတို့ သူ ပို့လို့မြင်တာ....(မှန်ပါ )။ သူမပို့ရင် မမြင်ရဘူး။

အဲဒီကြမှ ခင်ဗျားတို့ ဩဝဒ်-စိတ်အေး လက်အေး ဘဝင် အေးပြီးသကာလ,အေးအေးနေရစ်ကြပေတော့(မှန်ပါ)၊ဒီ-ခြား ကာလမှာ ပျာပျာသလဲ လုပ်ပါ၊ရှင်းပြီလား?(မှန်ပါ)။အသေက ဦးသွားရင်လဲ ဒီလို ဖြစ်ပါအုံးမှာလား ? (မဖြစ်ပါ ဘုရား)။ မဖြစ်ရင် ရှေ့ဘာဖြစ်မယ် ထင်ကြသလဲ? (မြုပ်မှာပါဘုရား)။ အမျောသမား,အမြုပ်သမားကော မဖြစ်ပေဘူးလား ?(ဖြစ်မှာ ပါ ဘုရား) သဘောကျပြီလား?(ကျပါပြီဘုရား)၊

ဒါဖြင့် ဒီရှစ်ပါးပြည့်အောင် လုပ်ပါ၊ (မှန်ပါ)။ ဒီရှစ်ပါး ပြည့်လို့ရှိရင် နိဗ္ဗာန်ကိုမြင်လိမ့်မယ်(မှန်ပါ)၊ နိဗ္ဗာန်ကိုမြင်တော့ အနမတဂ္ဂ သံသရာစက်က အိပ်မက်တွင်မှ မမြင်စဘူး အထူး အချွန် အလွန်မြတ်လှ နိဗ္ဗာနကို နေဝန်း,လဝန်း ပေါ်ထွက် ထွန်းသို့ ရှန်းရှန်းမြိုင်မြိုင် မြင်စွမ်းနိုင်သော 'ဒဿန' အနက်ဆို တာ သူဘဲ၊ သဘောကျကြပါသလား?(ကျပါပြီဘုရား)။ ဒါဖြင့် ဒီနေ့ ဒီဝှင် တော်ကြစို့....။

( သာဓု....သာဓု....သာဓု )

× × × × ×

အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်မှ

## အဓိပတေယျဋ္ဌော တရားတော်။

ယနေ့ ဒကာ-ဒကာမတို့၊ မဂ္ဂင်သစ္စာ၏လေးခုမြောက်အနက် ဖြစ်သော "အဓိပတေယျဋ္ဌော" အနက်ကို ဟောရလိမ့်မယ်။ ဒကာဝတို့ ဒကာသိုက်တို့....(မှန်ပါ)။

'မဂ္ဂဿအဓိပတေယျဋ္ဌော'ဆိုတာက၊မဂ္ဂဿ-မဂ်၏၊အဓိပတေယျဋ္ဌော-အဓိသီလ, အဓိစိတ္တ, အဓိပညာ, သိက္ခာသုံးခု ရပာန်းမှုတွင် သူ့ပြင်မရှိ ကြီးဘိတုလတ် အာထွဋ်အထိပ် ဖြစ်သော အနက် သဘောသည်လည်းကောင်းဆိုတော့၊ ဝေဒနာရှုသူဖြစ်ဖြစ်, စိတ်ရှုသူဖြစ်ဖြစ်, ဒကာဝတို့, ဒကာသိုက်တို့ ရှုတယ်ထားပါတော့ (မှန်ပါ)။ ရှုတော့ ဖြစ်ပျက်ဒုက္ခတွေမြင်, ဖြစ်ပျက်ဒုက္ခတွေမုန်း, ဖြစ်ပျက်ဒုက္ခတွေဆုံးသွားရင် မဂ်ဉာဏ်ပေါ်လာမယ်။ပေါ်လာတော့ အဓိသီလ, အဓိစိတ္တ, အဓိပညာဖြစ်တယ်၊ (မှန်ပါ)။

အဓိ-ပါလာသဖြင့် သီလ, သမာဓိ, ပညာ မြဲလာပြီလို့ စိတ်အချကြီးချပေတော့၊အဲဒါမှဒကာဝတို့'အဓိပတေယျဋ္ဌော'ဘဲလို့

အတိုမှတ်ထားလိုက်၊(မှန်ပါ)။ အဲဒီတော့ သီလမှာလဲ အခိ-ပါမှ ဒီက-ပညာမဂ္ဂင်၊ ဒီက-သမာဓိမဂ္ဂင်၊ ဒီက-သီလမဂ္ဂင်ရိုးရိုးဘဲ။

ဒကာ-ဒကာမတွေသဏ္ဍာန်မှာ သီလရှိကြတာဘဲ၊ သမာဓိလဲ ရှိကြတာဘဲ၊ ပညာလဲ ထိုက်တန်သလောက်ရှိကြတာဘဲ။ တရားနာနေတဲ့ ပုဂ္ဂိုလ်, အားထုတ်တဲ့ပုဂ္ဂိုလ်မှာရှိကြပါတယ်(မှန်ပါ)၊ ရှိပေမဲ့ ဒါနဲ့ လုံလောက်သလား, ခိုင်မြဲသလားလို့ မေးတဲ့အခါ ကြလို့ ရှိရင် မခိုင်မြဲသေးဘူးလို့ မှတ်ရမယ်။ ဘာပါမှ ခိုင်မြဲမလဲ လို့ သေသေချာချာမှတ်ချင်လို့ ရှိရင်ဖြင့် သီလမှာလဲ လွန်တဲ့ သီလ, အကြီးအကဲဖြစ်တဲ့သီလ,ဖြစ်မှ....(မှန်ပါ)။

သမာဓိမှာကော (အကြီးအကဲ ဖြစ်မှပါဘုရား)။ ပညာမှာကော(အကြီးအကဲဖြစ်မှပါဘုရား)။ ဩော်-ဒါဖြင့် သီလ,သမာဓိ ပညာလို့ဆိုထားတော့ ပြုန်းကနဲကြည့်လိုက်တဲ့အခါ ဒကာ, သိုက်တို့ ဦးဝတို့က တရားဘဲထင်မယ်နော်၊(မှန်ပါ)။ တရားလဲ မထင်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်၊(မှန်ပါ)။

ဝိပဿနာရှုတဲ့ ပညာမှာလဲ ဩော်-ရိုးရိုးပညာက တမျိုး၊ အခိုပညာကတမျိုး(မှန်ပါ)။သမာဓိမှာလဲ ဒီအတိုင်းဘဲ(မှန်ပါ) သမာဓိအလုပ်က ထွက်သက် ဝင်သက်တွေလုပ်၊ သုံးဆဲ့နှစ် ကောဋ္ဌာသတွေလုပ်၊ အဲဒါ-လုပ်ရိုးလုပ်စဉ် သမာဓိ,က တမျိုး၊ (မှန်ပါ)။ တခါတည်း မဂ်ဆိုက်,ဖိုလ်ဆိုက် နိဗ္ဗာန်ကို မြင်ပြီး သကာလ နေတဲ့ အခိ,ပါတဲ့ အခိသမာဓိက တမျိုး(မှန်ပါ)။

ဒီဘက်မှာလဲ ဒီဘဝမှာ ခံယူတဲ့ သီလသည် အလှုပ်အရှားမခံတဲ့ သီလက တမျိုး၊ ဘယ်လိုပင် လှုပ်ရှားငြားသော်လည်း ပျက်စီးမှု မရှိတဲ့ သီလခိုင်မြဲတဲ့ သီလက တမျိုးပေါ့ဗျာ....(မှန်ပါ)။

စုတေတောင် ခိုင်မြဲတဲ့ သီလနဲ့စုတေပြီးတော့လဲ ဒီ-သီလက မပျက်ဘူး၊(မှန်ပါ)။ အဲဒီတော့မှ အစိုသီလလို့ ဆိုရမယ်....၊ (မှန်ပါ )။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ပညာမှာလဲ အစိပညာ ပေါ့နော်၊(မှန်ပါ)။ သမာဓိမှာကော (အစိုသမာဓိပါဘုရား)။ အစိုသမာဓိ။ သီလမှာကော(အစိုသီလပါ ဘုရား)။ ဪ-ဒီလို ကျင့်မှသာလျှင် ဒကာ့ဒကာမတို့ ကိုယ့်သီလ, ကိုယ့်သမာဓိ, ကိုယ့်ပညာသည် ခိုင်လုံပြီလို့မှတ်ပါနော်၊(မှန်ပါ)။

ကျုပ်တို့ ခင်ဗျားတို့မယ် ခုတိုင်ဘဲ အိုဘေး,နာဘေး, သေ ဘေးတွေ အမြဲကြုံပြီးသကာလ နေရတာထောက်ကြည့်လိုက်လို့ ရှိရင်၊ ဪ-အစိုပါတဲ့သမာဓိ၊ အစိုပါတဲ့ပညာ၊အစိုပါတဲ့သီလ တို့ မရခဲ့ မကြုံခဲ့လို့ ဤကဲ့သို့ အိုဘေး,နာဘေး,သေဘေးရောက် နေပြီးတော့, ဘေးအတန်တန် ရန်အထပ်ထပ်တွေနဲ့ အကြပ် အတည်း တွေ့နေရတာဘဲလို့ ဦးဝင်းမှတ်ရလိမ့်မယ်(မှန်ပါ)။

ဒါဖြင့် ဒကာ-ဒကာမတို့ သီလမှာတော့ ဘာပါဘို့ အရေး ကြီးပါလိမ့်(အစိုပါဘို့အရေးကြီးပါတယ်ဘုရား)။ သမာဓိမှာ ကော....(အစိုပါဘို့အရေးကြီးပါတယ်ဘုရား)။ ပညာမှာကော (အစိုပါဘို့အရေးကြီးပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီး-ညနေကလဲ ရှင်းလင်းပြောခဲ့ပါတယ်၊ ဒီနေ့တော့ သူ့အဆက်က မကုန်သေးလို့ ဆက်ပြီးသကာလ ပြောရခြင်းဖြစ်ပါတယ်၊(မှန်ပါ )။ အဲဒီတော့ ဪ-သီလ, သမာဓိ,ပညာက စုံလို့ပေါ့လို့ ကိုယ့်ဟာကိုယ် တင်းတိမ်ပြီး သကာလ, မနေလိုက်ပါနဲ့လို့ ဦးဘကြည် တို့, ဦးဝင်းတို့ကို

ဘုန်းကြီးကပြောချင်တယ်။ ဦးခင်မောင့်မပြောထိုက်ဘူးလား, (ပြောထိုက်ပါ တယ်ဘုရား)။အစိ့မပါသ၍ ပျက်စီးသေးတာဘဲ၊ (မှန်ပါ)။

အဲဒီတော့ တိုတိုပြောကြစို့၊ ဒကာ-ဒကာမတို့ မနေ့ကလဲ ဒီအစိပ္ပါယ်ရှင်းပြီးသားဖြစ်သောကြောင့် ရှေ့ဆက်တဲ့စကားကို သာ သုံးကြပါစို့....(မှန်ပါ)။ ဒကာ-ဒကာမတို့ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲတာအမှန်မြင်မှ မဂ္ဂတို့ နိရောဓတို့က ပိုမိုပြီးသကာလ ထင်ရှားလာမယ် (မှန်ပါ)။ ဆင်းရဲတာမြင်မှ ချမ်းသာတာသည် ဒကာ့ဒကာမတို့ ထင်ရှားမယ်မဟုတ်လား?(မှန်လှပါဘုရား)။

ဆင်းရဲတာမှ မမြင်ဘူးတဲ့ပုဂ္ဂိုလ်သည် ချမ်းသာတာထင်ရှား တယ်၊ ထူးခြားတယ်လို့ဆိုလို့ရရဲ့လား?(မရပါဘုရား)။ အဲဒီ တော့ ဒီလိုလုပ်ကြပါ၊ အစိသီလ့အစိစိတ္တ့အစိပညာ့ သုံးချက် ညီလို့ရှိရင် ဒကာ့ဒကာမတို့ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာကို ပြိုင်မြင်အောင်လုပ်ပါ၊ (မှန်ပါ)။ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ဘာလုပ်ရပါလိမ့်?(ပြိုင်မြင်အောင် လုပ်ရပါမယ်ဘုရား)။

ပြိုင်မြင်အောင်လုပ်ရမယ်ဆိုတော့ ဒီဘက်က ရုပ်နာမ် ဒုက္ခ သစ္စာထား၊ ဟိုဘက်က နိရောဓသစ္စာထား၊ ဒါက မဂ္ဂသစ္စာဘဲ ထားပါတော့(မှန်ပါ)။ မဂ္ဂသစ္စာဆိုတာ"တပ္ပနဇန သတိသဒုက္ခ ဒသနေန ကုလာဘကုလသတိသ အစိပတေယျသွေ" ဆိုတဲ့ အတွက် ဥပမာပြောကြပါစို့။

ဒကာ့ဒကာမတို့ ဒီဘက်က ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါ ဘုရား)။ ဟိုဘက်က(နိရောဓသစ္စာပါဘုရား)။ ကောင်းပြီ့ အား ထုတ်တဲ့ ပုဂ္ဂိုလ်ကို အစိသီလ့အစိစိတ္တ့ အစိပညာ ဖြစ်တဲ့အခါ

ကြတော့ မြင်ပုံထူးခြားလာတာပါလား?(မှန်ပါ)။ ဒို့သည်ကား လို့ဆိုရင် စိတ်ချရတဲ့ သီလစိတ်ချရတဲ့ သမာဓိ စိတ်ချရတဲ့ ပညာဖြစ်မယ်ဆိုတာ ဒီနေ့တော့ဖြင့် ထူးထူးခြားခြားဘဲ သိရမယ်လို့ ဦးခင်မောင်တို့ မှတ်သားရမယ်နော်(မှန်ပါ)။ သို့သော် ဥပမာနဲ့ပြောမှဘဲ သိရမယ်၊(မှန်ပါ)။ ဒကာ,ဒကာမတွေ ဘာနဲ့ ပြောမှ....(ဥပမာနဲ့ပြောမှပါဘုရား)။

ကိုင်း—ကျုပ်တို့ မန္တလေးမြို့မှာ ရဟိုင်းသုသာန်,ဆင်ဖြူကြန် သုသာန်ဆိုတာရှိတယ်၊(မှန်ပါ)။ အဲဒီမှာ သုဘရာဇာထိုက်တန် သလောက် ဦး●င်းတို့ မရှိလားဗျာ....(ရှိပါတယ်ဘုရား)။ အင်း သူတို့မှာတော့ ဒီအထဲမှာဘဲ မွေး၊ သူတို့ အဒမေ့ အဖေတွေလဲ ဒီမှာ အိမ်ထောင်ကျ၊ ဒီမှာမွေးဆိုတော့ သူတို့မှာ အထူးကြောက်တယ်, လန့်တယ်လို့များ ရှိသေးရဲ့လား?(မရှိပါဘူးဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်မတုန်းလို့ဆိုတော့ ဒီမွေး, ဒီနေလို့ပေါ့၊ မဆိုထိုက်ဘူးလား?(ဆိုသိုက်ပါတယ်ဘုရား)၊ ဒီမွေး ဒီနေလို့ သူတို့မှာ အသုဘ,ချလာတဲ့အခါကြလို့ရှိရင် ဝမ်းသာတယ်၊(မှန်ပါ)။ ရွာထဲက ဒကာ,ဒကာမတွေကတော့ အသုဘ ကိုယ့်လမ်းချလာတာကို တယ်မကျေနပ်ကြဘူးနော်၊(မှန်ပါ)။ သူတို့ကတော့ အသုဘလာလေ ဝမ်းသာလေပေါ့၊(မှန်ပါ)။

ဘယ့်နှယ်ကြောင့် အသုဘလာတာ ဝမ်းသာပါလိမ့်မလဲလို့ ဒီ-သုဘရာဇာကလေးတွေ မေးကြည့်တဲ့အခါကြတော့ သူတို့မှာ ဒါဟာ-လာဘ်ကြီးတခုလို့ ပိုမှာဘဲ၊မဆိုပေဘူးလား,ဆိုမှာလား (ဆိုမှာပါဘုရား)၊ သြော်-သူများကတော့ ကြောက်ကြ,လန့်ကြ

တယ်....(တင်ပါ )။ ဟင်း-သူတို့ကြတော့ ဘယ့်နှယ်လဲ(လာဘ်ကြီး တခုပါ ဘုရား)။ လာဘ်ကြီးတခုဆိုတော့ အမြင်တမျိုးစီဖြစ်နေတယ်၊ (မှန်ပါ)။

မြို့ထဲကလူတွေကအမြင်တမျိုး(မှန်ပါ)သူတို့အမြင်က(တမျိုးပါဘုရား)။ သူတို့အမြင်ကတမျိုး၊ မြို့ထဲအမြင်က အသုဘဆိုလို့ရှိရင်ဖြင့် မင်္ဂလာမရှိ့ကြောက်ဘို့ လန့်ဘို့ဝတ္တုပစ္စည်းတခုရယ်လို့ အထိမ်းအမှတ်ထားကြတယ်၊(မှန်ပါ)။ သူတို့မှာတော့ ဒီဟာလာလေလေ့ ကူးတို့ခတို့ တွင်းတူးခတို့ လာဘက် ကွမ်းမှစ၍ အကြွင်းအကျန်တို့ ဆေးလိပ်ကြွင်း ဆေးလိပ်ကျန်တို့ရလို့ သူတို့မှာတော့ လာဘ်ရှင်သောနေ့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။

သူတို့တော့ လာတ်ရှင်တဲ့နေ့၊ ခင်ဗျားတို့က အ့မင်္ဂလာနေ့၊ (မှန်ပါ)။ ဘာများထူးခြားနေကြသတုန်းလို့မေးတဲ့အခါ မေ့းဇာတိ့ထူးခြားနေတယ်၊(မှန်ပါ)။ ဘာများ ထူးခြားနေသလဲ၊ (မွေးဇာတိ ထူးခြားနေပါတယ်ဘုရား)။ ရိပ်မိကြပြီလား?၊ (ရိပ်မိပါပြီဘုရား)။ မွေးဇာတိက ထူးခြားတယ်၊ သူတို့ကတော့ ဒီအထဲမှာ မွေး၊ ဒီအထဲမှာနေ၊ ဒီမြေပုံပေါ်မှာ သူတို့ကစားကြတာဘဲ၊(မှန်ပါ )။

ဥပမာမယ်—ဒီအထဲမှာ မြင်းဘောင်တို့ မျက်နှာကြက်တို့ ပါသွားပြန်လဲ သူတို့ယူကြ ငင်ကြတယ်၊(မှန်ပါ)။ အိမ်ဆောက်ဘို့ ကာဘို့ ရဲဘို့၊ အမယ်-သူတို့တော့ ဒီဥစ္စာရလေ ဝမ်းသာလေ (မှန်ပါ)။ ခင်ဗျားတို့ကတော့ အိမ်ရှေ့ လာ-မဖြတ်ပါနဲ့၊ ဒီဥစ္စာတွေ မတတ်သာလို့ ဖြတ်ပြီးလို့ရှိရင် အပြင်ဘက် လှည့်ပြစ်ပေးပါအုံး၊(မှန်ပါ)။

အံမာ-ခင်ဗျားတို့ကလဲ သွေးကြီးမွေးကြီးရှိလိုက်တာ သူတို့ကတော့ လာတ်ကြီးဖြစ်နေတယ်၊(မှန်ပါ)။ လာတ်ကြီးဖြစ်မနေဘူးလား?(ဖြစ်နေပါတယ်ဘုရား)။ သူတို့ကတော့ လာတ်ကြီးဖြစ်နေတယ်။ အဲဒါ ဘယ့်နှယ်ကြောင့် လာတ်ကြီး ဖြစ်နေရသတုန်းမေးတော့ သူတို့က နန်းတော်-အိမ်တော်နဲ့တူတဲ့ ရွှေပြောင်ပြောင် အင်မတန် ခမ်းနား ကြီးကျယ်တဲ့ နေရာဌာနမရောက်ဘူးတော့ သူတို့နေရာလေးနဲ့ သူတို့တော့ သူတို့တလားပျက်တို့ မြင်းဘောင်တို့ အစရှိသည်နှင့် ဆောက်ထားတဲ့ လုံလုံခြုံခြုံ အိမ်လေးနဲ့နေရထိုင်ရတော့ သူတို့အချင်းချင်း အိမ်ချင်းပြိုင်ပေါ့ဗျာ....(မှန်ပါ)။

အင်း-ငါက တလားပျက်များတယ်၊ သူက တလားပျက်များတယ်လို့ပြိုင်ကြတယ်၊(မှန်ပါ)။ ငါ့အိမ်က ကောင်းတယ်၊ သူ့အိမ်က ကောင်းတယ်လို့ကော မပြိုင်ကြပေဘူးလား? (ပြိုင်ကြပါတယ်ဘုရား)။ ဟင်-သူတို့ချင်း သူတို့ကြတော့ သူတို့ဟာနဲ့ သူတို့ကြတော့ အတင်းအတိမ်ကြီး တင်းတိမ်နေတယ်ဆိုတာတော့ ခင်ဗျားတို့ ငြင်းဘို့မလိုပါဘူး၊(မှန်ပါ)။

ဘာပြုလို့တုံး၊ဒီအထဲမွေး၊ဒီအထဲကြီးလို့(မှန်ပါ)။ ဒီအပြင်နန်းတော်အိမ်တော်ရောက်ဘူးရဲ့လား?(မရောက်ဘူးပါဘုရား) မရောက်ဘူးတော့ ကိုယ့်အိမ်နဲ့ကိုယ် ဘယ့်နှယ်နေလဲ(ကြေနပ်နေပါတယ်ဘုရား)။ ကိုယ့်ဟာနဲ့ကိုယ် ကြေနပ်နေတယ်ဆိုတာ သဘောကျပြီလား?(ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူ့မှာ အကျည်းတန် လူဆင်းရဲအမွဲကို ပျနော်....(တင်ပါ)။ အကျည်းတန်ဆိုတာ တယောက်တည်း

ထည်း သူ့မှာ ဆွေဖေါ် မျိုးဖေါ် အစရှိသည်တို့လဲ ဒီလောက် များများမရှိဘူး၊ (မှန်ပါ)။ လူဆင်းရဲကလဲဖြစ်ပြန် အမွဲကလဲ ဖြစ်ပြန်ဆိုတော့ သူတို့ဟာနဲ့ သူတို့တော့ဖြင့် ပျော်သာနေရ တာဘဲ၊(မှန်ပါ)။

ငါက ရေစက်ချတဲ့အခါ ရေစက်ခွက်ထဲမှာပါတဲ့ ပိုက်ဆံ များများရတယ်၊ ငါကလဲဆေးလိပ်တိုဆေးလိပ်အကြွင်းအကျန် ငါက များများရတယ်။ အံမယ်-သူတို့ဟာသူတို့ဂုဏ်ယူနေတာ ပေါ့ဗျာ၊ မယူကြပေဘူးလား?(ယူပါတယ်ဘုရား)။ အဲဒီတော့ သူတို့သည်ကား ဆိုလို့ရှိရင်ဖြင့် သူတို့အမျိုးနဲ့ သူတို့အရိုးနဲ့ သူတို့ဖြစ်လာတဲ့ဟာမို့ သူတို့မင်္ဂလာက တမျိုးဗျ....(မှန်ပါ)။

ဒကာသစ်တို့ မင်္ဂလာကကော (တမျိုးပါဘုရား)။ သူတို့ မင်္ဂလာက မြို့ထဲကလူများများသေလေလေ, သူတို့မှာ လာဘ် ရှင်နေလေ၊ မင်္ဂလာရှိလေလေ သူတို့မှာအကျိုးပေးသန်လေလေ (မှန်ပါ)။ ဒီလိုမနေပေဘူးလား?(နေပါတယ်ဘုရား)။

ကောင်းပြီ, မြို့ထဲကလူတွေကတော့ ဒါတွေမြင်ရလေလေ၊ ပရိတ်ရွတ်ကြအုံးစို့၊ (မှန်ပါ)။ အန္တရာယ်ကင်းလေး ဘာလေး ကျိုးစားကြအုံးစို့ကွာ၊ ဒီလိုနေလို့မဖြစ်ဘူးကွ။ ကျုပ်တို့မှာ တော့ အ,မင်္ဂလာဖြစ်ပြီးသကာလ နေကြတာဘဲ၊ (မှန်ပါ)။ သူတို့ဟာက ဒီလိုနေ့မှာ အကျိုးပေးတဲ့နေ့လို့ဆိုမှာဘဲ၊ (မှန်ပါ ဘုရား)။ တွင်းတူးတဲ့လူက တွင်းများများတူးရလို့လဲ နှစ်ကျပ် သုံးကျပ် အစရှိသည် ရမယ်ဆိုပြီး ငွေဝင်များတာပေါ့ဗျ၊ (မှန်ပါ)၊ မများပေဘူးလား?(များပါတယ်ဘုရား)။

သို့သော် သူဟာ ဒီနေရာမှာ ကြောက်တယ် လန့်တယ်လို့ ရှိသေးသလား၊ သူ့ဟာနဲ့ သူ-ပျော်မွေ့နေသလားလို့ မေးကြည့် (ပျော်မွေ့နေပါတယ်ဘုရား)။ ပျော်မွေ့နေတယ်နော်၊ခင်ဗျား တို့ကတော့ ဒီမသာတွေ လိုက်ပို့နေရတာနဲ့ ကြာတော့ အော် ဂလီဆန် အန်ပြီးသကာလ, ပို့ဘဲမပို့ချင်ဘူး၊ မတတ်သာလို့ သာ ပို့နေရတယ်လို့ ခင်ဗျားတို့မလာပေဘူးလား,လာမှာလား (လာပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ ဘယ့်နှယ်ကြောင့်ပုါလိမ့်မလဲ ဆိုတော့ အမင်္ဂလာနဲ့ လိုက်နေရလို့ မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါတယ် ဘုရား)။ ခင်ဗျားတို့က နှာခေါင်းရှုံ့လေလေ, သူတို့ကတော့ မင်္ဂလာရှိလေလေဘဲ၊ (မှန်ပါ)။ ဒီလိုမနေပေဘူးလား? (နေပါ တယ်ဘုရား)။

ဒီမှာလဲ ခစ်ဗျားတို့ ဝိပဿနာရှုနေတာ နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာကြီးကိုမမြင်ရသေးတော့ ခင်ဗျားတို့ကိုယ်ခန္ဓာကို အသုဘ ရယ်လို့ ခင်ဗျားတို့ယူလေ့မရှိဘူး၊ ဒုက္ခသစ္စာရယ်လို့ ယူလေ့ မရှိဘူး၊(မှန်ပါ)၊ ကိုယ့်အိမ်ကိုယ်ယာကိုလဲ အင်မတန်ကောင်း တဲ့ အိမ်၊ အင်မတန်နိုင်ခံ့တဲ့ အိမ်၊ အင်မတန်ကြက်သရေမင်္ဂလာ ရှိတဲ့အိမ်လို့ ခင်ဗျားတို့က နိဗ္ဗာန်မမြင်ဘူးသေးတော့ ဒွန်းစဏ္ဍား စိတ်ပေါက်နေပြီ ထင်နေတာ အခု-ရိပ်မိပြီလား? (မှန်ပါ)။ ခုမှရိပ်မိတယ်။

ဒကာ-ဒကာမတို့ သူဟာ စင်စစ်တော့ ဒုက္ခသစ္စာ(မှန်ပါ)၊ ဒီထဲမှာ အိမ်ဟာလဲ ဘာတုန်းမေးရင် ဘယ့်နှယ် ဖြေမလဲ?၊

(လောင်တိုက်တလားတွေပါဘုရား)။ ခဏခဏဖြစ်ပျက်နေတာ ဒုက္ခသစ္စာမဟုတ်လားဗျာ(မှန်ပါ)။စားရသောက်ရတာကကော (ဒုက္ခသစ္စာပါဘုရား)။ရေအိမ်,ကျင်ငယ်အိမ်,ကုဋီအိမ်တွေကလဲ အသုဘတွေစွန့်ရာမဟုတ်လား? (မှန်ပါ)။ နေကြ ထိုင်ကြတဲ့ သားတွေသမီးတွေ ကိုယ်ခန္ဓာတွေကကော(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာအသုဘတွေမဟုတ်လားဗျာ?(မှန်ပါ)။

သို့သော်လဲ ခုနက-နိဗ္ဗာန်မမြင်ဘူးသေးတော့ ကိုယ့်အသုဘတွေမဟုတ်လား၊ ကိုယ့်သားသမီးတွေနဲ့ ကိုယ့်ခန္ဓာကိုယ်လေး ကြည့်ပြီးသကာလ,အတော်ဟုတ်နေတာဘဲ၊(မှန်ပါ)။ ကျုပ်တို့ ငယ်ပါသေးတယ်၊ ဖိးနိုင်ပါသေးတယ်၊ လိမ်းနိုင်ပါသေးတယ် အစရှိသည်နှင့် ကိုယ့်ဟာကိုယ်တော့ဖြင့် ဟုတ်နေသေးတာဘဲ၊ (မှန်ပါ )။

ဟင်ဘာပြုလို့ပျော်မွေ့နေတာတုံးလို့ဆိုတော့ခုနကချမ်းသာတဲ့ နိဗ္ဗာန်ကိုမမြင်သေးတော့ ဒီဒုက္ခသစ္စာဆိုတဲ့ ဒွန်းစဏ္ဍားရွာ၊ ဒွန်းစဏ္ဍားအိမ်,ဒွန်းစဏ္ဍားတို့၏ လုပ်ကြံမှုကိုပင်လျှင် ဘယ့်နှယ် နေကြတုန်း(ပျော်နေပါတယ်ဘုရား)။သြော်-ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့် ဦးခင်မောင်ရေ၊ ဟင်-ဒီထက်ကောင်းတာ မမြင် ဘူးသေးလို့၊ သဘောကျပြီလား?(မှန်ပါ)။ ဘာမမြင်ဘူးသေး တာလဲ-? (ဒီထက်ကောင်းတာ မမြင်ဘူးသေးလို့ပါဘုရား)။ ဒီထက်ကောင်းတာက ဘာတုန်း(နိရောဓသစ္စာပါဘုရား)။

အဲဒါ မမြင်ဘူးသေးတော့ "ကိုယ့်ငါးချဉ် ကိုယ်ချဉ်"တဲ့ အဓိပ္ပါယ် မရောက်ဘူးလား, ရောက်သလား? (ရောက်ပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ နေကြထိုင်ကြတာသည် တအိမ်လုံး

ကို ကြည့်ပါ၊ ဘယ်အိမ်မှာ အသုဘကင်းသတုန်းလို့မေးကြည့်၊ (ဘယ်အိမ်မှမကင်းပါဘုရား)။

ဒါဖြင့် အသုဘတွေဘဲ၊(မှန်ပါ)။ ဘေးက ဘိုးက ကာရံပြီး သကာလ ထားတာတွေလဲ ဘာတွေကာထားတုန်းလို့ မေးလို့ ရှိရင် ၎င်း-အသုဘတွေကိုဘဲ ကာကွယ်ထားတာမဟုတ်ဘူးလား (မှန်ပါ)။ ဒီပြင် ဘာများရှိသေးတုန်း(မရှိပါဘုရား)။ အဝတ်တွေ ဘာတွေ ဘယ်လိုဘဲ အဘိုးထိုက်တန်တာ ဝယ်ထားတော့ ဘာဖုံးဘို့တုန်းလို့မေး.... (အသုဘဖုံးဘို့ပါဘုရား)။

အစိပ္ပါယ် ကိုယ့်ဟာနဲ့ကိုယ်တော့နိဗ္ဗာန်မမြင်ဘူးသေးတော့ အံမယ်—ငါက-ဒီရွာထဲ တော်တော်ထယ်ထယ်ဝါဝါနေနိုင်တဲ့အိမ် (မှန်ပါ)။ဘာခြင်းပြိုင်နေတာတုန်း(ဒွန်းစဏ္ဍားခြင်းပြိုင်နေတာ ပါဘုရား)။ သေသေချာချာစဉ်းစား၊ သေသေချာချာ နိဗ္ဗာန် မမြင်ခင်ဖြစ်နေတဲ့ အဖြစ် ပြောပါတယ်၊ (မှန်ပါ)။ နိဗ္ဗာန်ကို မမြင်သေးခင်သာ ခင်ဗျားတို့ ကိုယ့်ဟာနဲ့ကိုယ် ဟုတ်ပြီး သကာလ နေလိုက်တာ၊ ဦးခင်မောင်တို့လူစုကလဲ မပြောပါနဲ့တော့၊(မှန်လှပါ)။ ဒါ-ဘာမမြင်သေးခင်တုန်းဗျ၊(နိဗ္ဗာန်မမြင် သေးခင်ပါဘုရား)။

ဒါဖြင့်-ချမ်းသာစစ်ကို မမြင်သေးတော့ ခုနက-ဒွန်းစဏ္ဍား ကလေးတွေလိုဘဲ သူတို့အိမ်ဘဲ သူတို့ရွာဘဲ အတော်မင်္ဂလာရှိနေ သလို ဖြစ်မနေဘူးလား?(ဖြစ်နေပါတယ်ဘုရား)။ခင်ဗျားတို့လဲ သေသေချာချာစဉ်းစားကြည့်တော့ ဘယ်အိမ်မှာဘဲကြည့်ကြည့် ထွေးခံ ရှိပါရဲ့လား၊ နောက်ဘေးအိုး ရှိပါရဲ့လားလို့မေးရင် အဆင်သင့်ရှိပါတယ်၊ ဒါ-ဘယ်လိုပါလိမ့် ကိုထွန်းဦး၊ အသုဘ

ဖြစ်တဲ့ပစ္စည်းတွေစွန့်ဘို့၊ ဒီပြင်ဘာပြောစရာရှိသေးလဲ(မရှိပါဘူး ဘုရား)။

လက်သုတ်ပုဝါများရှိကြရဲ့လား၊ မျက်နှာသုတ်ပုဝါ များ ရှိကြရဲ့လား၊ လက်ကိုင်ပုဝါများ ရှိကြရဲ့လားလို့ မေးရင် ဒကာသစ်တို့ ဘယ့်နှယ်ဖြေမလဲ(ရှိပါတယ်ဘုရား)။ ရှိတယ်လို့ ဖြေရမှာဘဲ။ ဘာလုပ်ဘို့တုန်းမေးမှ ခင်ဗျားတို့က ထုတ်ပေါ်ရမှာ တွေးမိပြီလား? (တွေးမိပါပြီဘုရား)။ ဘာလုပ်ဘို့တုန်း ဆိုတော့ အသုဘတွေရှိတာ အကုန်ပြင်ဆင်ဘို့ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား, ရောက်သလား? (ရောက်ပါတယ်ဘုရား)။

သို့သော်လဲ ကိုယ့်အိမ်လေး ကိုယ့်ယာလေးနဲ့ နေရတော့ ဩဇာ‌တော်သေးရဲ့ ပိုင်ဆောက်အကျိုးပေးရင်တော်သေးရဲ့လို့ ဆိုတော့ ဘာဝမ်းသာမျိုး ဝမ်းသာနေတုန်း (ဒွန်းစဏ္ဍာား ဝမ်း သာမျိုး ဝမ်းသာနေပါတယ်ဘုရား)။ ဒီ-အသုဘ များလေလေ ဘာတဲ့တုန်း(ဝမ်းသာလေပါဘုရား)။

သားတွေ သမီးတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်လေး နေရလေလေ ဘာတုန်း(ဝမ်းသာလေလေပါဘုရား)ဝမ်းသာလေလေ၊ ဦးဝင်း ရိပ်မိပြီလား? (မှန်ပါ)။ ဒါ ဘာကြောင့် ဝမ်းသာတာတုန်း ဆိုလို့ရှိရင်ဖြင့် သားလေးမွေးတော့ အသုဘ၊ သမီးလေးမွေး တော့ အသုဘ၊ ခင်တဲ့မင်တဲ့ပုဂ္ဂိုလ်တွေဝိုင်းလာပြန်တော့ကော (အသုဘပါဘုရား)။

အဲဒါတွေများလေလေ ဒီအိမ်ရှင်က ဘာဖြစ်လေလေတုန်း (ဝမ်းသာလေလေပါ ဘုရား)။ ဩဇာ-ခက်တယ်, သေးကြီး လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ဘာတွေ များလို့တုန်း....

(အသုဘတွေများလို့ပါဘုရား)။ဟင်-ရိပ်မိပြီလား?(ရိပ်မိပါပြီ ဘုရား)။ ဒါ-ဘာမှမမြင်ခင် ဘဝင်မြင့်နေတာတုန်း(နိဗ္ဗာန်မမြင် ခင်ပါဘုရား)။ ဩော်-ဒီထက်ချမ်းသာတာ မမြင်ဘူးသေးတော့ "ကိုယ့်ငါးချဉ်-ကိုယ်ချဉ်" နေဝဲ့အဓိပ္ပါယ် ပေါ်ပြီလား?(ပေါ် ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားဘို့ ဒီအမြင်မှန်မရသေးရင်တော့ ဒီက-အဓိ့မဖြစ်သေးဘူး ဦးဘကြည်ရ....(မှန်ပါ)။ အဓိသီလ ဖြစ်နိုင် ပါ့မလား?(မဖြစ်နိုင်ပါဘုရား)။ အဓိစိတ္တကော(မဖြစ်နိုင်ပါ ဘုရား)။ အဓိပညာကော(မဖြစ်နိုင်ပါဘုရား)။

ဩော်-ဒါဖြင့် ဒီအမြင်ဟာ ဘယ်အချိန် အဓိထပ်ရမှာတုန်း ဆိုတာ ယနေ့-မနေ့ကထက် ပိုရှင်းအောင်လို့ ပြောပြန်တယ်၊ (မှန်ပါ)။ မနေ့ကထက် ပိုရှင်းတယ်မဟုတ်လား?(ရှင်းပါတယ် ဘုရား)။ အပြင်ကို ပြောင်းရမှာကိုးဗျ၊ (မှန်ပါ)။ အမြင်ကို ပြောင်းရမှာဘဲ၊ အခုတော့-ဘာစိတ်ပေါက်နေသတုံးလို့ မေးတဲ့ အခါကြတော့ ကိုယ့်ဟာလေးနဲ့ ကိုယ်ဘဲ အသုဘတွေနဲ့ နေ ရလဲ ကြေနပ်နေဟာဘဲမဟုတ်ဘူးလား?(မှန်ပါ)။ဆေးရုံပေါ် တက်နေရလဲ ကြေနပ်နေတာဘဲ၊(မှန်ပါ)။

ငါက ဆယ့်နှစ်ကျပ်တန်း, ဆယ့်သုံးကျပ်တန်းတက်နိုင်လို့ ဘဝင်က မြင့်လိုက်သေးတာ ခက်လိုက်တဲ့ဖြစ်ခြင်းက ဟင်-ဒီဟာသုဘထားဖျာဋ္ဌာနကြီးကိုပင်လျှင်ဘဝင်မြင့်ပြီးနေသေးတော့ ဒကာ-ဒကာမတွေ အတော်ခက်မနေဘူးလား၊ ပေါ်ပြီလား?၊ (ပေါ်ပါပြီဘုရား)။ မဘင့်တယ်တဲ့ အနာအဆာတွေပြုလုပ်ပေး ရဟော့ ဆယ့်နှစ်ကျပ်, ဆယ့်သုံးကျပ်တန်းတက်ရလို့ရှိရင်ဘဲ

ခင်ဗျားတို့က အင်း-မမာရပေမည့် တော်သေးရဲ့လို့ လာချင်လာသေးတယ်၊ ဦးဝင်းရေ ...(မှန်ပါ)။

အဲဒါ-ဘာဘဝင်မြင့်တာတုန်းဆိုတော့ လူဘဝင်မြင့်တာလား ဒွန်းစဏ္ဍားဘဝင်မြင့်တာလားသာ ခင်ဗျားတို့ချိန်၊ (ဒွန်းစဏ္ဍားဘဝင်မြင့်တာပါဘုရား)၊ နိဗ္ဗာန်မမြင်သေးရင် ဒွန်းစဏ္ဍားချည်းမှတ်၊ ရိပ်မိပြီလား၊ ဦးဘကြည်(မှန်ပါ)။ ဘာတွေ ဘဝင်မြင့်နေကြတာတုန်း(ဒွန်းစဏ္ဍားဘဝင်မြင့်နေဘာပါဘုရား)။ ဘာစိတ်ပေါက်နေကြတယ်ဆိုတာကော ရိပ်မိကြပြီလား? (ဒွန်းစဏ္ဍား ဘဝင်မြင့်စိတ်ပါဘုရား)။

ဒီအတိုင်းပေါက်နေတယ်ဆိုတာ ဦးဘကြည့်ငြင်းဘိုလိုသေးလား?(မလိုပါဘုရား)။ ဒါကြောင့် ပဋ္ဌိသမ္ဘိဒါမဂ်ကဖွင့်တာက "ကပ္ပနုဇနသတိသ ဒုက္ခဒဿနနေန" အထီးကျန် လူဆင်းရဲ အမွဲဒွန်းစဏ္ဍားနဲ့တူတာကိုမြင်သဖြင့် ကုလာဘ၊ "ကုလသတိသ အဓိပတေယျဌေ" ပြန်ပြောသောအမျိုးနှင့်တူသောအစိုးရခြင်းလက္ခဏာရှိသောနိဗ္ဗာန်သည်၊ပါတုဘဝတိ-ထင်ရှားဖြစ်လာ၏။

သူမြင်မှ သူသည်ကားလို့ဆိုရင် ဒွန်းစဏ္ဍားအရပ် စွန့်ချင်တဲ့ စိတ်ပြောင်းချင်မှာ၊ (တင်ပါ)။ ဒီနေရာက ဟုတ်သေးလို့ရှိရင် မပြောင်းချင်ပါဘူး၊ ဒီဘက်ပြောင်းချင်ပါမည်လား(မပြောင်းချင်ပါဘုရား)။ အဲဒါကြောင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ ဘာပြုလို့တုန်း ဆိုတော့ ကိုယ့်ဒွန်းစဏ္ဍားရွာကို လွမ်းနေတာကို၊ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။ ဘာလွမ်းနေတာတုန်း (ဒွန်းစဏ္ဍားရွာကိုပါဘုရား)။ ဖြစ်မှုဖြစ်ရလေဗျာ၊ ဒကာဒကာမတွေ ဘက်ကကော ဘာ လွမ်းနေတာတုန်း....( ဒွန်းစဏ္ဍားရွာကိုပါဘုရား)။

အင်း- မဟုတ်ဘူးလား၊ ကိုယ့်အိမ်မှာဖြင့် သားကလဲ တော်တော်ကြာ ကျင်ကြီး ကျင်ငယ်နဲ့၊ သမီးကလဲ တော်တော်ကြာ ညစ်ပတ်ပြီး ဒိုဘီပေးရတာတမျိုး, ကိုယ်ကိုယ်တိုင်ကလဲ ကျင်ကြီး ကျင်ငယ်နဲ့၊ (မှန်ပါ)။ ခြုံဘို့ရုံဘို့တွေလဲ တော်တော်ကြာ ညစ်ပတ်ပြီးဒိုဘီပေးရတာတမျိုးဆိုတော့ ဒီအသုဘရွာကြီး သက်သက်ဟာ မဟုတ်ဘူးလား ဟုတ်သလားလို့ စဉ်းစားကြည့်၊ (ဟုတ်ပါတယ်ဘုရား)ရိပ်မိကြရဲ့လား(ရိပ်မိပါတယ်ဘုရား)။

သုဘရွာလား, အသုဘရွာလား? (အသုဘရွာပါ ဘုရား)။ အသုဘရွာဘယ်သူတွေနေကြပါလိမ့်တုံးမေးတော့ (ဒွန်းစဏ္ဍားတွေ နေပါတယ်ဘုရား)။ ဒီလိုနေကြတာဘဲ ဦးဘကြည်ရတာက ပဋိသမ္ဘိဒါမဂ်ကလာတယ်နော်(မှန်ပါ)။ အဓိ ဖြစ်,မဖြစ်၊ အဓိ ဖြစ်တယ်,မဖြစ်တယ် ဝေဘန်နိုင်တာပေါ့၊(မှန်ပါ)။

ကိုယ့်ရုပ်နဲ့ ကိုယ့်နာမ်,ကိုယ့်အသုံးအဆောင်တွေ အကုန် ဒုက္ခသစ္စာချည်းဖြစ်မှုဒီဘက်ကို သုခသစ္စာကို ခင်ဗျားတို့ကျုပ်တို့ သည် ဒုက္ခသစ္စာ ပရိညေယျနှင့် ပိုင်းခြားပြီး သုခသစ္စာဘက် မကူးပေဘူးလား?(ကူးပါတယ်ဘုရား)။ ဒါလေး-သုဘ,ထင်နေ သေးလို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ကိုလဲ သုခ,ထင်နေသေးရင် ဘယ် တော့ ကူးမတုန်း(ဘယ်တော့မှ မကူးပါဘုရား)။ တဏှာကုန်ပါ့ မလား?(မကုန်ပါဘုရား)။

မကုန်တော့ သူ့ဒုတွေးနဲ့ သူဟာ သူ့ငါးချဉ်-သူချဉ်ပြီး သကာလ, သူ့အရေးနဲ့ သူ့အရာနဲ့ကို ဟုတ်လှပြီထင်နေမှာ ပေါ့ဗျ၊ (မှန်ပါ)။ ဟုတ်လှပြီသာထင်ရတယ်၊ တော်တော်ကြာ ကြတော့ ဘာသပ္ပာ ငေါငေါကြီးပေါ်ပြ·လာတုံး ခင်ဗျားတို့ဘဲ

ကြည့်ပါ၊ (ဒုက္ခသစ္စာ ပေါ်ပေါ်ကြီး ပေါ်လာပါတယ်ဘုရား)။ ဒုက္ခသစ္စာ၊ အသုဘသစ္စာတွေကော(ပေါ်ပါတယ်ဘုရား)။

တယောက်ယောက် သေကြည့်စမ်း၊ ဘယ်သူကများ ဒီဥစ္စာကို ပူဇော်ထိုက်တယ်လို့ ထားချင်သတုန်းမေးရင် ဘယ့်နှယ်ပြောမလဲ? (မထားချင်ပါဘုရား)။ ဘာပြုလို့တုန်း မေးတော့ (အသုဘမို့ပါဘုရား)။ အသုဘမို့ မြန်မြန်လား၊ နှေးနှေးလား?၊ (မြန်မြန်ပါ ဘုရား)။ မြန်မြန်ဘဲ ပြောမကောင်းလို့သာဗျ.... (မှန်ပါ)။ ကျုပ်ပြောချင်တာကတော့ ရက်တိုတာကြိုက်တယ်၊ ပြောမကောင်းတာတော့ ကိုယ့်ဘက်၊ သူ့ဘက်ငဲ့ရသေးတာကို ရိပ်မိပြီလား?(မှန်ပါ)။

အဲဒီတော့ ဒီဟာ-အသုဘမို့ အသုဘအထွက် ထွက်တာဘဲဆိုတာ ဦးဝင်းက ငြင်းချင်သေးလား?(မငြင်းချင်ပါဘုရား)။ ငြင်းဘို့လိုသေးလား? (မလိုပါ ဘုရား)။ အိမ်နောက်ဖေးမှာ အိမ်သာတွေ အမျိုးမျိုးအဖုံးဖုံးထားတာတွေဟာလဲ ဒီအိမ်ပေါ်မှာ အတော်ဟန်ရတဲ့လူတွေ စုနေလို့ ဒါတွေ အဆွယ်အပွါးတွေထားရတာလားလို့ ဦးဘအုန်း့မေးရင် ဘယ့်နှယ်ပြောမလဲ၊ (အသုဘတွေမို့ပါ ဘုရား)။

ဒါကြောင့် အပြည့်အစုံထားရတယ်ဆိုတာကော သဘောကျပြီလား? (မှန်ပါ)။ ခြုံဘို့ ရုံဘို့ အဝတ်အထည်တွေကလဲ ဒကာ-ဒကာမတွေ သုဘ ဖြစ်လို့ရှိရင် နဂိုရ်ကတည်းက ချော၊ နဂိုရ်ကတည်းက ယဉ်ပြီး၊ ဘာ ဆင်ပြင်စရာ နောက်ထပ်အထူးအစားထိုးစရာ၊ ကိုထွန်းဦး့လိုသေးလား?မလိုပါဘုရား)။ အခုတော့ အစားထိုးနေရတာနဲ့ အချိန်ကုန်နေတာဘဲ၊ (မှန်ပါ)။

အဝတ်လဲရတာနဲ့၊ ရေအမျိုးမျိုး ချိုးရတာနဲ့၊ မီးလိမ်းပူပြင်ရတာနဲ့ဆိုတော့ အစားချည်းထိုးနေရကတည်းကသုဘမို့လား အသုဘမို့လား တွေးပါ၊ (အသုဘမို့ပါဘုရား)။ သဘောကျပြီလား?(မှန်ပါ)။

အသုဘဖြင့် ဦးဘကြည့်က ဘာသစ္စာဖွဲ့မလဲ (ဒုက္ခသစ္စာပါဘုရား)။ ဩော်-ကိုယ့်အဖြစ်ဟာ ဒုက္ခသစ္စာဖြစ်မှ ခင်ဗျားတို့နေရာကျမယ်၊(မှန်ပါ)။ ကိုယ့်အဖြစ်ဘာတုန်း?(ဒုက္ခသစ္စာပါဘုရား)။ အေး-ကိုယ့်အဖြစ်ဟာ ဒုက္ခသစ္စာဖြစ်ပါမှ ခင်ဗျားတို့သည် နိရောဓသစ္စာကို အားကြီးအလိုရှိလာလိမ့်မယ်(မှန်ပါ)။

ကိုယ့်အဖြစ်ကလေးကို ကိုယ်ကြေနပ်နေမယ်ဆိုရင် ဒကာသိုက်တို့ ဘယ်တော့နိရောဓသစ္စာ မျက်မှောက်ပြုလိုတဲ့ စိတ်ကူးပေါ်ပါ့မလား?(မပေါ်ပါဘုရား)။သဘောကျပြီလား(မှန်ပါ) ဒါဖြင့် ပဋိသမ္ဘိဒါမဂ်မှာလာတာ၊ ဦးဘကြည်၊ ကြေနပ်ရောပေါ့၊ (ကြေနပ်ပါတယ်ဘုရား)။ အယိုးကျန် လူဆင်းရဲ အမွဲနဲ့တူတဲ့ ဒုက္ခသစ္စာမြင်မှသာလျှင် ပြန့်ပြောတဲ့အမျိုးနှင့်တူသော နိရောဓသစ္စာကို မင်းတို့သည် မျက်မှောက်ပြုမှာ(မှန်ပါ)။

သူ့မမြင်သေးလျှင် သူ့ကိုလဲ မျက်မှောက် မပြုသေးဘူး၊ သဘောကျပြီလား? (မှန်ပါ)။ ဒါဖြင့် ဒုက္ခပိုင်းခြားရေး မရသေးသရွေ့ကာလပတ်လုံး နိရောဓ မျက်မှောက်ပြုပါမလား?၊ (မပြုပါဘုရား)။ မပြုသေးလို့ရှိရင်ဖြင့် ဒီဟာတွေသည် အဓိတပ်လို့မရသေးဘူး၊ (မှန်ပါ)။ ဒုက္ခကို သုဘထင်နေသေးတဲ့ ဝိပဿနာရော၊သီလရော၊သမာဓိရော ဖြစ်နေတယ်(မှန်ပါ)။

ဘယ်လောက် ဆိုးသွားလဲ? (ဆိုးပါတယ်ဘုရား)။ သီလ, သမာဓိ,ပညာက အားရှိတဲ့ သီလ,သမာဓိ,ပညာလို့ ဦးဘအုန်းတို့က ဆိုလို့ရရဲ့လား? (မရပါဘုရား)။ ဒီဘက်မြင်တော့မှ ဆိုလို့ရမှာ၊ (မှန်ပါ)။

ဒကာ,ဒကာမတို့သဘောကျပြီလား(တင်ပါ) အဓိတပ်ထိုက် မတပ်ထိုက်ကို ယနေ့ပိုမိုရှင်းအောင်ပြောနေတယ်(တင်ပါ)ဦးဘကြည်, ဘယ်ဟာမြင်မှ အဓိတပ်ထိုက်သလဲ? (နိရောဓမြင်မှပါဘုရား)။ နိရောဓကို အလိုလို မြင်မလားဆိုတော့ ကိုယ့်အခြေအနေကိုဒုက္ခသစ္စာ အသုဘလို့ အမှန်သိမှ ဟိုဘက်ကိုကြိုက်မယ် (မှန်ပါ) နို့မို့ရင် (မကြိုက်ပါဘုရား)။

ဘယ်နည်းနဲ့မှ မကြိုက်ဘူး ဆိုတော့ ဒကာ, ဒကာမတို့ ဟိုဘက်ကြိုက်မှ အဓိဟုတ်မယ်၊ဒီဘက်ကြိုက်ရင် အဓိမဟုတ်ဘူးဆိုတာ မပေါ်သေးဘူးလား?(ပေါ်ပါတယ်ဘုရား)။ ပေါ်လာကတည်းက ဒီ-သီလ, ဒီ-သမာဓိ, ဒီ-ပညာတွေမှ အဓိမထည့်နိုင်သေးဘူး၊ (မှန်ပါ)။ ဒီဘက် ငဲ့နေရင် မထည့်နိုင်သေးဘူး၊ (မှန်ပါ)။ဒီဘက်မငဲ့လို့ရှိရင်ကော(ထည့်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် အဓိ,မထည့်နိုင် ထည့်နိုင် ယနေ့-ပိုမိုမရှင်းဘူးလား၊ (ရှင်းပါတယ် ဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ခန္ဓာကိုယ် အတွက်သာ ဘာအသုံးအဆောင်တွေများ ထားကြပါလိမ့်မတုံး အဝတ်အတည်တွေကလဲ ဘာပါလိမ့်မတုန်း၊ ဩော်-အသုဘကို ဖုံးဘို့ရုံဘို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။ အိမ်တွေဘာတွေ ဆောက်ထားတာလဲ မမာတဲ့ခန္ဓာကိုယ်ကြီး,ဒုက္ခခန္ဓာကိုယ်ကြီးမှာ ဒုက္ခပိုမိုမရောက်အောင် ဒို့ကာကွယ်ထားတဲ့ ဆေးရုံကြီးလို သဘောမရောက်ပေဘူးလား ? (ရောက်ပါတယ် ဘုရား)။

အဝတ်အထည်အလိပ်တွေကလဲ တနေ့ကပြောသလို ပတ်ထီးတို့ ဘာတို့ သဘောမရောက်ဘူးလား?(ရောက်ပါတယ်ဘုရား)။

ထမင်းခဲဘွယ်ဘောဇဉ်တွေကလဲ ဆေးသဘွယ်၊ (မှန်ပါ)။ ဒီပုဂ္ဂိုလ်မှာ တနေ့အကြိမ် များစွာ အနာပေါက်လို့ ဆေးနည်း မျိုးစုံ ထားရတယ်ဆိုတာကော ဦးခင်မောင်တို့အိမ် ဆေးနည်း များ ဘယ်လောက်များတုန်းမေးရင် ဘယ်နှယ်ပြောမလဲ?၊ (အများကြီးပါဘုရား)။ အများကြီးပါ၊ ဆေးချည်းဘဲ၊ စား စရာ သောက်စရာဟူသရွေ့ဘာခေါ်ကြမလဲ ဒကာ့ဒကာမတွေ (ဆေးချည်းပါဘုရား)။

အင်း–ဆေးဆိုတာ လူကောင်းစားရတာလား့လူမမာ စား ရတာလား?(လူမမာစားရတာပါဘုရား)။ ကဲ-ခင်ဗျားတို့ခန္ဓာ ကိုယ်သဲ ရိပ်မိကြပြီလား?(မှန်ပါ)။ဘယ်နှယ်ကြောင့်ဆေးဝါး ဆောင်ထားကြရတုန်း (လူမမာမို့ထားရပါတယ်ဘုရား) ပိုမို ဆောင်ရသေးသလားလို့မေးချင်သေးတယ်၊ (ဆောင်ရပါတယ် ဘုရား)။ဆောင်ရသေးတယ်၊ အံမယ်-အတော်ကြီးတဲ့ လူမမာဘဲ ရိပ်မိပြီလား?(မှန်ပါ)။သာမညကြီးတဲ့ လူမမာဟာ ပိုမိုဆောင် ဘို့ လိုသေးသလား?(မလိုပါဘုရား)။

အေး–ဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင် တကယ့် အထီးကျန် လူဆင်းရဲ အမွဲရောဂါသည် နာတာရှည် ရိပ်မိပြီလား?(တင်ပါ)။ အထီးကျန်လူဆင်းရဲအမွဲရောဂါသည် နာတာရှည်ဆိုတာ ခင်ဗျားတို့ဘဲ သဘောကျပြီလား?(မှန်ပါ)။ နာတာ ဘယ်လောက်ရှည်ပြီတုန်းဆိုတာ ဦးဘအုန်း့မေးကြည့်၊ ခြောက်ဆယ်ကျော်လာပြီဗျ၊ နာတာရှည်ကို မကုရတဲ့နေ့များ ပါသေးရဲ့လား?(မပါပါဘုရား)။

အင်း—အနာရှည်လှချည်လားလို့ဆိုရင် ဦးဝင်း ဘယ့်နှယ်လဲ....? (ရှည်ပါတယ်ဘုရား)။ နောက်က-ဒကာ ဒကာမတွေကော နာတာရှည်မှ ဟုတ်ကြရဲ့လား? (ဟုတ်ပါတယ်ဘုရား)၊ ဘယ်တုန်းက စကုခဲ့ရလဲ? (မွေးကတည်းက စကုခဲ့ရပါတယ်ဘုရား)။

ထမင်းနဲ့ကု၊ ရေနဲ့ကု၊ အသတ်နဲ့ကု၊ ဒကာ-ဒကာမတွေ မကုရတဲ့နေ့မျှားရှိရင်ဖြင့် ခင်ဗျားတို့အဒတာ်ထူးတဲ့ ပုဂ္ဂိုလ်ဘဲ။ ဟုတ်ကဲ့လား?(မှန်ပါ)။ မကုနိုင်တုန်းက အမေနှင့်တကွ ဆွေမျိုးတွေက ဝိုင်းကုရဘယ် မဟုတ်ဘူးလား? (မှန်ပါ)။ ကိုယ့်ကိုယ်ကို မကုနိုင်တုန်းက ဘယ်သူက ဝိုင်းပြီးသကာလ ကုကြသတုန်း?(ဆွေမျိုးနဲ့ အဒမ အဖေတို့က ကုရပါတယ်ဘုရား)။ အမေ အဖေ မိဘတွေက ဝိုင်းပြီးသကာလ ကုကြရတယ်။ (မှန်ပါ)။

ဒါနဲ့ဘဲ သူပေး လူပေးနဲ့ တော်တော်လေး လူလားမြောက်ပြီးနောက်၊ ကိုယ့်ကိုယ် ကိုယ်ကုနိုင်တဲ့ အခြေအနေကြတော့ အားကို အားသေးရဲ့လား(မအားပါဘုရား)။ဘယ်သူကကုရလဲ (ကိုယ့်ကိုယ်တိုင် ကုရပါတယ်ဘုရား)။ ကိုယ်ကအနာပေါက်ရင် ကိုယ်တိုင်ကြိုးစားပြီးသကာလ ထမင်းကို ကိုယ့်ဟာကိုယ် ယူစားရတယ်၊(တင်ပါ)။

နှပ်ထွက်လာလဲ ကိုယ့်လက်နဲ့ကိုယ် ညှစ်ပေါ့ဗျာ(မှန်ပါ)။ ကျင်ကြီးကိုလဲ ကိုယ့်ဟာကိုယ် စွန့်ပေါ့ဗျာ၊ ကျင်ငယ်ကော.... (ကိုယ့်ဟာကိုယ်စွန့်ရပါမယ်ဘုရား)။ကိုယ့်ဟာကိုယ်စွန့်ရတယ်၊ ခြင်ကိုက်မှာစိုးလို့ ခြင်ထောင်တွေ ဘာတွေနဲ့ ကာဘို့ ရံဘို့

အမျိုးမျိုးအဖုံဖုံလုပ်ရတယ်(မှန်ပါ)။ပူမှာအိုက်မှာစိုးလို့ဝမ်းထဲမှာ ပူနာ အိုက်နာဒတွေကလဲ အမျိုးမျိုး၊ အေးနာတွေကလဲ အမျိုးမျိုးဖြစ်နေတော့ ထိုက်တန်တဲ့အကူအညီတွေကလဲ ကိုယ့်ကိုယ်တိုင် ကုနေရတာ အားကို မအားဘူး၊(မှန်ပါ)။

အားသေးရဲ့လား?(မအားပါဘုရား)။ ဦးလှ, ဘယ်တော့အားမှာလဲ?(ဘယ်တော့မှ မအားပါဘုရား)။ဘာပြုလို့ခင်ဗျားတို့ ဒီလောကမအားရတာတုန်းလို့ဆိုတာ ရိပ်မိပြီလား(တင်ပါ) ရောဂါသည် နာတာရှည်ပေါ့ဗျာ၊(တင်ပါ)။ ရောဂါသည် နာတာရှည်ဆိုတာ အမွဲအထီးကျန်ပေါ့ဗျာ၊(တင်ပါ)။

အဲဒါကို ခင်ဗျားတို့ ဘာ သစ္စာမျှားဖွဲ့ချင်ကြသလဲ? (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာမို့ ခင်ဗျားတို့က ကဲ-တော်ပြီတန်ပြီ အခု-ဆရာဘုန်းကြီးပြောလို့ ကောင်းကောင်းသိပြီ၊ ဒို့ပျော်နေတာ ဒွန်းစဏ္ဍားပျော်ဘဲ(မှန်ပါ)။ဘာပျော်တုန်းဗျ(ဒွန်းစဏ္ဍားပျော်ပါဘုရား)။ ဦးဝင်း, က နာသေးလား? (မနာပါဘူးဘုရား)။

မနာနဲ့ ဒီထက်ဆိုးတာပြောလိမ့်အုံးမယ်(မှန်ပါ)။ ဒါကိုမနာနဲ့တော့ တကာယ့်ကိုဖြစ်နေတာ (မှန်ပါ)။ နိဗ္ဗာန်မမြင်သေးခင်တော့ ကိုယ့်ဟာလေးနဲ့ကိုယ့်ဟာ ဟုတ်နေတာဘဲ၊ (မှန်ပါ)။ ၎င်းဒွန်းစဏ္ဍားတို့ နန်းတော် အိမ်တော် ရောက်သွားမယ်ဆိုတော့ ဦးဝင်း,ဘယ့်နှယ်ဆိုမတုန်း၊ ခြေဘ်-အကုန် ကန်ချချင်မှာဘဲ၊(တင်ပါ)။

သူစားနေတဲ့ပစ္စည်းတွေကော(ကန်ချမှာပါ ဘုရား)။ကန်ချမှာဘဲ၊ ဒွန်းစဏ္ဍားရွာကော ပြန်ချင်ပါအုံးမလား(မပြန်ချင်ပါ

ဘုရား)။ ဒီတော့မှ မပြန်ချင်တဲ့ သီလ၊ မပြန်ချင်တဲ့ သမာဓိ၊ မပြန်ချင်တဲ့ ပညာတွေကြမှ အမှန်ရောက်မှာကိုး (မှန်ပါ)။ ဒီအတိုင်းတော့ ခင်ဗျားတို့က ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာဘဲ (မှန်ပါ)။

ဒါကြောင့် ကိုယ့်ငါးချဉ် ကိုယ်ချဉ်လွန်းလို့ပေါ့ ခင်ဗျားတို့ ဘုရားရှေ့ ဆွမ်းတော်ပွဲ ပန်းတော်ပွဲ ဖယောင်းတိုင်နဲ့ ဒီဘဝစုတေ မနေသေလွန်ရလို့ရှိရင် နတ်ပြည်ရောက်ရပါစေလို့ ဆုတောင်းသေးတယ်၊(တင်ပါ)။ ရောက်ရပါလို၏လို့ တောင်းတာလား၊ ကုပါရစေလို့ တောင်းတာလား? (ကုပါရစေလို့ တောင်းတာပါဘုရား)။

ဩော်-ဒါဖြင့်ဆေးရုံပြောင်းပါရစေပေါ့ဗျာရိပ်မိကြပြီလား (မှန်ပါ)။နတ်ပြည်ဘာလုပ်ချင်ကြတာတုန်း(ဆေးရုံပြောင်းချင်တာပါဘုရား)။ အဲဒါနဲ့ ဒုက္ခသစ္စာကို ဟောနေတယ်(မှန်ပါ)။ အဲဒီဒုက္ခသစ္စာဒီလောက်အရုပ်ဆိုးမှန်းမသိသေးလို့ရှိရင် နိရောဓသစ္စာ မျက်မှောက်ပြုတို့ ဦးဘကြည့်ဘယ်အချိန်မျှော်လင့်ချက်ရှိမလဲ (မရှိပါဘုရား)။ ဒီအတိုင်းသွားမှာ မဟုတ်ဘူးလား?၊ (မှန်ပါ )။

ကဲ–ဒါဖြင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာက "ကပ္ပနဇနသတိသ ဒုက္ခဒဿနေန၊" အထိးကျန်လူဆင်းရဲ အမွဲနာတာရှည်တည်းဟူသော ဒုက္ခသစ္စာမြင်မှု ဒွန်းစဏ္ဍားနဲ့တူတဲ့ ဒုက္ခသစ္စာ မြင်မှုသာလျှင်၊ ကုလာဘကုလသတိသ အဓိပတေယျဋ္ဌော-ပြန့်ပြောသော အမျိုးနှင့်တူသော အစိုးရခြင်းလက္ခဏာရှိတဲ့ နိဗ္ဗာန်ကို၊ ပါတုဘဝတိ-မဂ္ဂင်ရှစ်ပါးက မြင်လာ၏၊ ထင်ရှားလာ၏(မှန်ပါ )။

အဲဒီတော့ ဒါကိုမြင်မှ ကောင်းကောင်းစွန့်ပစ်မယ်(မှန်ပါ)။ ဒါကိုမမြင်သေးရင် ကောင်းကောင်း မစွန့်ပစ်ပါဘူး၊(မှန်ပါ)။ ဒါကို ကောင်းကောင်းမြင်တဲ့ပုဂ္ဂိုလ်ကြတော့ ဒီဘက်ကို ဘယ်တော့ ပြန်သေးသလဲ(မပြန်ပါဘုရား)။ မပြန်တော့ သူတို့သည် ကား ဆိုလို့ရှိရင် အဓိပညာ အဓိစိတ္တမဖြစ်သေးဘူးလား?(ဖြစ်ပါ တယ်ဘုရား)။ ဒါဖြင့် သီလလဲ အဓိသီလဘဲ၊ သမာဓိကော.... (အဓိသမာဓိပါဘုရား)။ ပညာကော(အဓိပညာပါဘုရား)။

အဲဒီ မပြန်တဲ့နေရာကို ဘုန်းကြီးက ဒကာ-ဒကာမတွေကို ရောက်အောင်လို့ ဒုက္ခသစ္စာကို ပိုမိုပွားများပါလို့ ဟောတာ၊ (မှန်ပါ)။ ဦးခင်မောင် မဟောထိုက်ဘူးလား? (ဟောထိုက်ပါ တယ်ဘုရား)။ ဒါက-ဘုန်းကြီးက ဟောတယ်လို့ ဦးဘကြည် တို့က မယူနဲ့၊ ဒုက္ခသစ္စာမပိုင်းခြားဘဲနဲ့ နိရောဓ မျက်မှောက် ပြုဘို့အရေး ရှိကိုရှိရဲ့လား? (မရှိပါဘုရား)။ ကိုယ့်ကိုယ်ကို သုခသစ္စာဖြစ်နေမယ်၊ သုဘ ဖြစ်နေမယ်၊ အတ္တဖြစ်နေမယ်ဆိုရင် ခင်ဗျားတို့ ဘယ်နည်းနဲ့ ဒီဟာကိုကြိုက်မလဲ၊သဘောကျပြီလား (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါကို မကြိုက်နိုင်သေးတော့လဲ ဒီသီလတွေဟာ ခိုင်မြဲတဲ့ သီလ သမာဓိ ပညာဆိုလို့ ရပါ့မလား၊ (မရပါဘုရား)။ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ ဩော်-ဒါဖြင့် ဒို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အတော်အရေးကြီးနေပါကလား (မှန်ပါ)။ ဒို့သည် အမြင်ကို ပြောင်းအုံးမှဘဲ၊ အခု-ဒွန်းစဏ္ဍား မျက်လုံးနဲ့ ဒွန်းစဏ္ဍားစိတ် ဖြစ်နေသေးတယ်၊မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ တယ်ဘုရား)။

ကိုယ်-နေရတာရော့,စားရတာရော့,ခင်ဗျားတို့စဉ်းစားကြည့်ပါ၊ စားရတဲ့ အစာ အဟာရတွေ ဝတ်ရတဲ့ အဝတ်တွေဟာ ဘယ့်နှယ်ကြောင့်တုန်းလို့ မေးလို့ရှိရင်ဖြင့် မလှဲ့သာလို့ စားရတဲ့ ကိုင်ရတဲ့ပစ္စည်းချည်းဘဲ၊(မှန်ပါ)။ စားရတဲ့ အစားဆိုလဲ သက်သက်သာသာနဲ့ ချောင်ချောင် ချိချိနဲ့ မစားရဘဲနဲ့ သာကျန်းမာနေမယ်၊ ဆာလောင်မွတ်သိပ်တဲ့ အနာမပေါက်ပါဘူး၊ တပည့်တော်တို့ဟာ အနာကင်းမဲ့ "ရှင်ပါကူ"ကဲ့သို့ ဖြစ်နေပါတယ်လို့ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဒီအစားတွေကိုလဲ စားဖြစ်နေပါ့မလား?(မစားဖြစ်ပါဘုရား)။

မစားဖြစ်တော့ဘူးနော်(မှန်ပါ)။ အဝတ်တွေကို နေပူလေပူအတွက် တပည့်တော်တို့ကလဲ လှယ်ပြီးနေတာဘဲ၊သူတို့ကဘာမျှ မတတ်နိုင်ဘူးဆိုရင်လဲ ခင်ဗျားတို့ ဝတ်ဖြစ်ပါ့မလား? (မဝတ်ဖြစ်ပါဘုရား)။ အခုတော့ဖြင့် နေပူရင်လဲ ခင်ဗျားတို့ နေပူနာပေါက်မယ်ဆိုတာ မသိဘူးလား(သိပါတယ်ဘုရား)၊လေပူရင်လဲ လေပူနာပေါက်မယ်ဆိုတာ မသိဘူးလား?(သိပါတယ်ဘုရား)။ အေးရင်ကော အေးနာပေါက်မယ်ဆိုတာ ခင်ဗျားတို့က သိနေတော့ ကိုယ့်အနာအတွက် ခြုံထည် တည်းဟူသော အခြံအရံတွေကို ဘယ်ကရရ ခြုံကြ ရုံကြရမှာဘဲ၊ မရုံရပေဘူးလား?၊ (မှန်ပါ)။

အဲဒီတော့ ဒါတွေသည်ကားလို့ ဆိုလို့ရှိရင် ကိုယ့်အသုံးအဆောင်ကို ကိုယ်ကြည့်စမ်းပါ၊အသုဘပြင်မှုချည်းဘဲ(မှန်ပါ)။ ဦးဝင်း,ဘယ့်နှယ်ဆိုကြမလဲ? (အသုဘပြင်မှုချည်းပါဘုရား)။ ဟော့- နောက်က ဒကာ,ဒကာမတွေ ဘာပြင်ဘို့တုန်း (အသုဘပြင်ဘို့ပါ ဘုရား)။

အသုဘ အနာတွေ ကုဘိုဘဲ မဟုတ်ဘူးလား? (မှန်ပါ)။ သို့သော်လဲ ကုရင်းမတ္တာနဲ့ ဒီနာတာရှည်က ပျောက်ပါရဲ့လား၊ (မပျောက်ပါဘုရား)။ အင်း-နိဗ္ဗာန်ကြမှ ခင်ဗျားတို့ နာတာရှည်က ပျောက်မယ်၊(မှန်ပါ)။ ဦးဘကြည့်,ဘယ်ကြမှ ပျောက်မယ်၊ (နိဗ္ဗာန်ကြမှပါ ဘုရား)။ နိဗ္ဗာန်ကြမှပျောက်မယ်။

ဒကာ-ဒကာမတို့ဒီကြားမှာဖြင့် သူလဲဝေဒနာသယ်၊ငါလဲဝေဒနာသယ်၊အမေအားကိုးတော့ အမေလဲဝေဒနာသယ်(မှန်ပါ)၊ သားကော(ဝေဒနာသယ်ပါဘုရား)။ ဘယ်သူက ဘယ်သူ့ကို ကယ်တင်နိုင်ကြသလဲ?(မကယ်တင်နိုင်ပါဘုရား)။ သူလဲနာတာရှည်၊ ငါလဲနာတာရှည်(မှန်ပါ)။ ကိုယ်လဲ ဒုက္ခနီးစပ်ထွား၊ သူလဲ ဒုက္ခနီးစပ်ထွားဆိုတော့ ခွက်ခြင်းခုတ်နေဘို့မလိုဘူး(မှန်ပါ)။ ရိပ်မိပြီလား?(တင်ပါ)။

အခုတော့ အမေကသားကိုချစ်ပါတယ်ဆိုရင်လဲကယ်နိုင်ကြရဲ့လား? (မကယ်နိုင်ပါဘုရား)။ သားက အမေကိုချစ်ပါတယ်ဆိုတော့ကော(မကယ်နိုင်ပါ ဘုရား)။ မကယ်နိုင်ဘူး၊လောကွတ်တော့ ပြောကြမှာပေါ့ဗျာ၊ (မှန်ပါ)။ လောကွတ် ပြောငြား သော်လဲ အဟုတ်တန်းကြတော့ သားနဲ့အမေ ကွဲကြမှာဘဲ၊ (မှန်ပါ)။ သေကွဲသော်ရင်း,ရှင်ကွဲသော်ရင်း, ဒကာ-ဒကာမတို့ မကွဲရဘူးလား?(ကွဲရမှာပါဘုရား)။

အဲဒီတော့ ဒါ-သူက ဘာသစ္စာတုန်း,ကိုယ်ကဘာသစ္စာတုန်း သာ တွေးကြပေတော့(ဒုက္ခသစ္စာပါဘုရား)။ သူကလဲအနှိပ်စက်ခံနေရတဲ့ ဒုက္ခသစ္စာ(မှန်ပါ)။ အမေကကော....(ဒုက္ခသစ္စာပါ

ဘုရား)။အဲဒီတော့ဘယ်သူက ဘယ်သူ့ကို ကယ်လို့ရပါအုံးမလဲ (မရပါဘုရား)။ ဘယ်သူက ဘယ်သူ့ကို ကယ်လို့မရတာကို ခင်ဗျားတို့ ထောက်ကြည့်တော့မှ ဩဇာ-ဒီအထဲသာနေလို့ရှိရင် ဖြင့် ဒုက္ခက နှုပ်ခမ်းပဲ့ခြင်း မီးမှုတ်နေရမှာဘဲဆိုတာ ဆုံးဖြတ်ချက်ချ၊(မှန်ပါ)။

ဘယ်သူက ဘယ်သူ့ကို ကယ်နိုင်ယူနိုင်ပါ့မလဲ? (မကယ်နိုင်ပါဘုရား)။ သားလေးချစ်ပါတယ်ဆိုလို့လဲ တော်တော်ကြာ ထော်လော်ကန့်လန့်ဖြစ်တာက တမျိုး၊ ဟင်-သေပွဲဝင်သွားတာက တမျိုး၊ ရောဂါတွေစွဲကပ်လာတာက တမျိုး၊ အဲမေ မိဘတွေက ဘာတတ်နိုင်သတုန်း? (မတတ်နိုင်ပါဘုရား)။ အမေမိဘ ဖြစ်တာကိုလဲ သားသမီးများက မေတ္တာပို့ပါတယ်၊ ကျွန်တော်တို့ စောင့်ရှောက်ပါမယ်ဆိုရင်းမတ္တာနဲ့ ဟိုကမ္ဘေဖေါက်လာတာ ကော တတ်နိုင်ကြရဲ့လား? (မတတ်နိုင်ပါဘုရား)။ ဘာသစ္စာ တွေမို့လဲ (ဒုက္ခသစ္စာမို့ပါဘုရား)။

အဲဒီလောကွတ်တွေကို ခင်ဗျားတို့က အဟုတ်ယုံပြီးသကာလ နေတော့ ဒုက္ခသစ္စာက ကွယ်နေတယ်၊(မှန်ပါ)။ ခင်ဗျားတို့ဖြစ်စဉ် ပြောပါတယ်၊(မှန်ပါ)။ သစ္စာက ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ ဘုရား)။ အဲဒါ အမေက သားသမီးကိုပြောလဲ့ သားသမီးကဲ ယုံတာဘဲ၊(မှန်ပါ)။ သားသမီးက အမေ့ကို ကန္တော့ရနဲ့ ပြောလိုက်ပြန်တော့ကော (ယုံတာပါဘဲဘုရား)။ ဩဇာ-ဒါ သစ္စာ မမြင်လို့ယုံတာ(မှန်ပါ)။

ဒကာ, ဒကာမတို့ ဘာလို့ယုံတာလဲ? (သစ္စာမမြင်လို့ပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ သစ္စာဆိုတာ စာထဲမှာသာ ဖတ်

တတ်တာပေါ့၊မဟုတ်ဘူးလား?(မှန်ပါ)။ ခန္ဓာကိုယ်ထဲမှာ မမြင်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို မရောက်ဘူးလား(ရောက်ပါတယ်ဘုရား) ဒါဖြင့် ခန္ဓာထဲမှာ မမြင်ဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်နေတော့ ခင်ဗျားတို့သစ္စာဉာဏ်လဲမရ, ကိစ္စဉာဏ်လဲမရလို့ အခု-ဒါတွေ ပြောနေရပြန်တာပေါ့ ဦးဘကြည်ရ, မပြောထိုက်ဘူးလား?၊ (ပြောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့၏ အခြေအနေသည် ဒုက္ခသစ္စာတွေကို လွဲလို့မရဘဲ ကိုယ့်ကိုယ်တိုင် ခံပြီးသကာလ နေရတဲ့အတွက် ဒကာ-ဒကာမတို့, ကိုယ့်ဖြစ်စဉ်ဟူသရွေ့ အကုန်ဖြုတ်တခုမှ အကောင်းမရှိဘူး၊ (မှန်ပါ)။ ဒွန်းစဏ္ဍားစိတ်ပေါက်ပြီး၊ ဒွန်းစဏ္ဍားအနေမျိုးနဲ့ ဒွန်းစဏ္ဍားအစားမျိုးတွေစားနေရတယ်ဆိုတဲ့အဓိပ္ပါယ်ဟာ အသေအချာဟုတ်တယ်၊သဘောကျပြီလား (မှန်ပါ)။

ဘာပြုလို့တုန်း နိဗ္ဗာန်ကြတော့ ဒီအနာတွေကော ရှိသေးသလား?(မရှိပါဘုရား)။ သူပေး လူပေးတွေကော ယူဘို့လိုသေးသလား?(မလိုပါဘုရား)။ အဝတ်အထည်တွေကော ခြုံဘို့ရုံဘို့လိုသေးသလား?(မလိုပါဘုရား)။ ဘာပြုလို့ မလိုတုန်းဆိုတော့ဖြင့် သဘာဝကောင်းလို့ပေါ့ဗျ၊(မှန်ပါ)။

မပြုပြင်ဘဲနဲ့ကောင်းတော့ အသင်္ခတကိုး(မှန်ပါ)။အသင်္ခတဆိုတာ မပြုပြင်ဘဲနဲ့ကောင်းတာ ရိပ်မိပြီလား?(မှန်ပါ)၊ဒါဖြင့် ခင်ဗျားတို့ ပြုပြင်နေရတာကို ထောက်သဖြင့် ဩော်-သင်္ခါရဒုက္ခပါလား မပေါ်သေးဘူးလား?(ပေါ်ပါပြီဘုရား)။ဘာဒုက္ခတုန်း?(သင်္ခါရဒုက္ခပါဘုရား)။ ဩော်-သင်္ခါရဒုက္ခကို ခင်ဗျားတို့က မသိသေးတော့ နဲနဲတော့ချဲ့ပေးရအုံးမယ် (မှန်ပါ)။

ကဲ—ဝက်သားဟင်းဖြစ်စေ ကြက်သားဟင်းဖြစ်စေ စားချင်တယ် ထားပါတော့၊ ဈေးသွားပြီး အဝယ်ခိုင်းရတာနဲ့ (မှန်ပါ) ဟာ-ဆီ ဆား နနွင်းတွေနဲ့ လုပ်ရ ကိုင်ရတာနဲ့ ချက်ရ ပြုတ်ရတာနဲ့ သင်္ခါရချည်းဘဲ (မှန်ပါ)။ သင်္ခါရအတွင်း သင်္ခါရချည်းဘဲ၊ မနေဘူးလား? (နေပါတယ်ဘုရား)။

အဲဒီတော့ သင်္ခါရတွေက ပြုပြင်လိုက်ရတဲ့ ဟင်းကို ဒကာ, ဒကာမတွေ စားတော့ လျှာပေါ်မှာ သုခလေးပေါ်၊ ဝမ်းထဲမှာလဲ သောမနဿလေး မပေါ်ဘူးလား? (ပေါ်ပါတယ်ဘုရား) ဒီ-သုခလေးဟာလဲ ကြာရဲ့လား? (မကြာပါ ဘုရား)။ သူကလဲ ဒုက္ခနဲ့ လမ်းဆုံးသွားတယ်၊ (မှန်ပါ)။

သုခလေးပျက်တော့ ဒုက္ခပေါ့ဗျာ (မှန်ပါ)၊ "သုခဝေဒနာ ဒုက္ခတော ဒါတဗ္ဗာ" လို့ ဘုရားကဟောထားတော့ အင်း-ဒါဖြင့် သင်္ခါရ ရယ် ဒုက္ခရယ် ဒါဘဲရှိတယ် (မှန်ပါ)။ ဦးဘကြည်, ဘာရှိသလဲ? (သင်္ခါရနဲ့ ဒုက္ခပါ ဘုရား)။ ဒါကို ခင်ဗျားတို့ကလဲ ကြိုးစားလို့ လက်စမသတ်ချင်ဘူး၊ (မှန်ပါ)။ ရှိတာက သင်္ခါရဆိုတာ ပြုပြင်နေရတာဘဲ၊ သူလဲဒုက္ခတမျိုးဘဲ (မှန်ပါ)။ ပြုပြင်လို့ ပေါ်လာပြန်တော့လဲ ဘယ်မှာ လမ်းဆုံးပြန်သတုန်း (ဒုက္ခလမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့် ပြုပြင်တုန်းကလဲ သင်္ခါရ (မှန်ပါ)။ နောက်ကြတော့ ပေါ်လာတဲ့ သုခဝေဒနာလေးကလဲ ဒုက္ခလမ်းဆုံးတော့ သင်္ခါရနဲ့ ဒုက္ခနဲ့ သာပေါင်းရင် သင်္ခါရဒုက္ခဘဲ၊ ရှင်းပြီလား? (ရှင်းပါပြီ ဘုရား)။

ကိုင်း–ခင်ဗျားတို့ အခုနေလာခဲ့ကြတာ နှစ်ပေါင်းလဲများကြပါပြီ၊ လ,ပေါင်းလဲ များကြပြီ၊ ဘာနဲ့အချိန်ကုန်ရတုန်း၊ (သင်္ခါရဒုက္ခနဲ့အချိန်ကုန်ရပါတယ်ဘုရား)။ သုခကို မပါဘူး၊ (မှန်ပါ)။ ဦးဘကြည်ရဲ့ ပါသလား?(မပါ ပါဘုရား)။သင်္ခါရနဲ့ ဘယ်လမ်းဆုံးတုန်း(ဒုက္ခလမ်းဆုံးပါတယ်ဘုရား)။ဒါ-ပြုပြင်နေရတာက သင်္ခါရ(မှန်ပါ)။ ခဏလေး သုခရောင်လေးပေါ်လာပြီး သုခဝေဒနာကလေးကလဲ ဖျတ်ဆို ပျက်သွားတာဘဲ၊ (မှန်ပါ)။ ပျက်သွားတော့ ဒုက္ခလမ်းမဆုံးဘူးလား(ဆုံးပါတယ်ဘုရား)။

ဒါဖြင့် တသက်လုံးရှာနေတာက သင်္ခါရ၊ နောက်-နဲ့နဲ ချမ်းသာယောင်လေး ပေါ်လာပြီး ပျက်စီးသွားတော့ ဒုက္ခလမ်းဆုံးတယ်၊(မှန်ပါ)။ မဆုံးဘူးလား? (ဆုံးပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ထဲ သုခ,အပ်ဖျားနဲ့ထောက်လို့ တကောက်စာမှမရှိဘူး၊ရိပ်မိကြပြီလား?(မှန်ပါ)။ဘာတွေသာရှိလဲ?(ဒုက္ခတွေသာရှိပါတယ်ဘုရား)။

ဘာဒုက္ခလဲ သင်္ခါရဒုက္ခ၊ ဩော်-သင်္ခါရဆိုတာလဲ ခင်ဗျားတို့ အမျိုးမျိုးပြုပြင်နေရတာနော်(မှန်ပါ)။ ပြီးတော့လဲ ဒုက္ခလမ်းဆုံးပါတယ်ဆိုတော့ ပြုပြင်လိုက်ရတာလဲခင်ဗျားတို့ ဆွမ်းတအုပ်ချက်ဘို ပြုပြင်ရတာက တနာရီကျော်ကျော်ကြာတယ်(မှန်ပါ)။ ပြီးတော့လဲ ဒုက္ခလမ်း ဆုံးပါတယ်၊ လျှာပေါ်မှာ ခဏလေး စားပြီးသကာလ,အရသာရှိသလိုလိုနဲ့၊ ပြီးတော့ မျိုချတဲ့အခါ သုခဝေဒနာလေးဟာ ဆုံးသွားတယ်၊(မှန်ပါ)။ ပျက်စီးမသွားဘူးလား?(ပျက်စီးသွားပါတယ်ဘုရား)။

ပျက်စီးသွားတာက ဘာခေါ်ကြမတုန်း (အနိစ္စပါဘုရား)။ ဒုက္ခထားပါတော့နော်....(မှန်ပါ)။ အဲဒီတော့ ပြုပြင်ရတာက သင်္ခါရ၊ ဆုံးသွားတော့ ဒုက္ခ(မှန်ပါ)။ ဒါဖြင့် ခင်ဗျားတို့မှာ ဘယ်အချိန်ဟာ သုခ တုန်းလို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောမလဲ (ဘယ်အချိန်မှ သုခမရှိပါဘုရား)။ ဘယ်အချိန်မှ သုခ မရှိဘူး နော်(မှန်ပါ)။

ဒါဖြင့် သင်္ခါရဒုက္ခနဲ့ နေခဲ့ရတာချည်းဘဲဆိုတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကိုဟိုဘက်စောင်းလိုက်ဒီဘက်စောင်းလိုက်ရဒါက သင်္ခါရ(မှန်ပါ) စောင်းလို့ နဲနဲလေး နေသာ:လေးကျမဲ့ကြံခါ ရှိသေးတယ်၊ ဟော-သုခဝေဒနာလေးကလဲ ဖျတ်ဆို ပျက်သွား တယ်၊ (မှန်ပါ)။

အဲဒီတော့ ပြောင်းနေရတာကမနဲ၊ကိုယ့်ကိုယ်ကိုမှ ခန္ဓာကြီး ရင် ကြီးသလောက်ပေါ့။သေးရင်သေးသလောက်ပေါ့(မှန်ပါ)၊ သင်္ခါရတွေက မနဲ ထူမ မနေရဘူးလား? (ထူမ နေရပါတယ် ဘုရား)။မရတဲ့အခါ နောက်ဆုံး သုခလေး ရမလားအောက်မေ့ ရလဲရပါရော ဒုက္ခဝင်လာတာဘဲ၊(မှန်ပါ)။ သက်သာတာများ ပါသေးသလား?(မပါ ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာနဲ့အချိန်ကုန်ရသလဲ(သင်္ခါရနဲ့ ဒုက္ခ ပါဘုရား)။ သင်္ခါရနဲ့ ဒုက္ခနဲ့ ဒီ အချိန်ကုန်ပြီးသကာလ နေတော့ ခက်တယ် ဒကာ-ဒကာမတို့၊သင်္ခါရဒုက္ခကို ခင်ဗျားတို့သည်ကား လို့ဆိုရင် ဒါကြီး သုခထင်နေကာတည်းကိုကကိုယ့်နေရာကလေး အတော်ဟုတ်နေသေးတယ်လို့ အဓိပ္ပါယ်ရောက်တယ်(မှန်ပါ)။

တလား လောင်တိုက်တွေနဲ့ အိမ်လုပ်ထားတာ (မှန်ပါ)။ ခနက-ကူးတို့ခတွေ တွင်းတူးခတွေနဲ့ ထမင်းစားနေရတာတွေကို အိုကံကောင်းတယ်, အကြောင်းသင့်တယ်၊ (မှန်ပါ )။ ဒီလိုဖြစ်နေတဲ့အခိပ္ပါယ် မရောက်ဘူးလား, ရောက်သလား? (ရောက်ပါတယ်ဘုရား)။ ခင်ဗျားတို့ဖြစ်စဉ်လေ....(မှန်ပါ)။

ဩြဘ်-ဒါကြောင့် နိရောဓသစ္စာမမြင်ခင် ကိုယ့်ဖြစ်စဉ်ကဖြင့် အခု-ဆရာဘုန်းကြီးက သေသေချာချာ ဖေါ်ပြတော့မှ သံသရာဒုက္ခနဲ့တွေ့ဆုံနေတဲ့ပုဂ္ဂိုလ်တွေဘဲလို့ ဆိုထိုက်မဆိုထိုက်(ဆိုထိုက်ပါတယ်ဘုရား)။ ချမ်းသာ ပါရဲ့လား? (မပါ ပါဘုရား)။ ချမ်းသာ မပါလို့ရှိရင်ဖြင့် ဒီတသံသရာလုံး ဘာနဲ့နေကြလဲ၊ (ဒုက္ခနဲ့နေကြရပါတယ်ဘုရား)။ သံသရာဒုက္ခကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ?(ဒုက္ခသစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာကြီးကို ခင်ဗျားတို့ကရှင်းရှင်းလင်းလင်းပိုင်ပိုင်နိုင်နိုင်လဲမမြင်သေး၊သူ့အပေါ်ဌ်လဲ အကျိုးအပြစ်တွေမသိသေးတော့ ခင်ဗျားတို့က သံသရာဒုက္ခကြိုက်နေတယ်(မှန်ပါ)။ကြိုက်နေတော့ အသည်တသုခကို ဘယ်တော့မှမရဘူး(မှန်ပါ)။ရပါ့မလား?(မရပါဘုရား)။ ဘာကြိုက်နေလို့တုန်း(သံသရာဒုက္ခပါဘုရား)။

ဩြဘ်-ဒါဖြင့် ဒွန်းစဏ္ဍားကြိုက်, ကြိုက်နေတယ်၊ ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။ ဦးဘအုန်း, ဘာကြိုက်, ကြိုက်နေသလဲ(ဒွန်းစဏ္ဍားကြိုက်ပါဘုရား)။ သံသရာဒုက္ခကြိုက်နေတာလေ၊ သူ့အိမ်ကတော့ ဘာအိမ်တဲ့ဗျာ(ဒွန်းစဏ္ဍားအိမ်ပါဘုရား) သူ့ဒွန်းစဏ္ဍားအိမ်ကလဲ တလားပျက်, လောင်တိုက်ပျက်ဘဲ၊ (မှန်ပါ)။

စားရတာကလဲ့ သူများကျွေးတဲ့ အကျွင်းအကျန် (မှန်ပါ)၊ မဟုတ်ဘူးလား။ ကိုင်ရတဲ့ငွေကလဲ ကူးတို့ခ(မှန်ပါ)။ သူ့မှာ ဘာ-သာယာစရာပါသတုန်း(မပါ ပါဘုရား)။သို့သော် သူ့ဟာနဲ့ သူတော့ ဘာဖြစ်နေတုန်းဆိုရင် ဒို့ရွာ ငါ-လူချမ်းသာဖြစ်နေတယ်၊ မဖြစ်သေးဘူးလား,ဖြစ်သလား?(ဖြစ်ပါတယ်ဘုရား) သဘောကျပြီလား?(မှန်ပါ)။ ဒီမှာလဲ ကိုယ့်ဟာလေးနဲ့ကိုယ် ပျော်နိုင်ကြတယ်၊ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်သား ကိုယ့်သမီးလေးနဲ့ ပျော်နိုင်ကြတယ်ဆိုတာ ဒါဘဲဗျ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

သုခသစ္စာကို မမြင်လို့ပြောတာ (တင်ပါ)။ ဒုက္ခသစ္စာကို သုခထင်နေလို့ ပျော်နိုင်စရာရှိတာနော်။ နို့မို့ရင် ပျော်စရာအကွက်ကိုပါရဲ့လား?(မပါ ပါဘုရား)။ အဲဒီတော့ ခင်ဗျားတို့နိဗ္ဗာန် မရောက်တဲ့ဥစ္စာ ယနေ့-လောလောကြီးပေါ်လာတယ်၊ (မှန်ပါ)။ ဦးဘကြည့်,ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။

ဘယ်လိုပေါ်လာကြတာတုန်း၊ ခင်ဗျားတို့ဘဲရှင်းကြပါအုံး၊ (ဒုက္ခသစ္စာ မမြင်တာပါ ဘုရား)။ ဟင်-ဒုက္ခသစ္စာမမြင်တာ၊ ဒီလိုဆို စကားရှုပ်နေအုံးမယ်၊ တိုတိုပြောလိုက်ပါ၊ ဒွန်းစဏ္ဍားပျော်,ပျော်နေလို့ဘဲ၊ ရိပ်မိပြီလား?(မှန်ပါ)။ ဘာပျော်,ပျော်နေတုန်း(ဒွန်းစဏ္ဍားပျော်,ပျော်နေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ နန်းတော် အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန်မရောက်တာ ရိပ်မိပြီလား?(မှန်ပါ )။ ဟိုဟာတွေ ဒီဟာတွေ စသံပေသံရှုပ်နေတယ် ဦးဘဒင်,ဘာပျော်,ပျော်နေတယ်ဆိုတာ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် ဒကာဒကာမတို့ ဒွန်းစဏ္ဍားစိတ်မပျောက်ဘဲနဲ့ နေသရွေ့ ကာလပတ်လုံး ရှင်ဘုရင်စိတ် ပေါ်ဘို့တော့ဖြင့် ခဲယဉ်းမှာဘဲ၊(မှန်ပါ)။ မခဲယဉ်းပေဘူးလား? (ခဲယဉ်းပါတယ် ဘုရား)။

အဲဒီတော့ အရင်တုန်းက သာမညဝိပဿနာစိတ်တွေ၊ သီလတွေဟာ ဒွန်းစဏ္ဍားသဘောကို သူတို့မကျော်နိုင်ဘူးဗျ(မှန်ပါ) ကောင်းကောင်း မကျော်နိုင်ဘူး၊ သီလရော့သမာဓိရော့ ပညာရော့ ဒွန်းစဏ္ဍားအထည်ကြီးကို လုံးလုံး စွန့်ပါတော့မယ်ဆိုတဲ့ အခြေအနေ ဦးဘကြည်, ရောက်ပြီလား? (မရောက်သေးပါဘုရား)။ မရောက်ဘူးဆိုတာ မသေချာဘူးလား? (သေချာပါတယ်ဘုရား)။ ရှေးက ဆောက်တည်ခဲ့တဲ့ သီလ, သမာဓိ, ပညာတွေဟာ မရှိဘူးလို့ ဘုန်းကြီးက မဆိုဘူး၊ (မှန်ပါ)။

ရှိတော့ရှိပါရဲ့ ခုနင်က-ဒကာ,ဒကာမတွေ နိဗ္ဗာန် မျက်မှောက်ပြုတဲ့သဘောက မရောက်သေးတော့ သူတို့ကပစ်ချလိုက်ရင် ဘယ်အထိကျမယ်ထင်တုန်း(ဒွန်းစဏ္ဍားရွာအထိပါဘုရား)။ ရွာကြီး, ရွာကလေးတော့ ပြောင်းချင် ပြောင်းမယ်ပေါ့ဗျာ၊ (မှန်ပါ)။ ဒီဥစ္စာသည် ဒကာ,ဒကာမတို့ နိဗ္ဗာန်တော့ မရောက်နိုင်ဘူး၊ ရောက်ပါ့မလား?(မရောက်နိုင်ပါဘုရား)။ ဦးဘကြည် ဘာကြောင့်တုန်းဆိုတာ ရိပ်မိပြီလား?(မှန်ပါ)။ဒွန်းစဏ္ဍားစိတ် မပျောက်သရွေ့ ရှင်ဘုရင်စိတ် ပေါ်ပါ့မလား? (မပေါ်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာအစစ် မသိသရွေ့ ကာလပတ်လုံး နိရောဓသစ္စာအစစ်ဘဲဆိုတာ လာဘို့အရေး အဒတော်

ဝေးတယ်၊မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါတယ်ဘုရား)ပေါ်ကြပြီလား?(မှန်ပါ)။အင်း-ဒီကရှေ့ကို ဘာမဖြစ်ကြအောင် အရေးကြီးနေပါလိမ့် (ဒွန်းစဏ္ဍားမဖြစ်အောင်ပါဘုရား)။ ခင်ဗျားတို့က ရိုးရာစွန့်ဘို့ တယ့်လွယ်မယ်မထင်ပါဘူး၊ လွယ်ပါ့မလား?၊ (မလွယ်ပါဘုရား)။

ဒါ-မိမိတို့အဖြစ်ဟာ အဖြစ်ဆိုးကြီးကို သချာမှနော်....(မှန်ပါ)။ အဖြစ်ဆိုးကြီး သေချာမှသာလျှင် ဒီဟာကိုမကြိုက်ပေဘူးလား, ကြိုက်မှာလား?(ကြိုက်မှာပါဘုရား)။ ဒီအဖြစ်ဆိုးကြီးကိုပင်လျှင် အင်း-ကိုယ့်အကျိုးပေးနဲ့ ကိုယ့်ကံနဲ့ကိုယ်တန်ရှိဘဲ လှတာဘဲ လှသလောက်နဲ့ ကျေနပ်နေမယ်ဆိုရင်တော့ ကိုယ့်ရွာကိုယ် အပျော်ဆုံးဘဲ၊ (တင်ပါ)၊ ကျေနပ်ပြီးတော့ ပျော်နေတာ(မှန်ပါ)။

ပျော်နေရမယ်၊ပျော်နေလို့လဲ ထွက်ပေါက်ရှာတွေ့ရဲ့လား၊ (မတွေ့ပါဘုရား)။မတွေ့တော့ ဦးဘဒင်တို့အတော်ဆိုးနေတာဘဲ (တင်ပါ)။ ဒါဖြင့် ဒို့-နောက်တုန်းက ဘာပျော်များ ပျော်ခဲ့လို့ နိဗ္ဗာန် မရောက်ပါလိမ့်မတုန်း (ဒွန်းစဏ္ဍားပျော်, ပျော်နေလို့ နိဗ္ဗာန်မရောက်တာပါဘုရား)။

အင်း–ဒါမှားသေးသလား?(မမှားပါဘုရား)။မယုံရင်ကိုယ့်အိမ် ကိုယ်ပြန်ကြည့်၊ ပျော်,မပျော်၊ သူများအိမ် နေရတာနဲ့ ကိုယ့်အိမ်နေရတာနဲ့ ဘယ်ကပျော်တုန်း (ကိုယ့်အိမ်နေရတာ ပျော်ပါတယ်ဘုရား)။ ခက်ပြီ၊ ခင်ဗျားတို့ ကိုယ့်အိမ်နေရတာ ပျော်တယ်၊ ကိုယ့်အိမ်ကလဲ ခုနက-ကာထားတာလဲ ဘယ်လို ပစ္စည်းတွေတုန်းလို့မေးလို့ရှိရင် မသာ,အသုဘကပစ္စည်းတွေ....

(မှန်ပါ)။ အသုဘာ ခန္ဓာတွေနေ့တို့ ကာထားတာ မဟုတ်လား?၊ (ဟုတ်ပါတယ်ဘုရား)။ အသုဘာအတွက် ကာထားတဲ့ပစ္စည်းတွေ လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။

ဒီနားမှာရှိတဲ့ ဆံတွေ့ ဆီတွေ့ ငါးခြောက် ငါးပိ အစရှိသည် တို့ကလဲ အင်း-ဒီအသုဘာ ခန္ဓာကိုယ်ကြီးကို ကုဘို့ သံ့ဘို့ဘဲ.... (မှန်ပါ)။ ဘယ်တော့မသို အနာနဲ့ ခန္ဓာ မကောင်းတာနဲ့ ဆေးကို အပြတ်ခံလို့ မရတဲ့ အဝိပ္ပါယ် မဟုတ်လား? (မှန်ပါ)။ လေနာ သမား ဆော်ဒါ ခါးပိုက်ထဲဆောင်ထားရသလိုမဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဘာတွေဆောင်ထားရတုန်း (ဆေးတွေ ဆောင်ထားရပါတယ်ဘုရား)ဆေးတွေဆောင်ထားပြီးသကာလ ဘယ်လောက်ကြာကြာ နေရ,နေရ, ဒီဆေးနဲ့ ဘယ်တော့ဖြတ်ရ မှာတုန်း၊ ငါဖြင့်သေများသေချင်ပါပေါ့လို့ များလာကြရဲ့လား (မလာပါ ဘုရား)။ အင်း-ကိုယ့်ဆေးနဲ့ ကိုယ် အတော်ကျေနပ် နေတယ်၊(မှန်ပါ)။ အနာပေါက်လိုက်, ဆေးကုလိုက်၊ အနာ ပေါက်လိုက်,ဆေးကုလိုက်(မှန်ပါ)။ ဦးခင်မောင်,အနာပေါက် တော့ ဘာလုပ်ပြန်တုန်း(ဆေးကုပြန်ပါတယ်ဘုရား)။

ကုပြီးသကာလ, ဒီအနာပျောက်ပြီး ဟိုအနာ ပေါက်လာပြန် တော့ကော(ကုရပြန်တာဘဲဘုရား)အင်း-ကုတော့လဲ ဒီဆေးတွေ နဲ့ ကုရပြန်တော့ ရောဂါက ကိုးဆယ့်ခြောက်ပါး ကင်းသွားပြီ လား?(မကင်းပါဘုရား)။ ကင်းမသွားတော့ ဘာလုပ်ရပြန်တုံး (ကုရပြန်တယ်ဘုရား)။

ဒါဖြင့် ကုလိုက်, အနည်းငယ်ပျောက်လိုက်၊ တမျိုးအနာပေါက်လိုက်,ထပ်ကုလိုက်....(မှန်ပါ)၊ တသံသရာလုံးမှာ ဒီလိုဘဲနေခဲ့ကြရတယ်၊ ရိပ်မိကြပြီလား? (ရိပ်မိပါပြီဘုရား)။ ဒီလိုဘဲရောဂါနဲ့ကို မပြတ်ခဲ့ဘူး ရှင်းပြီလား? (မှန်ပါ)။ ရောဂါနဲ့ မပြတ်ခဲ့ဘူး၊ ဆေးနဲ့လဲ မပြတ်ခဲ့ဘူးဆိုကြပါစို့ဗျာ၊(မှန်ပါ)။ အင်း-ကြပ်စည်းရတဲ့အလုပ်ကြီးကို လျှော့လို့ရရဲ့လား၊(လျှော့လို့ မရပါ ဘုရား)။ တိရစ္ဆာန်ဖြစ်နေနှုန်းက လျှော့ခဲ့ရတယ်၊ ဒီလိုပြောကြပါစို့ဗျာ၊(မှန်ပါ)။ တိရစ္ဆာန်ကိုတော့ ဘယ်သူမှ ကြပ်စည်းပေးမဲ့လူ မရှိဘဲကိုး။

ဒါဖြင့်ဒကာ-ဒကာမတို့ ဘယ်အခါကာလဖြင့်ကျုပ်တို့ဟာ အနာကင်းတယ်ရောဂါကင်းတယ် ဒုက္ခကင်းတယ်ဆိုတာရှိခဲ့ရဲ့လား (ဘယ်အခါမှ မရှိခဲ့ပါဘုရား)။ ဘယ်အခါမှ မရှိခဲ့ဘူးမဟုတ်လား?(မှန်ပါ)။ ဘယ်လောက်ကြာခဲ့ပြီတုန်း မေးတော့ (တသံသရာလုံးပါ ဘုရား)။

ဒါဖြင့် ဝဋ်ကောင်မှဟုတ်ကဲ့လား? (ဟုတ်ပါတယ်ဘုရား)။ အခုကော ကျွတ်ပြီလား?(မကျွတ်သေးပါဘုရား)။မယုံရင် အိမ်ပြန်ကြည့်,တခုခုတော့ ကုရမယ်(မှန်ပါ)။ ခင်ဗျားတို့ စိတ်သာချနေ အခုလဲ ဆေး,လက်မလွှတ်ရဘူး (မှန်ပါ)။ အိမ်ပြန်တော့ကော(မလွှတ်ရပါဘုရား)။ အိမ်ပြန်တော့လဲ ကုရအုံးမှာ၊အခုလဲ ဆေး,လက်မလွှတ်ရသေးဘူး(မှန်ပါ)။

အဲဒီလောက် ဆိုးနေတဲ့ဥစ္စာ ကိုယ့်ဟာလေးနဲ့ကိုယ် တင်းတိမ်နေတော့ ခင်ဗျားတို့ ခုနက-နန်းတော် အိမ်တော်မရောက်ဘူးလို့ တင်းတိမ်တာ (မှန်ပါ)။ နို့မို့ရင် မတင်းတိမ်ပါဘူး၊

တင်းတိမ်တဲ့စိတ် လာပါ့မလား?(မလာပါဘုရား)။ အဲဒါ - ဒွန်းစဏ္ဍားစိတ်ပေါက်နေလို့ တင်းတိမ်တာဗျ (မှန်ပါ)။ နို့မို့လို့ရှိရင် မတင်းတိမ်ပါဘူး၊ တင်းတိမ်စရာအကြောင်းမြင်သလား၊ (မမြင်ပါ ဘုရား)။

အဲဒါကြောင့် ဒီ-ဒွန်းစဏ္ဍားစိတ်, ဦးဘကြည်, မပျောက်သရွေ့ကာလပတ်လုံး ဒါတွေ အဓိ,မထည့်နဲ့နော်....(တင်ပါ)။ ထည့်ရင် တော်ပါ့မလား? (မတော်ပါဘုရား)။ ဒါဖြင့် အဓိ, ထည့်တာ, မထည့်တာသည်ကား ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာကို နာတာရှည် ဆင်းရဲသား အမွဲကျန် ဒွန်းစဏ္ဍားရွာကို တခါတည်း လုံးဝ, မပြန်တော့ပါဘူး၊ ( မှန်ပါ )။ မသိခင် တုန်းကဖြင့် မင်းနေရာဘဲ၊ အခုတော့ဖြင့် ကြက်သရေမင်္ဂလာ လုံးဝ မရှိတဲ့နေရာဘဲလို့ ခင်ဗျားတို့က ဒုက္ခသစ္စာကို ပိုင်းခြားထားပါ (မှန်ပါ)။

အဲဒီလိုပိုင်းခြားတဲ့အချိန်ကျမှ အဓိပညာ, အဓိသီလ, အဓိစိတ္တ,ပလာပေဘူးလား?(လာပါတယ်ဘုရား)။ ဒီလို မပိုင်းခြားနိုင်သေးသရွေ့ကာလပတ်လုံးဖြင့် ကိုယ့်ရွာနဲ့ကိုယ်, ပျော်ကြအုံးပေါ့ဗျာ(မှန်ပါ)။ ဘယ်သဘောကျသာတုန်းဆိုတော့ မြေပုံပေါ် သဘောကျဘာသာ၊ (မှန်ပါ)။ ဒွန်းစဏ္ဍားကလေးတွေဘယ်မှာကစားကြတုန်း(မြေပုံပေါ်မှာပါဘုရား)။

ညအချိန်ကျလာတဲ့အခါဘူကိုဒီအထဲတွင်ရှောက်ပြီးသကာလ မလည်ကြဘူးလား?(လည်ပါတယ်ဘုရား)။ ဒီဇရပ်ကလေးတွေဆိုသို့ ရှောက်ပြီးသကာလ, ဇရပ်ပေါ်တက်ပြီးသကာလ, ကျားထိုးရင်း,ဖဲဆေးလိပ်ကိုကောက်ရင်းသိုသလို မနေကြပေဘူးလား၊

(နေကြပါတယ်ဘုရား)။ သို့သော်-သူတို့ရွာကို သူတို့စိတ်ထဲမှာ ဖြင့် အပျော်ဆုံး ထားတယ်၊ (မှန်ပါ)။ သူတို့ရွာဟာ သူတို့ ကြက်သရေအရှိဆုံးလို့ကော (ထားပါတယ်ဘုရား)။

ပြီးတော့ ငွေဝင်အမှန်ဆုံးလို့ကော (ထားပါတယ်ဘုရား)။ မသေတဲ့လူမှ မရှိဘဲကိုး၊အဲဒီကနေပြီးထိုင်စောင့်နေရုံဘဲ(မှန်ပါ) အဲဒီတော့ ဘယ်မှမရောက်ဘူးရင် သူတို့ရွာ သူတို့ အပျော်ဆုံး ဖြစ်လိမ့်မယ်ဆိုတာကော ယုံရဲ့လား?(ယုံပါတယ်ဘုရား)။ ရိပ်မိ ပြီလား?(မှန်ပါ)။ အဲ-ခင်ဗျားတို့က နိဗ္ဗာန်မရောက်သေးခင် ကိုယ့်ရွာ ကိုယ်ပျော်ကြအုံးမှာ၊ရှင်းပြီလား?(မှန်ပါ)။ နတ်ပြည် ရောက်ကော....(ပျော်မှာပါဘုရား)။

သို့သော်-နတ်ပြည်ရောက်လဲ ဒီအသုဘခန္ဓာနဲ့ရောက်ရမှာဘဲ ပျော်ရမှာဘဲ၊(တင်ပါ )။ လူ့ပြည်ရောက်ပြန်တော့လဲ အသုဘ ခန္ဓာနဲ့ရောက်ရမှာဘဲ၊ ပျော်ရမှာဘဲ(တင်ပါ)။ လူ့ပြည်ရောက် ပြန်တော့လဲ အသုဘခန္ဓာနဲ့ရောက်ပြီး ပျော်နေတာဘဲ(မှန်ပါ) ဘာဖြစ်လို့တုန်းဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာမပိုင်းခြားနိုင်သေးဘဲ နိရောဓသစ္စာ မျက်မှောက်မပြုနိုင်သေးတဲ့အတွက် ဦးဘကြည် ဘာဖြစ်နေတာတုန်း(ဒွန်းစဏ္ဍားပျော်, ပျော်နေပါတယ်ဘုရား) ဒွန်းစဏ္ဍားပျော်,ပျော်တယ်ဆိုတာကို ဦးဝင်း, ရိပ်မိကြပြီလား၊ (မှန်ပါ )။

ဒါကြောင့် ခင်ဗျားတို့ပြောင်းပစ်ပါ(မှန်ပါ)။ကိုယ့်အဖြစ် ကိုယ် သိပြီလား?(မှန်ပါ)။ ဘယ်လိုသိတုန်း (ဒွန်းစဏ္ဍားပျော် ပျော်နေတာပါ ဘုရား)။ စားရတာလဲဟုတ်ကြရဲ့လား (မဟုတ် ပါဘုရား)။ ဝတ်ရတာကော(မဟုတ်ပါဘုရား)။ ကျန်းမာခြင်း

ကော ရှိကြရဲ့လား?(မရှိပါဘုရား)။ ချမ်းသာသလားလို့ မေးတော့လဲ(မချမ်းသာပါဘုရား)။ မချမ်းသာဘူး ...။

ဒါက-ဆံကလုံလောက်ပြန်တော့ ဆီကလိုသေးတယ်(မှန်ပါ) ဆီကလုံလောက်ပြန်တော့ ဆားကလိုသေးတယ်(မှန်ပါ) အဝတ်အထည် လုံလောက်ပြန်တော့ ရွှေက လိုပြန်တယ်(မှန်ပါ)။ ရွှေရပြန်တော့ စိန်ကလိုပြန်တယ်ဆိုတော့၊ ဟင်-အမှဲချည်း လုပ်နေတာ၊(မှန်ပါ)။ ဘယ်တော့မျှား တော်ပြီ-တန်ပြီလို့လာကြတုန်း(မလာပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ စဉ်းစားကြည့်တော့ မွဲတဲ့ပုဂ္ဂိုလ်မို့ လိုခြင်တာကို သဘောကျပြီလား?(မှန်ပါ)၊ဘယ့်နှယ်ကြောင့် ဒီလောက် အလိုလက်စမသတ်ပါလိမ့်(မွဲလို့ပါဘုရား)။ ဆင်းရဲလွန်းလို့(မှန်ပါ)။ အင်း—ဆင်းရဲဘယ်တော့မျှား ပျောက်ပါ့မတုန်း မေးတဲ့အခါကြလို့ရှိရင် ဒီဟာက ထွက်မှ ပျောက်မှာဘဲရိပ်မိပြီလား?(မှန်ပါ)။ ဒီကထွက်ရင်တော့ဖြင့် ဆင်းရဲလက်စသတ်မယ်ဆိုတာ ပေါ်လာကြပြီလား?(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာလာတဲ့အကြောင်း ဦးဘကြည်တို့ကောင်းကောင်းရိပ်မိပြီလား(ရိပ်မိပါပြီဘုရား)။ဒါဖြင့် ခင်ဗျားတို့ ဘာအရေးကြီးလဲ(ဒုက္ခသစ္စာသိဘို့ပါဘုရား)။ ဒုက္ခသစ္စာ မျှားမျှားကြီး ပိုင်နိုင်ဘို့အရေးကြီးတယ်နော်၊ (မှန်ပါ)။ ပိုင်ပိုင်ရှုနိုင်လို့ ဒုက္ခအကြောင်း ကောင်းကောင်း သိတဲ့အခါကြလို့ရှိရင်ဖြင့် ဒီရွာ မနေချင်တော့ပါဘူးဆိုပြီး သူသွားမည်၊ သွားတဲ့အခါကြရင်ဖြင့် သူဟာ နန်းတော်, အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန်မရောက်ပေဘူးလား?(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမပိုင်းခြားဘဲနဲ့ နိဗ္ဗာန်ကိုမရောက်ပါဘူး(မှန်ပါ) ဒကာ-ဒကာမတွေ သဘောပေါက်ကြပြီလား?(မှန်ပါ)။ဒါ ဖြင့် နိဗ္ဗာန် ရောက်မှုဟာ ဆုတောင်းအလုပ်လား၊ ဒုက္ခ ပိုင်းခြားမှု ရမှာလား?(ဒုက္ခပိုင်းခြားမှုရမှာပါ ဘုရား)။အဲ-သေချာသွားပြီ (မှန်ပါ)။ ဒုက္ခပိုင်းခြားနိုင်ပြီး နိဗ္ဗာန်မြင်တော့မှ ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါးကတော့ အရင်မဂ္ဂင်မျိုးဟုတ်သေးရဲ့လား?(မဟုတ်ပါ ဘုရား)။

ဒါဖြင့် အဓိသီလ၊အဓိစိတ္တ၊အဓိပညာ ဖြစ်တယ်....(မှန်ပါ)။ ခင်ဗျားတို့ ရှေးက လုပ်ထားတာတွေဟာဖြင့် ကိုးစားရာ အားထားရာအစစ် မဟုတ်သေးဘူး၊ သဘောကျပြီလား? (မှန်ပါ)။ ပြန်ပြောင်းပြီး ဒွန်းစဏ္ဍားရွာဖြစ်နိုင်သေးတယ်၊ (မှန်ပါ)။သူတို့က ဒွန်းစဏ္ဍားရွာ အကျိုးပေးအုံးမှာကိုးဗျ၊ (မှန်ပါ)။ မပေးပေဘူးလား?(ပေးပါတယ်ဘုရား)။

ဒါဖြင့် ဒီဟာဖြင့် ခု-ဆရာဘုန်းကြီးပြောလို့ သိပြီမဟုတ်လား? (သိပါပြီဘုရား)။ သုံးဆဲ့တဘုံဟာ ဒွန်းစဏ္ဍားရွာမှတပါး ဘာရှိသေးတုန်း(မရှိပါဘုရား)။ လူပေး သူပေးနဲ့ စားရတာဘဲမဟုတ်လား?(မှန်ပါ )။ အဲဒီတော့ ဒီရွာကို မပြန်ချင်တော့ပါဘူးလို့ ဆိုလို့ရှိရင်ဖြင့် ခင်ဗျား တို့သည် ဒီရွာ၏အကြောင်းကို စေ့စေ့စပ်စပ်သာ ကြည့်ပေတော့၊ (မှန်လှပါဘုရား)။ ဦးဘကြည်, ဘာကြည့်ခိုင်းတာလဲ....(ရွာအကြောင်းကြည့်ခိုင်းတာပါဘုရား)။

အဲဒီရွာရဲ့ အသုံးအနှုန်းကိုလဲ ကြည့်၊(မှန်ပါ)။ သူတို့တတွေဘာ-စားသောက်နေကြသတုန်း၊ ဒီကလေးတွေ ဘယ်အထဲကမွေးလာတာတုန်း ကြည့်ပေါ့ဗျာ...(မှန်ပါ)။ အင်း-သူတို့ အိမ်

ဆောက်နေတာလဲ ဘာနဲ့ဆောက်နေတာတုန်းလို့ကြည့်လိုက်တဲ့ အခါကြတော့ ဘာမျှအဘိုးမတန်တဲ့ အသုဘ အကျန်ပစ္စည်း တွေနဲ့ ဆောက်နေတယ်၊(မှန်ပါ)။ စားရတာလဲ အသုဘက အကျင်းအကျန် ဖြစ်နေတယ်။ နေရတာကလဲ မြေပုံပေါ်မှာ ဆိုတော့ ဘယ်ဟာအကောင်းပါသေးသလဲ(မပါ ပါဘုရား)။

အဲဒီလို ခန္ဓာကိုယ်ကြီးမှာ တကိုယ်လုံး အကောင်းမပါတဲ့ အတွက် ဒုက္ခသစ္စာမဟုတ်လား?(ဟုတ်ပါတယ်ဘုရား)။တကိုယ် လုံး ဒုက္ခသစ္စာဆိုတော့ ဒီတဏှာက ဦးထွန်းဦး တို့ လာပါ ဆိုလို့ ကိုယ့်ရွာကြီး ကြက်သရေမင်္ဂလာမရှိမှန်းသိတော့ လာ အုံးမှာလား?(မလာပါဘုရား)။ ရွာခင်လူခင် ဆွေခင် မျိုးခင် ကော ရှိသေးသလား?(မရှိပါဘုရား)။

အဲဒီလို သူလဲ သေရော ဒီရွာကိုကြည့်ချင်တဲ့ စိတ်ကော လာသေးရဲ့လား(မလာပါဘုရား)။ မလာတော့ သမ္မာဒိဋ္ဌိတို့က ဒီဘက်လှည့်လာတယ်၊ မလာပေဘူးလား လာမှာလား၊(လာမှာ ပါဘုရား)။ ဒါဖြင့် ဒီရွာကို မကြည့်ချင်မှ ဒီဟာ လှည့်တယ်၊ (မှန်ပါ)။

အဲဒီတော့မှ အပိုပညာ အဓိစိတ္တ အဓိသီလ ဖြစ်သွားတာပေါ့ (မှန်ပါ)။ ကိုင်း–ကျေနပ်ပြီလား? (ကျေနပ်ပါပြီ ဘုရား)။ ကိုင်း-ဒီနေ့ ဒီတွင် တော်ကြစို့....။

( သာဓု....သာဓု....သာဓု )

× × × × ×

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သစ္စာအနက် တဆဲ့ခြောက်ချက်မှ

## အဓိပတေယျဋ္ဌေ  တရားတော်။

ယနေ့-ဒကာ,ဒကာမတို့ သစ္စာအနက် တဆဲ့ခြောက်ချက်မှာ "အဓိပတေယျဋ္ဌေ-ဒုတိယပိုင်း"ကို ဆက်ပြီး ဟောရလိမ့်မယ်။ "အဓိပတေယျဋ္ဌေ"ဆိုတော့ အစိုးရတဲ့အဖြစ် (မှန်ပါ)။ အစိုးရတဲ့ အဖြစ်ဆိုတာ မိမိကိုယ်ကို မိမိက ပိုင်ပိုင်နိုင်နိုင် အစိုးရတဲ့ အဖြစ်ကို ရောက်ရှိနေတာကို ဆိုသည်၊(မှန်ပါ )။

မိမိက အစိုးရတဲ့အဖြစ်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ ရှိရင် မိမိသန္တာန်မှာ မဂ္ဂင်ရှစ်ပါး အစုံအလင် ရောက်တာကို ဆိုသည်၊ (မှန်ပါ)။ မဂ္ဂင်ရှစ်ပါး အစုံအလင် ရောက်လာတော့ ဒကာ,ဒကာမတွေ မှတ်စရာက ပညာမဂ္ဂင်မှာ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပလို့ အရင်က ဟောခဲ့တယ်၊ (မှန်ပါ)။ သမာဓိမဂ္ဂင်က သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ....(မှန်ပါ )။

သီလမဂ္ဂင်က "သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ" (မှန်ပါ)။ ဒီတော့ နှစ်ခုက-တလီ၊ သုံးခုက-နှစ်လီ ဆိုတော့

ဘယ်လောက်ရှိသလဲ (ရှစ်ခုပါဘုရား)။ အားလုံး ရှစ်ပါးနော်။ သုံးခုက နှစ်လီ၊ နှစ်ခုက-တလီ။

အဲဒီတော့ ဒကာ-ဒကာမတွေ အခု-ဆောက်တည်ထားတဲ့ သီလ၊အခုဆောက်တည်ထားတဲ့-သမာဓိ၊အခုဆောက်တည်ထား တဲ့-ပညာ၊ ဦးဝင်းတို့ ဦးဝတို့ မှတ်စရာက မပြည့်သေးဘူးလို့ မှတ်ပါ၊(မှန်ပါ)။ မပြည့်သေးဘူး၊ အခု-ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတွေကို ဥပုသ်နေ့တွင် ဆောက်တည်ကြတယ်.... (မှန်ပါ)။

အင်း—ဆောက်တည်တဲ့ အခိုက်အတန့်ဘဲ အကြောင်းတိုက် ဆိုင်လို့ရှိရင် ဖျက်လိုက်ကြတာဘဲ၊ (မှန်ပါ)။ အသက်နဲ့လဲပြီး သကာလ ဒါဖြင့် မဖျက်ပါဘူးဆိုတဲ့စိတ် အခုအခါမှာ မပေါ် သေးဘူး၊ (မှန်ပါ)။ မပေါ်သေးဘူး ဆိုတော့ ဒီ-သီလသည် သာမညသီလလို့ခေါ်ရလိမ့်မယ်(မှန်ပါ)။

အဲဒီတော့ မဂ္ဂင်သစ္စာဆိုက်လာတဲ့သီလကြတော့ အဓိသီလ, အဓိစိတ္တ,အဓိပညာ၊အဓိ ပိုလာတယ်နော်(မှန်ပါ )။ အဓိသီလ ဒီဘက်က ဘာပါလိမ့်၊(အဓိစိတ္တပါ ဘုရား)။ ဒီဘက်ကကော.... (အဓိပညာပါ ဘုရား)။ အဓိပညာလို့ ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ခြေ-အဓိ တိုးလာတာက မဂ်ဆိုက်မှ အဓိတိုးလာတယ်လို့မှတ်ရမယ်(မှန်ပါ)။

အဓိဆိုတာ ဒကာ-ဒကာမတို့ ပါဠိဘာသာဖြစ်နေလို့ နား မလည်ဘဲနေမှာစိုးရတယ်၊ အဓိဆိုတာက တခြားမဟုတ်ပါဘူး၊ လွန်သောသီလ,လွန်သောသမာဓိ,လွန်သောပညာ, ဘယ်သူဖျက် လို့မှ မရဘူး၊(မှန်ပါ)။ ရှင်းကြပြီလား?(မှန်ပါ)။

အဓိ့ဆိုတာ ဘာပါလိမ့်(လွန်သောသီလ, လွန်သောသမာဓိ, လွန်သောပညာပါဘုရား)။ လွန်သောသီလ, လွန်သောသမာဓိ, လွန်သောပညာ။ တတ်နိုင်လို့ ဒါး-ဂုတ်ပေါ်ဝဲပြီးသကာလ, မင်း့အဲဒီသီလဖျက်ရမယ်၊ သမာဓိ့ဖျက်ရမယ်၊ ပညာ့ဖျက်ရမယ် လို့ တဦးဦးက အဖျက်ခိုင်းငြားသော်လည်း မဖျက်တော့ဘူး ဆိုတာ မှတ်ပါ၊ (မှန်ပါ)။

အဲဒီကြမှ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ သီလ မြဲတယ်ဆို တာ မှတ်ရမယ်၊ (မှန်ပါ)။ အခု-ဆောက်တည်ထားတဲ့ သီလတွေ ကတော့ ဦးဝင်းတို့ အကြောင်းမညီညွတ်ရင် ဖျက်ကြတယ်....၊ (မှန်ပါ)။ အကြောင်းမညီညွတ်ရင် ဖျက်တော့ ဒီ-သီလသည် သာမညသီလလို့ မှတ်ပါ၊ အဓိ့မပါဘူး၊ (မှန်ပါ)။ ဒါဖြင့် ဘယ် သီလမှ မြဲကြမယ်၊ (အဓိသီလမှပါဘုရား)။ အဓိသီလ, အဓိစိတ္တ, အဓိပညာမှ မြဲမယ်၊ (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဘယ့်ကော်တို့ အခု ဆောက်တည်တဲ့ သီလဟာ "သီလသတ္တော အင္ဂနိဋ္ဌော"၊ သြော်-အင္ဂနိဋ္ဌပြဟ္မာပြည် တိုင်အောင်ဘဲ အကျိုးပေးနိုင်တယ်ဆိုတော့ နိဗ္ဗာန် ပါကြရဲ့ လား? (မပါပါဘုရား)။ မပါတော့ သမာဓိကလဲ့ ထို့ အတူဘဲ။

သမာဓိကလဲ ဖြဟ္မာပြည်ဘဲဆိုတော့ ဒကာ-ဒကာမတွေကလဲ စဉ်းစားရမှာ၊ သြော့ဒီ-အာဒအားကိုးအားထားလုပ်ရမဲ့ သီလ, သမာဓိ့ပညာလေးတွေဟာ မဂ်မဆိုက်သေးလို့ရှိရင်ဖြင့် အဓိ သဒ္ဒါ မပါသေးတဲ့အတွက် လွန်သောသီလ, လွန်သောသမာဓိ, လွန်သောပညာဆိုတာ လွန်လွန်ကဲကဲပေါ့ဗျ၊ (မှန်ပါ)။

အဲဒီတော့ သီလ,သမာဓိ,ပညာက လွန်သောသီလဖြစ်လာမှ လွန်သောသမာဓိဖြစ်လာမှ,လွန်သောပညာဖြစ်လာမှ ဘုန်းကြီးတို့ဒကာ-ဒကာမတွေမှာ လားရာဂတိနိဗ္ဗာန်ဘက်သို့ မျောသွားတယ်၊(မှန်ပါ)။ ဒါဖြင့် သီလ,သမာဓိ,ပညာ၊ အဓိ,ဆိုတာချည်းပြည့်စုံမှမြဲတယ်လို့ ဦးခင်မောင်တို့ ဦးဘဒင်တို့ မှတ်ရမှာပေါ့ဗျာ (မှန်ပါ)။ အခု-ဆောက်တည်ထားတာလေးတွေကတော့ မြဲပါမလား?(မမြဲပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတွေ၊ ဩော်-ဒါဖြင့် တပည့်တော်တို့မြဲမှ ကျေးဇူးများမှာဖြစ်နေသောကြောင့် မြဲတာ ဘယ်အချိန်ကြမှ မြဲမလဲလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဒုက္ခချုပ်တာကိုမြင်မှ မြဲတော့မယ်၊(မှန်ပါ)။ ဦးဘကြည်,နော်၊ အဲဒါ-အဓိသီလ, အဓိစိတ္တ,အဓိပညာဆိုတာ ဘယ်အချိန်ကြမှဖြစ်မှာလဲဆိုတာမေးခွန်းထုတ်လို့ရှိရင်ဖြင့် နိဗ္ဗာန်မြင်မှဘဲ။ တနည်း-ဒုက္ခချုပ်တာ မြင်မှဘဲ၊ ဒီ-သီလ,သမာဓိ,ပညာ,မြဲမယ်လို့ ဒကာသိုက်တို့ မှတ်ရလိမ့်မယ်၊(မှန်ပါ)။ သဘောကျပြီလား?(ကျပါတယ်ဘုရား)။

ဒါဖြင့် အခု-ဆောက်တည်ထားတဲ့ သီလတွေ အစရှိသည်တို့ဟာ ဒကာဒကာမတွေ သာမညဘဲအကျိုးပေးမှာဘဲလို့ ဆုံးဖြတ်ချက်ချတာပေါ့၊ (မှန်ပါ)။ ကျေးဇူး မရှိဘူးလား၊ ရှိတယ်၊ သို့သော်-ခိုင်မြဲသလားဆိုတော့ မခိုင်မြဲသေးဘူး၊ဒီဒုက္ခကို မြင်တဲ့ သီလ, သမာဓိ, ပညာကတော့ မဆောက်တည်ဘဲနဲ့ မြဲတယ်၊ (တင်ပါ)။ သဘောကျပြီလား? (တင်ပါ)။ ခင်ဗျားတို့ အခု-ဘုန်းကြီးဆီမှာယူတဲ့ သီလက ဆောက်တည်မှမြဲတယ်၊ ဆောက်တည်ပြီးသကာလ,မြဲတယ်သာဆိုရတာ အာရုံကြမ်းနှင့်တွေ့ရင် ဘယ့်နှယ်ဆိုကြမယ်၊(ပျက်သွားပါတယ်ဘုရား)။

ပျက်သေးတယ်၊ဘာဖြစ်လို့ တုန်းလို့ မေးတဲ့အခါကြလို့ ရှိရင် ဖြင့် သီလကလဲ အင်မတန်အစိုးရတဲ့ သီလ၊ သမာဓိကလဲ အင်မတန် အစိုးရတဲ့ သမာဓိ၊ ပညာကလဲ အင်မတန်အစိုးရတဲ့ ပညာ အဖြစ်သို့ မရောက်သေးလို့ ပေါ့၊(မှန်ပါ)။ဒါဖြင့် ကျုပ်တို့သည် ဒီ-သုံးခုမြဲမှလဲ လားရာဂတိ မြဲမယ်လို့ ဦးဘကြည်တို့ မှတ်ရမယ် နော်၊ ဒါ-မမြဲသေးရင် လားရာဂတိ မမြဲသေးဘူး၊ (မှန်ပါ)။ လားရာဂတိလဲမမြဲသေးဘူးဆိုသဖြင့် ဘုန်းကြီးတို့ဒကာ-ဒကာမ တွေ စိတ်မချရသေးတဲ့အခိပ္ပါယ် ရောက်မနေဘူးလား? (ရောက် နေပါတယ်ဘုရား)။

အဲဒါကြောင့် စိတ်ချရအောင်လို့ ဖြစ်ပျက် မြင်အောင် ကြည့်ပါ၊ဖြစ်ပျက်မုန်းအောင်ကြည့်ပါ၊ဖြစ်ပျက်အဆုံးမှာနိဗ္ဗာန် ရှိတယ်၊(မှန်ပါ)။ အဲဒါ မြင်လောက်အောင် လုပ်ထားကြပါ၊ မြင်သည်နှင့်တပြိုင်နက်တည်း ပညာကလဲ အစိပညာ ဖြစ်သွား တယ်၊ သီလကကော....(အစိသီလဖြစ်ပါတယ်ဘုရား)။ သမာဓိ ကကော....(အစိသမာဓိဖြစ်ပါတယ်ဘုရား)။ အဓိသမာဓိ ဖြစ် သွားတော့ အဲဒီကျမှဘဲ ကျုပ်တို့သည် စိတ်ချရတော့တယ်လို့ ဆိုတဲ့ဥစ္စာ မှတ်ထားရမယ်၊(မှန်ပါ)။

ဩော်-ဒါဖြင့် ဒို့-ဆောက်တည်နေတဲ့ သီလ,သမာဓိ,ပညာ၊ ဒို့လုပ်နေတဲ့ ပညာစခန်း၊ ဒို့ဆောက်တည်နေတဲ့ သီလစခန်း၊ ဒို့ ပြုနေတဲ့ ဝိပဿနာ ပညာစခန်း၊ ဒါတွေဟာ မမြဲသေးပါလား၊ (မှန်ပါ)။ ဒုက္ခချုပ်တဲ့နိဗ္ဗာန်မြင်မှ အစိသဒ္ဓါ တပ်ပြီးသကာလ ဘုရားက ဟောသော့ကြောင့် အဲဒီကျမှ မြဲမယ်ဆိုတာကို ယနေ့ ဆုံးဖြတ်ချက်ချထားပါနော် (မှန်ပါ)။

မဂ္ဂင်ရှစ်ပါးသည် ဘယ်အခါကာလမှ အဓိသဒ္ဒါနဲ့ တွဲပြီး သကာလ ပေါ်ပေါက်မှာလဲဆိုရင်ကောရိပ်မိကြပြီလား(မှန်ပါ) ဘယ်အခါကြမှ...(ဒုက္ခချုပ်မှပါဘုရား)။ အဲ-ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို အာရုံပြုတော့မှဘဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မြဲမယ်နော်....(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်အာရုံပြုမှဘဲ မဂ္ဂင်ရှစ်ပါးကလဲ ခိုင်မြဲတော့တယ်ဆိုတာ ဒကာသစ်တို့ သိထားပါနော်....(မှန်ပါ)။ ထိုကဲ့သို့ သိတားတဲ့အခါကြလို့ရှိရင်ဖြင့် ဒီအလုပ် သိသည်နှင့် တပြိုင်နက်၊ ခင်ဗျားတို့ စိတ်ချကြတော့၊(မှန်ပါ)။ ဘာ-စိတ်ချရမှတုန်း(အပါယ်လေးပါးနဲ့ ဆက်သွယ်ရေးပါဘုရား)။ အနူ့အရွဲ့ အမွဲ့ဘာဝတွေလဲ လုံးဝအဆက်အသွယ်မရှိ၊ ချမ်းသာဟူသရွေ့ အထက်သာ တက်သွားတယ်ဆိုတဲ့ဥစ္စာ "သမ္မောဓိပရာယနော" ဆိုတဲ့ ဒါ-အထက်မဂ်ကိုသာ ဘူတက်တော့မှာ၊ အောက် ပြန်ဆင်းသေးသလား?(မဆင်းပါ ဘုရား)။

မဆင်းတော့ ဦးဘကြည့် မြဲမသွားဘူးလား? (မြဲပါတယ်ဘုရား)။ ဒါဖြင့် သူ-မြဲစေချင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဘာနဲ့ လုပ်မှမြဲမယ်ဆိုတာကော ယနေ့သတိထားရလိမ့်မယ်နော် (မှန်ပါ)။ သတိထားတဲ့အခါကြတော့ အဖြစ်အပျက် ခန္ဓာကိုယ်ထဲမှာရှိတယ်၊ မနေ့ကပြောခဲ့တယ်၊ (မှန်ပါ)။ အဲဒီလို အဖြစ်အပျက်ကို မြင်၊ အဲဒီအဖြစ်အပျက်ကို ရှုရင်းမဂ္ဂ မှန်း၊ အဲဒီ အဖြစ်အပျက်ကို ဒုက္ခသစ္စာလို့ သိပြီးသကာလ ဟင်-ဒုက္ခသစ္စာ ဘဲလို့ ပိုင်းခြားပြီး ဉာဏ်နဲ့ ဆုံးအောင်လုပ်လိုက်(မှန်ပါ)။

လုပ်လိုက်လို့ရှိရင်ဖြင့် ဒီ-မဂ္ဂင်ရှစ်ပါးသည် အဓိသီလဖြစ်ပြီး အဓိစိတ္တကော....(ဖြစ်ပါတယ်ဘုရား)။ အဓိပညာကော....(ဖြစ်ပါတယ်ဘုရား)။ ဩော်-ဒါဖြင့် အလုပ်စဉ်နဲ့တက်မှ မြဲမှာကို ဆိုတာ ဦးခင်မောင်တို့မှတ်ရလိမ့်မယ်၊(တင်ပါ)။ ဘာနဲ့တက်မှ မြဲကြမယ်၊(မဂ္ဂင်နဲ့တက်မှ မြဲကြမယ်ဘုရား)။

အဲ-ကျုပ်တို့ သီလမြဲပါရဲ့လို့ ယခုအခါမှာ ကြွားလုံးမထုတ်လိုက်ပါနဲ့၊ ဒီဥစ္စာက ကိုထွန်းဦးတို့ မဆောက်တည်ဘဲနဲ့ မြဲတဲ့ သီလနော်....(မှန်ပါ)။ ဟိုဟာက ဆောက်တည်နိုင်မှ မြဲတယ်၊ မြဲတာတောင်အစဉ်မဟုတ်သေးဘူး၊ဒကာသိုက်ရေ့ဆောက်တည်တောင်မှ အကြောင်းမညီညွတ်ရင် ပျက်သေးတယ်ဆိုတာ ဒကာ ဒကာမတွေ ရိပ်မိကြပြီလား?(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒီမှာစိတ်မချရတဲ့ သီလ၊ စိတ်မချရတဲ့ ဝိပဿနာ၊ စိတ်မချရတဲ့ သမာဓိ၊ ဒင်း-နေရာမကျသေးပါဘူး၊ စိတ်ချရအောင် လုပ်ထားပါမယ်ဆိုတာ ဦးပင်းတို့ ပြောင်းရလိမ့်မယ်၊ မပြောင်းသင့်ဘူးလား?(ပြောင်းသင့်ပါတယ်ဘုရား)။

ဒါဖြင့် ရှေးကတော့ ခင်ဗျားတို့ အားကိုးကြတယ်၊ ကျုပ်တို့ တလလေးသိတင်း ဥပုသ်ဟာ မပျက်ပါဘူး၊ထိုက်တန်တဲ့သမာဓိ အလုပ်ကလေးတွေ လုပ်ပါတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုတဲ့ ဝိပဿနာလေးလဲ နှလုံးသွင်းပါရဲ့၊ ကျုပ်တို့ကတော့ သေပင် သေပြားသော်လဲဘာမှကိစ္စမရှိပါဘူး၊ဒါတွေအားကိုးအားထားရှိသားဘဲ၊ သူက-မြဲတဲ့ သဘောလား, မမြဲတဲ့ သဘောလား?၊ (မမြဲတဲ့သဘောပါဘုရား)။ မမြဲတဲ့သဘောရှိနေတော့ မမြဲတာ

အားကိုးလို့ရှိရင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့ ဒုက္ခရောက်မယ်၊ သဘောကျပြီလား? (ကျပါပြီဘုရား)။ မမြဲတာ အားကိုးရင် ဘာ့ဖြစ်မယ်၊(ဒုက္ခရောက်မယ်ဘုရား)။

အဲဒီတော့ ယနေ့-တရားကို ဒကာ-ဒကာမတွေ နာရတော့ ခြောက်-ဒွိမှာ သီလလေးတွေလဲ ထိုက်တန်သလောက် အားကိုး အားထားရှိကြ၊ သမာဓိ အာနာပါန တွေလဲ ဒွိ-ထိုက်တန် သလောက် လုပ်ကြ၊ မဂ္ဂရဏာနုဿတိ ဆိုတဲ့ သမထတွေလဲ ဒွိ လုပ်ကြ၊ အနိစ္စ,ဒုက္ခ,အနတ္တလဲ ဒွိ-ထိုက်တန်သလောက် ပုတီး စိပ်ကြ၊စိပ်ကြပင် စိတ်ကြငြားသော်လည်း ဒွိတော့ ဒါ-အားကိုး လောက်ပြီ လို့ တထစ်ချ ဆုံး ဖြတ် ချက် 'မချလိုက်'ပါနဲ့လို့ ဦးဘကြည်တို့ကို ဘုန်းကြီးက မေတ္တာရပ်တယ်၊(မှန်ပါ)။

ဘာကြောင့်လဲ အမိသဒ္ဒါ ပါသလား? (မပါပါဘုရား)။ အမိ ဖြစ်ပြီလား? ( မဖြစ်သေးပါ ဘုရား )။ မဖြစ်သေးတော့ ယိမ်းတယ်, ယိုင်တယ်၊ ပျက်တယ်, ပျောက်တယ်ဆိုတဲ့ သီလ, သမာဓိ,ပညာ,ဖြစ်လိမ့်မယ်၊သဘောကျပြီလား?(မှန်ပါ)။ယိမ်း တယ်,ယိုင်တယ်,ပျောက်တယ်,ပျက်တယ်ဆိုတော့ သီလ,သမာဓိ ပညာ,မဖြစ်ပေဘူးလား?(ဖြစ်ပါတယ်ဘုရား)။ ဖြစ်တော့ ကျုပ် တို့သည် ယိမ်းတာ,ယိုင်းတာ,ပျောက်တာ,ပျက်တာကို အားကိုး လို့ရှိရင် ကျုပ်တို့ ဒုက္ခရောက်မယ်၊(မှန်ပါ)။

မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ သီလလဲမြဲ,သမာဓိလဲမြဲ ပညာလဲမြဲဆိုတာကတော့ဖြင့် ဒုက္ခအဆုံးမြင်မှ ခုနက "အမိပတေ ယျဌော" ဆိုတာက ဦးဘကြည်,ဖြစ်လာတယ်၊ (မှန်ပါ)။ ဒုက္ခ အဆုံးမမြင်သေးရင် "အမိပတေယျဌော" ဆိုတာ ဦးဘဒင်,မဖြစ်

သေးဘူး၊(မှန်ပါ)။ မဖြစ်သေးတော့ ယိမ်းတယ်, ယိုင်တယ်, ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ရိပ်မိကြပြီလား?(မှန်ပါ)။

ဒါဖြင့် ဒါ-အားကိုးထိုက်သလား, အားမကိုးထိုက်ဘူးလား၊ (အားမကိုးထိုက်သေးပါဘုရား)။အင်း-အားမကိုးထိုက်သေးဘူး ယိမ်းတယ်,ယိုင်တယ်,ရွံ့တယ်,စောင်းတယ်ဆိုတဲ့ တရားအားကိုးရင် ခင်ဗျားတို့ ငါးပါးမှောက်မယ်၊သဘောကျပြီလား(မှန်ပါ) ဒါဖြင့်-အခုဆောက်တည်နေတဲ့ သီလတွေ အားမကိုးထိုက်သေးဘူး၊ (မှန်ပါ)။ အားထုတ်နေတဲ့ သမထ, ဟာလဲ အားမကိုး ထိုက်သေးပါ၊ ဘယ်ကြမှ အားကိုးထိုက် ဖြစ်မတုန်း ....(အဓိ သီလ,အဓိစိတ္တ,အဓိပညာဖြစ်မှပါ ဘုရား)။ ဒုက္ခအဆုံး နိဗ္ဗာန် မြင်တော့မှဘဲ၊ဒါတွေက မယိမ်းမယိုင်တဲ့သဘော ဖြစ်လာတယ်၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပယိမ်းမယိုင်တဲ့သဘောဖြစ်မှသာလျှင် ကျုပ်တို့သည် ဒုက္ခခပ်သိမ်း ငြိမ်းမယ်မဟုတ်လား?(မှန်ပါ)။ ဒါဖြင့်-ဦးဝင်းရေ ကျုပ်တို့ဘာလုပ်ထားဘို့အရေးကြီးပါလိမ့်မယ်ဗျာ(ဒုက္ခခပ်သိမ်း ငြိမ်းဘို့ အရေးကြီးပါတယ်ဘုရား)။ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီ အာရုံပြုနိုင်တဲ့ သီလ, သမာဓိ, ပညာဖြစ်ဘို့ အရေးကြီးတယ်၊ (မှန်လှပါ)။ ဦးဘကြည်, ဘာအရေးကြီးလဲ? (သီလ, သမာဓိ, ပညာဖြစ်ဘို့ အရေးကြီးပါတယ်ဘုရား)။

အင်း-ဒုက္ခချုပ်ရာ မြင်နိုင်တဲ့ သီလ၊ ဒုက္ခချုပ်ရာမြင်နိုင်တဲ့ သမာဓိ၊ ဒုက္ခချုပ်ရာမြင်နိုင်တဲ့ ပညာတွေ ဖြစ်လာမှဘဲ စိတ်ချ လက်ချနေကြပါ၊(မှန်ပါ)။

ဒါဖြင့် အခုဆောက်တည်ထားတဲ့ သီလ၊ အခု အားထုတ်ထားတဲ့ သမထ၊ အခုကြိုးစားထားတဲ့ဝိပဿနာလောက်လေးနဲ့ သေပျော်ပေါ့၊ နေပျော်ပေါ့လို့ ဘုန်းကြီးက ဒကာ-ဒကာမတွေကို ဘဝင်မမြင့်ပါနဲ့လို့ ပြောလိုက်တယ်၊ ကျေနပ်ပြီလား?၊ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါ အားကိုးရင် ဘာဖြစ်မတုန်းလို့ မေးလို့ရှိရင် ဒါက "အထိမခံ-ရွှေဘုဂံ" ဖြစ်နေတယ်၊(မှန်လှပါ)။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကို ဦးဘကြည့်ဖြစ်ပြီလား?(မဖြစ်သေးပါဘုရား)။ အခုလုပ်နေကဲ့အလုပ် ဒကာ့ဒကာမတွေ သာမည လုပ်နေတဲ့အလုပ်ပေါ့ဗျာ၊(မှန်ပါ)။

အဲ—ဒုက္ခအဆုံးမြင်လို့ရှိရင်ဖြင့် ဘုန်းကြီးက ကိုင်း-ခင်ဗျားတို့အတွက် စိတ်ချရပြီလို့ပြောလိုက်ပါတယ်၊(မှန်ပါ)။ ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်မုန်းတယ်၊ ဖြစ်ပျက်အဆုံးကိုဘဲ မြင်ပါပေါ့ဘုရားဆိုလို့ရှိရင်ဖြင့် အော်-မင်းတို့သီလဟာ အခုလဲမဆောက်တည်ဘဲနဲ့ ပြည့်စုံတဲ့သီလတွေ မင်းတို့ သေသည်၏အခြားမဲ့၌လဲ ဒီသီလဟာ နတ်ပြည်ရောက်လဲ မပျက်တော့ဘူး၊ ဗြဟ္မာပြည်ရောက်ကော....(မပျက်တော့ပါဘုရား)။

အော်-ဒါဖြင့် သမာဓိကော....(မပျက်တော့ပါ ဘုရား)။ ဒကာ-ဒကာမတွေ ပညာကော(မပျက်တော့ပါဘုရား)။ မပျက်တော့ဘူး။ အော်-မပျက်တာဖြင့် အားကိုးတော့....(မှန်ပါ)။ ပျက်တာဖြင့် အားမကိုးနဲ့၊ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ဦးဘကြည်တို့အားကိုးမှားမှာလဲစိုးရတယ်နော်(မှန်ပါ)

သို့သော်-အခု ဘုန်းကြီးဖေါ်ပြပြောလို့ သာ ဦးခင်မောင်တို့ ဦးဘဒင်တို့ တချို့ ဒါလောက်ကျေနပ်နေတယ်၊ မကျေနပ်ကြဘူး လား?(ကျေနပ်ပါတယ်ဘုရား)။ အင်း-ကျုပ်တို့ တလ, လေး သီတင်းဥပုသ်သီလလဲရှိပြီ၊ ထိုက်တန်သလောက်လဲသမထမရဏာ နုဿတိတွေလဲ နေ့တိုင်းလိုလို အောက်မေ့ပါနဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ ကျုပ်တို့ တနေ့ ပုတီးဘယ်နှစ်ပတ်မှန်း မသိဘူး ရလိုက်တာဆိုပြီးသကာလ, ဒကာ-ဒကာမတွေ ကိုယ့်ဟာကိုယ် အားကိုးလုံးလေးမရှိကြဘူးလား? (ရှိကြပါတယ်ဘုရား)။

သို့သော်-သူကခိုင်မြဲသလား, မခိုင်မြဲပါဘူး။ ဘာကြောင့် မခိုင်မြဲသတုံးမေးတော့ နိဗ္ဗာန်ဘဲ့ကိုင်ရာ မရသေးဘူး၊(မှန်ပါ)။ နိဗ္ဗာန်က "အာရမ္မဏ အဓိပတိ" အဖြစ်နဲ့ သူက, ဦးဘကြည်, ကျေးဇူးပြုသလား?(မှန်ပါ)။ မပြုသေးဘူး၊ သာမညလူမှာလေ ဒါကြောင့် နိဗ္ဗာန်က "အာရမ္မဏအဓိပတိ" အဖြစ်နဲ့ ကျေးဇူး မပြုသေးတော့ သူသည် အဓိပတိပစ္စည်းအကျိုးတရားလို့ ဆိုနိုင် မလား?(မဆိုနိုင်ပါဘုရား)။

ကနည်း—ဒီထဲမှာပါတဲ့ ဆန္ဒ-ဝီရိယ-ပညာတို့ကလည်း သူတို့ အချင်းချင်း ကြီးစိုးပြီးလားလို့မေးလို့ရှိရင်လဲ "သဟဇာတ အဓိ ပတိ" အဖြစ်နဲ့ မကြီးစိုးသေးဘူး၊ ရှင်းပြီလား (ရှင်းပါပြီဘုရား) ဒါဖြင့် "အာရမ္မဏအဓိပတိ" အဖြစ်နဲ့ အာရုံကလည်း မကြီးစိုး သေးသောကြောင့် မပြုဘူး၊ သဟဇာတအဓိပတိအနေနဲ့ ဒီထဲ ပါတဲ့ ဆန္ဒ-ဝီရိယ ပညာတို့ကလည်း ဒကာ,ဒကာမတွေ မကြီးစိုး သေးလို့ မပြုသေးဘူး၊(မှန်ပါ)၊

ဒါလေးက သဘောနှစ်ခုကို ပြောလိုက်တာ....(မှန်လှပါ)။ အာရုံနဲ့ သဟဇာတ၊ ဒီကအာရုံအဖြစ်နှင့် ကြီးစိုးပြန်တော့ စိတ်ချတော့ ဒီထဲမှာပါတဲ့ ဆန္ဒဝိရိယတွေကလည်း အဓိပတိဆိုက်ရင်လည်း စိတ်ချတော့လို့ ဒကာဒကာမတွေသတိပေးလိုက်တယ် နော်....(မှန်ပါ)။

ကောင်းပြီ, ဒါဖြင့် ဒကာ-ဒကာမတွေကို ဘုန်းကြီးက ဒီနေ့ ကယ်တင်တာက, ခြေ-ခင်ဗျားတို့ပျက်တတ်တယ်,မှိုတတ်တယ် ပျောက်တတ်တာချည်း အားကိုးနေလို့ရှိရင်ဖြင့် ခင်ဗျားတို့ အားကိုးလွဲပြီး ဒုက္ခရောက်မှာစိုးရတယ်၊ (မှန်ပါ)။ မပျောက် မပျက်တာ အားကိုးထိုက်တယ် ဆိုတော့ ခြေ-တော်တော် အရေးကြီးပါလား?(မှန်ပါ)။ ပေါ်လာကြပြီလား? (ပေါ်လာပါပြီဘုရား)။

နို့မို့လို့ရှိရင် ခင်ဗျားတို့ မြို့သုံးရွာသုံးနဲ့ဆိုရင် ဒါ-အတော် ခက်နေတယ်၊မခက်ဘူးလား?(ခက်ပါတယ်ဘုရား)။ မြို့သုံး ရွာသုံးက အို-ကျုပ်တို့ ထိုက်တန်တဲ့ သီလ၊ ထိုက်တန်တဲ့ သမာဓိ၊ ထိုက်တန်တဲ့ပညာတွေ ကျုပ်တို့တော့ စုံသို့ပုံလို့ ကျုပ်တို့တော့ သေပျော်ပေါ့၊ နေပျော်ပေါ့ ဆိုပြီးသကာလ, အဓိပတိတလုံးမှ မပါဘဲနှင့် ဦးဘကြည်, သူတို့အားကိုးနေလို့ရှိရင် ဘယ့်နှယ် ဆိုကြမလဲ?(စိတ်မချရပါဘုရား) စိတ်မချရဘူး၊ပျက်စီးနိုင်တယ် (မှန်လှပါ)။

သူတို့ အဓိပတိဆိုက်ပြီလား?(မဆိုက်သေးပါဘုရား)။ဒီဟာ ထွေနှင့်လည်း အဓိပတိမဆိုက်ဘဲနှင့် သူတို့ကျေးဇူးမပြုသေးဘူး၊ ဒီထဲပါတဲ့ ဆန္ဒ ဝိရိယ ပညာတို့ကလည်း အဓိပတိ ဆိုက်ပြီလား၊

(မဆိုက်သေးပါဘုရား)။ မဆိုက်သေးလို့ရှိရင်လဲ အဓိ ဆိုတာ လာနိုင်သလား?(မလာနိုင်ပါဘုရား)။ မလာနိုင်သေးလို့ရှိရင် မခိုင်သေးဘူး၊မမြဲသေးဘူးဆိုတာ တခါတည်းမှတ်၊ (မှန်ပါ)။

ဘုရားလက်ထက်က ဒေဝဒတ်ကြီးဟာ အဓိမတတ်သေးတဲ့ သမာဓိ ကောင်းကင်ပြန် မြေလျှိုးနိုင်တဲ့ ဒေဝဒတ်....(မှန်ပါ)။ သဘောကျပြီလား?(သဘောကျပါပြီဘုရား)။ ကောင်းကင်ပျံ မြေလျှိုးနိုင်ပြီး ယခု-အဝီစိမှာနေရတယ်၊အဓိ မပါလို့ ယုံကြည်ကြပြီလား?(ယုံကြည်ပါတယ်ဘုရား)။

ကောင်းကင်ပျံ မြေလျှိုးနိုင်တဲ့ ဒေဝဒတ်ရဟန်းဖြစ်တဲ့ ဘဝမှာ တော်တော်ကို တန်ခိုးကြီးပါတယ်၊ (မှန်ပါ)။ ဘယ်သို့ပင် တန်ခိုးကြီးမားသော်လဲ ယခု-ဘယ်ရောက်နေလဲ၊ အဝီစိ ရောက်နေတယ်ဆိုတော့၊ အင်း-ဒီဥစ္စာ ဘယ့်နှယ်ကြောင့်ဘာလိမ့်မတုံး လို့ ကိုထွန်းဦး မေးရင် ဖြေတတ်ပြီလား? (ဖြေတတ်ပါတယ် ဘုရား)။ ဘယ့်နှယ်....(အဓိ မပါလို့ပါဘုရား)။ အဓိ မပါဘူး၊ အဓိပတိစွမ်းရည်သတ္တိ မပါဘူး၊ အဓိပတိ ကြီးစိုးနိုင်တဲ့စွမ်းရည် သတ္တိ မပါ ဘူး၊ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

ဘုရားလက်ထက်က သီလကွေဆောက်တည်ပါလျက်သားနဲ့ အပါယ် ရောက်သွားတာတွေကော မရှိဘူးလား? (ရှိပါတယ် ဘုရား)။ အဲဒီ သီလလဲ အဓိသီလမဟုတ်ဘူး၊(မှန်လှပါ)။ အဓိ ပညာမဟုတ်လို့ ရဟန်းတိဿကြီးတို့ သန်း ဖြစ်ရတာတွေလဲ ဘယ့်နှယ်ဘိုကြမယ်၊(အဓိပညာမဖြစ်လို့ပါ ဘုရား)။အဓိပညာ မဖြစ်ဘူး၊(မှန်ပါ)။

အဲဒီတော့ ဒုက္ခာ၊ဒုက္ခာမတွေကို ဘုန်းကြီးက ရှေးဝဋ္ဋ သက်သေသာဓကတွေထောက်ပြီးသကာလ၊ပြလို့ရှိရင်လဲ ဩဝါဒ်ဆရာဘုန်းကြီးက မခိုင်မြဲတာ အားမကိုးနဲ့၊ ခိုင်မြဲအောင်လုပ်ထားဆိုတာ တိုက်တွန်းချက်ပါကလားလို့ ယနေ့ ပြင်လိုက်ကြပါနော်....(မှန်လှပါ)။

ဒီဘဝစုံတေမနေသေလွန်တဲ့အခါမခိုင်တာအားကိုးလို့ရှိရင် မခိုင်တာတွေကတော့ဖြင့် ကယ်မယ်၊ယူမယ်လို့ ဒကာသိုက်၊ဆိုလို့ရပါ့မလား?(မရပါဘုရား)။ရှင်းပြီလား(ရှင်းပါပြီဘုရား)။ ဒီကြားထဲ အာသန္နကံ တိုးနိုင်တယ်လို့ပြောတာပါဘဲ(မှန်ပါ)။ မထိုးနိုင်ဘူးလား?(ထိုးနိုင်ပါတယ်ဘုရား)။

အဲ့-ဒါဖြင့် ဦးဝင်းရေ့ ဘာ-အားကိုးရမတုန်း (အဓိသီလပါဘုရား)။ အဓိသီလ၊အဓိစိတ္တ၊ အဓိပညာဖြစ်အောင် လုပ်ကြပါလို့ ဒကာ၊ဒကာမတွေကို တိုက်တွန်းတယ်၊(မှန်ပါ)။ ဒါ-ဘာဖြစ်အောင် လုပ်ရမလဲ(အဓိသီလ၊အဓိစိတ္တ၊အဓိပညာပါဘုရား)။ အေး-အဓိသီလ၊အဓိစိတ္တ၊ အဓိပညာဖြစ်အောင် သူ-ဘယ်အချိန်ဖြစ်မှာတုန်းဆိုတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်လဲအချိန် အကုန်ဖြစ်တာ....(မှန်ပါ)။

ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်တဲ့အခါ ဒါ အဓိသီလ၊ ဒါကော.... (အဓိစိတ္တပါ ဘုရား)။ ဒီဘက်ကကော....(အဓိပညာပါဘုရား)။ အဓိပညာဆိုတာ အစိုးရပါပြီ၊ အဲဒီကြတော့မှ ဩဝါဒ်-လက်ခမောင်းခတ်၊ ပြုံးချင်သလိုပြုံး၊ ပျော်ချင်သရွေ့ ပျော်ကြပါ၊ အပါယ်လေးပါး စိတ်ချရလို့နော်....(မှန်ပါ)။ ယခု-ဆောက်တည်ထားတဲ့ သီလလေးလောက် ယခု-ဆောက်တည် ထားတဲ့

အားထုတ်နေတဲ့ သမထ, လေးလောက် ယခုအားထုတ်နေတဲ့ ဝိပဿနာလေးလောက်နဲ့ ဒကာ,ဒကာမတွေက သေပျော်ပြီ,နေပျော်ပြီဆိုတဲ့အလုပ်ဟာဖြင့် ဘဝင်မြင့်တဲ့ အနာကြီးစွဲကပ်မနေပါနဲ့ ဆိုတာ ဦးဝင်းတို့ ပြောရတယ်၊ မပြောထိုက်ဘူးလား? (ပြောထိုက်ပါတယ်ဘုရား)။ ခိုင်မြဲရဲ့လား? (မခိုင်မြဲပါဘုရား) သဘောကျပြီလား? (ကျပါပြီဘုရား)။

ဒါဖြင့် အဓိဟာ ဘယ်လောက်အရေးကြီးသလဲ (ကြီးပါတယ်ဘုရား)။ ကောင်းပြီ, ခင်ဗျားတို့ ဒါကို မရသေးလို့ ရှိရင်ဖြင့် အတော်ဆိုးဝါးပါတယ်။ ဒါကြောင့် ခင်ဗျားတို့ မခိုင်မြဲတာ အားကိုးမှုကြောင့် ခင်ဗျားတို့ ဒုက္ခရောက်ပုံကို ဘုရားက ဟောကြားတယ်၊ (မှန်ပါ)။ မခိုင်မြဲတာ အားကိုးမှု အသာထားလိုက်, ဒါ နောက်မှဘဲ နိဂုံးချုပ်ပါမယ် (မှန်ပါ)။

ဒကာ,ဒကာမတို့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာနော်။ ဒီကြားထဲမှာ ဘာရှိသတုံးဆိုလို့ ရှိရင်ဖြင့် ဩော်-ဒါက ကမ်းနားသစ်ပင်တွေလို့ မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ)။ ဒီကြားထဲမှာ ချောင်းရှိတယ်လို့ မှတ်ထားလိုက်စမ်းပါ၊ (မှန်ပါ)။ ဒီကြားထဲ ဘာရှိတုန်း (ချောင်းရှိပါတယ်ဘုရား)။

အဲဒီတော့ ဒကာ,ဒကာမတွေ ကမ်းနားသစ်ပင်ဆိုတာ ရေစားသွားလို့ အမြစ်ဟာ ဘယ်အခါ ကာလမှ ခိုင်ခိုင်မြဲမြဲမရှိဘူး၊ (မှန်ပါ)။ ကမ်းနားသစ်ပင်ဟူသရွေ့ဟာ ဦးဘကြည်, ခိုင်မြဲရဲ့လား? (မခိုင်မြဲပါဘုရား)။ ဩော်-မခိုင်မြဲဘူး၊ မခိုင်တာ မမြဲတာ

သူတို့သည်ကားလို့ ဆိုလို့ရှိရင် အရွက်တွေ အကိုင်းတွေဟာ ကုန်းပေါ်မှာ ကိုင်းလျက်ရှိသလား၊ ရေဘက်မှာ အဖျားကလေး ခပ်ကျကျ နေသလား? (ရေဘက်မှာ ကျနေပါတယ် ဘုရား)။ ကမ်းနားသစ်ပင်ဟာ ရေထဲမှာဘဲ အဖျားကလေး ကျနေတယ်၊ (မှန်ပါ)။

ဒါဖြင့် ရေဘက်မှာဘဲ ကိုင်းကြတာပေါ့ဗျာ....(တင်ပါ)။ ရေဘက်မှာကိုင်းကြတယ်။ ကောင်းပြီ့မြေနဲ့တော့ တွယ်နေကြတာဘဲ၊ တွယ်ပင်တွယ်ငြားသော်လဲ ရေကစားထားတာ အမြစ်က မခိုင့် ယိုင်တော့ မြစ်ထဲယိုင်တယ်၊ (မှန်ပါ)။ ဦးဘကြည့် ဒီပြင်နေရာ ယိုင်သေးသလား? (မယိုင်ပါဘုရား)။ မြစ်ထဲဘဲ ကိုင်းကြ ရှိုင်းကြရတယ်ဆိုတာ ဒကာ့ဒကာမတွေ သဘောကျပြီလား?(ကျပါပြီဘုရား)။ဒီ-ကမ်းနားသစ်ပင်တွေဟာ ဘယ်ကို ကိုင်းကြပါလိမ့်၊(မြစ်ထဲပါဘုရား)။ အင်း-အမြစ်ကလဲ ရေစားထားလို့ ခိုင်ခိုင်မြဲမြဲရှိနိုင်ပါ့မလား? (မရှိပါဘုရား)။ အဲဒီမှာ ခင်ဗျားတို့သည် ဘာနဲ့တူပါသတုန်းလို့ မေးတဲ့အခါကြတော့ ခင်ဗျားတို့က သံသရာခရီးသည် ရေမျောလာတာနဲ့တူတယ်လို့ ဘုရားက ဥပမာပြလိုက်တယ်၊(မှန်ပါ)။

ကောင်းပြီ့ သံသရာခရီးသည်မှာ ရေကလဲမျောလာတာ အတော်ကြာခဲ့ပြီ၊(မှန်ပါ)သံသရာခရီးမှာ တဏှာမျှောတိုင်း မျှောလာကြတာကိုးဗျ(မှန်လှပါ)။ တဏှာကတောင်းတယ်၊တဏှာက နတ်ပြည်တောင်းလိုက်တော့ နတ်ပြည်မျောလာတာဘဲ(မှန်ပါ) အင်း-တဏှာနဲ့ပတ်သက်ပြီး အကုသိုလ်လုပ်ပေးလိုက်ပြန်တော့ ကော အပါယ်မျော....(အပါယ်မျောပါဘုရား)။

ဒါဖြင့် အပါယ်ထဲ ရောက်သွားတော့ကို တဏှာရေယာဉ်ကြောထဲမှာ သံသရာခရီးသည်ဆိုတဲ့ ဒကာ, ဒကာမတွေ မပြောရဘူးလား, ပြောရမလား? (ပြောရမယ်ဘုရား)။ ဒါ·သံသရာရေယာဉ်ကြီးလို့မှတ်လိုက်ကြပါ၊သဘောကျပြီလား?(ကျပါပြီဘုရား)။ ခင်ဗျားတို့ ဆုတောင်းက ပြောချင်လို့ကိုတောင်းတဲ့ဆု....(တင်ပါ)၊ ဒီဘဝ,ဟိုဘဝပြောရပါလို၏ ဦးဘအုံး, ဒီလိုဖြစ်နေတယ်၊(မှန်ပါ)။ ဆုတောင်းကဘာတုန်း (ပြောချင်လို့တောင်းတာပါဘုရား)။

ပြောချင်လို့တောင်းတာ ဒကာ-ဒကာမတွေ ဟိုဘဝ,ဒီဘဝဆိုတာက, တဏှာပို့မှရောက်မှာဘဲ၊(မှန်ပါ)။ တဏှာရေယာဉ်ကြော ပြောမှဘဲ ရောက်မှာဘဲဆိုတာလဲ သိထားတဲ့အခါကြတော့ ခင်ဗျားတို့သည် ဟိုဘဝ,ဒီဘဝကို ကူးရတာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တဏှာရေထဲ ပြောပြီးသကာလ, လာကြတဲ့ပုဂ္ဂိုလ်ချည်းဘဲလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ)။ ဆန္ဒ မရှိဘဲနဲ့ဦးဘကြည်, တဘဝနှင့်တဘဝ, တဏှာရေက ပြောမပေးရင်တဘဝနှင့်တဘဝရောက်နိုင်ပါ့မလား(မရောက်နိုင်ပါဘုရား)။

အဲဒီတော့ သံ သ ရာ ခ ရီး သည် ဟူသရွေ့သည် တဏှာရေထဲမှာ တဏှာပြောသလို ပြောရတဲ့အဓိပ္ပါယ် မရောက်ဘူးလား?(ရောက်ပါတယ်ဘုရား)။ ရှင်းကြပြီလား? (ရှင်းပါပြီဘုရား)။ ခင်ဗျားတို့ ဘယ်ကမျှား, ပြောလာပါလိမ့်သတုန်းလို့ သံသယ,မရှိပါနဲ့၊ တပည့်တော်တို့ ဆုတောင်းအတိုင်း တပည့်တော်တို့ တဏှာရေပြောသလို ပြောရလို့ လူပြည်ရောက်နေတယ်လို့ မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ, လူပြည်ရောက်နေတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ မျှောလာတာတော့ဖြင့် သေချာပေါ့။ လူပြည်ကြတော့ ဘာရပြန်တုန်းဆိုတော့ ခန္ဓာငါးပါးရတယ်(မှန်ပါ)။ လူပြည်ကြတော့ ဘာရဘုန်း (ခန္ဓာငါးပါး ရပါတယ် ဘုရား)။ ခန္ဓာငါးပါးရတော့ ကမ်းနားသစ်ပင်....(မှန်ပါ)။

ဒကာဒကာမတွေ ခန္ဓာငါးပါးကတော့ဘာပါလိမ့်(ကမ်းနားသစ်ပင်ပါဘုရား)။ သြော်-အခု တရားနာနေကြတာ ဒကာ, ဒကာမတွေ ခန္ဓာဘယ်နှစ်ပါးနဲ့ နာနေကြသလဲ?(ခန္ဓာငါးပါးနဲ့ပါ ဘုရား)။ ဒါကလဲ ခု-အသေအချာပြတော့မှ ဘာတဲ့တုန်း (ကမ်းနားသစ်ပင်ပါ ဘုရား)။ ကမ်းနားသစ်ပင်....။

အဲဒီတော့ မျှောလာတဲ့ ပုဂ္ဂိုလ်က ကိုယ်ခန္ဓာ ငါးပါးကို ရူပက္ခန္ဓာကြီး ကြည့်လိုက်ပြန်တော့လဲ ရူပက္ခန္ဓာကို အားကိုး....၊ (မှန်ပါ)။ အဲဒီတော့ မျှောလာတဲ့ပုဂ္ဂိုလ်က အားကိုးရှာပေလိမ့်မယ်။ဦးဘကြည့်,မရှာပေဘူးလား? (ရှာပါတယ်ဘုရား)။

ဒကာ,ဒကာမတွေ မျှောလာတဲ့ပုဂ္ဂိုလ်က, ဘာရှာမယ်....၊ (အားကိုးရာ ရှာမယ်ဘုရား)။ အားကိုးရာ ရှာလိမ့်မယ်။ ရှာတဲ့အခါကြတော့ ဖျတ်ဆိုရူပက္ခန္ဓာတည်းဟူသော ကမ်းနားသစ်ပင် ဆွဲလိုက်တယ်၊(မှန်ပါ)။ သံသရာခရီးသည်က မဆွဲလိုက်ပေဘူးလား?(ဆွဲလိုက်ပါတယ်ဘုရား)။ ငါ့ကိုယ်,ငါ့ရုပ်ဆိုပြီး ဆွဲလိုက်တဲ့ အခါကြတော့ ကမ်းနားသစ်ပင်ကိုဗျ....(မှန်ပါ)။

အဲ—ကမ်းနားသစ်ပင် ပြုတ်ကြတာဘဲ၊ (မှန်ပါ)။ ဆွဲလိုက်တော့ သူကလဲ နဂိုရ်က အမြစ်ကမခိုင်....(မှန်ပါ)။ဆွဲတဲ့ပုဂ္ဂိုလ်

ကလဲ တအားကုန် အပေါ်တက်ချင်လို့(မှန်ပါ)။ ဆွဲတဲ့ပုဂ္ဂိုလ်က ဘယ်လိုဆွဲပါလိမ့်၊(တအားဆွဲပါတယ်ဘုရား)။ တအားဆွဲလိုက်တော့ ဦးလှတို့ အမြစ်ကလဲ မရှိပြန်၊ ရေစားနေလို့ ရေဘက်ကိုင်းနေလို့ သာ သူ-ဆွဲလိုက်နိုင်တာ။

သူကတော့ဖြင့် သံသရာရေထဲ မျောလာရတဲ့အတွက် အားကိုး အားထားလုပ်ပြီး တအားဆွဲလိုက်တဲ့အခါကြတော့ အမြစ်မရှိတဲ့ သစ်ပင်ကို ဒကာ ဒကာမတွေ သစ်ပင်ရော ဒီကမြေဆိုင်ရော ဦးဘကြည်ဆွဲတဲ့ပုဂ္ဂိုလ်အပေါ် မကျဘူးလား? (ကျပါတယ်ဘုရား)။ ကျတယ်၊ နဂိုရ်ကတော့ သံသရာ ရေရှည်မျောလာ....(မှန်ပါ)။

အခု-မိမိခန္ဓာတည်းဟူသော ရုပ်ကန္ဓာကို အားကိုးအားထားလုပ်ပြီးသကာလ ဆွဲလိုက်တဲ့အခါ သူက-အနိစ္စခန္ဓာဖြစ်နေတော့ ပြုတ်ကျတဲ့သဘောကို ဘုရားဟောတယ်၊ (မှန်ပါ)။ ပြုတ်ကျတော့ အလိုလို ပြုတ်ကျတာလား၊ အားကိုးပြီးဆွဲလို့ ပြုတ်ကျတာလား?(အားကိုးပြီးဆွဲလို့ ပြုတ်ကျတာပါဘုရား)။ ဩော်-ဘယ်သူ့ အပေါ် ပြုတ်သတုံး(ဆွဲတဲ့ပုဂ္ဂိုလ်ပေါ် ပြုတ်ကျပါတယ်ဘုရား)။ သဘောကျပြီလား?(မှန်ပါ)။

ဒါဖြင့်-ခင်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ ပြုတ်ကျတယ်၊ (မှန်ပါ)၊ ပြုတ်ကျတဲ့အခါကြတော့ နဂိုရ်ကအမျောသမား၊ (မှန်ပါ)။ ဒီသစ်ပင်ကြီး တပင်လုံး ပိပြီးသကာလ မျက်လုံးတဲ့ ပါးစပ်ထဲမှာ သူ့မြေဆိုင်တွေကလဲ ဝင်ပြီး သစ်ပင်က ပိထိုတော့ မြုပ်ဘို့ဘဲ သဘောကျပြီလား?(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ နဂိုရ်ကာ မျှော်သမားနော် (မှန်ပါ)။ ဟို ဘဝက မြော်လာတာ....(မှန်ပါ)။ ဒီဘဝကြတော့ ကမ်းနား သစ်ပင်နဲ့တူတဲ့ မိမိခန္ဓာကြီးအား ရူပက္ခန္ဓာကြီး အားကိုးလိုက် တော့ ရူပက္ခန္ဓာက အနိစ္စကမ်းနားသစ်ပင်....(မှန်ပါ)။ကမ်းနား သစ်ပင်က အဆွဲခံနိုင်ပါ့မလား? (မခံနိုင်ပါဘုရား)။ တဏှာ ဥပါဒါန်တို့၏ အဆွဲကိုခံနိုင်ပါ့မလား? (မခံနိုင်ပါဘုရား)။ မခံ နိုင်တော့ ဆွဲတဲ့ပုဂ္ဂိုလ်အပေါ် မှာဘဲ မြေဆိုင်နှင့်တကွ ပြုတ်မကျ ပေဘူးလား? (ကျပါတယ်ဘုရား)။

ပြုတ်ကျတော့ နဂိုရ်ကလဲ သူက-ဆောက်တည်ရာ မရဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်....(မှန်ပါ)။ မျှော်တာကလဲ ရှည်တော့ လက်ပန်း ခြေပန်းကလဲ ကျ၊(မှန်ပါ)။ အားကိုးရမလားလို့ ဆွဲလိုက်ပြန် တော့ ကမ်းနားသစ်ပင် ဆွဲမိရက်ကြုံလို့မို့ အမျှော်က မော လာတာက တမျိုး၊ အပေါ်ကဖိလို့ မြုပ်ရမှာက တမျိုးဖြစ်လေ သောကြောင့် ခင်ဗျားတို့သည် မျှော်သမားလဲ ဟုတ်၏၊ မြုပ် သမားလဲဟုတ်၏၊(မှန်ပါဘုရား)။ ဒီခန္ဓာ အားကိုးမှားတာ.... (မှန်ပါ)။

အင်း-ဒါဖြင့် ဒကာ, ဒကာမတို့ ရူပက္ခန္ဓာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အားမကိုးနဲ့ဟေ့လို့ပြောတာ(မှန်ပါ) အနိစ္စတရားပြုတ်ကျမယ်ဆိုလို့ ရူပက္ခန္ဓာအားအထင်အရှားနော် (မှန်ပါ)။ မိမိ-ရူပက္ခန္ဓာကို မိမိက-ကျန်းကျန်းမာမာ လေးလုံး ခြောက်ဘက်ဘဲ၊ ကိုယ့်ကိုပင် ကိုယ်ဿယ်နိုင်တယ်၊ ပိုးနိုင်တယ်၊ ပြောနိုင်တယ်,စားနိုင်တယ်,သွားနိုင်တယ်,လာနိုင်တယ်လို့အား ကိုးလိုက်လို့ရှိရင်,အင်း-တော်တော်ကြာတော့ အနိစ္စရောက်အုံး မှာဘဲ(မှန်ပါ)မရောက်ဘဲနေမှာလား(ရောက်အုံးမှာပါဘုရား)။

ရောက်တဲ့အခါကြတော့ အားကိုးလုံး လွဲပေါ့လို့ ဆိုတဲ့ မျက်ရည်ကြီးငယ်တွေ မကျရပေဘူးလား(ကျရပါတယ်ဘုရား)၊ ကျရတဲ့အခါကြတော့ နဂိုရ်က မျောသမားမှာ ဒီ-ကမ်းနား သစ်ပင်နှင့်တူတဲ့ခန္ဓာကနှိပ်စက်ပြန်တာနဲ့ဘဲ ခန္ဓာဖိပြီးသကာလ ခင်ဗျားတို့သည် မြုပ်သမား, သွားဖြစ်တယ်၊ (မှန်ပါ)။ ပဌမ လာတုန်းက ဘာတုန်း(မျောသမားပါဘုရား)။နောက်ကြတော့ ကမ်းနားသစ်ပင်နှင့်တူတဲ့ ခန္ဓာအားကိုးလိုက်ပြန်တော့ အနိစ္စ အားကိုးတော့ အနိစ္စဆိုတာ မမြဲတာ....(မှန်ပါ )။

မမြဲတော့ ပြုတ်မကျပေဘူးလား?(ပြုတ်ကျပါတယ်ဘုရား)။ ပြုတ်ကြတဲ့အခါကြတော့ ဆွဲတဲ့ပုဂ္ဂိုလ်အပေါ်မှာ ပြုတ်ရမှာဘဲ၊ တခြားနေရာတော့ မပြုတ်ဘူး၊(မှန်ပါ)။တကျော ဥပါဒါန်နဲ့အား ကိုးရမလားလို့ ဆွဲတဲ့ပုဂ္ဂိုလ် အပေါ်မှာ မပြုတ်ပေဘူးလား၊ ပြုတ်တဲ့အခါကြဘော့ ထိုပုဂ္ဂိုလ်အတွက် ရေထဲမှာ ထောက်ရာ တည်ရာ အားကိုးရာရှိပါရဲ့လား? (မရှိပါဘုရား)။ မရှိတော့ အပေါ်က ကြီးလှစွာသော သစ်ပင်, အမြစ်မရှိတဲ့ သစ်ပင်, အဲ ဒါတွေက ဖိပြီးသကာလ, လာပြန်တော့ ဒကာ, ဒကာမတွေ အမျောသမားမှ အမြုပ်သမား ဖြစ်ရပြန်တယ်၊ ရှင်းပြီလား?၊ (ရှင်းပါပြီဘုရား)။ ဘယ်လိုနေခဲ့ကြရ(အမျောသမားမှ အမြုပ် သမားအဖြစ် နေကြရပါတယ်ဘုရား)။

ဩ်·ဒိုလာတာက အမျောသမား, ဒီဘဝကြမှ မိမိခန္ဓာကို အားကိုးလိုက်တဲ့အခါ အနိစ္စခန္ဓာက မမြဲတော့ အားကိုးတဲ့ ပုဂ္ဂိုလ်မှာဘဲ အပိမ်ခံရတယ်၊ အပိမ်ခံရတယ်ဆိုတာ ဒကာ,ဒကာမ တွေ့မထင်ရှားဘူးလား?(ထင်ရှားပါတယ်ဘုရား)။

ဒါဖြင့် ဘာသမား ဖြစ်သလဲ? (အမြုပ်သမားဖြစ်ပါတယ် ဘုရား)။ အင်း-ဒါဖြင့် ဦးဘကြည်တို့ ကျုပ်တို့ သံသရာထဲ နောက်တုံးက ဘယ်လို နေခဲ့ရပါလိမ့်မလဲ ဆိုတာဖြင့် ယနေ့-ကျောင်းကောင်း ဘုရားဟောတာကို ဆရာဘုန်းကြီးက ပြန်ပြောလို့ပေါ်တာဘဲ၊(မှန်ပါ)။

ဘယ်လိုများနေခဲ့ကြသတုန်း(အမြုပ်သမား အမျောသမား လို့ပါ ဘုရား)။ အမျောသမား အမြုပ်သမားအဖြစ်နဲ့ နေခဲ့ကြရတယ်၊(မှန်ပါ)။ ဒီတော့ ဘယ်တော့ နိဗ္ဗာန်သောင်ကမ်းပေါ် တက်ရမလဲ(မတက်နိုင်သေးပါဘုရား) နိဗ္ဗာန်သောင်ကမ်းဆိုတာကို ဆရာတော်, သမားတော်တွေလဲ မဟောလား? (ဟောပါတယ်ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ နိဗ္ဗာန်သောင်ကမ်းကို ဟောလေ့ရှိပါတယ်၊(မှန်ပါ)။တက်ဘူးခဲ့ကြရဲ့လားလို့မေးရင် (မတက်ဘူးပါဘုရား)ဒါဖြင့် ဘယ်အမြင်နှင့်များ အချိန်ကုန်ခဲ့ရပါလိမ့်၊(အမျောသမား အမြုပ်သမားနဲ့ပါဘုရား)။ အမျောသမား အမြုပ်သမားအဖြစ်နဲ့ဘဲ အချိန်ကုန်ခဲ့ရတယ်နော်။

ဒါဖြင့် အမျောသမား, အမြုပ်သမား ဖြစ်ပြီးသကာလ အချိန်ကုန်ခဲ့ရတယ်ဆိုတော့ ခုနင်က-အမိသိလ, အဝိစိတ္တ, အဝိပညာတို့ ဘယ်အခါမှ မရခဲ့လို့ ဒီလမ်းချည်းမျော....(မှန်ပါ)။ ဒီချောင်းထဲချည်းမြုပ်....(မှန်ပါ)။ ဒီလိုနေ ဒီလိုသေ မနေပေဘူးလား?(မှန်ပါ)။ ဦးဘအုံး,ပေါ်ပြီလား?(ပေါ်ပါပြီဘုရား) ကျုပ်တို့နောက်တုံးက ဘယ်လိုနေခဲ့ရပါလိမ့် (အမျောသမား အမြုပ်သမားပါဘုရား)။

အဲဒါကြောင့် ပါးစပ်ကဖွင့်ပြီး ခင်ဗျားတို့က ဒီဘဝစုတေ မနေ သေလွန်လျှင် ဘယ်ဘဝရောက်ရပါလို၏ဆိုရင် မျောချင်လို့၊(မှန်ပါ)။ ရောက်တဲ့အခါကြတော့ မိမိခန္ဓာ မိမိအားမကိုးပေဘူးလား,ကိုးမလား?(အားကိုးပါတယ်ဘုရား)။

အားကိုးတော့ ခန္ဓာငါးပါး အနိစ္စတရား မဟုတ်လား?၊(မှန်ပါ)။ အနိစ္စတရားဆိုတော့ အားကိုးခံနိုင်တဲ့ တရားလား, ကိုယ့်အပေါ် ပိမည့်တရားလား?(ကိုယ့်အပေါ်ပိမည့်တရားပါဘုရား )။ ကိုယ့်အပေါ်ပိတဲ့တရား ဖြစ်ပြီးသကာလ,နေတော့ အဟုတ်ဆွဲရင် အဟုတ်ပိတာဘဲ၊(မှန်ပါ )။ သူက-ရေဘက်ကိုင်းနေတယ်ဆိုတာကိုးဗျ၊(မှန်ပါ)။

ဆွဲမည့်ပုဂ္ဂိုလ်ဘက် ကိုင်းနေတော့ အတင်းအားကုန်ဆွဲလိုက်လေလေ, လူမှာ မြုပ်ချက်က သန်လေလေ၊(မှန်ပါ)။ ဘယ်လိုနေပါလိမ့်....(အားကုန်ဆွဲလေလေ, မြုပ်ချက် သန်လေလေပါဘုရား)။ မြုပ်ချက်သန်လေလေဆိုတာ သဘောကျပြီလား?၊(မှန်ပါ )။

အဲ--ဒီသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးက နောက်ကြောင်းဖေါ်ပြီးသကာလ,ပြောရှာတယ်၊ ယခုဘဝ အဆွဲမမှားရအောင်ဟာ တယ်-အရေးကြီးပါလား၊ သဘောကျပြီလား?၊(ကျပါပြီဘုရား)။ ယခုဘဝ,ဘာပါလိမ့်....(အဆွဲမမှားရအောင်အရေးကြီးပါတယ်ဘုရား)။အဆွဲမမှားဘို့ သိပ်အရေးကြီးတယ်၊ ခန္ဓာငါးပါးကို သွားမှဆွဲနဲ့၊အနိစ္စချည်းဖြစ်နေတယ်၊(မှန်ပါ)။ အကုန်ဆွဲတဲ့ပုဂ္ဂိုလ်ပေါ် ပြုတ်ကျမှာဘဲ၊ရိပ်မိပြီလား?(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခုနက-နိဗ္ဗာန်တည်းဟူသော နေရာဌာန ဆဲ့မိလို့ ရှိရင်တော့ ပြုတ်နိုင် ပျက်နိုင်တဲ့သဘောမရှိဘူး၊(မှန်ပါဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ ဘာအရေးကြီးပါလိမ့်....(နိဗ္ဗာန်ကို အဆဲ့မှန်ဘို့ပါဘုရား)။ အဆဲ့မှန်ဘို့ ဦးဘကြည့်အရေးကြီးတယ် အဆဲ့မမှန်သေးလို့ သံသရာတောက်လျှောက်မှာ ဒီအတိုင်းလာ ခဲ့ကြရတယ်နော်....(မှန်ပါ)။ အမျောသမား, အမြုပ်သမား၊ ရှင်းကြပြီလား?(ရှင်းပါပြီဘုရား)။

သံသရာထဲ နောက်တုန်းက တပည့်တော်ဘို့ ဘာများဖြစ်ခဲ့ တုန်း၊ ဘာဖြစ်တယ်လို့ ဘုန်းကြီး မပြောတတ်ဘူး။ အမျော သမား, အမြုပ်သမား ဖြစ်ခဲ့တာတော့ ပြောနိုင်တယ်(မှန်ပါ)။ ဦးဘကြည့် ရိပ်မိပြီလား? (မှန်ပါ)။ ဘာဖြစ်တယ်, ညာဖြစ် တယ် ပြောနေပေမဲ့လဲ အမျောသမား, အမြုပ်သမားထဲမှာ ဇာတ်ဆုံးတာဘဲ၊(တင်ပါ)။ လမ်းမဆုံးဘူးလား၊ ဆုံးသလား၊ (ဆုံးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ နောက်ဘဝက, တပည့်တော်တို့ ဘာများ ဖြစ်ခဲ့ပါလိမ့်မတုံးလို့ တွေးကြည့်ကြစမ်း၊ ( အမျော သမား,အမြုပ်သမား ဖြစ်ခဲ့ပါတယ်ဘုရား)။ အင်း-ဒါဖြင့် ကုန်း ပေါ် တက်နိုင်တဲ့အချိန်အခါမရခဲ့ကြဘူးပေါ့၊(မရပါဘုရား)။

အမျောသမားဆိုတာက ဟိုဘဝ,ဒီဘဝ မျောတာ(မှန်ပါ)။ အမြုပ်သမားဆိုတာ အပါယ်လေးဘုံသွားတာ၊(မှန်ပါ)။ ရိပ်မိ ပြီလား? (မှန်ပါ)။ အမျောသမား ဆိုတာက ဘာပါလိမ့်.... (ဟိုဘဝ,ဒီဘဝ မျောတာပါ ဘုရား)။ဟိုဘဝ,ဒီဘဝ ပြောင်းလဲ့ ကူးခတ်နေတာ၊သဘောကျပြီလား?(မှန်ပါ)။

အမြုပ်သမားဆိုတာ မိမိခန္ဓာအားကိုးလို့ မိမိခန္ဓာက နှိပ်စက်ပြီးတာကာလ, ဘာတုံး....(အပါယ် ရောက်တာပါဘုရား)။ အပါယ်လေးပါး ရောက်သွားတာ။ အပါယ်လေးပါး ရောက်သွားတော့ အမြုပ်သမားမဖြစ်ဘူးလား?(ဖြစ်ပါတယ်ဘုရား)။ အဲ-အမြုပ်သမားကတက်လာပြန်တော့ အမျောသမားအဖြစ်နဲ့ လာပြန်တာဘဲ၊(မှန်ပါ)၊ အမျောသမားအဖြစ်နဲ့ ကဲ-ဒကာ, ဒကာမတို့ ဘယ်လောက်ကြောက်စရာကောင်းလဲ(မှန်ပါ)။

ဒကာ, ဒကာမတွေ ဒါ-သံဝေဂရစေချင်လို့ ပြောတာမဟုတ်ပါဘူး၊ (မှန်ပါ)။ ဖြစ်စဉ်ကိုက်ပြောနေတာလို့ မှတ်ပါ (မှန်ပါ) သံဝေဂရစေချင်လို့သာ ဘုန်းကြီးကပြောတယ်လို့ မအောက်မေ့နဲ့၊ ခင်ဗျားတို့ကျုပ်တို့နေခဲ့ရတာဒီအတိုင်းသာမှတ်(မှန်ပါ)။ သံဝေဂဆိုတော့ ခင်ဗျားတို့ကို တရားအားထုတ်ဖြစ်အောင်လို့ ထင်နေလိမ့်မယ်။ ဒီလို ပြောနေတာ တကယ် ဖြစ်စဉ်ကိုက် ပြောနေတာ၊(မှန်ပါ)။ သံဝေဂရဘို့ပြောတာ မဟုတ်ပါဘူး၊ (မှန်ပါ)။

ဒကာ, ဒကာမတွေ ရိပ်မိကြပြီလား? (ရိပ်မိပါပြီ ဘုရား)။ ကိုယ့်အဖြစ် နောက်တုန်းက ဘယ်လိုနေခဲ့ရတယ်ဆိုတာကို ထင်ရှားအောင် ပြတယ်၊ (မှန်ပါ)။ ကိုယ့်အဖြစ်က ဘယ်လိုနေခဲ့ရလဲ....(အမျောသမား, အမြုပ်သမားပါဘုရား)။ ဟိုဘဝ, ဒီဘဝ ဖြစ်တာက ဘာတုံး(အမျောသမားပါဘုရား)။ ရောက်ရာမှာ ကိုယ့်ခန္ဓာကြီး ကိုယ်အားကိုးလိုက်တော့ ခန္ဓာကြီးက အနိစ္စဖြစ်ဖြစ်ပြီးသွားလို့ ဒေါမနဿတွေနဲ့ သောကတွေနဲ့ မြုပ်သွားတဲ့ ဘဝတွေ မရှိဘူးလား?(ရှိပါတယ်ဘုရား)။

ဒါဖြင့် မြုပ်သွားပြန်တော့ အပါယ်လေးပါး....(မှန်ပါ)။ မျောပြန်တော့-အထက်....(မှန်လှပါ)။ မျောပြန်တော့ အထက်ဘုံတွေ လျှောက်မျောနေတယ်၊(မှန်လှပါ)။ မျောပြီးသကာလ မျောရာကနေ အားကိုးသွဲ့လို့ ပြုတ်ကျပြန်တော့အပါယ်လေးပါး မြုပ်၊ (မှန်ပါ)။ ဒါဖြင့် ကျုပ်တို့သည် မျောတာနဲ့ မြုပ်တာ ဘယ်ဟာကြာလိမ့်မယ်ထင်သဘုံးလို့ အကဲခတ်ကြစမ်း(မြုပ်တာကြာပါတယ်ဘုရား)။

ဒါဖြင့် အပါယ်လေးပါးမှာ ကြာတယ်၊ ရိပ်မိကြပြီလား?၊ (မှန်ပါ)။ ဘယ်မှာကြာပါလိမ့် ...(အပါယ်လေးပါးမှာ ကြာပါတယ် ဘုရား)။ ဒါဖြင့် မျောနေတာကတော့ မကြာဘူး၊ မျောတယ်ဆိုယုံဘဲ တခါတည်းပေါ်လာလို့ မျော, မျောလာလို့ရှိရင် အားကိုးရှာဟာဘဲ(မှန်ပါ)။ရှာရင်လဲအနိစ္စတွေချည်း အားကိုးချလိုက်တာဘဲ၊(မှန်ပါ)။ အားကိုးသည်နှင့် တပြိုင်နက်တည်း ဒါ-အနိစ္စမို့ မခိုင်လို့ အားကိုးတဲ့လူအပေါ်မှာဘဲ ပြုတ်ကျတာဘဲ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

အဲဒီတော့ဖြင့် ဒကာ ဒကာမတို့ ဒီလောက်-ဆရာဘုန်းကြီးက သယ်ယူ ပို့ဆောင်ပြီး သကာလ, အမျောသမားမှန်းလဲ သိပြီ၊ အမြုပ်သမားမှန်းလဲ သိနေတော့ နိဗ္ဗာန်တည်းဟူသော သောင်ကမ်းဖြင့် ရှာမှဘဲလို့ ကိုထွန်းဦး လာသင့်-မလာသင့်....(လာသင့်ပါတယ်ဘုရား)။ ဒီကို တက်ဖြစ်အောင် အလုပ်ကိုဖြင့် လုပ်ပါမှဘဲလို့ ဆိုတာကိုဆုံးဖြတ်ချက်ချကြ၊သဘောကျပြီလား(ကျပါပြီဘုရား)။

အင်မတန် ကံထူးလို့ ခင်ဗျားတို့ ဒီဥစ္စာသိရတာ၊ (မှန်ပါ)။ နောက်က ဒို-ဘယ်လိုနေခဲ့ရတယ်ဆိုတာ ခင်ဗျားတို့အခုသေသေ ချာချာပေါ်ပါပြီ (မှန်ပါ)။ ဘုရားက သေသေချာချာ ဟော တာဘဲ၊ဦးဘအုန်းရဲ့....(မှန်ပါ)။ ဟုတ်ကော ဟုတ်ပုံရရဲ့လား လို့ သံသယမဖြစ်နဲ့၊ ဒီအတိုင်းသာမှတ်၊(မှန်ပါ)။

ပဌမ-ရူပက္ခန္ဓာကို အားကိုးလိုက်တာနဲ့ မြုပ်သွားတယ်။ ဒုတိယဖြစ်စဉ် ဝေဒနာ အားကိုးလိုက်ပြန်တော့ ချမ်းသာတာ လေး အားကိုးပြန်တော့, ချမ်းသာတာလေးကလဲ ဖြစ်ပျက်ဆို ပြုတ်ထွက်သွားတယ် (မှန်ပါ)။ ပြုတ်ထွက်သွားတော့ ချမ်းသာ တာလေးကို မရလိုက်တဲ့အတွက် ဒကာ-ဒကာမတွေတို့ ဒုက္ခဒေါ မနဿတွေနဲ့ မြုပ် မသွားရဘူးလား? (မြုပ်သွားရပါတယ် ဘုရား)။

မြုပ်သွားရပြန်တော့ ခုန-ဒီအာပင်ဆွဲပြန်လဲ မြုပ်တာဘဲ၊ ဒီ ဘက်က သညာက္ခန္ဓာ ဆွဲပြန်တော့ကော....(မြုတ်တာပါဘဲ ဘုရား)။ကိုယ့်အတတ်သညာလေး အားကိုးပြီးသကာလ နေပြန် တော့၊ သညာလေးကလဲ အနိစ္စရောက်သွားပြန်ရင် ကိုယ်ကျိုး ကြီး နဲ့ပေါ့ဆိုတာ လာအုံးမှာဘဲ၊ (မှန်ပါ)။ မြုပ်အုံးမှာဘဲ၊ (မှန်ပါ)၊ သင်္ခါရအားကိုးပြန်တော့ကော....(မြုပ်မှာဘဲဘုရား) ကမ်းနားသစ်ပင်ချည်းဘဲ၊ သဘောကျပြီလား? (ကျပါပြီ ဘုရား)။

အဲဒီတော့ ခန္ဓာငါးပါး ကမ်းနားသစ်ပင်ဆိုတာ ပေါ်ရော ပေါ့၊(ပေါ်ပါပြီဘုရား)။ ကျုပ်ကိုသည် သုံးဆဲ့တဘုံလည်တာက

များနေတာ၊ (မှန်ပါ)။ ရောက်ရာဘုံမှာ အားကိုးတာကဖြင့် ဒီ-ခန္ဓာငါးပါးမှတပါး ဘာမျှ အားကိုးခြင်းမရှိဘူး၊(မှန်ပါ)။ အားကိုးတိုင်း အားကိုးတိုင်းလဲ သူတို့ အဖိစီးနေရတာကြီးဘဲ၊ (မှန်ပါ )။ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

တခါ မြုပ်သွားလို့ရှိရင် ဘယ်လောက်ကြာမှ ပေါ်မတုန်း လို့ဆိုလို့ရှိရင် ငါဘုရား မဟောနိုင်ဘူး(မှန်ပါ)။ဘယ်လောက် ကြောက်စရာကောင်းလဲ့....(ကောင်းပါတယ်ဘုရား)။ ကြောက် စရာ အင်မတန်ကောင်းတော့ကို သောင်ကမ်း ရှာကြပါတော့၊ (မှန်ပါ)။ သောင်ကမ်းပေါ် တက်မိအောင် တက်ပါ၊ (မှန်ပါ)။ ဘယ်လှိုင်း,ဘယ်လေ,ဘယ်ဂယက်မှ,ဘယ်ဒီရေမှ မနှိပ်စက်နိုင်တဲ့ နိဗ္ဗာန်သောင်ကမ်းပေါ် မတက်ဖြစ်သရွေ့ ကာလပတ်လုံး ဒီလို မျောလိုက်,မြုပ်လိုက်ဖြစ်နေမယ်၊ရှင်းပြီလား?(ရှင်းပါပြီဘုရား) ဘယ်လိုနေကြမယ်ထင်သတုံး(မျောလိုက်မြုပ်လိုက်ပါဘုရား)။

ဒါဖြင့် ဦးဘကြည်“အဓိပတေယျဌာေ”မဟောသင့်ဘူးလား (ဟောသင့်ပါတယ်ဘုရား)။ အဓိပတေယျမှာသာလျှင် သောင်း ကမ်း တွေ့တာကိုးဗျ၊(မှန်ပါ)။ အဓိပတေယျ, မရသေးသရွေ့ ကာလပတ်လုံး....(မတွေ့ပါဘုရား)။ဒါကြောင့် ခင်ဗျားတို့ သီလ လေးကြောင့် နတ်ပြည်ရောက်ပြန်တယ်၊ ဒါနလေးကြောင့် နတ် ပြည်ရောက်ပြန်တယ်ဆိုရင် ဒီခန္ဓာငါးပါးဘဲ၊ခင်ဗျားတို့အားကိုး ကြအုံးမှာဘဲ၊မကိုးပေဘူးလား?(ကိုးပါတယ်ဘုရား)။

ကိုးလိုက်တဲ့အခါကြတော့ အနိစ္စခန္ဓာတွေမဟုတ်ဘူးလား?၊ (ဟုတ်ပါတယ် ဘုရား)။ ပြုတ်ကျပြန်တော့, ဩော်-ကိုယ်ဖြင့် ကိုယ်ကျိုးကြီးနဲ့ပေါ့ ဖြစ်မှဖြစ်ရလေခြင်း မလာပေဘူးလား?၊

(လာပါတယ်ဘုရား)။ ကိုယ့်ခန္ဓာက နှိပ်စက်ပြီး မြုပ်ပြန်ပြီ၊ (တင်ပါ)။ ဒါ-ဘာတုန်း၊ တဏှာ ဥပါဒါန်က ဆွဲလိုက်တာဗျ၊ (မှန်ပါ)။

ရေထဲက ဆွဲအား ဘာနဲ့ ဆွဲတာတုန်း (တဏှာ ဥပါဒါန်နဲ့ ဆွဲလိုက်တာပါဘုရား)။ တဏှာ ဥပါဒါန်နဲ့ ဆွဲလိုက်တော့ အသာလေးလား၊ အားကုန်ဆွဲလိုက်တာလား၊ (အားကုန်ဆွဲလိုက်တာပါဘုရား)။ ဒါပေမဲ့-ကမ်းနားသစ်ပင်က ခိုင်မှာလား၊ မခိုင်ဘူးလား? (မခိုင်ပါဘုရား)။ မခိုင်တော့ ဘယ်သူ့အပေါ် ပြုတ်ကျမယ်၊ (ဆွဲတဲ့လူအပေါ်ပါဘုရား)။

ပြုတ်ကျမယ်ဆိုတော့ နဂိုရ်က အမျောသမားက တော်သေးတယ်။ အမြုပ်သမားအဖြစ်က မြေဆိုင်နှင့်တကွ အပင်ပါ ပြုတ်ကျတယ်ဆိုတော့ ဒီပုဂ္ဂိုလ်သည် မျောလို့မောလာရတဲ့အထဲမှာ မြုပ်တာနဲ့ကြုံပြန်ရင်ဖြင့် ဒီပုဂ္ဂိုလ်လောက် အဖြစ်ဆိုးတာတော့ မရှိတော့ဘူး၊ (မှန်ပါ)။ နဂိုရ်က ဘာသမားလဲ (အမျောသမားပါ ဘုရား)။ နောက်-အားကိုးလိုက်တော့....(အမြုပ်သမားပါဘုရား)။

အေး—ဒါကြောင့် ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ နောက်တုန်းက ဘယ်လိုများ နေခဲ့ ထိုင်ခဲ့ကြပါလိမ့်၊ ကောင်းတာလေးများ မြင်ခဲ့ရဲ့လားဘုရားလို့ နောက်ဘုရားပွင့်တော့ မေးကြည့်ပါ။ ငါတော့ မမြင်ဘူး၊ မျောတာနဲ့ မြုပ်တာသာ မြင်တယ်လို့ ဟောမှာဘဲ၊ (မှန်ပါ)။ ဘယ်လိုဟောလိမ့်မယ်ထင်တုန်း (မျောတာနဲ့ မြုပ်တာ မြင်တယ်လို့ ဟောမှာပါ ဘုရား)။

ဒီလို ခင်ဗျားတို့က ဘုရားကို လျှောက်ထားပြောသော်လဲ ဘုရားက အမှန်ဖြေရမှာဖြင့် ဒါဘဲ၊ ရိပ်မိကြပြီလား? (မှန်ပါ)။ ခင်ဗျားတို့ ဘာသမားတွေပါလိမ့်၊ (အမျိုးသမားတွေ အမြုပ်သမားတွေပါ ဘုရား)။ ဩော်-နဂိုရ်က မသိဘူး၊ နဂိုရ်ကမသိလို့ နဂိုရ်က ကံကောင်း အကြောင်းသင့်ပြီး ဒီရောက်လာတယ်၊ (မှန်ပါ)။ ဒီရောက်ပြန်တော့ ခန္ဓာပါးပါးဆိုတဲ့ မိမိခန္ဓာကြီးဟာ ငါးပါးမရှိဘူးလား? (ရှိပါတယ်ဘုရား)။

ဒါပေမဲ့ ကိုယ်လုပ်မှ ကိုယ်စားရတာဘဲ၊ ကိုယ့်ကျန်းမာဘို့ အရေးကြီးတယ်၊ ကိုယ်ရှာမယ့် ကိုယ်ဖွေမယ်ဆိုတော့ ဘာ အားကိုးတာလဲ၊ (ခန္ဓာငါးပါးအားကိုးပါတယ်ဘုရား)။ အင်း-ဒါတွေကလဲ အနိစ္စတွေ ကမ်းနားသစ်ပင်တွေ၊ ဒကာ-ဒကာမတွေ ရီးတီးရားတား လုပ်မနေပါနဲ့ ပြုတ်ကျမှာချည်းဘဲ၊ (မှန်ပါ)။ ပြုတ်ကျလို့ရှိရင် သူများအပေါ် ပြုတ်ကျမှာလား၊ ဆွဲတဲ့လူအပေါ် အားကိုးတဲ့လူအပေါ်မှာ ပြုတ်ကျမှာလားဆိုတာ တွေးလိုးထုတ်ပါ၊ (ဆွဲတဲ့လူအပေါ် အားကိုးတဲ့လူအပေါ် ပြုတ်ကျမှာပါ ဘုရား)။

အင်း—မြုပ်မှ မြုပ်ပါ့မလား? (မြုပ်ပါတယ်ဘုရား)။ အဲဒါကြောင့် ခင်ဗျားတို့က မြုပ်တယ်ဆိုတာ သေချာပြီးသကာလ နေတော့၊ အင်း-အားမကိုးသင့်တာ အားကိုးတဲ့အတွက် မြုပ်တာနဲ့ဘဲ အချိန်ကုန်ရတယ်ဆိုတာ ပေါ်လာကြပြီလား (မှန်ပါ) အဲဒါတွေ သိတော့မှ ခင်ဗျားတို့သည် ဩော်-ဒီဇာတ်သိမ်းမှ ကောင်းမယ်၊ သဘောကျပြီလား? (မှန်ပါ)။

ဒီဇာတ်သိမ်းမှ ကောင်းမယ်ဆိုတော့ အမျောသမားလဲမဖြစ်အောင် ခန္ဓာအားမကိုးပါနဲ့၊ (မှန်ပါ)။ ဦးဘကြည့်, နှစ်ချက်လာလိမ့်မယ်၊(မှန်ပါ)။ အမျောသမားမဖြစ်အောင် ဘာလုပ်ရမလဲ၊ (တဏှာသတ်ရမယ်ဘုရား)။ တဏှာသတ်ရလိမ့်မယ်၊အမြုပ်သမားမဖြစ်အောင် ခန္ဓာအားမကိုးရဘူး၊(မှန်ပါ)။

ခန္ဓာအနတ္တကို အနတ္တအတိုင်းထားရမယ်၊ (မှန်ပါ)။ သွားမဆွဲနဲ့၊(မှန်ပါ)။ ဆွဲရင်ပြုတ်ကျလိမ့်မယ်၊(မှန်ပါ)။ အင်မတန်အဘိုးတန်တဲ့တရားပါလား၊ ကိုထွန်းဦး....(မှန်ပါ)။ ခင်ဗျားတို့အင်မတန် ကံထူး အကြောင်းထူးပြီးသကာလ ပုံစံနှင့်တကွပြပြီးဟောတော့မှ ကိုယ်ဖြစ်တွေနဲ့ ခန္ဓာကိုယ်နဲ့ ကိုယ့်ကိုယ်တိုင်လာခဲ့တဲ့လမ်းကြီးကို တခါတည်း မျက်လုံးထဲတန်းကြည့်လိုက်တဲ့အခါကြတော့ အတော်အရုပ်ဆိုး အကြီးတန်ပါလား၊ဆင်းရဲမျိုးစုံကိုတွေ့ခဲ့တာ ကုန်ရော မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတွေ နောက်က ကိုယ်နေခဲ့တဲ့ဖြစ်စဉ်ကိုကောင်းကောင်းပေါ်ပြီလား?(မှန်ပါ)ဘယ်လိုများနေခဲ့ကြလဲ (အမျောသမား,အမြုပ်သမားပါဘုရား)။ အင်း-မျောတာကဘယ်သူကြောင့်....(တဏှာကြောင့်ပါဘုရား)။မြုပ်တာက ဘယ်သူကြောင့်....(ခန္ဓာငါးပါးကြောင့်ပါ ဘုရား)။ ခန္ဓာ ငါးပါး အနိစ္စတရား အားကိုးမိလို့၊သဘောကျပြီလား?(မှန်ပါ)။

အနိစ္စတရားကို တဏှာဥပါဒါန်နဲ့ ခင်မိ မင်မိလို့၊ သဘောကျပြီလား?(မှန်ပါ)။ ကိုယ့်ကိုယ်ကိုခင်လဲ ဒီအတိုင်းဘဲ၊ကိုယ့်ခင်ပွန်းနဲ့ ကိုယ့်ခင်ပွန်းမ,ကို ခင်ရင်ကော....( ဒီအတိုင်းပါ

ဘုရား)။ သားသမီးတွေအားကိုးကော....(ဒီအတိုင်းပါဘုရား)။ ပြုတ်ကျမှာချည်းဘဲလို့ ဆုံးဖြတ်ချက်ချစမ်းပါ၊ သဘောကျပြီလား?(မှန်ပါ)။

ရှိတဲ့ပစ္စည်းတွေ အားကိုးပြန်လဲ....(ဒီအတိုင်းပါဘဲ ဘုရား)။ ဘယ်သူက ဘာဖြစ်မှာတုန်း(ပြုတ်ကျမှာချည်းဘဲဘုရား)။ ပြုတ်ကျမှာချည်းဘဲဆိုတော့ ဦးဝင်းရေ သုံးဆဲ့တဘုံထဲမှာ ပြုတ်ကျမှာသာရှိတယ်၊ အားကိုးရာမရှိဘူး၊ ဆိုထိုက်ပြီလား? (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ကိုယ့်အကြောင်း ကိုယ်သိပြီလား (သိပါပြီဘုရား)။ ကိုယ့်အကြောင်း ကိုယ်သိတော့ ပြင်ဆင်ကြပါလို့ ဘုန်းကြီးက အခုပြောပြီး ဒကာ,ဒကာမတို့ မဂ္ဂင်ရှစ်ပါးကို အဓိပတိဆိုက်အောင်လုပ်ပါ၊အဓိပတိဆိုက်အောင်မှ မလုပ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ နိဗ္ဗာန်သောင်ကမ်းပေါ် တင်မှာမဟုတ်ဘူး၊(တင်ပါ)။

နိဗ္ဗာန်သောင်ကမ်းဆိုတာ ဦးလှ,ဘယ်လိုရေ,ဘယ်လိုလှိုင်းမှုဘယ်လိုဂယက်,ဘယ်လိုဝဲမှ သူ့ကို လှုပ်ရှားနိုင်အောင် လုပ်နိုင်ပါရဲ့လား?(မလုပ်နိုင်ပါဘုရား)။ ဒါဖြင့် ဒကာ-ဒကာမတို့ မြုပ်စရာ,မျောစရာရှိသေးရဲ့လား?(မရှိပါဘုရား)။

အင်း-ဒါဖြင့်, ဒို့သည် ဆရာဘုန်းကြီးပြောတဲ့အတိုင်း လုပ်မှဖြစ်မယ်၊မလုပ်ရင် ဒီနေရာရောက်မှာမဟုတ်ဘူး၊ပေါ်ကြပြီလား၊(ပေါ်ပါပြီဘုရား)။ ဒီဘက်က ရုပက္ခန္ဓာအားကိုးလို့ ဘာဖြစ်တုန်း၊(မြုပ်ပါတယ်ဘုရား)။ အနိစ္စမို့မြုပ်ကျတာ....(မှန်ပါ)။ ပြုတ်ကျတော့ သူ့အပေါ်မှာဘဲ ပိတယ်၊ (တင်ပါ)။ ပိတော့ သူ-ဘာဖြစ်ရမလဲ?(မြုပ်ရမယ်ဘုရား)။

ဒီဘက်က ဝေဒနာက္ခန္ဓာ အားကိုးလိုက်ပြန်ကော....(မြုပ်မှာတဲ့ဘုရား)။ အဲဟိုဘက်က သညာက္ခန္ဓာအားကိုးလိုက်ပြန်ကော(မြုပ်မှာတဲ့ဘုရား)။ အဲ—ပြုတ်ကျလို့ မြုပ်မှာတဲ့၊ ဒီဘက်က သင်္ခါရက္ခန္ဓာအားကိုးပြန်ကော (ပြုတ်ကျလို့ မြုပ်မှာတဲ့ဘုရား)။ ဒီဘက်က ဝိညာဏက္ခန္ဓာအားကိုးပြန်လဲ....(ပြုတ်ကျလို့ မြုပ်မှာတဲ့ ဘုရား)။

ကဲ-မြုပ်သွားပြီးတဲ့ဒီပုဂ္ဂိုလ်သည်ကမ္ဘာအသင်္ချေဆိုက်အောင် မြုပ်တော့မှာတဲ့၊ မမြုပ်ပေဘူးလား? (မြုပ်ပါတယ်ဘုရား)။ မြုပ်ပြီးတော့ အပါယ်လေးပါးက တက်လာပြန်တော့လဲ လူ့ပြည် မျောလာပြန်ပြီ။ မျောအုံးမှာ....(မှန်ပါ)။ အပါယ်လေးပါးက တက်လာပြီး, တဏှာ မျောလိုက်တာနဲ့ ဒီဘက်ရောက်လာပြန်ပြီ၊ (မှန်ပါ)။

ရောက်ပြန်ရင်ဒီသစ်ပင်တွေ့အုံးမှာတဲ့(မှန်ပါ)၊ တွေ့ပြန်တော့ ဘာလုပ်အုံးမှာပါလိမ့်၊ (ဆွဲအုံးမှာပါဘုရား)။ ဆွဲရင်ဘာဖြစ်အုံးမှာပါလိမ့်၊(မြုပ်အုံးမှာပါ ဘုရား)။ ပဌမထဲက မြုပ်နေတာ, နောက်-မျောရုံကျန်တော့တယ်၊(မှန်ပါ)။

ဪ-ဒါဖြင့် တပည့်တော်တို့ နေခဲ့ရတဲ့ ဖြစ်စဉ်ဟာဖြင့် ကိုယ့်ကိုယ်ကိုကြည့်လိုက်ပြန်လဲ အလွန်ဆိုးဝါးတဲ့ အခြေအနေပါလား၊ သူတပါးကို ကြည့်လိုက်ပြန်လဲ အလွန်ဆိုးဝါးတာဘဲ ဆိုတော့ ဦးဝင်းတို့ အခုအချိန် ဘာရှာဘို့ အရေးကြီးတုန်း၊ (သောင်ကမ်းရှာဘို့ပါဘုရား)။

အဲဒီတော့ သောင်ကမ်းရှာဘို့အရေးကြီးတယ် ဆိုငြားသော်လဲ၊ ခင်ဗျားတို့ သောင်ကမ်းကို ပြပေးနိုင်တဲ့ဆရာ တွေ့ဘို့ကလဲ

မလှယ်သေးဘူး၊ လှယ်ပါ့မလား? (မလှယ်ပါဘုရား)။ သောင်ကမ်း အားကိုးရာကို တကယ်ပေးပါမယ်လို့ ဆိုခြားသော်လဲ ခုနက-နတ်ပြည်ရောက်အောင် ပို့ထားတဲ့ဆရာနဲ့ဆိုတော့ နတ်ခန္ဓာငါးပါးက ပြုတ်အုံးမှာ(မှန်ပါ)။ ဗြဟ္မာ့ခန္ဓာကော(ပြုတ်အုံးမှာပါ ဘုရား)။

အဲဒီဆရာနဲ့တွေ့ရင်ဖြင့် ခင်ဗျားတို့အမြုပ်သံမားထဲသွားကြအုံးမှာ၊ (တင်ပါ)။ မရောက်ပေဘူးလား, ရောက်မှာလား?၊ (ရောက်မှာပါ ဘုရား)။ အင်း-ခင်ဗျားတို့က တရားဆိုလို့ရှိရင်ဖြင့် ကိုယ်က မသိတော့ ဘာဘဲဖြစ်ဖြစ် အဟုတ်ချည်းဘဲလို့ ထင်ချင် ထင်ပစ်လိုက်တယ်၊ (မှန်ပါ)။

အခု-သေသေချာချာဟောတော့ နတ်ခန္ဓာလဲ ငါးပါးဘဲ၊ ဗြဟ္မာခန္ဓာကော ...(ငါးပါးပါဘုရား)။ မျောလာတဲ့ပုဂ္ဂိုလ်ကာဒီငါးပါးအားမကိုးပေဘူးလား?(ကိုးပါတယ်ဘုရား)။ကိုးတော့ အနိစ္စခန္ဓာမို့ ဘာဖြစ်မယ်ထင်ကြသလဲ(ပြုတ်ကျမှာပါဘုရား)။ ပြုတ်ကျတော့ ဘယ်သူ့အပေါ်မှာ ပိသတုန်း?(ဆွဲတဲ့လူအပေါ်မှာပါ ဘုရား)။ နတ်အပေါ်မှာလဲ ပိတယ်၊ ဗြဟ္မာအပေါ်မှာလဲ ပိတယ်၊ မပိဘူးလား?(ပိပါတယ်ဘုရား)။

ပိတော့ သူလဲ အောက်ကျအောင် မြုပ်တာဘဲ၊ (မှန်ပါ)။ အပါယ်လေးပါးကျအောင် မြုပ်ပြန်တော့၊ ဩော်-ဒီနေရာဌာနတွေက မျောရာ,မြုပ်ရာဌာနတွေ၊ရှင်းပြီလား(ရှင်းပါပြီဘုရား) လူပြည်,နတ်ပြည်,ဗြဟ္မာပြည် ဘာဆိုကြမလဲ?(မျောရာ, မြုပ်ရာဌာနတွေပါဘုရား)။ အားကိုးစရာရှိသလား? (မရှိပါဘုရား)။ ပေါ်ကြပြီလား?(ပေါ်ပါပြီဘုရား)။

အေး-ဒါကြောင့် ဒီအခါမှ သောင်ကမ်းတက်မိရင် တက်မိ၊ မတက်မိရင်တော့ဖြင့် ကိုယ်ကျိုးကြီးနဲ့ပေါ့၊(မှန်ပါ)။အခုဟာလဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ သောင်ကမ်းပေါ်တက်နည်းကိုလဲ ဆရာကောင်း, သမားကောင်းက ကျေးဇူးပြုရင် ရောက်တယ်၊ (မှန်ပါ)။ ဒါကို-ပြောပေးမဲ့လူရှိသေးတယ်ဗျ၊(မှန်ပါ)။ခင်ဗျား တို့ နောက်တုန်းက နေခဲ့ရတာကဖြင့် မျောလိုက်,မြုပ်လိုက်ဘဲ၊ ပြောမဲ့လူ မလာဘူး၊(မလာပါဘုရား)။ နည်းပေးမဲ့လူကော.... (မလာပါ ဘုရား)။

ဘုရားတဆူတဆူပွင့်မယ်ဆိုရင်တော့ ကျုပ်တို့ကပြုတ်တဲ့အထဲ တာရှည်နေတော့ ဘုရားကလဲ အဲဒီမရောက်ဘူးဗျ၊ (မှန်ပါ)။ ရောက်သေးရဲ့လား?(မရောက်ပါဘုရား)။ ဘယ်နေကြတုန်း၊ (မြုပ်နေပါတယ်ဘုရား)။ မြုပ်ဆိုတာက အပါယ်လေးဘုံ.... (မှန်ပါ)။

အဲဒီနေရာ ဘုရားရောက်ပါရဲ့လား? (မရောက်ပါဘုရား)။ မြင်တော့မြင်တာဘဲ၊မြင်ပေမည့်လဲ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်နေ တဲ့အတွက် ဘုရားမကြွဘူး၊ (တင်ပါ)။ ကျွတ်တမ်းဝင်စရာ မရှိ ဘူးဆိုပြီး လာသေးရဲ့လား? (မလာပါ ဘုရား)။ ဘုရားက ကျေးဇူးရှိလို့ရှိရင်ဖြင့် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်တွေကို အမြဲ လိုက်ပြီးကယ်နေရလို့ နေ့မအိပ်ရ, ညမအိပ်ရတဲ့ ဘုရားကိုဗျ....၊ (မှန်ပါ)။

အဲဒီတော့ ကျုပ်တို့သည် ယနေ့တိုင်အောင် ဘုရားအဆူဆူ ပွင့်သော်လဲ ကျွတ်တမ်းမဝင်ခဲ့တဲ့အဓိပ္ပါယ်ဘဲ။ အင်း-ဒါဖြင့် ယခု အချိန်မှာ တပည့်တော်တို့ ဆရာဘုန်းကြီးကဟောလို့ ခန္ဓာ

ငါးပါးကို အားမကိုးတော့ဘူး။ အနိစ္စ, အနိစ္စမှန်း သိမယ်၊ ဒုက္ခ, ဒုက္ခမှန်းသိမယ်၊ အနတ္တမို့ ကိုးစားစရာ, အားထားစရာ မရှိဘူးလို့ သိမယ်ဆိုရင်ဖြင့် ဒီ ပုဂ္ဂိုလ်သည်ကား ဆိုလို့ရှိရင် ကမ်းနားသစ်ပင်ကို ဆွဲပါအုံးမလား? (မဆွဲပါ ဘုရား)။

မဆွဲတော့ မခင်၊ မခင်လို့ မဆွဲတော့ဘူး၊ ဦးဘကြည် ရေ, ခင်တာက တဏှာ၊ (မှန်ပါ)။ မခင်တော့ဆွဲမိသေးရဲ့လား? (မဆွဲမိပါဘုရား)။ ဒါဖြင့် မခင်ခြင်းကြောင့်လဲ ဒီတဏှာရေကလဲ ခန်းသွားတယ်၊ (မှန်ပါ)။ အဲဒီတော့ မခင်တဲ့ပုဂ္ဂိုလ်မှာ တဏှာရေ မခန်းဘူးလား? (ခန်းပါတယ်ဘုရား)။ မဆွဲတဲ့ပုဂ္ဂိုလ်မှာ ပိ ကျစရာ ရှိသေးလား? (မရှိပါ ဘုရား)။

အဲဒီတော့ တဏှာရေခန်းပြီး ပြုတ်လို့ ပိလို့ မဖြစ်နိုင်တဲ့ အခြေအနေဟာဖြင့် အလုပ်လုပ်မှဘဲရမယ်၊ (မှန်ပါ)။ ဦးဘကြည် ဘာလုပ်ရမှာလဲ? (အလုပ်လုပ်ရမယ်ဘုရား)။ တဏှာရေ ခန်းအောင် လုပ်ရမယ်၊ (မှန်ပါ)။ ကမ်းနားသစ်ပင် ငါးပင်ကော မဆွဲရဘူး။ ဆွဲရင် မခိုင်ဘူးဆိုတာ သိရမယ်၊ (မှန်ပါ)။ ဒါကြောင့် မဆွဲမိဘူးဆိုတာသည် တဏှာဥပါဒါန် မရှိရအောင် နေပါလို့ ပြောတာဘဲ ဦးဘအုန်း၊ (မှန်ပါ)

ဒါဖြင့် ဒကာ,ဒကာမတွေ, ဩော်·ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟောတဲ့ တရားဟာ တကယ်ကိုကျေးဇူးများတဲ့ တရားပါလား၊ ခန္ဓဝဂ္ဂသံယုတ်မှာ ကမ်းနားသစ်ပင် အကြောင်းနဲ့ ပတ်သက်ပြီးသကာလ, ကိုယ်တော်မြတ်ကြီး ဟောတော်မူတာသည် ဒို့အရေးနဲ့ ဒို့နောက်ဖြစ်စဉ်လဲ သေချာတယ်။ ရှေ့ကိုလဲ ဆရာဘုန်းကြီး အကူအညီနဲ့ ဒို့သောင်ကမ်းတွေ့မယ်(မှန်ပါ)။

ဒီ-နိဗ္ဗာန်သောင်ကမ်းကြီးကို တက်မိအောင် ဟောမဲ့တရား ခင်ဗျားတို့ကလဲ အားထုတ်ရမယ်၊ ဟောတဲ့အတိုင်း အားထုတ်ပြီး တက်မယ်ဆိုလို့ရှိရင် မရောက်ပေဘူးလား?(ရောက်ပါတယ်ဘုရား)။ အဲ-ဒို့သံသရာစခန်းသတ်မည့်တရားပါလား (မှန်ပါ)။ ဘာတရားပါလိမ့်၊(သံသရာစခန်းသတ်မည့်တရားပါဘုရား)။

အဲသံသရာစခန်းသတ်ချင်တော့ကိုဒကာ-ဒကာမတွေ တဏှာရေခန်းအောင်လုပ်ပါ၊သဘောကျပြီလား?(မှန်ပါ)။တဏှာရေခန်းရင် မျောစရာလိုသေးလား? (မလိုပါဘုရား)။ ကမ်းနားသစ်ပင်ကို ကမ်းနားသစ်ပင်မှန်းသိအောင်လုပ်၊(မှန်ပါ)။ ပြုတ်တတ်တယ်၊ပြိုလဲတတ်တယ်၊မခိုင်ဘူး၊ (တင်ပါ)။

ဒါဖြင့် ခန္ဓာငါးပါးကို အနိစ္စ၊ဒုက္ခ၊အနတ္တရှုပေါ့ဗျာ၊ ပြုတ်တယ်၊ပျောက်တယ်။ ဦးဘကြည်၊မခိုင်ဘူးဆိုတာ မသေချာဘူးလား?(သေချာပါတယ်ဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တဏှာရေခန်းအောင်လို့ လုပ်ရလိမ့်မယ်၊(မှန်ပါ)။ အားမကိုးထိုက်တာမို့ အားမကိုးဘဲ အလုပ်ကိုလဲလုပ်ရလိမ့်မယ်၊ မလုပ်ရပေဘူးလား?(လုပ်ရမှာပါဘုရား)။

ဒီလိုဆိုလို့ရှိရင် ဒကာ၊ဒကာမတို့ ရေခန်း၍ သစ်ပင်ပိစရာရှိသေးရဲ့လား?(မရှိပါဘုရား)။ ဒါဖြင့် ရေခန်းလို့ သစ်ပင်မပိအောင် ဘုန်းကြီးက ဟောရလိမ့်မယ်၊ မဟောရပေဘူးလား၊ (ဟောရပါတယ်ဘုရား)။ ဒါပေမဲ့ တချို့ ဒကာ၊ဒကာမတွေက အတင်းဆွဲနေတာ၊(မှန်ပါ)။ ရန်ဖြစ်မှ သာ၊သိသာသေးတယ် (မှန်ပါ)။ ဟင်းလင်နဲ့ မယား မတည့်တဲ့အချိန်မှာ ဖြစ်စေ၊

မောင်နှင့် နှမခြင်း မတည့်တဲ့အခါဖြစ်စေ, အို-ဘယ်သူအားကိုး စရာလဲ ကိုယ့်ကိုယ်ကို အားကိုးတယ်၊ အံမယ်-ခန္ဓာငါးပါးတခါ တည်း အားကိုးလိုက်တာဘဲ၊ (မှန်ပါ)။

ဘယ်သူ့ ဂရုစိုက်ရမှာတုန်းဗျ၊ သူများလိုဘဲ ခြေနှစ်ဖက်, လက်နှစ်ဖက်နဲ့ ခေါင်းနဲ့ဘဲ,စိတ်နဲ့ဘဲ,ရုပ်နဲ့နာမ်နဲ့ဘဲ၊ဘယ်သူ့ အောက်မှ မကျဘူး၊အစရှိသည်နဲ့ ကိုယ့်ခန္ဓာငါးပါး ကမ်းနား သစ်ပင်ရယ်လို့မှ မသိဘဲ အတင်းဆွဲတယ်၊ (မှန်ပါ)။ ပိမှာ, မြုပ် မှာဘဲ၊ ကိုထွန်းဦး,မြင်သေးရဲ့လား?(မမြင်ပါဘုရား)။

အဲဒါ-ဘယ်အခါ မမြင်တာတုန်းဆိုတော့ အဝိဇ္ဇာအုပ်ချုပ် ပြီး,ဒေါသကြီးလာတဲ့အခါကြတော့ကမ်းနားသစ်ပင်ကိုအဲတင်း ဆွဲမယ်ဆိုတဲ့စိတ်နဲ့ပြောတာဘဲ၊မပြောဘူးလား?(ပြောပါတယ် ဘုရား)။ ပြောတယ်၊ မိန်းမတွေမှာလဲ ထို့အတူဘဲ၊ (မှန်ပါ )။ ယောကျ်ားတွေမှာလဲ ထို့အတူဘဲ။ ဆိုင်ရာ ဆိုင်ရာ အားကိုးလုံး ရှိကြတယ်၊ မရှိကြဘူးလား?(ရှိပါတယ်ဘုရား)။ ဒီတော့ ပစ္စည်း အားကိုးတယ်၊ ပစ္စည်းက ရုပ်ဓမ္မ, (မှန်ပါ)။ ဘာသစ်ပင်လဲ?၊ (ကမ်းနားသစ်ပင်ပါဘုရား)။ မောင်တွေ,နှမတွေ အားကိုးပြန် တော့ကော....(ကမ်းနားသစ်ပင်ပါဘုရား)။သားတွေ,သမီးတွေ အားကိုးပြန်ကော....(ကမ်းနားသစ်ပင်ပါ ဘုရား)။ ကမ်းနား သစ်ပင်ဆိုတာ အနိစ္စတရားတွေလို့ပြောတာ၊(မှန်ပါ )။

ဒါဖြင့်ဘုရားက"သဗ္ဗေသင်္ခါရာအနိစ္စ"လို့ဆိုတာဟာ ဦးဘ ကြည့်,ဟောထိုက်မဟောထိုက်(ဟောထိုက်ပါတယ်ဘုရား)။ဘာ ဖြစ်လို့လဲ၊ အနိစ္စမှန်းသိနေတော့ သူတို့ကို အားမကိုးတော့ဘူး၊ (မှန်ပါ )။ အားမကိုးရင် မြုပ်စရာ ရှိသေးရဲ့လား? (မရှိပါ ဘုရား)။

မြုပ်စရာမရှိလို့ ရှိရင်လဲ ဒကာ၊ ဒကာမတို့ အားမကိုးပါဘူး၊ မခင်လို့ အားမကိုးတာ၊ (မှန်ပါ)။ မခင်ဘူးဆိုကတည်းက တဏှာ ရှိသေးလား? (မရှိပါဘုရား)။ မခင်ဘူးဆိုကတည်းက တဏှာ ခန်းနေပြီ၊ (မှန်ပါ)။ အားမကိုးဘူး ဆိုကတည်းက ဒီ-ခန္ဓာ ငါးပါးကို မခိုင်မှန်းသိနေတယ်၊ (တင်ပါ)။ မခိုင်မှန်း သိတော့ မခင်တာရယ်, မခိုင်မှန်းသိတာရယ်, ဒီနှစ်ခု အရေးကြီးတယ်၊ (မှန်ပါ)။

မခင်လို့ ရှိရင် ဒကာ-ဒကာမတွေ ဘာဖြစ်သလဲ? (တဏှာ သေပါတယ်ဘုရား)။ မခိုင်မှန်းသိရင်ကော....(အနိစ္စမြင်ပါတယ် ဘုရား)။ အနိစ္စမြင်တယ်၊ သဘောကျပြီလား? (မှန်ပါ)။ မခင်လို့ ရှိရင် တဏှာရေခန်းတယ်၊ (မှန်ပါ)၊ မခိုင်မှန်းသိရင်ကော.... (အနိစ္စမြင်ပါတယ်ဘုရား)။ အနိစ္စ, ဒုက္ခ, အနတ္တ, အကုန်မြင်တယ် (မှန်ပါ) ဒုက္ခသစ္စာလို့ကော (မြင်ပါတယ်ဘုရား) မြင်တာဘဲဗျ။ ဒီအပင်ဆွဲလိုက်ရင်ကိုယ့်အပေါ် ပိပြီးကိုယ်ဒုက္ခရောက်မှာဆိုတော့ ဒုက္ခသစ္စာတွေကော မသိပေဘူးလား? (သိပါတယ်ဘုရား)။

အဲဒီတော့ ဒကာ, ဒကာမတွေ ဒါဖြင့် ခင်ပွန်းတွေကော မသိပေဘူးလား? (သိပါတယ်ဘုရား)။ အဲဒီတော့ ဒကာ, ဒကာ မတွေ, ဒါဖြင့် ခင်ပွန်းတွေကော အားကိုးဘို့လိုသေးသလား?၊ (မလိုပါဘုရား) ယောကျ်ားတွေကလဲ ကိုယ့်ကိုယ်ကို ယောကျ်ား ဘဲလို့ မာန်တက်နေစရာရှိသေးသလား? (မရှိပါဘုရား) ဉာဏ်နဲ့ ကြည့်စမ်းပါလား။ ခန္ဓာငါးပါးဟာ ဘာသစ်ပင်တဲ့ (ကမ်းနား သစ်ပင်ပါဘုရား)။

ကိုယ်က မျောသမားဖြစ်ရတဲ့အထဲ အမြုပ်သမား ဖြစ်ချင်ကြလို့ ခါးတောင်းကြိုက်တဲ့ပုဂ္ဂိုလ်များရှိရင် နောက်ထပ် မြုပ်ချင်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါတယ်ဘုရား)။ အဲဒီတော့ကိုခင်ဗျားတို့ ခန္ဓာကိုယ်အားကိုးတဲ့ပုဂ္ဂိုလ်အပေါင်းဟာဖြင့် မမြင်လို့ အားကိုးတာဘဲ၊ (မှန်ပါ)၊ ဒီသစ်ပင်ဟာ ဘယ်လိုဆွဲဆွဲမြဲစရာမြင်သေးလား?(မမြင်ပါဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတို့ ဆွဲတဲ့ပုဂ္ဂိုလ်သည် အမှားတော်ပုံအကြီးဆုံး မြုပ်ချင်လို့ဘဲ၊ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)။ အဲဒီတော့ ဘယ်သူက ဘယ်လို ပြောပြော ငါ့-အားကိုး၊ နင့်-အားကိုးလို့ ပြောပြော မယုံနဲ့၊(မှန်ပါ)။ မယုံနဲ့လို့ တခါတည်းအကုန်ပိတ်လိုက်ဟယ်၊ ခင်ဗျားတို့ရိပ်မိပြီလား၊ (မှန်ပါ)။

ဘယ်သူက ပြောပြော, ပြောလို့ရှိရင်ဖြင့် ဘုန်းကြီးဟောတဲ့တရားအတိုင်း ကမ်းနားသစ်ပင်က တော်အောင်ပြောနေပြီလို့ မှတ်ထား၊ရိပ်မိပြီလား?(မှန်ပါ)။ ကမ်းနားသစ်ပင်က တော်အောင် ပြောနေတာ, အင်း-မြုပ်တာ ကြည့်ချင်လို့ ထင်ပါရဲ့၊ (မှန်ပါ)။ ဒီလိုအဖြေထွက်ရမယ်၊ သဘောကျပြီလား?(မှန်ပါ) ကိုယ့်ဟာကိုယ် အလုပ်လုပ်တုန်း အားကိုးရမဲ့လူရှိနေလို့ အားကိုးမိရင်ဖြင့် တခါ တည်း မြုပ်ဇာတ်ခင်းတော့တာဘဲ၊ဝိပ္ပလ္လာသက အားကိုးနေတယ်၊(မှန်ပါ)။တဏှာရေကခန်းပါအုံးမလား? (မခန်းပါဘုရား)။

အဲဒီတော့ တဏှာရေကလဲ မခန်း၊ အားကိုးလုံးကလဲ ရှိနေတယ်၊ (မှန်ပါ)။ ရှိမယ်ဆိုတော့ အမြုပ်သမား ဖြစ်အုန်းမယ်၊

(မှန်ပါ)။ ဒီတော့ အမျှောသမား၊ အမြုပ်သမားမဖြစ်အောင် လုပ်ရမှာပါ။ နိဗ္ဗာန်သောင်ကမ်းပေါ် တက်မိအောင်လုပ်ရမှာ ရှင်းပြီလား? (ရှင်းပါပြီဘုရား)။ ထိုသို့တက်မိအောင်ကြိုးစား မှသာလျှင် ဦးဘကြည် ခံနိုင်တော့မယ်၊ (မှန်ပါ)။

ဒါဖြင့် ဦးဘကြည် အဓိပတိဆိုက်အောင်လုပ်ပါ၊ ဘယ်လို လုပ်ရမလဲ?(အဓိပတိဆိုက်အောင်လုပ်ရမယ်ဘုရား)။ အဲ–အဓိ ပတိ မဆိုက်သရွေ့ ကာလပတ်လုံး ကျုပ်တို့ ဘယ်လိုနေရမယ် ဆိုတာကော ပေါ်ပြီလား?(မှန်ပါ)။ ဘယ်လိုနေရမလဲ(အမျှော သမား၊ အမြုပ်သမားပါ ဘုရား)။ အမျှောသမားနဲ့ အမြုပ် သမား၊ ဘယ်သူက တာရှည်သတုန်း၊ (အမြုပ်သမားက တာ ရှည်ပါတယ်ဘုရား)။

ဒါကြောင့် ဂင်္ဂါသဲမျှနှင့်အမျှ ပွင့်ခဲ့ပြီးသော ဘုရားတွေဆို တော့၊ ဦးဘကြည်၊ ဘုရားပေါင်း ဘယ်လောက်တုန်း? (မရေ မတွက်နိုင်ပါ ဘုရား)။ ဘယ့်နှယ်ကြောင့် မတွေ့ပါလိမ့်တုန်း ဆိုတော့ အမြုပ်သမား သေချာနေလို့ မပေါ်သေးဘူးလား?၊ (ပေါ်ပါပြီဘုရား)။

အင်း-ဒီတခါမြုပ်ရင်ဖြင့် နောက်-ပွင့်လတံ့သော ဂင်္ဂါသဲလုံး နှင့်အမျှဘုရားတွေလဲတွေ့စရာမြင်သေးသလား(မမြင်ပါဘုရား) အခု ကိုယ်ကျိုးနဲတာ ခင်ဗျားတို့ အရေးမကြီးပါဘူး၊ (မှန်ပါ)။ နောင် ဒုက္ခပင်လယ်ဝေပြီး ငရဲထဲမှာအချိန်ကုန်ပြီးသကာလ၊ ငရဲ ထဲမှာနေရမှ ကိုယ်ကျိုးနဲမှာ အစစ်၊သဘောကျပြီလား(ကျပါပြီ ဘုရား)။

ဒါဖြင့် ယနေ့-ခင်ဗျားတို့ဘယ်ရောက်အောင်ကြိုးစားရမယ် ဆိုတာကော ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။ နိဗ္ဗာန်သောင်ကမ်း ရောက်အောင်၊ အင်း-နိဗ္ဗာန်သောင်ကမ်းပေါ် တက်မိအောင် ဆိုတော့ "အခိပတေယျဌေ္ဓာ" ဖြစ်အောင် ဦးဘကြည့်, ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပေါ်ပြီလား?(ပေါ်ပါပြီဘုရား)။ ကိုထွန်းဦး, ဘာဖြစ်မှတုန်းဗျ၊ (နိဗ္ဗာန်သောင်ကမ်း တက်အောင် လုပ်ရမယ်ဘုရား)။

လုပ်ရမှာဘဲ၊ မလုပ်လို့ ဒီနေရာကို ခင်ဗျားတို့ မတက်မိဘူး ဆိုလို့ရှိရင်ဖြင့် အမျောသမား တခါဖြစ်အုံးမယ်၊ (မှန်ပါ)။ အမျောသမားဖြစ်ပြီး,အမြုပ်သွားဖြစ်သွားတော့မှာဘဲ(မှန်ပါ) မသွားပေဘူးလား? (သွားမှာပါ ဘုရား)။ အမျောသမားက ခင်ဗျားတို့ လှထားတဲ့ ဒါန၊ ဆောက်တည်ထားတဲ့ သီလ,လေးက မျောပေးလိုက်မယ်၊(တင်ပါ)။ မမျောပေဘူးလား? (မျောပါတယ်ဘုရား)။

မျောပြီး ရောက်ရာဘဝကျတော့ ဒါန,သီလလေးက ကိုယ့်ကိုယ်ကို အားကိုးဆိုတဲ့ ခန္ဓာငါးပါး အားကိုးလုံးက လာမလား မလာဘူးလား? (လာမှာပါဘုရား)။ လာရင် မြုပ်အုံးမယ်၊ (တင်ပါ)။ သဘောကျပြီလား?(မှန်ပါ)။

အဲဒီတော့ ဒီဘဝလွဲသွားလို့ရှိရင် နောက်ဘဝ, ငါ-ဘာဖြစ်မှာတုန်းဆိုတာတော့ ဒကာ, ဒကာမတွေ ဖြေတတ်ပြီလား?၊ (ဖြေတတ်ပါပြီ ဘုရား)။ ဘာဖြစ်မှာလဲ ? (အမြုပ်သမားပါဘုရား)။ အမြုပ်သမားဖြစ်မှာပါ။ နောက်တုန်းကတော့ ဘယ်လိုနဲ့ နေခဲ့ရသလဲ?(အမျောသမား,အမြုပ်သမားပါဘုရား)။

အင်း-ဒီဘဝ စုံတောမနေ့ သေလွန်ရလို့ရှိရင် ဘုန်းကြီးက သိကြားဖြစ်လိမ့်မယ်,ဗြဟ္မာဖြစ်လိမ့်မယ်,မပြောလိုဘူး၊(မှန်ပါ)။ စကြာဝတေးမန္ဓာတ်ဖြစ်လိမ့်မယ်လို့ ကိုထွန်းဦး,မပြောလိုဘူး (မှန်ပါ)။ အမျောသမား, အမြုပ်သမား ဖြစ်မှာက သေချာ တယ်၊ (မှန်ပါ)။ သေချာတယ်လို့ဆိုတာ ဒကာ,ဒကာမတွေ ရိပ်မိပြီလား?(မှန်ပါ)။

ဒါဖြင့် ယနေ့-ဘာ အရေးကြီးတုန်း? (နိဗ္ဗာန်သောင်ကမ်း ရောက်ဘို့ အရေးကြီးပါတယ်ဘုရား)။ နိဗ္ဗာန်သောင်ကမ်းကို ဘယ်လိုဖြစ်မှ ရောက်နိုင်သတုံးဆိုတော့ ခုနက-ပြောခဲ့ပြီးပြီနော် (မှန်ပါ)။ ဦးဘကြည်,ခုနက-ပညာမဂ္ဂင်က ဘယ်နှစ်ပါးပါလိမ့်၊ (နှစ်ပါးပါဘုရား)။အင်း သီလမဂ္ဂင်ရော(သုံးပါးပါဘုရား)။

ကောင်းပြီ၊ သမာဓိ မဂ္ဂင်ကကော....(သုံးပါးပါ ဘုရား)။ အဲဒါကို ခင်ဗျားတို့ပြည့်စုံအောင်လုပ်ပါ(မှန်ပါ)။ဒါဖေါင်ကြီး ဖွဲ့တာဘဲ၊(တင်ပါ)။ဒါကြောင့် မဂ္ဂင်ဖေါင်ကြီးဆိုတာ ပေါ်ပြီ လား?(မှန်ပါ)။ဘယ်လိုလှိုင်း, ဘယ်လိုဂယက်, ဘယ်လိုဒီဧရမှ ဒကာ-ဒကာမတို့ လှုပ်လို့ ရှားလို့ ဖျောက်ဖျက်နိုင်တဲ့ စွမ်းရည် သတ္တိရှိရဲ့လား?(မရှိပါဘုရား)။

ဩော်-ဒါဖြင့် မဂ္ဂင်ဖေါင်ကြီးဖြစ်ဘို့ အတော်အရေးကြီးပါ ကလား?(မှန်ပါ)။ ဒီ-မဂ္ဂင်ဖေါင်ကြီးနဲ့မှ နိဗ္ဗာန်သောင်ကမ်း ရောက်မှာကိုဗျ၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။ မဂ္ဂင်ဖေါင်ကြီး မရှိဘဲနဲ့ နိဗ္ဗာန်သောင်ကမ်းရောက်ဘို့ ဒကာ,ဒကာမတွေ လွယ် ကူပါ့မလား?(မလွယ်ကူပါဘုရား)။

မလွယ်ကူဘူးလို့ဆိုရင် တဏှာရေယာဉ်ကြောမျောအုံးမှာကို (မှန်ပါ)။ ခုတော့-တဏှာက မကုန်သေးဘဲကိုး၊ (မှန်ပါ)။ မကုန်သေးတော့၊ ကိုထွန်းဦး့တဏှာရေယာဉ်ကြောကို မဂ္ဂင်နဲ့ ဖြတ်ရအုံးမှာ၊ (မှန်ပါ)။ မဖြတ်လို့ရှိရင်တော့ ရောက်ပါ့မလား?၊ (မရောက်ပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ ဘာကိုမျှအားမကိုးနဲ့ ဒီ-မဂ္ဂင်ဖေါင် ရအောင် ခင်ဗျားတို့ အရေးကြီးပြီ....(မှန်ပါ)။ ဦးဘကြည့်ဘယ့်နှယ့်တုန်း၊ (မဂ္ဂင်ဖေါင်ရဘို့အရေးကြီးပါတယ်ဘုရား)။ သူကတော့ ဘယ်လိုတဏှာရေယာဉ်မျိုးမဆို ဖြတ်တောက်ပြီး ထွက်သွားမှာဘဲ (မှန်ပါ)။ မထွက်ပေဘူးလား?၊ (ထွက်ပါတယ်ဘုရား)။

အေး—ဒါကြောင့် မဂ္ဂင်ဖေါင်စီးမိအောင်၊ စီးဖြစ်အောင် ဒကာ့ဒကာမတွေ ကိုယ်တိုင်ကြိုးစားရင် စီးဖြစ်ပါလိမ့်မယ်၊ (မှန်ပါ)။ ကိုယ်တိုင် မကြိုးစားရင်တော့ဖြင့် မစီးဖြစ်ပါဘူး၊ (မှန်ပါ)။ ဒါဖြင့် ဦးဝင်းတို့ ဒီကနေ့ည မဂ္ဂင်ဖေါင်တော့ မဖြစ်ဖြစ်အောင် လုပ်ရမယ်၊ (မှန်ပါ)။ မဖြစ်လို့ရှိရင် ခင်ဗျားတို့ ကိုယ်ကျိုးနဲ့ပြီ၊ (မှန်ပါ)။

ဒါ-မဖြစ်ဘဲနဲ့ သေသွားရင် အမျောသမား့အမြုပ်သမားဘဲ မဟုတ်လား? (မှန်ပါ)၊ နဂိုရှိအတိုင်း ပြန်မရောက်ပေဘူးလား၊ (ရောက်ပါတယ်ဘုရား)။ နဂိုရှိက ဘယ်ကလာခဲ့တာတုန်း....၊ (အမျောသမား့အမြုပ်သမားကပါဘုရား)။ ဟင်-မဂ္ဂင်ဖေါင်ကိုလဲ ဒီဘဝ မဆင်ဖြစ်ဘူး၊ ဆင်တတ်အောင် နည်းပေးတတ်တဲ့ ဆရာနဲ့လဲ မတွေ့ဘူး၊ (မှန်ပါ)။

ကိုယ်ကလဲ ဖေါင်ဖြစ်အောင်မဆင်တတ်၊ (မှန်ပါ)။ ဆင်ဖြစ်အောင် ဂရုမစိုက်တော့ဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ နဂိုရှိမူအတိုင်း ပြန်လှည့်ရမယ်၊ မလှည့်ရဘူးလား (လှည့်ရမှာပါဘုရား) နဂိုရှိမူဆိုတာ ဘာပါလိမ့်၊ (အမျော့သမား, အမြုပ်သမားပါ ဘုရား)အမျော့သမား,အမြုပ်သမားဆိုတော့ ဒကာ-ဒကာမတို့ ကျောင်းဒကာလဲ အမျော့သမား, အမြုပ်သမားဘဲ၊ (မှန်ပါ)။ ဘုရားဒကာကော....(အမျော့သမား,အမြုပ်သမားပါဘုရား)။

နောက်တုန်းကလဲ မျော့မြုပ်လာတာ။ ဒီကျောင်းဒကာ ဘုရားဒကာတွေဘဲ အဓိပတိ မဖြစ်လို့ရှိရင် ရှေ့ကိုလဲ ဒီ-ဘုရားဒကာ,ကျောင်းဒကာတွေပင်လျှင် ဘာဖြစ်ရအုံးမှာပါလိမ့် (အမျော့သမား,အမြုပ်သမားပါဘုရား)။

အဲဒီတော့ ဒီတရားကို သေသေချာချာမှတ်, ဟုတ်ပြီလား?၊ (မှန်ပါ)။ မင်းတို့သည် ကျောင်းဆောက်ထားလို့ နောက်ဘဝ ကျလို့ရှိရင် နတ်ဖြစ်ပြီး နတ်ဘုံ ပေါက်ပြီးသကာလ, မင်းတို့ သည်ကားဆိုလို့ရှိရင် ခံစားလို့ဘယ်ဆုံးနိုင်တော့မတုံးဆိုတော့ နတ်ပြည်မျော့သွားတာဘဲ၊ (မှန်ပါ)။ နည်းပြည် နတ်ခန္ဓာသွား အားကိုးပြီးသကာလ, သူ့နတ်ခင်ပွန်းတွေ, အင်း-နတ်ခင်ပွန်းမ တွေ အစရှိသည်တို့ကို အားကိုးပြီးခင်လိုက်,မင်လိုက်လို့ စုတေ စိတ် ကျသွားတော့ သူတို့သတ်လိုက်တာဆိုရင်ကော လွဲသလား၊ (မလွဲပါဘုရား)။

အဲဒီတော့ နတ်ပြည်က ပြုတ်ပြီး အပါယ်လေးပါး ကျ ပါတယ်၊ မကျပေဘူးလား? (ကျပါတယ်ဘုရား)။ အဲဒီတော့ နတ်ပြည်ရောက်တာ စိတ်ချရသလား? (စိတ်မချရပါ ဘုရား)။

စိတ်မချရဘူးဆိုတာ ပေါ်ပြီလား? (ပေါ်ပါပြီဘုရား)။ စိတ်မချရဘူးဆိုတော့ ဦးဘကြည်ရေ လုံးလုံးမဖြစ်နိုင်တဲ့နေရာပါဘဲ (တင်ပါ)။ သဘောကျပြီလား?(ကျပါပြီဘုရား)။

ဒီက အရှိန်မပါရင် လုံးလုံးမဖြစ်နိုင်ဘူး၊(မှန်ပါ)။ နတ်ပြည်ကျမှ သောတာပန် တည်ဘို့ အရေးဟာ ဒီက မပါလို့ရှိရင် ဦးဘကြည့် အတော်ခဲယဉ်းပါတယ်၊ (မှန်ပါ)။ အင်္ဂုတ္တိုရ်က ဒီကပါရင်တော့ ရတယ်လို့ပြောတယ်၊(မှန်ပါ)။

ဒကာ ဒကာမတို့ ဒါဖြင့် ရှေ့-ခင်ဗျားတို့သည် ဘာများဖြစ်ချင်သေးသတုန်း(ဘာမှမဖြစ်ချင်ပါဘုရား)။ ဘာမှမဖြစ်ချင်ဘူးနော်။ ဘာမှမဖြစ်ချင်ဘူးဆိုတဲ့ အဓိပ္ပါယ်သည် အင်မတန်ရှင်းပါတယ်၊ အမျောသမား၊ အမြုပ်သမား မဖြစ်ချင်ဘူးလို့ပြောတာ(မှန်ပါ)။ဖြစ်ချင်တဲ့ပုဂ္ဂိုလ်မှာ အမျောသမား အမြုပ်သမားဘဲ၊ (မှန်ပါ)။ ရှင်းပြီလား?(တင်ပါ)၊ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဘာတုန်း၊ (အမျောသမား၊ အမြုပ်သမားပါဘုရား)။ ဒါဘဲ နောက်တုန်းက မူအတိုင်းဘဲ၊ ကိုထွန်းဦး၊ ပြန်ဖြစ်ရမယ်၊ ရှင်းပြီလား?(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီမဂ္ဂင်ဟာ ဘုန်းကြီး နေ့တိုင်းပြောနေတယ် ဦးဘကြည်ရ၊ ရှုတုန်းမှာ ငါးပါးနော်၊ ပြည့်စုံတော့....(ရှစ်ပါးပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့သည် ရှုတုန်းမှာတော့ဖြင့် ငါးပါးဘဲရမယ်ဆိုတော့ ဒီငါးပါးသည် အဓိမပါဘူး၊(မှန်ပါ)။ ပါ ပါ့မလား?(မပါ ပါဘုရား)။ အဓိပညာဆိုလို့ ရပါ့မလား(မရပါဘုရား)။ အဓိစိတ္တလို့ကော....(မရပါဘုရား)။

ဒါဖြင့်-ဒါလောက်နဲ့ စိတ်ချရပြီလားလို့ မေးရင်....(မရပါဘုရား)။ အဲဒီရှစ်ပါးစုံတော့မှ ဒီသုံးပါးတိုးလာပြီး သူလဲ အဓိဖြစ်တယ်!(မှန်ပါ)။ ဒါဖြင့် သီလမဂ္ဂင်,သမာဓိမဂ္ဂင်,ပညာမဂ္ဂင်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးစုံလို့ရှိရင် ကျုပ်တို့သည် နိဗ္ဗာန်သောင်ကမ်းကူးခပ်ဘို့ရာ မဂ္ဂင်ရှစ်ပါး, ယာဉ်ရထားသော်ငင်း၊ ဖေါင်ကြီးသော်ငင်း, ကိုယ်ပိုင်ရလာတယ်၊ (မှန်ပါ)။ မဆိုနိုင်ဘူးလား?၊ (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် မြုပ်စရာ,မျောစရာ ဒကာဒကာမတွေ ရှိသေးသလား (မရှိပါဘုရား)။ ဒါဖြင့် ပဌမ,ဖေါင်ကြီးဆင်ကတည်းက ရှစ်လုံးတွဲ တခါတည်း ဆင်လိုက်လို့ မဖြစ်ဘူး၊(မှန်ပါ)။ ဖြစ်ပါမလား (မဖြစ်ပါ ဘုရား)။ နောက်မှ တဖြည်းဖြည်းနဲ့ တွဲ-တွဲ, တွဲ-တွဲ, ယူသွားလို့ရှိရင် ဦးဘကြည်,ရှစ်လုံးမပြည့်ပေဘူးလား (ပြည့်ပါတယ် ဘုရား)။

အဲဒီ ရှစ်လုံးပြည့်တဲ့အခါ ကြတော့မှ အင်း-ဖေါင် ကိုယ်ပိုင်ရှိပေါ့ ဆိုပြီးသကာလ, သူက အထက်ဆန်တဲ့ဖေါင်သက်သက်၊ မျောဖေါင်မဟုတ်ဘူး၊သဘောကျပြီလား?(မှန်ပါ)။ ဘာဖေါင်ပါလိမ့်? (အထက်ဆန်တဲ့ဖေါင်သက်သက်ပါဘုရား)။ အထက်ဆန်တဲ့ ဖေါင် သက်သက်ကတော့ မျောမှာ မဟုတ်ပါဘူး၊ (မှန်ပါ)။

ဒါဖြင့် ကျုပ်တို့သည် ဒီဟာမရှုသရွေ့ ကာလပတ်လုံးဖြင့် ကိုထွန်းဦးရေ,စိတ်ချလက်ချကိုနေလို့တော်ပါ့မလား?(မတော်

ပါ ဘုရား)။ စိတ်ချ လက်ချ မနေနဲ့နော်, ဒကာ-ဒကာမတို့....၊ (မှန်ပါ)။

ရွှေရှိရင် ရွှေကြောင့်မြုပ်မယ်၊(မှန်ပါ)။စိန်ရှိရင်စိန်ကြောင့် မြုပ်မယ်(မှန်ပါ)။ကျုပ်တို့မှာ ဒါ-ရှိသွားဘဲ၊ကျုပ်တို့ဘာပူစရာ ရှိတုန်း၊ ဘာပူစရာမှလုပ်မနေနဲ့ မြုပ်အောင်လုပ်လိမ့်အုံးမယ်၊ (မှန်ပါ)။ ဒကာ-ဒကာမတို့ ရွှေကိုခင်ရင် ရွှေကြောင့်မြုပ်မှာဘဲ (မှန်ပါ )။ သူက ကမ်းနားသစ်ပင်ကိုး....(တင်ပါ)။ သူလဲ အနိစ္စဘဲမဟုတ်လား?(မှန်ပါ )။

ကောင်းပြီ၊ ဒါဖြင့် ဒကာ-ဒကာမတို့ ဘာအားကိုးကြမတုန်း (မဂ္ဂင် နိဗ္ဗာန် အားကိုးရမယ်ဘုရား)။ အဲ-နိဗ္ဗာန်သောင်ကမ်း အားကိုးတော့ နိဗ္ဗာန်သောင်ကမ်းကို ဘာနဲ့သွားကြမလဲ(မဂ္ဂင် ရှစ်ပါးနဲ့ သွားပါမယ်ဘုရား)။ မဂ္ဂင်ရှစ်ပါးနဲ့သွားမှရောက်မှာ ဖြစ်တော့ ကျုပ်တို့ ကိုယ်ပိုင်ရှိဘို့က ဘာပါလိမ့်(မဂ္ဂင်ရှစ်ပါးပါ ဘုရား)။ မဂ္ဂင်ရှစ်ပါး ကိုယ်ပိုင်ရှိဘို့....(မှန်ပါ)။

ဒီမဂ္ဂင်ကလဲ သူဘပါးဆင်ပေးလို့ မရဘူးလားဗျ၊ (မရပါ ဘုရား)။ ဦးဘကြည့်,ဘယ်နှယ်တုန်း? (ကိုယ့်ဟာကိုယ် ဆင်မှ ပါ ဘုရား)။ ကိုယ့်ဟာကိုယ်ဆင်မှရမှာနော်။ ဒကာ-ဒကာမတို့ အဲဒီ-အကြင်လင်မယားနှစ်ယောက် ရှိတယ်၊ ငါဆင်ပေးပါမယ် လို့ယောကျ်ားကဆိုလို့ကော....(မရပါဘုရား)။ ဟာ-ကျွန်မက ဆင်ပေးပါမယ်ဆိုလို့ကော(မရပါဘုရား)။ ကိုယ်လုပ်မှ ကိုယ်ရ မှာပေါ့။ဒါဖြင့် အမိဆိုက်အောင် အမိသီလ,အမိစိတ္တ,အမိပညာ ဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။

ကိုယ့်ခန္ဓာ၌၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ, ကိန်းလာအောင် ကြိုးစားအားထုတ်ကြ။ အဲဒီထိအောင် ကြိုးစားအားထုတ်လိုက်လို့ရှိရင် "အဓိပတေယျဌေ" အဓိသီလ, အဓိစိတ္တ, အဓိပညာ,သိက္ခာသုံးခုသူ့ပြင်မရှိ၊ ကြီးဘိတုလွတ်အထွဋ်အထိပ်ဖြစ်သော "အဓိပတေယျ" ဆိုတာ သူဘဲဟုတ်လား?၊ (မှန်လှပါ)။ သဘောကျကြပြီလား?(မှန်ပါ)။

ကဲ–တော်ကြစို့....။ ။

( သာဓု....သာဓု....သာဓု )

× × × × ×

ဤတွင်– သစ္စာအနက် တဆဲ့ခြောက်ချက်
အမှတ်စဉ်(၂)တရားတော်
ပြီးပါပြီ။

# နိဂုံးစကား၊

ဤစာအုပ်တွင် နိရောဓသစ္စာ အနက်လေးချက်၊ မဂ္ဂသစ္စာ အနက်လေးချက်၊ ပေါင်း-ရှစ်ချက်ဖြင့် အမှတ်စဉ်(၂)ဒုတိယတွဲ အနေဖြင့် နိဂုံးချုပ်ရပါတော့သည်။

ဒုက္ခသစ္စာအနက်လေးချက်၊ သမုဒယသစ္စာအနက်လေးချက် ကို(သစ္စာအနက် တဆဲ့ခြောက်ချက်)ခန္ဓာဥာဏ်ရောက် ဟောစဉ် ကျင့်စဉ် တရားတော် အမှတ်စဉ်(၁)ပဌမတွဲအနေဖြင့် ထုတ်ဝေ ခဲ့ပြီးဖြစ်ပါသည်။

ကျွန်တော်များ ဆရာတော်ဘုရားကြီး၏ တပည့်အပေါင်းတို့ "ဝိပဿနာပြန့်ပွားရေးအဖွဲ့" မှ စေတနာ သဒ္ဓါဆန္ဒ အဓိက ရည်ရွယ်ချက်မှာ—

(၁) ခန္ဓာဥာဏ်ရောက် တရားတော်များကို လေးနက်စွာ ကြည့်ရှုမှတ်သားစေလိုခြင်း။

(၂) ကြည့်ရှုလေ့လာမှတ်သားပြီးလျှင်လေးလေးနက်နက် ထိရောက်စွာ ကျင့်ကြံအားထုတ်စေလိုခြင်း။

(၃) ကျင့်ကြံအားထုတ်သဖြင့် ရရှိအပ်သော ဓမ္မရသ ဓမ္မ ဩဇာ, တရားအရသာများကို ကိုယ်တိုင် ကိုယ်ကျ သုံးဆောင်ခံစားနိုင်ကြစေလိုခြင်းပင်ဖြစ်ပါသည်။

မိမိတို့၏ခန္ဓာက အမြဲပြနေသည်မှာ ဒုက္ခသစ္စာတရားတွေသာ ပြသ နေခြင်းဖြစ်သော်လည်း သမ်ကာ အသိမျိုး, စာဘတ်၍

သိသည့်အသိမျိုး၊ သူတကာပြောသံကြားသည့်အသိမျိုးတွေဖြင့် တရားရဲ့အရသာခံစားနိုင်ဘို့ဝေးနေတော့ ဒုက္ခသစ္စာကိုထိုးထွင်း ပိုင်းခြားနိုင်အောင်၊ သမုဒယသစ္စာတရားကို ပယ်နိုင်အောင်၊ နိရောဓသစ္စာတရားကိုမျက်မှောက်ပြုနိုင်အောင်၊ မဂ္ဂသစ္စာတရား ကို ပွားများနိုင်အောင်၊ ဤအမှတ်စဉ်(၁)ပဌမတွဲနှင့် အမှတ် စဉ်(၂)ဒုတိယတွဲများကို အမြဲလက်ကိုင်ထားရှိပြီး လေ့လာ ကြည့်ရှုမှတ်သားပွားများ ကျင့်ကြံအားထုတ်နိုင်ပါက မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊မသေ၊အမြဲနေတဲ့ နိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့ ရောက်ကြ-ရကြမည်မှာ မလွဲပါ။

ဤစာအုပ်တွင်ပါရှိသော ဟောစဉ်ကျင့်စဉ်တရားများမှာ ၁၉၅၆-ခုနှစ်ဦးပိုင်းလောက်က ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးကိုယ်တိုင်ဟောကြားတော်မူသောတရားတော်များကို အသံဖမ်းကြိုးခွေများဖြင့် ကူးယူထားခဲ့ပါသည်၊ ၎င်းအသံဖမ်း ကြိုးခွေများမှာအသုံးများသဖြင့် ပျက်စီး ချို့ယွင်းနေသည့် အထဲမှ ကူးယူရပါသောကြောင့် အမှားအယွင်းများ ပါ၊ပါက သီးခံ၍ ပြင်ဆင်ဘတ်ရှုကြစေလိုပါသည်။

(ဦးကျော်သိန်း)

# အမှားအမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄ | ၂၃ | အချိန်တယ်လို့ | အချိန်ရယ်လို့ |
| ၆ | ၂၀ | လုပ်ရဘဲလို့ | လုပ်ရမှာဘဲလို့ |
| ၈ | ၁၃ | ဣသာ | ဣဿာ |
| ၁၀ | ၉ | မှန်ပါတရား | မှန်ပါဘုရား |
| ၄၂ | ၂၀ | ပေါ်လာတော | ပေါ်လာတော့ |
| ၄၄ | ၆ | ခင်သွားတဲ့ | ခင်ပြီးသေသွားတဲ့ |
| ၄၇ | ၁၀ | ဿံရောဇဉ် | ဿံယောဇဉ် |
| ၆၈ | ၁၃ | ထိထိုင်ထားက | ဖိထိုင်ထားက |
| ၈၁ | ၉ | ဘဘောကို | သဘောကို |
| ၈၃ | ၁၃ | ရှာတဲ့ပုဂ္ဂိုလ် | ရှုတဲ့ပုဂ္ဂိုလ် |
| ၈၃ | ၁၃၊၁၄ | မရှာတဲ့ပုဂ္ဂိုလ် | မရှုတဲ့ပုဂ္ဂိုလ် |
| ၁၁၈ | ၈၂ | အသင်္ခတ | သင်္ခတ |
| ၁၁၇ | ၁၇ | ငြိမ်းတဲ့တရား | မငြိမ်းတဲ့တရား |
| ၂၁၂ | ၂၁ | မဂ်ဥာဏ် | မဂ်ဉာဏ် |
| ၂၂၂ | ၃ | သဘောဝ | သဘော |
| ၂၄၅ | ၁၀ | ဟာပြောင်းရမလဲ | ဘာပြောင်းရမလဲ |
| ၂၅၂ | ၆ | မမြင်နိုဘူး | မမြင်နိုင်ဘူး |
| ၂၆၄ | ၂၁ | ဖြစ်ပျက်မြင်ပါတယ်ဘုရား | ဖြစ်ပျက် မှန်းပါတယ်ဘုရား |

# အမှားအမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၀၄ | ၁၄ | စောင်းလေရှိတယ် | စောင်းလေ့ရှိတယ် |
| ၂၀၆ | ၁၂ | ခင်ဗျေးတို့က | ခင်ဗျားတို့က |
| ၃၁၀ | ၁၅ | အာရဏကိုက | အာရမ္မဏ်ကိုက |
| ၃၂၃ | ၁၅ | ဒုက္ခသကအစု | ဒုက္ခအစု |
| ၃၂၅ | ၆ | ပုစ္ဆာလေးခု | ပုစ္ဆာလေးတခု |
| ၃၃၇ | ၁၃ | မြင်းသေးသလား | မြင်သေးသလား |
| ၃၄၄ | ၀ | အယူရှိတတ်နေ၁် | အယူရှိတယ်နေ၁် |
| ၃၇၂ | ၁၂ | နဲ့ပြီလိုတာ | နဲ့ပြီဆိုတာ |
| ၃၇၄ | ၂၁ | ဘာရမရှိဘူး | ဘာမှမရှိဘူး |
| ၃၉၃ | ၁၇ | နိုင်ခံ့တဲ့အိမ် | ခိုင်ခံ့တဲ့အိမ် |
| ၄၃၀ | ၂၁ | ဒီဟာထွေ | ဒီဟာတွေ |
| ၄၄၀ | ၁၀ | ထိုးနိုင် | တိုးနိုင် |